# မဟာစည် ဆရာတော်ဘုရားကြီး၏ ထူးခြားသော အတွေးအမြင်များ

သာမဏေကျော်

ဒုတိယအကြိမ်

သာမဏေကျော်

# မဟာစည်ဆရာတော်ဘုရားကြီး၏
# ထူးခြားသောအတွေးအမြင်များ

ပါရမီ
စာပေ

# မဟာစည်ဆရာတော်ဘုရားကြီး၏ထူးခြားသောအတွေးအမြင်များ

ဒုတိယအကြိမ်၊ ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလ၊ အုပ်ရေ ၁၀၀၀

အဖုံးပန်းချီ ဇော်မောင်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၃၀/၂၀၀၀(၉)နှင့် စာမူခွင့်ပြုချက်အမှတ် ၃၅၂/၂၀၀၀(၆)တို့အရ ဦးတင်ရှိန်(၀၃၇၆၃)စန်းရောင်ရှိန်စာပေ၊ ၄/၁၇၇၊ မေခလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပ ထုတ်ဝေ၍ မျက်နှာဖုံးနှင့်အတွင်းစာသားကို ဒေါ်ခင်ခင်ဝင်း(၀၂၆၇၀)၊ ကလျာအော့ဖ်ဆက်၊ ၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏက ပုံနှိပ်သည်။

**တန်ဖိုး ၃၀၀၀ ကျပ်**

**ပါရမီစာပေ**

၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ရန်ကုန်(ဖုံး၂၅၃၂၄၆)

၂/၄၊ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ရန်ကုန်

၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

# မာတိကာ


| | | |
|---|---|---|
| | ကျေးဇူးတင်လွှာ | ၁၂ |
| | နိဒါန်း | ၁၃ |
| | တော်ဝင်နွယ်၏ကန်တော့ပန်း | ၁၄ |
| ၁။ | ရဟန္တာဓာတ်တော်ဆိုတာ အလုံးလေးတွေလား | ၁၉ |
| ၂။ | မာရ်နတ် ပရိသတ်ကို ထွက်ပြေးစေသော မြေလျှောင်နှင့်စပ်၍ | ၂၀ |
| ၃။ | ဝသုန္ဓရီနတ် ရှိ မရှိ | ၂၀ |
| ၄။ | ဘုရားလောင်း၏ ပလ္လင် | ၂၁ |
| ၅။ | မြန်မာဗုဒ္ဓဘာသာဝင်တို့၏ သဿတဝါဒ | ၂၃ |
| ၆။ | တရားထူးနှင့်စပ်သော ဣရိယာပုထ် | ၂၄ |
| ၇။ | ဥပက္ခာကိုသာ ရှုရမယ်တဲ့ | ၂၅ |
| ၈။ | ကိုယ်အပင်ပန်းခံပြီး တရားအားထုတ်တာ<br>အတ္တကိလမထ ဖြစ်သလား | ၂၆ |
| ၉။ | ခန္တီသံဝရ | ၂၇ |
| ၁၀။ | ပါဏာတိပါတ ကံ မြောက် မမြောက် | ၃၀ |
| ၁၁။ | ဈေးဝယ်သူနှင့် ပါဏာတိပါတ | ၃၁ |
| ၁၂။ | အစွန်းသုံးပါးမလွတ်တဲ့ အသားနှင့် ပါဏာတိပါတ | ၃၂ |
| ၁၃။ | ဘဲဥ ကြက်ဥနှင့် ပါဏာတိပါတ | ၃၃ |
| ၁၄။ | အလှူပွဲမှ အမဲသား ဝက်သားနှင့် ပါဏာတိပါတ | ၃၄ |
| ၁၅။ | ကြက်သားဒံပေါက် ဆိတ်သားဒံပေါက်နှင့် ပါဏာတိပါတ | ၃၅ |
| ၁၆။ | ဘုံစဥ်စံ သောတာပန် | ၃၅ |
| ၁၇။ | ဓမ္မစကြာဟောရာနှစ် | ၃၉ |
| ၁၈။ | စိတ်ကို စိတ်ဖြင့် နှိပ်တဲ့ ဒုက္ကရစရိယာ | ၄၀ |
| ၁၉။ | ကောင်းမှုဖြင့် အလိုမရှိဟူသော ဘုရားလောင်းစကားနှင့်စပ်၍ | ၄၁ |
| ၂၀။ | အသိမှန်သမျှ ကိလေသာကို ပယ်သလား | ၄၂ |
| ၂၁။ | ဘုရားလောင်းက ပလ္လင်ကို ဘာကြောင့်<br>ငြိကပ်တွယ်တာနေရသလဲ | ၄၂ |

၂၂။ ရဟန်း ၇ ပါး ရှုံးတာလား မြတ်တာလား ၄၃
၂၃။ ခေမာမိဖုရားဟာ သောတာပန်လား၊ ရဟန္တာလား ၄၄
၂၄။ ကိသာ ဂေါတမီဟာ ဂါထာသီကုံးတတ်သလား ၄၅
၂၅။ ဒဏ္ဍာရီတွေပါလို့ ဆိုကြလိမ့်မယ် ၄၆
၂၆။ ဆေးမပါဘဲ ကုသနည်းတစ်မျိုး ၄၇
၂၇။ ဝန်ခံချက်ပျက်ရင် မုသာဝါဒကံထိုက်သလား ၄၈
၂၈။ တချို့သောသူတို့ အစွန်းနှစ်ခုနှင့်စပ်သောအပြော ၄၈
၂၉။ ဆင်ခြင်ရှုပွားရ၌ သုံးဆောင်လျှင် ၅၀
၃၀။ ဘုရားလောင်းနှင့် အတ္တကိလမထာနုယောဂ ၅၁
၃၁။ အစွန်းနှစ်ဖက်မှ လွတ်အောင်ကျင့်ပုံ ၅၂
၃၂။ စာကျက်မှတ်ပြီး ဉာဏ်စဉ်တွေ တက်ကြသတဲ့ ၅၂
၃၃။ ကြားနာ ကျက်မှတ်ပြီး သိရုံနဲ့ ကိစ္စပြီးတယ်တဲ့ ၅၃
၃၄။ ကုသိုလ်ပြုရင် သံသရာရှည်သတဲ့ ၅၄
၃၅။ ဓမ္မစကြာတရားတော်မှာ မဂ္ဂင် ၈ ပါးအကျယ် ဟော မဟော ၅၄
၃၆။ စာသင်သား၏ သမာဓိနှင့် ဝိပဿနာ ၅၆
၃၇။ သတိပဋ္ဌာန်မပါလျှင် ပညာမဖြစ် ၅၇
၃၈။ ဈာန်မရဘဲ ဝိပဿနာ မရှုကောင်းဘူး တဲ့ ၅၇
၃၉။ ကျက်မှတ်ပြီး ဆင်ခြင်ရုံမျှဖြင့် ဝိပဿနာဉာဏ်စစ် ဖြစ်သလား ၅၈
၄၀။ တမင်တွေးကြံနေတာဟာ သမ္မာသင်္ကပ္ပလား ၅၉
၄၁။ ဗျာဓိပိ ဒုက္ခာ ပိုနေတယ် ၆၀
၄၂။ ဗုဒ္ဓစာပေအဆိုနှင့် အနောက်တိုင်း ဆရာဝန်တို့အဆို ၆၃
၄၃။ သုခဝေဒနာလဲ သင်္ခါရဒုက္ခပါပဲ ၆၃
၄၄။ ဒုက္ခသမုဒယော လော၊ ဒုက္ခသမုဒယံလော ၆၃
၄၅။ ပေါနောဘဝိကာ ၆၄
၄၆။ သရုပ်ခွဲရုံမျှနဲ့တော့ နိဗ္ဗာန်မရောက်နိုင် ၆၄
၄၇။ နိဗ္ဗာန်ကို စပြီးရှုလို့ရသလော ၆၅
၄၈။ သစ္စာစုံတွဲ ၂ တွဲနှင့်စပ်၍ ၆၅
၄၉။ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းနှင့်တကွ အကျယ်မသိရင်
တရားအားမထုတ်ကောင်းဘူးလော ၆၇
၅၀။ သရုပ်သင်္ချာဖြင့်ဆင်ခြင်၍ သိရုံမျှဖြင့်
နာမရူပ ပရိစ္ဆေဒဉာဏ် အစစ်ဖြစ်သလား ၇၀

၅၁။ နာမ်ရုပ်ကွဲပုံ ဘုရားဟော ဥပမာ ၇၁
၅၂။ ရှုသိတိုင်း မဂ္ဂင်ရှစ်ပါး ပါဝင် ၇၂
၅၃။ မဟာသဋ္ဌာယတနိကသုတ်မှာ မြင်မှုဆိုင်ရာအတိုချုပ် မြန်မာပြန် ၇၃
၅၄။ အနုသယကိလေသာ မရှိဘူးတဲ့ ၇၄
၅၅။ ဓမ္မစကြာတရားနာသူတို့ တရားထူးရနိုင်မှုနှင့်စပ်၍ စဉ်းစားဖွယ်ရှိတယ် ၇၅
၅၆။ တရားနာသူတို့ တရားထူးရနိုင်ပုံ ၇၆
၅၇။ တရားနာရင်း အရှင်ကောဏ္ဍည တရားထူးရပုံ ၇၈
၅၈။ သောတာပတ္တိမဂ်ဉာဏ် အညစ်အကြေးကင်းပုံ ၇၉
၅၉။ မဂ်ဉာဏ်၏ အာရုံနိဗ္ဗာန်မှာ ရုပ်နာမ်အားလုံး ချုပ်မချုပ် ၈၀
၆၀။ ဟောတဲ့တရားကို သဘောကျရုံနဲ့ မဂ်ဉာဏ်ဖြစ်တာ မဟုတ်ပါလား ၈၁
၆၁။ တေန လယေန- ပါဠိပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ၌ ရှိမရှိ ၈၃
၆၂။ ကုသိုလ်ကိုပယ်လျှင် အကုသိုလ်ချည်းဖြစ်မည် ၈၃
၆၃။ ကုသိုလ်ကိုမပြုချင်လျှင် အဝိဇ္ဇာအားကြီးလို့ပဲ ၈၄
၆၄။ ရုပ်နာမ် လက္ခဏာတရားတင်မှ ဉာဏသမ္ပယုတ်ဖြစ်သလား ၈၅
၆၅။ အလှူခံ၏ဂုဏ်ကို နှလုံးသွင်းတာ အကောင်းဆုံး ၈၇
၆၆။ ဆိုးကျိုးကိုသာ ပေးတတ်တဲ့ အကုသိုလ်ကိုပြုရာမှာ ချမ်းသာကို ရည်မျှော်ပြီးပြုတာ သင့်ပါသလား ၈၇
၆၇။ မေးရုံနဲ့တော့ မပြေလည်နိုင်သေးဘူး ၈၈
၆၈။ ဒီလို အမြင် အကြားသဘောကို တွေ့နေကြတယ် ၈၉
၆၉။ သုက်သွေးနှင့် ကလလရေကြည် ၉၁
၇၀။ ဥတုဇရုပ်ထဲမှာ ကမ္မဇရုပ် ဖြစ်နိုင်ပါသလား ၉၂
၇၁။ ယခုခေတ် အနောက်တိုင်းဆရာတို့၏အဆို ၉၃
၇၂။ သံသေဒဇ သတ္တဝါတွေထဲမှာလည်း ဥပပါတ်လိုပဲ ၉၄
၇၃။ မြင်သိစိတ်ကို သိရင် တွဲဖက်နာမ်နဲ့ ရုပ်ကိုလည်း သိတယ် ၉၄
၇၄။ ပဋိသမ္ဘိဒါမဂ်ပါဠိအနက် ၉၄
၇၅။ စေတနာမရှိလျှင် အပြစ်မရှိ ၉၆
၇၆။ ရဟန္တာ စုံစမ်းနည်း ၉၆
၇၇။ နိဗ္ဗာန်ကို မရည်သန်ခဲ့ပေမယ့် ၉၇

၇၈။ အရှင်အာနန္ဒာ မှတ်ဉာဏ်ကောင်းပုံ ၉၈
၇၉။ ဘာသာခြားအမျိုးသမီးတစ်ယောက်က ဒီလိုပြောသတဲ့ ၉၉
၈၀။ တစ်ဦးတလေလောက်တော့ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ် ၁၀၀
၈၁။ မနောဝိညာဏ် နှင့် နှလုံးရုပ် ၁၀၁
၈၂။ "မှတ်တယ်" ဆိုတဲ့ စကားအသုံးအနှုန်း ၁၀၂
၈၃။ အိပ်ငိုက်တိုင်း ကိလေသာလော ၁၀၃
၈၄။ ရုပ်မိဒ္ဓဝါဒ ၁၀၃
၈၅။ ဝိစိကိစ္ဆာ– တရားမှန်၌ ယုံမှားခြင်း ၁၀၄
၈၆။ ဖောင်းတာ ပိန်တာ မှတ်ရာမှာ ၁၀၅
၈၇။ သတိပဋ္ဌာန်လေးပါး ပွားနေတာ ယုံမှားဖွယ်မရှိ ၁၀၆
၈၈။ "အပ္ပမာဒေန သမ္ပာဒေထ"၏ အနက်မှန် ၁၀၆
၈၉။ ရတနာ ၃ ပါး စစ် မစစ် ရွေးနည်း ၁၀၇
၉၀။ သတိပဋ္ဌာန်ဆိုတာ ဝိပဿနာ ပြဋ္ဌာန်းတယ် ၁၀၉
၉၁။ ပညတ်ကို သိရုံမျှဖြင့် နာမရူပ ပရိစ္ဆေဒဉာဏ်မဖြစ် ၁၁၀
၉၂။ ပီတိ ပါမောဇ္ဇဟာ နိဗ္ဗာန်မဟုတ်ပါဘဲနဲ့ ၁၁၀
၉၃။ ပေါ်ရာအာရုံမှန်သမျှ လိုက်မှတ်နေရင် ဥဒ္ဒစ္စလား ၁၁၁
၉၄။ သဘာဝကျတဲ့ အသံထွက် ၁၁၅
၉၅။ အထက်အောက်အရပ်ရှိ သတ္တဝါတို့ကို မေတ္တာပို့ရာဝယ် ၁၁၅
၉၆။ ထူးခြားတဲ့ ဘာဝနာမို့ ၁၁၆
၉၇။ မြေကြီးက ရွှေသီးသည့်ကိစ္စ ၁၁၆
၉၈။ ကုလေသွ နနုဂိဒ္ဓေါ၌ ကုလ အရ အယူအဆ ၁၁၇
၉၉။ ပိုကောင်းမှာ ၁၁၇
၁၀၀။ မေတ္တာစိတ် ဖြစ်ဖို့သာ လိုရင်း ၁၁၈
၁၀၁။ ပွားနေဆဲအချိန်အရ ၁၁၉
၁၀၂။ တစ်ပါးသော လောကကို တွေ့မြင်နိုင်တဲ့နည်း ၁၁၉
၁၀၃။ မုချ ကိန်းသေ ဆင်ခြင်ပုံ ၁၂၁
၁၀၄။ သီလဗ္ဗတ ခေါ်တဲ့ အလေ့အကျင့်အမျိုးမျိုး ၁၂၂
၁၀၅။ လမ်းဆုံးထင်လျှင် ရှာန်လည်း သီလဗ္ဗတ မည်တာပဲ ၁၂၄
၁၀၆။ နှစ်သစ်ကူး (သင်္ကြန်) ၁၂၅
၁၀၇။ ပုလက ဂျုံဆန် ၁၂၆

၁၀၈။ ဆဲရေးခဲ့တဲ့ ဝစီကံနှင့် စပ်၍ စဉ်းစားဖွယ် ၁၂၇
၁၀၉။ နတ်တို့ အရောင်အဝါကို ဓာတ်သဘာဝ တစ်ခုခုအနေဖြင့် ၁၂၇
၁၁၀။ "ပသာဒေယျာသိ" ၏ ရည်ရွယ်ချက် ၁၂၈
၁၁၁။ "အမတ" မှ "အမြိုက်" ဖြစ်လာ ၁၂၉
၁၁၂။ ရှိခိုးကန်တော့ပုံ ဆုပေးပုံ နှင့် စပ်၍ ၁၃၀
၁၁၃။ သိကြားမင်း၏ကိုယ်စား ရှိခိုးကန်တော့ပုံ ၁၃၀
၁၁၄။ ဘုရားရှင်က ဆုပေးတော်မူပုံ ၁၃၁
၁၁၅။ ရှိခိုးကန်တော့ပုံနှင့် ဆုပေးပုံ စိစစ်ချက် ၁၃၁
၁၁၆။ ဉာဏ်စဉ်တရား ဟောကြားရာဝယ် ၁၃၃
၁၁၇။ သောတာပန်ဟာ လူကိုသတ်နိုင်သေးတယ် တဲ့ ၁၃၄
၁၁၈။ သောတာပန်တွေလည်း ဈေးကျကုန်တော့တာပဲ ၁၃၅
၁၁၉။ အဟိံသာတရား ၁၃၆
၁၂၀။ သောတာပန်ဟာ အရက်သောက်နိုင်သေးတယ် တဲ့ ၁၃၇
၁၂၁။ မြတ်စွာဘုရားကိုလည်း ပယ်ရာရောက်တယ် ၁၃၈
၁၂၂။ သန်လျင်က ထွက်တဲ့စာအုပ်ကြီး ၁၃၉
၁၂၃။ တွေ့ပြီး သိမှ ဉာဏ်အစစ် ၁၄၀
၁၂၄။ အနုလောမဉာဏ် ၁၄၁
၁၂၅။ ပူးကပ်ပြီး ဇော့သတ်တယ်လို့လည်း ၁၄၂
၁၂၆။ လူသေပြီးရင် လူသာပြန်ဖြစ်သတဲ့ ၁၄၃
၁၂၇။ နငယ်ကို အမြီးဆွဲနေကြသူတွေ ၁၄၄
၁၂၈။ အာနာပါန ရှုရာ၌ သမထ ဝိပဿနာ ကွာခြားပုံ ၁၄၅
၁၂၉။ အရဏ်တက်ချိန် ၁၄၅
၁၃၀။ ရဟန်းတော်နှင့် နတ်ကန်တော့ပွဲ ၁၄၇
၁၃၁။ သိမ်ထပ် ကံထပ်ခြင်း ၁၄၉
၁၃၂။ ဥပုသ်သည်နှင့် စတုမဓု ၁၅၀
၁၃၃။ ဘုန်းကြီးကျောင်းဝင်းထဲမှာ
လူတွေ ဖိနပ်မစီးကောင်းဘူးလား ၁၅၁
၁၃၄။ ရော်ဘာခံဖိနပ် အပ် မအပ် ၁၅၂
၁၃၅။ မြန်မာစကားနဲ့ ပါတိမောက်ပြရင် ၁၅၃
၁၃၆။ ပါဠိဘာသာနဲ့ ဘုရား တရားဟောရခြင်းအကြောင်း ၁၅၄

၁၃၇။ အင်္ဂလိပ်ရတ်သမားတို့ရဲ့မှုကို မယုံကြည် ၁၅၄
၁၃၈။ သုဝဏ္ဏဘူမိ ၁၅၅
၁၃၉။ ရောက်ရာအရပ်မှာ တစ်ညသာနေတယ် ၁၅၅
၁၄၀။ ပိုးမျိုးပေါင်း ၈၀ ၁၅၆
၁၄၁။ "ငါ့စကားကို မယုံရင် ငါ့မယား မေးကြည့်" ဆိုတာလို ၁၅၇
၁၄၂။ ဘုရားလည်း ဆင်ခြင်မှ သိတာ ၁၅၈
၁၄၃။ စဉ်စားဉာဏ်ရှိသူဆိုရင် ဘယ်သူမျှ မယုံကြည်နိုင်တော့ဘူး ၁၅၉
၁၄၄။ အာနာပါနကို ရှုဖို့ ဘာကြောင့်မညွှန်းသလဲ ၁၆၀
၁၄၅။ အဖောင်း အပိန် မှတ်တာဟာ ပါဠိတော်နဲ့မဝေးဘူးလား ၁၆၂
၁၄၆။ ရက်ရာဇာ စသည်တွေဟာ အလုပ်ပိုပင် ၁၆၄
၁၄၇။ သူတို့အလိုအတိုင်း ခွင့်ပြုထားရပါတယ် ၁၆၅
၁၄၈။ နက္ခတ်ကောင်း ငံ့နေရင် အကျိုးမဲ့ဖြစ်တတ်သည် ၁၆၅
၁၄၉။ အိပ်မက်အစွဲလည်း ပယ်ရမယ် တဲ့ ၁၆၆
၁၅၀။ ရဟန်းတော်နှင့် လောကီမင်္ဂလာ ၁၆၇
၁၅၁။ နတ်မင်း ဘုရားသခင်ကို အားကိုးပြီး ပြုလုပ်ရင် ၁၆၇
၁၅၂။ မရသေးတဲ့မင်္ဂဖိုလ်ကို တောင့်တတာဟာ ကာမုပါဒါန်ပဲ ၁၆၉
၁၅၃။ ဝိပဿနာကုသိုလ်ကံက ဘယ်ဥပါဒါန်ကြောင့်ဖြစ်သလဲ ၁၆၉
၁၅၄။ ဝိပဿနာကံကြောင့် ဘဝအသစ် ဖြစ်ပါသေးသလား ၁၇၀
၁၅၅။ ဝိပဿနာက ဘဝမှ လွတ်မြောက်စေဖို့ ၁၇၁
၁၅၆။ နိဗ္ဗာန်နဲ့ ဗြဟ္မာပြည်မှာ သားမယား ရှိသလား ၁၇၃
၁၅၇။ ချမ်းရအောင် အားထုတ်တာ ကာမုပါဒန် ၁၇၃
၁၅၈။ ပဋိစ္စသမုပ္ပါဒ်အကျယ်ကို လေ့လာမထားပေမယ့်
ကိစ္စပြီးတယ် ၁၇၃
၁၅၉။ ကောင်းမှုမှန် စီစစ်ချက် ၁၇၄
၁၆၀။ ပါဠိပညာရှင်များအတွက် မှတ်ချက် ၁၇၅
၁၆၁။ ပဋိသမ္ဘိဒါဉာဏ် ၁၇၇
၁၆၂။ ဘဝရေတွက်ပုံ ၁၇၉
၁၆၃။ သကဒါဂါမ်ဟာ မေထုန်မှု ပြုသေးသလား ၁၈၁
၁၆၄။ ထေရဝါဒနှင့် မဟာယာနဝါဒ ခြားနားချက် ၁၈၂
၁၆၅။ သာဝတ္ထိမြို့ လူဦးရေနှင့်စပ်၍ ၁၈၄

၁၆၆။ အုတ်ပုံကြီး ရှိခိုးတာမဟုတ် ၁၈၄
၁၆၇။ မသိသူက အပြစ်ပြောတတ်သည် ၁၈၅
၁၆၈။ အပြစ်မပြောသင့်ကြောင်း ရှင်းပြချက် ၁၈၅
၁၆၉။ ရှုမှတ်ရာတွင် သီလမဂ္ဂင်တို့ပါဝင်ပုံ ၁၈၇
၁၇၀။ မာတာပိတု (အာစရိယ) ဂုဏော အနန္တောမှ
ဂုဏသဒ္ဒါအနက် ၁၈၈
၁၇၁။ အာဗာဓာယ ပုဒ်အနက် စီစစ်ချက် ၁၈၉
၁၇၂။ မာရ်နတ်ဟူသည် ၁၉၀
၁၇၃။ ဖန်ဆင်းဝါဒ၏အစ ၁၉၁
၁၇၄။ အဘိဓမ္မာနှင့် သုတ္တန်နီးနှောချက် ၁၉၂
၁၇၅။ ဘုရားဟောနဲ့ ဆန့်ကျင်ဘက် ၁၉၃
၁၇၆။ နေတံ မမနှင့် အနိစ္စရှုပုံစသည် နီးနှောပြချက် ၁၉၅
၁၇၇။ သောတာပန်တို့အား အနတ္တရှုရန် ညွှန်ကြားခြင်းအကြောင်း ၁၉၆
၁၇၈။ အရှင်ဆန္န၏ဝိပဿနာအတု ၁၉၈
၁၇၉။ သုတစိန္တာမျှဖြင့် ဝိပဿနာအစစ် မဖြစ် ၁၉၉
၁၈၀။ ပဋိစ္စသမုပ္ပါဒ် အကျဉ်းချုပ် ၂၀၂
၁၈၁။ ဝိပဿနာမှာလည်း ဈာန်သဘောတွေ ပါဝင်နေတယ် ၂၀၈
၁၈၂။ သမုဒ္ဒရာအကြောင်းနှင့်စပ်၍ ၂၀၉
၁၈၃။ မြန်မာသာစုနှင့် သီရိလင်္ကာသာစု ၂၁၀
၁၈၄။ တရားနာပြီး သောတာပန်ဖြစ်ကြရာဝယ် ၂၁၁
၁၈၅။ ဇမ္ဗူဒိပ် ၂၁၂
၁၈၆။ ဆင်းရဲသူတွေ မကျေနပ်ချင်စရာဝါဒ ၂၁၂
၁၈၇။ ထပ်ခါ ထပ်ခါ ဟောရခြင်းအကြောင်း ၂၁၃
၁၈၈။ မြန်မာတွေ နိုင်ငံခြားဖြစ်မှာ စိုးရိမ်တယ် ၂၁၃
၁၈၉။ အစာဖြတ်လိုက်တာနဲ့ အစာအိမ်စင်ကြယ်ပြီး
ရောဂါပျောက်သလို ၂၁၄
၁၉၀။ တရားက တယ်ရလွယ်တယ် ၂၁၅
၁၉၁။ သာသနာမှာ ဈေးဝယ်မမှားဖို့ ၂၁၇
၁၉၂။ နောင်ဘဝ၌ ပြစ်မှုနှင့် သဿတအယူ ၂၁၈
၁၉၃။ ဥစ္ဆေဒအယူနှင့် နိဗ္ဗာန် ၂၁၈

၁၉၄။ သညာနှင့် သတိ ၂၁၉
၁၉၅။ နတ်ပြဟ္မာတို့ ရှိ မရှိ ၂၂၀
၁၉၆။ အဆင့်အတန်းမတူရာမှာ ကိုယ့်နှင့်နှိုင်းရင် ရိုင်းသည် ၂၂၂
၁၉၇။ အတ္တကို ဘုရားက မပယ်ဘူးလား ၂၂၂
၁၉၈။ အများနားလည်အောင် ၂၂၃
၁၉၉။ သိပ္ပံပညာနှင့် ပြိတ္တာ ၂၂၃
၂၀၀။ ရှုမှတ်ရုံနဲ့ အတ္တစွဲပြုတ်ကြောင်း ၂၂၄
၂၀၁။ ဒါနထဲ ဝိပဿနာအတု သဘာဝမကျ ၂၂၅
၂၀၂။ "ရုပ်နာမ်ခန္ဓာတွေ ချမ်းသာကြပါစေ" လို့ မေတ္တာပို့လို့ရသလား ၂၂၆
၂၀၃။ သံဃိကဒါနမြောက်အောင် လှူတတ်ဖို့ ၂၂၇
၂၀၄။ နဂါးက လူ့အသွင် ဖန်ဆင်းနိုင်ပါ့မလား ၂၂၉
၂၀၅။ "ဟင်္သာတို့ လ နေ အထံ သွားကြသည်" ဟူရာဝယ် ၂၂၉
၂၀၆။ နတ်ပြည်မှာလည်း စကားကွဲပြားနေကြမှာပဲ ၂၃၀
၂၀၇။ ဘဝမပြောင်းဘဲ အခြေအနေမျှသာပြောင်း ၂၃၁
၂၀၈။ ဈာန်နှင့် အလားတူ ၂၃၁
၂၀၉။ ဝမ်းဗိုက်၏ ဖောင်းမှု ပိန်မှု ရှုမှတ်မှုနှင့်စပ်၍ ပါဠိ အဋ္ဌကထာ ဋီကာတို့နှင့်အညီ ရှင်းလင်းချက်များ ၂၃၂
၂၁၀။ ညီညွတ်ပုံ ထုတ်ပြချက် ၂၃၂
၂၁၁။ လယ်တီဆရာတော်ဘုရားကြီး၏ သွင်းပြပုံ ၂၃၆
၂၁၂။ အဋ္ဌကထာအဖွင့် ၂၃၇
၂၁၃။ ဋီကာပထမအဖွင့်အရ ယူနည်း ၂၃၉
၂၁၄။ ဋီကာဒုတိယအဖွင့်အရ ယူနည်း ၂၄၀
၂၁၅။ ရသင့်သမျှအနက်ကို အပြည့်အစုံပြသော အဖွင့် ၂၄၃
၂၁၆။ ရှုသင့်သောတရားမှန်ခြင်းက လိုရင်းဖြစ်သည် ၂၄၃
၂၁၇။ တစ်နည်းသွင်းပြပုံ ရှင်းလင်းချက် ၂၄၅
၂၁၈။ အဿာသပဿာသ၌ သွင်းပြခြင်း၏အကြောင်း ၂၄၇
၂၁၉။ ပစ္စုပ္ပန္နာန်ဖြင့် ရှုအပ်ကြောင်း ၂၄၈
၂၂၀။ ဝါယော၏ ပစ္စုပ္ပန္နာန်လည်း ပရမတ်ပင် ၂၅၄
၂၂၁။ ဒုက္ခဝေဒနာကို ရှုပုံ ၂၅၆

၂၂၂။ "ဦး" စကားလုံး အသုံးအနှုန်းနှင့်စပ်လျဉ်း၍ ၂၅၇
၂၂၃။ ဘုရားဟာ နေမျိုးနွယ်ဆိုရာဝယ် ၂၅၈
၂၂၄။ အိုးထဲ သဲတွေ ထည့်ကောင်းထည့်ပါလိမ့်မယ် ၂၅၈
၂၂၅။ ဘုရားလောင်းမယ်တော်ဟာ နတ်သားလား၊ နတ်သမီးလား ၂၅၉
၂၂၆။ ဆေးမသောက်ရင် ရောဂါမပျောက်ဘူး ၂၆၀
၂၂၇။ ကြည့်ရာကိုသာ မြင်တယ် ၂၆၁
၂၂၈။ ၁၀ နှစ်တမ်းမှာ သတ္တုန္တရကပ် ၂၆၁
၂၂၉။ ပိုတယ်လို့ ထင်ကြမယ် ၂၆၂
၂၃၀။ ဓွန်းကြီးနဲ့ ဖြစ်မှာပါပဲ ၂၆၂
၂၃၁။ အရိယာအစစ်မဟုတ်သေးလို့ ၂၆၃
၂၃၂။ အများနှုန်းအရ တစ်ယူဇနာ ၈ မိုင် ၂၆၄
၂၃၃။ သုဘဒ္ဒဟာ ဥပကရဲ့သား မဟုတ် ၂၆၄
၂၃၄။ အယူဝါဒစွဲကြောင့် ၂၆၅
၂၃၅။ ဝိပဿနာကုသိုလ်ကြောင့် နတ်ဖြစ်ရသည် ၂၆၆
၂၃၆။ ဂေါတြဘူ ကုသိုလ်ကတောင် ဘဝကို ဖြစ်စေနိုင်သေး၏ ၂၆၇
၂၃၇။ သောတာပတ္တိမဂ်က ဘေးရန်ခပ်သိမ်း ကင်းငြိမ်းစေသည် ၂၆၇
၂၃၈။ ဘေးကြီး ၂၅ ပါး စိစစ်ချက် ၂၆၉
၂၃၉။ ဖိုလ်ဝင်စားမှု ၂၇၅
၂၄၀။ တရားဟောင်းအတွက် လွယ်၊ တရားသစ်အတွက် မလွယ် ၂၇၆
၂၄၁။ သကဒါဂါမိဖြစ်ဖို့ထက် အနာဂါမ်ဖြစ်ဖို့က ပိုခဲယဉ်း ၂၇၇
၂၄၂။ အနာဂါမ်မှာ ဆေးလိပ် ကွမ်း ကြိုက်တာလည်း ကင်းသင့်တယ် ၁၇၈
၂၄၃။ ရှုတဲ့အခါ သိမြင်ပုံချင်းမတူ ၂၇၉
၂၄၄။ အခါခပ်သိမ်း မမြဲတဲ့သဘော ထင်နေသလား ၂၈၀
၂၄၅။ ကိုယ့်ကိုယ်ကို ရဟန္တာဖြစ်ပြီလို့ ထင်နေသူများ စဉ်းစားဖို့ရာ ၂၈၀
၂၄၆။ ဓမ္မဝိစယဥ္ဆ ဓမ္မအရ ၂၈၁
၂၄၇။ ဥဒယဗ္ဗယဉာဏ် အစစ် ၂၈၂
၂၄၈။ အရှင်အာနန္ဒာ ပွားခဲ့သော ကာယဂတာသတိဟူသည် ၂၈၂
၂၄၉။ ဆရာတော် ဦးသုန္ဒရ အမေး မဟာစည်ဆရာတော် အဖြေ ၂၈၃

## ကျေးဇူးတင်လွှာ

ဤမဟာစည်ဆရာတော်ကြီး၏ ထူးခြားသော အတွေးအမြင်များကို မဟာစည်ဆရာတော်ကြီး၏ ထိုထိုတရားစာအုပ်တို့မှ ကူးယူပေးကြသည့် မကမလညာဏီ၊ မဝိသိဋ္ဌညာဏီ (နီပေါ)၊ မဝိမလညာဏီ (နီပေါ)၊ မအဂ္ဂညာဏီ (နီပေါ)၊ မစာရဒဿိနီ၊ မဝဏ္ဏဝတီ၊ မပညာဝတီ (မမိုးသဥ္ဇာထွန်း)၊ မစန္ဒာမင်း၊ မဝင်းဝင်းသိန်း၊ မလေးခင်၊ မခင်ချိုဦး၊ မခင်ချိုလှ၊ မခင်သင်းမော်၊ မနှင်းငွေရည်နှင့် ကူညီ၍ ပရုဖ်ဖတ်ပေးသည့် တော်ဝင်နွယ်(ဥူးကောသရိန္ဒ)၊ ဤစာအုပ်အတွက် အဘက်ဘက်မှ ဝေယျာဝစ္စ ဆောင်ရွက်ပေးသည့် ဦးသန်းမြင့်တို့ကို အထူးပင် ကျေးဇူးတင်ကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

**သာမဏေကျော်**

## နိဒါန်း

ဆဋ္ဌသင်္ဂါယနာ တိပိဋကဓရ၊ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး ရေးသားအပ်၊ ဟောကြားအပ်သည့် တရားတွေ များစွာရှိနေပါသည်။ ပြည်တွင်းမှ ရဟန်းရှင်လူတို့သည် ထိုတရားစာအုပ်တို့ကို ဖတ်ရှုလေ့လာနေကြပါသည်။ ပြည်ပသားတို့သည်လည်း အင်္ဂလိပ်လို ဘာသာပြန်ဆိုထားအပ်သည့် ထိုတရားစာအုပ်တို့ကို ဖတ်ရှုလေ့လာနေကြပါသည်။ ပြည်တွင်း ပြည်ပသားတို့သည် စာတွေ့မျှသာမက လက်တွေ့လည်း အားထုတ်နေကြပါသည်။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး ပေါ်ထွန်းလာသဖြင့် ပြည်တွင်းပြည်ပသား များစွာတို့မှာ တရားဉာဏ်မျက်စိအလင်းတို့ ပွင့်လင်းလာခဲ့ကြပေသည်။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ စာပေတို့တွင် သတိပဋ္ဌာန် လုပ်ငန်းစဉ်အပြင် အခြားအခြား မှတ်သားဖွယ်တို့လည်း များစွာပါရှိနေပါသည်။ ထိုမှတ်သားဖွယ်များစွာတို့ထဲမှ "ထူးခြားသော အတွေးအမြင်များ" မှာ အလွန်ပင် မှတ်သားဖွယ်ရာ ကောင်းလှပါသည်။ ထိုအတွေးအမြင်များကို စုပေါင်းပြီး ဖော်ပြရလျှင် စာရှုသူတို့အား အလွန်ပင် ကျေးဇူးများလိမ့်မည်ဟု ယုံကြည်ယူဆမိပါသည်။ ထို့ကြောင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး ဟောကြား ရေးသားအပ်သော တရားတော်တို့ထဲမှ "ထူးခြားသော အတွေးအမြင်များ"ကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီးကို ပူဇော်သောအားဖြင့် ထုတ်နုတ်ဖော်ပြလိုက်ပါသည်။

**သာမဏေကျော်**

## တော်ဝင်နွယ်၏ ကန်တော့ပန်း

### မင်္ဂလာရှိသောကာလ

တိုတောင်းလှသော လူ့ဘဝတွင် အများကောင်းကျိုးပြု အာဇာနည်ပုဂ္ဂိုလ်မွန်တို့၏ အကြောင်းအရာကို ကြားနာလေ့လာရသော အချိန်ကဲ့သို့ ကောင်းမြတ်သော၊ မင်္ဂလာရှိသောအချိန်မျိုး မရှိနိုင်ပါ။ သူတို့၏ဘဝ၊ သူတို့၏အကြောင်း၊ သူတို့၏ စွမ်းဆောင်နိုင်မှုတို့ကို လေ့လာမှတ်သားနေရသည်မှာ ချမ်းမြေ့ကြည်နူးဖွယ်ရာ ဖြစ်သကဲ့သို့ စိတ်ဓာတ်တက်ကြွအားရှိဖွယ်ရာလည်း ဖြစ်ပါသည်။ ယခုအချိန်တွင် သူတို့သည် အသက်ခန္ဓာထင်ရှားမရှိတော့ကြငြားသော်လည်း မိမိ၏လက်ရှိဘဝနှင့် အများအကျိုးပြုဝန်ဆောင်မှုလုပ်ငန်းခွင်တွင် ကိုယ်ကျိုးစွန့်၍ အနစ်နာခံလိုသော၊ ခံနိုင်သော စိတ်ဓာတ်ခွန်အားကိုမူ ဆက်လက်၍ ပေးစွမ်းနိုင်ဆဲ ရှိကြပါသည်။ သူတို့၏ ခံယူချက်၊ စိတ်နေသဘောထားနှင့် စွမ်းဆောင်နိုင်ခဲ့မှုများက မိမိ၏လက်ရှိဘဝနှင့် လုပ်ငန်းခွင်ကို ပိုမို၍ လေးနက်စေခဲ့၊ အဓိပ္ပာယ်ရှိစေခဲ့ကြပါသည်။ မမေ့အပ်သောသူတို့အတွက် ကျေးဇူးစကား ဆိုရပါလျှင် မိမိတို့ ယနေ့ အလွယ်တကူဆွတ်ယူစားသုံးနေကြသော ကောင်းကျိုးဖလ အသီးအပွင့် အဝဝတို့သည် အလွန်မဝေးလှသေးသော အတိတ်ကာလက အဆိုပါ အာဇာနည်ပုဂ္ဂိုလ်တို့၏ သွေး၊ ချွေးတို့ဖြင့် သွန်းလောင်း၍ ဖွံ့ဖြိုးအောင် ကြိုးပမ်းခဲ့ကြမှုတို့ကြောင့်သာ ဖြစ်ပေါ်လာခဲ့ကြရသည် မဟုတ်ပါလော။ ထို့ကြောင့် သူတို့၏အသံ၊ သူတို့၏အကြောင်းကို ထပ်လောင်း၍ ကြားနာခွင့်ရခြင်းသည် မိမိအဖို့ စိတ်သစ်မွေးကာ အားသစ်လောင်းသကဲ့သို့ ဖြစ်ရပါသည်။

ဗုဒ္ဓသာသနာတော်၏ ကောင်းကျိုးကို သယ်ပိုးထမ်းရွက်တော်မူခဲ့သော အနန္တကျေးဇူးရှင် မဟာစည်ဆရာတော်ကြီး စံလွန်တော်မူခဲ့သည်မှာ ၁၃ နှစ်တာ ကာလမျှ ရှိပေပြီ။ ယခုအခါ မိမိသည် စံလွန်တော်မူပြီးသော ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီး အကြောင်းကို ကြားနာလေ့လာခွင့် ကံကောင်းထောက်မစွာ ရနေသောကြောင့် မိမိဘဝတွင် အလွန်ပင် မင်္ဂလာရှိသောသမယ၊ ပျော်မွေ့ဖွယ်ကာလနှင့် တွေ့ကြုံနေရပါသည်။ အကြောင်းဆိုရလျှင် အရှင်ဓမ္မိကာလင်္ကာရာ ဘိဝံသ (သာမဏေကျော်) စီစဉ်ပြုစုထားသော "ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီး၏ ထူးခြားသော အတွေးအမြင်များ" ဟု အမည်ပေးထားသည့် စာမူတစ်ထပ်ကြီးကို ကူညီ၍ ပရုဖ်ဖတ်နေရသော ကြောင့် ဖြစ်ပါသည်။

## ကျေနပ်အားရ နှစ်ခြိုက်ကြပေလိမ့်မည်

စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေမည့် ယင်းစာမူသည် မဟာစည်ဆရာတော်ကြီး၏ ဓမ္မဒေသနာစာအုပ်များစွာမှ ထုတ်နုတ်ကာ စုစည်းထားခြင်းဖြစ်ပါသည်။ အဆိုပါ ဓမ္မဒေသနာစာအုပ်များတွင် အကြောင်းအားလျော်စွာ ပြောဟောခွင့် ကြုံလာသည့် ပြဿနာပေါင်းစုံကို မဟာစည်ဆရာတော်ကြီးကိုယ်တိုင် ရှင်းလင်း ဆုံးဖြတ်ပေးထားသော မှတ်သားဖွယ်အချက်အလက်များ၊ အဖိုးတန် ဝိနိစ္ဆယများ အများအပြား ပါဝင်လျက်ရှိပေသည်။ ယင်းမှတ်သားဖွယ် အဖိုးတန် အဆုံးအမတို့သည် အရေအတွက်အားဖြင့် များပြားသကဲ့သို့ အနေအထားအားဖြင့်လည်း စုစုစည်းစည်းမရှိသေးဘဲ ပြန့်ကျဲလျက်ရှိပေသည်။ ထိုသို့စာအုပ်များစွာ ကဏ္ဍအသီးသီးတွင် ပါဝင်လျက်ရှိသော ဆရာတော်ကြီး ပြောပြသော မှတ်သားဖွယ် အကြောင်းအရာတို့ကို တစ်စုတည်း တစ်ပေါင်းတည်း လေ့လာမှတ်သားခွင့် ရစေလိုသော ကောင်းမြတ်သည့် ဆန္ဒနှင့်အညီ "သာမဏေကျော်" က သူ၏ကလောင်သီတံဖြင့် စီကာစဉ်ကာ သီကုံး၍ စာချစ်သူ ဓမ္မမိတ်ဆွေတို့အတွက် တစ်လုံးတစ်ဖွဲ့ဖြစ်စေရန် ကြိုးစား၍ တင်ပြထားပါသည်။ ထို့အပြင်

(၁) မဟာစည်ဆရာတော်ကြီး၏ အဆိုအမိန့်များ

(၂) မဟာစည်ဆရာတော်ကြီး၏ ဥပမာအလင်္ကာစကားများ

(၃) မဟာစည်ဆရာတော်ကြီး၏ ပုံဝတ္ထုတိုဖြင့် ပြောပြသော အဆုံးအမများ (ပထမ၊ ဒုတိယ ၂ အုပ်)

(၄) သူတို့ပြောပြသော မဟာစည်ဆရာတော်ကြီးအကြောင်း

(၅) မဟာစည်ဆရာတော်ကြီးကိုယ်တိုင် ပြောပြသော သူ့အကြောင်းနှင့် သူတို့အကြောင်း

(၆) မဟာစည်ဆရာတော်ကြီး ပြောပြသော အရိယာတို့သဘော

စသည့် အမည်များဖြင့် (ကျေးဇူးရှင်) မဟာစည်ဆရာတော်ကြီး၏ ပုံရိပ်သွင်ကို စီစဉ်ဖန်တီးထားပါသည်။ အဆိုပါ စာစဉ်များကိုလည်း စာချစ်သူ ဓမ္မမိတ်ဆွေအားလုံးက မြတ်နိုးခုံမင်ကြလိမ့်မည်ဟု မျှော်လင့်မိပါသည်။ "သူတော်ကောင်းဓာတ်၊ တရားမြတ်၊ လွှမ်းပတ်ကမ္ဘာ တည်စေသော"ဟူသည်နှင့်အညီ ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားရေး အလေးထားသည့် ဓမ္မမိတ်ဆွေများကလည်း ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီး၏ ဓမ္မစာပေပြန့်ပွားရေးအတွက် (အထူးပင်) ကျေနပ်အားရ နှစ်ခြိုက်ကြပေလိမ့်မည်။

## အမျိုးမှန် အဖိုးတန်သည့်ရတနာ

အမှန်အတိုင်းဆိုရလျှင် ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီးနှင့် ဆက်စပ်၍ မိမိဘဝ၌ ကျေးဇူးများခဲ့သည့် အရာများတွင် ဆရာတော်ကြီး၏ တည်ငြိမ်သည့် ရုပ်သွင်နှင့် တည်ကြည်ရင့်ကျက်သည့် အသံဩဇာတို့ထက် ဆရာတော်ကြီး၏ ဓမ္မဒေသနာ တရားစာပေတို့ကသာ နေရာအတော်များများ ယူထားပါသည်။

ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးတို့ အပြည့်အဝ ဖွံ့ဖြိုးရာ နှလုံးသားနှင့် အသိဉာဏ်တို့မှ ဆင်းသက်၍လာသော (အဆိုပါ) တရားစာများသည် ခွန်အားရှိသောစာ၊ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို တိုးပွားစေသော စာများသာ ဖြစ်ပါသည်။

၁၉၉၃ ခုနှစ်ကာလက မိမိမွေးဖွားကြီးပြင်းရာ ပရိယတ္တိနယ်ပယ်မှ ပဋိပတ္တိနယ်မြေသစ်သို့ ခရီးထွက်ရာ သတိပဋ္ဌာန်လမ်းမပေါ်တွင် အသိအကျင့် ဘက်စုံမြင့်သော ဆရာတော်ကြီး၏ ပြည့်စုံသော အဆုံးအမ ဩဝါဒတို့သည် မိမိကို မျက်စိလည်လမ်းမှားမှု၊ နံဘေးချော်ထွက်မှု၊ တွေဝေကြန့်ကြာမှု၊ ခရီးဖင့်လေးနှေးကွေးမှု စသည်တို့ မရှိစေရေးအတွက် လွန်စွာအထောက်အကူ ရစေသကဲ့သို့ ဆက်ရန်ရှိသေးသည့် ရှေ့ခရီးကိုလည်း လွယ်ကူချောမွေ့စွာဖြင့် များများလျှောက် မြန်မြန်ရောက်ရေးအတွက်လည်း ဦးဆောင်မှုပေးနိုင်ခဲ့ပါသည်။ ထို့ကြောင့် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဩဝါဒါစရိယဆရာတော်က “ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီးရဲ့ စာပေတွေဟာ တခြားစာပေတွေနဲ့ တူကိုမတူဘူး၊ ဆရာတော်ကြီးရဲ့စာတွေဟာ အနက်အဓိပ္ပာယ်အရ သဘာဝကျရုံ သာမကဘူး ဘဝသံသရာထဲမှာ ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းနဲ့ အိပ်မောကျနေတဲ့သူတွေကို အိပ်ပျော်ရာမှ နိုးထလာစေနိုင်တယ်။ အိပ်ပျော်ရာမှ နိုးလာပြီးသူတွေကိုလည်း ဘဝသံသရာမှာ တစ်ဖန်ပြန်ပြီး အိပ်ပျော်မသွားရလေအောင် စွမ်းဆောင်နိုင်တယ်”ဟု အမိန့်ရှိသောအခါ လွယ်ကူစွာ နှစ်ခြိုက်၍ အမြတ်တနိုး သိမ်းပိုက်ထားလိုက်မိပါသည်။

လောကရှိ လူအများစုသည် မြေကြီးထဲမှထွက်သော ရွှေကိုသာ မြတ်နိုးစရာဟု ထင်မှတ်တတ်ကြ၏။ ပညာရှိသူတော်ကောင်းတို့၏ ရင်တွင်းမှထွက်သော ရွှေ (အဆုံးအမ၊ ဩဝါဒ) သည်ကား ထို့ထက်တန်ဖိုးထား၍ မြတ်နိုးဖွယ် ဖြစ်သည်ကိုလည်း မမေ့လျော့သင့်ကြပေ။

## ရသာစုံ ဟင်းလေးအိုးကြီးပမာ

ယခုအခါ မိမိသည် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာတွင် ဝန်ဆောင်သံဃာတစ်ပါးအဖြစ် သီတင်းသုံးလျက် ဓမ္မဒေသနာတရားစာပေများမှတစ်ဆင့် မဟာစည် ဆရာတော်ကြီး၏ နွေးထွေးသော သွန်သင်မှု၊ (သာသနာတော်အတွက်) ရှင်းလင်းပြတ်သားသော ခံယူချက်၊ ကြည်လင်သော အတွေးအခေါ်နှင့် မှန်ကန်သော ရပ်တည်မှုတို့ကို လေ့လာမှတ်သားနေရသည်မှာ ဘဝတာတစ်ခု၏ အပြည့်စုံဆုံးသော ကာလများအဖြစ် ကျေနပ်နှစ်သိမ့်နေမိပါသည်။ ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်အခါက ဆရာတော်ကြီး၏ ပကတိကိုယ်ကာယကို တစ်ကြိမ်တစ်ခါမျှ မဖူးရ၊ မတွေ့ရသော်လည်း ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးစုံ မွှေးရနံ့ထုံသော စိတ်ကောင်းနှင့် အသိဉာဏ်တို့ ပေါင်းဆုံရာ ဓမ္မကာယကိုမူကား တစ်နေ့ထက်တစ်နေ့ နီးသည်ထက်နီးကပ်ကာ ပီပြင်စွာ ဖူးတွေ့လာရပါသည်။

ယခုတစ်ဖန် သာမဏေကျော်၏ စီစဉ်မှုဖြင့် "ကျေးဇူးရှင် မဟာစည် ဆရာတော်ကြီး၏ ထူးခြားသော အတွေးအမြင်များ" စာမူကို ဖတ်ရှုခွင့်ရသောအခါ မိမိရင်ထဲတွင် ဆရာတော်ကြီး၏ ကျေးဇူးလှိုင်းတံပိုးများ တိုး၍တစ်ဖန် ထကြွလာပြန်ခဲ့ရပါသည်။ "အတွေးအမြင်များ" ဟု ခေါင်းစီးအမည်ပေးထားသဖြင့် စိတ်ကူးထဲတွင် တွေးတောကြံဆ၍ ဖြစ်ပေါ်လာသော အသိအမြင်များလားဟု တွေးမိလျှင်ကား အမှားကြီးမှားရာလိမ့်မည်။ မဟာစည်ဆရာတော်ကြီးကိုယ်တိုင် စာတွေ့ ဉာဏ်တွေ့တို့ဖြင့် ရှင်းလင်းပြတ်သားစွာ ဖြေကြားထားသည်တို့ကို မဖတ်ရှုရသေးမီ မာတိကာပါ အကြောင်းအရာ ပြဿနာများကို ကိုယ်ပိုင်အမြင်ဖြင့် အရင်ဖြေရှင်းကြည့်ပါ။ ပြီးမှ ဆရာတော်ကြီး၏ အဖြေကို လေ့လာကြည့်ပါ။ ထိုအခါ စာရှုသူတို့ကိုယ်တိုင် ဆရာတော်ကြီး၏ သွက်လက်ထက်မြက်မှုနှင့်အတူ ကျယ်ပြန့်ကြီးမားတော်မူသော ဉာဏ်ပညာ၊ ရှင်းလင်းပြတ်သားမှုနှင့်အတူ ခက်ခဲနက်နဲသော အတွေးအမြင်တို့ကို "လက်ဖျားခါလောက်ပါပေတယ်" ဟူသော မှတ်ချက်နှင့်အတူ ထူးခြားမှုရှိကြောင်းကို ဝန်ခံအသိအမှတ်ပြုရပေလိမ့်မည်။

ဤစာအုပ်ပါ ဆရာတော်ကြီး၏ အဆုံးအမများ၊ အတွေးအမြင်များကို ဖတ်ရှုရသည့်အခါ စာရှုသူ ဓမ္မမိတ်ဆွေသန္တာန်၌ ရသာစုံဟင်းလေးအိုးကို မြည်းရသည့်ပမာ ထူးဆန်းမျိုးစုံစွာ ခံစားရပါလိမ့်မည်၊ ဆရာတော်ကြီး၏ အတွေးအမြင်များထဲတွင် ထက်မြက်သည်လည်း ပါ၏။ သွက်လက်သည်လည်း ပါ၏။ ခက်ခဲသည်လည်း ပါ၏။ နက်နဲသည်လည်း ပါ၏။ ဆီလျော်မှုလည်း ပါ၏။ တော်တည့်မှုလည်း ပါ၏။ ကြည်လင်မှုလည်း ပါ၏။ ပီပြင်မှုလည်း ပါ၏။ အကြောင်းအကျိုး ပြည့်စုံသကဲ့သို့

ယုတ္တိလည်း ခိုင်လုံ၏။ ထို့ကြောင့် ထိုအရာအားလုံးကို ခြုံမိငုံမိသော ဝေါဟာရအနေဖြင့်မူ "ထူးခြားသော" ဟူသော ဝိသေသနမှတစ်ပါး အခြားရွေးစရာ မရှိခဲ့ပါပေ။ ဤကဲ့သို့ ဘက်စုံထူးခြားသော ဆရာတော်ကြီး၏ အတွေးအမြင်များကို မိမိအနေဖြင့် ထူးထူး ခြားခြား ဖော်ပြနိုင်စွမ်း မရှိသောကြောင့် ရိုကျိုးမြတ်နိုးစွာဖြင့် ဦးထိပ်တင်၍ စာကန်တော့ ပန်း ဆင်လိုက်ပါသည်။

## အားကိုးယုံကြည်မိပါသည်

ကျွမ်းကျင်၍ သမ္မာရင့်သော ပန်းပုဆရာသည် ပကတိအရိုင်းဖြစ်သော သစ်သား ကိုယ်ထည်မှ မလိုအပ်သည့်အရာ၊ မလှမပဖြစ်နေသည့်အရာတို့ကို လက်တွင်းရှိ ဆောက် သွားထက်ထက်ဖြင့် တစ်စစီ တစ်စစီ ဖဲ့ထုတ်ပစ်ခြင်းဖြင့် လှပသေသပ်၍ အဖိုးမဖြတ်နိုင် သည့် ပန်းပုရုပ်ထုအဖြစ် ထုဆစ်နိုင်သကဲ့သို့

ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီး၏ ထက်မြက်၍ ထူးခြားသော အတွေး အမြင်များကလည်း များစွာသော ဗုဒ္ဓသာသနာဝင် လူရှင်အပေါင်းတို့၏ သီလ၊ သမာဓိ၊ ပညာ သိက္ခာနယ်ပယ်၌ အဖုအထစ်မျိုးစုံတို့ဖြင့် အရိုင်းဆန်၍ မလှမပဖြစ်နေသည့် အသိပညာ၊ စိတ်ပိုင်းဆိုင်ရာကိုယ်ထည်မှ မလိုအပ်သည့် အရာ၊ မလှမပဖြစ်နေသည့် အတွေးအခေါ်၊ မှားယွင်းနေသည့် အယူအဆများကို တစ်စစီ တစ်စစီ ဖဲ့ထုတ်၍ လှပသေသပ်၍ စစ်မှန်သော ထေရဝါဒ ဗုဒ္ဓသာသနာဝင် ရုပ်လုံးတစ်ခုအဖြစ် ပုံပေါ်အောင် ထုဆစ်ပေးနိုင်လိမ့်မည်ဟု မိမိအားကိုး ယုံကြည်မိပါသည်။

ထို့ကြောင့် ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီး၏ ထူးခြားသော အတွေးအမြင် များသည် ပင်ကိုက မှုန်တိမှုန်ဝါး မပြတ်သား မကြည်လင်သေးသော ဗဟုသုတနှင့် အသိဉာဏ်ပိုင်ရှင်များကို ရှင်းလင်းပြတ်သား၍ ကြည်လင်မှုများ ပေးစွမ်းနိုင်ပါစေ၊ အင်အားချိနဲ့နေသော ဆင်ခြင်တုံတရားနှင့် ဆုံးဖြတ်ချက် ပိုင်ရှင်များကို သန်မာ၍ မြန်ဆန်မှန်ကန်သော အတွေးအမြင်များ ပေးစွမ်းနိုင်ပါစေဟု ဆန္ဒပြုမိပါသတည်း။

တော်ဝင်နွယ်
(အရှင်ကေသရိန္ဒ)
ရွှေတောင်ကုန်းသာသနာ့ရိပ်သာ
၁-၉-၉၅

# မဟာစည် ဆရာတော်ကြီး၏
# ထူးခြားသောအတွေး အမြင်များ

## ရဟန္တာဓာတ်တော်ဆိုတာ အလုံးလေးတွေလား

ရဟန္တာဓာတ်တော်ဆိုတာ အရိုးတွေပါပဲ။ မြန်မာပြည်မှာတော့ ဓာတ်တော်ဆိုရင် ဘုရားဓာတ်တော်များလို အလုံး အလုံးကလေးတွေလို့ အများက ထင်မြင်ယူဆပြောဆိုနေကြတယ်။ အမှန်မှာတော့ အဲဒီလိုမဟုတ်ပါဘူး။ ဘုရားဓာတ်တော်များသာ မြတ်စွာဘုရား၏အဓိဋ္ဌာန်ချက်ကြောင့် အလုံးအလုံးကလေးတွေဖြစ်ကြတာပါ။ ရဟန္တာများရဲ့ ဓာတ်တော်များကတော့ ပကတိအရိုးအတိုင်းပါပဲ။ ဘာကြောင့် ဒီလိုသိရသလဲဆိုရင် ဘုန်းကြီးတို့ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ကို သီးသန့်လေယာဉ်ဖြင့် သွားပြီး အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်တို့၏ ဓာတ်တော်တွေကို ထင်ရှားတွေ့ခဲ့ရပါတယ်။ ပကတိအရိုးအတိုင်းပါပဲ။ အရောင်အဆင်းက ဖြူဖွေးနေတယ်။ ပုံသဏ္ဌာန်ကတော့ လက်ဆစ်ရိုးကလေးတွေဟာ လက်ဆစ်ကလေးများအတိုင်းပါပဲ။ အစွန်းနှစ်ဖက် အဆစ်နေရာများက ကြီးပြီး ခါးလယ်က သေးနေတယ် ဆိုတော့ ဒိပြင်ရဟန္တာများ၏ ဓာတ်တော်များဟာလည်း ပကတိအရိုးအတိုင်းပဲ ရှိလိမ့်မယ်ဆိုတာ သံသယဖြစ်ဖွယ်မရှိပါဘူး။ ဒါကြောင့် ယခု မြန်မာပြည်မှာ ရှိသေလေးစားအပ်တဲ့ ဆရာတော်တစ်ပါးပါး ပျံတော်မူလို့ မီးသဂြိုဟ်တဲ့အခါမှာ ကျောက်ခဲလုံးကလေးများလို ဓာတ်တော်များ ကျတယ်ဆိုတာကို ချင့်ပြီးယုံကြည်ကြဖို့ပါပဲ။

ယခု ကမ္ဘာအေးစေတီမှာ ကိုးကွယ်ထားတဲ့ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်တို့၏ ဓာတ်တော်များကို ဖူးမြော်ကြည့်ရှုပြီးတော့ ဆုံးဖြတ်နိုင်ပါတယ်။ အဲဒီဓာတ်တော် ၂ ဆူဟာ ဟိုတုန်းက ကာလကတ္တား မဟာဗောဓိကျောင်း ဓာတ်တော်တိုက်ထဲက အရိုးဓာတ်တော်တွေထဲမှ ပေးလိုက်တဲ့ ဓာတ်တော်အသေးအငယ်ကလေး ၂ ဆူ ဖြစ်ပါတယ်။ အဲဒီဓာတ်တော်တိုက်ထဲမှာ လက်ချောင်းရိုးအတိုင်း၊ ပကတိအရိုးအတိုင်း အရိုးဓာတ်တော်ကြီးကြီးတွေလည်း တော်တော်များများ ရှိနေပါတယ်။ ဒါကြောင့် ရဟန္တာဓာတ်တော်ကတော့ ပကတိ အရိုးအတိုင်းသာ ဖြစ်သင့်တယ်လို့ ဘုန်းကြီးက သဘောကျနေပါတယ်။

(သလ္လေခသုတ် တရားတော်ကြီး)

## မာရ်နတ်ပရိသတ်ကို ထွက်ပြေးစေသော မြေငလျင်နှင့်စပ်၍

မာရ်နတ်က ပလ္လင်၊ နေရာတို့နှင့် စပ်ပြီး သက်သေပြဖို့ ဘုရားအလောင်းတော်အား ပြောကြားလို့

ဘုရားအလောင်းတော်က လက်ယာလက်တော်ဖြင့် မြေကြီးကိုညွှန်ပြီး သက်သေထူလိုက်တဲ့အခါ မဟာပထဝီမြေကြီးဟာ အသက်ဝိညာဉ်မရှိသော်လည်း "အလောင်းတော် အလှူကြီးများပေးလှူခဲ့တာကို ကျွန်ုပ်မျက်မြင်ဖြစ်ပါသည်" ဟု မဆိုသော်လည်း ဆိုဘိသကဲ့သို့ တက်၍တက်၍ လှုပ်ခြင်း၊ သက်၍သက်၍ လှုပ်ခြင်း၊ ခါ၍ယမ်း၍ လှုပ်ခြင်း၊ ဝိုင်း၍လှည့်၍ လှုပ်ခြင်း စသည်ဖြင့် အမျိုးမျိုး အထွေထွေ အကြီးအကျယ် တုန်လှုပ်ပြီး သက်သေခံလိုက်ပါတယ်။ အဲဒီလို မြေငလျင်အကြီးအကျယ် တုန်လှုပ်လိုက်တဲ့အခါ မာရ်နတ်ပရိသတ်တွေဟာ ဆောက်တည်ရာမရဘဲ ဖရိုဖရဲဖြစ်ပြီး ထွက်ပြေးကြပါတယ်။

နတ်တွေဆိုတာ ကောင်းကင်မှာလည်း တည်နေနိုင်တဲ့အတွက် မြေငလျင်လှုပ်ပေမယ့် ကောင်းကင်မှာ ရပ်တည်မနေနိုင်ပေဘူးလားလို့ ဒီလိုလည်း စဉ်းစားစရာရှိပါတယ်။ ဒီမြေငလျင်က ရိုးရိုးမြေငလျင်မဟုတ်ပါဘူး။ ဘုရားအလောင်းတော်ရဲ့ ပါရမီတော်ကြောင့် မာရ်နတ်စစ်သည်တွေ မခံမရပ်နိုင်အောင် လှုပ်တဲ့မြေငလျင်ဖြစ်ပါတယ်။ ဒါကြောင့် မြေကြီးတွင်မဟုတ်ဘဲ မြေကြီးနှင့် ဆက်စပ်နေတဲ့ ကောင်းကင်က လေဓာတ်၊ အခိုးအငွေ့ဓာတ်တွေရော အကုန်လုံး လှုပ်လိုက်တဲ့အတွက် မာရ်နတ်ပရိသတ်တွေဟာ ဆောက်တည်ရာမရဘဲ ထွက်ပြေးကြခြင်းဖြစ်တယ်လို့ ယူဆရပါတယ်။ မာရ်နတ်ကြီးလည်း ဂိရိမေခလာဆင်ကြီးပေါ်က ကျွမ်းထိုးမှောက်ခုံကျပြီး ထွက်ပြေးရတယ်လို့ ဆိုပါတယ်။

(သလ္လေခသုတ် တရားတော်ကြီး)

## ဝသုန္ဒရီနတ် ရှိ မရှိ

မာရ်နတ်ရော သူ့ဘက်တော်သားနတ်တွေရော ဘယ်သူမှ ကျိုးတယ်၊ ဒဏ်ရာရတယ်၊ သေတယ်လို့တော့ မရှိပါဘူး။ ဘုရားအလောင်းတော်ရဲ့ပါရမီတော်အဟုန်ကြောင့် ကြောက်လန့်ပြီး ထွက်ပြေးကြရုံပါပဲ။ ဒီစကားထည့်ပြောရတာ တခြားကြောင့်မဟုတ်ဘူး။ ဗုဒ္ဓသာသနာတော်ကို မကြည်ညိုတဲ့သူတွေက

မဟုတ်မဟတ် လုပ်ကြံပြီးပြောကြတာကို ကြားရဖူးတယ်။ "ဘုရားအလောင်းတော်ရဲ့ သက်သေထူချက်ကြောင့် ဝသုန္ဓရီနတ်က ဆံပင်ရေတွေ ညှစ်ချလိုက်တာနဲ့ မာရ်နတ်စစ်သည်တွေ ရေထဲမျောနစ်ပြီး သေကုန်ကြတယ်။ အဲဒါဟာ ဘုရားအလောင်းတော်က မသနားလို့ပဲ" လို့ ဒီလို ကြံကြံဖန်ဖန် ပြောကြတာကိုကြားရဖူးတယ်။

အမှန်ကတော့ ဝသုန္ဓရီနတ်ဆိုတာလည်း ထေရဝါဒ ဗုဒ္ဓစာပေကျမ်းဂန်ထဲမှာ မရှိပါဘူး။ တချို့ဘုရားကျောင်းတွေမှာ ဝသုန္ဓရီနတ်ရုပ် ထုထားတာတော့ တွေ့ရပါတယ်။ ဒါပေမဲ့ ထေရဝါဒစာပေမှာတော့ မရှိပါဘူး။ အသင့်ယုတ္တိလည်း မရှိပါဘူး။ အမှန်ကတော့ "ဝသုန္ဓရီ" ဆိုတဲ့ ပါဠိကလည်း မြေကြီးလို့ အနက်ရှိပါတယ်။ ဒါကြောင့် မြေကြီးတုန်လှုပ်တဲ့အတွက် ခုတင်က ပြောခဲ့တဲ့အတိုင်း ကြောက်လန့်ပြီး ထွက်ပြေးကြခြင်းသာ ဖြစ်ပါတယ်။

(သလ္လေခသုတ် တရားတော်ကြီး)

## ဘုရားလောင်း၏ ပလ္လင်

ဘုရားအလောင်းတော်ဟာ ဗောဓိညောင်ပင်ကြီးအောက် ရောက်ပြီးတော့ အဲဒီညောင်ပင်ကြီးရဲ့ အရှေ့မျက်နှာအရပ်မှာ မြက်ရိပ်သမားက လှူလိုက်တဲ့ မြက်ရှစ်ဆုပ်ကို အဖျားကကိုင်ပြီး ဖြန့်ကြဲလိုက်ပါတယ်။ ထိုင်ဖို့ နေရာခင်းလိုက်တာပါပဲ။ မြက်ကို ထိုင်ဖို့ခင်းတယ်ဆိုတာ အိန္ဒိယမှာ အထူးအဆန်း မဟုတ်ပါဘူး။ အဲဒီမှာ ရသေ့ရဟန်းတွေရဲ့ အခင်းတစ်မျိုး ဖြစ်ပါတယ်။ ဘုရားအလောင်းတော်က ဖြန့်ခင်းလိုက်တဲ့ မြက်တွေဟာ (စုဒ္ဒသဟတ္ထ) တစ်ဆယ့်လေးတောင်ရှိတဲ့ ပလ္လင် ဖြစ်သွားတယ်လို့ ဗုဒ္ဓဝင် အဋ္ဌကထာ၊ ဇာတ်အဋ္ဌကထာများမှာ ဆိုထားပါတယ်။ "ဟတ္ထ" သဒ္ဒါအရ ၆ လက်မရှိ မိုက်ကို ယူရင်လည်း ၁၄ မိုက်ရှိတဲ့ ပလ္လင်ဖြစ်တယ်လို့ ယူရမယ်။

"(ပလ္လင်္က) ပလ္လင်" ဆိုတာ ထက်ဝယ်ဖွဲ့ခွေပြီး ထိုင်နေတာကိုလည်း ခေါ်တယ်။ ဒါကြောင့် တင်ပလ္လင်ခွေထိုင်တယ်လို့ ပြောဆိုနေကြတာပဲ။ နောက်ပြီးတော့ ထိုင်စရာ အိပ်စရာ လေးထောင့်စပ်စပ်ခုံကိုလည်း "ပလ္လင်" လို့ ခေါ်တယ်။ ထိုင်စရာ အိပ်စရာ သာမန်နေရာကိုလည်း "ပလ္လင်" လို့ခေါ်တယ်။ ယခုပြောနေတဲ့ ပလ္လင်ကတော့ ထိုင်စရာမြက်အခင်းပါပဲ။

ဒါကြောင့် ဗုဒ္ဓဝင်အဋ္ဌကထာမှာ "ဗောဓိသတ္တော၊ ဘုရားအလောင်းတော်

သည်။ စုဒ္ဒသဟတ္ထေ၊ ၁၄ တောင်ရှိသော။ တတ္ထ တိဏ္ဏသန္ထရေ၊ ထိုမြက်အခင်း (ပလ္လင်)၌။ တိသန္ဓိပလ္လင်္ကံ၊ အစပ်သုံးခုရှိသော တင်ပလ္လင်ခွေကို။ အာဘုဇိတွာ၊ ဖွဲ့ခွေ၍။ စတုရင်္ဂသမန္နာဂတဝီရိယံ၊ အင်္ဂါလေးပါးရှိသော ဝီရိယကို။ အဓိဋ္ဌဟိတွာ၊ ဆောက်တည်၍။ နိသီဒိ၊ ထိုင်နေတော်မူလေ၏''လို့ မိန့်ဆိုထားပါတယ်။

အဲဒီပလ္လင်ကို ရတနာဖြင့်ပြီးတဲ့ ပလ္လင်လို့လည်း ရေးသားပြောဆိုလေ့ရှိကြပါတယ်။ လောကီရတနာတွေကို စွန့်ပယ်လာခဲ့တဲ့ ဘုရားအလောင်းတော်မှာ ရတနာပလ္လင် ခမ်းခမ်းနားနားကြီးတော့ လိုပုံမရပါဘူး။ အဋ္ဌကထာများမှာလည်း ''ပလ္လင်္ကော– ပလ္လင်ဖြစ်တယ်''လို့ သာမညသာ ပြဆိုထားပါတယ်။

**ပလ္လင်၏ ပမာဏ**

''စုဒ္ဒသဟတ္ထ = ၁၄ တောင်'' သို့မဟုတ် ''၁၄ မိုက်''ဆိုတဲ့ ပမာဏဟာ အမြင့်လား၊ အကျယ်လားဆိုရင် တချို့က အမြင့်လို့ ဆိုကြပါတယ်။ တချို့ကတော့လည်း အကျယ်လို့ ဆိုကြပါတယ်။ ဒီအချက်ကို ရှေးက ဆရာ့ဆရာ အကျော်အမော်တွေ စိစစ်ဆုံးဖြတ်ထားချက်တွေ ရှိပါတယ်။ မဟာဗုဒ္ဓဝင် ပထမတွဲ (ဒုတိယပိုင်း) စာမျက်နှာ ၅၈၁ စသည်မှာ အရှင်ဝိစိတ္တက စုပေါင်းပြီး ပြထားချက်ရှိပါတယ်။ ဘုန်းကြီးကတော့ အကျယ်ပမာဏကို သဘောကျပါတယ်။ ဘာကြောင့်လဲဆိုရင် မြက်ရှစ်ဆုပ်ကို ဖြန့်ကြဲခင်းတာဟာ ထိုင်ဖို့ရာဖြစ်တဲ့အတွက် တင့်တင့်တယ်တယ် ကျယ်ကျယ်ပြန့်ပြန့် ထိုင်လောက်တဲ့ အကျယ်အဝန်းရှိဖို့က လိုရင်းဖြစ်ပါတယ်။ မြင့်တာက လိုရင်းမဟုတ်ပါဘူး။ ဒါကြောင့်ပါပဲ။ နောက်ပြီးတော့ ဗုဒ္ဓဝံသအဋ္ဌကထာဆရာကလည်း အကျယ်ပမာဏကိုသာ ပြထားပါတယ်။

ဒီပင်္ကရာဘုရားနောက်မှာ ပွင့်တော်မူတဲ့ ကောဏ္ဍညဘုရားမှ စပြီး ဘုရားအလောင်းတော်များ ဖြန့်ကြဲလိုက်တဲ့ မြက်အခင်းပမာဏကို ''အဋ္ဌပဏ္ဏာသဟတ္ထဝိတ္ထတံ = ၅၈ တောင် ကျယ်ပြန့်သော အခင်း'' စသည်ဖြင့် အကျယ်ပမာဏကိုသာ ပြထားပါတယ်။ အတ္ထဒဿီ၊ ဘုရားအလောင်း၏ မြက်အခင်းကိုတော့ ''တေပညာသဟတ္ထယာမ ဝိတ္ထတံ = ၅၃ တောင် အလျားအနံရှိသောအခင်း'' လို့ အလျားအနံပါတောင် ပြထားပါသေးတယ်။ ကဿပဘုရားလောင်း၏ မြက်အခင်းကိုလည်း ထို့အတူပဲ အလျားအနံပါ ပြထားပါတယ်။

ဒါကြောင့် ဘုန်းကြီးကတော့ ဂေါတမဘုရားအလောင်းတော် ဖြန့်ကြဲလိုက်တဲ့ မြက်အခင်းရဲ့ ပမာဏ ၁၄ တောင်၊ သို့မဟုတ် ၁၄ မိုက်ဆိုတာဟာလည်း အကျယ်ပမာဏပဲလို့ သဘောကျပါတယ်။ အမြင့်ကတော့ ပါရမီအားလျော်စွာ ရှိသင့်သလောက် ရှိပါလိမ့်မယ်။ အဲဒီအမြင့်ပမာဏကတော့ ဒီနေရာမှာလိုရင်းမဟုတ်ဘူးလို့လည်း သဘောကျပါတယ်။

(သလ္လေခသုတ် တရားတော်ကြီး)

## မြန်မာဗုဒ္ဓသာသနာဝင်တို့၏ သဿတဝါဒ

လောကဆိုတဲ့ အသက်ကောင်၊ အတ္တကောင်၊ သတ္တဝါကောင်ဟာ ပျက်စီးခြင်းမရှိဘဲ အမြဲတည်နေတယ်လို့ ယူဆတဲ့ အယူအဆကို "သဿတဒိဋ္ဌိ"လို့ခေါ်တယ်။ ဒီအယူရှိတဲ့သူက "သတ္တဝါဟာ ရုပ်ကိုယ်အကြမ်းကြီးကပျက်စီးပြီး သေသွားတယ်လို့ ဆိုရပေမယ့် လောကခေါ်တဲ့ အတွင်းသားအတ္တကောင်ကတော့ ပျက်စီးခြင်းမရှိဘူး။ နောက်နောက်ဘဝ ခန္ဓာအိမ်အသစ်တွေထဲမှာ ဝင်ရောက်ပြီး တည်မြဲတည်ရှိနေတယ်။ ဘယ်တော့မှ ပျောက်ပျက်မသွားဘူး၊ ပျောက်ပျက်သွားအောင်လည်း ဘယ်လိုနည်းနဲ့မှ မလုပ်နိုင်ဘူး"လို့ယူဆစွဲလမ်းတယ်။ ဒီအယူက တချို့မြန်မာတွေ ယူဆပုံနဲ့ တူနေဟန်ရှိပါတယ်။ ဗုဒ္ဓတရားကျမ်းဂန် ဗဟုသုတမရှိတဲ့သူတွေက ဒီအတိုင်းပဲ ယူနေကြတာ များပါလိမ့်မယ်။ ပဋိသန္ဓေ နေတဲ့အခါ နာနာဘာဝအကောင်က အမိဝမ်းထဲ ဝင်လာသလိုလိုလည်းထင်နေကြတယ်။ မိခင်လောင်းဖြစ်တဲ့သူ ရေသောက်ရာမှ အမှိုက်ယောင်ဆောင်ပြီးတော့ ဝင်လာတတ်တယ်လို့ ဒီလိုပြောသံကိုလည်း ငယ်ငယ်တုန်းက ကြားရဖူးတယ်။ သေတဲ့အခါမှာလည်း အသက်က နှာခေါင်းကထွက်သွားသလိုလို၊ ပါးစပ်က ထွက်သွားသလိုလို ဒီလိုလည်း ထင်မှတ်နေကြတယ်။ သေပြီးတော့ ဘဝသစ်၊ ဌာနသစ်မှာ ခန္ဓာအိမ်အသစ်ထဲဝင်ပြီး ဖြစ်တယ်လို့လည်းထင်နေကြတယ်။ အဲဒီလို အယူအဆ အထင်အမြင်တွေဟာ သဿတအယူအမြင်တွေပါပဲ။

ဒီအယူက "ခန္ဓာကိုယ်တွေ ဘယ်လိုပျက်သွားပေမယ့် လောကခေါ်တဲ့ အသက်ကောင်၊ အတ္တကောင်ကတော့ ပျက်တယ်လို့မရှိဘူး၊ တစ်နေရာရာမှာတည်မြဲတည်ရှိနေတာပဲ"လို့ ယူဆတယ်။ ဒါကြောင့် ဒီအယူ ခိုင်ခိုင်မြဲမြဲကြီးရှိနေတဲ့သူဟာ "အကြောင်း အကျိုး ရုပ်နာမ်အဆက်ဆက်မျှသာ ရှိတယ်။

အမြဲတမ်း တည်ရှိနေတဲ့ အတ္တကောင်မရှိဘူး” ဆိုတာကို မယုံကြည်နိုင်ဘူး။ “ဝိပဿနာရှုပြီး မဂ်ဉာဏ်ဖြင့် အကြောင်းကိလေသာတွေ ချုပ်ငြိမ်းသွားရင် အကျိုးရုပ်နာမ်တွေ ချုပ်ငြိမ်းပြတ်စဲသွားတယ်” ဆိုတာကိုလည်း မယုံကြည်နိုင်ဘူး။ ဒါကြောင့် ဒီလိုအယူအစွဲအားကြီးတဲ့သူဟာ ဝိပဿနာတရားကိုလည်း အားမထုတ်နိုင်တဲ့အတွက် မဂ်ဖိုလ်နိဗ္ဗာန်ကိုလည်း မရောက်နိုင်ဘူး။ ဒါကြောင့် ဒီသဿတဒိဋ္ဌိကို မဂ္ဂန္တရာယ်ဖြစ်တယ်လို့ ဆိုထားပါတယ်။ အဲဒါက မစွန့်လွှတ်နိုင်အောင် အလွန်ခိုင်မြဲနေတဲ့ သဿတအယူကို ဆိုတာပါ။

မြန်မာတွေမှာရှိနေတဲ့ သဿတအယူမျိုးကတော့ အဲဒီလို ခိုင်မြဲတဲ့အယူမဟုတ်ပါဘူး။ ဒါကြောင့် “အကြောင်းအကျိုး ရုပ်နာမ်မျှသာရှိတယ်၊ အမြဲတည်နေတဲ့ အတ္တကောင်ရယ်လို့ မရှိဘူး” ဆိုတာကိုလည်း ယုံကြည်လက်ခံနိုင်တယ်။ “ဝိပဿနာရှုပြီး မဂ်ဉာဏ်လေးပါးကိုရတဲ့အခါ ကိလေသာအကြောင်းတရားတွေ ချုပ်ငြိမ်းပြတ်စဲသွားလို့ အကျိုးရုပ်နာမ်ဘဝတွေလည်း ချုပ်ငြိမ်းပြတ်စဲသွားတယ်။ နိဗ္ဗာန်ကို မျက်မှောက်ပြုရတယ်” ဆိုတာကိုလည်း ယုံကြည်လက်ခံနိုင်တယ်။ ဒီလိုယုံကြည်လက်ခံပြီး ဝိပဿနာတရားကိုလည်း ကောင်းကောင်းအားထုတ်နိုင်တယ်။ ဒါကြောင့် ဗုဒ္ဓသာသနာဝင် မြန်မာလူမျိုးတွေမှာရှိနေတဲ့ သဿတအယူမျိုးကတော့ မဂ္ဂန္တရာယ်မဖြစ်ဘူးဆိုတာကိုလည်း မှတ်ထားကြရမယ်။ ဒါပေမဲ့ ဒီမခိုင်မြဲဘူးဆိုတဲ့ သဿတအယူဟာလည်း သောတာပတ္တိမဂ်ဉာဏ်ရောက်မှ သူက လုံးဝကင်းစင်သွားပါတယ်။

(သလ္လေခသုတ် တရားတော်ကြီး)

## တရားထူးနှင့်စပ်သော ဣရိယာပုထ်

ဈာန်ဖြစ်နေတဲ့အချိန်မှာ ဣရိယာပုထ်ကလည်း မလှုပ်မယှက် ကြံ့ကြံ့တည်ပြီးတော့ ခိုင်ခဲ့နေပါတယ်။ ဈာန်ဝင်စားနေတဲ့အခါမှာဆိုရင် တစ်နာရီ၊ နှစ်နာရီ၊ သုံးနာရီ စသည်ဖြင့် အကြာကြီးလည်း တည်နေတာပါပဲ။ တစ်နေ့လုံး၊ တစ်ညလုံးလည်း တည်နေတာပါပဲ။ ထိုင်လျက်ပဲ တစ်နာရီ၊ နှစ်နာရီ စသည် တစ်နေ့လုံး၊ တစ်ညလုံး စသည်ဖြင့် တည်မြဲတည်နေတယ်။ လဲကျသွားခြင်း၊ ယိမ်းယိုင်ခြင်းဆိုတာမျိုးတွေဟာ မရှိဘူး။ အဲဒါကို သေသေချာချာ မှတ်ထားကြ။ တချို့က တုံးလုံးပက်လက် လဲနေတာ၊ ကိုးရိုးကားရား လူးလိမ့်နေတာကို တရားထူးလို့ ထင်မှတ်နေကြတယ်။ အဲဒါကတော့ မဟုတ်ပါဘူး။ ဈာန် မဂ်

ဖိုလ်ဆိုတာတွေဟာ အပ္ပနာဇောတွေပဲ။ အပ္ပနာဆိုတာ ထိုင်ခြင်း၊ ရပ်ခြင်း အစရှိတဲ့ ဣရိယာပုထ်တွေကို မူလက တည်မြဲအတိုင်းပင် ခိုင်စေတတ်တယ်။ ဒါကြောင့် "အပ္ပနာဇဝနံ ဣရိယာပထမ္ပိ သန္နာမေတိ"လို့ အဋ္ဌကထာတွေမှာ အထင်အရှား ပြဆိုထားပါတယ်။

အပ္ပနာဇဝနံ၊ ဈာန်မဂ်ဖိုလ်ဟူသော အပ္ပနာဇောသည်။ ဣရိယာပထမ္ပိ၊ ထိုင်ခြင်း ရပ်ခြင်း စသော ဣရိယာပုတ်ရပ်ကိုလည်း။ သန္နာမေတိ၊ တည်မြဲတည်စေလျက် ခိုင်မာစေတတ်ပါတယ်တဲ့။ ဒါကြောင့် တရားအားထုတ်နေရင်း လဲကျသွားတာတွေ၊ လူးလိမ့်နေတာတွေကတော့ ဘုရားအလိုတော်ကျ ပိဋကကျမ်းဂန်နဲ့ညီတဲ့ တရားထူးဖြစ်ပုံတွေမဟုတ်ဘူးဆိုတာ တစ်ထစ်ချ မှတ်ထားကြရမယ်။

(သလ္လေခသုတ် တရားတော်ကြီး)

## ဥပေက္ခာကိုသာ ရှုရမယ်တဲ့

တချို့က ဝိပဿနာရှုရာမှာတောင်မှ "သုခကိုရှုရင် ကာမသုခအကျင့် ဖြစ်တယ်၊ ဒုက္ခကိုရှုရင် အတ္တကိလမထအကျင့် ဖြစ်တယ်၊ ဒါကြောင့် သုခနှင့် ဒုက္ခကို မရှုရဘူး။ ဥပေက္ခာကိုသာ ရှုရမယ်"လို့ ကြံကြံဖန်ဖန် ပြောကြသေးတယ်။ အဲဒါကတော့ ဒုဂ္ဂဟိတဂ္ဂါဟဆိုတဲ့ မကောင်းသောယူဆခြင်းဖြင့် အလွဲအမှားကို ယူဆပြောဆိုချက်ပါပဲ။ ဘာမျှ လုံလောက်တဲ့ ကျမ်းဂန်စကားမရှိပါဘူး။ မြတ်စွာဘုရားက မဟာသတိပဋ္ဌာနသုတ် ပါဠိတော် ဝေဒနာနုပဿနာ ပိုင်းမှာ "သုခံ ဝါ ဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ၊ ဒုက္ခံ ဝါ ဝေဒနံ ဝေဒယမာနော ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ" စသည် ဖြင့် သုခ၊ ဒုက္ခ၊ ဥပေက္ခာ ဝေဒနာသုံးပါးလုံးကို ရှုဖို့ အထင်အရှား ဟောထားပါတယ်။ နောက်ပြီးတော့ "ယမ္ပိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခ မသုခံ ဝါ၊ တမ္ပိ အနိစ္စန္တိ ယထာဘူတံ ပဇာနာတိ" စသည်ဖြင့် သုတ်ပေါင်းများစွာမှာ ဝေဒနာသုံးပါးလုံးကို ရှုအပ်သိအပ်ကြောင်း အထင်အရှားဟောထားပါတယ်။ ဒါကြောင့် ဥပါဒါနက္ခန္ဓာ ငါးပါး၌ အတွင်းဝင်တဲ့ တရားဟူသမျှ ရှုအပ်တာ၊ ရှုကောင်းတာချည်းပဲလို့ ကိန်းသေ မှတ်ထားကြရမယ်။

(ဓမ္မစကြာ တရားတော်ကြီး)

## ကိုယ်အပင်ပန်းခံပြီး တရားအားထုတ်တာ အတ္တကိလမထ ဖြစ်သလား

လူဝတ်ကြောင် ကမ္မဋ္ဌာန်းဆရာတစ်ယောက်ကတော့ "ဣရိယာပုထ် တစ်ခုခုမှာ ညောင်းပူနာကျင် အခံခက်လာရင် ချက်ချင်းပြုပြင်လိုက်ရမယ်၊ မပြုပြင်ဘဲ ရှုနေရင် အတ္တကိလမထာနုယောဂ ဖြစ်တယ်"လို့ ဆိုသတဲ့။ အဲဒါလည်း သာတ္ထကသမ္ပဇဉ်ကို အလေးပေးပြီး မသင့်တော်တဲ့ ယူဆပြောဆိုချက်ပါပဲ။ သမထ၊ ဝိပဿနာတရား အားထုတ်ရာမှာ ခန္တီသံဝရဆိုတာ အရေးတကြီး လိုပါတယ်။ "အတော်အတန် ဒုက္ခကိုတော့ သည်းခံပြီး ရှုနေမှ သမာဓိဉာဏ် ဖြစ်နိုင်တယ်။ သည်းမခံဘဲ ခဏခဏ ပြုပြင်ပြောင်းလဲနေရင် သမာဓိဉာဏ် မဖြစ်နိုင်ဘူး" ဆိုတာ ထိထိရောက်ရောက် အားထုတ်ဖူးတဲ့သူတိုင်း သိပြီးဖြစ်နေပါတယ်။ ဒါကြောင့် အခံခက်တဲ့ ဒုက္ခဝေဒနာဖြစ်လာရင် စွမ်းနိုင်သမျှ သည်းခံပြီး ရှုနေရတယ်။ အဲဒီလို သည်းခံနေတဲ့အတွက် ခန္တီသံ့ဝရသာ ဖြစ်ပါတယ်။ အတ္တကိလမထတော့ မဖြစ်ပါဘူး။ ဘာကြောင့်လဲဆိုရင် အဲဒီလိုသည်းခံပြီး ရှုနေတာဟာ တမင်ဆင်းရဲအောင် လုပ်တာလည်း မဟုတ်ဘူး။ ဆင်းရဲပင်ပန်းရုံမျှလည်းမဟုတ်ဘူး။ မြတ်စွာဘုရား၏ အလိုတော်ကျ ခန္တီသံဝရနှင့် သတိ၊ သမာဓိ၊ ပညာတွေ ဖြစ်ပွားနေလို့ပါပဲ။

မြတ်စွာဘုရား အလိုတော်ကတော့ စွမ်းနိုင်မယ်ဆိုရင် ထိုင်ခြင်းဣရိယာပုထ်ကို မပြင်ဘဲ တစ်ထိုင်အတွင်းမှာ အရဟတ္တဖိုလ်ရောက်အောင် မနစ်မဆုတ်အားထုတ်တာကို ပိုပြီးနှစ်သက်တော်မူပါတယ်။ ဒါကြောင့် မူလပဏ္ဏာသ မဟာဂေါသိင်္ဂသုတ်မှာ "ငါ၏စိတ်သည် မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ မလွတ်သေးသမျှ ကာလပတ်လုံး ဤထက်ဝယ်ဖွဲ့ခွေ ထိုင်ခြင်းကို မဖျက်တော့ဘူး"လို့ အဓိဋ္ဌာန်ပြုပြီး ထိုင်လျက်အားထုတ်နေရင် အဲဒီလိုအားထုတ်သောရဟန်းဖြင့် ဂေါသိင်္ဂမည်တဲ့ အင်ကြင်းတောကျောင်းတိုက်ဟာ တင့်တယ်နိုင်တယ်လို့ မိန့်တော်မူပါတယ်။ အဲဒီလို ရဟန်းဟာ တောကျောင်းကို တင့်တယ်စေနိုင်တဲ့ အကောင်းဆုံးပုဂ္ဂိုလ်ဖြစ်တယ်လို့ ဆိုလိုတာပါပဲ။ ဒါကြောင့် ဒုက္ခဝေဒနာကို သည်းခံပြီးရှုနေရင် အတ္တကိလမထာနုယောဂ ဖြစ်တယ်လို့ ဆိုတာဟာ ဘုရားအလိုတော်ကျအားထုတ်နေတဲ့ပုဂ္ဂိုလ်မြတ်တွေကို စွပ်စွဲရာလည်းရောက်တယ်။

ဘုရားစကားတော်ကို ပယ်ဖျက်ရာလည်းရောက်တယ်။ မပြုပြင်ဘဲ သည်းခံပြီး ရှုနေမှ သမာဓိ၊ ပညာ ကောင်းကောင်းဖြစ်မည့် ယောဂီတို့အား သမာဓိ ပညာ တရားထူးမှ ဆုံးရှုံးနစ်နာစေရာလည်း ရောက်တယ်။

## ခန္တိသံဝရ

ဘိက္ခဝေ- ရဟန်းတို့၊ ဣဓ ဘိက္ခု- ဤသာသနာတော်က ရဟန်းသည်၊ ပဋိသင်္ခါ ယောနိသော- သင့်သောအကြောင်းဖြင့် ဆင်ခြင်၍၊ ခမော ဟောတိ သီတဿ- အအေးကို သည်းခံ၏။ ဥဏှဿ- အပူကို သည်းခံ၏၊ ဇိဃစ္ဆာယ ပိပါသာယ- အစာဆာခြင်း ရေဆာခြင်းကို သည်းခံ၏၊ ဍံသ မကသ ဝါတာ တပ သရီသပ သမ္ဖဿာနံ- မှက် ခြင် လေ နေပူ မြွေကင်းတို့ ကိုက်ခြင်း ထိခြင်း အတွေ့တို့ကို သည်းခံ၏၊ ဒုရုတ္တာနံ ဒုရာဂတာနံ ဝစနပထာနံ- အပြစ်တင် စွပ်စွဲဆဲဆိုစကားတို့ကို သည်းခံ၏၊ ဥပ္ပန္နာနံ သာရီရိကာနံ ဝေဒနာနံ ဒုက္ခာနံ- ဖြစ်ပေါ်လာသည့် ကိုယ်ဆင်းရဲ ဒုက္ခဝေဒနာတို့ကို၊ တိဗ္ဗာနံ ခရာနံ ကဋုကာနံ- ကြမ်းတမ်းထက်မြက် အခံခက်လှသည့် ဒုက္ခဝေဒနာတို့ကို၊ အသာ တာနံ အမနာပါနံ ပါဏဟရာနံ- သာယာဖွယ် နှစ်လိုဖွယ်မဟုတ် ရွံမုန်းကြောက်ရွံ့ဖွယ်ဖြစ်ကုန်သော အသက်ကို ဆောင်တတ် သေစေတတ်ကုန်သော ဒုက္ခဝေဒနာတို့ကို၊ အဓိဝါသနဇာတိကော ဟောတိ- သည်းခံတတ်သောသဘော ရှိ၏။

ဘိက္ခဝေ- ရဟန်းတို့၊ ဟိ- အကျိုးကား၊ အနဓိဝါသယတော- ယင်း အအေး အပူ အစာဆာမှု ရေဆာမှု မှက် ခြင် စသည်တို့၏ အတွေ့ စကားဆိုး ကိုယ်ဆင်းရဲ ဒုက္ခဝေဒနာတို့ကို သည်းမခံလျှင်၊ အဿ- ထိုရဟန်းအား၊ ယံ ဥပ္ပဇ္ဇေယျုံ အာသဝါ ဝိဃာတပရိဠာဟာ- အကြင်အာသဝတို့နှင့် ပင်ပန်းဆင်းရဲခြင်း ပူလောင်ခြင်းတို့ ဖြစ်ကုန်နိုင်၏၊ အဓိဝါသယတော အဿ- သည်းခံသော ထိုရဟန်းအား၊ ဧဝံ- ဤဆိုခဲ့သည့်အတိုင်း သည်းခံခြင်းကြောင့်၊ တေ အာသဝါ ဝိဃာတ ပရိဠာဟာ နဟောန္တိ- ထိုဖြစ်နိုင်သည့် အာသဝတို့နှင့် ပင်ပန်းဆင်းရဲခြင်း ပူလောင်ခြင်းတို့သည် မဖြစ်ကြဘဲ ကင်းငြိမ်းလေကုန်၏၊ ဘိက္ခဝေ- ရဟန်းတို့၊ ဣမေ အာသဝါ- သည်းမခံလျှင် ဖြစ်နိုင်သော ဤအာသဝေါတို့ကို၊ အဓိဝါသနာ ပဟာတဗ္ဗာ- သည်းခံမှုဖြင့် ပယ်အပ်ပယ်ထိုက်သည့် အာသဝေါ တို့ဟူ၍၊ ဝုစ္စန္တိ၊ ခေါ်ဆိုအပ်ကုန်၏။ (မ ၁၊ ၁၁၃)

အထက်ပါ သဗ္ဗာသဝသုတ်ပါဠိတော်၌ သေလောက်အောင် ပြင်းထန်သည့် ဒုက္ခဝေဒနာကိုတောင် သည်းခံရန် မြတ်စွာဘုရားက ညွှန်ကြားထားတော်မူပေသည်။ ယင်းညွှန်ကြားချက်ကို လေးလေးနက်နက် သတိပြုအပ်၏။ ထို့ပြင် ယင်းပါဠိတော်၏ အဖွင့်အဋ္ဌကထာ၌ "လောမသနာဂထေရ်သည် အန္တရဋ္ဌကခေါ် နတ်တော် ပြာသို တပို့တွဲလပြည့်၏ ဝန်းကျင်ရှစ်ရက်အတွင်း နှင်းကျသောကာလ၌ လောကန္တရိက်ငရဲ၏အအေးကို ဆင်ခြင်၍ ကမ္မဋ္ဌာန်းကို မစွန့်ဘဲ သာလျှင် နေမြဲဖြစ်သော ဟင်းလင်းပြင်အရပ်၌ အချိန်ကုန်စေသည်" ဤသို့စသည်ဖြင့် ခန္တီသံဝရကို အလေးပြု၍ ကျင့်သုံးပုံကို များစွာသော ဝတ္ထုတို့ဖြင့် ပြထားပေသည်။

သို့ဖြစ်၍ အနည်းငယ်မျှ ညောင်းရုံ ပူရုံ နာကျင်ရုံမျှဖြင့် မူလနေမြဲဣရိယာပုထ်ကို မပြင်သင့်။ သည်းခံ၍ နေမြဲဣရိယာပုထ်ဖြင့်သာ ရှုနေအပ်၏။ စွမ်းနိုင်ပါမူ အသက်ကိုတောင် မငဲ့ဘဲ ရှုမြဲရှုနေအပ်၏။ ယင်းသို့ သည်းခံ၍ ရှုခြင်းဖြင့် ခန္တီသံဝရနှင့် ဝိပဿနာ သမာဓိဉာဏ်များ ဖြစ်ပွားနိုင်ပါသည်။ သည်းမခံနိုင်လောက်အောင် ဖြစ်သောအခါ၌မူ သမာဓိ၊ သတိ၊ ဉာဏ်များ မပျက်အောင် အထူးဂရုစိုက်၍ ပြုပြင်အပ်ပေသည်။

အချို့က အတ္တကိလမထအကျင့် ဆိုတဲ့ အနက်အဓိပ္ပာယ်ကို ဘုရားအလိုတော်နဲ့ဆန့်ကျင်ပြီး ယူဆပြောဟောနေကြတယ်။ သူတို့ပြောပုံက အပင်ပန်းခံပြီး တရားအားထုတ်တာကိုလည်း အတ္တကိလမထ ဖြစ်တယ်လို့ ဒီလိုလည်း ပြောကြတယ်။ အဲဒီတော့ မြတ်စွာဘုရား၏ အလိုတော်နဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတာပါပဲ။ မြတ်စွာဘုရားက ကိုယ်နှင့်အသက်ကိုတောင် မငဲ့ကွက်ဘဲ သမာဓိ၊ ပညာ ဘာဝနာအလုပ်ကို ပြင်းပြင်းထန်ထန် အားထုတ်ဖို့ တိုက်တွန်းထားပါတယ်။ "အရေမျှ အကြောမျှ အရိုးမျှ ကျန်ချင်လဲ ကျန်ပါစေ၊ အသားအသွေးတွေ ခြောက်သွားချင်လည်း ခြောက်သွားပါစေ အလိုရှိအပ်တဲ့ မဂ်ဖိုလ်တရားထူးကို မရမချင်း မရပ်မနားဘဲ အားထုတ်သွားမယ်"လို့ ဒီလိုအဓိဋ္ဌာန်ပြုပြီး ထက်ထက်သန်သန် အားထုတ်ဖို့ တိုက်တွန်းတော်မူခဲ့ပါတယ်။ ဒါကြောင့် သမာဓိ၊ ပညာ ဖြစ်စေနိုင်တဲ့ ဘာဝနာအလုပ်အားထုတ်တာကိုတော့ အတ္တကိလမထာနုယောဂလို့ မဆိုရဘူး။

သမာဓိပညာ ဖြစ်စေနိုင်တဲ့အကျင့်ကို ထားလိုက်ပါဦးတော့၊ သီလကို ကျင့်ရာမှာတောင် ကိုယ်ပင်ပန်းပေမယ့် အတ္တကိလမထာနုယောဂလို့ မဆိုရဘူး။

စဉ်းစားကြည့်ပါ။ ရှစ်ပါးသီလ ဆောက်တည်ကျင့်သုံးနေတဲ့ တချို့လူငယ်တွေမှာ ထမင်းဆာနေပါလျက် ညနေပိုင်း ညပိုင်းမှာမစားဘဲ ကြဉ်ရှောင်နေရတာဟာ မဆင်းရဲပေဘူးလား။ တချို့ ရှင်ငယ် ရဟန်းငယ်များမှာလည်း ဆာနေပါလျက်နဲ့ ညနေပိုင်း ညပိုင်းမှာ မစားဘဲ ကြဉ်ရှောင်နေရတာ မဆင်းရဲပေဘူးလား။ ဆင်းရဲကြောင်း ထင်ရှားပါတယ်။ ဒါပေမဲ့ သီလပြည့်စုံစေတဲ့အကျင့် ဖြစ်တဲ့အတွက် အတ္တကိလမထအကျင့်လို့တော့ မဆိုရဘူး။

အချို့လူတွေမှာ ပါဏာတိပါတ စသည်မှ ကြဉ်ရှောင်ပြီး အနစ်နာခံနေရတာဟာ ဆင်းရဲတာပဲ။ ဒါပေမဲ့ သီလပြည့်စုံစေတဲ့အကျင့် ဖြစ်တဲ့အတွက် အတ္တကိလမထအကျင့်လို့ မဆိုရဘူး။ အဲဒီလို အဆင်းရဲခံပြီးကျင့်တာကို မြတ်စွာဘုရားက "ပစ္စုပ္ပန်မှာ ဆင်းရဲပေမယ့် နောင်အခါ ကောင်းကျိုးကို ရစေနိုင်တဲ့ အကျင့်ဖြစ်တယ်"လို့ ချီးမွမ်းပြီး မူလပဏ္ဏာသ မဟာဓမ္မသမာဒါနသုတ် (နှာ–၃၈၈–၉)မှာ ဟောထားပါတယ်။ ဟောပုံအတိုချုပ်ကတော့

ဣဓ ဘိက္ခဝေ ဧကစ္စော– ရဟန်းတို့ ဤလောက၌ အချို့ပုဂ္ဂိုလ်သည်၊ သဟာပိ ဒုက္ခေန သဟာပိ ဒေါမနဿေန– ကိုယ်ဆင်းရဲ ပင်ပန်းခြင်း စိတ်ဆင်းရဲပင်ပန်းခြင်းနှင့်တကွသော်လည်း၊ ပါဏာတိပါတာ ဝေရမဏိပစ္စယာ စ– သတ်မှုမှ ကြဉ်ရှောင်ခြင်းဟူသော အကြောင်းကြောင့်လည်း၊ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒေတိ– ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကို ခံစားရ၏။ (ပေယျာလ) သဟာပိ ဒုက္ခေန သဟာပိ ဒေါမနဿေန၊ ကိုယ်စိတ်ဆင်းရဲခြင်းနှင့် တကွသော်လည်း၊ သမ္မာဒိဋ္ဌိ– အယူမှန်ကိုသာ ယူသည်၊ ဟောတိ– ဖြစ်၏၊ သမ္မာဒိဋ္ဌိပစ္စယာစ– အယူမှန်ကို ယူခြင်းကြောင့်လည်း၊ ဒုက္ခံ ဒေါမနဿံ– ကိုယ်စိတ်ဆင်းရဲကို၊ ပဋိသံဝေဒေတိ– ခံစားရ၏၊ သော– မျက်မှောက်ဘဝ၌ အဆင်းရဲခံ၍ တရားကျင့်သော ထိုပုဂ္ဂိုလ်သည်၊ ကာယဿ ဘေဒါ ပရံ မရဏာ– သေသည်မှ နောက်၌၊ သုဂတိံ သဂ္ဂံ လောကံ– သုဂတိနတ်လောကသို့၊ ဥပပဇ္ဇတိ– ကပ်ရောက်ဖြစ်ရ၏၊ ဘိက္ခဝေ– ရဟန်းတို့၊ ဣဒံ ဓမ္မသမာဒါနံ– ဤသုစရိုက် ၁၀ ပါးဆောက်တည်ကျင့်သုံးခြင်းကို၊ ပစ္စုပ္ပန္နဒုက္ခံ– မျက်မှောက်ပစ္စုပ္ပန်ဘဝ၌ ဆင်းရဲ၍၊ အာယတိံ သုခဝိပါကံ– နောင်ဘဝ၌ ကောင်းကျိုးပေးတတ်သော အကျင့်ဟူ၍၊ ဝုစ္စတိ– ခေါ်ဆိုအပ်၏တဲ့။

ဒါကြောင့် သီလ၊ သမာဓိ၊ ပညာကို ဖြစ်စေတတ်တဲ့အကျင့်ဆိုရင် (အနတ္ထသံဟိတ မဟုတ်၊ အတ္ထသံဟိတ၊ အကျိုးစီးပွားနှင့် စပ်ဆိုင်တဲ့အကျင့်

ဖြစ်၍) မမို့ဝဲအပ်သည့် အတ္တကိလမထအကျင့်မဟုတ်၊ မှီဝဲအပ်သည့် မဇ္ဈိမ ပဋိပဒါအကျင့်ချည်းပဲလို့ ကိန်းသေမှတ်ထားကြရမယ်။ သီလ၊ သမာဓိ၊ ပညာ ဘာမှုမဖြစ်ဘဲ ကိုယ်ပင်ပန်းရုံမျှ အကျင့်ကိုသာ အတ္တကိလမထာနုယောဂလို့ ခေါ်တယ်။

(ဓမ္မစကြာတရားတော်ကြီး)

## ပါဏာတိပါတကံမြောက် မမြောက်

ယခု ပါဏာတိပါတကံ မြောက် မမြောက် စိစစ်ပြဦးမယ်။ ပါဏာတိပါတကံမှာ အင်္ဂါက ငါးပါးရှိတယ်။ (၁) ပါဏ– သက်ရှိအကောင်လည်းဟုတ်ရမယ်။ (၂) ပါဏသညိတာ– သက်ရှိသတ္တဝါအကောင်လို့လည်း အမှတ်ရှိရမယ်။ (၃) ဝဓကစိတ္တံ– သတ်လိုတဲ့စိတ်လည်း ရှိရမယ်။ (၄) ပယောဂ– ရိုက်ခြင်း ခုတ်ခြင်း ထိုးခြင်း စသည်ဖြင့် သေအောင်အားထုတ်မှု သတ်မှုလည်း ရှိရမယ်။ (၅) အဲဒီလိုသတ်မှုကြောင့် အဲဒီအကောင်ဟာ သေလည်းသေရမယ်တဲ့။ ဒီအင်္ဂါငါးပါးပြည့်စုံမှ ပါဏာတိပါတကံမြောက်တယ်။ ဒီအင်္ဂါငါးပါးထဲက တစ်ပါးပါးလိုနေရင် ကံမမြောက်ဘူး။ သတ္တဝါမဟုတ်တဲ့ မြက်ပင်သစ်ပင်တွေကို သတ္တဝါထင်မှတ်ပြီး သတ်နေရင် အဲဒီမှာ သတ္တဝါမဟုတ်တဲ့အတွက် ပါဏာတိပါတကံ မထိုက်ဘူး။ ဒါပေမဲ့ ဒေါသစိတ်နဲ့ ပြုလုပ်တဲ့အတွက် အကုသိုလ်တော့ ဖြစ်တာပါပဲ။ ဥပမာ ညမှောင်ထဲမှာ နွယ်တို့ ကြိုးတို့ကို မြွေထင်ပြီး ရိုက်သတ်တာမျိုးပါပဲ။ အဲဒါဟာ ပါဏ၊ သတ္တဝါဆိုတဲ့ အင်္ဂါလိုနေတဲ့အတွက် ပါဏာတိပါတကံမထိုက်ဘူး။ ဒေါသအကုသိုလ်ဖြစ်ရုံမျှပါပဲ။ ပြောပလောက်တဲ့ မကောင်းကျိုးကိုလည်း မပေးနိုင်ဘူးလို့ပဲ ယူရတယ်။

သတ္တဝါဟုတ်နေပေမယ့် နွယ်တို့ ကြိုးတို့ တုတ်ချောင်းတို့ ထင်မှတ်ပြီး ခုတ်လိုက် ရိုက်လိုက်လို့ သေသွားရင်လည်း ပါဏာတိပါတကံ မထိုက်ဘူး။ ဘာကြောင့်လဲဆိုရင် သတ္တဝါမှန်းမသိတဲ့အတွက် သတ်လိုသော စေတနာမရှိလို့ပါပဲ။

သတ္တဝါလည်းဟုတ်တယ်၊သတ္တဝါမှန်းလည်း သိတယ်၊ ဒါပေမဲ့ သေစေလိုတဲ့ စေတနာမရှိဘဲ ပြုလုပ်မှုကြောင့် မတော်တဆ ထိခိုက်ပြီး သေသွားရင် အဲဒါလည်း ကံမထိုက်ဘူး။ ဥပမာ သီလကို ရိုရိုသေသေ စောင့်ရှောက်နေတဲ့ သူမှာ ပုရွက်ဆိတ်အကိုက်ခံရတယ် ဆိုပါတော့၊ အဲဒီလူဟာ ယားတာ နာတာကို

မခံချင်တဲ့အတွက် အဲဒီပုရွက်ဆိတ်ကို ဖယ်ရှားရပေလိမ့်မယ်။ သေအောင်လုပ်တာတော့မဟုတ်ဘူး။ ဖယ်ရှားတာပါပဲ။ ဒါပေမဲ့ ဖယ်ရှားရင်း မတော်တဆ သေသွားတတ်တယ်။ အဲဒီလိုသေသွားရာမှာ သေစေလိုတဲ့ စေတနာမရှိတဲ့အတွက် ကံလည်းမထိုက်ဘူး။ အကုသိုလ်လည်းမဖြစ်ဘူး။ လမ်းလျှောက်နေရင်း မတော်တဆနင်းမိလို့ ပိုးကောင်ကလေးများ သေသွားတာ၊ ထုရိုက်ပြီး အလုပ်တစ်ခုခု လုပ်နေရင်း မတော်တဆ ထုမိရိုက်မိလို့ သေသွားတာ ဒီလိုဟာတွေမှာလည်း သေစေလိုတဲ့ စေတနာမရှိတဲ့အတွက် ကံလည်းမထိုက်ဘူး၊ အကုသိုလ်လည်း မဖြစ်ဘူး။

သတ္တဝါလည်းဟုတ်တယ်။ သတ္တဝါမှန်းလည်းသိတယ်၊ သေစေလိုတဲ့ စေတနာလည်းရှိတယ်။ သေအောင်လည်း ရိုက်ခြင်း၊ ခုတ်ခြင်း၊ ထိုးခြင်း စသည်ကို ပြုတယ်။ ဒါပေမဲ့ မထိခိုက်လို့ဖြစ်စေ၊ ထိခိုက်သော်လည်း သေလောက်အောင် ဒဏ်ရာက မပြင်းထန်လို့ဖြစ်စေ အဲဒီသတ္တဝါမသေရင် ပါဏာတိပါတကံ တော့ မထိုက်ဘူး။ အကုသိုလ်တော့ဖြစ်တယ်။ အဲဒီသတ္တဝါရဲ့ ဂုဏ်အားလျော်စွာ အပြစ်လည်းကြီးတတ်တယ်။ ဒီသတ္တဝါဟာ မိမိက ပြုလုပ်ဒဏ်ကြောင့် သေသွားရင်တော့ အင်္ဂါငါးပါးလုံး ညီညွတ်ပြီး ပါဏာတိပါတကံ ထိုက်တယ်၊ အဲဒီသတ္တဝါရဲ့ ဂုဏ်အားလျော်စွာ အပြစ်လည်းကြီးတယ်။ ဒီနေရာမှာ အပြစ်ကြီးပုံ ငယ်ပုံတွေကို ဒီလိုခွဲခြားထားပါတယ်။ သတ်တဲ့သူရဲ့ အကုသိုလ်စေတနာ မထက်သန်ရင် အပြစ်ငယ်တယ်။ ထက်သန်ရင် ထက်သန်သလောက် အပြစ်ကြီးတယ်။ သေအောင်ပြုလုပ်ရာမှာ ကြောင့်ကြဗျာပါရနည်းလျှင် အပြစ်ငယ်တယ်။ ကြောင့်ကြဗျာပါရများလျှင် များသလောက် အပြစ်ကြီးတယ်။ အသတ်ခံရတဲ့ သတ္တဝါက သီလစသော ဂုဏ်များသလောက် အပြစ်ကြီးတယ်။ အသတ်ခံရတဲ့သတ္တဝါက သီလစသော ဂုဏ်မရှိရင် အပြစ်ငယ်တယ်၊ ဂုဏ်များရင် များသလောက် အပြစ်ကြီးတယ်။

## ဈေးဝယ်သူနှင့် ပါဏာတိပါတ

ဒီပါဏာတိပါတအရာမှာ ကိုယ်တိုင်သတ်မှသာမဟုတ်ဘူး။ သူတစ်ပါးကို အသတ်ခိုင်းရင်လည်း ကံထိုက်တာပဲ။ သူတစ်ပါးအား သတ်ဖို့အရိပ်နိမိတ်ပြရင်ပြတဲ့အတိုင်း အဲဒီသူတစ်ပါးကလည်း သတ်ရင် အဲဒါလည်းကံထိုက်တာပဲ။

ဒါက အရေးကြီးပါတယ်။ ချက်ရေးပြုတ်ရေးဘက်က အမျိုးသမီးတွေမှာ အထူး သတိပြုစရာကောင်းပါတယ်။ ဘယ်လိုဟာလဲဆိုရင် ငါးတွေကို အရှင်အတိုင်း ထားပြီး ဝယ်မည့်သူလာမှထုပြီးရောင်းတာ ရှိတယ်လို့ ကြားရတယ်။ ငါးသည် တွေက ထုနက်သတ်ထားပြီးဖြစ်တဲ့ ငါးအသေကို တွေ့လို့ ဝယ်ယူလာတာက တော့အပြစ်မရှိဘူးလို့ ဆိုရမှာပဲ။ ဒါပေမဲ့ ငါးအရှင်တွေကို တွေ့တာနဲ့ အရှင် တွေဟဲ့ ဆိုပြီး တစ်ဖက်ကို ရှောင်လွှဲသွားတယ်။ နောက်အခါ လှည့်လာရင် သတ်ထားပြီး ဖြစ်ကောင်းပါရဲ့ဆိုတဲ့ အနေနဲ့ အရိပ်နိမိတ်ပြတဲ့သဘောပါပဲ။ အဲဒီမှာ ငါးသည်က ရိပ်မိပြီးငါးတွေကို ထုသတ်ထားတယ်။ ခုတင်က အရှင်တွေ ဆိုပြီး တစ်ဖက်လှည့်သွားတဲ့သူက တစ်ပတ်ပြန်လှည့်လာတယ်။ သူ့ရည်ရွယ်ချက် အတိုင်း ငါးအသေတွေကို တွေ့ရတော့ အဲဒါတွေကို ဝယ်ယူသွားတယ်။ အဲဒီလိုဆိုရင် ဝယ်တဲ့သူလည်း ကံထိုက်တာပဲ။ အပြစ်ရှိတာပဲ။ ဒါကြောင့် အဲဒီလို ပါဏာတိပါတကံ မထိုက်အောင် ဝယ်တတ်ဖို့ အရေးကြီးပါတယ်။

## အစွန်းသုံးပါးမလွတ်တဲ့ အသားနှင့် ပါဏာတိပါတ

ရဟန်းများမှာ ဒိဋ္ဌ၊ သုတ၊ ပရိသင်္ကိတ ဆိုတဲ့ အစွန်းသုံးပါးလွတ်တဲ့ အသားကိုသာ သုံးဆောင်ကောင်းတယ်။ ရဟန်းတော်များအတွက် ရည်ရွယ်ပြီး သတ်တာကို တွေ့မြင်ပြီး သိရရင် အဲဒီလိုအသားကို "ဒိဋ္ဌ၊ မြင်ရတဲ့အသား"လို့ ခေါ်တယ်။ အဲဒီလိုအသားဟင်းကို မစားကောင်းဘူး။ ရဟန်းတော်များအတွက် ရည်ရွယ်ပြီးသတ်တဲ့အကြောင်း ကြားသိရလို့ရှိရင် အဲဒီလိုအသားကို "သုတ၊ တစ်ဆင့်ကြားရတဲ့အသား"လို့ ခေါ်တယ်။ အဲဒါကိုလည်း မစားကောင်းဘူး။ ရဟန်းတော်များအတွက် သတ်တဲ့ အသားလေလားလို့ ယုံမှားရှိရင် အဲဒီအသား ကို "ပရိသင်္ကိတ၊ ရွံရှားအပ်တဲ့အသား မသင်္ကာတဲ့အသား"လို့ခေါ်တယ်။ အဲဒါမျိုးလည်း မစားကောင်းဘူး။ တောရွာအချို့မှာ ကြက်၊ ဘဲ စသည်ကို ရောင်းတဲ့ ဈေးသည်ရယ်လို့ မရှိဘူး။ အဲဒီလိုအရပ်မှာ အာဂန္တုရဟန်းအတွက် ကြက်သားဟင်း၊ ဘဲသားဟင်းနဲ့ ဆွမ်းလာပို့ရင် ဆွမ်းပို့ရန်အတွက် သတ်ပြီး- ချက်လာလေသလားလို့ မသင်္ကာစရာဖြစ်တယ်။ အဲဒီလို အသားကို ရဟန်းများ မစားကောင်းဘူး။ စားချင်ရင် မေးမြန်းကြည့်ရမယ်။ ရဟန်းများအတွက် သတ်ပြီး ချက်တဲ့ဟင်း မဟုတ်ပါဘူးလို့ဆိုရင် သံသယလည်း ကင်းရင်တော့ စားကောင်း ပါတယ်။ အစွန်းသုံးပါးမလွတ်တဲ့အသားကို စားရင် ပါဏာတိပါတကံထိုက်

သလား၊ ဒီလိုကံထိုက်တာတော့မဟုတ်ပါဘူး။ ဝိနည်းသိက္ခာပုဒ်အရ မစား ကောင်းတာပါပဲ။ စားရင် ဒုက္ကဋ်အာပတ်သင့်ပါတယ်။

ဂိုဏ်းဘာသာဝင်တွေကတော့ ကိုယ့်အတွက်ရည်ပြီး သတ်တဲ့အသားကို သိလျက်နဲ့စားရင် ပဋိစ္စကံထိုက်တယ်။ ပါဏာတိပါတကံ တစ်ဝက်ထိုက်တယ် လို့ ဆိုကြပါတယ်။ ဒါပေမဲ့ ဗုဒ္ဓတရားတော်အရအားဖြင့်တော့ ကံတစ်ဝက်လည်း မထိုက်ပါဘူး။ တစ်စိတ်လည်း မထိုက်ပါဘူး။ ဒါပေမဲ့ ကိုယ့်အတွက် သတ်တာ ကိုသိလျက်နဲ့ စားနေရင်တော့ မသနားရာလည်း ရောက်ပါတယ်။ ကိုယ့်အတွက် နောက်ထပ်လည်း သတ်ကြပါလိမ့်မယ်။ ဒါကြောင့် အကုသိုလ်တော့ မကင်းဘူး လို့ ဆိုရမှာပဲ။ ရဟန်းတော်များမှာတော့ ကိုယ့်တစ်ပါးအတွက်သာမဟုတ်ဘူး။ ရဟန်းတစ်ပါးပါးအတွက်ဖြစ်စေ၊ အများအတွက်ဖြစ်စေ၊ သံဃာအတွက်ဖြစ်စေ ရည်ပြီးသတ်တဲ့ အသားဆိုရင် ဒိဋ္ဌ၊ သုတ၊ ပရိသင်္ကိတလည်းရှိမယ်ဆိုရင် ဘယ်ရဟန်းမှ မစားကောင်းဘူး။

## ဘဲဥ ကြက်ဥနှင့် ပါဏာတိပါတ

သီဟိုဠ်ကျွန်းမှာ ရဟန်းများဟာ ဘဲဥ ကြက်ဥကို မစားရဘူးလို့ဆိုတယ်။ အားလုံးကပဲ "မစားကောင်းဘူးလို့ အယူရှိကြတယ်" လို့ ဆိုတယ်။ အဲဒါဟာ သဘာဝကျပုံပေါ်တယ်။ ဘာကြောင့်လဲဆိုရင် ဘဲဥ ကြက်ဥဆိုတာဟာ ရဟန်း များကိုကပ်လှူရင် ရဟန်းများအတွက် သက်သက်ရည်ရွယ်ပြီး ပြုတ်ရကြော်ရ တာကပဲ များပါလိမ့်မယ်။ ဟင်းတစ်ခွက်အနေနဲ့ ကြော်ပြီး လှူရင် ရဟန်းများ အတွက် သက်သက်ရည်ရွယ်ပြီး ပြုလုပ်ရကြောင်း ထင်ရှားနေတယ်။ ဒါကြောင့် ဒိဋ္ဌ၊ သုတ မဟုတ်တောင် ပရိသင်္ကိတကတော့ လွတ်နိုင်စရာအကြောင်းမရှိပေ ဘူး။ ဒါပေမဲ့ အပြစ်ကင်းနိုင်တဲ့ ဘဲဥ ကြက်ဥလည်း ရှေးတုန်းကတော့ ရှိပါ တယ်။ ယခုတော့ ရှိမရှိ မပြောတတ်ဘူး။ နောက်ပြီးတော့ ပြုတ်ပြီးရောင်းနေတဲ့ ဘဲဥ ကြက်ဥတွေလည်း အစွန်းသုံးပါးက လွတ်ပါတယ်။ ယခုခေတ်မှာ အကောင်မပေါက်နိုင်တဲ့ ဘဲဥ ကြက်ဥဆိုတာတွေလည်းရှိတယ်။ အဲဒါတွေကို တော့ အများက သက်မဲ့အနေနဲ့ ယူဆနေကြတယ်။ သက်မဲ့ဟုတ်ရင်တော့ အဲဒီလို ဥတွေနဲ့စပ်ပြီး အပြစ်ဖြစ်စရာ မရှိပါဘူး။

ဘုန်းကြီးအနေနဲ့ဆိုရင်တော့ အဲဒီဥတွေဟာ သက်မဲ့ ဟုတ်မဟုတ်ပါ့ မလားလို့ သံသယရှိတယ်။ အကောင်အဖြစ်သို့ မရောက်ရဘဲ သေရမည့် သတ္တဝါတွေများလေလားလို့လည်း စဉ်းစားဖွယ်ရှိနေပါတယ်။ ဘာကြောင့်လဲ

ဆိုရင် လောကမှာ သတ္တဝါတွေရဲ့ ကံအားလျော်စွာဖြစ်နေကြပုံက အလွန် ဆန်းကြယ်တဲ့အတွက်ကြောင့်ပါပဲ။ တချို့သတ္တဝါတွေဟာ ကျောက်တုံးကျောက်ခဲ ထဲမှာ ပဋိသန္ဓေတည်ပြီး ဖြစ်ကြတယ်။ အဲဒီသတ္တဝါတွေမှာ သူတို့ရဲ့ တည်ရာ ဌာနက အလွန်ကျဉ်းကျပ်ပါဘိနဲ့၊ ကိုယ်ကာယကြီးထွားလာလေလေ အဲဒီကျောက် တွေကြားထဲ ညပ်ပြီး အင်မတန်နာကျင်မှာပဲ။ ဘယ်လိုအကုသိုလ်ကံကြောင့် ဒါလောက်ကျဉ်းကျပ်တဲ့နေရာထဲမှာ ဖြစ်လာရသလဲ မပြောတတ်ဘူး။ အင်မတန် ကြောက်စရာကောင်းပါတယ်။ ယခု အကောင်မပေါက်နိုင်တဲ့ ဥတွေဆိုတာလည်း အဲဒီလို ကံမကောင်းတဲ့ သတ္တဝါတွေများလေလားလို့ စဉ်းစားစရာရှိပါတယ်။ ဒါပေမဲ့ သက်မဲ့ဥတွေပဲလို့ ယူဆပြီး ပြုတ်ကြော်စားတဲ့လူတွေမှာ သက်ရှိအကောင် ဖြစ်နေစေကာမူ ပါဏာတိပါတကံမထိုက်ဘူးလို့ ဆိုရမှာပဲ။ ဘာကြောင့်လဲဆိုရင် ပါဏသညိတာဆိုတဲ့ အင်္ဂါအရ သတ္တဝါလို့ အမှတ်မရှိဘဲ အင်္ဂါချွတ်ယွင်းနေတဲ့ အတွက်ပါပဲ။ နောက်ပြီးတော့ သတ္တဝါလို့ အမှတ်မရှိတဲ့အတွက် သေစေလိုတဲ့ စေတနာလည်း မရှိသောကြောင့်ပါပဲ။

## အလှူပွဲမှ အမဲသား ဝက်သားနှင့် ပါဏာတိပါတ

နောက်တစ်ခုကတော့ တောရွာတချို့မှာ အလှူကြီးတွေပေးလှူတဲ့အခါ ကျွေးမွေးပုံကိုလည်း စဉ်းစားစရာကောင်းတယ်။ မြို့ကြီးများမှာလို အသားသည် က မရှိတော့ အမဲသား၊ ဝက်သားနဲ့ ကျွေးချင်ရင် အသားရောင်းမည့်သူကို အကြောင်းကြားမှာထားရတာလည်း ရှိတယ်လို့ ကြားရတယ်။ အဲဒီလိုဆိုရင် အလှူ့ရှင်မှာ နွားတွေ ဝက်တွေကို အသတ်ခိုင်းရာရောက်တယ်။ ကုသိုလ်ရချင် လို့ အလှူပေးရာမှာ နွားသတ်တဲ့ အကုသိုလ်ကံ ဝက်သတ်တဲ့အကုသိုလ်ကံ ဖြစ်ရတယ်။ ဝမ်းနည်းစရာပါပဲ။ နောက်ပြီးတော့ အဲဒီလို မှာကြားပြီး ကပ်လှူတဲ့ အသားဟင်းကို ရဟန်းတော်များ စားသင့် မစားသင့်လည်း စဉ်းစားစရာရှိပါ တယ်။ တချို့တောရွာများမှာတော့ ကျောင်းမှာ အလှူလုပ်တယ်ဆိုရင် ဝက်တွေကို အရှင်လိုက်ကျောင်းကို ယူလာကြပြီး ဟင်းလုပ်ကြတာလည်းရှိတယ်လို့ ကြားရ တယ်။ အဲဒါကတော့ အလွန်ကို မတော်တာပါပဲ။ ဘုန်းကြီးရဲ့မိတ်ဆွေ ဘုန်း ကြီးတစ်ပါးဟာ လွန်ခဲ့တဲ့ အနှစ် ၃၀ လောက်က အဲဒီလို ကောရွာကျောင်းတစ်ခု မှာ သွားနေမိလို့ အဲဒီလို မတော်တာတွေကို တွေ့ရတဲ့အတွက် အပြင်းအထန်

ပြောပြီး အတင်းတားမြစ်ရတယ်ဆိုတဲ့အကြောင်း ကြားရဖူးပါတယ်။ အဲဒါဟာ ဆရာသမားတာဝန်ရှိတဲ့အတိုင်း ဆုံးမသွန်သင်မှုပါပဲ။ ဒီလိုမလျော်တဲ့အမှုကို တွေ့ရရင် ဆရာသမားတိုင်းက ဆုံးမသင့်ပါတယ်။

## ကြက်သားဒံပေါက်၊ ဆိတ်သားဒံပေါက်နှင့် ပါဏာတိပါတ

နောက်တစ်ခုကတော့ ဟိုတယ်ကမှာပြီး ကြက်သားဒံပေါက်၊ ဆိတ်သား ဒံပေါက် ဆွမ်းကပ်လှူဒါန်းကြရာမှာ အပြစ်ကင်း မကင်း စဉ်းစားဖို့ရာပါပဲ။ ဟိုတယ်က သေပြီးအသားတွေကို ဝယ်ယူပြီး ပြုပြင်လာတယ်ဆိုရင်တော့ အပြစ်မရှိဘူးလို့ ဆိုရမှာပဲ။ သူတို့ကိုယ်တိုင် သတ်ပြီးတော့ဖြစ်စေ၊ စောစောက မှာယူပြီးတော့ဖြစ်စေ ချက်လာတဲ့ ဒံပေါက်ဆွမ်းဆိုရင်တော့ အပြစ်ကင်းတယ်လို့ ဆိုဖို့ရာ ခက်ပါတယ်။ အဲဒီလို ဒံပေါက်ဆွမ်းဟာ ရဟန်းတော်များအတွက် ပရိသင်္ကိတမှ လွတ်မလွတ်လည်း စဉ်းစားဖို့ရှိပါတယ်။ ဒါတွေကို လျှောက် စဉ်းစားလိုက်ရင်အသက်သတ်လွတ်စားတာဟာ အပြစ်အကင်းဆုံးပါပဲ။ အသက် သတ်လွတ်မဟုတ်ရင်လည်း ကိုယ်တိုင်သတ်မှု၊ စေခိုင်းသတ်မှု၊ အရိပ်နိမိတ်ပြပြီး သတ်မှုဆိုတဲ့ ပါဏာတိပါတမှ လွတ်အောင် ကြဉ်ရှောင်ကြဖို့ လိုပါတယ်။ ရဟန်းတော်များမှာလည်း အစွန်းသုံးပါးမလွတ်တဲ့အသားကို ကြဉ်ရှောင်ကြဖို့ လိုပါတယ်။

(သလ္လေခသုတ် တရားတော်ကြီး)

## ဘုံစဉ်စံ သောတာပန်

ကျောင်းအမကြီး ဝိသာခါကတော့ ယခုနေအခါ နိမ္မာနရတိနတ်ပြည်မှာ အကြီးဆုံး နတ်မိဖုရားကြီးအဖြစ်နဲ့ ရှိနေဆဲပါပဲ။ အဲဒီဘုံမှာ နတ်တို့၏သက်တမ်း က ရှစ်ထောင်(၈၀၀၀)ရှိတယ်။ လူတို့၏ နှစ်အရေအတွက်နဲ့ဆိုရင် သန်းပေါင်း နှစ်ထောင့်သုံးရာနှင့် လေးသိန်းရှိတယ်။ ဒါကြောင့် အဲဒီဝိသာခါနတ်မိဖုရား ကြီးဟာ အဲဒီဘုံမှာ အနှစ်သန်းပေါင်း နှစ်ထောင့်သုံးရာကျော်တိုင်အောင် ရှိနေ ဦးမယ်။ နတ်စည်းစိမ်ချမ်းသာတွေကို ခံစားနေရဦးမယ်။ ဒါလောက်ကြာတယ် ဆိုတော့ ပျင်းစရာတောင် ကောင်းနေမှာပါ။ အဲဒီက အနာဂါမ်ဖြစ်ပြီး စုတေတဲ့

အခါမှာ သုဒ္ဓါဝါသ ငါးဘုံထဲက အောက်ဆုံးဖြစ်တဲ့ အဝိဟာဘုံကို ရောက်ပြီး ဗြဟ္မာဖြစ်သွားမယ်။ ဗြဟ္မာဆိုတာ မိန်းမလည်းမဟုတ်ဘူး၊ ယောကျ်ားလည်း မဟုတ်ဘူး။ ဒါပေမဲ့ ယောကျ်ားပုံအသွင်နဲ့ ခံ့ခံ့ညားညားကြီးပါပဲ။ ကာမ ရာဂ မရှိတော့တဲ့အတွက် ကာမဂုဏ်အာရုံကိုလည်း အလိုမရှိဘူး။ အဲဒီဘုံက ကမ္ဘာပေါင်း တစ်သောင်းခြောက်ထောင်နေပြီးတဲ့အခါ ပရိနိဗ္ဗာန်စံရမယ်တဲ့။ အဲဒီက ဗြဟ္မာသက်တွေကို ပေါင်းလိုက်ရင် ကမ္ဘာပေါင်း သုံးသောင်းတစ်ထောင် ရှိတယ်။ ဒါကြောင့် ကျောင်းအမကြီး ဝိသာခါကတော့ ဒီကမ္ဘာက နောက်ကမ္ဘာ ပေါင်း သုံးသောင်းတစ်ထောင်တိုင်အောင် ဗြဟ္မာချမ်းသာတွေကို ခံစားပြီးမှ နိဗ္ဗာန်ကို ဝင်စံရမယ်တဲ့။

ဝိသာခါဟာ နိမ္မာနရတိမှ သုဒ္ဓါဝါသ ငါးဘုံမှာ အစဉ်အတိုင်းတက်ပြီး ကမ္ဘာပေါင်း သုံးသောင်းတစ်ထောင်ကြာမှ နိဗ္ဗာန်ကို ဝင်စံရမယ်ဆိုတာ ဘယ် ကျမ်းကို အမှီပြုပြီး သိရပါသလဲဆိုရင် ဒီဃနိကာယ် မဟာဝဂ္ဂ သက္ကပဥှသုတ် အဖွင့် ၃၃၂ အဋ္ဌကထာကို အမှီပြုပြီး သိရပါတယ်။ အဲဒီအဋ္ဌကထာမှာ ဆိုထား ပုံကတော့

"အယံ- ဤသိကြားမင်းသည်၊ တသ္မိံ အတ္တဘာဝေ အနာဂါမိမဂ္ဂဿ ပဋိလဒ္ဓတ္တာ- ထိုသိကြားဘဝ၌ အနာဂါမိမဂ်ကို ရသောကြောင့်၊ တတော သက္ကတ္တဘာဝတော စုတော- ထိုသိကြားအဖြစ်မှ စုတေလတ်သော်၊ (သိကြား ဘဝမှာပဲ အနာဂါမ်ဖြစ်ဇာယ်။ အဲဒီဘဝမှပဲ စုတေတဲ့အခါမှာလို့ ဆိုလိုပါတယ်။ အဲဒါကို အထူးသတိပြုထားကြရမယ်။) ဥဒ္ဓံသောတော အကနိဋ္ဌဂါမီ ဟုတွာ- အထက်သို့ဆန်လျက်၊ အကနိဋ္ဌဘုံအထိသွားမည့်ပုဂ္ဂိုလ်ဖြစ်လတ်၍၊ အဝိဟာ ဒီသု နိဗ္ဗတ္တန္တော- အဝိဟာအစရှိသော၊ သုဒ္ဓါဝါသ- အောက်လေးဘုံတို့၌ ဖြစ်လျက်၊ ဝါ၊ ဖြစ်ပြီးလျှင်၊ အဝသာနေ အကနိဋ္ဌေ နိဗ္ဗတ္တိဿတိ- နောက်ဆုံးမှာ အကနိဋ္ဌဘုံ၌ ဖြစ်လတ္တံ့။ တံ သန္ဓာယ- ထိုသို့ဖြစ်မည်ကို ရည်ရွယ်၍၊ ဧဝမာဟ- ထိုအကနိဋ္ဌသည် အကျွန်ုပ်၏ နောက်ဆုံးနေရာဘုံ ဖြစ်ပါလိမ့်မည်"ဟု သိကြားမင်းက ဘုရားအား လျှောက်လေ၏။

ကိရ- ဆရာအစဉ်အဆက်အားဖြင့် ကြားသိရသည်မှာ၊ သေ- ဤ သိကြားသည်၊ အဝိဟေသု- အဝိဟာဗြဟ္မာတို့၌၊ ဝါ အဝိဟာဘုံ၌၊ ကပ္ပသ ဟဿံ- ကမ္ဘာပေါင်းတစ်ထောင်ပတ်လုံး၊ ဗြဟ္မအာယုံ အနုဘဝိဿတိ- ဗြဟ္မာ အသက် ဗြဟ္မာချမ်းသာကို ခံစားရလတ္တံ့။

ဒီတိုင်အောင်သော စကားရပ်ကတော့ သိကြားမင်း၏ ဖြစ်သွားရမည့် ဘဝအစဉ်ကိုပြတဲ့စကား ဖြစ်ပါတယ်။ အဲဒီစကားထဲမှာ အကနိဋ္ဌဘုံရောက်တော့ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် ဝင်စံရတယ်ဆိုတာကိုတော့ ပြမထားဘူး။ အဲဒါကတော့ အကနိဋ္ဌဘုံမှာ ဘဝအသစ်ထပ်ပြီးဖြစ်ရိုးလည်း မရှိဘူး။ အဲဒီဘုံမှ အခြားဘုံကို ပြောင်းရွှေ့ပြီးဖြစ်ရိုးလည်း မရှိဘူး။ အဲဒီဘုံမှာပဲ မုချ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် ဝင်စံရတယ်ဆိုတာဟာ သာသနာ့ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်တွေမှာ အလွန်ထင်ရှား နေပါတယ်။ ဒါကြောင့် အများသိနားလည်ပြီးဖြစ်နေတဲ့ အဲဒီစကားကို ဒီနေရာမှာ ပြမထားခြင်းဖြစ်ပါတယ်။ အဲဒီအကနိဋ္ဌဘုံလိုပဲ ဝေဟပ္ဖိုလ်ဘုံနှင့် နေဝသညာ နာသညာယတနဘုံများမှာလည်း သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ပုဂ္ဂိုလ် များ ရောက်လာရင် အဲဒီမှာလည်း ထပ်ပြီးမဖြစ်ဘူး။ အခြားဘုံမှာလည်း ပြောင်း ရွှေ့ပြီးမဖြစ်ဘူး။ အဲဒီဘုံမှာပဲ မုချ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် ဝင်စံရတယ်ဆိုတာ ကိုလည်း ဗဟုသုတအဖြစ် မှတ်ထားကြရမယ်။ ယခုပြောခဲ့တဲ့အတိုင်း သိကြား မင်း၏ ဖြစ်ရမည့်ဘဝစဉ်ကို ပြောပြီးတော့ အဲဒီအဋ္ဌကထာမှာ အနာထပိဏ်၊ ဝိသာခါတို့၏ ဖြစ်ရမည့်ဘဝအစဉ်ကိုလည်း ထိုနည်းအတူပဲဆိုတာကို ဒီလိုဆက် ပြီး ပြဆိုပြန်ပါတယ်။

သက္ကော ဒေဝရာဇာ အနာထပိဏ္ဍိကော ဂဟပတိ ဝိသာခါ မဟာ ဥပါသိကာတိ၊ သိကြားမင်း အနာထပိဏ်သူဌေးကြီး ဝိသာခါဥပါသိကာမ ကြီး ဟူကုန်သော။ တယောပိ ဇနာ၊ ဤသုံးဦးတို့သည်လည်း။ ဧကပ္ပမာဏ အာယုကာ ဧဝ၊ ဘဝအသက်တမ်းတူသော ပမာဏရှိကုန်သည်သာလျှင်တည်း တဲ့။

ဒီသက္ကပဉှသုတ်အဋ္ဌကထာမှာ အနာထပိဏ်နှင့် ဝိသာခါတို့လည်း သိ ကြားမင်းနှင့် အသက်အပိုင်းအခြား တူညီတယ်လို့ ဆိုထားတဲ့အတွက် သိကြား မင်းဟာ သိကြားဘဝမှ သုဒ္ဓါဝါသ ငါးဘုံမှာ အစဉ်အတိုင်း ဖြစ်သွားသလို ဝိသာခါလည်း နိမ္မာနရတိမှ သုဒ္ဓါဝါသ ငါးဘုံမှာ အစဉ်အတိုင်း ဖြစ်သွားလိမ့် မယ်ဆိုတဲ့ အနက်ကို ယူရပါတယ်။ ဒီလိုမယူဘဲ နိမ္မာနရတိဘုံမှာ စုတေပြီး ပရိနိမ္မိတဝသဝတ္တိဘုံမှာ ဖြစ်မယ်၊ ဖြစ်သွားမယ်လို့ ဒီလိုပြောဆိုတဲ့ဝါဒလည်း ရှိပါတယ်။ အဲဒါဟာ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာရယ်လို့တော့ တိတိကျကျ မရှိဘူး။ သို့သော်လည်း အဲဒီလိုလည်း ဖြစ်နိုင်ပါတယ်။ သံယုတ်အဋ္ဌကထာ (တတိယတွဲ ၂၇၁)နှင့် ပုဂ္ဂလပညတ် အဋ္ဌကထာ (၄၇)များမှာတော့ ဒီလိုပြဆို ထားပါတယ်။

အချို့သော သောတာပန်ပုဂ္ဂိုလ်သည် ဝိပါကဝဋ်ဟူသော လောကီချမ်းသာကို လိုလား၏။ လောကီချမ်းသာ၌ ပျော်မွေ့၏။ ဝိပါကဝဋ်ဟူသော လောကထဲ၌သာလျှင် အဖန်ဖန် ကျင်လည်၏။ ထင်ပေါ်၏။ အနာထပိဏ်၊ ဝိသာခါ၊ စူဠရထနတ်သား၊ မဟာရထနတ်သား၊ အနေကဝဏ္ဏနတ်သား၊ သိကြားမင်း၊ နာဂဒတ္တနတ်သား ဟူသော ဤ ၇ ဦးသော ပုဂ္ဂိုလ်တို့သည် ဝိပါကဝဋ်ကို လိုလားကြ၏။ ဝိပါကဝဋ်၌ ပျော်မွေ့ကြ၏။ အစမှစ၍ (ဆဒေဝလောကေ သောခေတာ၊ ကာမာဝစရနတ်ပြည် ၆ ထပ်ကို သုတ်သင်၍ နတ်ပြည် ၆ ထပ်၌ အစဉ်အတိုင်း ဖြစ်၍ဟု ဆိုလို၏။) အကနိဋ္ဌဘုံ၌တည်လျက် ပရိနိဗ္ဗာန်ဝင်စံကုန်လတ္တံ့လို့ ဆိုထားပါတယ်။

ဒီအဋ္ဌကထာစကားထဲမှာ ကာမာဝစရနတ်ပြည် ၆ ထပ်မှာ အစဉ်အတိုင်း ဖြစ်တယ်ဆိုတာကတော့ တိတိကျကျ ယူသင့်ဟန်မတူပါဘူး။ နတ်ပြည် ၆ ထပ်ထဲက တစ်ဘုံ နှစ်ဘုံ စသည်မှာဖြစ်ပြီး အဲဒီမှာ အနာဂါမ်ဖြစ်တယ်။ အဲဒီဘုံမှ အဝိဟာဘုံမှာဖြစ်တယ် စသည်ဖြင့်ယူလျှင် သင့်စရာရှိပါတယ်။ ဘာကြောင့်လဲဆိုလျှင် သက္ကပဥှသုတ်ပါဠိတော်မှာပဲ သိကြားမင်းဘဝမှာ အနာဂါမ်ဖြစ်ပြီး အဲဒီဘုံမှ အဝိဟာ စသော သုဒ္ဓါဝါသဘုံများမှာ ဖြစ်မည့်အကြောင်း ပြဆိုထားသောကြောင့် ဖြစ်ပါတယ်။ ဝိသာခါလို သောတာပန်ကတော့ သတ္တက္ခတ္တုပရမခေါ်တဲ့ သောတာပန်မျိုးလည်းမဟုတ်ဘူး။ ကောလံကောလ ဧကဗီဇီလို့ ခေါ်တဲ့ သောတာပန်မျိုးလည်းမဟုတ်ဘူး။ ဘုံစဉ်စံသောတာပန်လို့ မြန်မာဝေါဟာရဖြင့် ခေါ်ကြတယ်။ သံယုတ်အဋ္ဌကထာ၊ ပုဂ္ဂလပညတ်အဋ္ဌကထာများကို ထောက်ဆကြည့်မယ်ဆိုရင်တော့ နတ်ပြည် ၆ ထပ်နှင့် သုဒ္ဓါဝါသငါးထပ် ဘုံအဆင့်ဆင့် စံသွားမှာကို အကြောင်းပြုပြီးတော့ ဘုံစဉ်စံခေါ်တယ်လို့ ဆိုဖွယ်ရာရှိပါတယ်။

တစ်နည်းအားဖြင့်တော့ ဓမ္မသင်္ဂဏီပါဠိတော်မှာ သောတာပတ္တိဖိုလ်ကို ပဌမဘုံ၊ သကဒါဂါမိဖိုလ်ကို ဒုတိယဘုံ၊ အနာဂါမိဖိုလ်ကို တတိယဘုံ၊ အရဟတ္တဖိုလ်ကို စတုတ္ထဘုံလို့ ဟောထားတယ်။ အဲဒီအရိယဖိုလ်လေးပါးဘုံတွေကို တစ်ဆင့်ချင်းတက်သွားတဲ့အတွက် ဘုံစဉ်စံခေါ်တယ်လို့လည်း ဆိုနိုင်ပါတယ်။ ဒီအရိယဘုံ တစ်ဆင့်ချင်းစံသွားပုံက သတ္တက္ခတ္တုပရမ သောတာပန် ၇ ဘဝပတ်လုံး သောတာပန်အဖြစ်ဖြင့် တည်နေတယ်။ ခုနစ်ခုမြောက် နောက်ဆုံးဘဝကျမှ အထက်မဂ်ဖိုလ်သုံးဆင့်ကို တစ်ခါတည်းတက်ပြီး ရဟန္တာဖြစ်သွားတယ်။ ကောလံကောလ ဧကဗီဇီတို့ကလည်း နည်းတူပဲ။ နောက်ဆုံးဘဝကျမှ

အထက်မဂ်ဖိုလ်သုံးဆင့်ကို တစ်ခါတည်းတက်ပြီး ရဟန္တာဖြစ်ကြတာချည်းပဲ။ ဒီဘုံစဉ်စံကတော့ အဲဒီလိုမဟုတ်ဘူး။ သောတာပန်ဖြစ်ပြီးတဲ့နောက် ကာမာဝစရ နတ်ဘုံတစ်ခုခုမှာ အနာဂါမ်ဖြစ်တယ်။ အဲဒီနတ်ဘုံက စုတေတဲ့အခါ သုဒ္ဓါဝါသ ငါးဘုံမှာဖြစ်တယ်။ အကနိဋ္ဌဘုံမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံတယ်။ ဒီလို ထူးပါတယ်။ ဒါကြောင့် သောတာပန်ဘုံအဆင့်မှ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဘုံအဆင့်များသို့ တစ်ဘဝစီ တက်ရောက်သွားလို့ ဘုံစဉ်စံခေါ်တယ် ဆိုတာက သာပြီး အသင့်ယုတ္တိရှိပါတယ်။

(သလ္လေခသုတ် တရားတော်ကြီး)

## ဓမ္မစကြာဟောရာနှစ်

ဓမ္မစကြာသုတ် တရားတော်ကတော့ အစအဦးဟောတဲ့ တရားတော် ဖြစ်တာကလည်းတစ်ကြောင်း၊ အခြားသုတ္တန်များနှင့် ဝိနည်းပိဋကတ် စသည်မှာ ပြဆိုထားတဲ့ စကားများ ရှိတာကလည်းတစ်ကြောင်းကြောင့် ဟောတဲ့အချိန် ကာလကို တိတိကျကျ သိရပါတယ်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန် လပြည့်နေ့ညမှာ သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါတယ်။ အဲဒီက နောက် ဝါဆိုလပြည့်နေ့ ညနေချမ်း ညဦးယံအချိန်မှာ ဒီဓမ္မစကြာသုတ်တရား ကို ဟောကြားတော်မူခဲ့တယ်။ ယခု ၁၃၂၄ ခုနှစ်မှ ပြန်ပြီး ရေတွက်ကြည့်ရင် ဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၂၅၀၆ နှစ် ရှိခဲ့ပြီ။ ပရိနိဗ္ဗာန်မစံမီ ၄၅ နှစ် ပေါင်းထည့်လိုက်လျှင် ၂၅၅၁ ရတယ်။ ဒါကြောင့် လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၅၁ နှစ်က ဝါဆိုလပြည့်နေ့ ညနေချမ်း ညဦးယံအချိန်မှာ ဟောတော်မူ တယ်လို့ တိတိကျကျ မှတ်ယူရပါတယ်။ ဒါကလည်း အရှေ့တိုင်းက ယူဆချက် အရပဲ။ အနောက်တိုင်းပညာရှိတွေရဲ့ ယူဆချက်အရဆိုရင်တော့ အနှစ် ၆၀ လျှော့ပြီးယူရမယ်။ ဒါကြောင့် သူတို့၏ယူဆချက်အရဆိုရင်တော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၄၉၁ နှစ်က ဟောတယ်လို့ ဆိုရမှာပေါ့။

ဒါပေမဲ့ အရှေ့တိုင်းမှာဟောတဲ့တရားဆိုတော့ အရှေ့တိုင်းအယူအဆ အတိုင်းပင် လွန်ခဲ့တဲ့ ၂၅၅၁ နှစ်က ဟောတယ်လို့ ပြောရမှာပဲ။

(ဓမ္မစကြာ တရားတော်ကြီး)

## စိတ်ကို စိတ်ဖြင့်နှိပ်တဲ့ ဒုက္ကရစရိယာ

ဝိတက္ကသဏ္ဌာနသုတ်မှာ ပြထားတဲ့ စိတ် စိတ်ချင်း နှိပ်ပုံကတော့ ဘုရားဖြစ်တော်မူပြီးမှ ဟောတော်မူတဲ့ ကျင့်နည်းဖြစ်တဲ့အတွက် သူ့အလိုလို ဖြစ်ပေါ်လာတဲ့ ကိလေသာစိတ်ကို သတိပဋ္ဌာန်ပါဠိတော် စသည်မှာ ပြထားတဲ့ နည်းအရ ဘာဝနာစိတ်ဖြင့် ရှုသိပြီး ပယ်ဖို့ရာပါပဲ။ ယခု ဒီစိတ်ကို စိတ်ဖြင့် နှိပ်တဲ့ ဒုက္ကရစရိယာမှာ ပြထားတဲ့စိတ်ကို နှိပ်ပုံကတော့ မဇ္ဈိမပဋိပဒါ အလယ် လမ်းအကျင့်ကို မသိရသေးမီက ကျင့်ခဲ့တဲ့နည်းဖြစ်တဲ့အတွက် အဲဒီသတိပဋ္ဌာန် နည်းလမ်းမှန်တော့ မဟုတ်ပေဘူး။ ဒါပေမဲ့ အဋ္ဌကထာမှာ ဖွင့်ဆိုထားပုံကတော့ အကုသိုလ်စိတ်ကို ကုသိုလ်စိတ်ဖြင့် နှိပ်သည်လို့ ဆိုပါတယ်။ အဲဒီအတိုင်း ဟုတ်ရင် သတိပဋ္ဌာနသုတ် စသည်မှာ ဟောထားတဲ့နည်းမှန်ပဲ ဖြစ်ပေလိမ့်မယ်။ အဲဒီတုန်းက နည်းမှန်ဖြင့် စိတ်ကိုနှိပ်တာမဟုတ်ရင် အဲဒီနည်းမှန်ဖြင့်ပင် ဘုရား အဖြစ်သို့ရောက်ဖွယ်ရှိပါတယ်။ ဒါပေမဲ့ အဲဒီနည်းဖြင့် ဘုရားအဖြစ်သို့ မရောက် ခဲ့တဲ့ပြင် ပင်ပန်းရုံမျှ အကျိုးသက်ရောက်သည့် အနေဖြင့် ပြဆိုထားပါတယ်။ အဲဒီကနောက်လည်း နည်းမှားတွေ ကျင့်နေပုံတွေကို ဒီနေရာမှာ ဆက်ပြီးပြထား ပါတယ်။

ဒါကြောင့် ဗုဒ္ဓဘာသာဝင် အမည်ခံတဲ့ အချို့ဂိုဏ်းဂဏတွေမှာ ကျင့်နေတဲ့ စိတ်ကို ဖျောက်ဖျက်ပစ်တဲ့နည်းမျိုး ဖြစ်ဖွယ်ရှိတယ်လို့ တွေးထင်ရပါတယ်။ ဘုန်းကြီးတို့ ဂျပန်ကို သာသနာပြုသွားတုန်းက ကျောင်းတိုက်ကြီးတစ်ခုမှာ ကမ္မဋ္ဌာန်းထိုင်နေကြတာကို တွေ့ခဲ့ရပါတယ်။ သူတို့အားထုတ်ပုံ အစီအစဉ် ကတော့တရားအားထုတ်မည့် မဟာယာန ရဟန်းငယ်တွေက အစဉ်အတိုင်း တင်ပလ္လင်ခွေပြီး ထိုင်နေကြတယ်။ ၆ ပါးလောက်ရှိပါတယ်။ ဆရာရဟန်း တစ်ပါးက ထိုင်နေတဲ့ ရဟန်းများအားရိုက်မည့်တုတ်ကို လိုက်ပြတယ်။ တော်တော်ကြာတော့ ကမ္မဋ္ဌာန်းဆရာ ရဟန်းက ထိုင်နေတဲ့သူတွေရဲ့ကျော ကို တုတ်နဲ့တစ်ချက်စီလိုက်ပြီးရိုက်တယ်။ အဲဒီလိုအရိုက်ခံရခိုက်မှာ စိတ်တွေ အကုန်ပျောက်ပြီး သုညဆိုက်သွားတာလည်း ရှိတတ်တယ်။ ဒါကြောင့် လိုက်ပြီး ရိုက်ရတယ်လို့ဆိုပါတယ်။ ထူးဆန်းတဲ့တရားပဲ။ အဲဒါဟာ ဖြစ်ပေါ် လာသမျှ စိတ်တွေကို ဖိနှိပ်ပြီး ဖျောက်ဖျက်ပစ်တဲ့တရားအားထုတ်နည်းပဲ။ ဘုရားအလောင်းတော် ဟိုတုန်းက စိတ်စိတ်ချင်းလိုက်ပြီး ဖိနှိပ်တဲ့အားထုတ် ပုံဟာ အဲဒီအားထုတ်ပုံနဲ့ တူကောင်းတူလိမ့်မယ်လို့ ယူဆရပါတယ်။

## ကောင်းမှုဖြင့် အလိုမရှိဟူသော ဘုရားလောင်းစကားနှင့်စပ်၍

အဏုမတ္တောပိ ပုညေန၊ အတ္ထော မယှံ န ဝိဇ္ဇတိ။
ယေသဉ္စ အတ္ထော ပုညေန၊ တေ မာရော ဝတ္တုမရဟတိ။

မယှံ– ငါအား။ ပုညေန– သင်မာရ်နတ်မင်းပြောသော ကောင်းမှုဖြင့်၊ အတ္ထော– အလိုသည်၊ အဏုမတ္တောပိ– အဏုမြူမျှသော်လည်း၊ န ဝိဇ္ဇတိ– မရှိပေ။ ယေသဉ္စ– အကြင်သူတို့မှာမူ၊ ပုညေန အတ္ထော– သင်မာရ်နတ်ပြောသော ကောင်းမှုဖြင့် အလိုရှိ၏။ တေ– အလိုရှိသော ထိုသူတို့ကို၊ မာရော– မာရ်နတ်သည်၊ ဝတ္တုံ အရဟတိ– ပြောဆိုရန် ထိုက်ပေ၏တဲ့။

အဲဒီလိုပြန်ကြားတဲ့ စကားထဲမှာ "ကောင်းမှုဖြင့် အလိုမရှိဘူး"ဆိုတဲ့ ဘုရားအလောင်းတော်၏စကားကို အမှီပြုပြီးတော့ အလွဲအမှားကို ယူဆပြောဆိုတတ်ကြတယ်။ "သံသရာက ထွက်မြောက်ချင်ရင် ဘုရားအလောင်းတော်လိုပဲ ကုသိုလ်ကောင်းမှုကိုလည်း အလိုမရှိသင့်ဘူး၊ မပြုသင့်ဘူး၊ ပယ်သင့်တယ်"လို့ ဒီလိုအလွဲအမှားကို ယူဆပြောဆိုတတ်ကြတယ်။ အဲဒီအကြောင်းနဲ့စပ်ပြီး ဘုန်းကြီးထံမှာ လူတစ်ယောက်က လာမေးတဲ့အတွက် ဘုန်းကြီးက ဒီလိုဖြေလိုက်ရပါတယ်။ "နိဗ္ဗာန်ရောက်စေတတ်တဲ့ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်၊ ဝိပဿနာကုသိုလ်၊မဂ်ကုသိုလ်ဆိုတာတွေကို မာရ်နတ်ကလည်း သိမှာမဟုတ်ဘူး။ ဘုရားအလောင်းတော်ကလည်း အဲဒီအခါတုန်းက နိဗ္ဗာန်ရောက်စေတတ်တဲ့ အဲဒီကုသိုလ်မြတ်တွေကို တိတိကျကျ သိမှာမဟုတ်သေးပါဘူး။ အဲဒီလို တိတိကျကျ မသိသေးလို့ပဲ အစာတော်ခံခြင်း အစရှိတဲ့ ဒုက္ကရစရိယာတွေကို အကောင်းအမြတ်ထင်ပြီး ကျင့်နေတာပဲ။ ဒါကြောင့် အဲဒီတုန်းက ကောင်းမှုဖြင့် အလိုမရှိဘူးလို့ ဘုရားအလောင်းတော်က ဆိုတာဟာ နိဗ္ဗာန်ရောက်ကြောင်း ကုသိုလ်ကောင်းမှုတွေကို ဆိုတာမဟုတ်ဘူး။ ဘဝချမ်းသာရစေနိုင်တယ်လို့ ယုံကြည်ယူဆအပ်တဲ့ ကုသိုလ်ကောင်းမှုမျိုးကိုသာ ဆိုလိုတာပါ"လို့ ဖြေရှင်းပြောကြားလိုက်ရတယ်။ အဲဒီအဖြေဟာ မာရ်နတ်ကပြောတဲ့ ကောင်းမှုနဲ့ ဆက်စပ်ကြည့်ရင် အလွန်ရှင်းနေပါတယ်။ ဒါကြောင့် အဋ္ဌကထာမှာလည်း "ပုညေနာတိ– ကောင်းမှုဖြင့် အလိုမရှိဟူသော စကားကို၊ ဝဋ္ဋဂါမိံ မာရေန ဝုတ္တံ ပုညံ သန္ဓာယ– မာရ်နတ်ကပြောတဲ့ ဝဋ္ဋဘဝသို့ ရောက်စေတတ်တဲ့ ကောင်းမှုကို ရည်၍၊ ဘဏတိ– ဘုရားအလောင်း

က ဆိုတာပါ''တဲ့။ ဒါကြောင့် နိဗ္ဗာန်ရောက်ကြောင်း ကုသိုလ်ကို ပယ်တာ မဟုတ်ဘူးလို့ တစ်ထစ်ချ မှတ်ထားကြရမယ်။

(ဓမ္မစကြာ တရားတော်ကြီး)

## အသိမှန်သမျှ ကိလေသာကို ပယ်သလား

ရုပ်နာမ်ခန္ဓာတရားတွေကို ''နေတဲ့ မမ– ငါ့ဥစ္စာမဟုတ်ဘူး၊ ငါ့ဥစ္စာအနေနဲ့ သာယာသိမ်းပိုက်စရာကောင်းတဲ့ တရားမဟုတ်ဘူး''လို့ ရှုမှတ်ရမယ်။ သိမြင်ရမယ်တဲ့။ အဲဒါဟာ စာသိအနေနဲ့တော့ မခက်လှပါဘူး။ ကြားနာရုံနဲ့လည်း သိနိုင်ပါတယ်။ ကျက်မှတ်ထားရုံနဲ့လည်း သိနိုင်ပါတယ်။ ဒါပေမဲ့ အဲဒါက ကိုယ်တိုင်သိမဟုတ်ဘူး။ တစ်ဆင့်ကြားလို့သိရတဲ့ သုတသိမျှသာ ရှိသေးတယ်။ အဲဒီ သုတသိလောက်နဲ့တော့ ကိလေသာကို မပယ်နိုင်သေးဘူး။ ခဏမစဲ ဖြစ်ပျက်နေတဲ့တရားတွေမို့ ငါ့ဥစ္စာမဟုတ်ဘူး၊ ငါ့ဥစ္စာအနေနဲ့ မသာယာ မသိမ်းပိုက်သင့်ဘူးလို့ ဒီလိုဆင်ခြင်ကြည့်တဲ့ စိန္တာသိလောက်နဲ့လည်း ကိလေသာကို မပယ်နိုင်သေးဘူး။ ခုနကပြောခဲ့တဲ့အတိုင်း ခဏမစဲ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို တရစပ်ရှုမှတ်ပြီး သိမြင်တဲ့ ဘာဝနာသိ ကိုယ်တိုင်သိနဲ့ ကိလေသာကို ပယ်နိုင်ပါတယ်။

(သလ္လေခသုတ် တရားတော်ကြီး)

## ဘုရားလောင်းက ပလ္လင်ကို ဘာကြောင့် ငြိကပ်တွယ်တာနေရသလဲ

သဒ္ဓါတရားရော သုတရော နည်းတဲ့သူအချို့က စောဒနာတဲ့ စကား တစ်ခုလည်း ရှိပါသေးတယ်။ ''ဘုရားလောင်းဟာ မြက်အခင်း ပလ္လင်နေရာကို ဘာကြောင့် ငြိကပ်တွယ်တာနေသလဲ၊ မာရ်နတ်က လိုချင်တယ်ဆိုရာမှာ ဖယ်ပေးလိုက်ရင် အလွယ်တကူနဲ့ ပြီးငြိမ်းသွားနိုင်မယ် မဟုတ်လား''လို့ စောဒနာတယ်။ အဲဒါကတော့ သဒ္ဓါတရားနဲ့ အကြားအမြင်နည်းတဲ့အပြင် အမြော်အမြင်ဉာဏ်ကလည်း မရှိလို့ စောဒနာခြင်းပါပဲ။ ''မာရ်နတ်က စစ်သည်တွေများစွာနဲ့ အကြီးအကျယ် ချီတက်လာတာဟာ ပလ္လင်နေရာကို လိုချင်လို့မဟုတ်ဘူး။ ဘုရားမဖြစ်အောင်လို့ အနှောင့်အယှက်ပေးလိုတဲ့အတွက်သာ ဖြစ်တယ်''ဆိုတာ

ရှေ့နားက ပြောခဲ့တဲ့စကားဖြင့် ထင်ရှားနေပါပြီ။ သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူကြတဲ့ ဘုရားတိုင်းဟာ ဒီမဟာဗောဓိပင် ပလ္လင်နေရာမှာသာ ဘုရားအဖြစ်သို့ ရောက်တော်မူကြရတယ်။ ဒီတော့ အဲဒီနေရာမှ ထပေးလိုက်ရင် ဘုရားအလောင်းတော်မှာ "ဘုရားမဖြစ်သေးမချင်း ဒီနေရာက မထတော့ဘူး" ဆိုတဲ့ အဓိဋ္ဌာန်ကြီးလည်း ပျက်သွားမယ်၊ တခြားနေရာမှာလည်း ဘုရားမဖြစ်နိုင်ဘူး။

ဒါကြောင့် နေရာမှ ထပေးလိုက်တာနဲ့ မာရ်နတ်က အနိုင်ရသွားမယ်။ "နေရာက လိုရင်းမဟုတ်ဘူး၊ အကျင့်မှန်တာက လိုရင်းဖြစ်တယ်၊ ဘယ်နေရာမှာပဲ ကျင့်ကျင့် အကျင့်မှန်ရင် ဘုရားဖြစ်နိုင်တယ်"လို့ ဆိုစေကာမူ မာရ်နတ်က နောက်တစ်နေရာလည်း လိုက်ပြီးနှောင့်ယှက်ဦးမှာပဲ။ အဲဒီလို ရွှေ့သွားတဲ့နေရာတိုင်းမှာ လိုက်ပြီးနှောင့်ယှက်နေရင် ဘယ်မှာ ဘုရားဖြစ်နိုင်တော့မလဲ။ အမှန်ကတော့ ဘုရားဖြစ်ရမည့်နေရာမြတ်မှာ အဓိဋ္ဌာန်ကြီးနဲ့ ထိုင်တော်မူလိုက်ကတည်းက အဲဒီအဓိဋ္ဌာန်လည်း မပျက်ရဘူး။ အဲဒီနေရာမှာပဲ ဧကန်မုချ ဘုရားအဖြစ်သို့လည်း ရောက်ရမယ်။ ဒါကြောင့် ဘုရားအလောင်းတော်က အဲဒီနေရာမှ ထမပေးဘဲ မိမိ၏ဒါနကုသိုလ်ကြောင့်ရတဲ့ ပလ္လင်ဖြစ်ကြောင်း မဟာပထဝီမြေကြီးကို သက်သေထူပြီး အနိုင်ယူလိုက်ခြင်းဖြစ်ပါတယ်။ အဲဒါဟာ အချိန်ကာလအားဖြင့် ကဆုန်လပြည့်နေ့ ညနေခင်း နေမဝင်မီအချိန်ဖြစ်တယ်။

(သလ္လေခသုတ် တရားတော်ကြီး)

## ရဟန်း ၇ ပါး ရှုံးတာလား၊ မြတ်တာလား

ကဿပမြတ်စွာဘုရား လက်ထက်တော်က သာသနာတော်နောက်ပိုင်းမှာ အချို့သော ရှင်ရဟန်းများ အကျင့်သိက္ခာ ချွတ်ယွင်းဖောက်ပြန်ကြတာကို တွေ့မြင်ကြလို့ အကျင့်သိက္ခာကို လိုလားတဲ့ ရဟန်းတော် ၇ ပါးဟာ သဘောတူ တိုင်ပင်ပြီး တောထွက်ကြတယ်။

"အလွန်အကျွံကျင့်လို့ မသေသင့်ဘဲ သေသွားကြတယ်။ ဆုံးရှုံးသွားရှာကြတယ်"လို့ ထင်စရာရှိတယ်။ ဒါပေမဲ့ ယောနိသော မနသိကာရနဲ့ ဆင်ခြင်ကြည့်ရင် မဆုံးရှုံးပါဘူး။ အများကြီး မြတ်ပါတယ်။ ဘယ်လိုလဲဆိုရင် အဲဒီကိုယ်တော်တွေဟာ ဗြဟ္မစရိယဆိုတဲ့ မြတ်သောအကျင့်ကို ကောင်းစွာမကျင့်ဘဲ

ချမ်းသာစွာနဲ့ စားသောက်ပြီး အနှစ်တစ်သောင်းတမ်း ကာလပတ်လုံး အသက်ရှည်နေကြပေမယ့် သေသည်၏အခြားမဲ့မှာ ကောင်းကျိုးချမ်းသာတွေကို များစွာရကြမှာ မဟုတ်ဘူး။ ယခုတော့ သူတို့ဟာ ဗြဟ္မစရိယဆိုတဲ့ မြတ်သောအကျင့်ကို အပြည့်အစုံ ကောင်းစွာကျင့်ပြီး သေသွားကြတဲ့အတွက် သေသည်၏အခြားမဲ့မှာ နတ်ပြည်လောကကို ရောက်ကြတယ်။ အဲဒါဟာ တစ်ဘဝ နှစ်ဘဝ အနည်းငယ်မျှမဟုတ်ဘူး။ ကဿပမြတ်စွာဘုရား လက်ထက်တော်မှစပြီး ယခု ဘုရားလက်ထက်ရောက်အောင် နတ်ပြည်မှာချည်း ထပ်ကာထပ်ကာဖြစ်ပြီး နတ်စည်းစိမ်ချမ်းသာတွေကို ခံစားလာခဲ့ကြရတယ်။

ယခု ဘုရားလက်ထက်တော်ကျတော့လည်း အဲဒီငါးပါးလုံး ကျွတ်တမ်းဝင်ကြရတယ်။ တစ်ပါးက အရှင်ဒဗ္ဗဆိုတဲ့ ရဟန္တာဖြစ်တယ်။ တစ်ပါးက အရှင်ကုမာရကဿပဆိုတဲ့ ရဟန္တာဖြစ်တယ်။ တစ်ပါးက အရှင်ဗာဟိယ ဒါရုစီရိယဆိုတဲ့ ရဟန္တာဖြစ်တယ်။ တစ်ပါးက သဘိယဆိုတဲ့ ပရိဗိုဇ်အဖြစ်မှ မြတ်စွာဘုရားထံ ပြဿနာများကို မေးလျှောက်ပြီးတော့ ရဟန္တာဖြစ်တယ်။ တစ်ပါးက ပက္ကုသာတိဆိုတဲ့ မင်းအဖြစ်မှ ဓာတုဝိဘင်္ဂသုတ်တရားကိုနာပြီး အနာဂါမ်ဖြစ်တယ်။ မကြာခင်ပဲ စုတေပြီး သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံရောက်ပြီး ရဟန္တာဖြစ်သွားတယ်။ အဲဒီငါးပါးလုံး နတ်ပြည်မှာ အကြိမ်ကြိမ်ဖြစ်ပြီး နတ်စည်းစိမ်ချမ်းသာတွေ ခံစားကြရတာရယ်၊ ယခု ဘုရားလက်ထက်မှာ ရဟန္တာဖြစ်ပြီး ကျွတ်တမ်းဝင်ကြရတာရယ်၊ ဒါတွေဟာ ရဟန်းအဖြစ်နဲ့ ဗြဟ္မစရိယအကျင့်ကို ကျင့်ခဲ့ကြလို့ပါပဲ။ ဒါကြောင့် သူတို့ဟာ ဟိုဘဝက အစာပြတ်ပြီး သေခဲ့ကြရပေမယ့် အများကြီး အမြတ်ရတယ်လို့ ဆိုနိုင်ပါတယ်။

(သလ္လေခသုတ် တရားတော်ကြီး)

## ခေမာမိဖုရားဟာ သောတာပန်လား၊ ရဟန္တာလား

ဘုရားတရားကို ကြားနာရတဲ့အတွက် ခေမာမိဖုရားဟာ ရဟန္တာမဖြစ်သွားတယ်လို့ အဋ္ဌကထာများမှာ ဆိုပါတယ်။ အပဒါန် ပါဠိတော်မှာတော့ ဒီဃါထာတရားများနှင့် မဟာနိဒါနသုတ်ကို ကြားနာပြီးတော့ ဓမ္မစက္ခုကို ရသွားတယ်။ အဲဒီကနောက် ရဟန်းမိန်းမ ပြုပြီးတဲ့အခါ တစ်လခွဲကြာမှ တရားနှလုံးသွင်း အားထုတ်ပြီး ရဟန္တာမ ဖြစ်သွားတယ်လို့ ဆိုပါတယ်။ အဲဒီမှာ ဓမ္မစက္ခု–

တရားမျက်စိ ဆိုတာက သောတာပတ္တိမဂ်ဉာဏ်လည်း ဖြစ်နိုင်တယ်၊ အနာဂါမိမဂ်ဉာဏ်လည်း ဖြစ်နိုင်တယ်။ ထေရီအဋ္ဌကထာမှာတော့ သောတာပတ္တိမဂ်ဉာဏ်ကိုယူပြီး ပြဆိုထားတယ်။ လူ့ဘောင်မှ ထွက်ခွာပြီး ရဟန်းပြုပုံကို ထောက်ဆကြည့်ရင်တော့ ရဟန္တာမ မဖြစ်သေးတောင် ကာမရာဂကင်းတဲ့ အနာဂါမ်အဆင့်တော့ ရောက်သွားတယ်လို့ ယူလျှင် သင့်လျော်ဖွယ်ရှိပါတယ်။

(သလ္လေခသုတ် တရားတော်ကြီး)

## ကိသာဂေါတမီဟာ ဂါထာသီကုံးတတ်သလား

ကိသာဂေါတမီဟာ ၃ အိမ်လောက်သွားပြီးတော့ သဘောပေါက်လာတယ်။ "တစ်မြို့လုံးလျှောက်ပြီး တောင်းနေရင်လည်း ဒီလိုချည်းတွေ့ရမှာပဲ၊ လူမသေဖူးတဲ့အိမ်ရယ်လို့ မရှိနိုင်ဘူး၊ ငါ့သားတစ်ယောက်တည်းသာ သေတာမဟုတ်ဘူး၊ အားလုံးသေတတ်ကြတာချည်းပဲ" လို့ သဘောပေါက်ပြီးတော့ သားသေကို သုသာန်မှာ စွန့်ပစ်ခဲ့ပြီး ဒီလိုလည်း နှုတ်က ရွတ်ဆိုမိပါသတဲ့။

န ဂါမဓမ္မော နော နိဂမဿ ဓမ္မော၊

န စာပိယံ ဧကကုလဿ ဓမ္မော။

သဗ္ဗဿ လောကဿ သဒေဝကဿ၊

ဧသေဝ ဓမ္မော ယဒိဒံ အနိစ္စတာ။

**အယံ– ဤသေခြင်းတရားသည်၊ န ဂါမဓမ္မော– တစ်ရွာတည်းနှင့်သာ ဆိုင်သော တရားလည်းမဟုတ်ချေ။ နော နိဂမဿ ဓမ္မော– နိဂုံးတစ်ခုတည်းနှင့်သာ ဆိုင်သော တရားလည်းမဟုတ်ချေ။ နစာပိ ဧကကုလဿ ဓမ္မော– တစ်ခုသော အမျိုး၊ တစ်ခုသော အိမ်ထောင်စုနှင့်သာ ဆိုင်သော တရားလည်း မဟုတ်ချေ။ ယဒိဒံ အနိစ္စတာ– မမြဲသည်၏ ဖြစ်ကြောင်း အကြင်သေခြင်းသည် ရှိ၏။ သေ– ဤသေခြင်းသည်၊ သဒေဝကဿ– နတ်နှင့်တကွသော၊ သဗ္ဗဿ ဧဝ လောကဿ– တစ်လောကလုံး သတ္တဝါအားလုံး၏သာလျှင်၊ ဓမ္မော၊ သက်ဆိုင်သော တရားပေတည်း။**

ဒီနေရာမှာ မေးစရာရှိပါတယ်။ ဒီသူဆင်းရဲမကလေးက ဆန်းဂိုဏ်းနဲ့ သဒ္ဒါနဲ့အညီ ဂါထာဖြစ်အောင် စီတတ်ပါသလားလို့ မေးစရာရှိပါတယ်။ သူ

ကိုယ်တိုင် စီတတ်တာလည်း ဖြစ်နိုင်ပါတယ်။ သူက အရပ်သုံးစကားနဲ့ပြောဆိုတာကို မြတ်စွာဘုရားက ဂါထာဖြင့် ဟောထားတာလည်း ဖြစ်နိုင်ပါတယ်။ အဲဒါက အဋ္ဌကထာများမှာ ကိသာဂေါတမီက ရွတ်ဆိုတယ်လို့ ပြဆိုထားတဲ့ အတိုင်း ကြဲဆပြီး ပြောရတာပါပဲ။ အပဒါန်ပါဠိတော်မှာတော့ သားသေကို စွန့်ပစ်ခဲ့ပြီး မြတ်စွာဘုရားထံ ပြန်သွားတဲ့အခါ အဲဒီဂါထာကိုရော အခြားဂါထာ တစ်ခုကိုရော မြတ်စွာဘုရားက ဟောတယ်လို့ပဲ ပြဆိုထားပါတယ်။

(သလ္လေခသုတ် တရားတော်ကြီး)

## ဒဏ္ဍာရီတွေပါလို့ ဆိုကြလိမ့်မယ်

သစ္စာစကားဖြင့် နောင်တမလွန်ကျမှသာ အကျိုးကို ရနိုင်တာမဟုတ်သေးဘူး။ မျက်မှောက်မှာလည်း အကျိုးကို ရနိုင်ပါတယ်။ သစ္စာစကားဖြင့် ရေပေါ်မှာလည်း သွားနိုင်ပါတယ်တဲ့။ (သံ ၄ ၁၊ ၃၀၁)၊ ဗုဒ္ဓမြတ်စွာဘုရား လက်ထက်တော်ကာလတုန်းက မဟာကပ္ပိနမင်းကြီးဆိုတာ နောက်ပါ အမတ်တစ်ထောင်နှင့်တကွ ရဟန်းပြုကြဖို့ ရည်ရွယ်ပြီး မြတ်စွာဘုရားထံ လာကြတယ်။ လမ်းမှာတွေ့ရတဲ့ မြစ်ကြီးသုံးတန်ကို ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါးဖြင့် သစ္စာဆိုပြီး ကူးကြတယ်။ သူတို့စီးလာတဲ့ မြင်းတွေရဲ့ခွာတောင် ရေမစွတ်ဘူးတဲ့။ အဲဒါဟာ သစ္စာဖြင့် ရေပေါ်မှာ ဖြတ်သွားနိုင်တယ်ဆိုတဲ့ အကြောင်းသာဓက ဝတ္ထုပါပဲ။ ဒါပေမဲ့ ယခုခေတ်လူတွေကတော့ အဲဒါကို ဒဏ္ဍာရီပါလို့ ပြောကြကောင်း ပြောကြလိမ့်မယ်။ ဒီနေရာမှာ ယောနိသောမနသိကာရနဲ့ စဉ်းစားဖို့ကတော့ ယခုခေတ်မှာ လေယာဉ်တွေဖြင့် ကောင်းကင်က သွားနေကြပုံတွေ၊ အာကာသယာဉ်နဲ့ ကမ္ဘာကို ပတ်နေပုံတွေ၊ လဝိမာန်ကို သွားပုံတွေ အဲဒါတွေကို ဘုရားလက်ထက်ကာလက ကြိုတင်ပြီးပြောပြမယ်ဆိုရင် အဲဒီခေတ်က ·လူတွေကလည်း ယခုခေတ်လူတွေ ဖြစ်ရပ်မှန်တွေကို ဒဏ္ဍာရီလို့ ဆိုကြဖွယ်ရှိပါတယ်။ အမှန်ကိုတော့ ယခုခေတ် သိပ္ပံဗဒပညာဘက်က ထူးချွန်ပြည့်စုံသလို ဟိုရှေးခေတ်က လူတွေမှာလည်း ဘဝအဆက်ဆက်က ဖြည့်ဆည်းပူးလာခဲ့တဲ့ ပါရမီတွေ ရှိကြတယ်ဆိုတာကို ဆင်ခြင်မိရင် လက်ခံနိုင်ဖွယ်ရှိပါတယ်။

(သလ္လေခသုတ် တရားတော်ကြီး)

## ဆေးမပါတဲ့ ကုသနည်းတစ်မျိုး

သစ္စာစကားကြောင့် ရောဂါလည်းပျောက်တဲ့အကြောင်းကို ဝိသုဒ္ဓိမဂ်မှာ ပြဆိုထားတာ ရှိပါတယ်။

ဒါကိုလည်း ယခုခေတ်ဆရာဝန်တွေအနေနဲ့တော့ ယုံချင်မှယုံမယ်၊ ဘာဖြစ်လို့လဲဆိုရင် သူတို့က သင့်လျော်တဲ့ဆေးနဲ့မှ ရောဂါပျောက်တာကို တွေ့ဖူးတယ်။ ရောဂါပိုးတွေဆိုတာကိုလည်း သူတို့က တွေ့ထားတယ်။ ဒီပိုးတွေ အလိုလိုပျောက်သွားတယ်ဆိုတာ သူတို့အနေနဲ့ယုံကြည်ဖို့ ခက်နေကောင်းခက်နေပါလိမ့်မယ်။ ဒါကြောင့်ပါပဲ။ ဒါပေမဲ့ ဒီလိုသစ္စာနဲ့ ပျောက်တယ်ဆိုတာကလည်း ကမ္ဘာပေါ်မှာ ကုနည်းအမျိုးမျိုးထဲက ကုနည်းတစ်မျိုးလို့ မှတ်ယူသင့်ပါတယ်။ တရားဆေးတစ်မျိုးပေါ့။ ဘုန်းကြီးတို့ ကမ္မဋ္ဌာန်းဋ္ဌာနတွေမှာ ဒုက္ခဝေဒနာကို ရှုမှတ်ပြီး ရောဂါပျောက်သွားကြတဲ့သူတွေ တော်တော်များများ ရှိပါတယ်။ တချို့က ရောဂါရှိလို့ ဆရာဝန်ကိုသွားပြတယ်။ ဆရာဝန်က ခွဲစိတ်ကုသရမယ်လို့ ညွှန်ကြားလိုက်တော့ ခွဲစိတ်ကုတဲ့အခါ အားကိုးရာရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဘုန်းကြီးတို့ ရိပ်သာမှာလာပြီး တရားအားထုတ်တယ်၊ တရားအားထုတ်နေရင်း သမာဓိဉာဏ်က ထက်သန်လာတော့ ရောဂါက သူ့အလိုလို ပျောက်သွားတယ်။

ဒါပေမဲ့ တကယ်ပျောက်တာ ဟုတ်မဟုတ် သိရအောင်လို့ ပထမက ကြည့်ရှုဖူးတဲ့ ဆရာဝန်ထံ သွားပြတယ်။ ဒီတော့ ဆရာဝန်က ကြည့်ရှုစမ်းသပ်ပြီးတော့ ရောဂါမရှိကြောင်း ပြောပြပြီး ဘယ်လိုကုလို့ ပျောက်သွားတယ်ဆိုတာ မေးတယ်။ "ဘယ်လိုမှ မကုပါဘူး၊ တရားအားထုတ်ရင်း ပျောက်သွားတာပါပဲ"လို့ ပြန်ပြောတော့ ဆရာဝန်က အံ့သြနေသတဲ့။ ပျောက်ဖူးတဲ့ရောဂါတွေကတော့ တော်တော်စုံပါပြီ။ တချို့မှာ လေနာပျောက်တယ်၊ တချို့မှာ ဗိုက်အောင့်နေတာပျောက်တယ်၊ တချို့မှာ သွေးတိုးရောဂါပျောက်တယ်၊ တချို့မှာ ခေါင်းကိုက်နာပျောက်တယ်။ တစ်ဦးမှာတော့ နှစ်ပေါင်းများစွာက နားပင်းနေတာပျောက်တယ်။ တစ်ဦးမှာတော့ အနှစ် ၂၀ လောက် နှာခေါင်းပိတ်နေတာပျောက်တယ်။ အရှင်မဟာကဿပ၊ အရှင်မဟာမောဂ္ဂလာန်တို့မှာတော့ ဗောဇ္ဈင်တရားနာရုံနဲ့တောင် ရောဂါပျောက်ဖူးတယ်။ မြတ်စွာဘုရားမှာတော့ ပရိနိဗ္ဗာန်စံလောက်

အောင် ပြင်းထန်တဲ့ရောဂါတောင်မှ ဝိပဿနာရှုတာနဲ့ ပျောက်သွားတယ်။ ဒါကြောင့် ဆေးမပါဘဲ အခြားနည်းဖြင့် ရောဂါပျောက်တာလည်း ရှိတယ်ဆိုတာကို ယုံကြည်သင့်ပါတယ်။

(သလ္လေခသုတ် တရားတော်ကြီး)

## ဝန်ခံချက်ပျက်ရင် မုသာဝါဒကံ ထိုက်သလား

သုတသောမမင်းက ဒီလိုရှင်းလင်းပြောပါတယ်။ "ဝန်ခံချက်အတိုင်း မှန်ကန်စွာ ဆောင်ရွက်တာဟာ သူတော်ကောင်းတို့၏ အလေ့အကျင့်ဖြစ်တယ်။ ပေါရိသာဒဟာ ငါ့ကို ယုံကြည်၍ လွှတ်လိုက်တယ်။ သူက လွှတ်လိုက်ပေလို့ နန္ဒပုဏ္ဏားထံ တရားနာဖို့ ဝန်ခံထားတဲ့ ပဋိညာဉ်လည်း ပြေလည်သွားတယ်။ အဲဒါဟာ သူ့ကျေးဇူးပဲ။ အဲဒီသူ့ကျေးဇူးကို သိသောအားဖြင့်လည်း သွားရမယ်။ သူ့ထံပြန်မသွားရင် ဝန်ခံချက်ပျက်ပြီး မုသာဝါဒသဘော သက်ရောက်လိမ့်မယ်။ ဒါကြောင့်လည်း သူ့ထံ ပြန်သွားမယ်"လို့ ရှင်းလင်းပြောပြပြီးတော့ မြို့တော်က ထွက်ပြီး ပေါရိသာဒထံသို့ ပြန်သွားပါတယ်။ အဲဒီမှာ "ဝန်ခံချက်ပျက်ရင် မုသာဝါဒသဘော သက်ရောက်တယ်"ဆိုတာက မူလစေတနာရှိးနဲ့ ဝန်ခံခဲ့ပြီးတော့ အကြောင်းမညီညွတ်လို့ ပျက်ကွက်သွားတာမျိုးပါပဲ။ အဲဒါမျိုးကတော့ မုသာဝါဒကံ မထိုက်ပါဘူး။ ကတိသစ္စာ ပျက်ကွက်ရုံလောက်ပဲ ရှိပါတယ်။ မူလကတည်းက မရိုးသားတဲ့ စေတနာနဲ့ ဝန်ခံရင်တော့ အဲဒီလို ဝန်ခံကတည်းက မုသာဝါဒကံလည်း ထိုက်ပါတယ်။ဝန်ခံတဲ့အတိုင်းမဆောင်ရွက်တဲ့အတွက် ကတိသစ္စာလည်း ပျက်ကွက်ပါတယ်။

(သလ္လေခသုတ် တရားတော်ကြီး)

## တချို့သောသူတို့၏ အစွန်းနှစ်ခုနှင့်စပ်သော အပြော

တချို့က သုဂတဂုဏ်တော်အဖွင့်မှာ "ဒီပင်္ကရပါဒမူလတော ပဘုတိ ယာဝ ဗောဓိမဏ္ဍာ တာဝ သမတိံသပါရမိပူရိကာယ သမ္မာပဋိပတ္တိယာ သဗ္ဗလောကဿ ဟိတသုခမေဝ ကရောန္တော သဿတံ ဥစ္ဆေဒံ ကာမသုခံ အတ္တကိလမထန္တိ ဣမေ စ အန္တေ အနုပဂစ္ဆန္တော အာဂတောတိ သမ္မာဂတတ္တာပိ သုဂတော"ဆိုတဲ့ စကားကို ထောက်ဆပြီးတော့ "ဘုရားအလောင်းတော်ဟာ

ကာမသုခလမ်း၊ အတ္တကိလမထလမ်းတို့ကို လိုက်ခဲ့ပြီးမှ စွန့်ပယ်ခဲ့တယ်”လို့ ယူဆစွဲလမ်းပြီး ကာမချမ်းသာ သုံးဆောင်တာကိုမှ “ကာမသုခလ္လိကာ နုယောဂ” လို့ ယူလိုကြတယ်။ အဲဒီလိုဟုတ်ရင် ကာမသုခလ္လိကအကျင့်ဟာ အလွန်နယ်ကျဉ်းသွားတယ်။ သုဂတိနိဗ္ဗာန်ရောက်ကြောင်း အနေနဲ့ ယူဆစွဲလမ်းပြီး ကာမဂုဏ်ခံစားတဲ့သူဆိုတာက အရှားသားပဲ။ ယခုနေအခါဆိုရင် မရှိသလောက်ပါပဲ။ ဘုရားလက်ထက်ဆီကလည်း “အဲဒီလိုအယူရှိတဲ့သူက အလွန်နည်းဟန်တူပါတယ်” နောက်ပြီးတော့ “အဲဒီလို အယူမရှိဘဲနဲ့ ကာမဂုဏ်ကို သုံးဆောင်ရင် ကာမသုခလ္လိကာနုယောဂ မဖြစ်ဘူး”လို့လည်း အဲဒီတချို့ပုဂ္ဂိုလ်တွေက ယူလိုကြတယ်။

အဲဒီလိုဆိုတော့ ရှင်ရဟန်းများလည်း အဲဒီလိုအယူမရှိရင် ကာမချမ်းသာကို သုံးဆောင်ကောင်းတယ်လို့ ခွင့်ပြုရလိမ့်မယ်။ ဒီလိုတော့ ခွင့်မပြုသင့်ပေဘူး။ ဘာကြောင့်လဲဆိုရင် မြတ်စွာဘုရားအလိုတော်က “ကာမချမ်းသာခံစားမှုကို မမှီဝဲအပ်”လို့ ဟောရာမှာ ကာမရာဂ ကိလေသာမဖြစ်စေလို၍ ဟောတော်မူတာပဲ။ ဒါကြောင့် ဒီဃနိကာယ် ပါထိကဝဂ် သမ္ပသာဒနီယသုတ်၌ အဋ္ဌကထာက “ကေဏိယရသေ့ အစရှိသော အခြားသမဏ ဗြာဟ္မဏတို့သည် ‘တမလွန်လောကရှိကြောင်း ဘယ်သူသိသလဲ၊ ဤရသေ့မလေး၏ နူးညံ့သောလက်မောင်းအတွေ့က ချမ်းသာတယ်’စသည်ဖြင့် စွဲလမ်းပြီးတော့ ဆံထုံးဖွဲ့ထားသည့် ရသေ့မလေးတို့နှင့် ပျော်ပါးကုန်၏။ ရောက်လာတိုင်းသော ရူပါရုံ အစရှိသောအာရုံကို ခံစားကုန်လျက် ကာမချမ်းသာကို အားထုတ်ခံစားကုန်၏။ မြတ်စွာဘုရားသည်ကား ယင်းသမဏ ဗြာဟ္မဏတို့ကဲ့သို့ အားထုတ်ခြင်းမရှိဟု ပြသည်”ဟု ဖွင့်ထားပေသည်။

ထို့ပြင် “အချို့ သမဏ ဗြာဟ္မဏတို့သည် ကာမသုခအကျင့်ကို ကြဉ်ရှောင်မည်ဟု ရည်ရွယ်၍ ကိုယ်ပင်ပန်းအောင်ကျင့်သည်၊ ကာယကိလမထ အကျင့်သို့ ပြေးဝင်ကြသည်။ ထိုကာယကိလမထအကျင့်မှ လွတ်စေမည်ဟု ရည်ရွယ်၍ ကာမချမ်းသာခံစားမှုသို့ ပြေးဝင်ကြသည်။ မြတ်စွာဘုရားသည်ကား ထိုကဲ့သို့မဟုတ်ပေ။ ယင်းအစွန်း ၂ ပါးကိုကြဉ်၍ မဇ္ဈိမပဋိပဒါခေါ်သော သမ္မာပဋိပတ်ကိုသာ ကျင့်တော်မူသည်” ဟူ၍လည်း ထိုအဋ္ဌကထာ၌ ပြဆိုထားပေသည်။ ယင်းပြဆိုချက်၌ “အလယ်လမ်းမှန်ကို မသိကြသော သမဏ ဗြာဟ္မဏတို့သည် ကာမသုခလမ်းကို ကြဉ်ရှောင်လျှင် အတ္တကိလမထအကျင့်သို့

ရောက်ကြသည်။ ထိုအတ္တကိလမထလမ်းကို ကြည်ရှောင်လျှင် ကာမသုခအကျင့်သို့ ရောက်ကြသည်" ဆိုသော အချက်ကို လေးလေးနက်နက် သတိပြုသင့်၏။ အကယ်၍ သုဂတိနိဗ္ဗာန်ရောက်ကြောင်း အကျင့်ဟု ယူဆပြီး ခံစားမှ ကာမသုခလ္လိကအကျင့်ဖြစ်လျှင် အစာ အဝတ် စသည့် အလုံးစုံကိုစွန့်ရန် လိုမည်မဟုတ်။ ထိုအယူအစွဲနှင့် မေထုန်အမှုကို စွန့်ရုံမျှဖြင့် အတ္တကိလမထအကျင့်မဖြစ်တန်ရာ။ ထိုသို့သော အယူအစွဲမရှိသူတို့မှာ အတ္တကိလမထအကျင့်ကိုစွန့်၍ ကာမဂုဏ်အာရုံတို့ကို သုံးဆောင်ရုံမျှဖြင့်လည်း ကာမသုခလ္လိကအကျင့်မဖြစ်နိုင်ရာ။

(ဓမ္မစကြာတရားတော်ကြီး)

## ဆင်ခြင် ရှုပွား၍ သုံးဆောင်လျှင်

အမှန်စင်စစ်ကတော့ ကာမသုခအကျင့်နှင့် အတ္တကိလမထအကျင့်သည် ဖြောင့်ဖြောင့်ဆန့်ကျင်သော အကျင့်များဖြစ်သည်။ ထို့ကြောင့် ကာမသုခအကျင့်မှ လွတ်စေရန် အစာ အဝတ် စသော အလုံးစုံကို ပယ်စွန့်ခြင်းဖြင့် ကိုယ်ကို ညှဉ်းဆဲသောအကျင့်ဖြစ်သည်။ ကိုယ်အပင်ပန်းမခံဘဲ အစာ အဝတ် စသည်ကို သုံးဆောင်ခြင်းဖြင့် ကာမသုခအကျင့် ဖြစ်သွားသည်။ ထိုသို့ဖြစ်ပုံကို အဋ္ဌကထာ၌ ပြထားပေသည်။ ထို့ပြင် မဇ္ဈိမပဏ္ဏာသ ပါသရာသိသုတ် အဋ္ဌကထာ (နှာ ၉၇-၈)၌ "ပဗ္ဗဇိတာနံ- ရှင်ရဟန်းတို့အား၊ စတူသု ပစ္စယေသု- ပစ္စည်းလေးပါးတို့၌၊ အပ္ပစ္စဝေက္ခိတပရိဘောဂေါ- မဆင်ဘဲ သုံးဆောင်ခြင်းသည်၊ အနရိယ ပရိယေသနာ ဧဝ- ယုတ်ညံ့သော ရှာမှီးခြင်းသာတည်း"လို့ ပြဆိုထားပါတယ်။ အဲဒီအနရိယပရိယေသနနှင့် ကာမသုခလ္လိကာ နုယောဂဟာ သဘောအားဖြင့် အတူတူပါပဲ။ ဒါကြောင့် ရှင်ရဟန်းများမှာ ပစ္စည်းလေးပါးကို ဉာဏ်ဖြင့် မဆင်ခြင်ဘဲ သုံးဆောင်လျှင် အနရိယပရိယေသနလည်းဖြစ်သည်။ ကာမသုခလ္လိကလည်း ဖြစ်သည်။

ပွဲလမ်းသဘင် စသည်၊ ဝိသဘာဂ အာရုံ စသည်ကို သုံးဆောင်ခံစားလျှင်မူ ကာမသုခအကျင့်ဖြစ်ကြောင်း အထူးပြောဆိုဖွယ်ပင် မလိုတော့ပေ။ ပစ္စည်းလေးပါးကို ဆင်ခြင်ပြီး သုံးဆောင်လျှင် အနရိယ ပရိယေသနမှ လွတ်သည်။ ကာမသုခအကျင့်လည်း မဖြစ်။ သမထဝိပဿနာဖြင့်ရှု၍ သုံးဆောင်ပါမူ

ကာမသုခအကျင့်မှ လွတ်ကြောင်း အထူးပြောစရာမလိုပါဘူး၊ မေတ္တာဘာဝနာ အစရှိသော သမထဘာဝနာကို ပွားနေရင်တောင်မှ မိမိအတွက်ရော ဒကာ ဒကာမတွေအတွက်ရော အကျိုးများကြောင်း စသည်ကို အင်္ဂုတ္တရနိကာယ် ဧကနိပါတ် (နှာ ၉၊ သုတ်အမှတ် ၅၃၊ ၅၄၊ ၅၅ နှင့် နှာ ၄၁၊ သုတ်အမှတ် ၃၈၂ မှ ၅၆၂ အထိ) ပါဠိများနှင့် ယင်းတို့၏ အဖွင့်အဋ္ဌကထာ များမှာ ပြထားပါသည်။ နောက်ပြီးတော့ ကာမဂုဏ်အာရုံကို နှစ်သက်သာယာ ပြီး သုံးဆောင်မှုဟူသမျှဟာ ကာမသုခလ္လိကာနုယောဂ မည်ကြောင်း၊ ယင်း အကျင့်မှ ဗုဒ္ဓဘုရား၏ တပည့် ရှင်ရဟန်းများ ကြဉ်ရှောင်သင့်ကြောင်းများကို ဒီဃနိကာယ် ပါထိကဝဂ် ပါသာဒိကသုတ် (နှာ ၁၀၈)၌ "ဣဓစေကစ္စော ပဉ္စဟိ ကာမ ဂုဏေဟိ သမပ္ပိတော သမင်္ဂီဘူတော ပရိစာရေတိ၊ အယံ စတုတ္ထော သုခလ္လိ ကာနုယောဂေါ" စသည်ဖြင့် ဟောထားပါသည်။

(ဓမ္မစကြာတရားတော်ကြီး)

## ဘုရားလောင်းနှင့် အတ္တကိလမထာနုယောဂ

နောက်တစ်ချက်ကတော့ ဘုရားအလောင်းတော်ဟာ လောမဟံသဇာတ် ဘဝတုန်းက အတ္တကိလမထာနုယောဂအကျင့်ကို အပြည့်အစုံကျင့်ခဲ့ကြောင်း ဇာတ်အဋ္ဌကထာမှာရော မူလပဏ္ဏာသ မဟာသီဟနာဒသုတ် (နှာ ၁၁၁ စသည်) မှာရော အထင်အရှား ပြဆိုဟောကြားထားသည်။ ထို့ပြင် ပစ္ဆိမဘဝ၌ ၆ နှစ် ပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်ကြောင်း မူလပဏ္ဏာသ မဟာသစ္စကသုတ် စသည်၌ ဟောထားပါသည်။ ယင်းဒုက္ကရစရိယာအကျင့်ကို မာရသံယုတ် ပါဠိနှင့် အဋ္ဌကထာတို့၌ အတ္တကိလမထာနုယောဂ အကျင့်ဖြစ်ကြောင်း ပြထား ပါသည်။ ထိုအကြောင်းအရာများကိုတော့ ဤတရားတော်၌ ပြခဲ့ပြီးပင် ဖြစ်ပါ သည်။

ဒါကြောင့် ဘုရားအလောင်းတော်ဟာ နိယတဗျာဒိတ် ခံယူခဲ့သည်မှစ၍ ဗောဓိမဏ္ဍိုင်အထိ ဒီအတောအတွင်းမှာ အတ္တကိလမထာနုယောဂအကျင့်သို့ တစ်ကြိမ်တစ်ခါမျှ မကပ်ရောက်ခဲ့ဘူးလို့ မဆိုနိုင်ပါ။ သို့ဖြစ်၍ ထိုအကျင့် ၂ ပါးသို့ ဘုရားအလောင်းတော် မကပ်ရောက်ဟု သုဂတဂုဏ်အဖွင့်၌ ဆိုခြင်းမှာ ထိုအကျင့်များ၌ ကပ်ရောက်စွဲမြဲ၍ မတည်။ ထိုအကျင့် ၂ ပါးမှ ထွက်ခွာ၍

မဇ္ဈိမပဋိပဒါအကျင့်ကို ကျင့်ခြင်းဖြင့် ဘုရားအဖြစ်သို့ ရောက်တော်မူခြင်းကိုသာ ရည်ရွယ်သည်ဟု ယူလျှင် အားလုံးညီညွတ်၍ သင့်ရာ၏။ ထိုအဖို့ အစွန်း ၂ ပါးကို မကပ်ရောက်မူ၍ အလယ်လမ်းအကျင့်ကို ငါသိလာပြီဟု မိန့်ကြားတော်မူရာ၌လည်း ဤနည်းပင်ဟု ယူရာ၏။

(ဓမ္မစကြာတရားတော်ကြီး)

## အစွန်းနှစ်ဖက်မှ လွတ်အောင်ကျင့်ပုံ

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ဆိုတဲ့ ကာမအာရုံငါးပါးထဲ သီလသိက္ခာနှင့် မဆန့်ကျင်တဲ့အာရုံများ၊ တရားကျင့်ရန် အထောက်အပံ့ ဖြစ်တဲ့ ပစ္စည်းများကို သုံးဆောင်နိုင်တယ်။ အဲဒီလို သုံးဆောင်သင့်တာကို သုံးဆောင်တဲ့ အတွက် ကိုယ်မပင်ပန်းဘဲ ချမ်းသာစွာ တရားကျင့်သုံးနိုင်တယ်။ ဒါကြောင့် အတ္တကိလမထအဖို့ အစွန်းမှလွတ်တယ်။ သုံးဆောင်သင့်တဲ့ ပစ္စည်းလေးပါးကို သုံးဆောင်တဲ့အခါ ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်၍ သုံးဆောင်ရတယ်။ သို့မဟုတ် သမထဝိပဿနာဖြင့် ရှု၍ သုံးဆောင်ရတယ်။ အာရုံငါးပါးကို တွေ့ရတဲ့အခါလည်း ဝိပဿနာဖြင့် ရှု၍ သိရတယ်။ အဲဒီလို ပစ္စဝေက္ခဏာ၊ သမထ၊ ဝိပဿနာရှုဆင်ခြင်၍ သုံးဆောင်တဲ့အတွက် ကာမချမ်းသာကို နှစ်သက် သာယာပြီး ခံစားတဲ့ ကာမသုခလ္လိကအဖို့ အစွန်းမှလည်း လွတ်တယ်။

(ဓမ္မစကြာတရားတော်ကြီး)

## စာကျက်မှတ်ပြီး ဉာဏ်စဉ်တွေ တက်ကြသတဲ့

အဘိဓမ္မာဆိုင်ရာ ကျမ်းဂန်တွေမှာ ပြထားတဲ့အတိုင်း သရုပ်ခွဲပုံကို ကျက်မှတ်ပြီး ရှုမယ်ဆိုရင်တော့ ဘူတရုပ်ကစပြီး မရှုဘဲ ဥပါဒါရုပ်ကစပြီး ရှုရင်လည်း ဖြစ်နိုင်တာပဲ။ ရုပ်ကစပြီး မရှုဘဲ နာမ်ကစပြီး ရှုရင်လည်း ဖြစ်နိုင် တာပဲ။ ရုပ်နာမ်ကို မရှုတော့ဘဲ ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် အကြောင်းအကျိုးက စပြီး ရှုရင်လည်း ဖြစ်နိုင်တာပဲ။ အဖြစ်အပျက်ကစပြီး ရှုရင်လည်း ဖြစ်နိုင်တာပဲ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာသုံးပါးကစပြီး တင်၍လည်း ရှုနိုင်တာပဲ။ ဒါကြောင့် တချို့က "နာမရူပ ပရိစ္ဆေဒဉာဏ်မှ စပြီး ရှုတာက နှေးတယ်။ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်မှစပြီးရှုတာက မြန်တယ်။ နှေးတဲ့ရှုနည်းကို

မကြိုက်ဘူး၊ မြန်တဲ့ရှုနည်းကို ကြိုက်တယ်”လို့တောင် ပြောတတ်ကြသေးတာပဲ။ ဒါပေမဲ့ အဲဒီလို ရုပ်နာမ်တွေ၏ သရုပ်သဘောတွေကို ကျက်မှတ်ထားဖူးသည့် အတိုင်း အလိုရှိရာမှစပြီး ရှုတာကတော့ ထူးခြားတဲ့ ဝိပဿနာဉာဏ်အစစ် မဖြစ်ပါဘူး။ “ရှေးရှေးကာလထက် နောက်နောက်ကာလ၌ ထူးခြားတဲ့ အသိဉာဏ် ဖြစ်ပေါ်လာတာကို တွေ့တယ်”ဆိုတဲ့ ဒေသနာတော်နဲ့အညီ ဖြစ်ပုံကိုလည်း မတွေ့ရပါဘူး။

စာသင်သားများမှာ ကျက်မှတ်ထားပြီး စာကို အဖန်ဖန် ရွတ်ပြန်နေရင် အဲဒီစာ ကျေကျေညက်ညက်ဖြစ်သလို မိမိတို့ ကျက်မှတ်ထားဖူးတဲ့အတိုင်း ရုပ်နာမ်သရုပ်သဘောတွေ ကျေရုံမျှရှိတာပါပဲ။ မဖြစ်ဖူးတဲ့ အသိထူး၊ ဉာဏ်ထူး ဖြစ်လာတာကိုတော့ မတွေ့ကြရပါဘူး။ ဒါကြောင့် ထင်ရှားတဲ့ကမ္မဋ္ဌာန်းဌာနကြီးတစ်ခုမှ သုတမယဉာဏ်ဖြင့် ကျက်မှတ်ပြီးတော့ ဝိပဿနာဉာဏ်စဉ်တွေ အစဉ်အတိုင်း တက်တက်ပြီး ပွားများကြသတဲ့။ ဒါပေမဲ့ သင်္ခါရုပေက္ခာဉာဏ်ကို ပွားပြီးတဲ့အခါကျတော့ အနုလောမ၊ ဂေါတြဘု၊ မဂ် ဖိုလ်ဉာဏ်တွေကို အဲဒီနည်းဖြင့် တက်ပြီး ပွားလို့မဖြစ်တာနဲ့ အစမှ တစ်ပတ်ပြန်ပြီး ပွားများကြရတယ်လို့ တစ်ဆင့်စကား ကြားရဖူးတယ်။ အဲဒါဟာ ဝိပဿနာဉာဏ်ထူး တရားထူးတွေကို ကိုယ်တက်ချင်တိုင်း တက်လို့မဖြစ်ဘူးဆိုရာမှာ သာဓကပါပဲ။

(ဓမ္မစကြာတရားတော်ကြီး)

## ကြားနာကျက်မှတ်ပြီး သိရုံနဲ့ ကိစ္စပြီးတယ်တဲ့

သစ္စာကိုသိအောင်ရှုတာ မဟုတ်ပါဘဲ မဂ္ဂင်ကို ပွားစေတာ မဟုတ်ပါဘဲ တခြားနည်းအကျင့်တွေ ယုံကြည်စွဲလမ်းမှု ဟူသမျှဟာ သီလဗ္ဗတပရာမာသ ဒိဋ္ဌိချည်းပဲ။ ယခုခေတ်မှာ “ရုပ်နာမ် သဘောတရားတွေကို ကြားနာကျက်မှတ်ပြီး သိရုံနဲ့ ကိစ္စပြီးတယ်၊ ဘာဝနာအလုပ်တွေကို အားထုတ်ဖို့ မလိုဘူး။ သီလကိုတောင် ဆောက်တည်ဖို့ ကျင့်ဖို့ မလိုဘူး” ဟောပြောနေကြတာတွေ ရှိတယ်။ အဲဒီဝါဒအတိုင်း ယုံကြည်စွဲလမ်းနေရင် သီလဗ္ဗတပရာမာသအယူမှ လွတ်မလွတ် စဉ်းစားကြည့်ကြရမယ်။ ဘုန်းကြီးအမြင်အားဖြင့်တော့ အဲဒီဟောပြောချက်ထဲမှာ သီလ၊ သမာဓိ၊ ဝိပဿနာပညာဆိုတာ မပါတဲ့အတွက် သီလဗ္ဗတပရာမာသ အယူထဲမှာ ပါဝင်နေတယ်လို့ပဲ ထင်မြင်ပါတယ်။

(ဓမ္မစကြာတရားတော်ကြီး)

## ကုသိုလ်ပြုရင် သံသရာရှည်သတဲ့

တချို့က "ဒါနအစရှိသော ကုသိုလ်တွေပြုရင် သံသရာရှည်တယ်။ ကုသိုလ်ဟာ အဝိဇ္ဇာကြောင့်ဖြစ်တဲ့ သင်္ခါရပဲ။ ဒါကြောင့် သင်္ခါရပစ္စယာ ဝိညာဏံ ဆိုတဲ့ ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်အရ ကုသိုလ်သင်္ခါရက ဘဝသစ်ဝိညာဏ်အကျိုးကို ဖြစ်စေတယ်။ ဒါကြောင့် ကုသိုလ်ကိုလည်း ပယ်ရမယ်" စသည်ဖြင့် ဘုရားအလိုတော်နှင့် ဆန့်ကျင်တဲ့ အလွဲမှားတွေကို ဟောပြောနေကြတယ်။

အမှန်ကတော့ ကုသိုလ်ကိုပယ်ရင် အကုသိုလ်တွေချည်း ဖြစ်နေတော့မှာပဲ။ အဲဒါကမှ သံသရာရှည်ရုံမျှမကဘဲ အပါယ်လေးပါးမှာချည်း ဖြစ်သွားဖို့အကြောင်းပဲ။ သံသရာရှည်တာက အဝိဇ္ဇာ၊ တဏှာ အစရှိတဲ့ ကိလေသာတွေကြောင့်ပဲ။ ကုသိုလ်က အဲဒီကိလေသာတွေကို ပယ်နိုင်တယ်။ အဲဒီလိုပယ်နိုင်အောင် ကုသိုလ်တရားတွေကို ဖြစ်ပွားစေရတာပဲ။ သာမန်ကုသိုလ်ကလည်း သုဂတိဘဝသို့ရောက်စေပြီးတော့ အဲဒီသုဂတိမှာ သူတော်ကောင်းတရားကြားနာခြင်း၊ တရားကျင့်ခြင်းဖြင့် အရိယာအဖြစ်သို့ ရောက်စေလျက် အပါယ်ဆင်းရဲ၊ သံသရာဆင်းရဲများမှ လွတ်မြောက်စေနိုင်ပါတယ်။ အဲဒါဟာ ဖားနတ်သားဝတ္ထုဖြင့် ထင်ရှားပါတယ်။ အဲဒီနတ်သားဟာ ဖားဘဝတုန်းက မြတ်စွာဘုရားဟောတဲ့တရားကို အနက်အဓိပ္ပာယ် နားမလည်ဘဲ ကြည်ညိုရုံမျှဖြင့် နာခဲ့တဲ့ကုသိုလ်ကြောင့် နတ်ဘဝရောက်ရတယ်။ အဲဒီနတ်ဘဝမှာ ဘုရားထံ၌ တရားကိုနာရပြန်တော့ သောတာပန်ဖြစ်သွားပါသတဲ့။ ဒါကြောင့် မဖြစ်ဖူးသေးတဲ့ကုသိုလ်ဟူသမျှကို ဖြစ်အောင်အားထုတ်ရတယ်။ အထူးအားဖြင့် အရိယမဂ်ကုသိုလ်ဖြစ်အောင် ဝိပဿနာကုသိုလ်ကို ဖြစ်ပွားစေရတယ်။ အဲဒီလိုဖြစ်ပွားအောင် အားထုတ်တိုင်း အားထုတ်တိုင်း သမ္မာဝါယမ မဂ္ဂင်ဖြစ်ပွားတယ်။

(ဓမ္မစကြာတရားတော်ကြီး)

## ဓမ္မစကြာတရားတော်မှာ
## မဂ္ဂင်ရှစ်ပါးအကျယ် ဟော မဟော

ယခုလက်ရှိ ဓမ္မစကြာသုတ်တရားတော်ထဲမှာ မဂ္ဂင်ရှစ်ပါးကို ခေါင်းစဉ်မျှသာ တွေ့ရတယ်။ ဒီဓမ္မစကြာတရားကို ပထမစပြီး မြတ်စွာဘုရားဟောတော်

မူစဉ်တုန်းက တရားထူးကို သိမြင်ကြမည့် အရှင်ကောဏ္ဍညနှင့်တကွ ဗြဟ္မာတွေ နတ်တွေဟာ သမ္မာသတိဆိုတဲ့ ဒီစကားလုံးကလေး ကြားရုံမျှဖြင့်ပင် "ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မကို မှန်စွာအမှတ်ရပြီးသိတဲ့ သတိပဋ္ဌာန်လေးပါးကို ဆိုတယ်" လို့ သိနားလည်သွားကြပါသလား။ "ကိုယ်အမူအရာတွေ၊ ခံစားမှုတွေ၊ စိတ်ကူးကြံသိမှုတွေ၊ သဘောတရားတွေကို ဖြစ်တိုင်းဖြစ်တိုင်း လိုက်ပြီး အမှတ်ရတာကို သမ္မာသတိ ခေါ်တယ်။ အဲဒီ ကိုယ်အမူအရာ စသည်တွေ ဖြစ်တိုင်းဖြစ်တိုင်း အမှတ်ရပြီး အဲဒီသမ္မာသတိကို ပွားစေရမယ်" လို့တော့ သိနားလည်သွားကြပါသလား။ အဲဒါစဉ်းစားစရာပဲ။ အဲဒီလိုမသိရင် နားမလည်ရင်တော့ အဲဒီ သမ္မာသတိကို ပွားစေရန် မစွမ်းနိုင်ကြပေဘူး။ အဲဒီသမ္မာသတိမဖြစ်ရင် အရိယမဂ်ဖိုလ်တရားထူးကို မရနိုင်ကြပေဘူး။

ဒါကြောင့် အဲဒီတုန်းက အရှင်ကောဏ္ဍညနှင့် ဗြဟ္မာတွေ၊ နတ်တွေဟာ တရားဦးကို နာပြီး ကျွတ်တမ်းဝင်ကြမည့် ပါရမီထူးရှိသူများဖြစ်သောကြောင့် သမ္မာသတိဆိုတဲ့ စကားလုံးကို ကြားရရုံနဲ့ "ဖြစ်တိုင်း ဖြစ်တိုင်းသော ကိုယ်အမူအရာ စသည်ကို ရှုမှတ်လျက် သမ္မာသတိမဂ္ဂင်ကို ပွားစေရမယ်" ဆိုတာ သိနားလည်ကြပြီး အဲဒီအတိုင်း ဖြစ်ပွားစေကြတဲ့အတွက် တရားထူးကို ရသွားကြတယ်လို့ ဒီလိုရင်လည်း မှတ်ယူရမယ်။ သို့မဟုတ် အဲဒီတုန်းက မဂ္ဂင်ရှစ်ပါးကိုလည်း အများနားလည်လောက်အောင် ဖွင့်ပြဟောကြားခဲ့တယ်။ သတိပဋ္ဌာန်လေးပါး ပွားများပုံကိုလည်း အများနားလည်လောက်အောင် ဖွင့်ပြဟောကြားခဲ့တယ်။ ဒါပေမဲ့ အဲဒီအကျယ်ဖွင့်ပြချက်တွေက အခြားသုတ်တွေမှာ အသီးအခြားရှိနေတဲ့အတွက် ပဌမသံဂါယနာတင်တဲ့အခါမှာ ဒီဓမ္မစက္က ပဝတ္တနသုတ်၌ မဂ္ဂင်ရှစ်ပါးကို ဒီနေရာမှာရော၊ နောက်မဂ္ဂသစ္စာအရာမှာရော ခေါင်းစဉ်အမည်မျှသာ အကျဉ်းချုံးပြီး သံဂါယနာတင်ခဲ့တယ်လို့ ဒီလိုရင်လည်း မှတ်ယူရမယ်။

ဒီလိုအကျဉ်းချုံးပြီး သံဂါယနာတင်တဲ့ အခြားသုတ် ရှိပါရဲ့လားလို့မေးရင် ရှိပါတယ်လို့ ဖြေနိုင်ပါတယ်။ ဘယ်သုတ်လဲဆိုရင် မူလပဏ္ဏာသမှာ သတိပဋ္ဌာနသုတ် ဆိုတာပါပဲ။ အဲဒီသုတ်ဟာ မဟာသတိပဋ္ဌာနသုတ်ကို အကျဉ်းချုံးပြီး ပဌမပိုင်းမျှကိုသာ မူလက သံဂါယနာတင်ခဲ့ပါတယ်။ သို့သော်လည်း အဲဒီ နောက်ပိုင်း အဖွင့်ကတော့ အဲဒီမူလပဏ္ဏာသ အဋ္ဌကထာမှာ မရှိပါဘူး။ ဒီပြင်လည်း အခြားနိကာယ်က သုတ်ရှည်တွေကို ခုဒ္ဒကနိကာယ်ထဲမှာချုံးပြီး သံဂါယနာတင်ထားတာတွေ ရှိပါတယ်။ ဒါကြောင့် ဒီနေရာမှာလည်း အကျယ်ဖွင့်ပြ

ချက်တွေကို ပထမသံဂါယနာတင်စဉ်က ချွင်းချန်ပြီး အတိုချုံး သံဂါယနာတင်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

အဲဒီလိုဆိုရင်တော့ မဂ္ဂင်ရှစ်ပါးခေါင်းစဉ်အမည်မျှကလေးဖြင့် အကျယ်အနက်တွေကို ဘယ်လိုသိနိုင်ကြပါလိမ့်မလဲလို့ စဉ်းစားစရာမလိုတော့ဘူး။ ယခုနေအခါမှာဆိုရင် ယခု ဘုန်းကြီးရွတ်ဆိုဟောပြတဲ့ သတိပဋ္ဌာန်လေးပါး အကြောင်းကိုလည်း သိကြပါလျက် အဲဒီအကျဉ်းချုပ် ဥဒ္ဒေသစကား၏အကျယ်ဖြစ်တဲ့ မဟာသတိပဋ္ဌာနသုတ်ကြီးကိုလည်း တွေ့နေကြပါလျက်၊ အဲဒီသုတ်၏ အဋ္ဌကထာအဖွင့်တွေကိုလည်း တွေ့နေကြပါလျက် "သမ္မာသတိမဂ္ဂင်ကို ဘယ်လို ပွားစေရမယ်" လို့ တိတိကျကျ နားလည်တဲ့ ပုဂ္ဂိုလ်က အနည်းသားပဲ။ ဒါကြောင့် ဟိုတုန်းကလည်း အများနားလည်အောင် မြတ်စွာဘုရားက အကျယ်ဖွင့်ပြဟောကြားခဲ့တယ်လို့ပဲ ဘုန်းကြီးက သဘောကျပါတယ်။

(မဟာစကြာတရားတော်ကြီး)

## စာသင်သား၏ သမာဓိနှင့် ဝိပဿနာ

ဓာတုမနသိကာရပိုင်းအရအားဖြင့် ထင်ရှားပေါ်လာတဲ့ ဓာတ်ကြီးလေးပါးကိုလည်း ရှုရမယ်။ အဲဒီလိုရှုလို့ နီဝရဏကင်းတဲ့အခါ ဥပစာရသမာဓိဖြစ်ကြောင်း ဝိသုဒ္ဓိမဂ်မှာ အထင်အရှား ပြဆိုထားတာကိုလည်း အထူးသတိပြုကြရမယ်။ အဲဒါဟာ မည်သည့်အပ္ပနာသမာဓိ၏ အနီး၌မျှဖြစ်တာမဟုတ်တဲ့အတွက် ဥပစာရသမာဓိအစစ်မဟုတ်ကြောင်း၊ ဥပစာရသမာဓိအစစ်နှင့် နီဝရဏကင်းပုံချင်း၊ စိတ်တည်ကြည်ပုံချင်း တူညီတဲ့အတွက် သဒိသူပစာအားဖြင့် ဥပစာရသမာဓိခေါ်တဲ့အကြောင်း ဝိသုဒ္ဓိမဂ် မဟာဋီကာ (ပ-၄၃၆)မှာ ပြဆိုထားတယ်။ အဲဒါကို ဝိပဿနာအနေနဲ့ဆိုရင် ဝိပဿနာ ခဏိကသမာဓိလို့ ခေါ်ရမှာပဲ။ ဒါကြောင့် ဘုန်းကြီးက ဝိပဿနာ ခဏိကသမာဓိလို့လည်း ဖော်ပြနေပါတယ်။ အဲဒါကို တချို့က သဘောမပေါက်တဲ့အတွက် ခဏိကသမာဓိဖြင့် ဝိပဿနာ မဖြစ်နိုင်ကြောင်း၊ အကယ်၍ ဖြစ်နိုင်ပါလျှင် စာသင်သားတွေမှာ ဝိပဿနာဉာဏ်တွေ ဖြစ်နိုင်ဖွယ်ရှိကြောင်း အပြစ်ပြပြီး ပြောဆိုနေတယ်။

စာသင်သားတွေ၏ သမာဓိဟာ နီဝရဏကင်းလောက်အောင် အားရှိရင် မဟာသတိပဋ္ဌာနသုတ် ဒေသနာနှင့်အညီ ဖြစ်ဆဲရုပ်နာမ်ကို ရှုမှတ်နေတာလည်း ဟုတ်ရင် ဝိပဿနာဉာဏ် ဖြစ်နိုင်ပါတယ်လို့ ဘုန်းကြီးတို့က လက်ခံနိုင်ပါတယ်။

ဒါပေမဲ့ ကျက်မှတ်လေ့လာထားတဲ့ သရုပ်သဘောတွေကို ရွတ်ဆိုဆင်ခြင်နေတဲ့ သမာဓိမျှဖြင့် နီဝရဏလည်း မကင်းကြောင်း၊ ဖြစ်ဆဲရုပ်နာမ်ကို ရှုနေတာလည်း မဟုတ်ကြောင်း ထင်ရှားပါတယ်။ ဒါကြောင့် အဲဒီလိုအပြစ်ပြပြီး ပြောနေတဲ့ ပုဂ္ဂိုလ်ဟာ ဝိပဿနာလုပ်ငန်းအစစ်ကို နားမလည်လို့ ပြောနေတာပါပဲ။ ဝိသုဒ္ဓိမဂ်(ပ၊ ၂၈၁)မှာ ဝိပဿနာ ခဏိကသမာဓိကို ခဏိကစိတ္တေကဂ္ဂတာလို့ ပြဆိုထားပါတယ်။ ယင်း၏အဖွင့်ဋီကာ၌ ခဏမတ္တဋ္ဌိတိကော သမာဓိ စသည်ဖြင့် ပြထားပါတယ်။ အဲဒီအဋ္ဌကထာ၊ ဋီကာများကိုလည်း အမှီပြုပြီးတော့ ဘုန်းကြီးက သဒိသူပစာ ဥပစာရသမာဓိကို ဝိပဿနာခဏိကသမာဓိလို့ မုချအမည်ဖြင့် ပြဆိုထားခြင်း ဖြစ်ပါတယ်။ အဲဒီအချက်တွေကို သဘောပေါက်ရင်တော့ ရှင်းနေမှာပါပဲ။

(မမ္ဘစကြာတရားတော်ကြီး)

## သတိပဋ္ဌာန် မပါလျှင် ပညာ မဖြစ်

တရားနာနေရင်း အရိယမဂ်ဖိုလ်တရားထူးကို ရသွားကြတယ်ဆိုတာလည်း ဒီသတိပဋ္ဌာန်လမ်းဖြင့်သာလျှင် ဖြစ်ဆဲကိုယ်ရုပ်ဖြစ်စေ၊ ဝေဒနာဖြစ်စေ၊ စိတ်ဖြစ်စေ၊ သဘောတရားဖြစ်စေ တစ်ပါးပါးကို ရှုသိပြီး တရားထူးကို ရသွားကြတာပါ။ နာကြားရုံမျှနဲ့ မဟုတ်ပါဘူးတဲ့၊ ဘာကြောင့်လဲဆိုတော့ သတိပဋ္ဌာန်၏ အာရုံရှုကွက်ဖြစ်တဲ့ ကာယ၊ ဝေဒနာ၊ စိတ်၊ သဘောတရားဆိုတဲ့ ဒီလေးခုထဲက တစ်ခုခုကိုမျှ မရှုဘဲ ဝိပဿနာပညာလည်း ဖြစ်ရိုးမရှိ၊ အရိယမဂ်ပညာလည်း ဖြစ်ရိုးမရှိ၊ ဒါကြောင့်ပါပဲတဲ့။

## ဈာန်မရဘဲ ဝိပဿနာမရှုကောင်းဘူးတဲ့

တချို့က "ဈာန်သမာဓိကိုရမှ စိတ္တဝိသုဒ္ဓိပြည့်စုံပြီးတော့ ဝိပဿနာရှုကောင်းတယ်၊ ဈာန်သမာဓိကို မရရင် စိတ္တဝိသုဒ္ဓိ မပြည့်စုံတဲ့အတွက် ဝိပဿနာရှုလို့ မဖြစ်နိုင်ဘူး"လို့ ဒီလိုပြောဆိုနေကြတာလည်း အနည်းငယ်ရှိတယ်။ ဒါကတော့ တစ်ဖက်သတ်ကျလွန်းတဲ့ အယူအစွဲပါပဲ။ ဈာန်၏အနီးကပ်ဖြစ်တဲ့ ဥပစာရသမာဓိလောက်ရရင် နီဝရဏကိလေသာတွေ ကင်းနေတဲ့အတွက် အဲဒီ ဥပစာရသမာဓိဖြင့်လည်း စိတ္တဝိသုဒ္ဓိ ပြည့်စုံပြီး ဝိပဿနာရှုကောင်းကြောင်း၊

ထိုသို့ရှုခြင်းဖြင့် အရဟတ္တဖိုလ်အထိ ရောက်နိုင်ရနိုင်ကြောင်း၊ ရောက်ဖူးရဖူးသူ တွေလည်း များစွာရှိကြောင်း ဝိသုဒ္ဓိမဂ်ကျမ်း စသည်မှာ အထင်အရှားပြဆို ထားချက်တွေ ရှိနေပါတယ်။ ဘုရားဟော သုတ္တန်ပါဠိတော်များမှာလည်း "ဥပစာရသမာဓိလောက်သာ ရနိုင်တဲ့ တ္ကရိယာပထပိုင်း ရှုနည်း စသည်ဖြင့် အရဟတ္တ မဂ်ဖိုလ်အထိ ရောက်နိုင်ကြောင်း (မဟာသတိပဋ္ဌာနသုတ် စသည်မှာ) အထင်အရှား ဟောတော်မူခဲ့ပါတယ်။

အင်္ဂုတ္တရပါဠိ (၃၊ ၂၃၅) အနုဿတိဋ္ဌာနသုတ်၌ ဘုရားဂုဏ်တော် စသည်ကို ရှုဆင်ခြင်၍ဖြစ်သော သမာဓိအခြေခံဖြင့်ပင် (ဓဝမိဓေကစ္စေ သတ္တာ ဝိသုဇ္ဈန္တိ)ဟု ရဟန္တာအထိ ဖြစ်နိုင်ကြောင်း ဟောတော်မူပါတယ်။ သမ္မောဒပိုင်း အဖွင့် အဋ္ဌကထာတို့၌လည်း ဘုရားဂုဏ်၊ သံဃာဂုဏ်လျှင် အာရုံရှိတဲ့ပီတိကို ဖြစ်စေပြီးလျှင် ယင်းပီတိကိုပင် "ကုန်သွားသည်၊ ပျက်သွားသည်"ဟု သုံးသပ် လျက် အရဟတ္တဖိုလ်သို့ ရောက်နိုင်ကြောင်း အတိအကျ ပြဆိုထားပါတယ်။

(ဓမ္မစကြာတရားတော်ကြီး)

## ကျက်မှတ်ပြီး ဆင်ခြင်ရုံမျှဖြင့် ဝိပဿနာဉာဏ်စစ် ဖြစ်သလား

ဈာန်ဝင်စားလိုက်၊ ဈာန်ဖြစ်ခိုက်က နာမ်တရား ရုပ်တရားတွေကို ရှုလိုက် နဲ့ အဖန်ဖန်ရှုပွားနေရင်းပဲ ဝိပဿနာမဂ္ဂင်တွေ ရင့်သန်ပြည့်စုံပြီး မကြာမီပင် အရိယမဂ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသွားနိုင်တယ်။ အဲဒီလိုဖြစ်နိုင်ပုံကို အင်္ဂုတ္တရပါဠိ နဝကနိပါတ် ဈာနသုတ် စသည်မှာ ဒီလိုဟောထားပါတယ်။

ဘိက္ခဝေ- ရဟန်းတို့၊ ဣဓ ဘိက္ခု- ဤသာသနာတော်က ရဟန်း သည်။ ပ။ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ- ပဌမဈာန်ကို ဝင်စား၍နေ၏။ သော- ထိုရဟန်းသည်၊ ယဒေဝ တတ္ထ ဟောတိ ရူပဂတံ။ ပ။ ဝိညာဏဂတံ၊ တေ ဓမ္မေ- ထိုဈာန်ဝင်စားခိုက်၌ ရှိသော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် တို့ကို၊ အနိစ္စတော၊ ဒုက္ခတော။ ပ။ အနတ္တတော- အနိစ္စ ဒုက္ခ အနတ္တဟု၊ သမနုပဿတိ- ဈာန်မှထသောအခါ ရှုမြင်၏။ သော- ထိုသို့ရှုမြင် သော ရဟန်းသည်၊ တတ္ထ ဋ္ဌိတော- ထိုဈာန်ဖြစ်ခိုက် ရုပ်နာမ်တို့ကို ရှုမြင်သော

ဝိပဿနာ၌ တည်လျက်၊ အာသဝါနံ ခယံ ပါပုဏာတိ– အာသဝေါတရားတို့၏ ကုန်ရာ အရဟတ္တဖိုလ်သို့ ရောက်၏တဲ့။

ဒါက ဈာန်ရပုဂ္ဂိုလ်မှာ ဈာန်ဝင်စားပြီးတော့ မိမိသန္တာန်မှာ တကယ် ဖြစ်ပျက်သွားတဲ့ ဈာန်စိတ်၊ စေတသိက် နာမ်နှင့် ရုပ်တရားတို့ကို ဝိပဿနာရှုပြီး အရိယမဂ်သို့ ရောက်သွားပုံပါပဲ။ အဲဒီမှာ ဝိပဿနာရှုပုံကို လေးလေးနက်နက် သတိပြုပြီး ဆင်ခြင်ကြည့်ပါ။ သုတမယဉာဏ်ဖြင့် ကျက်မှတ်ပြီး ဆင်ခြင်တာ လား။ ကျက်မှတ်ပြီး ဆင်ခြင်တာမဟုတ်ဘူး။ ဈာန်ရပုဂ္ဂိုလ်၏ သန္တာန်မှာ တကယ်ဖြစ်ပျက်တဲ့ ရုပ်နာမ်အစစ်ကို သူဖြစ်ပျက်သွားတဲ့အတိုင်း ရှုမြင်တာပဲ။ အဲဒီဈာန်ရပုဂ္ဂိုလ်ဟာ ဈာန်ဝင်စားပြီးတော့ ဈာန်မှ ထတဲ့အခါ ရှေ့အခြားမဲ့၌ တကယ်ဖြစ်ပျက်သွားတဲ့ ဈာန်စိတ် စသည်ကို ရှုရသလိုပင် ဈာန်မရတဲ့ ပုဂ္ဂိုလ် တွေလည်း မိမိမှာ တကယ်ဖြစ်ပျက်သွားတဲ့ ရှေ့အခြားမဲ့ကာမစိတ် စသည်ကို သူ ဖြစ်ပျက်သွားတဲ့အတိုင်း ရှုရမယ်ဆိုတာ မထင်ရှားဘူးလား၊ ထင်ရှားပါတယ်။ အဲဒီတော့ ဈာန်မရတဲ့သူတွေလည်း ဝိပဿနာရှုရင် ကျက်မှတ်ပြီးတော့ ဆင်ခြင်ရုံ မျှဖြင့် ဝိပဿနာဉာဏ် အစစ်မဖြစ်ဘူး။ မိမိတို့သန္တာန်မှာ တကယ်ဖြစ်ပျက်သွားတဲ့ ရှေ့အခြားမဲ့က ထိသိမှု၊ ကြံသိမှု၊ ကြားမှု၊ မြင်မှု၊ နံမှု၊ စားသိမှု စသည်တို့ကို သူဖြစ်ပျက်သွားတဲ့အတိုင်း ရှုမြင်နိုင်ပါမှ ဝိပဿနာဉာဏ်အစစ် ဖြစ်တယ်ဆိုတာ ကို ခိုင်ခိုင်မြဲမြဲ မှတ်ထားကြရမယ်။

(ဓမ္မစကြာတရားတော်ကြီး)

## တမင်တွေးကြံနေတာဟာ သမ္မာသင်္ကပ္ပလား

ဝိပဿနာ ရှုတိုင်း ရှုတိုင်း နေက္ခမ္မသင်္ကပ္ပဆိုတဲ့ သမ္မာသင်္ကပ္ပမဂ္ဂင် ပါဝင်နေကြောင်း ထင်ရှားပါတယ်။ သူတစ်ပါးအား မသေမပျက်စေရန် ချမ်းသာ စေရန် ကြံတာက အဗျာပါဒသင်္ကပ္ပပဲ။ အထူးအားဖြင့် မေတ္တာဘာဝနာ ပွားများ နေတဲ့အခါ ဒီအဗျာပါဒသင်္ကပ္ပ ဖြစ်ပွားနေပါတယ်။ သနားငဲ့ညှာပြီး ကြံတာက အဝိဟိံသာသင်္ကပ္ပပဲ။ ကရုဏာဘာဝနာ ပွားများနေတဲ့အခါ အထူးအားဖြင့် ဒီအဝိဟိံသာသင်္ကပ္ပ ဖြစ်ပွားနေပါတယ်။ ဝိပဿနာရှုဆဲမှာလည်း ရှုမိတဲ့အာရုံ နှင့် စပ်ပြီး သေစေလိုတဲ့အကြံ၊ ညှဉ်းဆဲလိုတဲ့အကြံများ ဖြစ်ခွင့်မရှိသောကြောင့် ရှုသိတိုင်း ရှုသိတိုင်း ဒီသမ္မာသင်္ကပ္ပ ၂ ပါးလည်း ပါဝင်ပြီးစီးတယ်လို့ပဲ ယူသင့် ပါတယ်။

ဒါပေမဲ့ ဝိပဿနာရှုချက်ထဲ ပါဝင်တဲ့ သက်ပွ၊ အကြံဆိုတာကတော့ တမင်တွေးကြံနေတာမျိုးတော့ မဟုတ်ပါဘူး။ ရုပ်နာမ်သဘော၊ အဖြစ်အပျက်သဘော၊ အနိစ္စ ဒုက္ခ အနတ္တသဘောများကို အမှန်အတိုင်းသိအောင် ရှေ့ဆောင်သကဲ့သို့ စိတ်ဦးညွတ်တဲ့ သဘောမျှပါပဲ။ အဲဒါကိုပင် သမ္မာသက်ပွ၊ မှန်စွာကြံခြင်းလို့ ခေါ်ဆိုရပါတယ်။

(ဓမ္မစကြာတရားတော်ကြီး)

## ဗျာဓိပိ ဒုက္ခာ ပိုနေတယ်

ယခုလက်ရှိ ဓမ္မစကြာသုတ်ထဲက ဒုက္ခသစ္စာကို သရုပ်ထုတ်ပြတဲ့ ပါဠိထဲမှာ "ဗျာဓိပိ ဒုက္ခာ"ဆိုတဲ့အပိုဒ်က အခြားသုတ်များ၌ ဒုက္ခသစ္စာပြတဲ့ ပါဠိနှင့်မတူဘဲ ပိုနေတယ်။ နောက်ပြီးတော့ အခြားသုတ်များမှာ "မရဏမ္ပိ ဒုက္ခံ" အပိုဒ်၏အခြားမှဲ့၌ "သောက၊ ပရိဒေဝ၊ ဒုက္ခ ဒေါမနဿုပါယာသာပိ ဒုက္ခာ" ဆိုတဲ့ စာတစ်ပိုဒ်လည်း ရှိတယ်။ အဲဒီစာပိုဒ်ဟာ ယခုလက်ရှိ ဓမ္မစကြာသုတ် ပါဠိထဲမှာတော့ မရှိဘူး။ အဲဒီလို ကွဲပြားထူးခြားချက် ရှိနေပါတယ်။

### ပါဠိစိစစ်ချက်

အဲဒီပါဠိမှုကွဲခြင်းနှင့်စပ်ပြီး သာရတ္ထဒီပနီဆိုတဲ့ ဋီကာကျမ်းကြီးမှာ စိစစ်ပြပုံကတော့ "ဗျာဓိပိ ဒုက္ခာဟူသော ဤပုဒ်သည် အဘိဓမ္မာပိဋကဝိဘင်္ဂကျမ်း ဒုက္ခသစ္စာ အကျယ်ပြရာ ပါဠိ၌ မလာမရှိချေ။ ထို့ကြောင့်ပင် ဝိသုဒ္ဓိမဂ်၌လည်း ဒုက္ခသစ္စာကို အကျယ်ပြရာ၌ ယင်းပုဒ်ကို ထုတ်ပြခြင်းမရှိခဲ့ပေ။ ဓမ္မစက္ကပဝတ္တနသုတ် ပါဠိ၌သာလျှင် ရှိနေပေသည်။ ထို့ကြောင့် ယင်းသုတ်၌သာလျှင် ဤပုဒ်ကိုဆိုခြင်းနှင့် အခြားသုတ်တို့၌ မဆိုခြင်းအကြောင်းကို စူးစမ်းဆင်ခြင်အပ်၏"လို့ ပြဆိုပြီးလျှင် မရဏမ္ပိ ဒုက္ခံ ပုဒ်ကို ဖွင့်ပြီးသောအရာ၌လည်း "ဤအရာ၌လည်း 'သောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာပိ ဒုက္ခာ' ဟူသော ပုဒ်သည် ဝိဘင်္ဂပါဠိ ဒုက္ခသစ္စာအကျယ်ပြရာ၌ လာရှိ၏။ ဤဓမ္မစကြာသုတ်၌မူ ထိုပုဒ်မရှိချေ။ ထိုသို့မရှိရာ၌လည်း အကြောင်းကို ရှာအပ်၏" လို့ စိစစ်ထားပါတယ်။

အဲဒီဋီကာဆရာကလည်း ဒီလိုပါဠိ မှုကွဲနေတာကို ကြိုက်ဟန်မတူပါ

ဘူး။ ဒါကြောင့် အခြားသုတ်များမှာလည်းမရှိ၊ အဋ္ဌကထာများမှာလည်း မဖွင့်တဲ့ အဲဒီဗျာဓိပိ ဒုက္ခာဆိုတဲ့ပုဒ်ကို အဲဒီဋီကာဆရာကြီးက မဖွင့်ပြခဲ့ဘူး။ အဲဒီဋီကာဆရာကြီးက "စူးစမ်းဆင်ခြင်သင့်တယ်၊ အကြောင်းကို ရှာသင့်တယ်"လို့ မှာခဲ့တဲ့အတွက် ဘုန်းကြီးက စူးစမ်းရှာဖွေကြည့်တဲ့အခါမှာ မူကွဲခြင်း၏ အကြောင်းကို ဒီလိုတွေ့ရပါတယ်။

မြတ်စွာဘုရားက ဒုက္ခသစ္စာကို သရုပ်ထုတ်ပြီး ဟောတဲ့အခါတိုင်း အခါတိုင်း တစ်မျိုးတည်း တစ်မူတည်း ဟောခဲ့တာဖြစ်မှာပဲ။ သို့သော်လည်း ဝိနည်းဆောင် အရှင်မြတ်တွေက သုတ္တန်အရာ၊ အဘိဓမ္မာအရာတို့၌ အလေ့အလာ နည်းပါးသောကြောင့် ဝိနည်းပိဋက၊ မဟာဝဂ္ဂပါဠိ ဓမ္မစကြာတရားတော်၌ သုတ္တန်၊ အဘိဓမ္မာတို့နှင့်မတူဘဲ "ဗျာဓိပိ ဒုက္ခာ"ဆိုတဲ့ပုဒ်ကို အပိုထည့်၍ "သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာပိ ဒုက္ခာ"ဆိုတဲ့ပုဒ်ကိုလည်း ခြွင်းချန်၍ ဆောင်လာကြသောကြောင့် သုတ္တန်ပါဠိ၊ အဘိဓမ္မာပါဠိတို့နှင့်မတူဘဲ မူကွဲနေသည်လို့ သဘောကျပါတယ်။ အဲဒီလိုသဘောကျခြင်း၏ အကြောင်းအထောက်အထားများကတော့ ဒုက္ခသစ္စနိဒ္ဒေသပါဠိကို ဖွင့်ပြကြသည့် သုတ်အဋ္ဌကထာ၊ အဘိဓမ္မာ အဋ္ဌကထာတို့၌ "ဗျာဓိပိ ဒုက္ခာ"ဆိုတဲ့ပုဒ်ကို မဖွင့်ပြခဲ့ကြခြင်း၊ "သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာပိ ဒုက္ခာ"ဆိုတဲ့ ပုဒ်ကိုတော့ ယင်းအဋ္ဌကထာတို့၌ ဖွင့်ပြခဲ့ကြခြင်းနှင့် ထိုအဋ္ဌကထာများမှာရော ယင်းတို့၏ အဖွင့်ဋီကာများမှာရော ထိုသို့သော ပါဠိမူကွဲကို မပြခဲ့ခြင်းများပင် ဖြစ်ပါတယ်။

သာရတ္ထဒီပနီ ဋီကာဆရာတော်သည် ခရစ်သက္ကရာဇ် ၁၁၅၃ နှင့် ၁၁၈၆ နှစ်များအတွင်းက နန်းစံခဲ့သော ပရက္ကမဗာဟုမင်း၏ လက်ထက်က ရှိခဲ့သော ဆရာတော်ဖြစ်တယ်။ ယခု ၁၃၂၄ ခုနှစ်မှ ပြန်ရေတွက်ရင် လွန်ခဲ့သော နှစ်ပေါင်း ခုနှစ်ရာကျော် ရှစ်ရာအတွင်းကဖြစ်တယ်။ အဋ္ဌကထာကျမ်းပြုဆရာတော် အရှင်ဗုဒ္ဓဃောသ မထေရ်မှ အရှင်ဓမ္မပါလမထေရ်တိုင်အောင် အဋ္ဌကထာ၊ ဋီကာကျမ်းပြုဆရာတော်တို့မှာ လွန်ခဲ့သော နှစ်ပေါင်း ၁၆၀၀ နှင့် ၁၃၀၀ အတွင်းက ဖြစ်တယ်။ သံယုတ်၊ မဟာဝဂ္ဂပါဠိ၊ သစ္စသံယုတ်မှာရှိတဲ့ ဒီဓမ္မစက္ကပဝတ္တနသုတ်ကို ဖွင့်ပြကြတဲ့ အဲဒီရှေးအဋ္ဌကထာဆရာ၊ ဋီကာဆရာတို့က ဒီပါဠိမူကွဲအကြောင်း ဖော်မပြခဲ့ကြပေ။ ထိုသို့ မဖော်ပြခဲ့ခြင်းမှာလည်း ထိုစဉ်ကာလတုန်းက ဓမ္မစကြာသုတ်၌ ဒုက္ခသစ္စာပြပါဠိဟာ အခြားသုတ်၊ အဘိဓမ္မာ

တို့၌ရှိတဲ့ ဒုက္ခသစ္စာပြပါဠိနှင့် ကွဲပြားခြင်းမရှိသောကြောင့်ပင် ဖြစ်တယ်။ အဲဒီနောက် နှစ်ပေါင်း ၅၀၀ ခန့် ကွာခြားတဲ့ သာရတ္ထဒီပနီဋီကာဆရာများ လက်ထက်ကျမှ ဒီနေရာမှာ ပါဠိမူ ကွဲနေသဖြင့် သာရတ္ထ ဒီပနီဋီကာဆရာတော်က ဒီပါဠိမူကွဲနှင့်စပ်၍ စူးစမ်းရှာဖွေရန် ညွှန်ကြားခဲ့ခြင်း ဖြစ်တယ်လို့ ဘုန်းကြီးက သဘောကျပါတယ်။

အကယ်၍ မြတ်စွာဘုရား ပထမဟောစဉ်ကပင် အခြားဒုက္ခသစ္စာပြစကားများနှင့်မတူဘဲ ဟောခဲ့တယ်လို့ဆိုရင် ဘုရားဖြစ်ပြီးခါစ ပထမဟောစဉ်က တစ်မျိုးဟောတယ်၊ နောက်ကာလကျမှ တစ်မျိုးပြင်ပြီးဟောတယ်လို့ ယူရလိမ့်မယ်။ ဒီလိုယူဖို့ကတော့ မသင့်ပါဘူး။ သဗ္ဗညုတဉာဏ်ရှင်ဖြစ်တော်မူတဲ့ မြတ်စွာဘုရားဟာ တစ်မူတည်း တစ်ညီတည်းသာ ဟောတော်မူခဲ့တယ်။ နောက်ကာလကျမှ အဆက်ဆက် ဆောင်သူတို့၏ သတိပညာမပြည့်စုံတဲ့အတွက် မူကွဲဖြစ်လာတယ်လို့ ဒီလိုသာ ယူသင့်ပါတယ်။ ဘာကြောင့်လဲဆိုရင် ယခုခေတ်၌ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ စာမူတွေဟာ တစ်နိုင်ငံနှင့် တစ်နိုင်ငံမတူဘဲ ကွဲနေတာတွေ များစွာရှိပါတယ်။ အဲဒါတွေဟာ မူလရင်းက ကွဲခဲ့တာတော့မဟုတ်ဘူး။ နောက်ကာလကျမှ ကွဲလာတာတွေပဲဆိုတာ ထင်ရှားပါတယ်။ အဲဒါလိုပင် ဖြစ်သင့်သောကြောင့်ပါပဲ။

အဲဒီလို အကြောင်းကြောင်းတွေကို စူးစမ်းဆင်ခြင်မိတဲ့အတွက် ဘုန်းကြီး၏ ယုံကြည်ချက်အားဖြင့်တော့ အခြားဒုက္ခသစ္စာနိဒ္ဒေသမှာရှိတဲ့ ပါဠိမူက မှန်တယ်။ ယခုလက်ရှိ ဓမ္မစကြာသုတ် ဒုက္ခသစ္စာ သရုပ်ပြပါဠိမှာ "ဗျာဓိပိ ဒုက္ခော"ဆိုတဲ့ ပုဒ် ပိုနေတယ်။ "သောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာပိ ဒုက္ခာ"ဆိုတဲ့ပုဒ် လိုနေတယ်လို့ပဲ ဆုံးဖြတ်ထားပါတယ်။ ဘာကြောင့်လဲဆိုရင် ဗျာဓိ–နာခြင်းဆိုတာ "သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ" ပုဒ်ကြီးထဲမှ ဒုက္ခဆိုတဲ့ ပုဒ်ထဲမှာ အတွင်းဝင်နေပါတယ်။ သောကစသည်ဆိုတာကတော့ ဗျာဓိပုဒ်ထဲမှာ အတွင်းမဝင်ဘူး။ ဒါကြောင့် "ဗျာဓိပိ ဒုက္ခော" ဆိုတဲ့ ပုဒ်မပါဘဲ "သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာပိ ဒုက္ခာ"ဆိုတဲ့ ပုဒ်ပါရှိတဲ့ ဒုက္ခသစ္စာသရုပ်ပြ ပါဠိမူသာလျှင် ပြည့်စုံသင့်မြတ်၍ ဘုရားဟောခဲ့ရင်း ပါဠိမူမှန်ဖြစ်တယ်လို့ ဘုန်းကြီးက ယုံကြည်ယူဆထားပါတယ်။ ဒီလို စိစစ်ပြရတာကလည်း အဲဒီယုံကြည်ချက်အတိုင်း ဟောမှာဖြစ်တဲ့အတွက်ပါပဲ။

(ဓမ္မစကြာ)

## ဗုဒ္ဓစာပေအဆိုနှင့် အနောက်တိုင်းဆရာဝန်တို့အဆို

ပဋိသန္ဓေကတော့ မိဘနှစ်ပါးတို့၏ (သုက္ကသောဏိတ ခေါ်တဲ့) သုက်နှင့် သွေးကိုမှီပြီး တည်တယ်လို့ ဗုဒ္ဓစာပေတွေက ဆိုပါတယ်။ အနောက်တိုင်းဆရာဝန်တွေကတော့ အဖ၏သုက်ပိုးနှင့် အမိ၏သွေးဥတို့ ပေါင်းဖော်ပြီးဖြစ်လာတယ်လို့ ဆိုကြတယ်။ အဲဒီအဆိုနှစ်ရပ်ကို ညှိပြီးယူမယ်ဆိုရင် အဖ၏သုက်နှင့် အမိ၏သွေးတို့ ပေါင်းစပ်တည်နေတဲ့ ၂ မျိုးစပ် ရုပ်အပေါင်းထဲ၌ အပါယ်ဘုံမှာဆိုရင် အကုသိုလ်ကံကြောင့်၊ လူ့လောကမှာဆိုရင် ကုသိုလ်ကံကြောင့် အကျိုးရုပ်နာမ်အသစ် ဖြစ်ပေါ်လာခြင်းကို ဘဝအသစ်ဖြစ်ခြင်းလို့ မှတ်ရမယ်။

(ဓမ္မစကြာ)

## သုခဝေဒနာလည်း သစ္စာ၊ရဒုက္ခပါပဲ

သုခဝေဒနာကိုလည်း တည်မြဲတည်အောင် အမြဲမပြတ် ကြောင့်ကြစိုက်ပြီး ပြုပြင်ပေးနေကြရတာပဲ။ ဒါကြောင့် သုခဝေဒနာလည်း ဒီသစ္စာ၊ရဒုက္ခထဲ ပါဝင်သင့်ပါတယ်။ ဒါပေမဲ့ ဝိပရိဏာမဒုက္ခလို့ သီးခြားအမည်ပေးထားပြီးဖြစ်တဲ့အတွက် အဲဒီသုခဝေဒနာကို အဋ္ဌကထာဆရာများက ဒီသစ္စာ၊ရဒုက္ခထဲမှာထည့်ပြီး မပြကြတာပါပဲ။ သူ့အတွက် ပြုပြင်ပေးနေရလို့ တာဝန်လေးနေတာ အလွန်ထင်ရှားနေသောကြောင့် သစ္စာ၊ရဒုက္ခထဲ ထည့်သွင်းပြီးလည်း ယူသင့်ပါတယ်။

(ဓမ္မစကြာ)

## ဒုက္ခသမုဒယောလော၊ ဒုက္ခသမုဒယံလော

၁။ စာမူအများတို့၌ ဒုက္ခသမုဒယံဟု နပုလ္လိင်နှင့်ရှိ၏။ "ဒုက္ခသမုဒယော ဒုက္ခနိရောဓောဟု (မူရင်းပုလ္လိင်နှင့်ပင်) ဆိုသင့်ရာ၌ ဒုက္ခသမုဒယံ ဒုက္ခနိရောဓံဟု (နပုလ္လိင်ဖြင့်) လိင်ပြန်ခြင်းကို ယူထားပေသည်"ဟု ဖွင့်ပြသော ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ (ပ ၅၈)နှင့် ညီပေ၏။ သို့သော် ဝိသုဒ္ဓိမဂ်မဟာဋီကာ (ဒု ၄၄၉) ၌ကား "နှစ်ပုဒ်တို့၏ တည်ရာ တူသည်၏အဖြစ် ရှိငြားသော်လည်း ဒုက္ခသမုဒယော အရိယသစ္စံဟူသော ပါဠိကဲ့သို့ (ဥပ္ပေါဒါဘယံဟု) လိင်ကွဲခြင်းကို ယူထားပေသည်"ဟု ရှေ့ပုဒ်ပုလ္လိင်နှင့် နောက်ပုဒ် နပုလ္လိင် ကွဲပြားလျက်ရှိ

ကြောင်း ပြဆိုထား၏။ ယင်းဋီကာအဆိုသည် မဂ္ဂသစ္စာအရာ၌ ပြဆိုလတ္တံ့သော "ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ"ဟူသော ပါဠိနှင့်ညီ၍ ယုတ္တတရ ဖြစ်ပေသည်။ ထို့ပြင် ရှေးအဋ္ဌကထာတို့၌လည်း ဤအရာတွင် နပုလ္လိင် ပြန်ထားကြောင်း ပြဆိုချက် မရှိပေ။ ထို့ကြောင့် ယိုးဒယားမူ၌လည်း ဒုက္ခသမုဒယော ဟူ၍ပင် မူရင်းပုလ္လိင်နှင့်ရှိသော ပါဠိကို ဤ၌ မူလဟောစဉ်ကပင် ရွတ်ဆိုဟောကြားခဲ့သည်။

(ဓမ္မစကြာ)

## ပေါနောဘဝိကာ

၂။ ပါဠိ၌ ပုန ပုဒ်သည် သက္ကတ၌ ပုနရ် ဟု ရကာရန္တနှင့် ရှိ၏။ ယင်းပုဒ်ကို ဘဝနှင့် သမာသ်စပ်သောအခါ ထိုရ်အတွက် ပုနဗ္ဘဝ ဟု ဘ၌ ဒွေဘာဝဖြစ်ရသည်။ ပုနရ်မှ အရ်ကို ဩပြု၍ ပုနော၊ ပေါနောဟု ပုဒ်ပြီးသော အခါ၌မူ ဒွေဘာဝ မရှိသင့်ပြီ။ သို့ဖြစ်၍ ပေါနောဘဝိကာဟု ဒွေဘာဝမရှိသော သီဟိုဠ်မူပါဠ်က ယုတ္တတရဖြစ်သောကြောင့် ယင်းပါဠိအတိုင်း ဤ၌ မူလဟော စဉ်ကပင် ရွတ်ဆိုဟောကြားခဲ့သည်။

(ဓမ္မစကြာ)

## သရုပ်ခွဲရုံမျှနဲ့တော့ နိဗ္ဗာန်မရောက်နိုင်

လောကမှာ ယာဉ်ရထားတစ်မျိုးမျိုးရှိလျှင် အဲဒီယာဉ်ရထားဖြင့် အလိုရှိရာ အရပ်သို့ရောက်အောင် သွားနိုင်တယ်။ ယာဉ်ရထားမရှိဘဲ ယာဉ်ရထားအကြောင်း သိနေရုံနဲ့တော့ အလိုရှိရာအရပ်သို့ မသွားရောက်နိုင်ဘူး။ ဒါလိုပဲ ရုပ်နာမ်တရား တွေကို သရုပ်ခွဲရုံမျှ၊ မဂ္ဂင်တရားတွေကို သရုပ်ခွဲရုံမျှနဲ့တော့ နိဗ္ဗာန်မရောက်နိုင် ဘူး။ တကယ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို ရှုသိလျက် ဝိပဿနာမဂ္ဂင်ဆိုတဲ့ ယာဉ်ရထားကို ဖြစ်ပွားစေပြီး အပိုင်ရရှိထားပါမှ မဂ္ဂင်ရှစ်ပါးယာဉ်ရထားကို ဖြစ်ပွားစေပြီး အပိုင်ရရှိထားပါမှ မဂ္ဂင်ရှစ်ပါးယာဉ်ရထားကိုစီးပြီး နိဗ္ဗာန်ကို ရောက်မယ်ဆိုတာ ကိန်းသေမှတ်ထားကြရမယ်။

(ဓမ္မစကြာ)

## နိဗ္ဗာန်ကို စပြီးရှုလို့ရသလော

ဒုက္ခနှင့် သမုဒယဆိုတဲ့ ဝဋ်သစ္စာ၊ လောကီသစ္စာ ၂ ပါး၌သာ ဝိပဿနာ ရှုရတယ်။ နိရောဓနှင့် မဂ္ဂဆိုတဲ့ ဝိဝဋ္ဋသစ္စာ၊ လောကုတ္တရာသစ္စာ နှစ်ပါး၌ ဝိပဿနာမရှုရဘူး။ မရှုကောင်းဘူး။ ရှုလို့လည်း မဖြစ်ဘူးတဲ့။ အဲဒါကို ခိုင်ခိုင် မြဲမြဲ မှတ်ထားကြရမယ်။ လောကုတ္တရာသစ္စာကို ဘာကြောင့်မရှုရသလဲဆိုလျှင် (အဝိသယတ္တာ) ပုထုဇဉ်တို့မှာ အာရုံမပြုနိုင်တဲ့တရား ဖြစ်သောကြောင့်ပါပဲတဲ့။ ဋီကာက ဖွင့်ပြထားပါတယ်။

ဟုတ်တယ်၊ ပုထုဇဉ်ပုဂ္ဂိုလ်ဟာ မဂ်ဖိုလ်တရားတွေကို လုံးလုံးအာရုံမပြု နိုင်ဘူး။ နိဗ္ဗာန်တရားကိုလည်း ဂေါတြဘူဖြစ်ခိုက်မှ ရှေးအဖို့၌ လုံးလုံးအာရုံမပြု နိုင်ဘူး။ ဂေါတြဘူစိတ်ဆိုတာက ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံတဲ့အခါကျမှ အနုလောမဉာဏ်၏ အခြားမဲ့မှာ ဖြစ်တယ်။ အဲဒီဂေါတြဘူစိတ်၏ အခြားမဲ့မှ သောတာပတ္တိမဂ်စိတ်၊ ဖိုလ်စိတ် ဖြစ်တော့တာပဲ။ ဒါကြောင့် နိဗ္ဗာန်အစစ်နဲ့ အရိယမဂ်ဖိုလ်ကို ပုထုဇဉ်တို့ အာရုံမပြုနိုင်ဘူးဆိုတာ အလွန်ရှင်းလင်းပြတ်သား ပါတယ်။ ဒါကြောင့် နိဗ္ဗာန်ကို စပြီးရှုဖို့၊ အာရုံပြုဖို့ ဟောပြောညွှန်ပြတဲ့နည်းလမ်း ဆိုလျှင် အမှားစင်စစ်ပဲလို့ သေသေချာချာ မှတ်ထားကြ။

ဒီနေရာမှာ ဥပသမာနုဿတိအနေနဲ့ မရှုကောင်းဘူးလားလို့ မေးစရာရှိ ပါတယ်။ သမာဓိရအောင် သမထကမ္မဋ္ဌာန်းအနေနဲ့ဆိုရင်တော့ ဝိရာဂ၊ တပ်မက်မှု ကင်းခြင်း အစရှိသော နိဗ္ဗာန်၏ဂုဏ်တွေကို ရှုဆင်ခြင်ကောင်းပါတယ်။ အဲဒါက သမာဓိဖြစ်ရုံမျှအတွက် ရှုဆင်ခြင်မှုဖြစ်ပါတယ်။ အရိယမဂ်ဖိုလ်ကို ချက်ချင်းရအောင် ရှုတာမဟုတ်ပါဘူး။ အဲဒီလိုရှုတာကလည်း နိဗ္ဗာန်ကို သိမြင် ပြီးဖြစ်တဲ့ အရိယာပုဂ္ဂိုလ်များနှင့်သာ သင့်လျော်ပါတယ်။ သာမန်ပုဂ္ဂိုလ်တွေနဲ့ သင့်လျော်တဲ့ ကမ္မဋ္ဌာန်းမဟုတ်ပါဘူး။ ဒါကြောင့် မဂ်ရောက်ဖိုလ်ရောက် ကိစ္စ ပြီးစေရန်အနေနဲ့ နိဗ္ဗာန်ကို စပြီးရှုတာကတော့ အမှားစင်စစ်ပါပဲ။

(ဓမ္မစကြာ)

## သစ္စာစုံတွဲ ၂ တွဲနှင့်စပ်၍

ပဉ္စက္ခန္ဓာ ဒုက္ခံ တဏှာ သမုဒယောတိ- ခန္ဓာငါးပါးက ဒုက္ခသစ္စာ တဏှာက သမုဒယသစ္စာဟု၊ ဇဝံ သခ်ေပေန စ- ဤသို့အကျဉ်းအားဖြင့်သော်

လည်းကောင်း၊ ကတမေ ပဉ္စက္ခန္ဓာတိ အာဒိနာ နယေန– ခန္ဓာငါးပါးတို့ကား အဘယ်သည်တို့နည်း။ ရူပက္ခန္ဓာ၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏက္ခန္ဓာတို့ ပေတည်း။ ရူပက္ခန္ဓာကား အဘယ်နည်း။ မဟာဘုတ် ၄ ပါးနှင့် ဥပါဒါရုပ်တို့ပင်တည်း။ ဤသို့ အစရှိသောနည်းဖြင့်။ ဝိတ္ထာရေနေစ– အကျယ်အားဖြင့်သော်လည်းကောင်း၊ အာစရိယဿ သန္တိကေ– ဆရာ၏ထံ၌၊ ပုရိမာနိ ဒွေ သစ္စာနိ– ရှေးသစ္စာ ၂ ပါးတို့ကို၊ ဥဂ္ဂဏှိတွာ– သင်ယူပြီး၍၊ ဝါစာယ ပုနပ္ပုနံ ပရိဝတ္တေန္တော– နှုတ်ဖြင့် အဖန်ဖန်ပြန်လျက်၊ ယောဂါဝစရော– ယောဂီသည်၊ ကမ္မံ ကရောတိ– ရှုမှုကိုပြု၏။ ဣတရေသု ပန ဒွီသု သစ္စေသု– နိရောဓနှင့် မဂ္ဂဟူသော ကျန်သစ္စာ ၂ ပါးတို့၌မူကား၊ နိရောဓသစ္စံ ဣဋ္ဌံ ကန္တံ မနာပံ၊ မဂ္ဂသစ္စံ ဣဋ္ဌံ ကန္တံ မနာပန္တိ– နိရောဓသစ္စာသည် အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်သော တရားပေတည်း။ မဂ္ဂသစ္စာသည် အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်သော တရားပေတည်းဟူ၍။ ဧဝံ သဝနေန ကမ္မံ ကရောတိ– ဤသို့ ကြားနာခြင်းဖြင့် ပြုအပ်သည့်အမှုကိုပြု၏။ ယင်းလောကုတ္တရာသစ္စာ ၂ ပါးကိုတော့ နာကြား၍ စိတ်ညွတ်ရုံမျှဖြင့်ပင် ကိစ္စပြီးသည်ဟု ဆိုလို၏။

သော ဧဝံ ကရောန္တော– ထိုယောဂီသည် ယခု ပြဆိုခဲ့သည့်အတိုင်း ပြုသည်ဖြစ်၍၊ စတ္တာရိ သစ္စာနိ ဧကပဋိဝေဓေနေဝ ပဋိဝိဇ္ဈတိ– သစ္စာလေးပါးတို့ကို တစ်ကြိမ်တည်း ထိုးထွင်းသိခြင်းဖြင့်သာလျှင် ထိုးထွင်းသိ၏။ ဧကာဘိသမယေန အဘိသမေတိ– တစ်ကြိမ်တည်း တွေ့သိခြင်းဖြင့်သာလျှင် တွေ့သိ၏။ သိပုံကတော့ ဒုက္ခကို ပိုင်းခြားသိခြင်း ပဋိဝေဓဖြင့်၊ သမုဒယကိုပယ်ခြင်း ပဋိဝေဓဖြင့်၊ နိရောဓကို မျက်မှောက်ပြုခြင်း ပဋိဝေဓဖြင့်၊ မဂ္ဂကို ဖြစ်ပွားစေခြင်း ပဋိဝေဓဖြင့် ထိုးထွင်းသိ၏။ ဒုက္ခကို ပိုင်းခြားသိခြင်း အဘိသမယဖြင့်၊ သမုဒယကိုပယ်ခြင်း အဘိသမယဖြင့်၊ နိရောဓကို မျက်မှောက်ပြုခြင်း အဘိသမယဖြင့်၊ မဂ္ဂကို ဖြစ်ပွားစေခြင်း အဘိသမယဖြင့် တွေ့သိ၏။ ဧဝမဿ ဒွီသု သစ္စေသု– ယခုပြဆိုခဲ့သည့်အတိုင်း ထိုယောဂီမှာ အရိယမဂ်သို့ မရောက်သေးမီ ရှေးအဖို့၌ ဒုက္ခနှင့် သမုဒယဟူသော သစ္စာနှစ်ပါးတို့၌၊ ဥဂ္ဂဟ ပရိပုစ္ဆာ သဝန ဓာရဏ သမ္မသန ပဋိဝေဓော ဟောတိ– သင်ယူ၍သိခြင်း မေး၍သိခြင်း နာကြား၍သိခြင်း နှုတ်တက်ဆောင်၍သိခြင်း ဖြစ်သည်။ နှုတ်တက်ဆောင်၍သိခြင်းတိုင်အောင် သိခြင်းလေးပါးသည် ပရိယတ်အသိမျှသာ ဖြစ်သည်။ သုံးသပ်၍ သိခြင်းသည်ကား ဝိပဿနာရှု၍ ဘာဝနာသိခြင်းဖြစ်သည်။ ဒွီသု ပန သဝနပဋိဝေဓောယေဝ–

နိရောဓနှင့် မဂ္ဂဟူသော သစ္စာ ၂ ပါးတို့၌မူကား နာကြားရ၍သိခြင်းမျှသာလျှင် ဖြစ်သည်။ အပရဘာဂေ– ဝိပဿနာမှ နောက်အဖို့ အရိယမဂ်ခဏ၌၊ တီသု ကိစ္စတော ပဋိဝေဓော ဟောတိ၊ နိရောဓေ အာရမ္မဏပဋိဝေဓော– ဒုက္ခ သမုဒယ မဂ္ဂဟူသော သစ္စာ ၃ ပါးတို့၌ ပိုင်းခြားသိမှုပြီးခြင်း ဖြစ်ပွားစေမှုပြီးခြင်းဟူသော ကိစ္စပြီးခြင်းအားဖြင့် သိခြင်းဖြစ်၏။ နိရောဓသစ္စာ၌ အာရုံပြုသိခြင်းဖြစ်၏။

(သုတ်မဟာဝါ အဋ္ဌကထာ နှာ– ၃၉၀)

ဒီအဋ္ဌကထာမှာ ပြဆိုထားတဲ့အတိုင်း "နိရောဓ၌ အသိဉာဏ်၊ မဂ္ဂ၌ အသိဉာဏ်"ဆိုတဲ့ ဒီဉာဏ် ၂ ပါးကတော့ ရှေးအဖို့မှာဆိုရင် နာကြားပြီး သိတဲ့ သုတမယဉာဏ်သာ ဖြစ်တယ်။ အဲဒီလောကုတ္တရာသစ္စာ ၂ ပါးကို ကောင်းမြတ်ကြောင်းသိပြီး စိတ်ညွတ်ရုံမျှသာ လိုတယ်။ အဲဒီသစ္စာ ၂ ပါးကို တမင်ရှုဆင်ခြင်နေဖို့တော့ မလိုဘူးဆိုတာ ထင်ရှားပါတယ်။ "ဒုက္ခ၌ အသိဉာဏ်၊ သမုဒယ၌ အသိဉာဏ်"ဆိုတဲ့ ဒီဉာဏ် ၂ပါးကတော့ နာကြားပြီးတော့ သုတမယဉာဏ် ဖြစ်ဖို့လည်း လိုတယ်။ ရှုသိပြီး ဘာဝနာမယဉာဏ် ဖြစ်ဖို့လည်း လိုတယ်ဆိုတာ ထင်ရှားသိရပါတယ်။

(ဓမ္မစကြာ)

## ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းနှင့်တကွ အကျယ်မသိရင် တရားအားမထုတ်ကောင်းဘူးလော

### လိုအပ်သော သုတမယဉာဏ်

သုတမယဉာဏ်က ဘယ်လောက်လိုသလဲဆိုရင် ယခုပြဆိုခဲ့တဲ့ အဋ္ဌကထာမှာ "ခန္ဓာငါးပါးက ဒုက္ခသစ္စာ၊ တဏှာက သမုဒယသစ္စာ"လို့ ဒါလောက် နာကြားဖူးရင် အကျဉ်းချုပ်အားဖြင့် ပြည့်စုံတဲ့အကြောင်း ပြဆိုထားတဲ့အတိုင်းပေါ့။

အဲဒီဒုက္ခသစ္စာနှင့် သမုဒယသစ္စာကို နာကြားပြီး သိထားရင် ပဋိစ္စသမုပ္ပါဒ်ကိုလည်း အကျဉ်းချုပ်အားဖြင့် နာကြားပြီး သိတဲ့ သုတမယဉာဏ် ပြည့်စုံပါတယ်။ ဘာကြောင့်လဲဆိုတော့ ဝိသုဒ္ဓိမဂ် မဟာဋီကာ (ဒု–နှာ ၂၃၀)မှာ "ယေ ဓမ္မာ ဟေတုပ္ပဘဝါ– အကြောင်းတရားတို့သည် အကြောင်းလျှင် အမွန်အစ ရှိကြ၏။ တေသံ ဟေတုံ တထာဂတော အာဟ၊ အကြောင်းသာလျှင် အမွန်အစရှိကြသော ထိုတရားတို့၏အကြောင်းကို မြတ်စွာဘုရားက ဟောတော်

မူပါသည်”လို့ အရှင် အဿဇိမထေရ်ဟောတဲ့ တရားကို “အကျယ်ဟောထားတဲ့ ပဋိစ္စသမုပ္ပာဒ်၏ အကျဉ်းချုပ်ဖြစ်ကြောင်း” အထင်အရှား ပြဆိုထားပါတယ်။ နောက်ပြီးတော့ အရှင်အဿဇိဟောတဲ့ အဲဒီဂါထာမှာ “ယေ ဓမ္မာ ဟေတုပ္ပဘဝါ” ဟူသော စကားရပ်ဖြင့် ခန္ဓာငါးပါးဆိုတဲ့ ဒုက္ခသစ္စာကို ဟောကြောင်း၊ “တေသံ ဟေတုံ တထာဂတော အာဟ”ဟူသော စကားရပ်ဖြင့် သမုဒယသစ္စာကို ဟောကြောင်း ဝိနည်းမဟာဝဂ္ဂအဋ္ဌကထာ (နှာ ၂၅၆)၌ ဖွင့်ပြထားပါတယ်။ ဒါကြောင့် ဒုက္ခသစ္စာနဲ့သမုဒယသစ္စာကို အကျဉ်းချုပ်အားဖြင့် နာကြားပြီး သိလျှင် ပဋိစ္စသမုပ္ပာဒ်ကို အကျဉ်းချုပ်အားဖြင့် သိတဲ့ သုတမယဉာဏ် ပြည့်စုံကြောင်း အလွန်ထင်ရှားပါတယ်။ ဒါကြောင့် ပဋိစ္စသမုပ္ပာဒ်ကို စက်ဝိုင်းဇယားပုံကြီးနှင့် တကွ အကျယ်မသိရင် တရားအားမထုတ်ကောင်းကြောင်း ဟောနေကြတဲ့စကား ဟာ ဒီအဋ္ဌကထာ၊ ဋီကာတွေနဲ့ ဆန့်ကျင်တဲ့ ပဋိပတ်သာသနာဖျက်စကားလို့ မှတ်သားကြရမယ်။

ဘုရားဟော ပါဠိတော်အလိုအားဖြင့် အကျဉ်းချုပ်သုတကတော့ မူလ ပဏ္ဏာသပါဠိ၊ စူဠတဏှာသင်္ခယသုတ်မှာ ဒီလိုရှိပါတယ်။

ဒေဝါနမိန္ဒ– သိကြားမင်း၊ ဣဓ– ဤသာသနာတော်၌၊ ဘိက္ခုနော– ရဟန်းသည်၊ သုတံ– ကြားဖူးသည်၊ ဟောတိ– ဖြစ်၏။ (ကိံ၊ အဘယ်သို့နည်း) သဗ္ဗေ ဓမ္မာ– အလုံးစုံသောတရားတို့သည်၊ အဘိနိဝေသာယ– မြဲသည် ချမ်းသာ သည် အတ္တပဲဟု စွဲလမ်းရန်အလို့ငှာ၊ နာလံ– မထိုက်တန် မသင့်လျော်ကုန်၊ ဣတိ– ဤသို့ကြားဖူးသည် ဖြစ်၏တဲ့။ ဒီစကားဖြင့် သုတမယဉာဏ် ပြည့်စုံပုံ ကို ပြပါတယ်။ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ဒွါရ ၆ ပါးက ထင်ရှားပေါ်နေတဲ့ အလုံးစုံသော ခန္ဓာငါးပါး ရုပ်နာမ်တရားတွေဟာ မြဲတယ်၊ ချမ်းသာတယ်၊ အတ္တကောင်ပဲလို့ စွဲလမ်းရန် မထိုက်တန်ဘူး။ မမြဲတဲ့၊ ဆင်းရဲတဲ့၊ အတ္တမဟုတ်တဲ့ သဘောတရားချည်းပဲလို့ ကြားဖူးရင် အရဟတ္တဖိုလ်ပေါက် တရားအားထုတ်ရန်အတွက် သုတမယဉာဏ် အကျဉ်းအားဖြင့် ပြည့်စုံပြီလို့ ဆိုလိုပါတယ်။ ဒါကြောင့် အဲဒီစကားရဲ့အခြားမဲ့မှာ သော သဗ္ဗံ ဓမ္မံ အဘိဇာနာတိ– ထိုမျှ ကြားဖူးသောရဟန်းသည် အလုံးစုံသော တရားကို ရှေးရှုပြ၍ သိ၏ စသည်ဖြင့် နာမရူပ ပရိစ္ဆေဒဉာဏ်ဖြစ်အောင် ရှုပုံ စသည်ကို ဟောသွား ပါသည်။ အဲဒါကို ဘုန်းကြီးက ဆောင်ပုဒ်တွေ စီထားတယ်။

၁။ လုံးစုံဓမ္မ၊ အနိစ္စ၊ ဒုက္ခ အနတ္တာ။

၂။ ဤ၅ဤမှု၊ ကြားဖူးက၊ သုတလုံလောက်ပါ။
၃။ ဉာဏ်ဖြင့်ရှေးရှု၊ ရုပ်နာမ်စု၊ မှတ်ပြုသိလေရာ။
၄။ မမြဲဆင်းရဲ၊ သဘောပဲ၊ သိမြဲ ပိုင်းခြားကာ။

အဲဒီဆောင်ပုဒ် ၄ ခုထဲက ပထမ၊ ဒုတိယ ၂ ပုဒ်ဖြင့် သုတမယဉာဏ် အကျဉ်းချုပ်ပြည့်စုံပုံကို ပြပါတယ်။ တတိယပုဒ်ဖြင့် အဘိဇာနာတိ ပါဠိအရ မြင်ဆဲ ကြားဆဲ စသည်၌ ဖြစ်ဆဲရုပ်နာမ်တရားကို ဉာဏ်ဖြင့် ရှေးရှုပြုပြီး ရှုသိပုံကို ပြပါတယ်။ အဲဒီလို ရှေးရှုပြုပြီး ရှုခြင်းဖြင့် တကယ်ဖြစ်ပေါ်နေတဲ့ ရုပ်နာမ်တရားတွေကို ပိုင်းခြားသိပြီး နာမရူပပရိစ္ဆေဒဉာဏ်လည်း ဖြစ်တယ်။ မျက်စိနဲ့ အဆင်းရှိလို့ မြင်တယ် စသည်ဖြင့် အကြောင်းကိုသိတဲ့ ပစ္စယပရိဂ္ဂဟ ဉာဏ်လည်း ဖြစ်တယ်။ ဒီဉာဏ် ၂ ပါးကို အဘိညာပညာလို့ ခေါ်တယ်။ ပရိညာသုံးပါးထဲက ဉာတပရိညာပါပဲ။ စတုတ္ထဆောင်ပုဒ်ဖြင့် "သဗ္ဗံ ဓမ္မံ အဘိညာယ သဗ္ဗံ ဓမ္မံ ပရိဇာနာတိ အလုံးစုံသောတရားကို ရှေးရှုပြုသိပြီး၍ အလုံးစုံသောတရားကို မမြဲ၊ ဆင်းရဲ၊ အနတ္တဟု ပိုင်းခြား၍ သိ၏" ဆိုတဲ့ အခြားမဲ့ပါဠိတော်စကား၏အနက်ကို ဖော်ပြပါတယ်။ အဲဒါက တီရဏပရိညာ၊ ပဟာနပရိညာတို့နှင့် ဆိုင်ပါတယ်။

လိုရင်းကတော့ တရားအလုံးစုံဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ချည်းပဲလို့ ကြားဖူးရုံမျှဖြင့် အရဟတ္တဖိုလ်ပေါက် တရားအားထုတ်ရန် သုတမယဉာဏ် အကျဉ်းချုပ် ပြည့်စုံတယ်ဆိုတာပါပဲ။ ဒါကြောင့် "ပဋိစ္စသမုပ္ပါဒ်ကို အကျယ် မသိလျှင် တရားအားမထုတ်ကောင်းဘူး" လို့ ပြောဆိုတဲ့စကားဟာ ဒီစူဠတဏှာ သင်္ခယသုတ် ပါဠိတော်နဲ့လည်း ဆန့်ကျင်တယ်။ တရားအားထုတ်လိုတဲ့သူတွေ အား တားမြစ်ဖျက်ဆီးတဲ့အတွက် ပဋိပတ္တိသာသနာဖျက်စကားပဲ ဖြစ်တယ်လို့ မှတ်ထားကြရမယ်။

သူတို့ပြောတဲ့အတိုင်း ပဋိစ္စသမုပ္ပါဒ်ကို စက်ဝိုင်းဇယားပုံကြီးနှင့်တကွ အကျယ်သိမှ တရားအားထုတ်ရမယ်ဆိုရင် အချိန်အခွင့်မရလို့ဖြစ်စေ၊ ကျက်မှတ်ဉာဏ် လေးလို့ဖြစ်စေ အဲဒီပဋိစ္စသမုပ္ပါဒ်အကျယ်ကို မကျက်မှတ်နိုင်တာနဲ့ တချို့ပုဂ္ဂိုလ်တွေမှာ မဂ်ဖိုလ်ကို ရနိုင်လောက်သည့် ဥပနိဿယ ရှိနေပါလျက် အားမထုတ်ရတဲ့အတွက် မဂ်ဖိုလ်တရားမှ ဆုံးရှုံးလက်လွတ်သွားဖွယ် ရှိပါတယ်။ သာဓကထုတ်ပြရရင် မြတ်စွာဘုရား လက်ထက်တော်က အရှင်စူဠပန္ထကဆိုတာ ဟာ အက္ခရာ ၄၄ လုံးမျှရှိတဲ့ ဂါထာတစ်ပုဒ်ကို ၄ လပတ်လုံးကျက်တာတောင်

မရဘူးတဲ့။ ပဋိစ္စသမုပ္ပါဒ်အကျယ်ကို ကျက်မှတ်နိုင်ဖို့ကတော့ အလွန်ဝေးတာပါပဲ။ ဒါပေမဲ့ အဲဒီမထေရ်ဟာ မြတ်စွာဘုရားပေးတဲ့ ကမ္မဋ္ဌာန်းကို နှလုံးသွင်းအားထုတ်သဖြင့် တစ်နံနက်ခင်းကာလတွင်ပဲ ဈာန်အဘိညာဉ်များနှင့်တကွ ရဟန္တာ ဖြစ်တော်မူပါတယ်။ ဒါကြောင့် တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေ၊ အားထုတ်လိုတဲ့ ပုဂ္ဂိုလ်တွေအား စိတ်ဆန္ဒပျက်အောင်ပြောတဲ့စကားမျိုးကို ပညာရှိသူတော်ကောင်းများ အထူးသတိပြု၍ ရှောင်ကြဉ်ရန် ဘုန်းကြီးက ဒီဓမ္မစကြာတရားတော်ကြီးကနေပြီး သတိပေးလိုက်ပါတယ်။

ဆရာမရှိဘဲ ကိုယ်တစ်ဦးတည်း အားထုတ်မယ်ဆိုရင်တော့ ဝိသုဒ္ဓိမဂ်မှာ ပြဆိုထားတဲ့အတိုင်း ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ဣန္ဒြေ၊ ပဋိစ္စသမုပ္ပါဒ်တွေကို အကျယ်အားဖြင့် ကြားနာလေ့လာမှတ်သားထားဖို့ လိုပါတယ်။ ဗဟုသုတနှင့် ပြည့်စုံတဲ့ ကလျာဏမိတ္တ ကမ္မဋ္ဌာန်းဆရာထံ၌ အားထုတ်မည့်ပုဂ္ဂိုလ်မှာဆိုရင်တော့ အခုထုတ်ပြခဲ့တဲ့ ပါဠိအဋ္ဌကထာများနှင့်အညီ "တရားအားလုံးဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တချည်းပဲ"လို့ ဒါလောက်ကြားဖူးရင်လည်း သုတမယဉာဏ် ပြည့်စုံပြီလို့ မှတ်ရမယ်။ "ပုထုဇဉ်တို့၏ သန္တာန်မှာ ခန္ဓာငါးပါးက ဒုက္ခသစ္စာ၊ တဏှာက သမုဒယသစ္စာ"ဆိုတဲ့ ဒီအကြောင်းနှင့် အကျိုးလောကီသစ္စာ ၂ ပါးမျှသာ ရှိတယ်လို့ ဒါလောက်ကြားဖူးရင်လည်း သုတမယဉာဏ် ပြည့်စုံပြီလို့ မှတ်ရမယ်။ မြန်မာပြည်၌ ဗုဒ္ဓသာသနာဝင်ပုဂ္ဂိုလ်တွေမှာ ဒီလောက်သုတကတော့ စောစောကတည်းက ပြည့်စုံနေတာပဲ များပါလိမ့်မယ်။ အကယ်၍ စောစောက မပြည့်စုံသေးရင်လည်း တရားအားထုတ်ခါနီးမှာ ကမ္မဋ္ဌာန်းဆရာ၏ ဟောပြောချက်ကို နာရခြင်းဖြင့် ပြည့်စုံနိုင်ပါတယ်။ ဒါကြောင့် သုတမယဉာဏ်နှင့်စပ်ပြီး သံသယဖြစ်စရာကတော့ မရှိပါဘူး။ သုတ ပြည့်စုံတဲ့ ကလျာဏမိတ္တဆရာ၏ ညွှန်ကြားချက်အတိုင်း အားထုတ်ဖို့ပဲ လိုပါတယ်။

(ဓမ္မစကြာ)

## သရုပ်သဘောဖြင့် ဆင်ခြင်၍ သိရှိမှုဖြင့်
## နာမရူပ ပရိစ္ဆေဒဉာဏ် အစစ်ဖြစ်သလား

ဝိပဿနာဉာဏ်ရဲ့ အခြေခံအစဖြစ်တဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်ဖြစ်ပုံကို မြတ်စွာဘုရားက ဒီဃနိကာယ သာမညဖလသုတ် (နှာ ၇၂) မဇ္ဈိမပဏ္ဏာသ

မဟာအကုလုဒါယိသုတ် (နှာ၂၀၉)တို့၌ ပတ္တမြားဥပမာဖြင့် ပြထားပါတယ်။ ပြပုံကတော့

## နာမ်ရုပ်ကွဲပုံ ဘုရားဟောဥပမာ

ဝေဠုရိယခေါ် ကြောင်မျက်ရွဲ ပတ္တမြားထဲမှာ ကြိုးအညို အဝါ အနီ အဖြူ အဝါနု တစ်ခုခု သီထားပြီး အဲဒီကျောက်သံ ပတ္တမြားကို လက်ဝါးပေါ် တင်ကြည့်ရင် မျက်စိကောင်းတဲ့သူဟာ ကျောက်ကတခြား၊ ကြိုးကတခြား ကွဲပြားစွာ မြင်ရသည့်ပြင် ကျောက်ထဲမှာ ကြိုးကလေးသီထားတာ၊ ဝင်နေတာကို လည်း ရှင်းလင်းစွာသိရတယ်။ အဲဒါလိုပဲ ရှုသိရတဲ့ ရုပ်ကိုယ်ကတခြား၊ ရှုသိ တဲ့ စိတ်ဝိညာဏ်ကတခြား ကွဲပြားစွာသိရတယ်။ ရှုသိစရာ ရုပ်ကိုယ်ဆီသို့ ရှုသိတဲ့စိတ်ဝိညာဏ်က ပြေးပြေးကပ်သွားတာကိုလည်း သိရတယ်။ အဲဒီဥပမာ မှာ ရုပ်ကိုယ်က ကျောက်နှင့်တူတယ်။ ရှုသိတဲ့စိတ်က ကြိုးနှင့်တူတယ်။ ကြိုးက ကျောက်ထဲဝင်နေတာလို့ပင် ရှုသိတဲ့စိတ်ဝိညာဏ်က ရှုသိစရာရုပ်ကိုယ် ဆီသို့ ပြေးပြေးကပ်သွားတယ်။ အဲဒီလို ရုပ်နာမ် ၂ ပါးကို ပိုင်းခြားသိကြောင်း ပြထားတယ်။ အဲဒီပြပုံကို အထူးသတိပြုကြရမယ်။ အဲဒီပြပုံထဲမှာ ရုပ်က မည်ရွေ့မည်မျှ၊ စိတ်စေတသိက်နာမ်က မည်ရွေ့မည်မျှလို့ သိကြောင်း မပါဘူး။ ရုပ်ကိုယ်နှင့် ရှုသိတဲ့စိတ်ဝိညာဏ်မျှ သိကြောင်းသာ ပါတယ်။ အဲဒါကို အထူး သတိပြုသင့်ပါတယ်။ နောက်ပြီးတော့ ဝိသုဒ္ဓိမဂ် (ဒု၊ နှာ ၂၂၅)မှာ နာမ်တရား ထင်ပေါ်ပုံကို ဒီလိုပြထားပါတယ်။

အဿ– ထိုယောဂီအား၊ ရူပံ– ရှုသိရသောရုပ်သည်၊ ယထာ ယထာ– အကြင်အကြင် အခြင်းအရာအားဖြင့်၊ သုဝိက္ခာလိတံ– ရှုသိမှုဖြင့် ကောင်းစွာ သုတ်သင်ပြီးသည်ဖြစ်၍၊ နိဇ္ဇဋံ သုပရိသုဒ္ဓံ– အရှုပ်အထွေးမရှိ ကောင်းစွာ စင်ကြယ်သည်၊ ဟောတိ– ဖြစ်၏။ တထာ တထာ– ထိုထိုအခြင်းအရာဖြင့် ရုပ်ကိုသိမှု သန့်ရှင်းစင်ကြယ်သလောက်၊ တဒါရမ္မဏာ– ထိုရုပ်လျှင် အာရုံရှိ ကုန်သော၊ အရူပဓမ္မာ– ရုပ်မဟုတ်သည့် နာမ်တရားတို့သည်၊ သယမေဝ ပါကဋာ ဟောန္တိ– သူ့အလိုလိုပင် ထင်ရှားပေါ်ကုန်၏တဲ့။ ဒီ ဝိသုဒ္ဓိမဂ်မှာလည်း နာမ်တရားများ အရေအတွက်နှင့်တကွ ထင်ပေါ်သည်ကို မဆိုလိုကြောင်း၊

ရုပ်ကို အာရုံပြုတဲ့ အနေအားဖြင့်သာ ထင်ပေါ်ပုံကို ဆိုလိုကြောင်း ထင်ရှားတယ်။ နောက်ပြီးတော့ အဲဒီဝိသုဒ္ဓိမဂ် (ဒု၊ နှာ ၂၃၁)မှာပဲ

"နာမံ နိဿာယ ရူပံ ပဝတ္တတိ၊ ရူပံ နိဿာယ နာမံ ပဝတ္တတိ၊ နာမ်ကိုမှီ၍ ရုပ်ဖြစ်သည်၊ ရုပ်ကိုမှီ၍ နာမ်ဖြစ်သည်။ နာမဿ ခါဒိတုကာမတာယ ပိဝိတုကာမတာယ ဗျာဟရိတုကာမတာယ ဣရိယာပထံ ကပ္ပေတုကာမတာယ သတိ– နာမ်၏စားလိုခြင်း၊ သောက်လိုခြင်း၊ ပြောလိုခြင်း၊ ဣရိယာပုထ်ပြုလိုခြင်း ရှိလတ်သော်၊ ရူပံ ခါဒတိ ပိဝတိ ဗျာဟရတိ ဣရိယာပထံ ကပ္ပေတိ– ရုပ်က စားသည်၊ သောက်သည်၊ ပြောသည်၊ ဣရိယာပုထ်ကို ပြုသည်"လို့ ပြထားပါတယ်။ အဲဒီလိုပြရာမှာလည်း အရေအတွက်နှင့်တကွ သိပုံကိုပြသည် မဟုတ်၊ တကယ်ဖြစ်ပုံကိုသာ ပြပေသည်။ ဒါကြောင့် သရုပ်သဏ္ဌာန်ဖြင့် ဆင်ခြင်၍ သိရုံမျှဖြင့် နာမရူပ ပရိစ္ဆေဒဉာဏ်အစစ် မဖြစ်။ တကယ်ဖြစ်ပေါ်နေသော ရုပ်နာမ်တို့ကို ရှုမှတ်စဉ် သိစရာရုပ်နှင့် အသိစိတ်နာမ် တခြားစီ ခွဲခြား၍သိမှသာ နာမရူပ ပရိစ္ဆေဒဉာဏ်အစစ် ဖြစ်ကြောင်း မှတ်သားကြရမယ်။

(ဓမ္မစကြာ)

## ရှုသိတိုင်း မဂ္ဂင်ရှစ်ပါးပါဝင်

ရှုသိတိုင်း ရှုသိတိုင်း သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဆိုတဲ့ သမာဓိမဂ္ဂင်သုံးပါးနှင့် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပဆိုတဲ့ ပညာမဂ္ဂင်နှစ်ပါး၊ နှစ်ရပ်ပေါင်း မဂ္ဂင်ငါးပါးဟာ ပါဝင်နေတယ်။ ဒီမဂ္ဂင်ငါးပါးကို တစ်ပေါင်းတည်း အညီအညွတ်ရှုသိမှုကို ပြုလုပ်နေတယ်။ ဒါကြောင့် မဂ္ဂင်ငါးပါးကို ကာရကမဂ္ဂင်လို့ အဋ္ဌကထာက အမည်ပေးထားပါတယ်၊ အလုပ်သမားမဂ္ဂင်တွေလို့ ဆိုရမှာပေါ့။ ဒါတွင်လည်း မကသေးပါဘူး။ သမ္မာဝါစာ၊ သမ္မာ ကမ္မန္တ၊ သမ္မာအာဇီဝဆိုတဲ့ သီလမဂ္ဂင်တွေလည်း ပါဝင်ပါသေးတယ်။ ပါဝင်ပုံကတော့ သီလမပျက်သောအားဖြင့် ပါဝင်ခြင်း၊ ဝိရတိကိစ္စ ပြီးသောအားဖြင့် ပါဝင်ခြင်းလို့ ၂ မျိုးရှိပါတယ်။ သီလမပျက်သောအားဖြင့် ပါဝင်ပုံကတော့ ဝိပဿနာယောဂီဟာ ဝိပဿနာမရှုမီကပင် သီလကို ဆောက်တည်ခဲ့တယ်။ စင်ကြယ်စေခဲ့တယ်၊ ရှုမှတ်နေတဲ့အခါလည်း အဲဒီသီလဟာ မပျက်ဘူး၊ စင်ကြယ်မြဲပင် စင်ကြယ်နေတယ်။ သာပြီးတော့ စင်ကြယ်တယ်လို့တောင် ဆိုနိုင်

ပါတယ်။ ဒါကြောင့် အဲဒီသီလမဂ္ဂင်သုံးပါးနှင့်တကွဆိုလျှင် ရှသိတိုင်း ရှသိတိုင်း မဂ္ဂင်ရှစ်ပါးဖြစ်ပွားနေတယ်။ အဲဒီလို ပါဝင်နေပုံကို ဥပရိပဏ္ဏာသပါဠိ မဟာသဠာယတနိကသုတ်မှာ ဒီလိုပြထားပါတယ်။

## မဟာသဠာယတနိကသုတ်မှာ မြင်မှုဆိုင်ရာ အတိုချုပ် မြန်မာပြန်

ရဟန်းတို့ (မြင်ဆဲ၌ ရှု၍) မျက်စိကို ဟုတ်တိုင်းမှန်စွာ သိမြင်လျှင်၊ အဆင်းတို့ကို မြင်သိမှုကို၊ မြင်တွေ့မှုကို၊ မြင်ခံစားမှုကို ဟုတ်တိုင်းမှန်စွာ သိမြင်လျှင် ယင်းမျက်စိ စသည်တို့၌ မတပ်မက်တော့ပေ။ မျက်စိ စသည်တို့၌ မတပ်မက်ဘဲ မယှဉ်တွဲဘဲ မှန်ကန်စွာသိလျက် အပြစ်မြင်လျက်နေသောသူအား (အာယတိံ ပဉ္စုပါဒါနက္ခန္ဓာ အပစယံ ဂစ္ဆန္တိ) နောင်အခါ၌ ဖြစ်မည့် ဥပါဒါနက္ခန္ဓာတို့သည် ပျက်စီးသွားကြလေကုန်တော့၏။ (မရှုမိတဲ့အာရုံနှင့် စပ်၍ ဖြစ်မည့် ဘဝသစ်ခန္ဓာတို့ ဖြစ်ခွင့်မရှိဘဲ ချုပ်ငြိမ်းသွားကြသည်ဟု ဆိုလို၏) ပေါနောဘဝိကာ စသည်ဖြင့် ပြဆိုအပ်သော တဏှာသည်လည်း ချုပ်ကင်းသွား၏။ (ထိုအာရုံ၌ဖြစ်ထိုက်သည့် တဏှာကင်းသည်ကို ဆိုလို၏။)

(ယာ တထာဘူတဿ ဒိဋ္ဌိသာဿ ဟောတိ သမ္မာဒိဋ္ဌိ– ထိုသို့သိမြင်သူ၏ အသိအမြင်သည် သမ္မာဒိဋ္ဌိပင်၊ ယော တထာဘူတဿ သင်္ကပ္ပေါ သွာဿ ဟောတိ သမ္မာသင်္ကပ္ပေါ၊) ထိုသို့သိမြင်သူ၏ သင်္ကပ္ပသည် သမ္မာသင်္ကပ္ပပင်၊ ထိုသို့သိမြင်သူ၏ အားထုတ်မှုသည် သမ္မာဝါယာမပင်၊ ထိုသို့အမှတ်ရမှုသည် သမ္မာသတိပင်၊ ထိုသို့ သိမြင်သူ၏ သမာဓိသည် သမ္မာသမာဓိပင်။ (ပုဗ္ဗေဝ ခေါ ပနဿ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါ သုပရိသုဒ္ဓေါ ဟောတိ။) ထိုယောဂီပုဂ္ဂိုလ်၏ ကိုယ်အမှု၊ နှုတ်အမှုနှင့် အသက်မွေးမှုသည် တရားအားမထုတ်မီ ရှေးအဖို့ကပင် ကောင်းစွာစင်ကြယ်ခဲ့သည်။ (ဧဝမဿာယံ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဘာဝနာပါရိပူရိံ ဂစ္ဆတိ၊) ဤဆိုခဲ့သည့်အတိုင်း ထိုယောဂီမှာ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်သည် ပွားစေမှုပြည့်စုံခြင်းသို့ ရောက်လေတော့သည်။

အဲဒါဟာ မြင်ဆဲခဏ၌ သိသင့်သောတရားငါးပါးကို မှန်စွာသိတဲ့ ယောဂီမှာ မဂ္ဂင်ရှစ်ပါး ပါဝင်ပြည့်စုံပုံကို ပြသော ဘုရားစကားတော်ပါပဲ။

တိုရင်းလောက် ချုံးပြီး မြန်မာပြန်ပြလိုက်ပါတယ်။ အကျယ်သိချင်ရင်တော့ ဥပရိပဏ္ဏာသပါဠိ မဟာသဠာယတနိကသုတ်ကို ကြည့်ရှုပါပဲ။ အဲဒီမှာ မဂ္ဂင်ရှစ်ပါး ပြည့်စုံပုံကို အဋ္ဌကထာက အရိယမဂ်ခဏဖြင့် ပြပါတယ်။ အဲဒါက ဥက္ကဋ္ဌနည်းဖြင့် ပြတယ်လို့ ဆိုရမှာပါပဲ။ ဩမကနည်းအားဖြင့်တော့ ဝိပဿနာခဏ၌ ပြည့်စုံပုံကိုယူလျှင် အဲဒီစာပိုဒ်၏ မူလအခြေခံစာပိုဒ်မှာ (စက္ခုဉ္စ ခေါ ဘိက္ခဝေ ဇာနံ ပဿံ ယထာဘူတံ) စသည်ဖြင့် ပြထားသောစကားနှင့် တစ်သားတည်း ညီညွတ်သွားပါတယ်။ ညီညွတ်ပုံကတော့ မျက်စိအဆင်း၊ မြင်သိမှု၊ မြင်တွေ့မှု၊ မြင်ခံစားမှုတို့ကို မှန်စွာသိတာဟာ ဝိပဿနာဖြင့် သိတာပဲ။ အရိယမဂ်ကတော့ မျက်စိ စသည်ကို အာရုံပြုပြီး မသိဘူး။ သိခြင်းကိစ္စပြီးရုံမျှသာရှိတယ်။ အဲဒီတော့ အစပိုင်းက ပြခဲ့တဲ့ မျက်စိ စသည်ကို အမှန်အတိုင်းသိတဲ့ ဝိပဿနာခဏမှာပင် သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်ရှစ်ပါး အပြည့်အစုံ ပါဝင်ပုံကို ပြတယ်လို့ ယူရင် ရှေ့နောက်ညီညွတ်ပြီးတော့ တကယ်အလုပ်လုပ်ရတဲ့ ဝိပဿနာမဂ္ဂင်ပွားစေပုံကို ပြခြင်းကိစ္စလည်း ပြီးသွားပါတယ်။ ဒါကြောင့် ဘုန်းကြီးကတော့ အဲဒီဘုရားစကားတော်နဲ့ပြလိုရင်းက ဝိပဿနာမဂ္ဂင်ပင်ဖြစ်တယ်။ အဲဒီ ဝိပဿနာမဂ္ဂင် ပြည့်စုံတဲ့အခါ ဖြစ်ပေါ်လာတဲ့ အရိယမဂ္ဂင်ကိုတော့ ဝိပဿနာ၏ ပန်းတိုင်အနေဖြင့်သာ ပြတယ်လို့ သဘောကျပါတယ်။

(ဓမ္မစကြာ)

## အနုသယကိလေသာ မရှိဘူးတဲ့

အနုသယကိလေသာရှိကြောင်း သုတ္တန်၊ အဘိဓမ္မာ ပါဠိတော်တို့၌ အထင်အရှား ဟောထားပါလျက် တချို့က "အနုသယကိလေသာရယ်လို့ မရှိဘူး။ စိတ်စွဲလမ်းလို့ ကိလေသာတွေ ဖြစ်တာ"လို့ ဟောပြောနေကြသတဲ့။ အဲဒါကတော့ ဘုရားစကားကို မရိုမသေ ပြောတာပါပဲ။ စဉ်းစားကြပါ။ အရွယ်မရောက်သေးတဲ့ ကလေးသူငယ်တွေမှာ အဖိုအမ ကာမကိစ္စနဲ့စပ်ပြီး နှစ်သက်သာယာတဲ့ ကာမတဏှာ ထင်ရှားမဖြစ်သေးဘူး။ အဲဒါ အကြောင်းမညီညွတ်သေးလို့ မဖြစ်သေးတာပဲ။ လုံးဝကင်းငြိမ်းနေတာတော့ မဟုတ်သေးဘူး။ အဲဒီ သူငယ်တွေရဲ့သန္တာန်မှာ အကြောင်းညီညွတ်တဲ့အခါ ဖြစ်နိုင်ခွင့်ရှိနေတာပဲ။ ဒါကြောင့် အရွယ်ရောက်လာတဲ့အခါကျတော့ မိန်းမယောကျ်ားအာရုံကို မြင်လျှင်

မြင်ချင်း၊ ကြားလျှင်ကြားချင်း ရုတ်တရက် ကာမကိလေသာ ဖြစ်လာတာတွေ များစွာပင် ရှိနေတာပဲ။ အဲဒါဟာ စောစောက မြင်ဖူးကြားဖူးလို့ စွဲလမ်းထားလို့ ဖြစ်တာမဟုတ်ဘူး။ ချက်ချင်းဖြစ်လာတာပဲ။

အဲဒီလိုဖြစ်တာဟာ အဲဒီကလေးသူငယ်များသန္တာန် ဖြစ်နိုင်ခွင့်ရှိတဲ့ အနုသယကိလေသာ ရှိနေလို့ပါပဲ။ နောက်ပြီးတော့ တချို့ပုဂ္ဂိုလ်မှာ ရတနာသုံးပါးကို ယုံမှားမရှိ ကြည်ညိုနေတယ်။ ဒါပေမဲ့ ဘာသာခြား တရားဟောဆရာတွေရဲ့ ဟောပြောချက်ကို ကြားရတဲ့အခါ ရတနာသုံးပါးနဲ့စပ်ပြီး ယုံမှားမှုဝိစိကိစ္ဆာဖြစ်တယ်။ တချို့မှာ မိစ္ဆာဒိဋ္ဌိတောင် ဖြစ်သွားသေးတယ်။ အဲဒီဝိစိကိစ္ဆာနဲ့ ဒိဋ္ဌိဟာ စိတ်စွဲလို့ဖြစ်တာမဟုတ်ဘူး။ စောစောကတည်းက အဲဒီပုဂ္ဂိုလ်များသန္တာန်မှာ အရိယမဂ်ဖြင့် မပယ်ရသေးတဲ့အတွက် ဖြစ်နိုင်ခွင့်ရှိနေလို့ ဖြစ်တာပဲ။ မြတ်စွာဘုရားလက်ထက်တော်က အရိယာပုဂ္ဂိုလ်တွေမှာ အဲဒီဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကိုသောတာပတ္တိမဂ်ဖြင့် ပယ်ပြီးဖြစ်နေတဲ့အတွက် ဘယ်ဆရာက ဟောလို့မှ ယုံမှားမဖြစ်ဘူး။ ဒိဋ္ဌိလည်းမဖြစ်ဘူး။ သိကြားတို့ မာရ်နတ်တို့က ဟောတာတောင် ယုံမှားမဖြစ်ဘူး။ ဒိဋ္ဌိလည်းမဖြစ်ဘူး။ အဲဒါဟာ အရိယမဂ်ဖြင့် သန္တာနာနုသယကို ပယ်ပြီးဖြစ်နေလို့ပါပဲ။

(ဓမ္မစကြာ)

## ဓမ္မစကြာ တရားနာသူတို့ တရားထူးရနိုင်မှုနှင့်စပ်၍ စဉ်းစားဖွယ်ရှိတယ်

ဒီဓမ္မစကြာသုတ်ကို စိစစ်ကြည့်မယ်ဆိုရင် "ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ"ဆိုတဲ့အစမှ စပြီး "အယမန္တိမာ ဇာတိ၊ နတ္ထိဒါနိ ပုနဗ္ဘဝေါတိ"ဆိုတဲ့ နောက်ဆုံးစကားတိုင်အောင် ဘုရားရှင်ကိုယ်တော်တိုင် ကျင့်သုံးခဲ့တဲ့လမ်းစဉ်နဲ့ ကိုယ်တော်တိုင် တွေ့သိလာခဲ့တဲ့ တရားများ တွေ့သိပုံများကို ဖော်ပြထားချက်ချည်းဖြစ်တယ်။ မည်သို့မည်ပုံ ကျင့်ရမယ်ဆိုတာကို တိုက်ရိုက်ဖော်ပြထားချက် မရှိသလောက်ပါပဲ။ ပထမအစ၌ "အန္တ၊ နှစ်ပါးကို မမှီဝဲအပ်"ဆိုတဲ့ စကားတစ်ပိုဒ်လောက်ပဲ ကျင့်ဖို့ ညွှန်ကြားတဲ့အနေဖြင့် တွေ့ရတယ်။ ဒီတော့ အဲဒီအခါတုန်းက တရားနာပရိသတ်တွေဟာ ဘယ်ပုံဘယ်နည်း

ဖြင့် မဂ်ဖိုလ်တရားထူးကို ရသွားကြပါသလဲဆိုတာ စဉ်းစားစရာ ရှိနေပါတယ်။ အဲဒါကို ယခုရှင်းပြရမယ်။

## တရားနာသူတို့ တရားထူးရနိုင်ပုံ

မြတ်စွာဘုရား ဟောတော်မူတဲ့ တရားတော်များမှာ "ဒီလိုကျင့်ရမယ်၊ ဒီလိုနှလုံးသွင်းရမယ်" စသည်ဖြင့် ညွှန်ကြားတိုက်တွန်းပုံ တိုက်ရိုက်မပါရှိသော်လည်း "မှီဝဲသင့်တာကို မှီဝဲရန်၊ ရှောင်သင့်တာကို ရှောင်ရန် ညွှန်ကြားတိုက်တွန်းချင်ပါတယ်"လို့ပဲ ယူဆရပါတယ်။ ဒါကြောင့် ရှေးဆရာမြတ်တို့က နေတ္တိနည်းအရ ဒီလိုပြဆိုထားပါတယ်။ "ဘုရားဟောဟူက အာဏတ္တိပါမြဲ"တဲ့ ပုံစံထုတ်ပြရလျှင်

အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဥ္စသေဝနာ
ပူဇာစ ပူဇနီယာနံ၊ ဧတံမင်္ဂလမုတ္တမံ။

ဆိုတဲ့ မင်္ဂလသုတ်ဂါထာ၌ လူမိုက်တို့ကို မမှီဝဲခြင်း၊ ပညာရှိတို့ကို မှီဝဲခြင်း၊ ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်း ဤသုံးပါးသည် မြတ်သောမင်္ဂလာမည်၏ဟူ၍ မင်္ဂလာသရုပ်မျှကိုသာ ပြတော်မူတယ်။ မမှီဝဲလင့်၊ မှီဝဲလော့၊ ပူဇော်လော့ဟူ၍ တိုက်တွန်းချက်ကား မပါပေ။ သို့သော်လည်း ထိုသို့တိုက်တွန်းတော်မူသည်လို့ပဲ ယူရပါတယ်။

ဒီနည်းအတိုင်းပင် ဒီဓမ္မစကြာသုတ်မှာလည်း တိုက်ရိုက်အားဖြင့် တိုက်တွန်းချက်မပါသော်လည်း အဖို့အစွန်း ၂ ပါးတို့ကို မချဉ်းကပ်မူ၍ မဇ္ဈိမပဋိပဒါအကျင့်လမ်းကို ငါဘုရား ထိုးထွင်းသိလာပြီလို့ ဟောရာမှာ ငါဘုရားလိုပင် သင်တို့လည်း အဖို့အစွန်း ၂ ပါးကို စွန့်ပယ်ကြရမယ်။ မဇ္ဈိမပဋိပဒါ အကျင့်လမ်းအတိုင်း ကျင့်ကြရမယ်လို့ ညွှန်ကြားတိုက်တွန်းတော်မူတယ်လို့ ယူရပါတယ်။

"မဇ္ဈိမပဋိပဒါအကျင့်က ပညာမျက်စိကို ဖြစ်စေတတ်သည်" စသည်ဖြင့် ဟောရာမှာလည်း မဇ္ဈိမပဋိပဒါအကျင့်လမ်းကို ကျင့်ရင် သင်တို့မှာလည်း ပညာမျက်စိဖြစ်ပြီးလျှင် ထူးခြားတဲ့အသိဉာဏ်များ ဖြစ်ပေါ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်အထိ အကျိုးထူးများကို ရပါလိမ့်မယ် စသည်ဖြင့် ယူရပါတယ်။

"မဂ္ဂင်ရှစ်ပါးကို သရုပ်ထုတ်ပြရာမှာလည်း သီလ သမာဓိ ပညာမဂ္ဂင်များကို ဖြစ်ပွားစေရမယ်လို့ ညွှန်ကြားတယ်" လို့ပဲ ယူရပါတယ်။

နောက်ပြီးတော့ ဒုက္ခသစ္စာ၏သရုပ်ကို ထုတ်ပြတော်မူတဲ့အခါ အဲဒီ ဒုက္ခသစ္စာတရားတွေကို သိအောင်အားထုတ်ရန် ညွှန်ကြားတော်မူတယ်လို့ ယူရတယ်။ သမုဒယသစ္စာ၏သရုပ်ကို ဟောရာမှာလည်း အဲဒီတရားကို ပယ်ရန် ညွှန်ကြားတယ်လို့ ယူရပါတယ်။ နိရောဓသစ္စာ၊ မဂ္ဂသစ္စာတို့ကို ဟောရာမှာလည်း မဂ္ဂသစ္စာကို မိမိသန္တာန်မှာ ဖြစ်ပွားစေပြီးတော့ နိရောဓသစ္စာကို မျက်မှောက်ကိုယ်တွေ့သိအောင် အားထုတ်ရန် ညွှန်ကြားတယ်လို့ ယူရပါတယ်။

အဲဒီနောက် သစ္စာဉာဏ်လေးပါးကို ဟောရာမှာ အဲဒီသစ္စာလေးပါးကို သိတဲ့ သစ္စာဉာဏ် ၄ ပါးဖြစ်အောင် အားထုတ်ရန် ညွှန်ကြားတယ်လို့ ယူရပါတယ်။ ကိစ္စဉာဏ်လေးပါးကို ဟောရာမှာလည်း ဒုက္ခသစ္စာကို အနိစ္စ စသော အခြင်းအရာဖြင့် ပိုင်းခြားသိအောင်ရှုရန် ညွှန်ကြားတယ်လို့ ယူရပါတယ်။ ဒါကတော့ အလွန်ထင်ရှားပါတယ်။ "ပရိညေယျံ၊ ပိုင်းခြားသိရမည့်တရား" လို့ ဟောလိုက်တော့ "အဲဒီဒုက္ခသစ္စာတရားကို အနိစ္စ စသော အခြင်းအရာဖြင့် ပိုင်းခြားသိအောင် ရှုရန်ညွှန်ကြားတယ်" လို့ ယူရပါတယ်။ ဒါကတော့ အလွန်ထင်ရှားပါတယ်။ "ပရိညေယျံ၊ ပိုင်းခြားသိရမည့်တရား" လို့ ဟောလိုက်တော့ "အဲဒီဒုက္ခသစ္စာတရားကို ပိုင်းခြားသိအောင် အားထုတ်ရမယ်" ဆိုတာ အလွန်ထင်ရှားနေပါတယ်။ အဲဒီဒုက္ခသစ္စာဆိုတာလည်း ဇာတိ အစ၊ ဥပါဒါနက္ခန္ဓာ အဆုံးရှိတဲ့သဘောတရား တွေဖြစ်ကြောင်း ရှေ့ပိုင်းက ထုတ်ပြခဲ့ပြီးဖြစ်တဲ့အတွက် မိမိသန္တာန်မှာ မြင်မှု၊ ကြားမှု စသည် ဖြစ်ပေါ်တိုင်း အနိစ္စ စသော အခြင်းအရာဖြင့် ပိုင်းခြားသိအောင် ရှုရမယ်ဆိုတာလည်း နားလည်နိုင်ပါတယ်။

မဂ္ဂသစ္စာကို ဖြစ်ပွားစေအပ်သည့် တရားလို့ ဟောရာမှာလည်း မြင်မှု၊ ကြားမှု စသော ဥပါဒါနက္ခန္ဓာတရားတွေကို ရှုသိပြီး ဖြစ်ပွားစေရမယ်ဆိုတာ နားလည်နိုင်ပါတယ်။ သမုဒယသစ္စာကို ပယ်အပ်သည့်တရားလို့ ဟောရာမှာလည်း အမှန်သိဖြစ်အောင် ဒုက္ခသစ္စာတရားတွေကို ရှုခြင်းဖြင့် ယင်းတရားတို့၌ နှစ်သက်သာယာမှုကို ပယ်ရမယ်ဆိုတာ နားလည်နိုင်ပါတယ်။ နိရောဓသစ္စာကို မျက်မှောက်ပြုအပ်သည့်တရားလို့ ဟောရာမှာလည်း ဒုက္ခသစ္စာတရားတွေကို အမှန်အတိုင်းသိအောင်ရှု၍ ဝိပဿနာမဂ္ဂင်တွေကို ပွားစေပြီးလျှင် နောက်ဆုံး၌ နိရောဓသစ္စာကို မျက်မှောက်တွေ့ရမယ်ဆိုတာကို နားလည်နိုင်ပါတယ်။ မြတ်စွာ

ဘုရားက ကိုယ်တော်တိုင် မဇ္ဈိမပဋိပဒါခေါ်တဲ့ မဂ္ဂင်ရှစ်ပါးကို ပွားစေပြီး ဒီလို ဒီလို သိလာတယ်ဆိုတာကို ဟောလိုက်တော့ တရားနာပရိသတ်တွေက လည်း မြတ်စွာဘုရားလိုပင် မဂ္ဂင်ရှစ်ပါးတရားတွေကို ငါတို့ပွားစေလျှင် ငါတို့ လည်း မြတ်စွာဘုရားလိုပင် သိသင့်သမျှကို သိရလိမ့်မယ်လို့ နားလည်နိုင် ကြပါတယ်။ ဥပမာအားဖြင့် လူတစ်ယောက်က ဆေးကောင်းကို မှီဝဲရလို့ ရောဂါ ပျောက်ကြောင်းပြောလျှင် အလားတူရောဂါရှိနေသူတွေက ငါတို့လည်း အဲဒီဆေး ကို မှီဝဲလျှင် ရောဂါပျောက်မယ်ဆိုတာ နားလည်ကြသလိုပေါ့။

အဲဒီတုန်းက တရားနာပရိသတ်တွေဟာ တရားဦးနာပြီးတော့ တရားထူး ရသင့်ရထိုက်တဲ့ ပုဂ္ဂိုလ်ထူးတွေဖြစ်တဲ့အတွက် ယခု ဘုန်းကြီးပြောတဲ့အတိုင်း နားလည်နိုင်ကြပါတယ်။ နားလည်နိုင်တဲ့အတိုင်းလည်း ဖြစ်ခိုက် ရုပ်နာမ် ဒုက္ခသစ္စာတရားတွေကို ရှုပြီးတော့ ဝိပဿနာဉာဏ် အစဉ်အတိုင်းတက်ပြီး ထိုက်သည့်အားလျော်စွာ အရိယမဂ်လေးပါးဖြင့် နိရောဓသစ္စာ နိဗ္ဗာန်တရားထူးကို မျက်မှောက်ပြုသွားကြတယ်လို့ မှတ်ယူနိုင်ပါတယ်။

## တရားနာရင်း အရှင်ကောဏ္ဍည တရားထူးရပုံ

အရှင်ကောဏ္ဍညဟာ မြတ်စွာဘုရားဟောတော်မူတဲ့ တရားထဲက မဇ္ဈိမ ပဋိပဒါဆိုတဲ့ မဂ္ဂင်ရှစ်ပါးကို ပွားစေပြီး သောတာပတ္တိဖိုလ် တရားထူးကို ရနိုင် ပါတယ်။ သစ္စာလေးပါးသရုပ်ကို ကြားနာရတဲ့အခါလည်း အဲဒီသစ္စာလေးပါးကို သိသင့်တဲ့အတိုင်းသိအောင် ရှုပြီး မဂ်ဖိုလ်တရားထူးကို ရနိုင်ပါတယ်။ အထူးအား ဖြင့်ဆိုရင်တော့ ဒုက္ခကို ပိုင်းခြားသိအပ်သည့် တရား၊ မဂ္ဂကို ပွားစေအပ်သည့် တရားဆိုတာကို ကြားနာရတဲ့အခါမှာ ဒုက္ခသစ္စာဆိုတဲ့ ဥပါဒါနက္ခန္ဓာတွေကို ရှုသိပြီး ဝိပဿနာမဂ္ဂင်တွေကို ပွားစေသောအားဖြင့် သောတာပတ္တိမဂ်ဖိုလ်ရောက် ရန် အလွန်နီးစပ်ပါတယ်။

ဒုက္ခကို ရှုသိပြီး ပွားစေပုံကတော့ တရားသံကို ကြားတိုင်းကြားတိုင်း ကြားမှုကို ရှုသိပြီးတော့လည်း တကယ်ဖြစ်ပျက်တဲ့သဘော အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောများကို သိလျက် မဂ္ဂင်ရှစ်ပါးကို ပွားစေနိုင်ပါတယ်။ ကြည်ညို ဖွယ် အသံတော်နှင့် ကြည်ညိုဖွယ်တရားတော်ကို ကြားရသဖြင့် ဖြစ်ပေါ်တဲ့ ကြည်ညိုတာကို ရှုသိပြီးတော့လည်း ပွားစေနိုင်ပါတယ်။ ကြည်ညိုပြီး ဝမ်းမြောက်

မှုတွေလည်း များစွာဖြစ်ပါလိမ့်မယ်။ အဲဒီလိုဖြစ်နေတဲ့အခါ ဝမ်းမြောက်မှု ပီတိကို ရှုသိပြီးတော့လည်း ပွားစေနိုင်ပါတယ်။ အဲဒီ ပီတိရှုသိပြီး ပွားစေပုံ ကတော့ အလွန်ပဲ နီးစပ်ပါတယ်။ ဒါကြောင့် ပါဠိတော်များမှာ တရားနာ ပရိသတ်တို့သန္တာန်၌ (ကလ္လစိတ္တ– ခံ့ကျန်းတဲ့စိတ်ဖြစ်နေတဲ့အခါ၊ မုဒုစိတ္တ– နူးညံ့တဲ့စိတ် ဖြစ်နေတဲ့အခါ၊ ဝိနီဝရဏ– နီဝရဏကင်းတဲ့စိတ် ဖြစ်နေတဲ့အခါ၊ ဥဒဂ္ဂစိတ္တ– ဝမ်းမြောက်တက်ကြွတဲ့စိတ် ဖြစ်နေတဲ့အခါ၊ ပသန္နစိတ္တ– ကြည်ညို တဲ့စိတ် ဖြစ်နေတဲ့အခါ) မြတ်စွာဘုရားက သစ္စာလေးပါးကို ဟောပြသဖြင့် တရားထူးရသွားကြကြောင်း ပြဆိုထားပါတယ်။ နောက်ပြီးတော့ မိမိကိုယ်တွင်း က တွေ့ထိမှု၊ အဆိုးအကောင်း ခံစားမှု၊ မြတ်စွာဘုရားကို ဖူးမြင်မှု စသည်တွေ ကိုလည်း ရှုသိပြီးတော့ မဂ္ဂင်ရှစ်ပါးကို ပွားစေနိုင်ပါတယ်။

(ဓမ္မစကြာ)

## သောတာပတ္တိမဂ်ဉာဏ် အညစ်အကြေးကင်းပုံ

သောတာပတ္တိမဂ်ဉာဏ်ကို (ဝိရဇံ) မြူကင်းတယ်၊ အညစ်အကြေးကင်း တယ်လို့ ချီးမွမ်းဂုဏ်ပြုထားပါတယ်။ ဒီနေရာမှာ ဘယ်လိုအညစ်အကြေးကင်း တာလဲလို့ စဉ်းစားစရာရှိတယ်။ သာရတ္ထဒီပနီဋီကာမှာ ဖွင့်ပြထားတာကတော့ အပါယ်လားကြောင်းဖြစ်တဲ့ ရာဂစသော မြူကင်းတယ်။ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာဆိုတဲ့ အညစ်အကြေး လုံးဝကင်းတယ်လို့ ပြဆိုထားပါတယ်။ အဲဒါဟာ သောတာပတ္တိ မဂ်က ပယ်အပ်တဲ့ ကိလေသာကို မြူအညစ်အကြေးအဖြစ်ဖြင့် ပြဆိုတာပါပဲ။ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာမှာ ပြဆိုထားတာကတော့ မြူဆိုတာလည်း ရာဂ စသည်ပဲ။ အညစ်အကြေးဆိုတာလည်း ရာဂ စသည်ပဲဆိုတဲ့အနေနဲ့ ဖွင့်ပြပြီး တော့ ရာဂ စသည်ဟာ လွှမ်းမိုးတတ်သောကြောင့် မြူမည်တယ်။ ဖျက်ဆီးတတ် သောကြောင့် အညစ်အကြေးမည်တယ်လို့လည်း ဖွင့်ပြောထားပါတယ်။ ဒီနေရာ မှာ စဉ်းစားစရာရှိလာပြန်တယ်။ ဒီမြူအညစ်အကြေးတွေက ဓမ္မစက္ခုခေါ်တဲ့ မဂ်ဉာဏ်နဲ့မယှဉ်တာကို ကင်းတယ်လို့ ဆိုလိုတာလား။ အရိယမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မသိမမြင်နိုင်အောင် မနှောင့်ယှက်နိုင်တာကို ကင်းတယ်လို့ ဆိုလိုတာ လားလို့ စဉ်းစားစရာ ရှိလာပြန်တယ်။ မဂ်ဉာဏ်ဆိုတာ ကိလေသာတို့နှင့် ယှဉ်စပ်ခြင်း လုံးဝမရှိသောကြောင့် မယှဉ်တာကိုတော့ မဆိုလိုကြောင်း ထင်ရှား

ပါတယ်။ အဲဒီတော့ နိဗ္ဗာန်မသိမမြင်နိုင်အောင် မနှောင့်ယှက်နိုင်တာကိုပင် "ကိလေသာမြူကင်းတယ်၊ ကိလေသာအညစ်အကြေး ကင်းတယ်"လို့ ယူဖို့ ရှိပါတယ်။

မနှောင့်ယှက်နိုင်ပုံကတော့ သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သည့် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာတို့နှင့် အပါယ်လားကြောင်း ရာဂ စသည်တို့ အားရှိနေသေးသမျှ ကာလပတ်လုံး ဝိပဿနာ ရှုနေသော်လည်း သောတာပတ္တိဉာဏ်ဖြင့် နိဗ္ဗာန်ကို မမြင်နိုင်သေးဘူး။ မျက်စိမှာ တိမ်သလာ ဖုံးကွယ်နှောင့်ယှက်နေလို့ အဆင်းကို မမြင်နိုင်သလိုပေါ့။ ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံတဲ့အခါမှာ ဝိစိကိစ္ဆာနှင့် အပါယ်လားကြောင်းရာဂ စသည်တွေဟာ အားနည်းသွားတယ်။ ဒါကြောင့် နိဗ္ဗာန်ကို မမြင်နိုင်အောင် မနှောင့်ယှက်နိုင်တော့ဘူး။ မျက်စိမှာ တိမ်သလ္လာ ပါးသွားတဲ့အခါ မမြင်နိုင်အောင် မဖုံးကွယ်၊ မနှောင့်ယှက်နိုင်သလိုပေါ့။ အဲဒီလို အခါမှာ သောတာပတ္တိမဂ်ဉာဏ်က နိဗ္ဗာန်ကို မျက်မှောက်တွေ့မြင်ပြီး ဖြစ်ပေါ် လာတယ်။ အဲဒီလို နိဗ္ဗာန်ကိုမြင်ပြီး ဖြစ်ပေါ်နိုင်လောက်အောင် အစွမ်းသတ္တိ ရှိတာကိုပင် (ဝိရဇ) မြူကင်းတယ်။ (ဝီတမလ) အညစ်အကြေးကင်းတယ်လို့ ဆိုလိုတယ်လို့ ယူသင့်ပါတယ်။

(ဓမ္မစကြာ)

## မဂ်ဉာဏ်၏ အာရုံနိဗ္ဗာန်မှာ ရုပ်နာမ်အားလုံး ချုပ် မချုပ်

ဒီနေရာမှာ ပုဂ္ဂိုလ်တစ်ဦးက စူဠနိဒ္ဒေသ အဋ္ဌကထာ၌ "သောတာပတ္တိ မဂ်ဖြင့် ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် ၄ ခုနှင့် ဝိစိကိစ္ဆာ သဟဂုတ်စိတ် ၁ ခု ဆိုတဲ့ ဒီအကုသိုလ်စိတ် ၅ ခု ချုပ်တဲ့အကြောင်း" ပြဆိုထားတာကို အကိုးအကား သာကေပြုပြီးတော့ "သောတာပတ္တိမဂ်ဖိုလ်ခဏ၌ ရုပ်နာမ်သင်္ခါရအားလုံး ချုပ် ငြိမ်းနေတာကို တွေ့ရတယ်"ဆိုတာကို ပစ်ပယ်ပြီး ပြောဟောရေးသားထားတယ်။ သူ့အယူအဆက "သောတာပတ္တိမဂ်ဖြင့် အကုသိုလ်စိတ် ၅ ခု၏ ချုပ်ငြိမ်းခြင်း ကိုသာလျှင် သောတာပတ္တိမဂ်ဖိုလ်က အာရုံပြုသိမြင်ရမယ်"လို့ ယူဆထားဟန် တူပါရဲ့။ အဲဒါကတော့ အလွန်လွဲမှားနေတဲ့ အယူအဆပါပဲ။ ဘာကြောင့်လဲ ဆိုရင် နိဗ္ဗာန်ဆိုတာ အကုသိုလ်တစ်စိတ်တစ်ပိုင်းမျှ ချုပ်ခြင်းကိုလည်း ဆိုတာ

မဟုတ်ဘူး။ ရုပ်တရား နာမ်တရား တစ်စိတ်တစ်ပိုင်းမျှ ချုပ်ခြင်းကိုလည်း ဆိုတာမဟုတ်ဘူး။ အမှန်မှာတော့ ကိလေသာ၊ ကံ၊ ဝိပါက်ဆိုတဲ့ ဝဋ်သုံးပါးလုံး ရုပ်နာမ်သင်္ခါရအားလုံး ချုပ်ငြိမ်းကင်းဆိတ်တဲ့ သဘောကိုသာ နိဗ္ဗာန်လို့ဆိုတာပဲ။ အရိယမဂ်ဖိုလ်က ဘာကို အာရုံပြုသလဲမေးရင် နိဗ္ဗာန်ကို အာရုံပြုတယ်လို့ ဖြေရမှာပဲ။ နိဗ္ဗာန်ဆိုတာကလည်း ယခုပြောတဲ့အတိုင်း ရုပ်နာမ် သင်္ခါရအားလုံး ချုပ်ငြိမ်းကင်းဆိတ်တဲ့ သဘောပဲ။ ဒီတော့ "သောတာပတ္တိမဂ် ဖြစ်ခိုက်မှာ သိစရာရော၊ သိတာရော ချုပ်ငြိမ်းကင်းဆိတ်နေတာကိုသာ တွေ့နေရတယ်" ဆိုတာဟာ သဘာဝကျတဲ့ အစစ်အမှန်တွေ့သိပုံပဲ။

သေသေချာချာ သတိပြုပြီး ကြည့်ရှုဆင်ခြင်ရင် အဲဒီစူဠနိဒ္ဒေသပါဠိ အဋ္ဌကထာ၏ အဖွင့်ခံ ပါရာယဏဝဂ် အဇိတသုတ်မှာပဲ "ဧတ္ထေတံ ဥပရုဇ္ဈတိ၊ ဤနိဗ္ဗာန် အငြိမ်းဓာတ်၌ ထိုနာမ်ရုပ်အားလုံးချုပ်တယ်" လို့ ဆိုထားတာကို ထင်ရှားတွေ့နိုင်ပါတယ်။ နောက်ပြီးတော့ "သောတာပတ္တိမဂ်၏ အာရုံနိဗ္ဗာန်နှင့် အထက်မဂ်များ၏ အာရုံနိဗ္ဗာန်ဟာ အတူတူပဲလား၊ ကွဲပြားပါသလား" လို့ မေးရင်လည်း "အတူတူပါပဲ၊ မကွဲပြားပါဘူး" လို့ ဖြေရမှာပဲ။ အကယ်၍ သောတာပတ္တိမဂ်က အကုသိုလ်စိတ် ၅ ခု ချုပ်တာကိုသာ အာရုံပြုတယ်၊ အခြားမဂ်များက လည်း သူတို့ပယ်တဲ့စိတ်များ ချုပ်တာကို အာရုံပြုတယ်ဆိုရင် မဂ်လေးပါး၏ အာရုံနိဗ္ဗာန်တွေဟာ ၄ ပါးကွဲနေမှာပေါ့။ အဲဒီလို မကွဲပြားပါဘူး။ တစ်ပါးတည်းသော နိဗ္ဗာန်ကိုသာ အာရုံပြုကြောင်း အလွန့်အလွန်ထင်ရှားနေပါတယ်။ ဒါကြောင့် "သောတာပတ္တိမဂ်ဖိုလ်က အကုသိုလ်စိတ် ၅ ခု ချုပ်ခြင်းကိုသာ အာရုံပြု သိမြင်ရမယ်" လို့ ယူဆချက်ကို အလွန်လွဲမှားတယ်လို့ ဆိုခဲ့တာပါပဲ။

(ဓမ္မစကြာ)

## ဟောတဲ့တရားကို သဘောကျရုံနဲ့ မဂ်ဉာဏ်ဖြစ်တာ မဟုတ်ပါလား

ဒီနေရာမှာ စောဒကတက်စရာရှိပါတယ်။ ဘယ်လိုလဲဆိုတော့ ယခု ရွတ်ပြတဲ့ ပါဠိအနက်ထဲမှာ အရှင်ကောဏ္ဍည ဝိပဿနာရှုကြောင်း မပါဘူး မဟုတ်ပါလား။ ဓမ္မစကြာသုတ်ကို မြတ်စွာဘုရား ဟောနေတုန်း (သို့မဟုတ်) ဟောပြီးခါစမှာ ဓမ္မစက္ခုခေါ်တဲ့ သောတာပတ္တိမဂ်ဉာဏ် ဖြစ်ကြောင်းသာပါတယ်

မဟုတ်ပါလား။ အဲဒီတော့ မြတ်စွာဘုရား ဟောတော်မူတဲ့ ဓမ္မစကြာတရားတော်ကို သဘောကျပြီး သောတာပတ္တိမဂ်ဉာဏ် ဖြစ်ပေါ်တာမဟုတ်ပေဘူးလား။ အဲဒီလိုဆိုတော့ အရှင်ကောဏ္ဍည ဝိပဿနာရှုပုံတွေကို ပြတာဟာ ပိုမနေပေဘူးလားလို့ စောဒကတက်စရာ ရှိပါတယ်။ မပိုပါဘူး။ ဘာကြောင့်လဲဆိုရင် ဒီဓမ္မစကြာသုတ်ထဲမှာပဲ မဂ္ဂင်ရှစ်ပါးကို ပွားစေအပ်တယ်လို့လည်း ဟောထားတယ်။

ဒုက္ခေ ဉာဏံ စသော သမ္မာဒိဋ္ဌိအဖွင့် ပါဠိအဋ္ဌကထာတို့၌ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာတို့ကို ရှုပြီး သိရမယ်လို့လည်း ပြဆိုထားတယ်။ ပုဗ္ဗဘာဂမဂ်ဆိုတဲ့ ဝိပဿနာမဂ္ဂင်တွေက ပြည့်စုံမှ အရိယမဂ်ဉာဏ် ဖြစ်ပေါ်တယ်လို့ပြဆိုထားချက်တွေလည်းရှိတယ်။ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မဆိုတဲ့ တရားလေးပါးထဲက တစ်ပါးပါးကိုမျှ မရှုရင် ဝိပဿနာပညာ၊ မဂ်ပညာ မဖြစ်နိုင်ဘူးလို့ အတိအလင်း ပြဆိုထားတာလည်း ရှိတယ်။

သတိပဋ္ဌာန်လေးပါးကို ဖြစ်ပွားစေမှ သမ္မာသတိမဂ္ဂင်ဖြစ်ကြောင်းလည်း ပါဠိအထင်အရှားရှိတယ်။ အဲဒီလိုအကြောင်းများစွာတို့အရအားဖြင့် ဝိပဿနာမဂ္ဂင်ကို မပွားစေဘဲ အရိယမဂ္ဂင်ဖြစ်ရိုးမရှိသောကြောင့် တရားနာရင်း ဝိပဿနာမဂ္ဂင် ပွားစေပုံကို သိနားလည်ကြစေရန် တကယ်လိုနေတဲ့အတွက် ထုတ်ဖော်ပြခြင်း ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီထုတ်ဖော်ပြတဲ့နည်းများထဲက တစ်နည်းနည်းဖြင့် ဝိပဿနာရှုလျက် တစ်ခဏအတွင်းမှာပင် သောတာပတ္တိမဂ်ဖိုလ်သို့ ရောက်တော်မူတယ်လို့ မှတ်ကြရမယ်။

တရားနာရုံ သဘောကျရုံနဲ့သာ သောတာပန်ဖြစ်နိုင်တယ်ဆိုရင် အဲဒီအရှင်ဝပ္ပ စသည်တို့ဟာ ၁ ရက်၊ ၂ ရက် စသည် ခဲခဲယဉ်းယဉ်းအားထုတ်ဖို့ လိုမယ်မဟုတ်ပါဘူး။ မြတ်စွာဘုရားကလည်း သူတို့ကို ပင်ပန်းအောင်အားထုတ်ခိုင်းမှာ မဟုတ်ပါဘူး။ တစ်ကြိမ်ဟောရုံနဲ့ သောတာပန်မဖြစ်သေးရင် ၂ ကြိမ်ထပ်ပြီးဟောဖွယ်ရှိပါတယ်။ ၂ ကြိမ်နဲ့ မဖြစ်သေးရင်လည်း ၃ ကြိမ် စသည်ဖြင့် ထပ်ထပ်ပြီး ဟောဖွယ်ရှိပါတယ်။ သို့ဖြစ်ပါလျက် အဲဒီလိုမဟောဘဲ ဘာကြောင့် တရားအားထုတ်ခိုင်းရသလဲဆိုတာ စဉ်းစားကြည့်သင့်ပါတယ်။ စဉ်းစားကြည့်ရင် အားထုတ်မှ သောတာပန်ဖြစ်မည့် နေယျပုဂ္ဂိုလ်များဖြစ်တဲ့အတွက် မြတ်စွာဘုရားက အားထုတ်ရန် ဆုံးမညွှန်ကြားတယ်ဆိုတာ ထင်ရှားပေါ်လာပါတယ်။

ဒါကြောင့် ယခုနေအခါမှာ "သောတာပန် ဖြစ်ရန်လောက်တော့ သမထ

ဝိပဿနာကို အားထုတ်ဖို့မလိုဘူး၊ ဆရာပြောတဲ့အတိုင်း သဘောကျရင် သိနား လည်ရင် ကိစ္စပြီးတယ်” စသည်ဖြင့် သမထဝိပဿနာ ဘာဝနာအလုပ်ကို အားမထုတ်ချင်အောင် ပိတ်ပင်ဟောပြောနေတဲ့ ဝါဒဟာ အခြေအမြစ်မရှိတဲ့ဝါဒ၊ ပဋိပတ္တိသာသနာဖျက်ဝါဒပဲ ဆိုတာ ခိုင်ခိုင်မြဲမြဲ မှတ်ထားကြရမယ်။ “အဲဒီလို ဝါဒကို ယုံကြည်လိုက်နာနေရင်လည်း နိဗ္ဗာန်လမ်း ပိတ်သွားမယ်”ဆိုတာကို စွဲစွဲမြဲမြဲ မှတ်သားကြမယ်။

(ဓမ္မစကြာ)

## တေန လယေန ပါဠိပဋိသမ္ဘိဒါမဂ္ဂ အဋ္ဌကထာ၌ မရှိ

အဘိဓာန်ကျမ်းမှာ လက်ဖျစ်ဆယ်တွက်ကာလကို ခဏ ၁ ခုဟု ဆို၏။ ၁၀ ခဏကို လယ ၁ ခု၊ ၁၀ လယကို ခဏလယ ၁ ခု၊ ခဏလယ ၁၀ ခု ကို ၁ မုဟုတ်ဟူ၍လည်း ဆို၏။ ထိုအဆိုအရအားဖြင့် တစ်မုဟုတ်ကာလသည် ခဏပေါင်းတစ်ထောင်မျှ ရှိနေရာတွင် အဘယ်သို့ယူသင့်ပါသနည်းဟူမူ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ “တေန ခဏေနာတိ ဝစနံ– ထိုခဏဖြင့်ဟူသော စကားကို၊ ဝိသေသတ္ထာ– အထူးပြု၍၊ တေန မုဟုတ္တေနာတိ– ထိုမုဟုတ်ဖြင့် ဟူ၍၊ ဝုတ္တံ– ဆိုအပ်ပေသည်။ မုဟုတ္တ သဒ္ဒါတေန– မုဟုတ်ဟုဆိုအပ်သော၊ ခဏေန၊ ခဏဖြင့်၊ ဣတိ ဝုတ္တံ ဟောတိ– ဤသို့ဆိုလို၏၊ န ပရ မတ္ထ ခဏေန– အစစ်အမှန်ခဏဖြင့် မဟုတ်ပေ၊ ဣတိ– ဤသို့ဆိုလေ၏”ဟု ဖွင့်ပြ ထားသည်။ ထိုခဏဖြင့်ဟူရာ၌ လက်ဖျစ်ဆယ်တွက် ခဏကို မဆိုလို။ မုဟုတ် ခဏကိုသာ ဆိုလိုပါသတဲ့။ ဤပဋိသမ္ဘိဒါမဂ် အဋ္ဌကထာအလိုအားဖြင့် တေန လယေန ဟူသော ပါဌ်မရှိသော သီဟိုဠ်မူ၊ ယိုးဒယားမူ၊ ကမ္ဘောဒီးယားမူတို့က သာ၍သင့်ပေသည်။

(ဓမ္မစကြာ)

## ကုသိုလ်ကိုပယ်လျှင် အကုသိုလ်ချည်း ဖြစ်မည်

တချို့က ရဟန္တာပုဂ္ဂိုလ်မှာ ကုသိုလ်လည်းမရှိ၊ အကုသိုလ်လည်းမရှိ ဆိုတာနဲ့ ကုသိုလ်ကိုလည်း ပယ်ရမယ်လို့ အလွဲအမှားကို ယူဆပြီး ပြောတတ် ကြတယ်။ ပုထုဇဉ်ပုဂ္ဂိုလ်မှာ ကုသိုလ်ကို ပယ်လိုက်ရင် အကုသိုလ်တွေချည်း

မပြတ်ဖြစ်နေတော့မှာပဲ။ ဘယ်လိုလဲဆိုရင် မြို့ရွာတစ်ခုမှ လူလိမ္မာသူတော်ကောင်းတွေကို နှင်ထုတ်လိုက်ရင် လူမိုက်တွေချည်း ကျန်နေသလို ဖြစ်မှာပဲ။ တစ်နည်းအားဖြင့် အသုံးကျတဲ့ သစ်ပင်ကြီးတွေကို ဖယ်ရှင်းပစ်လိုက်ရင် အဲဒီနေရာမှာ အသုံးမကျတဲ့ မြက်ပင်ဆူးပင်တွေ ပေါက်လာသလိုလည်း ဆိုနိုင်ပါတယ်။ အဲဒီလို ကုသိုလ်တွေကိုမပြုဘဲ ပယ်တဲ့သူမှာ အကုသိုလ်ချည်း မပြတ်ဖြစ်ပြီး အပါယ်လေးပါးသွားဖို့ပဲ ရှိတယ်။ လူ့ဘဝကိုတောင် တစ်ဖန်ပြန်ရောက်ဖို့ ခဲယဉ်းပါလိမ့်မယ်။ အဲဒါ အထူးသတိပြုကြရမယ်။

အမှန်မှာတော့ "ရဟန္တာပုဂ္ဂိုလ်မှာ ကုသိုလ်မရှိဘူး"ဆိုတာက ကုသိုလ်အမှုကို ပြုပေမယ့် အဝိဇ္ဇာမရှိတဲ့အတွက် အကျိုးပေးတတ်တဲ့ကုသိုလ် မဖြစ်ဘဲ အကျိုးမပေးတတ်တဲ့ ကြိယာမျှ ဖြစ်တာကိုသာ ဆိုလိုပါတယ်။ ရဟန္တာပုဂ္ဂိုလ်များလည်း ကောင်းတဲ့ကုသိုလ်အမှုမျိုးတွေကို ပြုကြတာပါပဲ။ ဘုရားကို အရိုအသေပြုကြတယ်။ ထေရ်ကြီးပုဂ္ဂိုလ်တွေကို အရိုအသေပြုကြတယ်။ တရားဟောကြတယ်။ တရားနာကြတယ်။ တရားနှလုံးသွင်းကြတယ်။ ဝေယျာဝစ္စ အလုပ်တွေကို လုပ်ကြတယ်။ ဆင်းရဲဒုက္ခရောက်နေတဲ့ သတ္တဝါကို တတ်နိုင်ရင် ကယ်ဆယ်ကြတယ်။ ဆွမ်းသင်္ကန်း စသည် ပိုနေလျှင် ပေးသင့်တဲ့သူများအား ပေးလှူကြတယ်။ သီလသိက္ခာပုဒ်တွေကို ရိုရိုသေသေ စောင့်ရှောက်ကြတယ်။ ဒီလို ကုသိုလ်အလုပ်တွေကို ထိုက်သည့်အားလျော်စွာ ပြုလုပ်ကြပါတယ်။ ဒါပေမဲ့ သစ္စာလေးပါးကို အကြွင်းမဲ့သိပြီးဖြစ်နေတဲ့အတွက် အဝိဇ္ဇာက လုံးဝမရှိတော့ဘူး။ ဒါကြောင့် အဲဒီကုသိုလ်အမှုတွေကို ပြုတိုင်း ပြောတိုင်း ကြံတိုင်း အကျိုးမပေးတတ်တဲ့ ကြိယာစိတ်တွေသာ ဖြစ်တယ်။ အကျိုးပေးတတ်တဲ့ ကုသိုလ်စိတ်ကတော့ မဖြစ်တော့ဘူး။ ဒါကြောင့် ရဟန္တာမှာ ကုသိုလ်လည်း မရှိဘူးလို့ ဆိုပါတယ်။ ကုသိုလ်အမှုမျိုးတွေကို မလုပ်တော့ဘူးလို့တော့ မဆိုလိုပါဘူး။

(ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီး)

## ကုသိုလ်ကို မပြုချင်လျှင် အဝိဇ္ဇာအားကြီးလို့ပဲ

အဝိဇ္ဇာရှိနေတဲ့ ပုထုဇဉ်တွေက အဲဒါကို အယူအဆလွဲပြီး ဒါန သီလ အစရှိတဲ့ ကုသိုလ်အလုပ်တွေကို မလုပ်ဘဲ ပယ်ထားရင် အဲဒီလူတွေမှာ အချိန်

ရှိသမျှ အကုသိုလ်တွေချည်း ဖြစ်နေလိမ့်မယ်။ အဲဒီလို အကုသိုလ်တွေချည်း ဖြစ်နေရင် အဲဒီလိုလူတွေဟာ အပါယ်လေးပါးသွားဖို့ရာ လမ်းပွင့်နေတယ်လို့သာ မှတ်ကြပေတော့။ နောက်ပြီးတော့ ကုသိုလ်ကို ပြုချင်တဲ့စိတ် မရှိဘူးဆိုတာ အဝိဇ္ဇာနည်းတဲ့သဘောမဟုတ်ဘူး။ အဝိဇ္ဇာအားကြီးတဲ့သဘောပဲ။ အဝိဇ္ဇာအားကြီးတော့ မဂ်ဖိုလ်နိဗ္ဗာန်နဲ့ဝေးတယ်လို့လည်း မှတ်ကြရမယ်။

အဝိဇ္ဇာနည်းလာရင် နည်းပါးသလောက် ကုသိုလ်အမှုတွေမှာ စိတ်က သာယာပြီး ညွတ်ကိုင်းလာတယ်။ ဒါကြောင့် သောတာပန်ဖြစ်လာရင် ပုထုဇဉ်တုန်းကထက် ကုသိုလ်ဘက်မှာ သာပြီးစိတ်က ညွတ်ကိုင်းလာတယ်။ တတ်နိုင်သမျှ ကုသိုလ်အလုပ်ကို သာပြီး စိတ်ပါဝင်စားစွာနဲ့ လုပ်တယ်။ သကဒါဂါမ်လည်း ထို့အတူပဲ။ အနာဂါမ်လည်း ထို့အတူပဲ။ ထူးတာကတော့ ပလိဗောဓတွေကို ဖြတ်တောက်ပြီး ဘာဝနာအလုပ်ကို တိုးတက်လုပ်လိုတဲ့ဆန္ဒ သာပြီးများလာတယ်။ ဒါကြောင့် အနာဂါမ်က အချိန်ရသလောက်ဟာ ဘာဝနာအလုပ်မှာ သာပြီး စိတ်ဝင်စားနေတတ်တယ်။ ရဟန္တာဆိုရင်တော့ အထူးပြောစရာမရှိဘူး။ ဒါကြောင့် ကုသိုလ်အလုပ်တွေကို အကုသိုလ်လိုသဘောထားပြီး တမင်မပယ်ကောင်းဘူးဆိုတာကို သိနားလည်ထားကြရမယ်။

(ပဋိစ္စသမုပ္ပါဒ်)

## ရုပ်နာမ်လက္ခဏာရေးတင်မှ ဉာဏသမ္ပယုတ် ဖြစ်သလား

တချို့က "ပေးလှူတဲ့အခါမှာ အလှူပေးပုဂ္ဂိုလ်၊ အလှူခံပုဂ္ဂိုလ်၊ လှူဖွယ်ဝတ္ထုတွေကို ရုပ်နာမ်သင်္ခါရအဖြစ် အနိစ္စ၊ ဒုက္ခ၊ အနတ္တအဖြစ် လက္ခဏာရေးတင်ပြီး လှူမှ ဉာဏ်သမ္ပယုတ်ကုသိုလ်ဖြစ်တယ်"လို့ ပြောဟောကြတယ်။ အဲဒါကတော့ အဋ္ဌသာလိနီကျမ်းမှာ ဒါနနဲ့စပ်ပြီး ဘာဝနာမယကုသိုလ် ဖြစ်နိုင်ပုံကို ပြဆိုထားတာနဲ့ ရောယောင်ပြီး ပြောဟောချက်ပါပဲ။ အဋ္ဌသာလိနီမှာ ပြထားတာက ပေးလှူပြီးတဲ့အခါမှာ "ခယံ ဂစ္ဆိဿတိ- ကုန်ခြင်းသို့ ရောက်လတ္တံ့၊ ဝယံ ဂစ္ဆိဿတိ- ပျက်ခြင်းပျောက်ကွယ်ခြင်းသို့ ရောက်လတ္တံ့"လို့ ဒီလိုနှလုံးသွင်းပုံကို ပြထားပါတယ်။ အဲဒါဟာ ပေးလှူပြီးမှ နှလုံးသွင်းပုံပါ။ မလှူခင်က နှလုံးသွင်းပုံလည်း မဟုတ်ပါဘူး။ လှူဆဲမှာ နှလုံးသွင်းပုံလည်း မဟုတ်ပါဘူး။

နောက်ပြီးတော့ အဲဒီလို နှလုံးသွင်းပုံကို ပြတာဟာ ဉာဏသမ္ပယုတ်ဖြစ်ရေး အတွက် ပြတာလည်းမဟုတ်ပါဘူး။ ဘာဝနာမယကုသိုလ် ဖြစ်ရေးအတွက် ပြတာပါ။ အကယ်၍ ခယဝယတင်ပြီး လှူမှ ဉာဏသမ္ပယုတ်ဖြစ်တယ်ဆိုရင် သာသနာပဋ္ဌ အလှူဒါနပဟူသမျှဟာ ဉာဏဝိပ္ပယုတ်ချည်း ဖြစ်တယ်လို့ ဆိုရပါလိမ့်မယ်။ အဲဒီလိုမဆိုသင့်တာကတော့ အလွန်ထင်ရှားပါတယ်။

နောက်တစ်ခု စဉ်းစားစရာကတော့ ဘုရားအလောင်းတော် အလှူပေးတဲ့ အခါတွေမှာ ခယဝယတင်ပြီးလှူကြောင်း ဘယ်မှာမှ ပြဆိုချက်မရှိဘူး။ မြတ်စွာဘုရား ဟောတော်မူတဲ့ တရားတွေထဲမှာလည်း အလှူဒါနပြုတဲ့အခါ ခယဝယ တင်ပြီး လှူရမယ်လို့ ဘယ်မှာမှ ဟောကြားချက်မရှိဘူး။ အမှန်ရှိတာကတော့ အလှူခံပုဂ္ဂိုလ်ရဲ့ဂုဏ်တွေ မြင့်မြတ်ရင် မြင့်မြတ်သလောက် အကျိုးကြီးကြောင်း ဟောကြားချက်သာ ရှိပါတယ်။ ဒီတော့ အလှူခံပုဂ္ဂိုလ်၏ဂုဏ်ကိုသာ အာရုံပြုပြီး စိစစ်ရွေးချယ်ဖို့ လိုပါတယ်။ အလှူခံပုဂ္ဂိုလ်လည်း ရုပ်နာမ်တရားမျှ အနိစ္စ ဒုက္ခ အနတ္တသဘောမျှဟု တကယ်ထင်မြင်ပါလျှင် ဂုဏ်ရှိ အလှူခံပုဂ္ဂိုလ်နှင့် ဂုဏ်မဲ့ အလှူခံပုဂ္ဂိုလ် တန်းတူဖြစ်သွားပါလိမ့်မယ်။ အဲဒီတော့ ကြည်ညိုဖွယ် မရှိတဲ့အတွက် ဒါနကုသိုလ်လည်း ထက်သန်ဖွယ်မရှိ၊ အကျိုးပေးလည်း ထက် သန်ဖွယ်မရှိ ဖြစ်ပါလိမ့်မယ်။

ဒီနေရာမှာ "ခယဝယတင်ပြီး လှူရင် ဝိပဿနာဖြစ်လို့ မဂ်ဖိုလ်နှင့် ပိုပြီး နီးစပ်တယ်မဟုတ်လား" လို့ စောဒကတက်ဖွယ် ရှိပါတယ်။ ဝိပဿနာ အစစ်ဖြစ်ရင် မဂ်ဖိုလ်နဲ့ ပိုပြီးနီးစပ်တာမှန်ပါတယ်။ အဲဒီလိုဆိုရင် ပစ္စည်းအကုန်ခံ ပြီး ပေးလှူနေဖို့ မလိုပါဘူး။ မလှူဘဲနဲ့ ဝိပဿနာချည်းသက်သက် ရှုနေရင် အဲဒီ ခယဝယတင်တဲ့ ဝိပဿနာအတုထက် ပိုပြီး မဂ်ဖိုလ်နဲ့ နီးစပ်ပါတယ်။ အမှန်ကတော့ ပေးလှူတယ်ဆိုတာ ဝိပဿနာရှုဖို့ ရည်ရွယ်ရင်းမဟုတ်ပါဘူး။ ဒါနကုသိုလ်၏အကျိုးကို ရည်ရွယ်ပြီး ပေးလှူကြတာသာ ဖြစ်ပါတယ်။ ဒါ ကြောင့် မြတ်စွာဘုရားက အလှူဒါနပြုရာမှာ အကျိုးကြီးမြတ်စေနိုင်တဲ့ အလှူခံပုဂ္ဂိုလ်တွေကိုလည်း "သံဃေ ဒိန္နံ မဟပ္ဖလံ- သံဃာအားလှူလျှင် အကျိုးကြီးသည်" စသည်ဖြင့် ညွှန်ကြားထားပါတယ်။ နှလုံးသွင်းပုံတွေလည်း "သဒ္ဓါယ ဒါနံ ဒေတိ- ကံ ကံ၏အကျိုးကို ယုံကြည်၍ ပေးလှူသည်" စသည် ဖြင့် ညွှန်ကြားထားပါတယ်။ ရုပ်နာမ် အနိစ္စ ဒုက္ခ အနတ္တဟု ရှုပြီး လှူရန် ဟောကြားထားတာတော့ မရှိပါဘူး။

ဝိသာခါဝတ္ထုမှာ အထူးသတိပြုစရာကတော့ အလှူခံရဟန်းတော်တို့ကို ခယဝယတင်ပြီး မရှုဘူး၊ ဂုဏ်ထူးဝိသေသရှိတဲ့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်အနေနဲ့သာ နှလုံးသွင်း အာရုံပြုပါတယ်။ အဲဒီလို နှလုံးသွင်းလို့ ပါမောဇ္ဇ ပီတိ စသည်ဖြစ်ပြီး ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်တို့ကို ပွားစေခြင်းဖြစ်တယ်ဆိုတာကို အထူးသတိပြုသင့်ပါတယ်။ အကယ်၍ ခယဝယ တင်ပြီး ရှုတာက ပိုကောင်းတယ်ဆိုရင် သောတာပန်ဖြစ်တဲ့ ဝိသာခါဒါယိကာမ ကြီးက အဲဒီကွယ်လွန်သွားတော်မူတဲ့ ရဟန်းတော်ကို "ခယံ အဂမာသိ၊ ဝယံ အဂမာသိ– ကုန်ခြင်းသို့ရောက်လေပြီ၊ ပျက်ခြင်းသို့ရောက်လေပြီ" စသည်ဖြင့် နှလုံးသွင်းမည့်အကြောင်း လျှောက်ထားဖွယ်ရှိပါတယ်။ ဝိသာခါက မသိ နားမလည်လို့ မရှုတတ်ရင်လည်း မြတ်စွာဘုရားက ခယဝယတင်ပြီး ရှုဖို့ ညွှန်ကြားဖွယ် ရှိပါတယ်။ အဲဒါတွေလည်း သတိပြုစရာတွေပါပဲ။

(ပဋိစ္စသမုပ္ပါဒ်)

## အလှူခံ၏ဂုဏ်ကို နှလုံးသွင်းတာအကောင်းဆုံး

ဒါကြောင့် ဒါနအရာမှာ ဘုရားကို လှူဒါန်းပူဇော်လျှင် မြတ်စွာဘုရား၏ အရဟံအစရှိသောဂုဏ်တော်တွေကို တတ်သိသမျှ နှလုံးသွင်းတာဟာ အကောင်း ဆုံးပဲ။ သံဃာတော်ကို လှူဒါန်းလျှင် သံဃာတော်၏ "သုပ္ပဋိပန္န"အစရှိသော ဂုဏ်တော်တွေကို နှလုံးသွင်းပြီးလှူတာဟာ အကောင်းဆုံးပဲ။ ပုဂ္ဂိုလ်အား လှူဒါန်းလျှင် အဲဒီအလှူခံပုဂ္ဂိုလ်၏ သီလအစရှိသော ဂုဏ်ကို အာရုံပြုပြီး လှူတာဟာ အကောင်းဆုံးပဲဆိုတာ မှတ်ထားကြရမယ်။

(ပဋိစ္စသမုပ္ပါဒ်)

## ဆိုးကျိုးကိုသာပေးတတ်တဲ့ အကုသိုလ်ကိုပြုရာမှာ ချမ်းသာကိုရည်မျှော်ပြီးပြုတာ ဖြစ်သင့်ပါသလား

မကောင်းကျိုး၊ ဆိုးကျိုးကိုသာ ပေးတတ်တဲ့ အပုညာဘိသင်္ခါရကိုပြုတာ ဟာ "ချမ်းသာလိမ့်နိုး၊ ရည်မျှော်ကိုးလျက်၊ သုံးမျိုးမှုကံ၊ ပြုစီမံ၍"ဆိုတဲ့ ဆောင်ပုဒ်အရ ချမ်းသာကိုသာမျှော်ပြီး ပြုတာ ဖြစ်သင့်ပါမည်လားလို့ မေးစရာ ရှိပါတယ်။ ချမ်းသာကိုမျှော်ပြီး ပြုတာပါပဲလို့ ဖြေကြားရမယ်။ ဘယ်လိုလဲ

ဆိုရင် ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ဘဲ၊ ကြက် စသည်ကို သတ်ပြီး စီးပွားရေးလုပ်နေတဲ့သူတွေကိုကြည့်ပါ။ သူတို့မှာ အဲဒီအလုပ်ကို စားဝတ်နေရေး အဆင်ပြေမယ်ထင်လို့ ပြုလုပ်နေကြတာပါပဲ။ သူတစ်ပါးဥစ္စာကို ခိုးဝှက်လုယက်နေတဲ့သူတွေကို ကြည့်ပါ။ သူတို့မှာ အဲဒီအလုပ်ကိုလုပ်မှ ချမ်းသာမယ်ထင်လို့ လုပ်နေကြတာပါပဲ။ ရုံးမှာ မတရားသက်သေခံတဲ့သူတွေကို ကြည့်ပါ။ သူတို့မှာလည်း အဲဒီလိုပြောဆိုမှ ချမ်းသာလိမ့်မယ်ထင်လို့ ပြောနေကြတာပါပဲ။ ကုန်ကုန်ပြောလိုက်မယ်၊ အမိအဖကိုသတ်တဲ့သူလည်း သူ့အလိုပြည့်ပြီး ချမ်းသာလိမ့်မယ်ထင်လို့ သတ်တာပါပဲ။

(ပဋိစ္စသမုပ္ပါဒ်)

## မေးရုံနဲ့တော့ မပြေလည်နိုင်သေးဘူး

တချို့ကတော့ စုတိ ပဋိသန္ဓေအကြောင်း ကောင်းကောင်းမသိတာနဲ့ တွေဝေယုံမှားနေလို့ဖြစ်ဖြစ်၊ ဥစ္ဆေဒအယူရှိနေလို့ဖြစ်ဖြစ် မေးတတ်ကြတယ်။ "သေပြီးရင် နောက်ဘဝရှိသေးသလား"တဲ့။ ဒီမေးခွန်းထဲမှာ သေပြီးရင် ရှိသေးသလားလို့ဆိုတော့ မသေခင်ကတော့ ရှိနေတယ်ဆိုတဲ့အစွဲက ထင်ရှားနေတယ်။ အဲဒီမသေခင်ရှိနေတာက ဘာလဲဆိုရင် အတ္တကောင် အသက်ကောင်ပါပဲ။ ဒါကြောင့် ရုပ်ဝါဒအရ အတ္တစွဲမရှိဘူးလို့ဆိုနေကြပေမယ့် မသေခင် အသက်ရှင်နေတာရှိတယ်လို့ ယူဆတာဟာ အတ္တစွဲပါပဲ။ အဲဒီအတ္တစွဲနဲ့ မေးခွန်းကို ဗုဒ္ဓသာသနာအမြင်နဲ့ ဖြေဖို့ခက်ပါတယ်။ သေပြီးတဲ့နောက် ဘဝရှိသေးတယ်လို့ ဖြေရင်လည်း အတ္တအယူ၊ သဿတအယူကို ထောက်ခံရာရောက်တယ်။ မရှိဘူးလို့ကတော့ လုံးလုံးမဖြေသင့်ဘူး။ ဒါကြောင့် မြတ်စွာဘုရားက ဒီမေးခွန်းကို မဖြေဘဲ ထားပါတယ်။

နောက်ပြီးတော့ သာမန်လူပုဂ္ဂိုလ်တွေ နားလည်အောင် သက်သေအထောက်အထားနဲ့ပြပြီး ဖြေဖို့လည်း ခက်ပါတယ်။ အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေက အဘိညာဉ်တန်ခိုးနဲ့ နတ်ပြည်၊ ငရဲပြည်၊ ပြိတ္တာပြည် စသည်ကို ပြပြီး ဖြေမယ်ဆိုရင် ဖြစ်ဖို့ရှိပါတယ်။ ဒါပေမဲ့ မယုံချင်တဲ့သူတွေက မှော်အတတ်နဲ့ မျက်လှည့်အတတ်နဲ့ ပြတယ်လို့ ပြောချင်လည်း ပြောဦးမှာပဲ။ ဒါကြောင့်လည်း မြတ်စွာဘုရားက ဒီမေးခွန်းကို မဖြေဘဲ "ကိလေသာ မကင်းသေးရင် ဘဝ

ဟောင်းက သေပြီးလျှင် ဘဝသစ် ရုပ်နာမ်ခန္ဓာ မပြတ် ဆက်ပြီးဖြစ်တယ်”လို့ ဒီလို ဓမ္မဓိဋ္ဌာန်အားဖြင့်သာ ဟောတော်မူပါတယ်။

အမှန်ကတော့ ဒီမေးခွန်းကို နှုတ်နဲ့ဖြေရုံနဲ့ မပြေလည်နိုင်ပါဘူး။ ပဋိပတ် အကျင့်လမ်းနဲ့သာ ပြေလည်နိုင်ပါတယ်။ ဗုဒ္ဓသာသနာတော်မှာ ဘဝပြဿနာကို ပြေလည်စေနိုင်တဲ့ အကျင့်နည်းလမ်းတွေ ထင်ရှားရှိနေပါတယ်။ ဈာန် အဘိညာဉ် ရအောင်အားထုတ်လို့ အောင်မြင်ရင် ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ ကြည့်ရှုပြီး ကိုယ်တိုင် တွေ့နိုင်ပါတယ်။ ကောင်းမှုကုသိုလ်နဲ့ ပြည့်စုံတဲ့သူတွေ သေပြီးတဲ့နောက် နတ်ရွာသုဂတိရောက်နေတာကိုလည်း ထင်ရှားမြင်နိုင်ပါတယ်။ မကောင်းမှုအကု သိုလ်နဲ့ ပြည့်စုံတဲ့သူတွေ ငရဲဘုံ၊ ပြိတ္တာဘုံ၊ တိရစ္ဆာန်ဘုံ ရောက်နေတာကိုလည်း ထင်ရှားမြင်နိုင်ပါတယ်။ ဥပမာအားဖြင့် မျက်နှာချင်းဆိုင် အိမ်နှစ်ဆောင်မှာ တစ်အိမ်မှ တစ်အိမ်ကို ကူးသွားနေကြတာကို အိမ်နှစ်ဆောင်ကြားက စောင့် ကြည့်နေတဲ့သူက ထင်ရှားမြင်ရတာလိုပါပဲတဲ့။ အဲဒါဟာ အံ့သြစရာလည်း အလွန်ကောင်းပါတယ်။ နတ်ပြည်မှာ နတ်တွေအများကြီးထဲက ကိုယ်ကြည့်ချင် တဲ့သူကိုသာ တည့်တည့်မတ်မတ် ထင်ထင်ရှားရှား တွေ့ရတယ်။ ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်ဘုံတွေမှာ သတ္တဝါတွေ အများကြီးထဲကလည်း ကိုယ်ကြည့်ချင်တဲ့သူ ကိုသာ တည့်တည့်မတ်မတ် ထင်ထင်ရှားရှား တွေ့ရတယ်။ အံ့သြစရာပါပဲ။ ဒါကြောင့် အဲဒီဈာန်အဘိညာဉ်ကို ရအောင်အားထုတ်ပြီးတော့ ဘဝပြဿနာကို ကိုယ်တိုင်ပဲ ရှင်းကြပါလို့ တိုက်တွန်းလိုပါတယ်။

(ပဋိစ္စသမုပ္ပါဒ်)

## ဒီလိုအမြင်အကြားသဘောတွေကို တွေ့နေကြတယ်

ဒီနေရာမှာ မေးစရာရှိပါတယ်။ အဲဒီ ဈာန်အဘိညာဉ်တွေဆိုတာက ယခုအခါ ရနိုင်ပါသေးသလားလို့ မေးစရာရှိပါတယ်၊ ရနိုင်ပါတယ်လို့ပဲ ဖြေရပါ မယ်၊ ဘာကြောင့်လဲဆိုရင် မရနိုင်ဘူးလို့ ပယ်မြစ်ချက်လည်း မရှိပါဘူး။ ယခု တရားအားထုတ်နေကြတဲ့ အချို့ယောဂီတွေမှာလဲ ဒီလိုအမြင်အကြားသဘော တွေကို တွေ့နေကြပါတယ်။ ဒါကြောင့်ပါပဲ၊ ဒါပေမဲ့ အဘိညာဉ်ဆိုတာကတော့ အင်မတန် သမာဓိအားကောင်းမှ ပြည့်စုံတယ်၊ လွယ်လွယ်ကလေးကတော့

မဟုတ်ဘူး။ ဒါကြောင့် အဲဒါထက် လွယ်တာကို ပြောရမယ်ဆိုရင် ဝိပဿနာကို အားထုတ်ကြည့်ပါ၊ ဝိပဿနာရှုလို့ ပစ္စယပရိဂ္ဂဟဉာဏ်ကိုရောက်ရင် စုတိ၊ ပဋိသန္ဓေအကြောင်း အတော်အတန် သဘောပေါက်ပြီး ဘဝပြဿနာဟာ ရှင်းတန်သလောက် ရှင်းသွားပါလိမ့်မယ်၊ အဲဒါထက် သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်တွေကိုရောက်တော့ ပိုပြီးရှင်းသွားပါလိမ့်မယ်။

ဘာကြောင့်လဲဆိုရင် အဲဒီဉာဏ်တွေရောက်တော့ စိတ်ကလေးတွေ တစ်ခုပြီးတစ်ခု မပြတ်ဆက်စပ်ပြီး ဖြစ်နေတာကို ကိုယ်ပိုင်ဉာဏ်နဲ့ ရှင်းရှင်းလင်းလင်းကြီး တွေ့ရတယ်။ ဒီလိုတွေ့ရတော့ "နောက်ဆုံးသေတယ်ဆိုတာဟာ ရှုမှတ်နေရင်း ပျက်ပျက်သွားတဲ့ စိတ်ကလေးမျိုးပဲ၊ ဘဝအသစ်ဖြစ်တယ်ဆိုတာလည်း မှတ်တိုင်း မှတ်တိုင်း အသစ်အသစ်ဖြစ်ပေါ်လာတဲ့ စိတ်ကလေးမျိုးပဲ၊ ယခု မှတ်နေစဉ်မှာ ရှေးစိတ်ဆုံးသွားရင် နောက်စိတ်တစ်ခု ဆက်ဖြစ်သလိုပင် သေတဲ့အခါမှာလည်း နောက်ဆုံးစိတ်ကလေး ဆုံးသွားတဲ့နောက် ဘဝအသစ်မှာ အစဆုံးစိတ်ကလေး ဆက်ပြီးဖြစ်သွားမှာပဲ" လို့ မျက်မှောက်တွေ့နဲ့ မှန်းဆပြီး သဘောကျသွားနိုင် ပါတယ်။

ဒါပေမဲ့ ဝိပဿနာနဲ့ သိတာကတော့ မခိုင်မြဲသေးဘူး၊ နောင်တစ်ချိန်မှာ ပျက်မယ်ဆိုရင် ပျက်သွားနိုင်သေးတယ်၊ သေသေချာချာ ခိုင်မြဲတာကတော့ အောက်ထစ်ဆုံး သောတာပတ္တိမဂ်ရောက်မှ ဘဝနဲ့စပ်ပြီး ယုံမှားသံသယ လုံးဝမဖြစ်နိုင်အောင် ခိုင်မြဲသွားတယ်၊ ဒါကြောင့် အဲဒီ သောတာပတ္တိမဂ်ရောက်အောင် အားထုတ်ကြပါလို့ တိုက်တွန်းလိုပါတယ်။ ဒီလိုဆိုတော့လည်း အားမထုတ်ချင်ကြပြန်ဘူး၊ မေးရုံသာ မေးချင်ကြတယ်၊ သူများကို အားကိုးတဲ့သဘောပါပဲ။ တချို့က ဟိုတခြားနိုင်ငံက သိပ္ပံဆရာတွေ အကြံအတွေးဆရာတွေကပြောရင် အဲဒါကို ကိုယ်တိုင်လည်း မတွေ့ရပါဘဲနဲ့ ဟုတ်ပြီလို တထစ်ချ ယုံတတ်ကြတယ်၊ တချို့ကလည်း ယခုနေအခါ ရဟန္တာဖြစ်တယ်၊ အကြားအမြင်ပေါက်တယ်လို့ ကျော်ကြားတဲ့ပုဂ္ဂိုလ်က ပြောသမျှတွေကို ကိုယ်တိုင်လည်း မတွေ့ပါဘဲနဲ့ ဟုတ်ပြီလို့ ယုံတတ်ကြတယ်၊ သူများကို အားကိုးတဲ့ သဘောတွေချည်းပါပဲ၊ အကောင်းဆုံး ကတော့ ကိုယ်တိုင်တွေ့အောင် ကျင့်တာဟာ အကောင်းဆုံးပဲ။

(ပဋိစ္စသမုပ္ပါဒ်)

## သုက်သွေးနှင့် ကလလရေကြည်

ဘာဝရုပ်နှင့်တကွ ပထဝီအစရှိတဲ့ ရုပ်ပေါင်းဆယ်ခုကို ဘာဝဒသကလို့ ခေါ်တယ်၊ ဘာဝဆိုတာ မိန်းမဖြစ်ကြောင်း မျိုးစေ့ရုပ်၊ ယောကျ်ားဖြစ်ကြောင်း မျိုးစေ့ရုပ်လို့ ဒီလို ၂ မျိုးရှိတယ်၊ မိန်းမဖြစ်မည့်သူမှာ ဣတ္ထိဘာဝရုပ် ဖြစ်ပေါ်တယ်၊ ယောကျ်ားဖြစ်မည့်သူမှာ ပုမ္ဘာဝရုပ်ဖြစ်ပေါ်တယ်၊ အဲဒီဘာဝရုပ်ကြောင့် မိန်းမ၏ပုံပန်းသဏ္ဌာန် စိတ်နေစိတ်ထား အမူအရာတွေ၊ ယောကျ်ား၏ပုံပန်း သဏ္ဌာန် စိတ်နေစိတ်ထား အမူအရာတွေ အဲဒီရုပ်သဏ္ဌာန်ရင့်ကျက်တဲ့အခါမှာ ဖြစ်ပေါ်လာကြတယ်၊ အဲဒါဟာ လိင်ပြန်တဲ့ ပုဂ္ဂိုလ်တွေရဲ့ဖြစ်ပုံနဲ့ ထောက်ဆ ကြည့်ရင် ထင်ရှားပါတယ်၊ ဘုရားလက်ထက်တော်ကာလတုန်းက အရှင်မဟာ ကစ္စည်းမထေရ်ကို ပြစ်မှားမိတဲ့ သောရေယျသူဌေးသားမှာ ပုမ္ဘာဝရုပ်ကွယ်ပြီး ဣတ္ထိဘာဝရုပ် ဖြစ်ပေါ်လာတဲ့အတွက် မိန်းမ၏အခြင်းအရာတွေ တစ်ခဏချင်း ဖြစ်ပေါ်ပြီး တစ်ခါတည်း မိန်းမဖြစ်သွားတယ်၊ သား ၂ ယောက်တောင် မွေး လိုက်သေးတယ်၊ နောက် အရှင်မဟာကစ္စည်းမထေရ်ကို ကန်တော့တဲ့အခါကျ တော့မှ ဣတ္ထိဘာဝရုပ် ကွယ်ပျောက်ပြီး ပုမ္ဘာဝရုပ် ပြန်ဖြစ်ပေါ်လာပါတယ်။ အဲဒီတော့လည်း တစ်ခါတည်း ယောကျ်ားစစ်စစ် ပြန်ဖြစ်ပြန်တယ်။ နောက် ရဟန်းပြုလို့ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် စံသွားတော်မူတယ်၊ ဥပမာအားဖြင့် ခွေးရူးအကိုက်ခံရတဲ့သူမှာ ခွေးရူးရဲ့အဆိပ်ကြောင့် ခွေးရူးပြန်တဲ့အခါ ခွေးစိတ် ပေါက်သွားတာနဲ့လည်း တစ်စိတ်တစ်ဒေသ တူပါတယ်။

ကလာပ် ၃ ခု၊ ရုပ်ပေါင်း ၃၀ ဆိုတဲ့ ကလလရေကြည်ဟာလည်း သူ့ချည်းပဲ တည်နေတာတော့ မဟုတ်ပေဘူး။ မာတာပေတ္တိကသမ္ဘဝေါ– မိဘ နှစ်ဦးတို့၏ သုက္ကဆိုတဲ့ သုက်ဓာတ်ရုပ်နဲ့ သောဏိတဆိုတဲ့ သွေးဥရုပ် ဒီနှစ်မျိုး စပ်ကို မှီပြီး ဖြစ်ပွားတယ်လို့ ယူသင့်တယ်၊ ဒီလို မယူဘဲနဲ့ ကလာပ် ၃ စု သက်သက်မျှပဲဖြစ်ပြီး တိုးပွားလာတယ်လို့ယူရင် ဘယ်အပြစ်ရှိသလဲလို့ မေးစရာ ရှိပါတယ်၊ ဒီလိုယူရင် သုတ်ပါဠိတော်များနဲ့ ဆန့်ကျင်တယ်၊ မိဘတို့၏ရုပ်ရည် ပုံပန်းသဏ္ဌာန်စသည်တို့နှင့် တူဖို့ရာလည်း အကြောင်းကင်းသွားပါလိမ့်မယ်။ သုတ္တန်ဒေသနာတော်တွေမှာ "အယံ ခေါ ရူပီ ကာယော စာတုမဟာဘူတိကော မာတာပေတ္တိက သမ္ဘဝေါ" စသည်ဖြင့် ဟောထားပါတယ်။ အယံ ခေါ ရူပီ ကာယော– ဤရုပ်ကိုယ်သည်၊ စာတုမဟာဘူတိကော– ဓာတ် ၄ ပါးတို့၏

အစုအဝေး အစီးအပွားပေတည်း။ မာတာပေတ္တိကသမ္ဘဝေါ၊ မိဘနှစ်ဦးတို့၏ သုက်သွေးကြောင့် ဖြစ်ပါတယ်တဲ့။ ကလလရေကြည်က တခြား မိဘတို့၏ သုက်သွေးက တခြား ဘာမျှမရောစပ်ဘဲ သီးသန့်တည်ကြည်နေကြတယ်ဆိုရင် ဒီလို သုတ္တန်ဒေသနာများနဲ့ ဆန့်ကျင်ပါလိမ့်မယ်၊ ပြီးတော့ ပဋိသန္ဓေတည်ခြင်း၏ အင်္ဂါပြတဲ့ နေရာမှာလည်း (၁) မိဘနှစ်ဦးတို့ စပ်ယှက်ခြင်း၊ (၂) မိခင်မှာ ဥတုပန်းပွင့်ခြင်း၊ (၃) ဖြစ်ထိုက်တဲ့ သူငယ်လောင်း အသင့်ရှိခြင်းဆိုတဲ့ ဒီအင်္ဂါ သုံးပါး ညီညွတ်မှ ပဋိသန္ဓေကိုယ်ဝန်တည်တယ်လို့ ပြဆိုထားပါတယ်။

ကလာပ် ၃ ခုဆိုတဲ့ ကလလရေကြည်ဟာ သူ့ဟာသူ သီးသန့်ဖြစ်နိုင်တယ်ဆိုရင် ဒီအင်္ဂါ ၃ ပါးထဲက ပထမနဲ့ ဒုတိယအင်္ဂါတွေဟာ ပိုသကဲ့သို့ ဖြစ်သွားပါလိမ့်မယ်၊ ဒါကြောင့် ကမ္မဇကလာပ် ၃ ခုဆိုတဲ့ ကလလရေကြည်ဟာ သုက္က သောဏိတဆိုတဲ့ မိဘတို့၏ သုက်သွေးဓာတ်နဲ့ တစ်ပေါင်းတည်း ရောစပ်ပြီး ဖြစ်တယ်လို့သာ ယူသင့်တယ်၊ ဒီလိုယူပါမှ မိဘတို့၏ရုပ်ရည်အဆင်း ပုံပန်းသဏ္ဌာန်စသည်နှင့် တူခြင်းဆိုတာတွေလည်း ပြီးစီးနိုင်မယ်။

(ပဋ္ဌိစ္စသမုပ္ပါဒ်)

## ဥတုဇရုပ်ထဲမှာ ကမ္မဇရုပ် ဖြစ်နိုင်ပါ့မလား

မိဘတို့သဏ္ဌာန်မှ ကင်းကွာလာတဲ့ သုက်သွေးတို့ဆိုတာဟာ ဥတုဇရုပ် မဟုတ်ပါလော၊ အဲဒီ ဥတုဇရုပ်ထဲမှာ ကမ္မဇရုပ် ဖြစ်နိုင်ပါ့မလားလို့ ဒီလိုလည်း မေးစရာရှိပါတယ်၊ ဖြစ်နိုင်တယ်လို့ပဲ ယူသင့်ပါတယ်။ ဥပမာ ယခုကာလ ဆရာဝန်များဟာ မကောင်းတဲ့ အသားတွေကို လှီးထုတ်ပြီးတော့ တခြားနေရာက အသားကောင်းကို ယူထည့်ပြီး ဆေးဖြင့် ပြုပြင်ပေးတတ်ကြတယ်၊ အဲဒီအစား ထိုးထည့်ပေးတဲ့ အသားဟာ လှီးထုတ်ယူလာစဉ်တုန်းကတော့ ဥတုဇသက်သက်ပဲ၊ နောက် ပကတိအသားနဲ့ တစ်သားတည်း ဖြစ်သွားတဲ့အခါကျတော့ အဲဒီ အစားထိုးထည့်တဲ့ အသားထဲမှာ ကာယပသာဒဆိုတဲ့ ကမ္မဇရုပ်တွေ ဖြစ်လာတာဟာ ထင်ရှားပါတယ်၊ အဲဒါလိုပဲလို့ ယူဆသင့်ပါတယ်။ နောက်ပြီးတော့ ဆရာဝန်တွေက လူ့အူကိုဖြတ်ပြီး ဆိတ်အူကို အစားထည့်ပေးတာလည်း ရှိတယ်၊ အခြားလူတစ်ယောက်ရဲ့ မျက်လုံးကိုယူပြီး အစားထည့်ပေးတာလည်း ရှိတယ်၊

အဲဒီ အစားထည့်ပေးတဲ့အူထဲ မျက်လုံးထဲမှာလည်း ကာယပသာဒ စက္ခုပသာဒ ခေါ်တဲ့ ကမ္မဇရုပ်တွေ ဖြစ်တာဟာ ထင်ရှားပါတယ်။ အဲဒါလိုပဲ မိဘတို့၏ ပကတိကိုယ်မှ ကင်းကွာလာခဲ့တဲ သုက်သွေးဆိုတဲ့ ဥတုဇရုပ်ထဲမှာ ကာယ၊ ဘာဝ၊ ဝတ္ထုဒသကဆိုတဲ့ ကလာပ် ၃ ခုဟာ ရောစပ်မှီတွယ်ပြီး ဖြစ်တယ်၊ အဲဒီသုက်သွေးနှင့်တကွ ကလာပ် ၃ ခု ရုပ်ပေါင်း ၃၀ ကို ကလလရေကြည် ခေါ်တယ်လို့ ယူသင့်ပါတယ်။

(ပဋိစ္စသမုပ္ပါဒ်)

## ယခုခေတ် အနောက်တိုင်းဆရာဝန်တို့၏အဆို

ယခုခေတ် အနောက်တိုင်း သတ္တဗေဒပါရဂူ ဆရာတွေကတော့ အိုဗာ ခေါ်တဲ့ အမိ၏ သားဥနဲ့ စပါမယ်တိုဇွာ ခေါ်တဲ့ အဖ၏ သုက်ပိုးဆိုတဲ့ ဒီ ၂ ခုတို့ ပေါင်းစပ်ရာက တဖြည်းဖြည်း ရင့်ပြီး ကြီးပွားကာ သူငယ်ကလေး ဖြစ်လာတယ်လို့ ဆိုကြတယ်၊ သူတို့ပြောတဲ့ သုက်ပိုးနဲ့ သားဥ ၂ ခုစပ် ရုပ် ဟာလည်း ပကတိမျက်စိနဲ့ မမြင်နိုင်အောင် အလွန်သေးငယ်တယ်လို့လည်း ဆိုကြပါတယ်။ အဲဒီပါရဂူတွေ လက်တွေ့စမ်းသပ်ကြည့်ထားတာနဲ့လည်း နှိုးနှော ကြည့်ရင် သာသနာ့ဝင် ကျမ်းဂန်များအဆိုဟာ သင့်လျော်ပါတယ်။ မိဘတို့၏ သုက်သွေးကိုမှီပြီး ကလလရေကြည်အဖြစ်နဲ့ ကလာပ် ၃ စု၊ ရုပ်ပေါင်း ၃၀ မှစပြီး ပဋိသန္ဓေတည်လာပုံကို မြတ်စွာဘုရားက မှန်ဘီလူးအစရှိတဲ့ ဘာကိရိယာ တန်ဆာပလာကိုမျှ အကူအညီမယူဘဲ ဉာဏ်တော်သက်သက်နဲ့ ကြည့်ပြီး နှစ်ပေါင်း ၂၅၀၀ ကျော်က ဟောထားခဲ့တယ်။ အဲဒါကို ယခုနှစ်ပေါင်းသုံးရာ လောက်အတွင်းကမှ အနောက်တိုင်းဆရာတွေက မှန်ဘီလူးစသော အကူအညီ တွေနဲ့ အကြာကြီး စုံစမ်းပြီးမှ တွေ့ကြရတယ်။ အဲဒါဟာ မြတ်စွာဘုရား၏ ဉာဏ်အတွေ့ကို ထောက်ခံတဲ့သဘော ရှိပါတယ်၊ ဒါပေမဲ့ ယခုခေတ်ဆရာတွေက ကလာပ် ၃ ခုဆိုတဲ့ ရုပ်ပေါင်း ၃၀ စပြီး ဖြစ်လာပုံကိုတော့ မထုတ်ဖော်နိုင် ကြသေးဘူး။ အဲဒါဟာ ဘာကြောင့်လဲဆိုရင် အလွန်သိမ်မွေ့တဲ့ ကမ္မဇရုပ်ကို တော့ သူတို့ရဲ့ မှန်ဘီလူးနဲ့ မမြင်နိုင်လို့ပဲ ဖြစ်ပါလိမ့်မယ်။

(ပဋိစ္စသမုပ္ပါဒ်)

## သံသေဒဇသတ္တဝါတွေမှာလည်း ဥပပါတ်လိုပဲ

အညှိမှာဖြစ်တဲ့ သံသေဒဇသတ္တဝါတွေမှာလည်း မျက်စိစသည် မချို့တဲ့ရင် ဥပပါတ်မှာလိုပဲ အပြည့်အစုံ တစ်ပြိုင်နက် ဖြစ်တယ်လို့ ဆိုပါတယ်။ ဒီနေရာမှာတော့ စဉ်းစားစရာ ရှိပါတယ်။ အညှိမှာ ဖြစ်တယ်ဆိုတော့ တဖြည်းဖြည်းချင်း ရင့်ကျက်ပြီး ဖြစ်ဖွယ်ရာရှိပါတယ်။ ဒါပေမဲ့ ကျမ်းဂန်တွေမှာတော့ တစ်ပြိုင်နက် အပြည့်အစုံ ဖြစ်တယ်လို့ ဆိုထားပါတယ်။ ဒီနေရာမှာ တစ်ပြိုင်နက်ဖြစ်သလား၊ တဖြည်းဖြည်းချင်း ရင့်ကျက်ပြီး ဖြစ်သလားဆိုတာကို စမ်းသပ်ဖို့ကတော့ မဖြစ်နိုင်ပါဘူး၊ ဘာကြောင့်လဲဆိုရင် ယခုခေတ် သိပ္ပံနည်းနဲ့ ပသာဒအစရှိသော ကမ္မဇရုပ်တွေကို မစမ်းသပ်နိုင်တဲ့အတွက်ကြောင့်ပါပဲ။ ဒါကြောင့် ဒီနေရာမှာ စဉ်းစားမနေဘဲ ကျမ်းဂန်တွေက ပြထားတဲ့အတိုင်း မှတ်ယူခြင်းသာ အပြစ်လည်း ကင်းတယ်၊ အရှုပ်အထွေးလည်း ကင်းပါတယ်။

(ပဋ္ဌိစ္စသမုပ္ပါဒ်)

## မြင်သိစိတ်ကိုသိရင် တွဲဖက်နာမ်နဲ့ရုပ်ကိုလည်း သိတယ်

ဘယ်လိုလဲဆိုရင် မြင်ဆဲမှာ မြင်တယ်လို့ ရှုမှတ်ပြီး မြင်သိတဲ့ စိတ်ဝိညာဏ်ကို သိရင် အဲဒီမြင်သိစိတ်နဲ့ ပူးတွဲပြီးဖြစ်တဲ့ နာမ်နဲ့ရုပ်ကိုလည်း သိတယ်၊ ဒီနေရာမှာ မြင်သိစိတ်ဆိုတာ စက္ခုဝိညာဏ် စိတ်တစ်ခုတည်းကို ပြောတာမဟုတ်ဘူး၊ စက္ခုဒွါရဝီထိလို့ ခေါ်တဲ့ မြင်သိစိတ်စဉ် တစ်ခုလုံးကို ပြောပါတယ်။ ယောဂီပုဂ္ဂိုလ်ဟာ အဲဒီ စိတ်အစဉ်တစ်ခုလုံး တစ်ဝီထိလုံးကိုသာ ရှုမှတ်နိုင်ပါတယ်။ ဝီထိစိတ်စဉ်ထဲက တစ်စိတ်ချင်း ခွဲဖြတ်ပြီး ရှုမှတ်လို့ မဖြစ်နိုင်ပါဘူး။ နောက်ပြီးတော့ အဲဒီ တစ်ဝီထိလုံးဟာလည်း တစ်စိတ်တည်းအနေအားဖြင့်သာ ယောဂီမှာ ထင်ပါတယ်။ အဲဒီလို တစ်ဝီထိလုံးကို တစ်စိတ်တည်း အနေအားဖြင့် ရှုရပုံ ထင်ရပုံဟာ ဘင်္ဂဉာဏ်အရာမှာ ဟောထားတဲ့ ပဋိသင်္ခါ မဂ်ပါဠိတော်ဖြင့် ထင်ရှားပါတယ်၊ ဘယ်လိုလဲဆိုရင်

## ပဋိသင်္ခါမဂ် ပါဠိအနက်

ရူပါရမ္မဏတာ စိတ္တံ– ရုပ်ကို ရှုမှတ်အာရုံပြုသောစိတ်သည်၊ ဥပ္ပဇ္ဇိတွာ ဘိဇ္ဇတိ– ဖြစ်ပေါ်ပြီးလျှင် ပျက်၏။ တံ အာရမ္မဏံ– ထိုရုပ်အာရုံကို၊ ပဋိသင်္ခါ

ဇာနိတွာ ခယတော ဝယတော ဒိသွာ– ကုန်သွားသည် ပျက်သွားသည်ဟု သိမြင်ပြီး၍၊ တဿ စိတ္တဿ– ထိုသိမြင်သောစိတ်၏၊ ဘင်္ဂ– အပျက်ကို၊ အနုပဿတိ– တစ်ဖန်ရှု၏ တဲ့။

ဒီပါဠိမှာ ဆိုလိုတာကတော့ ရုပ်ထင်ရှားတဲ့အခါ ရုပ်ကိုရှုတဲ့စိတ် ဖြစ်တယ်၊ အဲဒီရှုတဲ့စိတ်ကလည်း ဘင်္ဂဉာဏ်နဲ့ ယှဉ်တဲ့စိတ်ဖြစ်တဲ့အတွက် အဲဒီရုပ်ကို ကုန်သွားတယ်၊ ပျက်သွားတယ်လို့ ရှုပြီးတော့ ချုပ်ပျက်သွားတယ်၊ အဲဒီ ချုပ်ပျက်သွားတဲ့ ဝိပဿနာစိတ်နဲ့ အပျက်ကိုလည်း အခြားမဲ့မှာ တစ်ဖန်ထပ်ဆင့်ပြီး ရှုပြန်တယ်လို့ ဆိုလိုပါတယ်၊ အဲဒီမှာ ရုပ်အာရုံရဲ့အပျက်ကို ရှုတဲ့ ဝိပဿနာစိတ်ဟာ တစ်စိတ်တည်း မဟုတ်ပါဘူး။ အနည်းဆုံး အာဝဇ္ဇန်းနှင့်တကွ ဇောခုနစ်ကြိမ်၊ ပေါင်း စိတ်ရှစ်ခု ဖြစ်ပါတယ်၊ ဒါပေမဲ့ အဲဒီစိတ်ရှစ်ခုကို တစ်ခုစီ တစ်ခုစီ ခွဲပြီး ရှုလို့မဖြစ်နိုင်ပါဘူး၊ တစ်ဝီထိလုံးကိုသာ ရှုလို့ ဖြစ်ပါတယ်။ ဒါကြောင့် "တဿစိတ္တဿ ဘင်္ဂ အနုပဿတိ" ထို ဝိပဿနာစိတ်၏ အပျက်ကို တစ်ဖန်ရှု၏လို့ တစ်စိတ်တည်း အနေအားဖြင့် ဟောထားပါတယ်။

အဲဒီမှာလိုပဲ ဒီမှာလည်း မြင်သိစိတ်အစဉ် တစ်ဝီထိလုံးကို မြင်သိစိတ်လို့ ဆိုထားပါတယ်။ အဲဒီ မြင်သိစိတ်ဆိုတာထဲမှာ ကုသိုလ် အကုသိုလ်ဇောစိတ်တွေလည်း ပါဝင်နေတယ်ဆိုတာ အထူးသတိပြုပြီး မှတ်သားထားကြရမယ်။ ဒါကြောင့် မြင်သိစိတ်ကို ရှုမှတ်ပြီး သိရင် မြင်လို့ကောင်းတဲ့သဘော မကောင်းတဲ့သဘော မကောင်းမဆိုး အလယ်အလတ်သဘောဆိုတဲ့ ဝေဒနာကိုလည်း သိတယ်၊ မြင်ရတဲ့အဆင်းကို မှတ်သားတဲ့ သညာကိုလည်း သိတယ်၊ မြင်ရတဲ့ အဆင်းကို ထင်ရှားတွေ့တဲ့ ဖဿ၊ မြင်အောင် နှလုံးသွင်းတဲ့ မနသိကာရ၊ စေ့ဆော်တိုက်တွန်းမှု စေတနာကို သိတာကတော့ ကြံသိတဲ့ မနောဒွါရကျမှ သာပြီးထင်ရှားတယ်။

မြင်သိစိတ်ကို သိရင် အဲဒီစိတ်ရဲ့ တည်ရာမှီရာ တစ်ကိုယ်လုံးရုပ်ကိုလည်း သိခြင်းကိစ္စ ပြီးသွားပါတယ်။ ဒါကြောင့် မြင်ခိုက်မှာ မြင်သိစိတ်ဝိညာဏ်ကို ရှုမှတ်ပြီး သိရင် ဝိညာဏပစ္စယာ နာမရူပံ– ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်သည် ဆိုတဲ့ ဒေသနာအရ မြင်သိစိတ် ဝိညာဏ်နဲ့ တစ်ပါတည်း ပူးတွဲဖြစ်တဲ့ နာမ်နဲ့ ရုပ်ကိုလည်း သိတယ်၊ သိခြင်းကိစ္စ ပြီးတယ်လို့ မှတ်ရမယ်။

(ပဋိစ္စသမုပ္ပါဒ်)

## စေတနာမရှိလျှင် အပြစ်မရှိ

အချို့ သုတနည်းသူတွေက ရေထဲမှာရော ဟင်းသီး ဟင်းရွက်ထဲမှာရော ပိုးတွေ ရှိနေတယ်၊ ဒီရေတွေ ဟင်းသီးဟင်းရွက်တွေကို ကျိုချက် စားနေကြရတဲ့အတွက် ငါးပါးသီလ လုံနိုင်ပါ့မလား၊ ပါဏာတိပါတကံ မဖြစ်ပေဘူးလားလို့ ဒီလို ယုံမှားသံသယ ရှိနေကြပါတယ်၊ မေးမြန်းတာကိုလည်း ကြားရဖူးပါတယ်၊ မြင်တွေ့ရတဲ့ ပိုးကောင်တွေကိုတော့ ရှင်းလင်းဖယ်ရှားပစ်ဖို့ လိုပါတယ်။ မမြင်ရတဲ့ ပိုးကောင်တွေအတွက်တော့ သေစေလိုတဲ့ စေတနာမရှိတဲ့အတွက် သံသယဖြစ်ဖို့ မရှိပါဘူး၊ နောက်ပြီးတော့ သေစေလိုတဲ့ စေတနာမရှိဘဲ မလွဲမရှောင်သာတဲ့ ကိုယ့်ကိစ္စ ကိုယ်ဆောင်ရွက်နေရာမှာ မတော်တဆ နင်းမိ ထိခိုက် မိလို့ သေသွားတဲ့အတွက်လည်း သံသယဖြစ်ဖို့ မရှိပါဘူး။ တချို့ ဂျိန်းဘာသာဝင်တွေကတော့ မီးထွန်းထားရာမှာ ပိုးကောင်တွေ ဝင်တိုးလို့ သေတာတောင် အပြစ်ရှိတယ်လို့ ယူဆကြသတဲ့၊ အဲဒါကတော့ လွန်လွန်းပါတယ်၊ ဝင်တိုးပြီး သေကြပါစေလို့ စေတနာမရှိရင် ဘာမှုအပြစ်မရှိပါဘူး။

(ပဋိစ္စသမုပ္ပါဒ်)

## ရဟန္တာစုံစမ်းနည်း

စျာန်အဘိညာဉ် မရရင် ရဟန္တာပေမယ့် လမ်းလျှောက်သွားရာမှာ သူများလိုပဲ လေးတယ် ပိတယ်ဆိုတဲ့ အချက်ပါပဲ၊ အဲဒါကတော့ စက္ခုပါလရဟန္တာမထေရ်ကြီး စင်္ကြံကြွရာမှာ ပိုးကောင်တွေ နင်းမိလို့ သေကုန်တယ်ဆိုတော့ အင်မတန် ထင်ရှားနေပါပြီ။ အဲဒါကလည်း ဒီနေရာမှာ ဘာဖြစ်လို့ ထည့်ပြောရသလဲဆိုတော့ ယခု ဆယ့်ငါးခြောက်နှစ်လောက်အတွင်းမှာ မြန်မာပြည်၌ ရဟန္တာရယ်လို့ ကျော်စောတဲ့ ပုဂ္ဂိုလ်တွေ ပေါ်လာကြတယ်၊ အဲဒီလို ကျော်စောတဲ့ ပုဂ္ဂိုလ်တွေကို တချို့ ဒကာ ဒကာမတွေက ပန်းခင်းပြီးတော့ စမ်းကြည့်ကြတယ်၊ လက်ဝါးခင်းပြီးတော့ စမ်းကြည့်ကြတယ်လို့ ကြားရတယ်၊ ပြီးတော့ ပန်း မနွမ်းဘူး၊ လက် မနာဘူး စသည်ဖြင့်လည်း ပြောသံကြားနေရတယ်၊ အဲဒါ တည့်တည့်မတ်မတ် နင်းမိလျက်နဲ့ မနွမ်းတာ မနာတာလား၊ တည့်တည့် မနင်းမိလို့ပဲလား ဆိုတာလည်း စဉ်းစားစရာ ရှိပါတယ်။ ယခု စက္ခုပါလမထေရ်

လို ဈာန်အဘိညာဉ်မရတဲ့ ရဟန္တာဆိုရင်တော့ တည့်တည့်နင်းမိမယ်ဆိုရင် ပိပြားသေကုန်သလို ပိပြားကုန်မှာပါပဲ၊ ဈာန် အဘိညာဉ်ရတဲ့ ရဟန္တာတောင် အဘိညာဉ်နဲ့ အဓိဋ္ဌာန်မပြုမိဘဲ ကြွရင် နင်းမိတာတွေဟာ အကုန်ပြားကုန်မှာပဲ။ ဒါကြောင့် အဲဒီလို စမ်းသပ်တဲ့ နည်းလမ်းတွေက မသေချာဘူးဆိုတာ သိထားကြရမယ်။

သေချာတဲ့နည်းကတော့ လိုချင်နှစ်သက်မှု၊ တပ်မက်သာယာမှု၊ ခင်မင်တွယ်တာမှု၊ အပြင်းအထန် ရယ်ရွှင်မှု၊ စိတ်ဆိုး စိတ်ပျက်မှု၊ ထိတ်လန့်ကြောက်ရွံ့မှု၊ စက်ဆုပ်ရွံရှာမှု၊ စိုးရိမ်ပူဆွေးမှု၊ သူတစ်ပါး အကျိုးမဲ့ဖြစ်အောင် ပြောဆိုမှု၊ ဘုရားကို မရိုမသေပြု၊ တရားကျမ်းဂန်တွေကို မရိုသေမှု၊ ဝိနည်းသိက္ခာကို မရိုသေမှု၊ ကိုယ်လက် ဣန္ဒြေ မတည်ငြိမ်မှု ဒီလိုဟာတွေ ရှိ မရှိ စုံစမ်းဖို့ လိုပါတယ်။ အဲဒီလိုဟာတွေရှိနေရင် လောဘ ဒေါသ မောဟ မကင်းသေးတဲ့သဘော ထင်ရှားနေတာပါပဲ။ သေသေချာချာ စုံစမ်းလို့ ဒီလိုအမူအရာတွေ အရိပ်အယောင်တောင် မတွေ့ဘူးဆိုရင်တော့ တော်တော် စိတ်ချရပါပြီ။ ရဟန္တာမဟုတ်တောင် ရဟန္တာလောက်နီးပါး ကြည်ညိုဖွယ်ဂုဏ်တွေနဲ့ ပြည့်စုံတယ်လို့ မှတ်နိုင်ပါပြီ။

(ပဋိစ္စသမုပ္ပါဒ်)

## နိဗ္ဗာန်ကို မရည်သန်ခဲ့ပေမယ့်

မြတ်စွာဘုရားက

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ၊
မနသာ စေ ပသန္နေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ သုခမန္ဝေတိ၊ ဆာယာဝ အနုပါယိနီ။

ဆိုတဲ့ တရားဂါထာကို ဟောတော်မူပါတယ်။

ဂါထာ၏အဆုံးမှာ သတ္တဝါပေါင်း ရှစ်သောင်းလေးထောင် တရားထူး ရကြတယ်လို့ ဓမ္မပဒအဋ္ဌကထာမှာ ဆိုပါတယ်။ အဲဒီ ရှစ်သောင်းလေးထောင် ဟာ လူချည်းမဟုတ်ဘူး၊ နတ်တွေလည်း ပါတယ်လို့ ယူဆသင့်ပါတယ်။ ပြီးတော့ အဒိန္နပုဗ္ဗကပုဏ္ဏားနဲ့ မဋ္ဌကုဏ္ဍလီနတ်သားလည်း သောတာပန် ဖြစ်သွားတယ်လို့ ဆိုပါတယ်။ အဲဒီမှာ အထူးမှတ်ဖွယ်ကောင်းတာကတော့ မဋ္ဌ

ကုဏ္ဍလီဟာ သေခါနီးဆဲဆဲမှာ မြတ်စွာဘုရားကို ဖူးမြင်ပြီး တစ်ခဏကလေးမျှ ကြည်ညိုတဲ့ မနောကံ ကုသိုလ်စေတနာသက်သက်နှင့် နတ်ပြည်ရောက်သွားတာ ရယ်၊ ပြီးတော့ အဲဒီကြည်ညိုတဲ့ ကုသိုလ်စေတနာ ဖြစ်တုန်းက မဂ်ဖိုလ်နိဗ္ဗာန် ကို ရည်သန် ဆုတောင်းမှု ပါပုံမရပါဘူး။ ဒါပေမဲ့ အဲဒီကုသိုလ်က အကျိုးပေး တဲ့ နတ်ပဋိသန္ဓေက ဉာဏသမ္ပယုတ်ဖြစ်ပြီး ဂါထာတစ်ပုဒ် တရားနာရုံနဲ့ သောတာပန် ဖြစ်သွားတယ်ဆိုတာရယ်၊ အဲဒီနှစ်ချက်ဟာ အထူးမှတ်သားဖွယ် ကောင်းပါတယ်။

(ပဋ္ဌိစ္စသမုပ္ပါဒ်)

## အရှင်အာနန္ဒာ မှတ်ဉာဏ်ကောင်းပုံ

အာနန္ဒတ္ထေရော– အရှင်အာနန္ဒာမထေရ်သည်၊ မဟာပညတာယ– ပညာ ကြီးသည်၏ အဖြစ်ကြောင့်၊ ဧကပဒုဒ္ဓါရေ ဌတွာ– ခြေတစ်ကြွ ခြေတစ်လှမ်းခန့် ခဏအတွင်း၌တည်၍၊ သကိံယေဝ သုတွာ– တစ်ကြိမ်တည်းသာလျှင် နာကြား၍၊ ပုန အပုစ္ဆန္တော– တစ်ဖန် မမေးရတော့ဘဲ၊ သဋ္ဌိပဒသဟဿာနိ– အက္ခရာရှစ်လုံး ရှိသော ပါဒအားဖြင့် အပိုဒ်ပေါင်း ခြောက်သောင်းတို့ကို၊ ပန္နရသ ဂါထာသဟ ဿာနိ– လေးပါဒရှိသော ဂါထာအားဖြင့် ဂါထာပေါင်း တစ်သောင်းငါးထောင် တို့ကို၊ ဧကပ္ပဟာရေနေဝ– တစ်ပြိုင်နက်သာလျှင်၊ ဝါ၊ တစ်ပဟိုရ်မျှဖြင့်သာ လျှင်၊ ဂဏှာတိ– မှတ်ယူပေ၏ တဲ့။ ဒီလို ပြထားပါတယ်။

ခြေတစ်လှမ်းအတွင်း ဂါထာပေါင်း တစ်သောင်းငါးထောင်ကို ကြားနာပြီး မှတ်သားနိုင်တယ်၊ အရကျက်နိုင်တယ်ဆိုတော့ အင်မတန်ကို အံ့သြစရာပါပဲ။ ဒါပေမဲ့ ဂါပေါင်း တစ်သောင်းငါးထောင်ကို ခြေတစ်လှမ်းခန့်အတွင်းမှာ ရွတ်ဆို တဲ့သူက ပြီးအောင် ရွတ်ဆိုနိုင်ပါ့မလားလို့ စဉ်းစားစရာ ရှိပါတယ်။ ရွတ်တဲ့ သူက ပြီးအောင်ရွတ်နိုင်သည်ဖြစ်စေ မရွတ်နိုင်သည်ဖြစ်စေ ကြားနာရလို့ရှိလျှင် ကျက်မှတ်နိုင်တဲ့အစွမ်းကို ပြတယ်လို့ ယူရမလို ဖြစ်နေပါတယ်။ ဒီလိုမှမဟုတ် လျှင်လဲ ဧကပဟာရေနေဝ အရကို တစ်ပဟိုရ်လို့ ယူပြီး တစ်ပဟိုရ်ခေါ်တဲ့ အချိန်ကာလအတွင်းလို့ ယူလျှင်လည်း သင့်စရာ ရှိပါတယ်။

တစ်နေ့မှာ ၄ ပဟိုရ် ရှိပါတယ်၊ တစ်ပဟိုရ်မှာ ရှေးသုံး မြန်မာနာရီနဲ့ ဆိုရင် ၇ နာရီခွဲရှိပါတယ်။ ယခုခေတ်သုံး စက်နာရီနဲ့ဆိုရင် သုံးနာရီ ရှိပါတယ်။ သုံးနာရီအတွင်း ဂါထာတစ်သောင်း ငါးထောင် ဆိုတာတောင်မှ တစ်နာရီမှာ

ဂါထာ ငါးထောင်ကျ ရွတ်ရလိမ့်မယ်၊ အဲဒါလောက် ရွတ်ဖို့ရာတောင် တော်တော် ခက်ပါသေးတယ်၊ ဒါကြောင့် အကယ်၍ အချိန်ပိုင်းတစ်ခုအတွင်းမှာ ထိုဂါထာ ပေါင်း တစ်သောင်းငါးထောင်ကို ရွတ်ဆိုဟောပြောသူ ရှိပါက ထိုဂါထာ တစ်သောင်းငါးထောင်ကို ထိုအချိန်အတွင်းမှာပင် တစ်ကြိမ်တည်း ကြားရရုံမျှဖြင့် နှုတ်တက်ကျက်မှတ်နိုင်တယ် ဆိုတာကိုသာ ပြောလိုရင်း ဖြစ်တယ်လို့ ယူသင့် ပါတယ်။

(ပဋိစ္စသမုပ္ပါဒ်)

## ဘာသာခြား အမျိုးသမီးတစ်ယောက်က ဒီလိုပြောသတဲ့

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုတာကို စဉ်းစားဆင်ခြင်ကြည့်ရင်လည်း ပါရမီဉာဏ်မရှိတဲ့သူတွေမှာ သဘောပေါက်ဖို့ မလွယ်လှဘူး၊ ခက်ပါတယ်၊ ဒါကြောင့် အခြားဘာသာဝင် အမျိုးသမီးတစ်ယောက်က ဒီလိုပြောသတဲ့။ "ရှင်တို့ ဗုဒ္ဓဘာသာဝင်တွေက မသိတဲ့အဝိဇ္ဇာကြောင့် ဖြစ်တယ်လို့ချည်း ပြောနေ ကြတယ်၊ မသိတာကနေပြီး အချိုးတကျ အကောင်းအမွန်တွေဟာ မဖြစ်နိုင် ပါဘူး၊ ကြည့်ပါ ကုလားထိုင်တစ်ခုဆိုရင် အသိဉာဏ်နဲ့ လုပ်မှပဲ ဖြစ်နိုင်ပါတယ်။ ပန်းကန်တစ်လုံးဆိုရင်လဲ အသိဉာဏ်နဲ့လုပ်မှ ဖြစ်နိုင်ပါတယ်၊ လူတွေ သတ္တဝါ တွေဖြစ်အောင် ကမ္ဘာမြေကြီးနှင့်တကွ သစ်ပင် တောတောင် လ နေ ကြယ် စသည်တွေဖြစ်အောင်လည်း အသိဉာဏ်နဲ့လုပ်မှသာ ဖြစ်ဖို့ရှိပါတယ်။ ဒါကြောင့် ရှင်တို့ပြောတဲ့အတိုင်း မသိတဲ့အဝိဇ္ဇာကြောင့် ဖြစ်တယ်ဆိုတာဟာ မဟုတ်နိုင် ပါဘူး၊ ဘုရားသခင်က အသိဉာဏ်နဲ့ အချိုးတကျ ဖန်ဆင်းထားလို့ ဖြစ်နေတာ သာ ဖြစ်သင့်ပါတယ်" လို့ ပြောသတဲ့။

အဲဒါဟာ ပဋိစ္စသမုပ္ပါဒ်က နက်နဲလို့ သူမသိတာနဲ့ ပြောတဲ့စကားပါပဲ။ အမှန်ကတော့ အဲဒီလို ကြံစည်ပြောဆိုတာတွေကိုက အဝိဇ္ဇာကြောင့်ဖြစ်တဲ့ သင်္ခါရတွေပဲ၊ ဒီနေရာမှာ ဘုန်းကြီးတို့က ဒီလို အကြံပေးချင်ပါတယ်။ "အသိ ဉာဏ်နဲ့ အချိုးတကျ ဖန်ဆင်းသူရှိမှ ဖြစ်နိုင်တယ်ဆိုရင် 'လူတွေ သတ္တဝါတွေနဲ့ ကမ္ဘာလောကကြီးကို ဖန်ဆင်းသူ' လို့ ယုံကြည်ယူဆထားတဲ့ ဘုရားသခင် ကြီးကိုတော့ ဘယ်သူက အချိုးတကျ ဖန်ဆင်းထားသလဲ" လို့ စဉ်းစားကြည့် ဖို့ အကြံပေးချင်ပါတယ်။ ဘာမျှမဟုတ်တဲ့ ကုလားထိုင်တောင် အသိဉာဏ်နဲ့

လုပ်မှုဖြစ်တယ်လို့ဆိုတော့ ကုလားထိုင်လုပ်တဲ့လူကို ဖန်ဆင်းဖို့က အဲဒီ ကုလားထိုင် လုပ်ရတာထက် ပိုပြီး ခက်ဖွယ်ရှိပါတယ်။ နောက်ပြီးတော့ အဲဒါထက် "လူတွေ သတ္တဝါတွေနဲ့ ကမ္ဘာလောကကြီးကို ဖန်ဆင်းတဲ့သူ" လို့ ယုံကြည်ယူဆရတဲ့ ဘုရားသခင်ကြီးကို ဖန်ဆင်းဖို့က ပိုပြီးတော့ ခက်ခဲပါလိမ့်မယ်။ နောက်ပြီးတော့ ဘုရားသခင်ကြီးကို ဖန်ဆင်းတဲ့ အဲဒီပုဂ္ဂိုလ်ကြီးကိုလည်း ဖန်ဆင်းတဲ့သူ ရှိရလိမ့်ဦးမယ်၊ ဒီနည်းဖြင့် သူထက်သူ တန်ခိုးကြီးတဲ့ ဖန်ဆင်းသူတွေဟာ အဆင့်ဆင့် လိုက်လို့ မဆုံးနိုင်အောင် ရှိနေပါလိမ့်မယ်။

အမှန်မှာတော့ ယခုသတ္တဝါတွေ ကြံစည် ပြောဆို ပြုလုပ်နေကြတာဟာ သစ္စာလေးပါးကို မသိသေးလို့ ပဋိစ္စသမုပ္ပါဒ်တရားကို မသိကြသေးလို့ပဲဆိုတာ ထင်ရှားပါတယ်။ ကောင်းတာပြုရင် ကောင်းကျိုးရတယ်၊ မကောင်းတာပြုရင် မကောင်းကျိုး ရတယ်၊ ကိုယ်ပြုတဲ့အမှု ကံအားလျော်စွာ ကျောင်းကျိုးဆိုးပြစ် ရတယ်ဆိုတာလည်း ထင်ရှားပါတယ်။ ဒါကြောင့် အမှန်မသိ အမှားသိတဲ့ အဝိဇ္ဇာရှိနေလို့ ပြုလုပ်မှုကံ သင်္ခါရတွေ ဖြစ်တယ်၊ အဲဒီကံသင်္ခါရကြောင့် ကံအားလျော်စွာ ဘဝသစ်ဝိညာဏ် စသည်ဖြစ်တယ်ဆိုတာဟာ ပါရမီဉာဏ် ရှိတဲ့သူတွေမှာ ပေါ်လွင်ထင်ရှားနေပါတယ်။ ဒါပေမဲ့ ခုတင်က ပြောခဲ့တဲ့ မိန်းမလို ပုဂ္ဂိုလ်တွေမှာတော့ ဘယ်လိုမှ သဘောမပေါက်နိုင်အောင် ကွယ်ဝှက် နက်နဲနေပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက "ဂမ္ဘီရာဝဘာသောစ၊ နက်နဲယောင်လည်း ထင်တယ်" လို့ ဟောတော်မူပါတယ်။ ဥပမာ ပင်လယ်ကူး သင်္ဘောကြီးနဲ့ ပင်လယ်ကို ဖြတ်သွားတဲ့အခါ ပတ်ဝန်းကျင်က တွေ့မြင်ရတဲ့ ရေတွေဟာ တကယ်လည်း နက်တယ်၊ နက်ယောင်လည်း ထင်တယ်၊ အဲဒါလိုပဲ ပဋိစ္စသမုပ္ပါဒ်တရားတော်က တကယ်လည်း နက်တယ်၊ နက်နဲယောင်လည်း ထင်တယ်လို့ ဆိုလိုပါတယ်။

(ပဋိစ္စသမုပ္ပါဒ်)

## တစ်ဦးတလေလောက်တော့ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်

တချို့က ရှုပုံရှုနည်းကို ပြတဲ့ မဟာသတိပဋ္ဌာနသုတ် တို့လို သုတ္တန် ပါဠိတော်တွေကို မှီငြမ်းမပြုဘဲ သဘာဝသက်သက်ကို ပြတဲ့ အဘိဓမ္မာဆိုင်ရာ

ကျမ်းဂန်တွေကိုသာ အမှီပြုပြီး စိတ်ကူးသက်သက်နဲ့ ရုပ်ပုံရှုနည်းတွေကို ဟောပြောနေတာလည်း ရှိတယ်၊ အဲဒီလို ဟောတဲ့အတိုင်း ရှုမှတ်နေတာလည်း ရှိတယ်။ အဲဒီလို ရှုတာကတော့ အများအားဖြင့် ပါရမီဖြစ် ကုသိုလ်ဖြစ်လောက် ရှိမှာပါပဲ။ ဥဒယဗ္ဗယဉာဏ်အစရှိတဲ့ ဝိပဿနာဉာဏ်အစစ် အစဉ်အတိုင်းဖြစ်ပြီး မဂ်ဖိုလ်ပေါက် ဖြစ်ဖို့ကတော့ ခဲယဉ်းပါလိမ့်မယ်။ သို့သော် ပါရမီထူးတဲ့ တစ်ဦးတလေလောက်တော့ ဖြစ်ကောင်း ဖြစ်ပါလိမ့်ဦးမယ်၊ ဘယ်လိုလဲဆိုတော့ အဲဒီလို စိတ်ကူးနဲ့ ရှုဆင်ခြင်နေရင်း ရှုဆင်ခြင်တဲ့ စိတ်ရဲ့အဖြစ်အပျက်ကို မြင်ပြီး ဝိပဿနာဉာဏ်အစစ်တွေ ဖြစ်မယ်ဆိုရင်လည်း ဖြစ်နိုင်ဖို့ အခွင့်အနည်းငယ်တော့ ရှိပါသေးရဲ့၊ ဒါကြောင့် အဲဒီနည်းဖြင့် တစ်ဦးတလေလောက်သာ လမ်းမှန်ရောက်ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်လည်း ရောက်ဖွယ်ရှိသေးတယ်လို့ ယူဆရပါတယ်။

(ပဋိစ္စသမုပ္ပါဒ်)

## မနောဝိညာဏ်နှင့် နှလုံးရုပ်

ဘဝင်နဲ့ ကြံသိမှု မနောဝိညာဏ်စိတ်ဟာ ဟဒယဝတ္ထုရုပ်ကိုမှီပြီး ဖြစ်တယ်လို့ အဋ္ဌကထာ ဋီကာကျမ်းတွေက ပြဆိုတဲ့အကြောင်း ရှေ့ပိုင်းတွေက ပြောခဲ့ပြီ။ အဲဒါနဲ့စပ်ပြီး စောဒကတက်စရာ ရှိနေပါတယ်။ ဘယ်လိုလဲဆိုတော့ ကာ ယခုခေတ် အနောက်တိုင်း ဆရာဝန်တွေက မကောင်းတဲ့ နှလုံးသားကို ထုတ်ပယ်ပြီးတော့ သေပြီးခါစလူရဲ့ နှလုံးသားကောင်းကို အစားထိုး စမ်းသပ်နေကြပါတယ်။ အဲဒါဟာ အပြည့်အစုံအောင်ပြီလို့ မဆိုရသေးသော်လည်း ရက်ပိုင်းလောက်တော့ အသက်ရှင်နေတဲ့အကြောင်း ရေဒီယို စာနယ်ဇင်းတွေမှာ ကြေညာနေပါတယ်။ အဲဒီတော့ နှလုံးသားရုပ်ထဲမှာ ကြံသိစိတ် ဝိညာဏ် တည်မှီတယ်ဆိုတာ ဟုတ်ပါ့မလားလို့ ဒီလိုမေးခွန်းတွေ ပေါ်လာတယ်၊ အဲဒီမေးခွန်းမှာ ဖြေစရာ နှစ်နည်းရှိပါတယ်။

ပထမနည်းကတော့ နှလုံးသားကို ဖြတ်ထုတ်လိုက်ပေမယ့် သူ့အင်အား လုံးလုံးချည်း မပျက်သေးခင် အဲဒီနှလုံးသားဟောင်းထဲမှာပဲ ဘဝင်စိတ် တည်နေနိုင်ဖွယ် ရှိပါတယ်။ ဘယ်လိုလဲဆိုရင် အိမ်မြှောင်အမြီးပြတ်များ လှုပ်ရှားနေရာမှာ အသိစိတ်နဲ့ မကင်းဘူးလို့ ယူသင့်သလိုပါပဲ။ နောက်ပြီးတော့ နှလုံးအသစ်နဲ့

ကိုယ်ထဲက သွေး စပ်မိတဲ့အချိန်ကစပြီး အဲဒီနှလုံးအသစ်ထဲမှာ ဘဝင်စိတ်ကြီးသိစိတ် ဖြစ်သွားတယ်လို့လည်း ယူသင့်ပါတယ်။ ဘယ်လိုလဲဆိုရင် လိုတဲ့နေရာမှာ အသားသစ် အစားထိုးခြင်း အူစသည်ကိုဖြတ်၍ အသစ်ဆက်ထည့်ခြင်းများ ပြုတဲ့အခါ အသားသစ် အူသစ် မျက်လုံးသစ် စသည်တွေထဲမှာ ကာယပသာဒရုပ် စက္ခုပသာဒရုပ်တွေ ဖြစ်သလိုပဲလို့ ယူဆသင့်ပါတယ်။

ဒုတိယနည်းကတော့ ပါဠိတော်နည်းပါပဲ။ ပဋ္ဌာန်းပါဠိတော်မှာ မနောဝိညာဏ်စိတ်၏ တည်ရာရုပ်ကို " ယံ ရူပံ နိဿာယ– အကြင်ရုပ်ကို မှီ၍ ဖြစ်ကုန်၏။ တံ ရူပံ– ထိုမှီရာရုပ်က မှီရာအဖြစ်ဖြင့် စိတ်အား ကျေးဇူးပြုတယ်" လို့ ဒီလို သာမညပဲ ဟောခဲ့ပါတယ်။ မည်သည့်နေရာက မည်သို့သော ရုပ်လို့ အထူးဖော်ပြပြီး မဟောခဲ့ပါဘူး။ ဒါကြောင့် အဲဒီပဋ္ဌာန်းပါဠိတော်အလိုအားဖြင့် ကိုယ်ထဲမှာ ရှိနေတဲ့ တစ်နေရာရာက ရုပ်ဟာ စိတ်၏မှီရာတည်ရာ ဖြစ်တယ်လို့ ယူနိုင်ပါတယ်။ နှလုံးသားထဲက ရုပ်လည်း ဖြစ်နိုင်တယ်၊ ခေါင်းထဲက ရုပ်လည်း ဖြစ်နိုင်တယ်၊ ဒီတော့ နှလုံးသားထဲက ရုပ်ကို မှီရာအဖြစ်ဖြင့် သဘောမကျရင် ခေါင်းထဲက ရုပ်ကိုလည်း မှီရာလို့ ဆိုနိုင်ပါတယ်။ ဒီပါဠိတော်နည်းအရဆိုရင်တော့ နှလုံးသား အသစ်လဲတဲ့ ပြဿနာနဲ့စပ်ပြီး ရှုပ်ထွေးစရာ မရှိတော့ပါဘူး။

(ပဋ္ဌိစ္စသမုပ္ပါဒ်)

## "မှတ်တယ်"ဆိုတဲ့ စကားအသုံးအနှုန်း

စိတ္တာနုပဿနာပိုင်းကျတော့ တပ်မက်မှုရှိသောစိတ်၊ တပ်မက်မှုကင်းသောစိတ် စသည်ဖြင့် ၁၆ ပါး ဝေဖန်ပြီး ဖြစ်တိုင်း ဖြစ်တိုင်းသောစိတ်ကို အမှတ်ရပြီးသိဖို့ ညွှန်ပြထားပါတယ်။ အဲဒီမှာ အဋ္ဌကထာက "ယသ္မိံ ယသ္မိံ ခဏေ– အကြင် အကြင် ခဏ၌၊ ယံ ယံ စိတ္တံ ဥပ္ပဇ္ဇတိ– အကြင် အကြင် စိတ်ဖြစ်၏။ တံ တံ သလ္လက္ခေန္တော– ထိုထို ဖြစ်ပေါ်လာသမျှ စိတ်ကို ထိုထိုခဏ၌ မှတ်လျက် သိရမယ်" လို့ ပေါ်ပေါ်လွင်လွင်ကြီး ဖွင့်ပြထားပါတယ်။ အဲဒီအဋ္ဌကထာမှ "သလ္လက္ခေန္တော" ပုဒ်ကို "မှတ်လျက်" လို့ ပြန်တာဟာ သဒ္ဒါနက်အတိအကျပြန်တာပါပဲ။ ဒါကြောင့် "မှတ်တယ်" ဆိုတဲ့စကားဟာလည်း အဋ္ဌကထာနဲ့ အတိအကျ ညီညွတ်တဲ့စကားဖြစ်တယ်ဆိုတာ သေသေချာချာ မှတ်သားထားကြရမယ်။

(သလ္လေခသုတ် တရားတော်ကြီး)

## အိပ်ငိုက်တိုင်း ကိလေသာလော

ကိုယ်ပင်ပန်းလို့ အိပ်ငိုက်တာကတော့ ကိလေသာမရှိတဲ့ ရဟန္တာမှာလည်း ဖြစ်နိုင်တာပဲ။ ဒါကြောင့် သစ္စကပရိဗိုဇ်ကြီးက "နေ့အခါ ကျိန်းစက်ဖူးပါသေးသလား" လို့ မြတ်စွာဘုရားကို မေးတဲ့အခါ မြတ်စွာဘုရားက "နွေရာသီနောက်ဆုံးလမှာ နေ့အခါ ကျိန်းစက်ဖူးကြောင်း" ဖြေကြားတော်မူပါတယ်။ အဲဒီတော့ သစ္စကပရိဗိုဇ်ကြီးက "အဲဒီလို ကျိန်းစက်တာကို အချို့က သမ္မောဟဝိဟာရ တွေဝေလျက်နေခြင်းလို့ ဆိုကြပါတယ်" လို့ လျှောက်တယ်၊ အဲဒီမှာ တချို့က ဆိုပေမယ့် သူကိုယ်တိုင်က ဆိုတာပါပဲ။ သူက မြတ်စွာဘုရားကို မောဟမကင်းသေးဘူးလို့ ဆိုလိုတာပါပဲ။ အဲဒီတော့ မြတ်စွာဘုရားက ကျိန်းစက်တဲ့အတွက် တွေဝေတယ်လို့လည်း မဆိုရကြောင်း မတွေဝေဘူးလို့လည်း မဆိုရကြောင်း အာသဝေါ ကိလေသာ မကင်းသေးတဲ့သူမှာ တွေဝေခြင်း ရှိကြောင်း အာသဝေါ ကိလေသာ ကင်းပြီးသော ဘုရားမှာ တွေဝေခြင်း မရှိကြောင်းများကို ကရုဏာတော်ဖြင့် ရှင်းလင်းပြတော်မူပါတယ်။ အဲဒီမှာ မြတ်စွာဘုရားတောင်မှ ကျိန်းစက်တော်မူတဲ့အခါ ရှိသေးတယ်လို့ ဆိုတာကို ထောက်ဆကြည့်ရင် ကိုယ်ပင်ပန်းလို့ အိပ်ချင်တာကိုတော့ နီဝရဏထိနမိဒ္ဓလို့ မဆိုသင့်ပေဘူး။

(သလ္လေခသုတ် တရားတော်ကြီး)

## ရုပ်မိဒ္ဓဝါဒ

ဒါကြောင့် ဝိမုတ္တိမဂ် ဆိုတဲ့ကျမ်းမှာ " (၁) စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇမိဒ္ဓ၊ (၂) ပူအိုက်တဲ့ ဥတုကြောင့် ဖြစ်တဲ့ ဥတုဇမိဒ္ဓ၊ (၃) အစာဝလွန်းလို့ ဖြစ်တဲ့ အာဟာရဇမိဒ္ဓ လို့ ငိုက်မျဉ်းခြင်းဆိုတဲ့ မိဒ္ဓကို သုံးမျိုးခွဲပြီးတော့ စိတ်ကြောင့် ဖြစ်တဲ့ ငိုက်မျဉ်းခြင်း မိဒ္ဓသာ နီဝရဏ ကိလေသာဖြစ်တယ်။ ကျန်တဲ့ ဥတုကြောင့် အာဟာရကြောင့် ဖြစ်တဲ့ ငိုက်မျဉ်းခြင်းများကတော့ နီဝရဏကိလေသာ မဟုတ်ဘူး၊ ဘာကြောင့်လဲဆိုလျှင် အဲဒီဥတုကြောင့် အာဟာရကြောင့် ဖြစ်တဲ့ငိုက်မျဉ်းခြင်းကတော့ ရဟန္တာမှာတောင် ဖြစ်နိုင်သောကြောင့်ပါပဲ" လို့ ဆိုထားပါတယ်။ အဲဒီအဆိုကို ဝိသုဒ္ဓိမဂ်နှင့် အဋ္ဌသာလိနီ

အဋ္ဌကထာများမှာ ပယ်ထားပါတယ်။ ဒါပေမဲ့ ဥတုကြောင့် အာဟာရကြောင့် ဖြစ်တယ်ဆိုတဲ့ ရုပ်မိဒ္ဓကို မိလိန္ဒပဉှာနှင့် ပေဋကောပဒေသကျမ်းမှာလည်း တွေ့ရတယ်။ အဲဒီမှာ စိစစ်ကြည့်ရင် ရုပ်မိဒ္ဓရှိတယ် ဆိုတဲ့ ကျမ်း ၃ ခုက ဇမ္ဗုဒီပ ခေါ်တဲ့ အိန္ဒိယက ရေးတဲ့ကျမ်းများဖြစ်တယ်။ ရုပ်မိဒ္ဓကို ပယ်တဲ့ အဋ္ဌကထာတွေက သီဟိုဠ်က ရေးတဲ့ကျမ်းများဖြစ်တယ်။ ဒါကြောင့် ရုပ်မိဒ္ဓ ရှိတယ်ဆိုတဲ့ ဝါဒကို ဇမ္ဗုဒီပမထေရ်တို့၏ဝါဒလို့ မှတ်ယူသင့်ပါတယ်။ မြတ်စွာ ဘုရားတောင် ရာသီဥတု အလွန်ပူအိုက်တဲ့လမှာ နေ့အခါ ကျိန်းစက်တော်မူ တယ်ဆိုတော့ ရုပ်မိဒ္ဓဝါဒက သင့်တဲ့သဘော ရှိပါတယ်။

(သလ္လေခသုတ်)

## ဝိစိကိစ္ဆာ တရားမှန်၌ ယုံမှားခြင်း

ဝိစိကိစ္ဆာ ယုံမှားခြင်းဆိုတာ (၁) ဘုရား၌ ယုံမှားခြင်း၊ (၂) တရား၌ ယုံမှားခြင်း၊ (၃) သံဃာ၌ ယုံမှားခြင်း၊ (၄) သီလ သမာဓိ ပညာ အကျင့်၌ ယုံမှားခြင်း လို့ အကျဉ်းအားဖြင့် ၄ ပါးရှိတယ်။ အဲဒီ ၄ ပါးလုံးဟာ တရားမှန်၌ ယုံမှားခြင်းဆိုတာထဲမှာ အတွင်းဝင်ပါတယ်။ ဘယ်လိုလဲဆိုတော့ တရားမှန်၌ ယုံမှားရင် အဲဒီတရားဟောတဲ့ ဘုရားကိုလည်း ယုံမှားတော့တာပဲ။ အဲဒီတရား အတိုင်း ကျင့်တဲ့သံဃာကိုလည်း ယုံမှားတော့တာပဲ။ အဲဒီတရားအရ ကျင့်တဲ့ အကျင့်ကိုလည်း ယုံမှားတော့တာပဲ။ ဒါကြောင့် ဒီမှာ "ဝိစိကိစ္ဆာ– တရားမှန်၌ ယုံမှားခြင်း" လို့ အတိုချုပ် ဘာသာပြန်ထားတယ်။ နောက်ပြီးတော့ (၅) သံသရာ ၏ ရှေးအဖို့၌ ယုံမှားခြင်း၊ (၆) နောက်အဖို့၌ ယုံမှားခြင်း၊ (၇) ရှေးနောက် နှစ်ရပ်စပ်လျက် ပစ္စုပ္ပန်အဖို့၌ ယုံမှားခြင်း၊ (၈) အကြောင်းအကျိုး ဆက်စပ် ဖြစ်ပုံ (ပဋိစ္စသမုပ္ပါဒ်) ၌ ယုံမှားခြင်းဆိုတဲ့ ဒီယုံမှား ၄ ပါးလည်း တရားမှန်၌ ယုံမှားခြင်းဆိုတာထဲမှာ အတွင်းဝင်ပါတယ်။ ဘာကြောင့်လဲဆိုရင် သံသရာ၏ ရှေ့အဖို့ စသည်တွေဟာ တရားမှန်နှင့် စပ်ဆိုင်နေလို့ပါပဲ။ ဒါကြောင့် တရား မှန်၌ ယုံမှားခြင်းဆိုတဲ့စကားဖြင့် ယုံမှားမှု (၈) ပါးလုံးကို သိမ်းသွင်းနိုင်ပါတယ်။ တရားမှန်၌ ယုံမှားခြင်းလို့ ဆိုထားတော့ တရားမှန်နှင့်မဆိုင်တဲ့ လောကရေးရာ ယုံမှားခြင်းတွေတော့ မပါဝင်ဘူး၊ ဘယ်လိုဟာလဲဆိုရင် ဒီလမ်းက သွားရင် ဘုရား ရောက်မလား၊ ဈေးရောက်မလား၊ ဒီအလုပ်ကိုလုပ်ရင် စီးပွားဖြစ်မလား၊

ရှုံးမလား စသည်ဖြင့် ဖြစ်တဲ့ယုံမှားမျိုးတွေပါပဲ။ အဲဒီလို လောကရေးရာ ယုံမှားတွေကတော့ နီဝရဏဝိစိကိစ္ဆာ မဟုတ်ဘူး၊ တရားနှင့်စပ်တဲ့ ယုံမှား (၈) မျိုးသာ နီဝရဏဝိစိကိစ္ဆာ မည်တယ်။

(သလ္လေခသုတ်)

## ဖောင်းတာ ပိန်တာ မှတ်ရာမှာ

ဖောင်းတယ် ပိန်တယ်လို့ ရှုမှတ်နေကြတာလည်း အဲဒီရုပ်ကိုက်လေ၏ တွန်းကန်မှုကြောင့် တောင့်တင်းလှုပ်ရှားတဲ့ ဝါယောဓာတ်ကို ရှုမှတ်နေကြတာပဲ။ အဲဒီလိုရှုမှတ်ခြင်းဖြင့် ရုပ်ကိုက်လေ၏တွန်းကန်မှုကိုလည်းသိရတယ်။ ဒါကြောင့် အဿာသ ပဿာသလေကို ရှုမှတ်တယ်လို့လည်း ဆိုနိုင်ပါတယ်။ အဲဒီလိုဆိုတော့ အာနာပါနကို နှာသီးဝကသာ ရှုကောင်းတယ်မဟုတ်ပါလားလို့ မေးစရာ ရှိပါသေးတယ်။ သမထ ကမ္မဋ္ဌာန်းအနေဖြင့် ဈာန်သမာဓိရအောင် အားထုတ်ရင် နှာသီးဝ တစ်နေရာတည်းကသာ ရှုရတာ မှန်ပါတယ်။ ဈာန်သမာဓိဆိုတာ တစ်နေရာတည်းက တစ်မျိုးတည်းကိုသာ ရှုနေမှ ဖြစ်နိုင်ပါတယ်။ နေရာအများက အာရုံများစွာကို လိုက်ရှုနေရင် ဈာန်သမာဓိ မဖြစ်နိုင်ဘူး။ ဒါကြောင့် သမထ ကမ္မဋ္ဌာန်းအရာမှာ နှာသီးဝ တစ်နေရာတည်းသာ ရှုနေရပါတယ်။ ဝိပဿနာဆိုတာကတော့ တစ်နေရာတည်းကသာ ရှုရမယ်လို့လည်း အကန့်အသတ် မရှိဘူး၊ တစ်ခုတည်းကိုသာ ရှုရမယ်လို့လည်း အကန့်အသတ်မရှိဘူး။ ဒွါရ ၆ ပါးက ထင်ရှားပေါ်လာသမျှကို အကုန်လုံးရှုရပါတယ်။ "သဗ္ဗံ- အလုံးစုံကို၊ အဘိညေယျံ- ရှေးရှုပြု၍ သိအပ်၏" လို့ မြတ်စွာဘုရား က ဟောတော်မူပါတယ်။ "သဗ္ဗ ဓမ္မံ အဘိဇာနာတိ- အလုံးစုံသော တရားကို ရှေးရှုပြု၍ သိ၏" လို့ ဟောတော်မူကြောင်းလည်းသတ္တမပိုင်းတုန်းက ပြောခဲ့ပါပြီ။ ဒါကြောင့် ဝိပဿနာအရာမှာတော့ "မည်သည့်ကိုယ် အစိတ်အပိုင်းက ရုပ်ကိုသာ ရှုရမယ်၊ မည်သည့်ကိုယ်အစိတ်အပိုင်းက ရုပ်ကိုတော့ မရှုရဘူး" လို့ ဒီလိုကန့်သတ်ချက် တားမြစ်ချက် မရှိပါဘူး" ဆန်လေ စုန်လေ ဝမ်းလေ အူလေ လှုပ်ရှားလေများကို ဘယ်နေရာကမဆို ရှုကောင်းသလိုပဲ ဝိပဿနာ အရာမှာ ရုပ်ကိုက်လေကိုလည်း ဘယ်နေရာကမဆို ရှုကောင်းပါတယ်။ တစ်နည်း အားဖြင့်ဆိုရင်တော့ ဖောင်းတာ ပိန်တာဟာ ဝမ်းဗိုက်ထဲက တောင့်တင်းလှုပ်ရှားတဲ့သဘောပဲ။

## သတိပဋ္ဌာန်လေးပါး ပွားနေတာ ယုံမှားဖွယ်မရှိ

ဒါကြောင့် ဖောင်းတယ် ပိန်တယ်လို့ ရှုမှတ်တာဟာ သတိပဋ္ဌာန် ပါဠိတော်လာ ဓာတုမနသိကာရပိုင်းအရ ဓာတ် ၄ ပါးထဲက ဝါယောဓာတ်ကို ရှုတယ်။ ဝါယော ဓာတ် ၆ ပါးထဲက ဝမ်းဗိုက်မှာ ထင်ရှားတဲ့ အဿာသ ပဿာသ ဝါယောဓာတ်ကို ရှုတယ်လို့လည်း ဆိုနိုင်ပါတယ်။ ဝမ်းဗိုက်ထဲမှာရှိတဲ့ ကုစ္ဆိသယဝါယောဓာတ်ကို ရှုတယ်လို့လည်း ဆိုနိုင်ပါတယ်။ ဣရိယာပထပိုင်း သမ္ပဇဉ်ပိုင်းအရ ကိုယ်အမူအရာရုပ်ကို ရှုတယ်လို့လည်း ဆိုနိုင်ပါတယ်။

(သလ္လေခသုတ်)

## "အပ္ပမာဒေန သမ္ပာဒေထ" ၏အနက်မှန်

ပဋိပတ် ကျင့်ပုံကျင့်နည်း ဟောတဲ့နေရာမှာ ကတ္တား ကရိဏ်းဆိုတဲ့ သဒ္ဒါနည်းတွေကို ဘာကြောင့် ထည့်သွင်းပြီး ပြောနေရပါသလဲလို့ဆိုတော့ ဒီပုဒ်ကို အနက်အဓိပ္ပါယ်ပြန်ရာမှာ အဋ္ဌကထာအဖွင့်နှင့် မညီဘဲ လွဲနေတာကို တော်တော်များများ ကြားဖူးတဲ့အတွက် အနက်မှန်ကို ပေါ်စေချင်လို့ပါပဲ။ လွဲနေကြပုံကတော့ "အပ္ပမာဒေန– မမေ့မှုသတိတရားနှင့်၊ သမ္ပာဒေထ– ပြည့်စုံကြစေကုန်လော့" ဒီလို အနက်ပေးကြတယ်။ "သတိနှင့် ပြည့်စုံကြ" လို့ဆိုတော့ "သတိရှိကြရမယ်၊ သတိထားကြရမယ်" လို့ ဒီလိုအဓိပ္ပါယ်ရပါ တယ်။ အဲဒီအဓိပ္ပာယ်လည်း ကောင်းသင့်သလောက်တော့ ကောင်းပါတယ်။ ဒါပေမဲ့ လုပ်ငန်းစဉ်က သိပ်မပေါ်ဘဲ ရှိနေပါတယ်။ အဋ္ဌကထာမှာတော့ "သတိအဝိပ္ပဝါသေန သဗ္ဗကိစ္စာနိ သမ္ပာဒေယျာထ" လို့ ဖွင့်ပြထားပါတယ်။ အဲဒီအဖွင့်ထဲမှာ "သဗ္ဗကိစ္စာနိ"– အလုံးစုံသော ကိစ္စတို့ကိုဆိုတဲ့ ကံပုဒ်ပါတယ်။ အဲဒီကံပုဒ်ပါတဲ့ အတွက် သမ္ပာဒေထနှင့် သမ္ပာဒေယျာထ ဆိုကဲ့ ကြိယာပုဒ်တို့မှာ "ပြည့်စုံကြစေ" ဆိုတဲ့ ကံမဲ့အနက် မဖြစ်သင့်ဘူး။

"ပြည့်စုံစေကြ၊ ပြီးစီးစေကြ" ဆိုတဲ့ ကံရှိအနက်က ဖြစ်သင့်တယ်၊ ကံရှိတဲ့ ကြိယာမှာနှင့် ဆိုတဲ့သဟာဒိယောဂ အနက်နှင့် မယှဉ်နိုင်ဘူး။ "ဖြင့်" ဆိုတဲ့ ကရိဏ်းအနက်နှင့်သာ ယှဉ်နိုင်တယ်၊ ဒါကြောင့် အဲဒီအဋ္ဌကထာပါဠ်ကို "သတိအဝိပ္ပဝါသေန– သတိမကင်းခြင်းဖြင့် (ဝါ) မကင်းသော သတိ မမေ့ သော သတိဖြင့်၊ သဗ္ဗကိစ္စာနိ– သီလအကျင့်စသော အလုံးစုံသောကိစ္စတို့ကို၊

သမ္မာဒေယျာထ– ပြည့်စုံစေကြ ပြီးစီးစေကြကုန်လော့” လို့ အနက်ပြန်ရတယ်။ အဲဒီအဖွင့်နှင့်အညီ “အပ္ပမာဒေန သမ္ပာဒေထ” ဆိုတဲ့ ဘုရားမိန့်ခွန်းတော် ပါဠိကိုလည်း “အပ္ပမာဒေန– မမေ့မှုဖြင့်၊ (ဝါ) မမေ့သော သတိတရားဖြင့်၊ သမ္ပာဒေထ– ပြည့်စုံစေကြ၊ ပြီးစီးစေကြကုန်လော့” လို့ ကရိဏ်းအနက်သာ ပြန်ရတယ်၊ ဒီကရိဏ်းအနက်ကတော့ “သီလအကျင့်ကိစ္စ၊ သမာဓိအကျင့်ကိစ္စ၊ ပညာအကျင့်ကိစ္စဆိုတဲ့ ရဟန်းကိစ္စဟူသမျှကို မမေ့တဲ့သတိဖြင့် ပြီးစီးအောင် အားထုတ်သွားရမယ်” ဆိုတဲ့အနက်ကို ပေါ်လွင်စေပါတယ်။ သီလပေးပြီးတဲ့ အဆုံးမှာ “အပ္ပမာဒေန သမ္ပာဒေထ” လို့ ဩဝါဒပေးရာမှာလည်း ဒီအနက်ကိုပဲ ယူရမယ်။

(သလ္လေခသုတ်)

## ရတနာ ၃ ပါး စစ် မစစ် ရွေးနည်း

မယုံသင့်တာကို ယုံတာကတော့ သဒ္ဓါမဟုတ်ဘူး၊ မိစ္ဆာအဓိမောက္ခ– မှားယွင်းစွာ ယုံကြည်ဆုံးဖြတ်မှုခေါ်တယ်။ သဒ္ဓေယျဝတ္ထုလို့ခေါ်တဲ့ ယုံကြည်ထိုက်တာ ယုံကြည်တာကိုမှ သဒ္ဓါခေါ်တယ်။ ဘုရား တရား သံဃာ အစစ်အမှန်ကို ယုံကြည်တာကလည်း သဒ္ဓါတရားပဲ။ ဘာသာတိုင်း ဘာသာတိုင်းမှာ အသီးသီး ဘုရားဆိုတာ ရှိတာပဲ၊ အဲဒီ သူတို့၏ တရားတော်အတိုင်း လိုက်နာပြီး ကျင့်နေကြတဲ့ တပည့်အပေါင်း သံဃာဆိုတာလည်း ရှိတာပဲ။ ဒီတော့ အစစ်အမှန် ဟုတ်မဟုတ်ကို ဘယ်လိုလုပ်ပြီး သိရပါမလဲလို့ မေးစရာ ရှိပါတယ်။ အဖြေကတော့ ဘုရားစစ် ဘုရားမှန်မှာ အရဟံ အစရှိသော ဂုဏ်တော် ၉ ပါး ရှိရမယ်။ အဲဒီဂုဏ်တော်တွေနှင့် ပြည့်စုံရင် ဘုရားစစ် ဘုရားမှန်ပဲ။ အဲဒီ ဂုဏ်တော် ၉ ပါးထဲက လောဘ ဒေါသ မောဟ အစရှိသော ကိလေသာ ကင်းဝေးစင်ကြယ်တယ်ဆိုတဲ့ အရဟံဂုဏ်တစ်ပုဒ်နှင့် တိုက်ကြည့်ရင်ကို အစစ်အမှန် ဟုတ်မဟုတ် သိနိုင်ပါတယ်။ ဖန်ဆင်းတယ်ဆိုတဲ့ ဘုရားက သူ့ကို အရိုအသေ ကိုးကွယ်တာ အလိုရှိတယ်၊ လောဘလို့ ဆိုရမှာပေါ့။ မကိုးကွယ်တဲ့ သူကို ဒဏ်ခတ်တယ်လို့ ဆိုတယ်။ ဒေါသလို့ ဆိုရမှာပေါ့။ ဗုဒ္ဓမြတ်စွာဘုရား ကတော့ တရားကို ကျင့်ရင် ကောင်းကျိုးရမယ်၊ မကျင့်ရင် မကောင်းကျိုးရမယ်၊ ကံအားလျော်စွာ ဖြစ်ရမယ်လို့သာ ဟောတယ်၊ မိမိအား ကိုးကွယ်ရင် ကယ်မယ်၊

မကိုးကွယ်ရင် အပြစ်ပေးမယ်လို့ မဟောဘူး။ လောဘ ဒေါသ အရိပ်အယောင် တောင် မပါဘူး။ လောဘ ဒေါသ စသည်ကင်းအောင် ကျင့်ဖို့သာ တိုက်တွန်း တယ်။ ဒါကြောင့် ကိလေသာ ကင်းဝေးစင်ကြယ်တဲ့ အရဟံဂုဏ်နှင့် ပြည့်စုံ ကြောင်း ထင်ရှားပါတယ်။

တရားတော်ကလည်း သွာက္ခာတဂုဏ်၊ သန္ဒိဋ္ဌိကဂုဏ် အစရှိတဲ့ ဂုဏ် တော် ၆ ပါးနှင့် ပြည့်စုံရင် တရားစစ် တရားမှန်ပဲ။ အဲဒီမှာလည်း ကိုယ်တိုင် တွေ့မြင်နိုင်တယ်ဆိုတဲ့ သန္ဒိဋ္ဌိကဂုဏ်တစ်ပုဒ်နှင့် တိုက်ကြည့်ရင်ကို အစစ်အမှန် ဟုတ်မဟုတ် သိနိုင်ပါတယ်။ တခြားဘာသာတရားတွေမှာ ကိုယ်တိုင်တွေ့နိုင်တာ ကို ထုတ်မပြနိုင်ဘူး။ ကျမ်းစာတွေက ညွှန်ပြထားတဲ့အတိုင်း မျက်စိမှိတ်ပြီး ယုံကြည်နေကြရတာချည်းပဲ။ ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်ကတော့ ကိုယ် တိုင် ကျင့်ရင် ကိုယ်တိုင်ပဲ တွေ့မြင်နိုင်ပါတယ်။ ဘုန်းကြီးတို့ ညွှန်ပြတဲ့အတိုင်း ရှုမှတ်ကြည့်ပါ၊ ရက်တစ်ပတ် နှစ်ပတ်အတွင်းမှာပဲ တရားအရသာကို တွေ့ တန်သလောက် တွေ့သိနိုင်ပါတယ်။ လေးငါးခြောက်ပတ်လောက် အားထုတ် လိုက်ရင်တော့ တကယ်ထူးခြားတဲ့ အရသာကို တွေ့သိနိုင်ပါတယ်။ ဒါကြောင့် သန္ဒိဋ္ဌိကဂုဏ်တော်နှင့် ပြည့်စုံကြောင်း ထင်ရှားပါတယ်။

သံဃာတော်ကလည်း သုပ္ပဋိပန္န အစရှိတဲ့ ဂုဏ်တော် ၉ ပါးနှင့် ပြည့်စုံရင် သံဃာစစ် သံဃာမှန်ပဲ။ ကောင်းစွာကျင့်တာကို သုပ္ပဋိပန္နလို့ဆိုတယ်။ အဲဒီတော့ သူ့တရားနဲ့သူ ကောင်းစွာကျင့်တယ်လို့ချည်း ပြောကြလိမ့်မယ်။ ဒါပေမဲ့ အကျင့် ကောင်း ဟုတ် မဟုတ် ခွဲခြားစရာရှိပါတယ်။ လောဘ ဒေါသ အစရှိတဲ့ တရားဆိုးတွေကင်းအောင် ကျင့်ရင် ကောင်းတဲ့အကျင့်ပဲ။ ဗုဒ္ဓသာသနာတော်မှာ အပြင်ဘက်မှာ လောဘ ဒေါသကင်းအောင် ကျင့်တာက အများအားဖြင့် မရှိပြန်ဘူး၊ ရှိပြန်တော့လည်း အမြစ်ပြတ် မကင်းဘူး။ ဗုဒ္ဓသာသနာတော်မှာ တော့ လောဘ ဒေါသစသည်ကို အမြစ်ပြတ် ငြိမ်းစေနိုင်တဲ့ အကျင့်ရှိတယ်၊ အဲဒီအကျင့်ကို ကျင့်နေကြတယ်၊ ဒါကြောင့် ကောင်းစွာကျင့်တဲ့ သုပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံကြောင်း ထင်ရှားပါတယ်။

ဒါကြောင့် ဒီဂုဏ်တော်တွေနဲ့ တိုက်ဆိုင်ကြည့်ပြီးတော့ ဘုရားစစ် ဘုရား မှန် စသည်ကို ဆုံးဖြတ်နိုင်ပါတယ်။

(သလ္လေခသုတ်)

## သတိပဋ္ဌာန်ဆိုတာ ဝိပဿနာပြဋ္ဌာန်းတယ်

တချို့က "သတိပဋ္ဌာန်ဆိုတာ သတိပဲ၊ သတိဆိုတော့ သမာဓိက္ခန္ဓာထဲက တရားပဲ။ သမ္မာဝါယာမ သမ္မာသမာဓိတို့နှင့်တွဲပြီး ဖြစ်တဲ့တရားပဲ။ ဒါကြောင့် သမာဓိလုပ်ငန်းပဲ၊ ဝိပဿနာအလုပ် မဟုတ်ဘူး"လို့ ဒီလို ပြောနေကြတယ်။ အဲဒါက သုတ်ဒေသနာ ဟောထားပုံကို မကြည့်ဘဲနဲ့ သတိပဋ္ဌာန်ဆိုတဲ့အမည်ကလေးလောက်သာ ကြည့်ပြီး အတ္တနောမတိနဲ့ တွေးခေါ်မှုပါပဲ။ အမှန်ကတော့ သုတ်၏ ဥဒ္ဒေသဝါရလောက်ကြည့်ရင်ကို "သမ္ပဇာနော– မှန်စွာအပြားအားဖြင့် သိသည်" ဆိုတဲ့ စကားကို တွေ့ရပါတယ်။ အဲဒါဟာ ဝိပဿနာပညာပါပဲ။ နောက်ပြီးတော့ နိဒ္ဒေသဝါရတွေကို လိုက်ကြည့်ရင် "သမုဒယဓမ္မာနုပဿီ ဝါ၊ ဖြစ်ခြင်းသဘော ဖြစ်ကြောင်းတရားကို ရှုမြင်သည် ဖြစ်၍ နေတယ်" ဆိုတာကိုလည်း တွေ့ရမယ်။ သမထဘာဝနာအရာမှာ ဖြစ်ခြင်း ပျက်ခြင်း၊ ဖြစ်ကြောင်း ပျက်ကြောင်းကို ရှုမြင်ရိုး မရှိဘူး။ တစ်ကြံ့တည်း တည်နေတဲ့ အာရုံနိမိတ်ကိုသာ ရှုမြင်ရိုးရှိတယ်။

နောက်ပြီးတော့ "အနိဿိတော စ ဝိဟရတိ– တဏှာဒိဋ္ဌိ အမှီကင်းလျက်နေတယ်" ဆိုတာကိုလည်း တွေ့ရမယ်။ "နစ ကိဉ္စိ လောကေ ဥပါဒိယတိ– လောက၌ တစ်စုံတစ်ခုသော တရားကိုမျှ မစွဲလမ်းတော့ဘူး" ဆိုတာကိုလည်း တွေ့ရမယ်။ သမထဘာဝနာအရာမှာ တဏှာ ဒိဋ္ဌိ အမှီကင်းတာ အစွဲအလမ်းကင်းတာရယ်လို့ မရှိဘူး၊ အမှန်စင်စစ်အားဖြင့် ဖြစ်ခြင်း ပျက်ခြင်း၊ ဖြစ်ကြောင်း ပျက်ကြောင်းကို ရှုမြင်တာဟာ ဝိပဿနာအရာမှာမှ ရှိတယ်။ တဏှာဒိဋ္ဌိ အမှီကင်းတာ အစွဲအလမ်း ကင်းတာဟာလည်း ဝိပဿနာအရာမှာမှ ရှိတယ်၊ ဒါကြောင့် သမထပိုင်းဖြစ်တဲ့ အာနာပါနပိုင်း၊ ပဋိက္ကူလမနသိကာရပိုင်းများမှာတောင်မှ သမထ သက်သက်အတွက် မဟုတ်ဘူး။ သမထအခြေခံပြီး ဝိပဿနာ ရှုတတ်ဖို့ ရည်ရွယ်ပြီး ဟောထားကြောင်း ထင်ရှားပါတယ်။ ဝိပဿနာပိုင်းများဖြစ်တဲ့ ဣရိယာပထပိုင်း သမ္ပဇညပိုင်း စသည်မှာတော့ အထူးပြောစရာမလိုပါဘူး။ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာပိုင်းတွေမှာတော့ သမထစျာန်နှင့် ဘာမျှမသက်ဆိုင်တဲ့အတွက် ဝိပဿနာသက်သက်ဖြစ်ကြောင်း သာပြီးတော့တောင် ထင်ရှားပါတယ်။

(သလ္လေခသုတ်)

## ပညတ်ကို သိရုံမျှဖြင့် နာမရူပပရိစ္ဆေဒဉာဏ်မဖြစ်

ကိုယ်ပိုင်အသိဉာဏ်က ဖြစ်ခိုက်ရုပ်နာမ်ကို ရှုမှတ်မှ ဖြစ်တယ်၊ ကြံတွေးကြည့်ရုံနဲ့တော့ မဖြစ်ဘူး။ "လောကီစိတ် ၈၁ ခုနဲ့ စေတသိက် ၅၂ ခုက နာမ်၊ ရုပ် ၂၈ ခုက ရုပ်၊ ဒီနာမ်ရုပ် ၂ ပါးမျှသာ ရှိတယ်" လို့ ဒီလို ဆင်ခြင်ကြံတွေးကြည့်တာကတော့ သညာသိပဲ။ ကိုယ်ပိုင်ဉာဏ် ပညာသိမဟုတ်ဘူး။ စဉ်းစားကြည့်ပါ၊ လောကီ စိတ် ၈၁ ခုဆိုတာ ဘယ်ကစိတ်တွေလဲ၊ မိမိသန္တာန်မှာ အကုန်လုံး ဖြစ်ဖူးရဲ့လား၊ မဟဂ္ဂုတ်ကုသိုလ် ကြိယာစိတ်တွေဟာ ဈာန်ရပုဂ္ဂိုလ်တွေ သန္တာန်မှာသာ ရှိတယ်၊ ကာမာဝစရ ကြိယာ ဇောစိတ်တွေတောင်မှ ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်မှာသာ ရှိတယ်။ မိမိသန္တာန်မှာ မရှိတဲ့ အဲဒီစိတ်တွေကို အမှန်တကယ် သိနိုင်ပါ့မလား။ ရုပ် ၂၈ ခုထဲမှာလည်း ဣတ္ထိဘာဝရုပ်ဆိုတာ မိန်းမတို့ သန္တာန်မှာသာ ရှိတယ်။ အဲဒီရုပ်ကို ယောကျ်ားတွေက ကိုယ်တိုင်တွေ့အားဖြင့် သိနိုင်ပါ့မလား၊ အဲဒီလို မသိနိုင်တာတွေကို ဆင်ခြင်ပြီး သိတာဟာ ပရမတ်အစစ်ကို သိတာ ဟုတ်ပါ့မလား။ အမည် ပညတ်လောက် သိနေတာ မဖြစ်ပေဘူးလား။ "ပရမတ်တရားတို့၏ အမည်ပညတ်မျှကိုသာ သိခြင်းဖြစ်ပါတယ်" လို့ ရိုးသားစွာ ဖြေရပေလိမ့်မယ်။ ဒီလို ပညတ်ကို သိရုံနဲ့ နာမရူပပရိစ္ဆေဒဉာဏ်အစစ် မဖြစ်ဘူးဆိုတာကတော့ ရှင်းနေပါပြီ။ ဒါကြောင့် ဖြစ်ခိုက်ရုပ်နာမ်ကို မရှုမှတ်တဲ့သူတွေမှာ အောက်ဆုံးအခြေခံ ဝိပဿနာပညာဖြစ်တဲ့ နာမရူပပရိစ္ဆေဒဉာဏ်တောင် မရှိနိုင်ဘူး။ ဝိပဿနာပညာ ကင်းမဲ့နေကြတယ်။

(သလ္လေခသုတ်)

## ပီတိ ပါမောဇ္ဇဟာ နိဗ္ဗာန်မဟုတ်ပါဘဲနဲ့

ဟိုးရှေးခေတ်ကသာ မဟုတ်ဘူး၊ ယခုခေတ်မှာလည်း အယူအဆလွဲတာတွေ ရှိတာပဲ။ တစ်ခါက အမျိုးသမီးတစ်ယောက်က ဘုန်းကြီးဟောထားတဲ့ တရားစာအုပ်ထဲမှာ မှားနေတဲ့အကြောင်း ကမ္မဋ္ဌာနာစရိယ ဦးသုဇာတထံ လာလျှောက်တယ်လို့ ဆိုပါတယ်။ သူ့ဆရာက ပြောလို့နဲ့ တူပါရဲ့၊ ဒီတော့ ဦးသုဇာတက ဒီစာအုပ်ကို ယူခဲ့ပါ၊ ဘယ်နားက ဘယ်လိုမှားနေသလဲဆိုတာ ကြည့်ရအောင်လို့ ပြောလိုက်တယ်။ နောက်တစ်ရက်တော့ စာအုပ်ပါ ယူလာပြီး

တော့ ပြတယ်၊ ဘုန်းကြီး ဟောထားတာ ရေးထားတာက ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်တဲ့အခါ ပီတိပါမောဇ္ဇ ဖြစ်ပေါ်ကြောင်း၊ အဲဒီပီတိ ပါမောဇ္ဇဟာ အမြိုက်နိဗ္ဗာန်အစစ်သို့ ရောက်မည်ဖြစ်သောကြောင့် ယောဂီတို့ အမြိုက်နိဗ္ဗာန်လို့ ဆိုရကြောင်းများကို ပြတ်ပြတ် သားသား ရှင်းရှင်းလင်းလင်း ရေးထားပါတယ်။ အဲဒါဟာလည်း "အမတံ တံ ဝိဇာနတံ၊ တံ– ထိုပီတိပါမောဇ္ဇသည်၊ ဝိဇာနတံ– ရုပ်နာမ်၏ အဖြစ်အပျက်ကို သိမြင်သော ယောဂီပညာရှိတို့၏၊ အမတံ– အမြိုက်နိဗ္ဗာန်ပါပေတည်း" လို့ ဟောတော်မူတဲ့ ဓမ္မပဒပါဠိတော်ပါ ထုတ်ပြပြီးတော့ အဲဒီပါဠိ၏အဖွင့် အဋ္ဌကထာက ပြဆိုထားတဲ့အတိုင်း ပြဆိုထားတာ ပါပဲ။ အဲဒါကို "ပီတိပါမောဇ္ဇဟာ နိဗ္ဗာန်မဟုတ်ပါဘဲနဲ့ နိဗ္ဗာန်လို့ ရေးထားတယ်" ဆိုပြီး စွပ်စွဲတယ်၊ ဦးသုဇာတ က ပါဠိ အဋ္ဌကထာနှင့်အညီ ရေးထားပုံကို တစ်ပိုဒ်ချင်း စိစစ်ပြီး ဖြေရှင်းလိုက်တော့ အဲဒီအမျိုးသမီးက သူ့အယူအဆ မှားကြောင်း ဝန်ခံသွားသတဲ့။ တော်ပါသေးရဲ့၊ သာတိရဟာန်း၊ အရိဋ္ဌရဟာန်းတို့လို ဇွတ်ပေမနေလို့ သန္ဒိဋ္ဌိ ပရာမာသ ဆိုတဲ့ အယူသည်းမှု မဖြစ်ပေဘူး။

(သလ္လေခသုတ်)

## ပေါ်ရာအာရုံမှန်သမျှ လိုက်မှတ်နေရင် ဥဒ္ဓစ္စလား

တစ်ခါက စာတစ်စောင် ရောက်လာတယ်၊ ဖတ်ကြည့်လိုက်တဲ့အခါ ဘုန်းကြီးရေးတဲ့ ကမ္မဋ္ဌာန်းတရား အားထုတ်ရခြင်းအကြောင်းစာအုပ်ထဲက ဈာန်မှထပြီး ပကိဏ္ဏကသင်္ခါရတွေ ရှုပုံကို သဘောမကျလို့ အပြစ်တင်ထားတာကို တွေ့ရတယ်။ သူက "အာရုံတစ်ခုတည်း ရှုနေမှ သမာဓိဖြစ်တယ်" ဆိုတာကို လေ့နံ့စားထစ် ကိန်းသေမှတ်ထားပြီးတော့ မြင်မှု ကြားမှုအစရှိတဲ့ ပေါ်ရာ ပေါ်ရာ အာရုံတွေကို လိုက်ပြီးရှုရင် ပျံ့လွင့်မှုဥဒ္ဓစ္စ ဖြစ်တယ်"လို့ ယူဆထားတယ်။ ဒါကြောင့် ဈာန်မှထပြီး ပေါ်ရာ ပေါ်ရာတွေကို လိုက်ရှုရင် ဥဒ္ဓစ္စဖြစ်ပြီး သမာဓိ ပျက်မသွားပေဘူးလား" စသည်ဖြင့် စောဒနာထားတယ်၊ သူ့စာထဲမှာ ပြန်ကြားဖို့ လိပ်စာမပါတဲ့အတွက် ပြန်ကြားစာတော့ ပို့ခွင့်မရဘူး။ စာကတော့ အမျိုးသမီး တစ်ဦးအနေနဲ့ ရေးထားတာပဲ။ တကယ်စင်စစ်တော့ ဘယ်လိုပုဂ္ဂိုလ် ဖြစ်ကြောင်း မသိရပါဘူး။ အဲဒီမှာလည်း ဘုန်းကြီးက မူလပဏ္ဏာသ အဋ္ဌကထာ ဒွေဓာဝိတက္ကသုတ်အဖွင့် (နှာ ၃၈၇) မှ ပြဆိုချက်ကို ယူပြီး ဖော်ပြထားတာပါပဲ။

ယခု အားထုတ်နေတဲ့ ယောဂီတို့၏ ကိုယ်တွေ့နဲ့လည်း ကိုက်ညီနေပါတယ်။ သို့သော် အကျဉ်းချုပ်ရေးတဲ့ ကျမ်းငယ်ကလေးဖြစ်တဲ့အတွက် သာဓကပါဠိ ကိုတော့ အဲဒီမှာ ထုတ်ပြန်ထားခြင်း မရှိဘူး။

သမာဓိဆိုတာ ၂ မျိုး ရှိပါတယ်။ ၁။ သမထသမာဓိက တစ်မျိုး၊ ၂။ ဝိပဿနာသမာဓိက တစ်မျိုး၊ အရိယမဂ်ကိုရဖို့ အားထုတ်ရတဲ့ သမာဓိက ဒီလို ၂ မျိုးရှိပါတယ်။ အဲဒီ ၂ မျိုးထဲမှာ သမထစျာန် သမာဓိဆိုတာကတော့ တစ်ခုတည်းသော အာရုံမှာ တည်တယ်၊ ကသိုဏ်းဆိုရင် ပထဝီကသိုဏ်း အစရှိတဲ့ တစ်ခုတစ်ခုတည်းသော အာရုံကိုသာ ရှုနေမှ ဉပစာသမာဓိ၊ အပ္ပနာ သမာဓိကို ရနိုင်တယ်၊ အသုဘဆိုရင်လည်း ဥဒ္ဓုမာတက အစရှိတဲ့ တစ်ခုတစ်ခု တည်းသော အာရုံကိုသာ ရှုနေမှ အဲဒီသမာဓိ ၂ ပါးကို ရနိုင်တယ်။ ကေသာ လောမာ အစရှိတဲ့ ၃၂ ကောဋ္ဌာသကို ရှုရင်လည်း အစမှာသာ ၃၂ ပါးကို လိုက်ရှုရတယ်၊ နောက်ပိုင်းကျတော့ မထင်ရှားတွေကို နုတ်ပယ်ပြီး ထင်ရှားတာ ကိုသာ ရှုရတယ်။ နောက်ဆုံးကျတော့ ကောဋ္ဌာသ တစ်ပါးတည်းမှာသာ အဲဒီ သမာဓိ ၂ ပါးကို ရတယ်။ ဒါကြောင့် သမထသမာဓိဆိုရင် တစ်ခုတည်း သော အာရုံကိုသာ ရှုရတယ်။ အာရုံအများကိုရှုရင် သမာဓိမဖြစ်ဘူးဆိုတာ ကျိန်းသေပါပဲ။

ဝိပဿနာသမာဓိကတော့ ဒီလိုမဟုတ်ဘူး။ တချို့ ခိပ္ပါဘိညလျှင်သာ ဉာဏ်ထူးရှိတဲ့ ပုဂ္ဂိုလ်များမှာ တစ်ခုတည်းသော အာရုံကို ရှုရင်း တစ်ခဏ ကလေးအတွင်းမှာ မဂ်ဖိုလ်ရောက်သွားတာလည်း ရှိနိုင်ပါတယ်။ ဒါပေမဲ့ အဲဒီလို ပုဂ္ဂိုလ်က အလွန်နည်းလိမ့်မယ်လို့ ယူဆရပါတယ်။ ဘာကြောင့်လဲဆိုရင် အနည်းဆုံး ရုပ် နှင့် နာမ် ၂ မျိုးကိုတော့ စုံအောင် ရှုသင့်တဲ့အတွက်ကြောင့် ပါပဲ။ အများအားဖြင့်တော့ ဝိပဿနာဆိုတာ "သဗ္ဗံ အဘိညေယျံ- အလုံးစုံကို ရှေးရှုပြ၍ သိအပ်၏" စသည်ဖြင့် ဟောတော်မူခဲ့တဲ့ ဒေသနာတော်နှင့်အညီ ဒွါရ ၆ ပါးက ထင်ရှားဖြစ်ပေါ်လာတဲ့ ရုပ်နာမ်တရားတွေကို အကုန်လုံးပဲ ရှုရပါတယ်။ ဒါကြောင့် စျာန်ရပုဂ္ဂိုလ်ဆိုရင် စျာန်ကိုဝင်စားလိုက် အဲဒီစျာန်ကို ရှုလိုက်နဲ့ စျာန်တစ်လှည့် ဝိပဿနာတစ်လှည့်ရှုပြီး မဂ်ဖိုလ် ရောက်တဲ့ပုဂ္ဂိုလ်လည်း ရှိတယ်။

အဲဒီလိုမဟုတ်ဘဲ စျာန်ကိုဝင်စားပြီးတော့ ဒွါရ ၆ ပါးက ပေါ်လာတဲ့

ပက္ကိဏ္ဏကသခ်ါရတွေ လိုက်ရှုနေရတယ်၊ ကိုယ်စိတ် ပင်ပန်းလာတဲ့အခါ ဈာန်ကို ပြန်ဝင်စားရတယ်၊ ဈာန်မှ ထတဲ့အခါ ပေါ်ရာ ပေါ်ရာလိုက်ပြီး ရှုရတယ်။ ဒီနည်းဖြင့် ဝိပဿနာဉာဏ် ရင့်သန်ပြီး မဂ်ဖိုလ်ကို ရောက်တဲ့ပုဂ္ဂိုလ်လည်း ရှိတယ်၊ အဲဒီလို ရှုပုံရှုနည်းကို ခုတင်က ပြောခဲ့တဲ့ ဒွေဓာဝိတက္ကသုတ်အဖွင့် အဋ္ဌကထာ မှာ ဒီလိုပြထားပါတယ်။

ဧတ္ထာဝတာ– ဤမျှသော စကားရပ်ဖြင့်၊ ဗောဓိသတ္တဿ– ဘုရားအလောင်းတော်၏၊ သမာပတ္တိံ နိဿာယ– ဈာန်သမာပတ်ကိုမှီ၍၊ ဝိပဿနာပဋ္ဌပနကာလော– ဝိပဿနာကို ဖြစ်စေသော ကာလကို၊ ကထိတော– ဟောတော်မူအပ်၏၊ ဟိ– မှန်ပေ၏၊ ယဿ– အကြင်ပုဂ္ဂိုလ်အား၊ သမာဓိပိ တရုဏော ဝိပဿနာပိ– သမာဓိရော ဝိပဿနာရော နုသေး၏၊ တဿ– ထိုပုဂ္ဂိုလ်အား၊ ဝိပဿနံ ပဋ္ဌပေတွာ အတိစိရံ နိသိန္နဿ– ဝိပဿနာကိုဖြစ်စေ၍ အလွန်ကြာမြင့်စွာ နေလတ်သော်၊ ကာယော ကိလမတိ– ကိုယ်ပင်ပန်း၏၊ အန္တော– ကိုယ်တွင်း၌၊ အဂ္ဂိ ဝိယ ဉဋ္ဌဟတိ– မီးထတောက်သကဲ့သို့ ပူလောင်တတ်၏၊ ကစ္ဆေဟိ သေဒါ မုစ္စန္တိ– လက်ကတီးကြားတို့မှ ချွေးများ ထွက်တတ်ကုန်၏၊ မတ္ထကတော– ဦးထိပ်မှ၊ ဉသုမဝဋ္ဋိ ဝိယ ဉဋ္ဌဟတိ– အခိုးအငွေ့ ထောင်းထောင်းထသကဲ့သို့ ဖြစ်တတ်၏၊ စိတ္တံ– စိတ်သည်၊ ဟညတိ ဝိဟညတိ ဝိပ္ဖန္ဒတိ– အလွန်ပင်ပန်း တုန်လှုပ်၏။ သော– ထိုယောဂီသည်၊ ပုန သမာပတ္တိံ သမာပဇ္ဇိတွာ– တစ်ဖန် သမာပတ်ကို ဝင်စားပြီး၍၊ တံ– ကိုယ်စိတ်၏ ထိုပင်ပန်းခြင်းကို၊ ပရိဒမေတွာ– သိမ်မွေ့စေ၍၊ မုဒုကံ ကတွာ– နူးညံ့စေ၍၊ သမဿာသေတွာ၊ သက်သာရာရစေ၍၊ ပုန ဝိပဿနံ ပဋ္ဌပေတိ– တစ်ဖန် ဝိပဿနာကို ဖြစ်စေပြန်၏။ ပုန အတိစိရံ နိသိန္နဿ– တစ်ဖန် အလွန်ကြာမြင့်စွာ ထိုင်နေလတ်သော်၊ တဿ– ထိုယောဂီအား၊ တထေဝ ဟောတိ– ထို့အတူပင် ပင်ပန်းပြန်၏။ သော– ထိုယောဂီသည်၊ ပုန သမာပတ္တိံ သမာပဇ္ဇိတွာ– တစ်ဖန် သမာပတ်ကို ဝင်စား၍၊ တထေဝ ကရောတိ– ထို့အတူပင် ပြုပြင်၏၊ ဟိ– ထိုသို့ပြုသင့်သည် မှန်ပေ၏၊ သမာပတ္တိ– သမာပတ်သည်၊ ဝါ– ဈာန်ကို ဝင်စားခြင်းသည်၊ ဝိပဿနာယ– ဝိပဿနာအား၊ ဗဟူပကာရာ– ကျေးဇူးများလှ ပါပေ၏ တဲ့။

အဲဒါဟာ သမာပတ်မှထပြီး ဝိပဿနာရှုသင့်တဲ့ တရားတွေကို လိုက်ရှုပုံပါပဲ။ ဝိပဿနာဆိုတာက အများအားဖြင့် ထင်ရှားတဲ့ ရုပ်တရားတွေကစပြီး

ရှုရတယ်၊ အထူးအားဖြင့် ဓာတ်ကြီး ၄ ပါးကစပြီး ရှုရတယ်။ နောက်ပြီးတော့ ပေါ်လာတဲ့ ဝေဒနာ စိတ် သဘောတရားတို့ကိုလည်း ရှုရတယ်။ "မျက်စိကို မမြဲဟု သိ၏၊ အဆင်းတို့ကို မမြဲကုန်ဟု သိ၏။ မြင်သိမှုကို မမြဲဟု သိ၏" စသည်ဖြင့် ဟောထားတဲ့ သံယုတ်ပါဠိတော်အရဆိုရင် မြင်ခိုက်စသည်မှာ ထင်ရှားတဲ့ တရားတွေကို ရှုရကြောင်း ထင်ရှားပါတယ်။ နောက်ပြီးတော့ ဝိသုဒ္ဓိမဂ်အစရှိတဲ့ အဋ္ဌကထာတွေမှာ ဈာန်ကို မရှုဘဲ ပကိဏ္ဏကသင်္ခါရတွေကို ရှုပြီး မဂ်ဖိုလ်ရောက်ပုံတွေကို ပြဆိုထားတာတွေ ရှိပါတယ်။ အဲဒီပါဠိ အဋ္ဌကထာများနှင့်အညီ ဘုန်းကြီးက ကမ္မဋ္ဌာန်းတရား အားထုတ်ရခြင်းအကြောင်း စာအုပ်ထဲမှာ ဈာန်မှ ထပြီး ဝိပဿနာရှုပုံကို ပြထားပါတယ်။ စာပေဗဟုသုတလည်း ရှိမယ်၊ ဝိပဿနာအကြောင်းလည်း သဘောပေါက်မယ်ဆိုရင် အလွန်ရှင်းနေပါတယ်။ ယုံမှားစရာ မရှိပါဘူး။

အဲဒီလို ပကိဏ္ဏကသင်္ခါရတွေကို ဝိပဿနာရှုခိုက်မှာ ဖြစ်တဲ့ သမာဓိကတော့ ခဏိကသမာဓိလို့ ခေါ်ရပါတယ်။ ရှုခိုက် ရှုခိုက် ခဏခဏမျှသာ တည်တံ့တဲ့ သမာဓိလို့ ခေါ်ဆိုရပါတယ်။ ဝိပဿနာရှုခိုက်မှာ ဒီခဏိကသမာဓိ မပါရင် ဝိပဿနာဉာဏ်ဟာ မဖြစ်နိုင်ဘူး၊ အားကောင်းတဲ့ ဒီခဏိကသမာဓိ ပါမှ ဖြစ်နိုင်ပါတယ်။ ဈာန်အခြေခံမရှိဘဲ ဝိပဿနာသက်သက်ရှုတဲ့ သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်မှာဆိုရင် ဒီဝိပဿနာခဏိက သမာဓိဖြင့် ဝိပဿနာဉာဏ်တွေကို ဖြစ်စေပြီးတော့ အရိယမဂ်ဖိုလ်ကို ရောက်ရတယ်၊ ဒီဝိပဿနာသမာဓိဟာ အာရုံတစ်ခုတည်း ရှုရတာမဟုတ်ဘူး။ (အလုံးစုံကို ရှေးရှုပြုပြီး သိရမယ် စသည်ဖြင့် ပြထားတဲ့အတိုင်း) ထင်ရှားပေါ်လာသမျှ အာရုံတွေကို အကုန်လုံးပဲ ရှုရပါတယ်။ ဒါပေမဲ့ ရှုခိုက် ရှုခိုက်မှာ ရှုရတဲ့အာရုံနဲ့ ကပ်ခနဲ ကပ်ခနဲ တည်တည်သွားတဲ့အတွက် ပျံ့လွင့်ခြင်း မရှိဘူး၊ အဲဒါဟာ ထိထိရောက်ရောက် ဝိပဿနာအလုပ်ကို အားထုတ်ဖူးတဲ့သူတွေမှာ အလွန်ထင်ရှားနေပါတယ်။

စာဒနာကို ရေးတဲ့သူကတော့ ဒီဝိပဿနာခဏိကသမာဓိအကြောင်းကို စာတွေအားဖြင့်လည်း ကောင်းကောင်း သဘောမပေါက်တဲ့ပြင် ကိုယ်တွေ့အားဖြင့်လည်း မသိမမြင်ဖူးတဲ့အတွက် အဲဒီစာကို ရေးလိုက်တယ်လို့ ယူဆရတာပဲ။ ကြာပါပြီ၊ ဆယ်နှစ်လောက်တောင် ရှိနေပါပြီ။ သူ့လိပ်စာမသိလို့ မပြန်ကြားရဘူး၊

တော့ ပြတယ်၊ ဘုန်းကြီး ဟောထားတာ ရေးထားတာက ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်တဲ့အခါ ပီတိပါမောဇ္ဇ ဖြစ်ပေါ်ကြောင်း၊ အဲဒီပီတိ ပါမောဇ္ဇဟာ အမြိုက်နိဗ္ဗာန်အစစ်သို့ ရောက်မည်ဖြစ်သောကြောင့် ယောဂီတို့ အမြိုက်နိဗ္ဗာန်လို့ ဆိုရကြောင်းများကို ပြတ်ပြတ် သားသား ရှင်းရှင်းလင်းလင်း ရေးထားပါတယ်။ အဲဒါဟာလည်း "အမတံ တံ ဝိဇာနတံ၊ တံ– ထိုပီတိပါမောဇ္ဇသည်၊ ဝိဇာနတံ– ရုပ်နာမ်၏ အဖြစ်အပျက်ကို သိမြင်သော ယောဂီပညာရှိတို့၏၊ အမတံ– အမြိုက်နိဗ္ဗာန်ပါပေတည်း" လို့ ဟောတော်မူတဲ့ ဓမ္မပဒပါဠိတော်ပါ ထုတ်ပြပြီးတော့ အဲဒီပါဠိ၏အဖွင့် အဋ္ဌကထာက ပြဆိုထားတဲ့အတိုင်း ပြဆိုထားတာပါပဲ။ အဲဒါကို "ပီတိပါမောဇ္ဇဟာ နိဗ္ဗာန်မဟုတ်ပါဘဲနဲ့ နိဗ္ဗာန်လို့ ရေးထားတယ်" ဆိုပြီး စွပ်စွဲတယ်၊ ဦးသုဇာတ က ပါဠိ အဋ္ဌကထာနှင့်အညီ ရေးထားပုံကို တစ်ပိုဒ်ချင်း စိစစ်ပြီး ဖြေရှင်းလိုက်တော့ အဲဒီအမျိုးသမီးက သူ့အယူအဆများကြောင်း ဝန်ခံသွားသတဲ့။ တော်ပါသေးရဲ့၊ သာတိရဟန်း၊ အရိဋ္ဌရဟန်းတို့လို ဇွတ်ပေမနေလို့ သန္ဒိဋ္ဌိ ပရာမာသ ဆိုတဲ့ အယူသည်းမှု မဖြစ်ပေဘူး။

(သလ္လေခသုတ်)

## ပေါ်ရာအာရုံမှန်သမျှ လိုက်မှတ်နေရင် ဥဒ္ဓစ္စလား

တစ်ခါက စာတစ်စောင် ရောက်လာတယ်၊ ဖတ်ကြည့်လိုက်တဲ့အခါ ဘုန်းကြီးရေးတဲ့ ကမ္မဋ္ဌာန်းတရား အားထုတ်ရခြင်းအကြောင်းစာအုပ်ထဲက ဈာန်မှထပြီး ပကိဏ္ဏကသင်္ခါရတွေ ရှုပုံကို သဘောမကျလို့ အပြစ်တင်ထားတာကို တွေ့ရတယ်။ သူက "အာရုံတစ်ခုတည်း ရှုနေမှ သမာဓိဖြစ်တယ်" ဆိုတာကို လေ့နံစားထစ် ကိန်းသေမှတ်ထားပြီးတော့ မြင်မှု ကြားမှုအစရှိတဲ့ ပေါ်ရာ ပေါ်ရာ အာရုံတွေကို လိုက်ပြီးရှုရင် ပျံ့လွင့်မှုဥဒ္ဓစ္စ ဖြစ်တယ်"လို့ ယူဆထားတယ်။ ဒါကြောင့် ဈာန်မှထပြီး ပေါ်ရာ ပေါ်ရာတွေကို လိုက်ရှုရင် ဥဒ္ဓစ္စဖြစ်ပြီး သမာဓိ ပျက်မသွားပေဘူးလား" စသည်ဖြင့် စောဒနာထားတယ်၊ သူ့စာထဲမှာ ပြန်ကြားဖို့ လိပ်စာမပါတဲ့အတွက် ပြန်ကြားစာတော့ ပို့ခွင့်မရဘူး။ စာကတော့ အမျိုးသမီး တစ်ဦးအနေနဲ့ ရေးထားတာပဲ။ တကယ်စင်စစ်တော့ ဘယ်လိုပုဂ္ဂိုလ် ဖြစ်ကြောင်း မသိရပါဘူး။ အဲဒီမှာလည်း ဘုန်းကြီးက မူလပဏ္ဏာသ အဋ္ဌကထာ ဒွေဓာဝိတက္ကသုတ်အဖွင့် (နှာ ၃၈၇) မှ ပြဆိုချက်ကို ယူပြီး ဖော်ပြထားတာပါပဲ။

ယခု အားထုတ်နေတဲ့ ယောဂီတို့၏ ကိုယ်တွေ့နဲ့လည်း ကိုက်ညီနေပါတယ်။ သို့သော် အကျဉ်းချုပ်ရေးတဲ့ ကျမ်းငယ်ကလေးဖြစ်တဲ့အတွက် သာဓကပါဠိ ကိုတော့ အဲဒီမှာ ထုတ်ပြန်ထားခြင်း မရှိဘူး။

သမာဓိဆိုတာ ၂ မျိုး ရှိပါတယ်။ ၁။ သမထသမာဓိက တစ်မျိုး၊ ၂။ ဝိပဿနာသမာဓိက တစ်မျိုး၊ အရိယမဂ်ကိုရဖို့ အားထုတ်ရတဲ့ သမာဓိက ဒီလို ၂ မျိုးရှိပါတယ်။ အဲဒီ ၂ မျိုးထဲမှာ သမထစျာန် သမာဓိဆိုတာကတော့ တစ်ခုတည်းသော အာရုံမှာ တည်တယ်၊ ကသိုဏ်းဆိုရင် ပထဝီကသိုဏ်း အစရှိတဲ့ တစ်ခုတစ်ခုတည်းသော အာရုံကိုသာ ရှုနေမှ ဥပစာသမာဓိ၊ အပ္ပနာ သမာဓိကို ရနိုင်တယ်၊ အသုဘဆိုရင်လည်း ဉဒ္ဓုမာတက အစရှိတဲ့ တစ်ခုတစ်ခု တည်းသော အာရုံကိုသာ ရှုနေမှ အဲဒီသမာဓိ ၂ ပါးကို ရနိုင်တယ်။ ကေသာ လောမာ အစရှိတဲ့ ၃၂ ကောဋ္ဌာသကို ရှုရင်လည်း အစမှာသာ ၃၂ ပါးကို လိုက်ရှုရတယ်၊ နောက်ပိုင်းကျတော့ မထင်ရှားတွေကို နုတ်ပယ်ပြီး ထင်ရှားတာ ကိုသာ ရှုရတယ်။ နောက်ဆုံးကျတော့ ကောဋ္ဌာသ တစ်ပါးတည်းမှာသာ အဲဒီ သမာဓိ ၂ ပါးကို ရတယ်။ ဒါကြောင့် သမထသမာဓိဆိုရင် တစ်ခုတည်း သော အာရုံကိုသာ ရှုရတယ်။ အာရုံအများကိုရှုရင် သမာဓိမဖြစ်ဘူးဆိုတာ ကျိန်းသေပါပဲ။

ဝိပဿနာသမာဓိကတော့ ဒီလိုမဟုတ်ဘူး။ တချို့ ခိပ္ပါဘိညလျှင်သာ ဉာဏ်ထူးရှိတဲ့ ပုဂ္ဂိုလ်များမှာ တစ်ခုတည်းသော အာရုံကို ရှုရင်း တစ်ခဏ ကလေးအတွင်းမှာ မဂ်ဖိုလ်ရောက်သွားတာလည်း ရှိနိုင်ပါတယ်။ ဒါပေမဲ့ အဲဒီလို ပုဂ္ဂိုလ်က အလွန်နည်းလိမ့်မယ်လို့ ယူဆရပါတယ်။ ဘာကြောင့်လဲဆိုရင် အနည်းဆုံး ရုပ် နှင့် နာမ် ၂ မျိုးကိုတော့ စုံအောင် ရှုသင့်တဲ့အတွက်ကြောင့် ပါပဲ။ အများအားဖြင့်တော့ ဝိပဿနာဆိုတာ "သဗ္ဗံ အဘိညေယျံ– အလုံးစုံကို ရှေးရှုပြ၍ သိအပ်၏" စသည်ဖြင့် ဟောတော်မူခဲ့တဲ့ ဒေသနာတော်နှင့်အညီ ဒွါရ ၆ ပါးက ထင်ရှားဖြစ်ပေါ်လာတဲ့ ရုပ်နာမ်တရားတွေကို အကုန်လုံးပဲ ရှုရပါတယ်။ ဒါကြောင့် စျာန်ရပုဂ္ဂိုလ်ဆိုရင် စျာန်ကိုဝင်စားလိုက် အဲဒီစျာန်ကို ရှုလိုက်နဲ့ စျာန်တစ်လှည့် ဝိပဿနာတစ်လှည့်ရှုပြီး မဂ်ဖိုလ် ရောက်တဲ့ပုဂ္ဂိုလ်လည်း ရှိတယ်။

အဲဒီလိုမဟုတ်ဘဲ စျာန်ကိုဝင်စားပြီးတော့ ဒွါရ ၆ ပါးက ပေါ်လာတဲ့

ပကိဏ္ဏကသင်္ခါရတွေ လိုက်ရှုနေရတယ်၊ ကိုယ်စိတ် ပင်ပန်းလာတဲ့အခါ ဈာန်ကို ပြန်ဝင်စားရတယ်၊ ဈာန်မှ ထတဲ့အခါ ပေါ်ရာ ပေါ်ရာလိုက်ပြီး ရှုရတယ်။ ဒီနည်းဖြင့် ဝိပဿနာဉာဏ် ရင့်သန်ပြီး မဂ်ဖိုလ်ကို ရောက်တဲ့ပုဂ္ဂိုလ်လည်း ရှိတယ်၊ အဲဒီလို ရှုပုံရှုနည်းကို ခုတင်က ပြောခဲ့တဲ့ ဒွေဓာဝိတက္ကသုတ်အဖွင့် အဋ္ဌကထာ မှာ ဒီလိုပြထားပါတယ်။

တွေ့ာဝတာ– ဤမျှသော စကားရပ်ဖြင့်၊ ဗောဓိသတ္တဿ– ဘုရားအလောင်းတော်၏၊ သမာပတ္တိ နိဿာယ– ဈာန်သမာပတ်ကိုမှီ၍၊ ဝိပဿနာပဋ္ဌပနကာလော– ဝိပဿနာကို ဖြစ်စေသော ကာလကို၊ ကထိတော– ဟောတော်မူအပ်၏၊ ဟိ– မှန်ပေ၏၊ ယဿ– အကြင်ပုဂ္ဂိုလ်အား၊ သမာဓိပိ တရုဏော ဝိပဿနာပိ– သမာဓိရော ဝိပဿနာရော နုသေး၏၊ တဿ– ထိုပုဂ္ဂိုလ်အား၊ ဝိပဿနံ ပဋ္ဌပေတွာ အတိစိရံ နိသိန္နဿ– ဝိပဿနာကိုဖြစ်စေ၍ အလွန်ကြာမြင့်စွာ နေလတ်သော်၊ ကာယော ကိလမတိ– ကိုယ်ပင်ပန်း၏၊ အန္တော– ကိုယ်တွင်း၌၊ အဂ္ဂိ ဝိယ ဥဋ္ဌဟတိ– မီးထတောက်သကဲ့သို့ ပူလောင်တတ်၏၊ ကစ္ဆေဟိ သေဒါ မုစ္စန္တိ– လက်ကတီးကြားတို့မှ ချွေးများ ထွက်တတ်ကုန်၏၊ မတ္ထကတော– ဦးထိပ်မှ၊ ဥသုမဝဋ္ဋိ ဝိယ ဥဋ္ဌဟတိ– အခိုးအငွေ့ ထောင်းထောင်းထသကဲ့သို့ ဖြစ်တတ်၏၊ စိတ္တံ– စိတ်သည်၊ ဟညတိ ဝိဟညတိ ဝိပ္ဖန္ဒတိ– အလွန်ပင်ပန်း တုန်လှုပ်၏။ သော– ထိုယောဂီသည်၊ ပုန သမာပတ္တိံ သမာပဇ္ဇိတွာ– တစ်ဖန် သမာပတ်ကို ဝင်စားပြီး၍၊ တံ– ကိုယ်စိတ်၏ ထိုပင်ပန်းခြင်းကို၊ ပရိဒမေတွာ– သိမ်မွေ့စေ၍၊ မုဒုကံ ကတွာ– နူးညံ့စေ၍၊ သမဿာသေတွာ၊ သက်သာရာရစေ၍၊ ပုန ဝိပဿနံ ပဋ္ဌပေတိ– တစ်ဖန် ဝိပဿနာကို ဖြစ်စေပြန်၏။ ပုန အတိစိရံ နိသိန္နဿ– တစ်ဖန် အလွန်ကြာမြင့်စွာ ထိုင်နေလတ်သော်၊ တဿ– ထိုယောဂီအား၊ တထေဝ ဟောတိ– ထို့အတူပင် ပင်ပန်းပြန်၏။ သော– ထိုယောဂီသည်၊ ပုန သမာပတ္တိံ သမာပဇ္ဇိတွာ– တစ်ဖန် သမာပတ်ကို ဝင်စား၍၊ တထေဝ ကရောတိ– ထို့အတူပင် ပြုပြင်၏၊ ဟိ– ထိုသို့ပြုသင့်သည် မှန်ပေ၏၊ သမာပတ္တိ– သမာပတ်သည်၊ ဝါ– ဈာန်ကို ဝင်စားခြင်းသည်၊ ဝိပဿနာယ– ဝိပဿနာအား၊ ဗဟူပကာရာ– ကျေးဇူးများလှ ပါပေ၏ တဲ့။

အဲဒါဟာ သမာပတ်မှထပြီး ဝိပဿနာရှုသင့်တဲ့ တရားတွေကို လိုက်ရှုပုံပါပဲ။ ဝိပဿနာဆိုတာက အများအားဖြင့် ထင်ရှားတဲ့ ရုပ်တရားတွေကစပြီး

ရှုရတယ်၊ အထူးအားဖြင့် ခတ်ကြီး ၄ ပါးကစပြီး ရှုရတယ်။ နောက်ပြီးတော့ ပေါ်လာတဲ့ ဝေဒနာ စိတ် သဘောတရားတို့ကိုလည်း ရှုရတယ်။ "မျက်စိကို မမြဲဟု သိ၏၊ အဆင်းတို့ကို မမြဲကုန်ဟု သိ၏။ မြင်သိမှုကို မမြဲဟု သိ၏" စသည်ဖြင့် ဟောထားတဲ့ သံယုတ်ပါဠိတော်အရဆိုရင် မြင်ခိုက်စသည်မှာ ထင်ရှားတဲ့ တရားတွေကို ရှုရကြောင်း ထင်ရှားပါတယ်။ နောက်ပြီးတော့ ဝိသုဒ္ဓိမဂ်အစရှိတဲ့ အဋ္ဌကထာတွေမှာ ဈာန်ကို မရှုဘဲ ပကိဏ္ဏကသင်္ခါရတွေကို ရှုပြီး မဂ်ဖိုလ်ရောက်ပုံတွေကို ပြဆိုထားတာတွေ ရှိပါတယ်။ အဲဒီပါဠိ အဋ္ဌကထာများနှင့်အညီ ဘုန်းကြီးက ကမ္မဋ္ဌာန်းတရား အားထုတ်ရခြင်းအကြောင်း စာအုပ်ထဲမှာ ဈာန်မှ ထပြီး ဝိပဿနာရှုပုံကို ပြထားပါတယ်။ စာပေဗဟုသုတ လည်း ရှိမယ်၊ ဝိပဿနာအကြောင်းလည်း သဘောပေါက်မယ်ဆိုရင် အလွန် ရှင်းနေပါတယ်။ ယုံမှားစရာ မရှိပါဘူး။

အဲဒီလို ပကိဏ္ဏကသင်္ခါရတွေကို ဝိပဿနာရှုခိုက်မှာ ဖြစ်တဲ့ သမာဓိ ကတော့ ခဏိကသမာဓိလို့ ခေါ်ရပါတယ်။ ရှုခိုက် ရှုခိုက် ခဏခဏမျှသာ တည်တံ့တဲ့ သမာဓိလို့ ခေါ်ဆိုရပါတယ်။ ဝိပဿနာရှုခိုက်မှာ ဒီခဏိကသမာဓိ မပါရင် ဝိပဿနာဉာဏ်ဟာ မဖြစ်နိုင်ဘူး၊ အားကောင်းတဲ့ ဒီခဏိကသမာဓိ ပါမှ ဖြစ်နိုင်ပါတယ်။ ဈာန်အခြေခံမရှိဘဲ ဝိပဿနာသက်သက်ရှုတဲ့ သုဒ္ဓ ဝိပဿနာယာနိကပုဂ္ဂိုလ်မှာဆိုရင် ဒီဝိပဿနာခဏိက သမာဓိဖြင့် ဝိပဿနာ ဉာဏ်တွေကို ဖြစ်စေပြီးတော့ အရိယမဂ်ဖိုလ်ကို ရောက်ရတယ်၊ ဒီဝိပဿနာ သမာဓိဟာ အာရုံတစ်ခုတည်း ရှုရတာမဟုတ်ဘူး။ (အလုံးစုံကို ရှေးရှုပြုပြီး သိရမယ် စသည်ဖြင့် ပြထားတဲ့အတိုင်း) ထင်ရှားပေါ်လာသမျှ အာရုံတွေကို အကုန်လုံးပဲ ရှုရပါတယ်။ ဒါပေမဲ့ ရှုခိုက် ရှုခိုက်မှာ ရှုရတဲ့အာရုံနဲ့ ကပ်ခနဲ ကပ်ခနဲ တည်တည်သွားတဲ့အတွက် ပျံ့လွင့်ခြင်း မရှိဘူး၊ အဲဒါဟာ ထိထိ ရောက်ရောက် ဝိပဿနာအလုပ်ကို အားထုတ်ဖူးတဲ့သူတွေမှာ အလွန်ထင်ရှား နေပါတယ်။

စာဒနာကို ရေးတဲ့သူကတော့ ဒီဝိပဿနာခဏိကသမာဓိအကြောင်းကို စာတွေအားဖြင့်လည်း ကောင်းကောင်း သဘောမပေါက်တဲ့ပြင် ကိုယ်တွေ့အားဖြင့် လည်း မသိမမြင်ဖူးတဲ့အတွက် အဲဒီစာကို ရေးလိုက်တယ်လို့ ယူဆရတာပဲ။ ကြာပါပြီ၊ ဆယ်နှစ်လောက်တောင် ရှိနေပါပြီ။ သူ့လိပ်စာမသိလို့ မပြန်ကြားရဘူး၊

ယခုအထိ အဲဒီအတိုင်းပဲ အယူသည်းတုန်းပဲလား၊ မပြောတတ်ပါဘူး၊ အဲဒီအတိုင်းသာ အယူသည်းနေရင်တော့ မင်္ဂလာရာယ် ဖြစ်စရာအကြောင်း ရှိနေတာပဲ။

(သလ္လေခသုတ်)

## သဘာဝကျတဲ့ အသံထွက်

"ဗြဟ္မ" ဆိုတဲ့ပုဒ်ကို ပါဠိအသံထွက် အချိုးကျကျရွတ်ရင် ဗ်ရ(ဟ်)မ လို့ ရွတ်ရတယ်၊ ဒါပေမဲ့ မြန်မာအသံထွက်ကတော့ လျှာလိပ် ရ် သံ ဟ် သံများ မပါဘဲ ဗျမ လို့သာ ရွတ်ဆိုလေ့ရှိကြပါတယ်။ မြန်မာပြည်မှာလည်း ရခိုင်ပြည်နယ်က လူတွေရဲ့ အသံထွက်ကတော့ အဲဒီ ရကောက်သံပါ ရွတ်ဆိုကြတာပါပဲ။ ဗ်ရ(ဟ်)မ လို့ ရွတ်ဆိုတဲ့ ပါဠိအသံထွက်ဟာ သဘာဝကျတဲ့ အသံထွက်ပါပဲ။ ဒါပေမဲ့ မြန်မာလူထုထဲမှာ အဲဒီလို ပြင်ရွတ်ရင် အများအားဖြင့် နားလည်ကြမှာ မဟုတ်ဘူး၊ အဆန်းထွင်တယ်လို့လည်း ထင်ချင်ထင်ကြဦးမယ်။ ဒါကြောင့် အများရွတ်ဆိုလေ့ရှိတဲ့အတိုင်းပဲ ဘုန်းကြီးက (ဗျမ လို့အသံထွက်) ရွတ်ဆိုပါတယ်။

(ဗြဟ္မဝိဟာရတရားတော်)

## အထက် အောက်အရပ်ရှိ သတ္တဝါတို့ကို မေတ္တာပို့ရာဝယ်

အောက်အရပ်၌ အရိယာများ နတ်များ လူများ အဘယ်သို့ ရှိသင့်ပါသနည်း ဟူ၍လည်းကောင်း၊ ထို့အတူပင် အထက်အရပ်၌ လူများ အပါယ်သတ္တဝါများ အဘယ်သို့ရှိသင့်ပါသနည်း ဟူ၍လည်းကောင်း မေးဖွယ်ရှိပါသည်။ ယင်းအမေးကို အောက်ပါအတိုင်း ဖြေရှင်းသင့်ပါသည်။

မေတ္တာပို့နေသူက အိမ် ကျောင်း စသည်တို့၏ အထက်ထပ်၌နေလျက် မေတ္တာပွားနေလျှင် အောက်ထပ်များ၌လည်းကောင်း၊ အောက်ထပ်များနှင့် ညီမျှသော ဌာနများ၌လည်းကောင်း အရိယာများ နတ်များ လူများ ရှိနိုင်ပါသည်။ တောင်ပေါ်စသော အမြင့်၌နေလျက် မေတ္တာပွားနေလျှင် တောင်အောက်စသော အနိမ့်အရပ် အောက်အရပ်များ၌ အရိယာများ နတ်များ လူများ ရှိနိုင်ပါသည်။ အနိမ့်ဆုံး မြေပြင်၌နေလျက် မေတ္တာပွားနေလျှင် ထို့ထက်နိမ့်သော ပင်လယ်ရေပြင်၌ လူများ နတ်များ အရိယာနတ်များ ရှိနိုင်ပါသည်။ ယင်းပင်လယ်ရေပြင်

ထဲ၌လည်း အကြောင်းအားလျော်စွာ တစ်ရံတစ်ခါ၌ နတ်များ အရိယာနတ်များ ရှိနိုင်ပါသည်။ ဤအရာ၌ အရှင်ဥပဂုတ် ပင်လယ်ရေထဲ၌ သီတင်းသုံးနေသည် ဟူသော အချို့ပုဂ္ဂိုလ်များ၏ ယုံကြည်ချက်ကိုလည်း သတိပြုသင့်ပါသည်။

ထို့အတူ မြေပြင်၌တည်လျက် မေတ္တာပွားနေရလျှင် ထို့ထက်မြင့်သော ကုန်းပြင်၌လည်းကောင်း၊ တောင်ပေါ်အရပ်တို့၌လည်းကောင်း၊ အိမ် ကျောင်း တို့၏ အထက်တို့၌လည်းကောင်း လူလည်းရှိနိုင်ပါသည်။ ပိုးကောင် ငှက် စသော တိရစ္ဆာန်များလည်း ရှိနိုင်ပါသည်။ စတုတ္ထပါရာဇိကသိက္ခာပုဒ် ဝိနီတဝတ္ထု အခန်း၌လည်းကောင်း၊ နိဒါနဝဂ္ဂ လက္ခဏသံယုတ်ပါဠိတော်၌ လည်းကောင်း အလွန်နာကျင်သောကြောင့် ငိုကြွေးမြည်တမ်းလျက် ကောင်းကင်၌ ပြေးသွားနေ ကြရသော ပြိတ္တာများရှိကြောင်း ပြဆိုချက်များ ရှိပါသည်။ ယင်းသည် အထက် အရပ်၌ အပါယ်သတ္တဝါများရှိကြောင်း ခိုင်လုံသော သာဓက ဖြစ်ပါသည်။ ပိုးမွှားတိရစ္ဆာန်များ၊ ငှက်တိရစ္ဆာန်များ အထက်အရပ်၌ ရှိကြကြောင်းကိုမူ ပကတိ မျက်စိဖြင့်ပင် မြင်သိနိုင်ပါသည်။

(ဗြဟ္မဝိဟာရ)

## ထူးခြားတဲ့ ဘာဝနာမို့

သုပ္ပဖုဋ္ဌံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။

ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ဗုဒ္ဓဂတာ သတိ– အစရှိတဲ့ဓမ္မပဒ ဂါထာများအရဆိုရင်တော့ ဗုဒ္ဓါနုဿတိ စသော ဘာဝနာများကို လေ့လာပွားများ နေတဲ့သူမှာလည်း ချမ်းသာစွာ နိုးရခြင်း၊ ချမ်းသာစွာ အိပ်ရခြင်းစသော ဒီလိုအကျိုး များကို ရနိုင်တယ်လို့ ဆိုရမှာပဲ။ ဒါပေမဲ့ ဒီမေတ္တာဘာဝနာကတော့ ဒီအကျိုး များကို ရစေရာမှာ ထူးခြားတဲ့ ဘာဝနာဖြစ်သောကြောင့် ဒီလို အထူးပြုပြီး ဟောထားတယ်လို့ မှတ်ယူကြရမယ်။

(ဗြဟ္မဝိဟာရ)

## မြေကြီးက ရွှေသီးသည့်ကိစ္စ

တစ်နေ့သောအခါ နိရောဓသမာပတ်မှ ထလာတဲ့ အရှင်သာရိပုတ္တရာ မထေရ်မြတ်အား မောင်ပုဏ္ဏက တံပူနဲ့ မျက်နှာသစ်ရေကို လှူတယ်၊ သူ့ဇနီး

ကလည်း အဲဒီနေ့မှာ သူ ယာထွန်နေရာကို ထမင်းလာပို့ရင်း အရှင်သာရိပုတ္တရာကို တွေ့ရတာနဲ့ သဒ္ဓါတရားထက်သန်စွာဖြစ်ပြီးတော့ သူ့ခင်ပွန်းအတွက် ထမင်းကို လှူလိုက်တယ်။ အဲဒီကောင်းမှုများကြောင့် မောင်ပုဏ္ဏ ထွန်ထားတဲ့ မြေကွက် တစ်ခုလုံး ရွှေတွေဖြစ်နေတယ်လို့ ဆိုပါတယ်။ ယခုနေအခါမှာတော့ ယုံချင်မှ ယုံကြမယ်၊ ဒါပေမဲ့ ဟိုတုန်းက ပုဂ္ဂိုလ်ထူးတွေကို အမှီပြုပြီး ကုသိုလ်အထူးက အကျိုးထူးတွေ ပေးတာဟာ ယခုခေတ်မှာ ရှေးက မဖြစ်စဖူး အထူးဖြစ်ပေါ်လာတဲ့ စက်ပစ္စည်း၊ ဓာတ်ပစ္စည်းများနှင့် နှိုင်းစာကြည့်ရင် ယုံကြည်နိုင်စရာ ရှိပါတယ်။ ယခုခေတ်မှာ ရှေးကလူတွေ မယုံကြည်နိုင်လောက်အောင် အထူးတွေ ပေါ်လာသလိုပဲ ရှေးခေတ်ကလည်း ယခုခေတ်လူတွေ မယုံကြည်နိုင်လောက်အောင် အထူးအဆန်းတွေ ပေါ်ခဲ့တယ်လို့ အသင့်အတင့် နှလုံးသွင်း ယုံကြည်ဖွယ် ရှိပါတယ်။

(ဗြဟ္မဝိဟာရ)

## ကုလေသွ နန္ဒိဂ္ဃေါ်၌ ကုလအရ အယူအဆ

နောက်တစ်ပုဒ်ကတော့ ကုလေသု– အမျိုးတို့၌၊ ကုလကို အမျိုးလို့ မြန်မာပြန်လေ့ရှိတဲ့အတိုင်း အမျိုးတို့၌လို့ အနက်ပြန်ပြရပါတယ်။ ဒါပေမဲ့ ဒီ (အမျိုး) ကုလဆိုတာကတော့ ဆွေမျိုးကို ဆိုတာလည်းမဟုတ်၊ လူမျိုးကို ဆိုတာလည်း မဟုတ်၊ အမှန်ဆိုလိုတာကတော့ အိမ်ထောင်စုကို ဆိုလိုတာပါပဲ။ ဒါကြောင့် "ကုလေသု– အိမ်ထောင်စုတို့၌" လို့ အနက်ပြန်ရမလို ဖြစ်နေတယ်။ ဒါပေမဲ့ ရဟန်းနဲ့ဆက်စပ်ကြည့်တဲ့အခါကျတော့ တယ်မပေါ်လွင်ဘူး။ ဒါကြောင့် "ကုလေသ– အိမ်ထောင်စု ဒကာ ဒကာမတို့၌" လို့ ပြန်တာက ပိုပြီးပေါ်လွင်ပါတယ်။ ကုလေသု– အိမ်ထောင်စု ဒကာ ဒကာမတို့၌၊ အနန္ဒိဂ္ဃေါ စ– မက်မောတွယ်တာခြင်း ကင်းသည်လည်း၊ အဿ– ဖြစ်ရ၏ တဲ့။

(ဗြဟ္မဝိဟာရ)

## ပိုကောင်းမှာ

န စ ခုဒ္ဒမာစရေ ကိဉ္စိ၊ ယေန ဝိညူ ပရေ ဥပဝဒေယျုံ၊
သုခိနောဝ ခေမိနော ဟောန္တု၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

ဂါထာပါဠိမှာ ဆန်းဂိုဏ်းကို ငဲ့ပြီး (ဝါ) ကို (ဝ) လို့ ရဿနှင့် ဆိုထား ပါတယ်။ (စ) လို့ ရှိရင် ပိုပြီးကောင်းမှာပါပဲ။ ဒါပေမဲ့ အများစာမူအတိုင်း (ဝါ)အစား (ဝ) လို့ ဟောထားတယ်လို့ ယူရတာပါပဲ။

(ဗြဟ္မဝိဟာရ)

## မေတ္တာစိတ်ဖြစ်ဖို့သာ လိုရင်း

ချစ်တဲ့သူရယ်၊ မချစ်မမုန်း အလယ်အလတ်လူရယ်၊ ရန်သူရယ်၊ မိမိ ရယ် ဒီလေးယောက် အတူနေကြရာမှာ လူဆိုး ဓားပြတွေက ယဇ်ပူဇော်ဖို့ လူတစ်ယောက်ကို တောင်းလာရင် ဘယ်သူ့ကိုမျှ မပေးရက်ဘဲ ရှိရမယ်တဲ့။ မိမိကိုယ်ကို ပေးလိုက်ရင်တောင် သီမာသမ္ဘေဒ မဖြစ်သေးဘူးတဲ့။ ယခု ဒီမေတ္တာ သုတ်မှာတော့ သားကို စောင့်ရှောက်တဲ့ မိခင်လိုပင် အသက်ကိုတောင် စွန့်နိုင် သည်အထိ သူတစ်ပါးအား ချမ်းသာစေလိုစိတ် ရှိရမယ်လို့ ဆိုရာရောက်ပါတယ်။ အဲဒီအဋ္ဌကထာစကားနှင့် ပါဠိတော်ကို ဘယ်လို နှီးနှော ယူရမလဲဆိုရင် ဒီ ပါဠိတော်မှာက အသက်ကိုစွန့်ဖို့ ပြလိုရင်း မဟုတ်ဘူး။ အသက်ကိုစွန့်ပြီး သားငယ်ကို စောင့်ရှောက်တဲ့မိခင်လိုပင် သတ္တဝါတို့အပေါ်မှာ ချမ်းသာစေလိုတဲ့ မေတ္တာစိတ် လေးလေးနက်နက် ဖြစ်ဖို့ရာလောက်သာ ပြတယ်၊ အမှန်ကတော့ အဋ္ဌကထာ ပြဆိုထားတဲ့အတိုင်း အခြားသတ္တဝါများအပေါ် မိမိနှင့် တန်းတူညီမျှတဲ့ မေတ္တာစိတ်ဖြစ်ဖို့ကသာ လိုရင်းဖြစ်တယ်လို့ မှတ်ယူသင့်ပါ တယ်။ ဒါကြောင့် မေတ္တာပွားပုံကို ပြတဲ့ ပါဠိတော်များစွာတို့မှာ သဗ္ဗသတ္တတာယ-သတ္တဝါအားလုံးတို့အပေါ် မိမိနှင့် တူညီသည်၏အဖြစ်ဖြင့် မေတ္တာပွားရန် ညွှန်ပြထားတာပါပဲ။ မိမိကိုယ်ထက် ပိုပြီးတော့ ချစ်ရမယ်လို့တော့ ညွှန်ပြတာ မရှိပါဘူး။

(ဗြဟ္မဝိဟာရ)

## ပွားနေဆဲအချိန်အရ

"အထက် ဘဝဂ်၊ အောက် အဝီစိ" ဆိုတဲ့စကားရပ်ကတော့ မြေကြီး ကို အပြားအနေဖြင့် ယူဆပြီး ဆိုထားတဲ့စကားပါပဲ။ ယခုခေတ် အများစု၏ အယူအဆအရ ကမ္ဘာမြေကြီးကို အလုံးဟူ၍လည်းကောင်း၊ ချာချာလည်နေ

သည်ဟူ၍လည်းကောင်း ပြောဆိုနေကြတဲ့ အလိုအားဖြင့် မေတ္တာပွားနေဆဲအချိန်မှာ ကျရောက်တိုက်ဆိုင်တဲ့ အထက်အရပ် အောက်အရပ်တို့ကို ယူရုံပါပဲ။

(ဗြဟ္မဝိဟာရ)

## တစ်ပါးသော လောကကို တွေ့မြင်နိုင်တဲ့နည်း

အဘိညာဉ်တွေထဲမှာ ဒိဗ္ဗစက္ခုအဘိညာဉ်ဆိုတာ ရှိတယ်၊ အဲဒီအဘိညာဉ်ကို ရရင်တော့ ပေးလှူတဲ့ပုဂ္ဂိုလ်တွေ နတ်ပြည်ရောက်ပြီး ချမ်းသာနေကြတာကို ထောင်သောင်းများစွာ တွေ့နိုင်ပါတယ်။ ပေးလှူခြင်းမရှိဘဲ အကုသိုလ်များတဲ့သူတွေ ငရဲဘုံ၊ ပြိတ္တာဘုံတွေ ရောက်ပြီး အတိဒုက္ခရောက်နေတာကိုလည်း ထောင်သောင်းများစွာ တွေ့မြင်နိုင်ပါတယ်။ အဲဒီလို အဘိညာဉ်ကို မရသေးဘဲနဲ့တောင်မှ တချို့ယောဂီတွေဟာ သမာဓိအစွမ်းဖြင့် ကုသိုလ်ကံကြောင့် နတ်ပြည်ရောက်နေတဲ့သူတွေ၊ အကုသိုလ်ကံကြောင့် ငရဲဘုံ ပြိတ္တာဘုံ ရောက်နေတဲ့သူတွေကို တွေ့မြင်နိုင်ပါသေးတယ်။ အဲဒီလိုတွေ့တာတွေက တကယ်ဟုတ်ပါ့မလား၊ စိတ်ကူး တွေများ မဖြစ်ပေဘူးလားလို့ မေးစရာရှိပါတယ်။ တစ်ဦးသောပုဂ္ဂိုလ်က တွေ့မြင်ပြီး ပြောပြထားတဲ့အတိုင်း နောက်တစ်ဦးနှစ်ဦးစသည်က မကြားဖူးဘဲနဲ့ ထပ်တူထပ်မျှ တွေ့မြင်ပြီး ပြောတယ်ဆိုရင် အစစ်အမှန်ပဲလို့ ယုံကြည်ဆုံးဖြတ်ဖို့ ရှိပါတယ်။

နတ်တို့ ဗြဟ္မာတို့ ငရဲသတ္တဝါတို့ ပြိတ္တာတို့ဆိုတာတွေဟာ မျက်မြင်အားဖြင့် မတွေ့ရတဲ့အတွက် မရှိဘူးလို့ ဆိုလိုပါတယ်။ အဲဒါကတော့ တော်တော်ကို ယုတ္တိမတန်တဲ့ ဝါဒပါပဲ။ ဘာကြောင့်လဲဆိုရင် အရပ်အရပ်အနယ်နယ်မှာ နတ်ဆိုးတွေ နတ်ကောင်းတွေဆိုတာ မကြာခဏ တွေ့နေကြတာပဲ။ ရက္ခစိုးတွေဆိုတာလည်း တွေ့ရတတ်တယ်။ သစ်ပင်ကို ဖျက်ဆီးလို့ ချက်ချင်း ဒုက္ခရောက်သွားကြရတဲ့ လူတွေလည်း ရှိကြတယ်၊ ဥစ္စာစောင့်တွေဆိုတာလည်း တစ်ခါတစ်ရံ တွေ့ရတတ်တယ်။ နောက်ပြီးတော့ မှော်ဆရာတွေရဲ့အစွမ်းကိုလည်း တွေ့တန်သမျှ တွေ့ကြရတာပဲ။ အဲဒီလို တွေ့ကြရတဲ့အတွက် နတ် ဗြဟ္မာစသည်တွေ မရှိဘူးဆိုတာကတော့ ယုတ္တိမတန်ပါဘူး။ တရားအားထုတ်တဲ့သူတွေမှာတော့ သမာဓိ၏အစွမ်းဖြင့် အဲဒီနတ်တွေ ဗြဟ္မာတွေ ငရဲသတ္တဝါတွေ ပြိတ္တာတွေဆိုတာကို မျက်မှောက်ပဲ တွေ့မြင်ရပါတယ်။ ဒါကြောင့်လည်း ယုတ္တိမတန်ဘူးလို့ ဆိုပါတယ်။

နတ်လောက တိရစ္ဆာန်လောကအစရှိတဲ့ တစ်ပါးသော လောကမှ သတ္တဝါတွေဟာ လူဖြစ်ဖို့ ကုသိုလ်ကံရှိလျှင် အဲဒီလောကမှာ ဖြစ်နိုင်ပါတယ်။ လူ့ပြည်လောကမှ သေပြီးလျှင်လည်း အဲဒီတစ်ပါးသောလောကတွေမှာ ကံအား လျော်စွာ ဖြစ်နိုင်တယ်။ ဒီလိုဖြစ်ပုံကို သက်သေအထောက်အထားနဲ့ ပြနိုင်ပါရဲ့ လားဆိုလျှင် ပြတန်သလောက်တော့ ပြနိုင်ပါတယ်၊ ပြတဲ့သူက ပြပေမယ့် ကြည့်တဲ့သူမှာ ဉာဏ်မျက်စိရှိဖို့လည်း လိုပါတယ်။ ဥပမာ ဇာတ်ပွဲ ရုပ်ရှင်ပွဲ တွေ ပြရာမှာ မျက်စိရှိတဲ့သူတွေမှသာ မြင်နိုင်သလိုပါပဲ။ ဘယ်လို မျက်စိရှိရ မှာလဲဆိုရင် အဘိညာဉ်မျက်စိ အနုမာနဉာဏ်မျက်စိဆိုတဲ့ ဒီလိုမျက်စိ ရှိဖို့ လိုပါတယ်။

သမထစျာန်လမ်းက အားထုတ်လျှင် ရှေးဘဝကို သိနိုင်တဲ့ ပုဗ္ဗေနိဝါသ အဘိညာဉ်တွေလည်း ရနိုင်တယ်၊ အဆင်းရူပါရုံဟူသမျှနှင့်တကွ ဘဝဟောင်းမှ သေပြီး ဘဝသစ်မှာ ဖြစ်ပုံတွေကို မြင်နိုင်တဲ့ ဒိဗ္ဗစက္ခုအဘိညာဉ်ကိုလည်း ရနိုင်တယ်။ အဲဒီ အဘိညာဉ်မျက်စိတွေကိုရအောင် အားထုတ်ဖို့ လိုပါတယ်။ အဲဒီအဘိညာဉ်မျက်စိတွေ ရှိနေရင်တော့ ဘဝဟောင်းမှ ဘဝသစ်၌ ဖြစ်နေတာ တွေကို ကိုယ်တိုင် မျက်မှောက်တွေ့မြင်နိုင်ပါတယ်။ နောက်ပြီးတော့ ဝိပဿနာ လမ်းက အားထုတ်ရင်လည်း သမာဓိ အတော်အတန်ကောင်းတဲ့အခါ အချို့ ပုဂ္ဂိုလ်မှာ ဒီလိုအဘိညာဉ်အမြင်မျိုးကို ရတတ်ပါတယ်။ အဲဒီလို မမြင်တောင်မှ ဘဝဟောင်းက သေပြီး ဘဝသစ်ဖြစ်ပုံကိုတော့ သဘောပေါက်နိုင်ပါတယ်။

အဲဒီလို အားမထုတ်နိုင်ရင်တော့ အနုမာနဉာဏ်နဲ့ ပြည့်စုံဖို့ လိုပါတယ်။ ဘဝဟောင်းက အဖြစ်အပျက်တွေကို အောက်မေ့နိုင်တဲ့သူတွေဟာ ဟိုအရပ် ဒီအရပ်မှာ အနည်းငယ်စီတော့ ရှိတတ်ပါတယ်။ ဒီလိုလူကို ဗုဒ္ဓစာပေထဲမှာ ဇာတိဿရဉာဏ်ရှိတဲ့သူလို့ ဆိုပါတယ်။ ဘဝဟောင်းကို အောက်မေ့နိုင်တဲ့သူလို့ ဆိုလိုပါတယ်။ မြန်မာတွေကတော့ အဲဒီလိုလူကို လူဝင်စားလို့ ခေါ်ပါတယ်။ အဲဒီလို ဘဝဟောင်းကို အမှတ်ရနိုင်တဲ့သူတွေထဲမှာ တချို့က ရှေးဘဝက လူဖြစ်ခဲ့ပုံများကို ပြောကြတယ်၊ တချို့က နတ်တို့ တစ္ဆေတို့ ဖြစ်ခဲ့ပုံတွေကို ပြောကြတယ်၊ တချို့က နွားဖြစ်ခဲ့ပုံ၊ ခွေးဖြစ်ခဲ့ပုံ၊ ဝက်ဖြစ်ခဲ့ပုံ၊ မျောက် ဖြစ်ခဲ့ ပုံတွေကို ပြောကြတယ်။ တချို့ကတော့ လူ့ဘဝမှ နတ်တို့ တစ္ဆေတို့ဖြစ်ပြီး လူပြန်ဖြစ်လာပုံကိုလည်း ပြောကြတယ်။ အဲဒါတွေကို ထောက်ဆပြီးတော့ ဤလောကမှ တစ်ပါးသောလောက၌ ဖြစ်တာလည်း ရှိပါတယ်။ အပြည့်အစုံ

ကိုယ်ထင်ရှားဖြစ်တဲ့ ဥပပါတ်သတ္တဝါတွေလည်း ရှိတယ်ဆိုတာ အနုမာန ဉာဏ်ဖြင့် မှန်းဆပြီး ယုံကြည်ဆုံးဖြတ်နိုင်ပါတယ်။ ဒီလိုမှန်းဆနိုင်တဲ့ အနုမာန ဉာဏ်တောင်မှ မရှိသူကိုတော့ ဒီအချက်ကို သဘောကျအောင် ပြောပြဖို့ ခက်ပါတယ်။

(ပဋိစ္စသမုပ္ပါဒ်)

## မုချကိန်းသေ ဆင်ခြင်ပုံ

ဒီနေရာမှာ မလွဲနိုင်တဲ့ မုချကိန်းသေ ဆင်ခြင်ပုံဖြစ်လို့ အပဏ္ဏကပဋိပဒါ ခေါ်တဲ့ ပညာရှိတို့၏ စူးစမ်းဆင်ခြင်ပုံကို ပြောပြချင်သေးတယ်။ အဲဒါက ဘယ်လိုလဲဆိုရင် လူတစ်ယောက်က ကံ ကံ၏အကျိုး မရှိဘူး၊ တမလွန်လောက မရှိဘူးလို့ ယူတယ်၊ တခြားလူတစ်ယောက်က ရှိတယ်လို့ ယူတယ်၊ ဒီလူ ၂ ယောက်ထဲက ပထမလူဟာ ဒါန သီလ အစရှိသော ကောင်းမှုကိုလည်း မပြု ပေဘူး၊ ခိုးမှု သတ်မှု လုယက်မှုစသော မကောင်းမှုကိုလည်း မရှောင်ပေဘူး၊ အခွင့်သာလျှင် စိတ်အလိုအတိုင်း သူလုပ်ချင်တာတွေကို လျှောက်လုပ်လိမ့်မယ်၊ ဒါကြောင့် သူ့မှာ မျက်မှောက်ဘဝတွင်လည်း ချီးမွမ်းဖွယ် ကြည်ညိုဖွယ်ဂုဏ် မရှိဘူး၊ ကိုယ့်ဟာကိုယ် ဝမ်းမြောက်ဖွယ်ဂုဏ်လည်း မရှိဘူး။ အကယ်၍ သူ ယူတဲ့အတိုင်းမဟုတ်ပါဘဲ ကံ ကံ၏အကျိုးကလည်း ရှိနေမယ်၊ တမလွန်လောက ကလည်း ရှိနေမယ်ဆိုရင်တော့ အဲဒီလူဟာ သေသည်နှင့်တစ်ပြိုင်နက် မီးပုံ ကြီးထဲ ခုန်ချလိုက်ရသလို ငရဲ တိရစ္ဆာန် အသုရကာယ်ဆိုတဲ့ အပါယ်ဘုံတွေကို ရောက်သွားမယ်၊ သူ့မှာ ကုသိုလ်အထောက်အပံ့က ဘာမျှမရှိတဲ့အတွက် ဘာမျှ ဆောက်တည်ရာမရဘဲ အပါယ်သံသရာမှာ ဘဝပေါင်းများစွာ အတိဒုက္ခရောက် သွားရပေလိမ့်မယ်။

ကံ ကံ၏အကျိုးကလည်း ရှိတယ်၊ တမလွန်လောကလည်း ရှိတယ်လို့ ယူတဲ့ ဒုတိယလူကတော့ ညှဉ်းဆဲသတ်ဖြတ်ခြင်း၊ လုယက်ခိုးယူခြင်းစသော မကောင်းမှုမှလည်း ကြဉ်ရှောင်လိမ့်မယ်၊ ဒါန သီလအစရှိသော ကောင်းမှုတွေကို လည်း စွမ်းနိုင်သမျှ ပြုလိမ့်မယ်၊ ဒါကြောင့် ကံ ကံ၏အကျိုးရှိစေကာမူ သူဟာ မျက်မှောက်ဘဝမှာတော့ သူတော်ကောင်းအဖြစ်ဖြင့် အချီးမွမ်းခံရမယ်၊ ကောင်းတဲ့ဂုဏ်သတင်းလည်း ကျော်စောမယ်၊ မိမိပြုခဲ့တဲ့ ကောင်းမှုတွေကို

အာရုံပြုပြီးတော့လည်း ဝမ်းမြောက်ဝမ်းသာရမယ်၊ မသင့်မတော်တာကို မပြုတဲ့အတွက် လောကအပြစ် ရာဇဝတ်အပြစ်တွေမှလည်း လွတ်ကင်းနေပေလိမ့်မယ်၊ ဒါတွေကတော့ တမလွန်လောက မရှိတောင် မုချရနိုင်တဲ့ အကျိုးတွေပဲ။ အကယ်၍ သူယူတဲ့အတိုင်း ကံ ကံ၏အကျိုးလည်းရှိမယ်၊ တမလွန်လောကလည်း ရှိမယ်ဆိုရင်တော့ ယခုပြောခဲ့တဲ့ မျက်မှောက်အကျိုးတွေကို ရတဲ့အပြင် တမလွန်မှာလည်း လူ့ချမ်းသာ နတ်ချမ်းသာတွေကို ဘဝပေါင်းများမှာ ရရှိသွားပေလိမ့်မယ်။

ဒါကြောင့် မျက်မှောက်မှာရော တမလွန်မှာရော နှစ်ဖက်မုချအကျိုးရှိနိုင်သည့် အယူကိုသာ ငါယူမယ်၊ ကံ ကံ၏အကျိုးလည်း ရှိတယ်၊ တမလွန်လောကလည်း ရှိတယ်ဆိုတဲ့အယူကိုသာ ငါယူမယ်လို့ ဒီလို စူးစမ်းဆင်ခြင်တာဟာ အပဏ္ဏက ပဋိပဒါခေါ်တဲ့ မလွဲနိုင်တဲ့ မုချကိန်းသေလမ်းစဉ်ဖြစ်တဲ့အကြောင်းကို မြတ်စွာဘုရားက မဇ္ဈိမနိကာယ် အပဏ္ဏကသုတ်မှာ ဟောထားပါတယ်။ ဒါကြောင့် ကံ ကံ၏အကျိုး တမလွန်လောကတို့နှင့်စပ်ပြီး ကိုယ်တိုင်သိနိုင်တဲ့ အဘိညာဉ် ဉာဏ်ထူးကို ရအောင် အားမထုတ်နိုင်လျှင် အဲဒီအပဏ္ဏက လမ်းစဉ်အတိုင်း ဆင်ခြင်ပြီး ယူဆတာဟာ အကောင်းဆုံးပါပဲ။

(ပဋိစ္စသမုပ္ပါဒ်)

## သီလဗ္ဗတ ခေါ်တဲ့ အလေ့အကျင့်အမျိုးမျိုး

နွား ခွေးစသည်တို့၏ အလေ့အကျင့်လို့ဆိုရာမှာ စသည်အရ အလေ့အကျင့်တွေက အများကြီးရှိနေသေးတယ်။ မဟာနိဒ္ဒေသပါဠိတော်မှာ ဟတ္ထိဝတိက– ဆင်အမူအရာအတုလိုက်ပြီး ကျင့်တဲ့သူတဲ့၊ ဆင်ကို ကိုးကွယ်တဲ့ အကျင့်ရှိတဲ့သူလည်း ဖြစ်သင့်ပါတယ်။ အဿဝတိက– မြင်းအမူအရာ အတုလိုက်ပြီး ကျင့်တဲ့သူ၊ မြင်းကို ကိုးကွယ်တဲ့ အကျင့်ရှိတဲ့သူလည်း ဖြစ်နိုင်ပါတယ်။ တချို့အရပ်ဒေသက လူတွေဟာ ဆင်ရုပ် မြင်းရုပ်တွေကို ကိုးကွယ်နေကြတာ ရှိပါတယ်။ ကာကဝတိက– ကျီးအမူအရာ အတုလိုက်ပြီး ကျင့်တဲ့သူတဲ့။ ဒီနေရာမှာ ၎ ကာ့ ကျီးကို ကိုးကွယ်တာက ပိုပြီးသဘာဝကျဖွယ်ရှိပါတယ်။ ဝါသုဒေဝဝတိက– ဝါသုဒေဝမင်းကို ကိုးကွယ်သူတဲ့။ ဗလဒေဝဝတိက– ဗလဒေဝမင်းကို ကိုးကွယ်သူတဲ့။ ဒီအကျင့် ၂ ခုကတော့ လူလူချင်း အတုလိုက်ပြီး ကျင့်စရာမလိုပါဘူး။

မြန်မာပြည်မှာ မင်းကလေးတို့၊ ၃၇ မင်းတို့၊ ဘိုးတော်ကြီးတို့ ကိုးကွယ်တာမျိုးပဲ ဖြစ်သင့်ပါတယ်။ ထူးတာကတော့ မြန်မာပြည်က နတ်အမျိုးမျိုး ကိုးကွယ်ကြတာကတော့ နောင်ဘဝအတွက်၊ သံသရာမှ လွတ်မြောက်ရေးအတွက် ရည်ရွယ်ပြီး ကိုးကွယ်ကြတာ မဟုတ်ဘူး၊ မျက်မှောက်တွင်ပဲ မစလိမ့်မယ်၊ စောင့်ရှောက်လိမ့်မယ်လို့ မျှော်လင့်ပြီး ကိုးကွယ်ကြတာသာဖြစ်တယ်၊ ရာထူးဌာနန္တရရှိတဲ့ အထက်လူကြီးတွေကို အားကိုးတဲ့သဘောမျိုးပါပဲ။ ဒါကြောင့် သီလဗ္ဗတပါဒါန် ဖြစ်တယ်လို့တော့ မဆိုရပါဘူး။ ဒါပေမဲ့ နတ်ကိုးကွယ်တဲ့သူတွေက အင်မတန် အစွဲအလမ်းကြီးတယ်၊ အစွဲအလမ်းကြီးတဲ့အတွက် သားငါးတွေကို သတ်ပြီး ပူဇော်ပသတာတွေလည်း ရှိတယ်လို့ ကြားရတယ်၊ အဲဒါတွေကတော့ ဥပါဒါန်သဘော သက်ရောက်နေပါတယ်။

နောက်ပြီးတော့ အဂ္ဂဝတိက– မီးကို ပူဇော်ကိုးကွယ်တဲ့သူတဲ့၊ ဒီအကျင့်မှာလဲ မီးကို အတုလိုက်ကျင့်လို့တော့ မဖြစ်ဘူး။ ဒါကြောင့် မီးကို ပူဇော်ကိုးကွယ်တဲ့အကျင့်ကိုသာ ယူရမယ်။ နောက်ပြီးတော့ နာဂဝတ– နဂါးကို ကိုးကွယ်တဲ့အကျင့်တဲ့၊ သုပဏ္ဏဝတ– ဂဠုန်ကို ကိုးကွယ်တဲ့အကျင့်တဲ့၊ ယက္ခဝတ– ဘီလူးကို ကိုးကွယ်တဲ့အကျင့်၊ ဂန္ဓဗ္ဗနတ် ကိုးကွယ်တဲ့အကျင့်၊ မဟာရာဇဝတ– စတုမဟာရာဇ်နတ်မင်းကြီးတွေ ကိုးကွယ်တဲ့အကျင့်၊ စန္ဒဝတ– လကို ကိုးကွယ်တဲ့အကျင့်၊ သူရိယဝတ– နေကို ကိုးကွယ်တဲ့အကျင့်၊ ဣန္ဒဝတ– သိကြားမင်းကို ကိုးကွယ်တဲ့အကျင့်၊ ဗြဟ္မဝတ– ဗြဟ္မာမင်း ကိုးကွယ်တဲ့ အကျင့်၊ ယခုကာလ ဖန်ဆင်းတဲ့ ထာဝရဘုရားသခင်ကို ကိုးကွယ်တဲ့ အကျင့်မျိုးပါပဲ။ ဒေဝဝတ– နတ်ကိုးကွယ်တဲ့အကျင့်။

နောင်ဘဝ ချမ်းသာကောင်းစားအောင် သံသရာဆင်းရဲမှ လွတ်မြောက်အောင် ကယ်တင်နိုင်တယ်လို့ ယုံကြည်ပြီး ကိုးကွယ်လျှင် ဒါလည်း သီလဗ္ဗတပါဒါန် ဖြစ်တာပဲ။ ဒိသာဝတ– အရှေ့ အနောက်စသော မျက်နှာကို ကိုးကွယ်တဲ့အကျင့်။ ဒီနေရာမှာတော့ အဋ္ဌကထာက အရပ်မျက်နှာ ရှိခိုးတဲ့အကျင့်လို့ အထင်အရှား ဖွင့်ပြထားပါတယ်။ အဲဒီတော့ အတုလိုက်ပြီး ကျင့်ဖို့မဖြစ်သင့်ရာမှာ ပူဇော်ကိုးကွယ်တာကို ဝတ လို့ ယူရမယ်၊ အတုလိုက်ပြီးတော့ကျင့်ဖို့ ဖြစ်နိုင်ရာမှာတော့ အတုလိုက်ပြီး ကျင့်တာရော၊ ပူဇော်ကိုးကွယ်တာရော နှစ်မျိုးလုံးကို ဝတ လို့ ယူရမယ်။ စောစောပိုင်းက ပြောခဲ့တဲ့ ဂေါဝတ၊ ကုက္ကုရဝတဆိုတာတွေ

လည်း ဒီနိဒ္ဒေသ ပါဠိတော်မှာ ပြထားပါသေးတယ်။ အဲဒီမှာလည်း နွားကို ကိုးကွယ်တဲ့ အကျင့်၊ ခွေး ကိုးကွယ်တဲ့အကျင့်တွေကိုလည်း ဝတလို့ ယူသင့်တာပါပဲ။ ဘာကြောင့်လဲဆိုရင် အချို့လူမျိုးတွေက နွား ကိုးကွယ်နေကြတယ်၊ ဒါကြောင့်ပါပဲ။

(ပဋ္ဌိစ္စသမုပ္ပါဒ်)

## လမ်းဆုံးထင်လျှင် ဈာန်လည်း သီလဗ္ဗတမည်တာပဲ

ဝိသုဒ္ဓိမဂ် မဟာဋီကာ (၂- ၃၃၃) မှာ

သုဒ္ဓိမဂ္ဂပရာမသနဝသေန ပဝတ္တိတံ ယံ ကိဉ္စိ လောကိယံ

သီလံ ဈာနဉ္စ သီလဗ္ဗတမိစ္စေဝ ဣစ္ဆာဓိပ္ပေတံ လို့ မိန့်ဆိုထားတယ်။

သုဒ္ဓိမဂ္ဂပရာမသနဝသေန– သံသရာဝဋ်ဆင်းရဲမှ စင်ကြယ်ကြောင်း လွတ်မြောက်ကြောင်း အကျင့်လမ်းကောင်းဟု သုံးသပ်မှတ်ယူသည်၏ အလိုအားဖြင့်။ ပဝတ္တိတံ– ဖြစ်စေအပ် ကျင့်သုံးအပ်သော၊ ယံကိဉ္စိ– အမှတ်မရှိ တစ်စုံတစ်ခုသော၊ လောကိယံ သီလံ စ– လောကီသီလဟူသမျှကိုလည်းကောင်း၊ လောကိယံ ဈာနဉ္စ– လောကီ ဈာန်ဟူသမျှကိုလည်းကောင်း၊ သီလဗ္ဗတမိစ္စေဝ– အလေ့အကျင့်ဟူ၍သာလျှင်၊ ဣစ္စ– တဏှာကြောင့် ဥပါဒါန်ဖြစ်သည်။ ဥပါဒါန်ကြောင့် ဘဝဖြစ်သည်ဟူသော ဤအရာ၌၊ အဓိပ္ပေတံ– အလိုရှိအပ်သည်၏၊ ဝါ၊ ဆိုလိုအပ်၏တဲ့။

ဒီဋီကာစကားရပ်ဖြင့် အလေ့အကျင့်ကောင်းဖြစ်တဲ့ လောကီသီလ လောကီဈာန်တွေလည်း ဝိပဿနာမဂ် အရိယာမဂ် မပါဘဲ အဲဒီသီလမျှ အဲဒီဈာန်မျှဖြင့် သံသရာမှ လွတ်မြောက်တယ်လို့ ယူဆစွဲလမ်းရင် သီလဗ္ဗတုပါဒါန်မည်ကြောင်း ထင်ရှားပါတယ်။ ဒါကြောင့် အာဠာရရသေ့၊ ဥဒကရသေ့တို့မှာ သူတို့ရထားတဲ့ အရူပဈာန်မျှဖြင့် အရူပဘုံရောက်ပြီး မအို မသေတော့ဘဲ အမြဲတမ်း ချမ်းသာသွားမယ်၊ ဝဋ်ဆင်းရဲမှ လွတ်မြောက်မယ်လို့ ယုံကြည်စွဲလမ်းတာလည်း ဒီသီလဗ္ဗတုပါဒါန်ထဲမှာ အတွင်းဝင်တယ်လို့ မှတ်ရမယ်။

(ပဋ္ဌိစ္စသမုပ္ပါဒ်)

## နှစ်သစ်ကူး (သင်္ကြန်)

သင်္ကြန်ဆိုတာ သင်္ကြန္တဆိုတဲ့ သက္ကတဘာသာမှ ဖြစ်လာတဲ့စကားပဲ။ ပြောင်းရွှေ့တယ်လို့ အဓိပ္ပါယ်ရှိပါတယ်။ ဒါကြောင့် နှစ်ဟောင်းမှာ အဆုံးဖြစ်တဲ့ မိန်ရာသီမှ နှစ်သစ်မှာ အစဖြစ်တဲ့ မိဿရာသီသို့ တနင်္ဂနွေဂြိုဟ်ဆိုတဲ့ နေဂြိုဟ်ကြီးကို ပြောင်းရွှေ့တာကို သင်္ကြန်ကျတယ်လို့ဆိုပြီး မြန်မာပြည်မှာ နှစ်သစ်ကူးပွဲ ကျင်းပကြတာပါပဲ။ အဲဒါဟာ နှစ်ဟောင်း တပေါင်းလမှ နှစ်သစ် တန်ခူးလသို့ ပြောင်းရွှေ့တာကိုပဲ ရည်ရွယ်ပါတယ်။ ဒီသင်္ကြန်ကျတယ်ဆိုတာကို ရှေးကပုဏ္ဏားတွေက စပြီးတီထွင်ထားခဲ့တဲ့အတိုင်း ယခုလည်း သင်္ကြန်စာတွေထဲမှာ "သိကြားမင်းကြီး နွားကိုစီးပြီး လူ့ပြည်ကို ဆင်းလာတယ်" စသည်ဖြင့် ဖော်ပြထားကြတယ်။ တကယ်တော့ သိကြားမင်းကြီးက ဆင်းလာတာမဟုတ်ပါဘူး၊ နေဂြိုဟ်ကြီး ပြောင်းရွှေ့တာသာ ဟုတ်ပါတယ်။ အဲဒါလည်း ရှေးကအယူအဆအတိုင်း ပြောရတာပဲ။ ယခုခေတ် သိပ္ပံဆရာတွေရဲ့အလိုအားဖြင့်ဆိုရင် ကမ္ဘာမြေကြီးလည်နေတာ နှစ်တစ်ပတ်ပြည့်လို့ မူလနေရာသို့ တစ်ဖန်ပြောင်းရွှေ့တယ်လို့တောင် ဆိုရမှာလို ဖြစ်နေပါတယ်။ ဘာပဲဖြစ်ဖြစ် နှစ်ဟောင်းကုန်လို့ နှစ်သစ်သို့ ကူးပြောင်းတယ်ဆိုတာကတော့ မလွဲနိုင်ပါဘူး။ ဒါကြောင့် သင်္ကြန်ဆိုတာ နှစ်သစ်ပြောင်းတာ နှစ်သစ်ကူးတာပဲလို့ မှတ်ကြရမယ်၊

ဘုရားလက်ထက်တော်ကာလဆီတုန်းကတော့ အိန္ဒိယအလယ်ပိုင်းမှာ တန်ဆောင်မုန်းလပြည့်ညဥ့်၌ နှစ်ဟောင်းကုန်ပြီး နှစ်သစ်ကူးဟန် ရှိပါတယ်။ ဘာကြောင့်လဲဆိုရင် အဲဒီတန်ဆောင်မုန်းလပြည့်ညဥ့်ကို "ပုဏ္ဏာယ ပုဏ္ဏမာယ" လို့ သာမညဖလသုတ်က ဆိုထားရာမှာ သျှ့အဖွင့်အဋ္ဌကထာက "မာသပုဏ္ဏတာယ– ရက်သုံးဆယ် တစ်လပြည့်သောကြောင့်လည်းကောင်း၊ ဥတုပုဏ္ဏတာယ– မိုးလေးလ ဥတုပြည့်သောကြောင့်လည်းကောင်း၊ သံဝစ္ဆရပုဏ္ဏတာယ– ၁၂ လ တစ်နှစ်ပြည့်သောကြောင့်လည်းကောင်း၊ အဲဒီ တန်ဆောင်မုန်း လပြည့်ညဥ့်ကို "ပုဏ္ဏာ– ပြည့်သည် မည်သည်" လို့ ဖွင့်ပြထားတဲ့အတွက်ကြောင့်ပါပဲ။ အဲဒီစကားထဲမှာ "လပြည့်တယ်" ဆိုတာကတော့ သီတင်းကျွတ် လပြည့်ကျော် ၁ ရက်ကစပြီး အဲဒီ လဆုတ်ပက္ခမှာ (အဲဒါက ရက်မစုံပက္ခ ဖြစ်တဲ့အတွက်) ၁၄ ရက်၊ တန်ဆောင်မုန်းလဆန်းပက္ခမှာ ၁၅ ရက်၊ ပေါင်း ၂၉ ရက် ဖြစ်ပါတယ်။ ဒါပေမဲ့ တစ်လမှာ အများအားဖြင့် ရက်သုံးဆယ်ရှိတဲ့အတွက် ရက်

သုံးဆယ် တစ်လပြည့်တယ်လို့ပဲ ဆိုရပါတယ်။ "ဥတုပြည့်တယ်" ဆိုတာက တော့ ဝါဆိုလပြည့်ကျော် ၁ ရက်ကစပြီး တန်ဆောင်မုန်းလပြည့်နေ့ ညဉ့် သန်းခေါင်အချိန်မှာ ကြတ္တိကာ နက္ခတ်နှင့် လယှဉ်ပြီး မိုးဥတု လေးလ ပြည့်ပါ တယ်။ ဒါကြောင့် ဥတုလည်း ပြည့်တယ်လို့ ဆိုပါတယ်။ "နှစ်ပြည့်တယ်" ဆိုတာကတော့ အလျှင်နှစ် တန်ဆောင်မုန်းလပြည့်ကျော် တစ်ရက်ကစပြီး အဲဒီရောက်ဆဲနှစ် တန်ဆောင်မုန်းလပြည့်နေ့ညဉ့်မှာ ၁၂ လ တစ်နှစ်ပြည့်တာကိုပဲ ဆိုပါတယ်။ ဒါကြောင့် အဲဒီသာမညဖလသုတ်အဖွင့် အဋ္ဌကထာအရအားဖြင့် ဟိုခေတ် ဟိုအခါတုန်းက အိန္ဒိယအလယ်ပိုင်းအရပ်မှာ တန်ဆောင်မုန်းလပြည့်နေ့ ညဉ့်၌ နှစ်ဟောင်းမှ နှစ်သစ်ကူးပြောင်းတယ်လို့ သိရပါတယ်။

အနောက်တိုင်း ဥရောပတိုက်သားတွေကတော့ အများသိပြီးဖြစ်တဲ့အတိုင်း ဒီဇင်ဘာ ၃၁ ရက် ညဉ့်မှာ နှစ်ဟောင်းမှ နှစ်သစ်ကူးတယ်လို့ အသိအမှတ်ပြု ကြတယ်။ သူတို့ဟာကတော့ ကိန်းသေပဲ၊ တွက်မနေရတော့ဘူး၊ ဒီဇင်ဘာ ၃၁ ရက် ညဉ့်သန်းခေါင်ဆိုရင် နှစ်ဟောင်းကုန်ပြီး နှစ်သစ်ကူးတော့တာပဲ။ သူတို့ နှစ်သစ်ကူးပုံဟာ သိလွယ်တဲ့အတွက် ကောင်းတယ်လို့ ဆိုဖွယ်ရှိပါတယ်။ မြန်မာ့နှစ်သစ်ကူးကတော့ အဲဒီလို သိဖို့မလွယ်ဘူး၊ ဗေဒင်တတ်တဲ့ပုဂ္ဂိုလ်တွေက တွက်ချက်ပြီး စာရွက်စာတမ်း ရိုက်နှိပ်ဖြန့်ဝေမှ အများက သိရပါတယ်။ ဒါကြောင့် သိဖို့မလွယ်ဘူး၊ ဒါပေမဲ့ ဗေဒင်ကိန်းခန်းအရ မိနစ် စက္ကန့်အထိ တိတိကျကျ သိရတဲ့အတွက် ဒီမြန်မာနှစ်သစ်ကူးကလည်း ချီးမွမ်းဖွယ်ဂုဏ်နှင့် ပြည့်စုံပါတယ်။ ယခုနှစ် သင်္ကြန်ဆိုရင် နှောင်းတန်ခူးလဆန်း ၁၂ ရက်(ယနေ့) ညနေ ၅ နာရီ ၁၉ မိနစ် ၉ စက္ကန့်အချိန် သင်္ကြန်ကျတယ်တဲ့။ နေဂြိုဟ်ကြီး စပြီး ရာသီပြောင်းတဲ့အချိန်ပါပဲ။ နောက်ပြီးတော့ နှောင်းတန်ခူးလဆန်း ၁၄ ရက်နေ့ ည ၁၀ နာရီ ၃ မိနစ် ၄၉ စက္ကန့်အချိန်ကစပြီး ၁၃၂၇ ခု နှစ်သစ် ဖြစ်မယ်လို့ ဆိုလိုပါတယ်။

(လောကဓံတရားတော်)

## "ပုလက ဂျုံဆန်"

ဝေရဉ္စာမြို့သို့ လာရောက်ကြသည့် မြင်းကုန်သည်တို့ မြင်းစာရှားတဲ့အခါ မြင်းကျွေးဖို့ ပုလကလို့ ခေါ်တဲ့ ဂျုံဆန်တွေ ပါလာကြတယ်။ "ပုလက"ဆိုတာ

"ယဝ" ခေါ် အခွံကြမ်းပါတဲ့ဂျုံကို အခွံခွာပြီး ပြုတ်ဆန်များလို ပြုလုပ်ပေါင်းကင်ထားတဲ့ ဂျုံဆန်ပင်ဖြစ်ပါတယ်။ အဲဒီပြုတ်ထားတဲ့ ဂျုံဆန်ကို အိန္ဒိယမှာ ခရီးရိက္ခာအဖြစ် ဆောင်ယူလေ့ရှိကြပါတယ်။ ရှေးဆရာများကတော့ အဲဒီယဝနှင့် ပုလကပုဒ်များကို မုယောစပါးလို့ ဘာသာပြန်ခဲ့ကြပါတယ်။ အဲဒီမုယောဆိုတာကိုလည်း ဂျုံဆန်ပဲလို့ မှတ်ယူရပါတယ်။

(လောကဓံတရားတော်)

## ဆဲရေးခဲ့တဲ့ ဝစီကံနှင့်စပ်၍ စဉ်းစားဖွယ်

ဖုဿမြတ်စွာဘုရားနဲ့ တပည့်ရဟန်းတော်တွေကို "သလေးဆွမ်း မစားကြနဲ့၊ မုယောဆွမ်း စားကြ" လို့ ကြိမ်းမောင်းဆဲရေးခဲ့တဲ့ ဝစီကံကြောင့် ဝေရဥ္စာမြို့မှာ ဝါကပ်စဉ် မုယောဆွမ်းကို ဘုဉ်းပေးတော်မူရတယ်လို့ ဆိုပါတယ်။

ဤအရာ၌ စဉ်းစားဖွယ်ရှိ၏၊ ဗုဒ္ဓဝံသပါဠိတော်၌ ဖုဿမြတ်စွာဘုရားသည် လွန်ခဲ့သော ၉၂ ကမ္ဘာထက်က ပွင့်တော်မူခဲ့ကြောင်း၊ ထိုစဉ်အခါက ငါတို့ မြတ်စွာဘုရားအလောင်းတော်သည် ဝိဇိတာဝီ မည်သောမင်းဖြစ်၍ ရဟန်းပြုကာ တရားကျင့်သုံးပြီးလျှင် ဈာန်အဘိညာဉ်ရ၍ ဗြဟ္မာ့ပြည်သို့လားကြောင်း ပြဆိုလျက်ရှိ၏။ ထိုပြဆိုချက်အရအားဖြင့် ဝိဇိတာဝီ မင်းသည် ဖုဿမြတ်စွာဘုရား၏ သာသနာတော်ကို မကြည်ညိုမီက ကြိမ်းမောင်းဆဲဆိုခဲ့လေသလောဟု ယူဆဖွယ်ရှိ၏။ အပဒါန်အဋ္ဌကထာ၌မူ ဘုရားအလောင်းတော်သည် ထိုဘုရားလက်ထက်က အညတရ တစ်ခုသော အမျိုး၌ဖြစ်၍ ရဟန်းတော်များကို ထိုကဲ့သို့ ပြစ်မှားပြောဆိုခဲ့သည်ဟု ပြဆိုထား၏။ ထိုစကား၌ အညတရ တစ်ခုသောအမျိုး၌ဖြစ်ခြင်းသည် ဝိဇိတာဝီမင်း မဖြစ်မီက ဖြစ်သည်ဟု ယူရန်လည်းမသင့်၊ ဝိဇိတာဝီမင်းက ရဟန်းပြု၍ ဗြဟ္မာ့ပြည်သို့ လားသည်ဟု ဗုဒ္ဓဝံသပါဠိ၌ ဆိုထားသောကြောင့် ဝိဇိတာဝီမင်းဘဝမှ နောက်ကာလ၌ဖြစ်သည်ဟု ယူရန်လည်း မလျော်လှပေ။

(လောကဓံတရားတော်)

## နတ်တို့အရောင်အဝါကို ဓာတ်သဘာဝတစ်ခုခုအနေဖြင့်

အခြွေအရံနတ်များနှင့်တကွ သိကြားမင်းဟာ ဘုရားရှင် သီတင်းသုံးရာ ဝေဒိယကတောင်ပေါ်ရောက်ပြီး ရပ်တည်နေတဲ့အခါ အဲဒီတောင်တစ်ဝိုက်မှာ

နတ်တို့၏ အရောင်အဝါဖြင့် အလွန်လင်းပြီး နေပါသတဲ့။ အချိန်က ညဥ့်ဦးယံ မှောင်နေတဲ့အချိန်မှာ အဲဒီအလင်းရောင်တွေကို မြင်ကြရတဲ့အတွက် အဲဒီတောင် ပတ်ဝန်းကျင်က လူတွေဟာ အံ့သြပြီး စိတ်တက်ကြွ ဝမ်းမြောက်နေကြပါသတဲ့။ ဘယ့်နှယ်လဲဟ အရောင်အလင်းတွေ တောက်ပလှပါကလား၊ မြတ်စွာဘုရားကို မေးလျှောက်ရန် တရားနာရန် တန်ခိုးကြီးတဲ့ ဘယ်လိုနတ် ဘယ်လိုဗြဟ္မာ လာနေပါလိမ့်မလဲ၊ မြတ်စွာဘုရားက အမေးပြဿနာကို ဘယ်လိုများ ဟောတော် မူပါလိမ့်မလဲ၊ နတ်တို့၏ ယုံမှားကို ပယ်ဖျောက်နိုင်တဲ့ မြတ်စွာဘုရားရှင် ငါတို့၏အနီးအရပ်မှာ သီတင်းသုံးနေတော်မူတာ ငါတို့အတွက် အင်မတန် ကံကောင်းတာပဲ၊ ငါတို့ဟာ တတ်နိုင်သမျှ ဆွမ်းကိုလည်း လှူကြရပါပေတယ် စသည်ဖြင့် ဆင်ခြင်ပြောဆိုကြလျက် အံ့သြဝမ်းမြောက်ကာ လက်အုပ်များချီပြီး ရှိခိုးကြတယ်လို့လည်း အဋ္ဌကထာမှာ ပြဆိုထားတယ်။

အဲဒါဟာ အဲဒီအခါတုန်းက ဘုရားကိုလည်း ကြည်ညိုပြီး နတ်ကိုလည်း ယုံကြည်တဲ့ သဒ္ဓါစိတ်ရှိကြလို့ပါပဲ။ ဘုရားကိုလည်း မယုံ၊ နတ်တန်ခိုးကိုလည်း မယုံတဲ့ လူတွေအနေနဲ့ဆိုရင်တော့ ဓာတ်သဘာဝတစ်ခုခုရဲ့ အရောင်အနေဖြင့် ယူဆကောင်း ယူဆကြပါလိမ့်မယ်။

(သက္ကပဉှသုတ် တရားတော်)

## ပသာဒေယျာသိ၏ ရည်ရွယ်ချက်

သိကြားမင်းက ပဉ္စသိခ်နတ်သားကို ဘုရားထံသွားပြီး ခွင့်တောင်းဖို့ တိုက်တွန်းတဲ့စကားရပ်ထဲမှာ "ပသာဒေယျာသိ– ကြည်လင်စေရာ၏၊ ကြည်လင် နိုင်စေပါမူ" ဆိုတဲ့စကားဟာ ယခုခေတ်အသုံးနဲ့ဆိုတော့ မကြည်မလင် ဖြစ်နေ တာကို ကြည်လင်အောင် လုပ်ပေးရမှာလိုလို ဖြစ်နေတယ်။ ဒါကြောင့် တစ်ခါက သတင်းစာထဲမှာ လူတစ်ယောက်က "ဘုရားကို ကြည်လင်စေတယ်ဆိုတာ ဘယ်လိုပါလဲလို့ မေးဖူးတယ်၊ အဲဒီအမေးကို ဖြေတဲ့လူကလည်း ကျကျနန မသိဘဲနဲ့ ဖြေတာကို တွေ့ရဖူးတယ်။ "မြတ်စွာဘုရားမှာ တစ်ခါတစ်ရံတော့ မကြည်လင်ဘဲ ရှိမှာပေါ့၊ အဲဒီလိုအခါ ကြည်လင်စေတာပါ" လို့ ဖြေထားတယ်၊ တော်တော် နေရာမကျတဲ့ အဖြေပဲ။ ဘာမဆို မသိရင် မဖြေတာကောင်းတယ်။ "မသိရင် မေး" ဆိုတဲ့အတိုင်း သိနားလည်လောက်တဲ့သူကို မေးရန်သာသင့်ပါ တယ်။ ရမ်းပြီး မသိဘဲနဲ့ ဖြေတာကတော့ မတော်ပါဘူး။

ဒီနေရာမှာ ကြည်လင်စေတယ်ဆိုတာဟာ အားရကျေနပ်ပြီး ခွင့်ပြုအောင် ဆောင်ရွက်ပေးပါလို့ ဆိုလိုတာပဲ။ ဒါကြောင့် ရှေ့နားက ပြောခဲ့တဲ့အတိုင်း အဋ္ဌကထာမှာ "ပသာဒေယျာသီတိ– ကြည်လင်စေငြားအံ့၊ ကြည်လင်စေပါမူ" ဟူသည်မှာ "အာရာဓေယျာသိ– အားရကျေနပ်စေနိုင်ငြားအံ့၊ အားရကျေနပ်စေနိုင်ပါမူ" ဟု ဆိုလို၏။ "မေ– ငါ့အား၊ ဩကာသံ ကာရေတွာ ဒဒေယျာသီတိ– အားရကျေနပ်သဖြင့် အခွင့်ပြုစေ၍ ပေးနိုင်ပါမူ ဟူ၍၊ ဝဒတိ– ဆိုတာပါ"လို့ ဖွင့်ပြထားပါတယ်။ အဲဒါဟာ ဟိုခေတ်ကာလတုန်းက ပါဠိဘာသာကျမ်းမှာ ယဉ်ကျေးမှုစကားလုံး တစ်မျိုးပါပဲ။

ဒါမျိုးက ဟိတောပဒေသဆိုတဲ့ သက္ကတကျမ်းမှာ မြေခွေးက ဆင်ကြီး ထံ သွားပြီး လျှောက်ပုံမျိုးပါပဲ။ ယင်းမြေခွေးက ဆင်ကြီးထံသွားပြီး ရိုသေစွာ ဒီလိုလျှောက်သတဲ့၊ "ဒိဋ္ဌိပြသာဒံ ကုရု ဒေဝ" တဲ့။ ဒေဝ– အရှင်ဆင်မင်းကြီး၊ ဒိဋ္ဌိပြသာဒံ– မျက်စိအမြင်ကြည်လင်ခြင်းကို၊ ကုရု– ပြုတော်မူပါတဲ့၊ အဲဒီမှာ မျက်စိအမြင် ကြည်လင်ခြင်းကို ပြုပါလို့ ဆိုတာဟာ ကျွန်ုပ်ကို မျက်စိဖြင့် ကြည့်ပြီး ချီးမြှောက်ပါလို့ ဆိုတာပါပဲတဲ့။ ဒါကြောင့် ဒီစကားကို အဖွင့်ကျမ်းဆရာက "ဒိဋ္ဌိယာ– ကြည့်ရှုခြင်းဖြင့်၊ အနုဂ္ဂဟံ– ချီးမြှောက်ခြင်းကို၊ ကရောတု– ပြုတော်မူပါ" လို့ ဖွင့်ပြထားတယ်။ မြေခွေးက ဆင်ကြီးအား မျက်စိအမြင် ကြည်လင်ခြင်းကို ပြုပါလို့ ဆိုတာဟာ ကျွန်ုပ်ကို မျက်စိဖြင့် ကြည့်ပါဦးလို့ ခွင့်တောင်းတာပါပဲ။ အဲဒီလို ကြည့်တဲ့အခါကျမှ မြေခွေးက သူပြောလိုတာတွေ လျှောက်ပြောဖို့ ခွင့်တောင်းတဲ့စကားပါပဲ။ အဲဒါလည်း ယဉ်ကျေးမှုစကားလုံး တစ်မျိုးပါပဲ။

(သက္ကပဉှသုတ် တရားတော်)

## "အမတ" မှ "အမြိုက်" ဖြစ်လာ

အမတ ပုဒ်ကို အမြိုက်လို့ မြန်မာပြန်ကြတာကတော့ ပထမက မွန်ဘာသာအသံနဲ့ အမရိုက်လို့ ပြန်ခဲ့ဟန်တူပါတယ်။ အမတ ပုဒ်ဟာ သက္ကတဘာသာ အမိရိတမှ ဖြစ်လာတယ်၊ မွန်ဘာသာအသံနဲ့ဆိုတော့ ရိကို ရိုက်လို့ အသံထွက်တယ်။ ဒါကြောင့် သက္ကတပုဒ် အမြိတကို မွန်အသံဖြင့် အမြိုက် (အမရိုက်) လို့ အသံထွက်တယ်။ မြန်မာအသံကျတော့ အမြိုက်လို့ ဖြစ်လာ

တယ်။ အဲဒီအမြိုက်ဆိုတာ သေခြင်းကင်းတဲ့ တရားလို့ အနက်ရတယ်။ အဲဒါဟာ နိဗ္ဗာန်ပဲ။ ဒါကြောင့် "အမတ- သေခြင်းကင်းသော အမြိုက်နိဗ္ဗာန်" လို့ မြန်မာပြန်ရပါတယ်။

(သက္ကပဉှသုတ် တရားတော်)

## ရှိခိုးကန်တော့ပုံ ဆုပေးပုံနှင့်စပ်၍

သိကြားမင်းက

အဘိဝါဒေဟိ မေ တွံ တာတ ပဉ္စသိခ "သက္ကော ဘန္တေ ဒေဝါနမိန္ဒော သာမစ္စော သပရိဇနော ဘဂဝတော ပါဒေ သိရသာ ဝန္ဒတီ" တိ။ တာတ ပဉ္စသိခ- ချစ်သား ပဉ္စသိခ၊ တွံ- သင်သည်၊ မေ- ငါ၏ကိုယ်စား၊ ဘဂဝန္တံ- မြတ်စွာဘုရားကို၊ အဘိဝါဒေဟိ- ရှိခိုးကန်တော့လိုက်ပါလော့။ ဘန္တေ- မြတ်စွာ ဘုရားကို၊ သက္ကော ဒေဝါမိန္ဒော- နတ်တို့၏ အရှင် သိကြားမင်းသည်၊ သာမစ္စော သပရိဇနော- အမတ်အခြွေအရံ ပရိသတ်များနှင့်တကွ၊ ဘဂဝတော ပါဒေ- မြတ်စွာဘုရား၏ ခြေတော်တို့ကို၊ သိရသာ- ဦးခေါင်းဖြင့်၊ ဝန္ဒတီတိ- ရှိခိုးနေပါသည် ဟု လျှောက်ထား၍ ရှိခိုးကန်တော့လိုက်ပါလော" လို့ပြောကြား လိုက်ပါတယ်။ အဲဒီတော့မှ ပဉ္စသိခ နတ်သားက သိကြားမင်း၏ကိုယ်စား အနေဖြင့် မြတ်စွာဘုရားကို ဒီလိုလျှောက်ထားပြီး ကန်တော့လိုက်ပါတယ်။

## သိကြားမင်း၏ကိုယ်စား ရှိခိုးကန်တော့ပုံ

သက္ကော ဘန္တေ ဒေဝါနမိန္ဒော သာမစ္စော သပရိဇနော ဘဂဝတော ပါဒေ သိရသာ ဝန္ဒတိ။

ဘန္တေ- မြတ်စွာဘုရား၊ သက္ကော ဒေဝါနမိန္ဒော- နတ်တို့၏အရှင် သိကြားမင်းသည်၊ သာမစ္စော သပရိဇနော- အခြွေအရံ ပရိသတ်များနှင့်တကွ၊ ဘဂဝတော ပါဒေ- မြတ်စွာဘုရား၏ ခြေတော်တို့ကို၊ သိရသာ- ဦးခေါင်းဖြင့်၊ ဝန္ဒတိ- ရှိခိုးကန်တော့နေပါသည် အရှင်ဘုရားလို့ လျှောက်ထားပြီး ရှိခိုး ကန်တော့လိုက်ပါတယ်။ အဲဒီတော့ မြတ်စွာဘုရားက ဒီလိုဆုပေးတော်မူပါ တယ်။

## ဘုရားရှင်က ဆုပေးတော်မူပုံ

ဧဝံ သုခီ ဟောတု ပဉ္စသိခ သက္ကော ဒေဝါနမိန္ဒော သာမစ္စော သပရိဇနော၊ သုခကာမာ ဟိ ဒေဝါ မနုဿာ အသုရာ နာဂါ ဂန္ဓဗ္ဗာ ယေစညေ သန္တိ ပုထုကာယာ။

ပဉ္စသိခ– ပဉ္စသိခနတ်သား၊ သာမစ္စော သပရိဇနော– အခြွေအရံနတ်ပရိသတ်များနှင့်တကွသော၊ သက္ကော ဒေဝါနမိန္ဒော– နတ်တို့၏အရှင် သိကြားမင်းသည်၊ ဧဝံ– ဤသို့ ဆုပေးစေလိုသည့်အတိုင်း၊ သုခီ– ချမ်းသာနှင့်ပြည့်စုံသည်၊ ဝါ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသည်။ ဟောတု– ဖြစ်စေသတည်း၊ ဟိ– ဤသို့ဆုပေးရခြင်း၏အကြောင်းကား၊ ဒေဝါ မနုဿာအသုရာ နာဂါ ဂန္ဓဗ္ဗာ– နတ်တို့ လူတို့ အသုရာနတ်တို့ နဂါးတို့ ဂန္ဓဗ္ဗခေါ် ကချေသည်နတ်တို့သည်လည်းကောင်း၊ ယေစညေ သန္တိ ပုထုကာယာ– အခြားတစ်ပါး များစွာသော သတ္တဝါတို့သည်လည်းကောင်း၊ သုခကာမာ– ချမ်းသာကို အလိုရှိကြကုန်၏။ ဝါ ချမ်းသာကို အလိုရှိကြသောကြောင့်ပေတည်း တဲ့။

## ရှိခိုးကန်တော့ပုံနှင့် ဆုပေးပုံ စိစစ်ချက်

အဲဒါဟာ ရှိခိုးကန်တော့တဲ့အခါ မြတ်စွာဘုရားကိုယ်တိုင်က ဆုပေးတော်မူပုံပါပဲ။ သိကြားမင်း၏ ရှိခိုးကန်တော့တဲ့စကားထဲမှာ ဆုတောင်းမပါဘူး မဟုတ်လား။ အဲဒီလို ဆုတောင်းစကားမပါပေမယ့် (အဘိဝါဒေတိ၊ အဘိဝန္ဒတိ၊ ဝန္ဒတိ) ဆိုတဲ့စကားဖြင့်ပင် ချမ်းသာပါစေလို့ ဆုပေးစေလိုတယ်လို့ ပါဠိ ဝေါဟာရအရအားဖြင့် သိရပါတယ်။ ဒါကြောင့် မြတ်စွာဘုရား၏ ဆုပေး စကားရပ်ထဲမှ "ဧဝံ" ဆိုတဲ့ပုဒ်ကို "ဤသို့ ဆုပေးစေလိုသည့်အတိုင်း" လို့ လိုရင်းကိုဖော်ပြီး အနက်ပြန်လိုက်ပါတယ်။ ဘယ်လိုဆုပေးစေလိုသလဲဆိုတော့ ချမ်းသာပါစေလို့ ဆုပေးစေလိုတာပါပဲ။

အခြားပုဂ္ဂိုလ်တွေ မြတ်စွာဘုရားကို ရှိခိုးကန်တော့ကြတဲ့အခါများမှာလည်း ချမ်းသာနှင့် ပြည့်စုံပါစေ၊ ချမ်းသာပါစေလို့သာ ဆုပေးတော်မူပါတယ်။ ယခုကာလမှာ ရှိခိုးကန်တော့ရုံနဲ့ ဆုတွေအများကြီး အရှည်ကြီးပေးတာကို စဉ်းစားဆင်ခြင်စရာပါပဲ။ နောက်ပြီးတော့ ရှိခိုးကန်တော့တဲ့သူက သူ့အလိုရှိရာဆုတွေ

များစွာတောင်းတာရယ်၊ ဆုပေးသူကလည်း ဆုတောင်းတဲ့အတိုင်းမဟုတ်ဘဲ များပြားကျယ်ပြန့်စွာ ဆုတွေကို ပေးတာရယ်၊ အဲဒါတွေကိုလည်း စဉ်းစားစရာ ပါပဲ။ ဘုန်းကြီးကတော့ အဲဒီလို ဆုတောင်းနဲ့ ဆုပေး တခြားစီမဖြစ်ရအောင် ရည်ရွယ်ပြီးတော့ ဆုပေးမယ့်သူရှိရင် "ကန်တော့ပါ၏" ဆိုတဲ့စကားတွင်ရပ်ဖို့ ညွှန်ကြားပါတယ်။ အဲဒီညွှန်ကြားချက်ကို ကဲ့ရဲ့လိုတဲ့ ဆရာတော်ကြီးတစ်ပါးက တော့ ဆုမတောင်းတာရယ်လို့ မရှိဘူး၊ တောင်းသာတောင်းကြလို့ ပြောဆိုပါ သတဲ့။

ဘုန်းကြီးကလည်း ဆုမတောင်းကောင်းဘူးလို့ မပြောပါဘူး၊ ဆုပေးမည့် ပုဂ္ဂိုလ်က ရှိနေတဲ့အခါမှာ ဆုတောင်းက တစ်မျိုး၊ ဆုပေးတာက တစ်မျိုး ကွဲပြားမနေရအောင်လို့ ညွှန်ကြားတာပါပဲ။ နောက်ပြီးတော့ ဆုပေးတဲ့ပုဂ္ဂိုလ်က ဆုပေးတဲ့အခါမှာ ပဏာမကုသိုလ်နှင့်စပ်ပြီး ရသင့်ရထိုက်တဲ့အကျိုးတွေကို လိုလေသေးမရှိ ဖော်ပြပြီး ဆုပေးမှာချည်းပါပဲ။ အဲဒီလိုဆုပေးတဲ့အခါ "ပေးတဲ့ ဆုများနှင့် ပြည့်စုံရပါလို၏" လို့ နိဂုံးချုပ် ဆုတောင်းလိုက်ရင် ဘာမျှလိုနေစရာလဲ မရှိပါ ဘူး။ ယခု ထုတ်ပြခဲ့တဲ့ သိကြားမင်းစသည်တို့က ရှိခိုးကန်တော့ရာမှာ ဆုတောင်းမပါပေမယ့် မြတ်စွာဘုရားပေးတဲ့ဆုဖြင့် ပြည့်စုံတာလိုပင် ပြည့်စုံတယ် ဆိုတာ ထင်ရှားပါတယ်။ ရှိခိုးခြင်းဖြင့် ရနိုင်တဲ့အကျိုးတွေကို (အဘိဝါဒန သီလိဿ၊ နိစ္စံ ဝုဍ္ဎါပစာယိနော၊ စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။) ဆိုတဲ့ဂါထာဖြင့် ပြထားတာပဲ။ အဲဒီအကျိုးတွေကို ဆုမတောင်းလည်း ရနိုင်တာပါပဲ။ ဒါကြောင့် ဘုန်းကြီးက ရှိခိုးကန်တော့တဲ့စကားထဲမှာ (အသက် ရှည်ဟှာ အနာမဲ့ရေး ရန်ဘေးကင်းကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်ပါစေခြင်း အကျိုးငှာ) လို့ ထည့်သွင်းဆိုဖို့လည်း ညွှန်ကြားထားပါတယ်။ နောက်ပြီးတော့ ဆုပေးတဲ့အခါလည်း

"ရတနာမြတ် ၃ ပါး ဆရာသမားတို့ကို ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပဏာမကုသိုလ်ကံ စေတနာတို့ ၏ အစွမ်းအာနုဘော်ကြောင့် ဘေးရန်အန္တရာယ်ဟူသမျှတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းကြသည်ဖြစ်၍ အသက်ရှည်ခြင်း၊ အနာကင်းခြင်း၊ ကျန်းမာခြင်း၊ ချမ်းသာခြင်းအစရှိသော အလိုရှိအပ် တောင့်တအပ်သော လောကီလောကုတ္တရာ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံကြပါစေ" လို့ တိုတို ကျဉ်းကျဉ်းနဲ့ လိုရင်းဟူသမျှ ပြည့်စုံအောင် ဖော်ပြပြီး ဆုပေးပါတယ်။ အဲဒီလို

ဆုပေးရာမှာလည်း "စေ" တစ်လုံးပိုင်သဘောနဲ့ "ပြည့်စုံသည်ဖြစ်စေ" လို့တော့ မဆိုပါဘူး၊ ဆုတောင်းပေးသည့်အနေဖြင့် "ပြည့်စုံကြပါစေ" လို့သာ ဆိုပါတယ်။ မြတ်စွာဘုရားကို ရှိခိုးကန်တော့ရင် မြတ်စွာဘုရားက "ချမ်းသာပါစေ" ဆုပေးစေလိုတဲ့သဘောဟာ ပါဝင်နေပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက "အခြွေအရံ ပရိသတ်များနှင့်တကွ သိကြားမင်း ချမ်းသာပါစေ" လို့ ဆုပေးတော်မူလိုက်ပါတယ်။ အဲဒါဟာ မြတ်စွာဘုရားရှင်တို့၏ ပေးရိုးပေးစဉ် ဆုပေးစကားပါပဲ။ ဒါကြောင့် ပါဠိတော်မှာ ဒီလိုလည်း ဆက်ပြီး ပြဆိုထားပါတယ်။

ဝေဌ ပန တထာဂတာ ဝေရူပေ မဟေသက္ခေ ယက္ခေ အဘိဝဒန္တိ။ စ ပန– ဆက်လက်၍ မှတ်ဖွယ်အထူးကို ပြရလျှင်၊ တထာဂတာ– ဘုရားရှင်တို့သည်၊ ဝေရူပေ– ဤသို့ သဘောရှိကုန်သော၊ မဟေသက္ခေ– အခြွေအရံများ၏ တန်ခိုးကြီးမားကုန်သော၊ ယက္ခေ– နတ်တို့ကို၊ ဧဝံ– ဤဆိုခဲ့သော အခြင်းအရာအားဖြင့်၊ အဘိဝဒန္တိ– ချမ်းသာပါစေ ဟူသော ဆုပေးမင်္ဂလာစကားကို မိန့်ကြားတော်မူကြမြဲဖြစ်ပေသည်တဲ့။

(သက္ကပဉှသုတ် တရားတော်)

## ဉာဏ်စဉ်တရား ဟောကြားရာဝယ်

ဘုန်းကြီးတို့ ကမ္မဋ္ဌာန်းဌာနတွေမှာတော့ ဝိပဿနာဉာဏ်အဆင့် အလုံးစုံ ပြည့်စုံလောက်ပြီလို့ ယုံကြည်ရတဲ့ ယောဂီတွေကို ဉာဏ်စဉ်တရား ဟောပါတယ်။ ဒီလိုဟောတာကလည်း သူတို့မှာ ဖြစ်ဖူးတဲ့ဉာဏ်များကိုဟောတဲ့ ဉာဏ်စဉ်တရားနဲ့ တိုက်ဆိုင်ပြီး တိတိကျကျ နားလည်ဖို့ပါပဲ။ ဉာဏ်စဉ်တွေ ပြည့်စုံနေရင်လည်း ဝမ်းမြောက်ဖို့ မပြည့်စုံသေးရင်လည်း ပြည့်စုံသည်အထိ ဆက်လက်အားထုတ်သွားဖို့ပါပဲ။

တချို့ မလိုလားတဲ့ပုဂ္ဂိုလ်တွေက ဘုန်းကြီးတို့ ဉာဏ်စဉ်တရားဟောတာကို ရှုတ်ချပြီး ပြောဆိုရေးသားနေကြတယ်။ ဉာဏ်စဉ်တရားဆိုတာ ဘယ်သူမဆို နာကောင်းတာပဲ၊ ဘာကြောင့် လူတိုင်းကို နာခွင့်မပြုရသလဲတဲ့။ မြတ်စွာဘုရားက ဓမ္မာဒါသဆိုတဲ့ သုတ်တရားကို ဟောထားပါတယ်။ အဲဒါဟာ အရိယာဖြစ်ပြီလို့ ယုံကြည်တဲ့ပုဂ္ဂိုလ်များအတွက် နာယူပြီး ကိုယ့်အခြေအနေကို ဆုံးဖြတ်နိုင်ဖို့ ဟောတော်မူတာပဲ။ တရားကို ဘာမျှအားမထုတ်တဲ့ သူတွေမှာတော့

အဲဒီတရားကို နာရသော်လည်း ကိုယ့်အခြေအနေနဲ့ တိုက်ဆိုင်ကြည့်စရာ ဘာမျှ မရှိပါဘူး။ ကြားဖူးနာဖူးရုံမျှ ရှိတာပါပဲ။ အဲဒါလိုပင် ဘုန်းကြီးတို့ ဟောကြားနေတဲ့ ဉာဏ်စဉ်တရားကလည်း တရားအားထုတ်လို့ ဉာဏ်စဉ်တရားပြည့်စုံပြီလို့ ထင်ရတဲ့သူတွေသာလျှင် သူတို့ကိုယ်တွေ့နှင့် တိုက်ဆိုင်ပြီး သိနားလည်ခြင်း ဆုံးဖြတ်နိုင်ခြင်း အကျိုးရှိပါတယ်။ ဉာဏ်မဖြစ်သေးတဲ့သူတွေ၊ အနည်းငယ် လောက်သာ ဖြစ်ဖူးတဲ့သူတွေအတွက်ကတော့ အကျိုးမများပါဘူး။ နောက်ပြီး တော့ ဉာဏ်ပြည့်စုံပြီလို့ ယုံကြည်ရတဲ့သူများသာ နာခွင့်ပြုတဲ့အတွက် ဉာဏ် ပြည့်စုံခြင်း၊ ဉာဏ်စဉ်တရားကို နာခွင့်ရအောင် ကြိုးစားအားထုတ်ခြင်းဖြင့် အင်မတန် အကျိုးများပါတယ်။

ဉာဏ်က မပြည့်စုံသေးဘဲ ဉာဏ်စဉ်တရားကို နာရလိမ့်မယ်လို့ မျှော်လင့် နေတဲ့ တချို့ယောဂီများမှာတော့ ဉာဏ်စဉ်တရားနာခွင့် မရတာနဲ့ နှလုံးမသာ ခြင်း၊ ဝမ်းနည်းခြင်းဖြစ်တာလည်း ရှိတယ်။ အဲဒီလို နှလုံးမသာတာ ဝမ်းနည်းတာ လည်း မှိုဲသင့်တဲ့ နေက္ခမ္မသိတ ဒေါမနဿပါပဲ။ အဲဒီလို နှလုံးမသာဖြစ်ပြီး ကြိုးစားအားထုတ်သဖြင့် မကြာမီပင် ဝိပဿနာဉာဏ်ပြည့်စုံပြီး ဉာဏ်စဉ်တရား ကိုလည်း နာရတယ်။ နာရတဲ့အခါလည်း သူကိုယ်တိုင် တွေ့ထားတာတွေကို ဖော်ပြ ပြောဆိုနေသလိုပင် ဟောတဲ့ဉာဏ်စဉ်တရားနဲ့ ကိုက်ညီတဲ့အတွက် အင်မတန်ဝမ်းမြောက် ဝမ်းသာစွာနဲ့ မိမိမှာ ပြည့်စုံနေတဲ့ ဉာဏ်ထူးကို ကိုယ်တိုင် ပင် ဆုံးဖြတ်နိုင်ပါတယ်။

(သက္ကပဉှသုတ် တရားတော်)

## သောတာပန်ဟာ လူကို သတ်နိုင်သေးတယ်တဲ့

နိုင်ငံကျော် စာရေးဆရာကြီးတစ်ယောက်ကတော့ သောတာပန်ဂုဏ်တွေ ပျက်အောင် အရမ်းကာရော လျှောက်ရေးထားတာကို တွေ့ရဖူးတယ်။ ယခု တရားနာနေတဲ့ပုဂ္ဂိုလ်တွေထဲကလည်း အချို့က အဲဒီဆရာကြီးရဲ့ ဆောင်းပါးတွေ ကို ဖတ်ဖူးကောင်း ဖတ်ဖူးကြပါလိမ့်မယ်။ သူက စာရေးကောင်းတယ်လို့ မာန်တက်ပြီးတော့ တောင်ရေးမြောက်ရေးနဲ့ သူနဲ့မတန်တာတွေကိုလည်း လျှောက် ရေးနေဘယ်။ ဘယ်အထိရေးသလဲဆိုတော့ သောတာပန်ဟာ လူတစ်ယောက်

အသက်ကို သတ်နိုင်သေးတယ်ဆိုတာအထိ သူကရေးတယ်။ အဲဒီလိုရေးလိုက်တဲ့ အတွက် သောတာပန်ဂုဏ်တွေ ကျသွားလိုက်တာ မပြောပါနဲ့တော့၊ တကတဲ ရေးမှ ရေးပါပေရဲ့၊ ဘုန်းကြီးအနေနဲ့ဖြင့် အဲဒီလို ရေးတာကို အံ့ညြလို့ကို မဆုံးဘူး။

သူက မြန်မာလိုသာ ရေးတာမဟုတ်ဘူး၊ အင်္ဂလိပ်လို မဂ္ဂဇင်းတစ်စောင် ထဲမှာလည်း ရေးထည့်လိုက်သေးတယ်။ အဲဒါကမှ သာပြီးအရုပ်ဆိုးသွားတာပဲ။ နိုင်ငံခြားပုဂ္ဂိုလ်တွေက မြန်မာပြည်ကို အထင်အမြင်သေးကုန်တော့မှာပါပဲလို့ ဘုန်းကြီးတို့က စိုးရိမ်မိပါတယ်။ အဲဒီဆောင်းပါးကို အင်္ဂလိပ်လို မဂ္ဂဇင်းထဲ ထည့်ပေးတဲ့ အယ်ဒီတာတွေလည်း တာဝန်မကင်းဘူး၊ မြန်မာပြည်ရဲ့ ဂုဏ် ကျက်သရေ၊ သာသနာတော်ရဲ့ ဂုဏ်ကျက်သရေကို ယုတ်လျော့ထိပါးစေနိုင်တဲ့ ဒီလိုဆောင်းပါးမျိုးကို ဘာကြောင့်ထည့်ကြသလဲ မပြောတတ်ပါဘူး၊ အမှန်က တော့ ဒီလိုဆောင်းပါးမျိုးကို ရေးတဲ့လူက သူ့ဟာသူ သဘောကျလို့ ရေးပေမယ့် အယ်ဒီတာတွေကတော့ စာစောင်ထဲ ထည့်သွင်းပြီး ကမ္ဘာကို မပြသင့်ပါဘူး။

## သောတာပန်တွေလည်း ဈေးကျကုန်တော့တာပါပဲ

ယခုနေအခါမှာ မြန်မာပြည်က ပရိယတ္တိသာသနာဘက်ကဆိုရင် သင်္ဂါ ယနာတင်သည်အထိ အထက်တန်းအကျဆုံး ဆောင်ရွက်နေတယ်၊ ပဋိပတ္တိ ဘက်ကလည်း မဂ်ရောက် ဖိုလ်ရောက် ကမ္မဋ္ဌာန်းဘာဝနာနည်းတွေကို ကိုယ်တွေ့ ဖြစ်အောင် အထင်အရှား ညွှန်ကြားပြသနေတယ်။ ဒါကြောင့် အနောက်ရော၊ အရှေ့ရော တစ်ကမ္ဘာလုံးမှ နိုင်ငံခြားတွေက ဗုဒ္ဓဘာသာတရားကို အားထုတ်လိုတဲ့ ပုဂ္ဂိုလ်တွေက မြန်မာပြည်ကိုပဲ ဦးတည်ပြီးတော့ လာရောက်ပြီး လေ့လာအားထုတ် နေကြတယ်။ တချို့တလေကတော့ အစပထမက သီရိလင်္ကာနဲ့ အိန္ဒိယလောက် သာ သိလို့ သီရိလင်္ကာ၊ အိန္ဒိယကိုပဲ သွားရောက်စုံစမ်းကြတယ်။ အဲဒီလို စုံစမ်းတော့ အိန္ဒိယမှာဆိုရင် ဗုဒ္ဓဘာသာတရားနဲ့စပ်ပြီး ဘာမျှအကူအညီမရ ကြဘူး။ သီရိလင်္ကာမှာလည်း အားထုတ်နည်းကို ကျကျနနပြနိုင်တာကို မတွေ့ ကြရဘူး။

ဒါနဲ့ အဲဒီအိန္ဒိယ၊ သီရိလင်္ကာတို့က ညွှန်ကြားချက်အတိုင်း နောက်ဆုံးကျ တော့ ဘုန်းကြီးတို့ မြန်မာပြည်ကိုပဲ ရောက်လာကြတယ်။ ဒီလိုရောက်လာပြီး

တရားအားထုတ်ကြတော့လည်း သူတို့စိတ်ထဲမှာ ဝမ်းမြောက်ဝမ်းသာနဲ့ အားရကျေနပ်သွားကြပါတယ်။ အဲဒီလို ပုဂ္ဂိုလ်တွေဟာ ဘုန်းကြီးတို့ သာသနာ့ရိပ်သာဌာန တစ်ခုတည်းကကို တော်တော်များပါပြီ။ ဒီလို မြန်မာပြည်က ဗုဒ္ဓသာသနာတော်နဲ့ စပ်ပြီး အဘက်ဘက်က ရှေ့ဆောင်နေတဲ့ ခေတ်ကာလအချိန်ကြီးမှာ ခုနက ပြောခဲ့တဲ့ စာရေးဆရာကြီးက "သောတာပန် လူကို သတ်နိုင်သေးတယ်" ဆိုတဲ့ သူ့အယူအဆကို ကမ္ဘာဖြန့်ပြီး ပြလိုက်တယ်၊ တကယ့်ကို အံ့စရာပါပဲ။ သူက အဲဒီလို ရေးလိုက်တာနဲ့ သောတာပန်တွေလည်း ဈေးကျကုန်တော့တာပါပဲ။

## အဟိံသာတရား

ဘာကြောင့်လဲဆိုတော့ အိန္ဒိယတိုင်းရင်းသား ဟိန္ဒူတွေက အဟိံသာဆိုတဲ့ တရားကို အင်မတန် အလေးအမြတ်ပြုကြပါတယ်။ အဟိံသာတရားဆိုတာ အသက်ရှိတဲ့ သတ္တဝါကို မညှဉ်းဆဲရ မသတ်ရဘူးဆိုတဲ့ တရားပါပဲ။ သူတော်ကောင်းဆိုရင် သူတစ်ပါးကို မညှဉ်းဆဲ မသတ်ဖြတ်ရဘူးလို့ ဟိန္ဒူဘာသာဝင်တို့က ယူဆထားကြပါတယ်။ ဘယ်ထိအောင်လဲဆိုရင် စိမ်းရှင်နေတဲ့ မြက်ပင် သစ်ပင်များအထိ မညှဉ်းဆဲ မသတ်ဖြတ်ကောင်းဘူးလို့ ယူဆထားကြပါတယ်။ သူတို့အယူမှာ စိမ်းရှင်နေတဲ့ မြက်ပင် သစ်ပင်တွေကိုလည်း ဧကိန္ဒြိယ တွေ့ထိနိုင်ငဲ့ ကာယိန္ဒြေတစ်ပါးရှိတဲ့ သတ္တဝါရယ်လို့ ယူဆထားကြပါတယ်။ ဒါကြောင့် သူတို့နဲ့ မဆန့်ကျင်ရအောင်လို့ မြတ်စွာဘုရားက ရဟန်းများအား မြက် သစ်ပင်ကို မဖျက်ဆီးရဘူးလို့ သိက္ခာပုဒ် ပညတ်ထားခဲ့ပါတယ်။

ဒီလို မညှဉ်းဆဲရတဲ့ အဟိံသာတရားကို အင်မတန် အလေးအမြတ်ပြုနေတဲ့ လောကကြီးထဲမှာ ဗုဒ္ဓဘာသာက တရားအားထုတ်လို့ သောတာပန်အဆင့်ရောက်နေပြီးတဲ့ အထက်တန်းစားပုဂ္ဂိုလ်ကတောင် လူကို သတ်နိုင်သေးတယ်ဆိုလျှင် ကောင်းကြပါတော့မလား၊ တကယ်ဆိုတော့ သတ်လည်းမသတ်နိုင်ပါဘူး။ သတ်နိုင်သေးတယ်ဆိုရင်လည်း အဲဒီလူဟာ သောတာပန် မဟုတ်သေးလို့ပေါ့။ ဒါတွင်မကသေးဘူး၊ သောတာပန်အစစ်ဆိုရင် သူတစ်ပါးဥစ္စာကိုလည်း မခိုးနိုင်တော့ဘူး။ သူတစ်ပါး၏ သားမယားလည်း မပြစ်မှားနိုင်တော့ဘူး။ သူတစ်ပါး အကျိုးမဲ့ဖြစ်အောင်လည်း လိမ်လည်မပြောတော့ဘူး။ မူးယစ်စေတတ်

တဲ့ သေရည်အရက်ကိုလည်း မသောက်စားတော့ဘူး။ ဒါကြောင့် မြတ်စွာဘုရားက သောတာပန်ပုဂ္ဂိုလ်ကို သီလေသု ပရိပူရကာရီ– သီလတို့၌ အကြွင်းမဲ့ အပြည့်အစုံကျင့်တဲ့ပုဂ္ဂိုလ် ဖြစ်ကြောင်းကို ဟောကြားတော်မူခဲ့ပါတယ်။ အဲဒီတော့ ခိုးနိုင်တယ်၊ သူတစ်ပါး သားမယားကို ပြစ်မှားနိုင်တယ်၊ လိမ်နိုင်တယ်၊ သေရည်အရက်ကို သောက်စားနိုင်တယ်ဆိုရင်တော့ အဲဒီလူဟာ သောတာပန်မဟုတ်ဘူးဆိုတာ တထစ်ချ မှတ်ထားကြပေတော့။

## သောတာပန်ဟာ အရက်သောက်နိုင်သေးတယ်တဲ့

ခုနက ပြောခဲ့တဲ့ စာရေးဆရာကြီးကတော့ "သောတာပန်ဟာ သေရည်အရက် သောက်စားသည်အထိ ငါးပါးသီလကို ကျူးလွန်နိုင်သေးတယ်"လို့ သူ့ဆောင်းပါးထဲမှာ ဖော်ပြထားပါတယ်။ ဘာကြောင့် ဒီလိုဆိုနိုင်သလဲဆိုတော့ သူက လူ့ရဲ့စိတ်ဓာတ်သဘာဝကို လေ့လာခဲ့တာ ကြာပါပြီတဲ့။ အဲဒီလို လေ့လာပြီးဖြစ်တဲ့အတွက် သူက ဒီလို ရဲရဲရင့်ရင့် ဆိုနိုင်ပါသတဲ့။ သူ့စိတ်သူ လေ့လာတာ ဖြစ်မှာပေါ့။ သူက သူ့ကိုယ်သူ သောတာပန်လို့ ယူဆထားဟန်တူပါတယ်။ ပြီးတော့ သူက အရက်ကိုလည်း ကြိုက်တတ်တယ်လို့ သတင်းကြားရတယ်။ ဒါကြောင့် သူ့စိတ်နှင့်နှိုင်းပြီး ဆုံးဖြတ်လိုက်ဟန်တူပါတယ်။ ဒါလည်း အံ့သြစရာပါပဲ။ ကိုယ်နဲ့နှိုင်း မရိုင်းဘူးဆိုတဲ့ မြန်မာစကားပုံဟာ အဆင့်အတန်းတူတဲ့ သူ အချင်းချင်းသာ သုံးစွဲရမည့်စကားပုံ ဖြစ်ပါတယ်။

အဆင့်အတန်းမတူရာမှာ ကိုယ်နှင့်နှိုင်းရင် အလွန်ပင် ရိုင်းပါတယ်။ စဉ်းစားကြည့်ပါ၊ ဂဏန်းသင်္ချာကို မသင်ဖူးတဲ့ လူတစ်ယောက်က ဂဏန်းအရာမှာ ပါရဂူရောက် တတ်မြောက်နေတဲ့လူကို ဂဏန်းသင်္ချာနှင့်စပ်ပြီး ငါလိုပဲလို့ ကိုယ်နဲ့နှိုင်းလျှင် အများကြီး လွဲမှားမယ်၊ အများကြီး ရိုင်းမယ်ဆိုတာကို သိနိုင်ပါတယ်။ အဲဒါလိုပါပဲ ပုထုဇဉ်ပုဂ္ဂိုလ်က ကိုယ့်စိတ်နဲ့နှိုင်းပြီး သောတာပန်ကို ဆုံးဖြတ်လျှင် အင်မတန် ရိုင်းပြီး အင်မတန်ပဲ လွဲမှားတတ်ပါတယ်။

အမှန်မှာတော့ သောတာပန်အစစ် တကယ်ဖြစ်နေတဲ့ပုဂ္ဂိုလ်မှာ ခုနက ပြောခဲ့တဲ့ သတိကလေးက အတော်ကို ကောင်းနေပြီ။ ဒါကြောင့် ရုတ်တရက် လောဘဖြစ်လာတယ်ဆိုရင် အဲဒီသတိကလေးက သူ့အလိုလိုဖြစ်ပေါ်လာပြီးတော့ ထိန်းထားလိုက်တယ်၊ ဒီလို သတိကအုပ်ထိန်းလိုက်တဲ့အတွက် လောဘဟာ

အရှိန်ပျက်သွားတယ်၊ အကြီးအကျယ်မဖြစ်ရတော့ဘူး၊ ဒေါသဖြစ်လာရင်လည်း သတိက နည်းတူပဲ အုပ်ထိန်းလိုက်တယ်၊ မောဟတို့ မာနတို့ ဖြစ်လာရင်လည်း သတိက လိုက်ပြီးအုပ်ထိန်းတာပဲ။ ဒါကြောင့် အကုသိုလ်တရားတွေဟာ အလွန် အကဲ အကြီးအကျယ် မဖြစ်ပွားရတော့ဘူး။ သီလသိက္ခာပုဒ်တွေကို ကျူးလွန်နိုင်လောက်အောင် ပြင်းပြင်းထန်ထန် မဖြစ်ရတော့ဘူး။ ဒါကြောင့် သောတာပန်မှာ အပါယ်လားကြောင်း အကုသိုလ်တွေလည်း ငြိမ်းတယ်၊ အပါယ် ၄ ပါးမှလည်း လွတ်တယ်လို့ ယုံကြည်စိတ်ချရတာ၊ ဒါတွေဟာ သတိကလေးကောင်းနေခြင်းရဲ့ အကျိုးတွေပါပဲ။

(အရိယာဝါသ တရားတော်)

## မြတ်စွာဘုရားကိုလည်း ပယ်ရာရောက်တယ်

ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ တဲ့။ ဒါဟာ မြတ်စွာဘုရားကိုယ်တော်တိုင်ဟောထားတဲ့ သတိပဋ္ဌာနသုတ်ပါဠိပါပဲ။ ဒီပါဠိရဲ့အနက်ကတော့ ဂစ္ဆန္တော ဝါ– သွားသည်ရှိသော်လည်း၊ ဂစ္ဆာမီတိ– သွားသည်ဟူ၍၊ ပဇာနာတိ– သိ၏တဲ့။ သွားသည်ရှိသော် သွားသည်ဟု သိ၏။ သွားလျှင် သွားသည်ဟု သိပါတဲ့။ ဒီလို လွယ်လွယ်ကလေး ဟောထားပါတယ်။ သွားသည်ရှိသော် အတွင်းသားရုပ်တွေ နာမ်တွေ ဓာတ်တွေ ကလာပ်တွေကို ခွဲခြမ်းစိတ်ဖြာပြီး သိ၏လို့ ဒီလို ခက်ခက်ခဲခဲ မဟောခဲ့ပါဘူး။ လူတိုင်း လူတိုင်း အားထုတ်နိုင်အောင် မြတ်စွာဘုရားက "သွားလျှင် သွားသည်ဟု သိ၏" လို့ ဒီလိုလွယ်လွယ်ပဲ ဟောခဲ့ပါတယ်။ "ဂစ္ဆာမိ ဣတိ– သွားသည်ဟူ၍၊ ပဇာနာတိ– သိ၏"လို့ ဟောထားရာမှာ ဂစ္ဆာမိဆိုတဲ့ ပုဒ်ပါတယ်နော်၊ အဲဒီပုဒ်ကို အထူးသတိပြုဖို့ အရေးကြီးပါတယ်။ ပါဠိမှာ ဂစ္ဆာမိ လို့ဆိုရင် မိမိကိုယ်တိုင်နဲ့ ဆိုင်ပါတယ်။ ငါသွား၏လို့ မြန်မာပြန်ရပါတယ်။ "ဂစ္ဆသိ" လို့ဆိုရင် အပြန်အလှန် ပြောဆိုဖက်ပုဂ္ဂိုလ်နဲ့ ဆိုင်ပါတယ်။ "သင် သွား၏" လို့ ပြန်ဆိုရပါတယ်။ ဂစ္ဆတိ လို့ဆိုရင် ငါနှင့် သင်တို့မှတစ်ပါး အခြားပုဂ္ဂိုလ် အရာဝတ္ထုများနဲ့ ဆိုင်ပါတယ်။ "သူ သွား၏၊ လူ သွား၏၊ နတ် သွား၏၊ ရဟန်း သွား၏၊ ရုပ် နာမ် သွား၏" စသည်ဖြင့် ရည်ရွယ်ချက်အားလျော်စွာ ပြန်ရပါတယ်။ ပါဠိသဒ္ဒါနည်းက အဆုံးမှာ တိဝိဘတ်နဲ့ဆိုရင် နာမယောဂ တဲ့။ ဂစ္ဆတိ– သူသည်သွား၏လို့ ပြန်ရပါ

တယ်။ အဆုံးမှာ မိ ဝိဘတ်နှင့်ဆိုရင် အမှယောဂ တဲ့။ ဂစ္ဆာမိ- ငါသည် သွား၏လို့ ပြန်ရတယ်။ "ဒီလို အနက်ပြန်ရတယ်" ဆိုတာကို ယခု ဒီသန်လျင် မင်းကျောင်း စာသင်တိုက်က ရဟန်းတော်တွေ အကုန်လုံးသိကြပါတယ်။ သဒ္ဒါကို သင်နေတဲ့ ရှင်ငယ် သူငယ်ကလေးတွေလည်း အာချာတ်ပိုင်းကို ရောက်ရင် သိကြတော့တာပါပဲ။

## သန်လျင်က ထွက်တဲ့စာအုပ်ကြီး

ယခု သတိပဋ္ဌာန်သုတ်မှာ ဟောထားတာက မိ ဝိဘတ်နဲ့ ဂစ္ဆာမိနော်၊ တိ ဝိဘတ်နဲ့ ဂစ္ဆတိ မဟုတ်ဘူး။ ဒီတော့ ဒီဂစ္ဆာမိကို မြန်မာပြန်ရင် "ငါ သွား၏" လို့ပဲ ပြန်ရတယ်။ "သူ သွား၏" လို့လည်း မပြန်ရဘူး။ "ရုပ် နာမ် သွား၏" လို့လည်း မပြန်ရဘူး။ ဒါကြောင့် လယ်တီဆရာတော်ဘုရားကြီးက အနတ္တဒီပနီကျမ်း အစနားမှာ ဣရိယာပုထ်ရှုပုံကို "သွားခြင်း ဣရိယာပုထ်၌ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ငါသွား၏ ငါသွား၏ ဟု ခြေ၌တည်သောစိတ်ကို ဖြစ်စေ၍ သွားရမည်။ ခြေတစ်လှမ်းမျှ အမှတ်တမဲ့ မလှမ်းမိစေနှင့်" စသည်ဖြင့် ညွှန်ပြထားပါတယ်။

အဲဒါကို မကြာမီ တစ်နှစ်ကျော်လောက်က ထွက်လာတဲ့ ကျမ်းစာအုပ်ကြီးတစ်ခုက ပယ်ထားတယ်၊ စာအုပ်ကြီးက စာမျက်နှာ ၈၄၀ လောက် ရှိပါတယ်။ အဲဒီစာအုပ်ကြီးက မြန်မာပြည်မှာရှိတဲ့ ဝိပဿနာနည်းတွေကို အကုန်လုံး လိုလိုပဲ ပယ်သွားပါတယ်။ လယ်တီဆရာတော်ကြီးရဲ့ "ငါ သွား၏" ဆိုတဲ့ ရှုပုံကို ပထမဆုံး စပြီးတော့ပယ်ထားတာကို တွေ့ရပါတယ်။ ဘာကြောင့်ပယ်ရသလဲဆိုတော့ ငါဆိုတဲ့ ဝေါဟာရ ပါနေလို့ပါပဲတဲ့။ အဲဒါဟာ သေသေချာချာ စိစစ်လျှင် ဂစ္ဆာမိဟူသော အမှယောဂနဲ့ ဟောတဲ့မြတ်စွာဘုရားကိုပါ ပယ်ရာ ရောက်ပါတယ်။ မြတ်စွာဘုရားက ဟောတဲ့အတွက် လယ်တီဆရာတော်ကြီးက ငါသွား၏ လို့ သဒ္ဒါနည်းအရ အတိအကျ ဘာသာပြန်ထားတာပဲ။ ဂစ္ဆာမိပုဒ်ကို "ငါသွား၏" လို့ ပြန်တာ မှားတယ်လို့ ဘယ်စာတတ်ပုဂ္ဂိုလ်က မဆိုနိုင်ပါဘူး။ ဒီတော့ ငါသွား၏ဆိုတဲ့ မြန်မာပြန်ကို မသင့်ဘူးလို့ ပယ်လိုက်ရင် ဂစ္ဆာမိလို့ ဟောတဲ့မြတ်စွာဘုရားကိုလည်း ပယ်ရာရောက်ပါတယ်။ ဒီ ရှင်းလင်းချက်ကို ထည့်သွင်းပြီး ပြောရတာကလည်း တခြားကြောင့်မဟုတ်ပါဘူး၊

အဲဒီလိုပယ်တဲ့ ကျမ်းစာအုပ်ကြီးက ဒီသန်လျင်မြို့က ထွက်တဲ့စာအုပ်ကြီး ဖြစ်တဲ့အတွက် ဘုန်းကြီးက ယခုဖော်ပြမည့် ရိုးရိုးကလေး လွယ်လွယ်ကလေး ဘုရားဟောထားတဲ့ သတိပဋ္ဌာန်နည်းမှာ သံသယကင်းစေလိုတဲ့အတွက်ပဲ ဖြစ်ပါတယ်။

(အရိယာဝါသ တရားတော်)

## တွေ့ပြီး သိမှ ဉာဏ်အစစ်

အချို့က ဒီလိုလည်း အကြံဉာဏ်ပေးကြသေးတယ်၊ "တရားအားထုတ်မည့် ပုဂ္ဂိုလ်တွေကို ရုပ်သဘော နာမ်သဘောတွေ အနိစ္စ ဒုက္ခ အနတ္တသဘောတွေ အသေးစိတ် အကျယ်သင်တန်းပေးထားရင် ပိုပြီးတော့ ထင်လွယ်မြင်လွယ်မယ်လို့ အကြံဉာဏ်ပေးကြတယ်။ အဲဒါက သူတို့အထင်မျှပါပဲ။ သင်တန်းပေးထားလို့ ထင်မြင်တာတွေက သညာသိတွေပဲ၊ ကိုယ်တိုင်တွေ့ပြီး သိတဲ့သညာသိမဟုတ်ပါဘူး။ စိတ်နဲ့ညွှတ်ပြီးတော့ မဟုတ်တာတွေကိုလည်း အဟုတ်ထင်လာတတ်တယ်။ ဒါကြောင့် အဲဒီလိုစိတ်ညွှတ်ပြီး ယူတာတွေဟာ မကောင်းပါဘူး။ ဗုဒ္ဓသာသနာကို မယုံကြည်တဲ့လူတွေက ကမ္မဋ္ဌာန်း ဘာဝနာအလုပ်ကို အထင်အမြင်သေးနေကြတာလည်း ရှိပါတယ်။ သူတို့က ဘယ်လိုပြောကြသလဲဆိုတော့ ဗုဒ္ဓဘာသာဝင်တွေဟာ အနိစ္စ ဒုက္ခ အနတ္တလို့ ထင်မှာပေါ့၊ စောစောကတည်းက ဆရာ သင်ကြားထားတဲ့အတိုင်း စိတ်နဲ့ညွှတ်ယူနေကြတာပဲ။ စိတ်ညွှတ်ရင် ညွှတ်တဲ့အတိုင်း ထင်မှာပေါ့လို့ သူတို့က ပြောတတ်ကြပါတယ်။

အဲဒီလို ပြောကြတာဟာ ဘုန်းကြီးတို့ တပည့်ယောဂီတွေတော့ မဆိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဘုန်းကြီးတို့က ရုပ် နာမ်အကြောင်း အနိစ္စ ဒုက္ခ အနတ္တအကြောင်းကို သာမညလောက်သာ ပြောပြထားပါတယ်။ "ရုပ်လို့ နှလုံးသွင်းရမယ်၊ နာမ်လို့ နှလုံးသွင်းရမယ်၊ မွမွရွရွလို့ နှလုံးသွင်းရမယ်၊ အနိစ္စလို့ နှလုံးသွင်းရမယ်။ ဒုက္ခ အနတ္တလို့ နှလုံးသွင်းရမယ်။ ဖြစ်တယ် ပျက်တယ်လို့ နှလုံးသွင်းရမယ်" စသည်ဖြင့် တမင်စိတ်ညွှတ်ပြီး ရှုဖို့ညွှန်ကြား မထားပါဘူး။ ထင်ရှားပေါ်လာသမျှကို သူပေါ်လာတဲ့အတိုင်းပဲ ရှုဖို့သာ ညွှန်ကြားထားပါတယ်။ အဲဒီလို ပေါ်လာသမျှကို ရှုရုံမျှ ရိုးရိုးကလေး မှတ်နေရုံမျှနဲ့ ရုပ်က တခြား နာမ်က တခြား ကွဲပြားပြီး သိလာပုံကို အားထုတ်တဲ့ ယောဂီတွေက သူ့အလိုလိုပဲ ပြောလာကြတယ်၊ ပေါ်လာသမျှ အာရုံတွေရော မှတ်သိတဲ့စိတ်တွေရော မှတ်ရင်း

မှတ်ရင်း ပျောက်ပျောက်သွားပုံကိုလည်း တွေ့သိနေကြောင်း သူ့အလိုလိုပဲ ပြော လာကြတယ်၊ အဲဒီလို ကိုယ်တိုင်တွေ့သိပြီး သိမှ ဉာဏ်အစစ် ဖြစ်တာ၊ ဒီတော့မှ ဘုန်းကြီးတို့က ဒေသနာတော်နဲ့ ညှိပြီးတော့ ဒီလိုသိတာက ရုပ်ကို ပိုင်းခြားသိတာ၊ ဒီလိုသိတာက နာမ်ကို ပိုင်းခြားသိတာ၊ ဒီလိုသိတာက အဖြစ်အပျက်ကိုသိတာ၊ ဒီလိုသိတာက အနိစ္စကိုသိတာ စသည်ဖြင့် အမည်တပ် ပြီး ဟောပြပေးပါတယ်။ ဒါကြောင့် ဘုန်းကြီးတို့တပည့်ယောဂီတွေမှာတော့ စိတ်ညွှတ်ယူလို့ထင်တာ မဟုတ်ပါဘူး။ တကယ်ဟုတ်မှန်တဲ့အတိုင်း ကိုယ်တိုင် တွေ့ပြီး သိကြတာ ဖြစ်ပါတယ်။

(အရိယာဝါသ)

## အနုလောမဉာဏ်

တမ္ဗဒါဌိကဝတ္ထုမှာ တမ္ဗဒါဌိကဟာ အရှင်သာရိပုတ္တရာရဲ့ ပရိယာယ် မေးခွန်းကြောင့် စိတ်အေးချမ်းပြီးတော့ ရိရိသေသေနဲ့ စူးစိုက်ပြီး တရားနာနေ ပါတယ်။ အရှင်သာရိပုတ္တရာကလည်း အစဉ်အတိုင်း သီလ သမာဓိ ပညာတွေ ကို ဟောသွားပါတယ်။ ဒါကြောင့် တမ္ဗဒါဌိကဟာ တရားနာနေရင်း နှလုံးသွင်း ပြီး လိုက်သွားတဲ့အတွက် အနုလောမဉာဏ်ကို ရသွားပါသတဲ့။ အနုလောမ ဉာဏ်ဆိုတာ ၃ မျိုးရှိတယ်။ အနိစ္စ ဒုက္ခ အနတ္တကို သုံးသပ်ဆင်ခြင်တဲ့ သမ္မသနဉာဏ်မှ စပြီးတော့ ဝိပဿနာဉာဏ်အားလုံးကို အနုလောမဉာဏ်လို့ ခေါ်တာလည်း ရှိတယ်၊ မဂ်ရောက်ခါနီး သင်္ခါရုပေက္ခာအရင့်ပိုင်းကို အနုလောမ လို့ ခေါ်တာလည်း ရှိတယ်၊ မဂ်ဝီထိထဲက အနုလောမဉာဏ်ဆိုတာလည်း ရှိတယ်။

အဲဒီ ၃ မျိုးထဲမှာ တမ္ဗဒါဌိက ရသွားတာကို ဘယ်ဉာဏ်လဲလို့ အတိ အကျ ဆုံးဖြတ်ဖို့ကတော့ မလွယ်ပါဘူး။ ဓမ္မပဒအဋ္ဌကထာမှာ သောတာပတ္တိ မဂ္ဂဿ ဩရတော သောတာပတ္တိမဂ်ရဲ့ အောက်ဘက်က အနုလောမဉာဏ် လို့ ဆိုထားတာကို ထောက်ဆကြည့်ရင်တော့ သောတာပတ္တိမဂ်ရောက်လုနီးမှာ ဖြစ်တဲ့ သင်္ခါရုပေက္ခာ အရင့်ပိုင်းဉာဏ်ကို ဆိုလိုဟန် ရှိပါတယ်။ ဘာကြောင့် လဲဆိုတော့ သမ္မသနဉာဏ်ကို ဆိုလိုရင် ဥဒယဗ္ဗယဉာဏ် မရောက်မီလို့ရင်လည်း ဆိုဖွယ်ရှိပါတယ်။ သို့မဟုတ် တရုဏဝိပဿနာ လို့ရင်လည်း ဆိုဖွယ်ရှိပါတယ်။

အလွန်ဝေးတဲ့ သောတာပတ္တိမဂ်နဲ့တော့ ထောက်ပြီးဆိုဖွယ်မရှိပါဘူး။ ဒါကြောင့် သောတာပတ္တိမဂ်၏ အောက်ဘက်က အနုလောမဉာဏ်လို့ဆိုတဲ့ ဓမ္မပဒအဋ္ဌကထာ အလိုအားဖြင့် သောတာပတ္တိမဂ်နဲ့ မဝေးလှတဲ့ သင်္ခါရုပေက္ခာဉာဏ် အရင့်ပိုင်း ကို ဆိုလိုတယ်လို့ ယူသင့်ပါတယ်၊

ဒီလို ယူရတာများ ရှိပါရဲ့လားလို့ဆိုရင် ရှိပါတယ်။ ဘုရားအလောင်း တော်များဟာ မြတ်စွာဘုရား၏ သာသနာမှာ ဝင်ပြီးရဟန်းပြုလျှင် အနုလောမ ဉာဏ်အထိ ဝိပဿနာကို ပွားများအားထုတ်တယ်လို့ အဋ္ဌကထာများမှာ ပြဆို ထားပါတယ်။ အဲဒီလိုဆိုရာမှာ မဂ်ဝီထိထဲက အနုလောမဉာဏ်ကိုတော့ မယူရ ပါဘူး။ မဂ်ဝီထိထဲက အနုလောမဉာဏ်ကိုရောက်ရင်တော့ မဂ်ဖိုလ်ကိုလည်း တစ်ခါတည်း ရောက်သွားတော့တာပါပဲ။ အနုလောမဉာဏ်တွင် ရပ်တန့်နေရိုး မရှိပါဘူး။ ပြီးတော့ ဘုရားအလောင်းဆိုတာလည်း ဘုရားဖြစ်မည့် နောက်ဆုံးဘဝ ဘုရားဖြစ်မည့်အချိန်ကျမှသာ မဂ်ဖိုလ်ကို ရောက်နိုင်ပါတယ်။ ရှေးရှေး စောစော ဘဝတွေတုန်းကတော့ မဂ်ဖိုလ်ကို မရောက်နိုင်ပါဘူး။ ဒါကြောင့် အနုလောမ ဉာဏ်လို့ဆိုပေမယ့် ဘုရားအလောင်းတော်များ နှစဉ်ဘဝက ရောက်တယ်ဆိုတဲ့ အနုလောမဉာဏ်ဟာ သင်္ခါရုပေက္ခာ အရင့်ပိုင်းဉာဏ်လို့သာ ယူရပါတယ်။ ယခု တမ္ဗဒါဌိက ရသွားတယ်ဆိုတဲ့ အနုလောမဉာဏ်ကိုလည်း နည်းတူပဲ ယူသင့်ပါတယ်။

ယခုပြောနေတဲ့ ''ဖြစ်တိုင်း မှတ်ရှု သတိပြု စောင့်မှုအစဉ်ထား'' ဆိုတဲ့ အရိယဝါသ တရားတော်နဲ့ စပ်ပြီးပြောရရင်တော့ ဝိပဿနာဉာဏ် သာမန်ကို ယူလျှင်လည်း ယူသင့်ပါတယ်။ သမ္မသနဉာဏ်ကိုယူလျှင်လည်း သင့်ပါတယ်။ ယူချင်ရာ ယူနိုင်ပါတယ်။

(အရိယာဝါသ)

## ပူးကပ်ပြီး ဇေ့သတ်တယ်လို့လည်း

တမ္ဗဒါဌိကလည်း အရှင်သာရိပုတ္တရာကို လိုက်ပို့ပြီး လမ်းခုလတ်က ပြန်လာတဲ့အခါမှာ ရှေးဘဝဟောင်းတွေက ရန်ငြိုးဖွဲ့လာခဲ့တဲ့ ဘီလူးမက နွားမ ယောင်ဆောင်ပြီး ဇေ့သတ်လို့ သေဆုံးသွားရှာသတဲ့။ ဒီနေရာမှာ နွားမ ယောင်ဆောင်ပြီး ဇေ့သတ်တယ်ဆိုတာကို မကြိုက်ရင် နွားမှာ ပူးကပ်ပြီး ဇေ့သတ်တယ်လို့ ဒီလိုလည်း ယူနိုင်ပါတယ်။ ဒါက ဘာကြောင့် ပြောရသလဲ

ဆိုတော့ ယခုကာလမှာ ဝေဖန်တဲ့လူတွေက ပေါလွန်းလို့ ကျမ်းဂန်ထဲမှာ ရှိတဲ့အတိုင်း အတိအကျပြောလိုက်ရင် ယုတ္တိရှိမရှိ ဝေဖန်တတ်ကြလို့ ယခုခေတ်လူတွေရဲ့အမြင်နဲ့ ပြင်ယူချင်လည်း ယူရအောင် ပြောရတာပါပဲ။ သူ့ကျမ်းစာအဆိုကတော့ နွားမယောင်ဆောင်ပြီး ဖော့သတ်တယ်လို့ပဲ ရှိပါတယ်။

(အရိယာဝါသ)

## လူသေပြီးရင် လူသာ ပြန်ဖြစ်သတဲ့

ယခုနေအခါမှာ ရုပ်ဝါဒကို သဘောကျပြီးတော့ တမလွန်ဘဝ မရှိဘူးလို့ယူတဲ့ပုဂ္ဂိုလ်တစ်ဦးက ဘုရားဟောတရားလိုလို ဘာလိုလိုနဲ့ လူတွေယောင်ဝါးဝါးဖြစ်ကုန်အောင် ကျမ်းစာတွေရေးထုတ်ပြီး ဒီလိုအပြောမျိုးတွေကို ပြောနေတယ်လို့ကြားရတယ်။ သူပြောပုံက "သက်ရှိသတ္တဝါတွေထဲမှာ လူဟာ အမြင့်ဆုံး၊ အရင့်ဆုံး၊ အဆင့်အတန်း ရောက်နေတဲ့အတွက် လူသေရင် တစ်ဖန်ဖြစ်တောင်မှ လူသာဖြစ်နိုင်တယ်၊ လူ့ထက်ညံ့တဲ့ ဘဝမျိုး မဖြစ်နိုင်တော့ဘူး" တဲ့။ သူပြတဲ့အကြောင်း ယုတ္တိကတော့ မန်ကျည်းစေ့က မန်ကျည်းပင်သာ ပေါက်နိုင်တယ်၊ တမာပင် မပေါက်နိုင်ဘူး၊ မြေဓာတ်က ပြောင်းလဲလာခဲ့တဲ့ ရွှေဓာတ်ဟာ တစ်ဖန်ပြန်ပြီး မြေဓာတ်မဖြစ်နိုင်တော့ဘူး။ အဲဒါများလိုပါပဲတဲ့။ ဒီလိုအပြောမျိုးတွေကတော့ ဗုဒ္ဓဘာသာဝင်တွေကို ရုပ်ဝါဒဘက် ညွတ်သွားအောင်လို့ ဗုဒ္ဓမြတ်စွာ၏ တရားစစ် တရားမှန်တွေလည်း ရုပ်ပျက်ဆင်းပျက်နဲ့ ပျက်ကုန်အောင်လို့ ပြောဆိုချက်တွေပါပဲ။ ဒီလိုပြောတဲ့သူတွေကိုတော့ "မာရပက္ခိယ– မာရ်နတ်၏ဘက်တော်သားတွေ" လို့သာ မှတ်ကြပေတော့။

မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း တရားအစစ်အမှန်ကတော့ ပုဂ္ဂိုလ်သတ္တဝါရယ်လို့ အကောင်အထည်ဆိုတာ မရှိပါဘူး။ ဒါကြောင့် အကြီးအငယ်ပုံသဏ္ဌာန်လည်း မရှိပါဘူး။ ရုပ်နာမ်အစဉ်မျှသာ ရှိပါတယ်။ အဲဒီရုပ်နာမ်နှစ်ပါးထဲမှာလည်း နာမ်အစဉ်က ပြဋ္ဌာန်းပါတယ်။ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မှာ မသိမှု အဝိဇ္ဇာကြောင့် ပြုလုပ်မှုသင်္ခါရ ဖြစ်တယ်၊ သင်္ခါရကြောင့်ဘဝအသစ် စိတ်ဝိညာဏ်ဖြစ်တယ် စသည်ဖြင့် ဟောထားပါတယ်။ ဒီတော့ဘဝအသစ်ဖြစ် ရာမှာ ဘဝဟောင်းက ရုပ်တွေရော အဲဒီရုပ်တွေရဲ့ အစွမ်းသတ္တိရော ဘာမျှလိုက်ပါမလာဘူး။ စိတ်နာမ်ရဲ့ အရှိန်အဝါမျှသာ လိုက်ပါလာပါ

တယ်။ စိတ်ဆိုတာလည်း ငယ်တယ် ကြီးတယ်လို့ ထူးခြားခြင်း မရှိပါဘူး။ ဒါကြောင့် ဆင်ကြီးရဲ့စိတ်နဲ့ ကမျဉ်းနီကောင်ကလေးရဲ့စိတ်ဟာ အတူတူပါပဲ။ ဘယ်ဟာကမှ ပိုပြီးတော့ ကြီးလည်းမကြီးဘူး၊ ငယ်လည်းမငယ်ဘူး။ ပြီးတော့ သာမန်ပုထုဇဉ်ရဲ့ စိတ်နဲ့ နွား ခွေးအစရှိတဲ့ တိရစ္ဆာန်တို့ရဲ့စိတ်ဟာလည်း မထူးခြားလှပါဘူး။ ရင့်နေလို့ ပြန်မလျှော့နိုင်တဲ့စိတ်ရယ်လို့ မရှိပါဘူး။ ဒါကြောင့် တချို့လူတွေဟာ မူလကစိတ်နေစိတ်ထားကောင်းတဲ့ လူကြီးတစ်ယောက် ဖြစ်ပါလျက်နဲ့အကြောင်း တစ်မျိုးမျိုးကြောင့် စိတ်ဖောက်ပြန် ရူးသွပ်သွားကြတာတွေလည်း ရှိနေပါတယ်။ ပြီးတော့ ခွေးရူးကိုက်လို့ ခွေးရူးပြန်သွားတဲ့လူတွေမှာ ခွေးစိတ်ပေါက်နေတာကိုလည်း ထင်ရှားတွေ့ရပါတယ်။ ဒါကြောင့် လူက သေပြီးနောက် လူထက်ညံ့တဲ့ဘဝ မဖြစ်နိုင်ဘူးဆိုတာဟာ အသင့်ယုတ္တိလည်း မရှိပါဘူး။ ဗုဒ္ဓဘာသာတရားတော်နဲ့လည်း ဆန့်ကျင်ပါတယ်။

အမှန်ကတော့ စိတ်ဆိုတာဟာ သဒ္ဓါ သတိ အစရှိသော တရားကောင်းတွေနဲ့ ပွားများ ထုံပေးလျှင် တိုးတက်ရင့်သန်လာပါတယ်။ ဒါကြောင့် သေခါနီး သဒ္ဓါ သတိအစရှိသော တရားကောင်းတွေနဲ့ အထုံရလာလျှင် သေသည်၏ အခြားမဲ့မှာ စင်ကြယ်မြင့်မြတ်တဲ့ စိတ်ဝိညာဉ်ကလေး ဖြစ်ပေါ်လာပါတယ်။ အဲဒီလို စိတ်က ဘယ်မှာဖြစ်သလဲဆိုရင် လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝဆိုတဲ့ သုဂတိ ဘဝတွေမှာ ဖြစ်ပါတယ်။ ပြီးတော့ ဒီစိတ်ကို လောဘ ဒေါသအစရှိသော တရားဆိုးတွေနဲ့ ပူးတွဲထားရင် ဆိုးညစ်တဲ့စိတ်တွေဖြစ်လာပြီးတော့ အဆင့်အတန်း လျှောကျသွားပါတယ်။ ဒါကြောင့် သေခါနီးမှာ လောဘ ဒေါသအစရှိသော တရားဆိုးတွေနဲ့ ညစ်နွမ်းလာခဲ့လျှင် သေသည်၏အခြားမဲ့မှာ ယုတ်ညံ့တဲ့စိတ် ဝိညာဉ်ကလေး ဖြစ်ပေါ်သွားပါတယ်။ အဲဒီလိုစိတ်က ဘယ်မှာဖြစ်သလဲဆိုရင် ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်ခေါ်တဲ့ အပါယ်ဘဝတွေမှာ ဖြစ်ပါတယ်။

(အရိယာဝါသ)

## နငယ်ကို အမြီးဆွဲနေကြသူတွေ

ဂစ္ဆန္တော ဝါ– သွားသည်ရှိသော်လည်း၊ ဂစ္ဆာမီတိ– သွားသည်ဟူ၍၊ ပဇာနာတိ– သိ၏၊ သွားရင် သွားတယ်လို့ သိရမယ်တဲ့။ ဒါပါပဲ။ သွားရင် သွားတယ်လို့ သိရမယ်ဆိုတာ ဘာခက်လဲ ဘာမျှမခက်ဘူး။ မခက်တော့

ဒါကို တချို့က တရားမဟုတ်ဘူး ထင်နေကြတယ်။ ဘုရားဟောသွားလို့သာပေါ့။ ဘုရားဟောမဟုတ်လို့ရှိရင် ဒီဟာကို အကုန်လုံးတောင် ပယ်ပစ်လိုက်ဦးမယ်။ ဘုရားဟောတာတောင်မှ "ဒီလိုက မဟုတ်သေးဘူး၊ ဟိုလိုက မဟုတ်သေးဘူး" ဆိုပြီး အညွန့်တက်လိုက်ချင်ကြသေးတယ်၊ ဘာနဲ့တူသလဲဆိုတော့ နငယ်ကို အမြီးဆွဲတဲ့ အယ်ဒီတာနဲ့တူနေပါတယ်။ ပြင်စရာက မရှိတော့ နငယ်ကို အမြီးတိုသေးတယ် ဆိုပြီး ပြင်လိုက်သတဲ့။ အဲဒါလိုပါပဲ "ဂစ္ဆန္တော ဝါ သွားသည်ရှိသော် ဆိုရာမှာ သွားတာကို သွားတယ်လို့ ရှုရင် ခြေထောက်ကားရားကိုယ်ကားရားနဲ့ ဖြစ်နေမှာပေါ့။ ဒါ ပညတ်တွေပဲ၊ ပရမတ်မဟုတ်သေးဘူး" ဆိုပြီးတော့ ပြင်ကြသေးတယ်။ အဲဒါ နငယ်ကို အမြီးဆွဲတာပါပဲ။ ဘုရားဟောထားတာပဲ၊ ပြင်စရာမလိုပါဘူး။ ပရမတ်နာမ်ရုပ်တွေကို တွေးဆပြီး ရှုသင့်ရင်မြတ်စွာဘုရားက တစ်မျိုးပြင်ပြီး ဟောမှာပေါ့။ ဘယ်နှယ်တုံးဆိုရင် "ဂစ္ဆန္တော ဝါ နာမရူပန္တိ ပဇာနာတိ၊ ဂစ္ဆန္တော ဝါ သွားသည်ရှိသော်လည်း၊ နာမရူပန္တိ- နာမ်ရုပ်ဟူ၍၊ ပဇာနာတိ- သိ၏" လို့ ဒီလိုပြင်ပြီး ဟောခဲ့မှာပေါ့။

(အရိယာဝါသ)

## အာနာပါနရှုရာ၌ သမထ ဝိပဿနာ ကွာခြားပုံ

ဈာန်ရသူဖြစ်စေ မရသူဖြစ်စေ ထွက်သက် ဝင်သက်၌ ပုံသဏ္ဌာန်နိမိတ်ကို မှန်းဆ၍ ရှုလျှင် သမထသာဖြစ်၏။ ဝိပဿနာမဖြစ်။

တွေ့ထိ လှုပ်ရှားမှုကိုသာ ပဓာနပြု၍ ရှုလျှင် ဝိပဿနာဖြစ်၏။ ဈာန လမ်း သမထ မဖြစ်။

(ဝိပဿနာ ရှုနည်းကျမ်း ပထမတွဲ)

## အရုဏ်တက်ချိန်

ယာဝကာလိက ဆိုရင် နံနက်အရုဏ်တက်ပြီးမှ အကပ်ခံပြီး သုံးဆောင်ရတယ်။ အရုဏ်မတက်ခင်က အကပ်ခံထားရင် အရုဏ်တက်တဲ့အခါ "သန္နိဓိ" ဖြစ်သွားတယ်။ အဲဒါကို မစားကောင်းတော့ဘူး။ စားရင် သန္နိဓိ သိက္ခာပုဒ်အရ ပါစိတ်အာပတ် သင့်တယ်။ အရုဏ်မတက်ခင် စားရင်တော့ ဝိကာလဘောဇနာ သိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်တယ်။ တစ်နေ့လုံး တစ်ညလုံး မစားဘဲ

ရှောင်ကြဉ်လာခဲ့ပြီးမှ အရုဏ်တက်ခါနီး တစ်နာရီခန့် နာရီဝက်ခန့်အတွင်းမှာ စားသုံးမိလို့ အာပတ်သင့်ရတယ်ဆိုရင် တစ်နေ့လုံး တစ်ညဉ့်လုံး ရှောင်ကြဉ်လာခဲ့တာတွေဟာ အလကားလို ဖြစ်သွားတယ်။ ဝမ်းနည်းစရာပဲ။

ဝိနယာလင်္ကာရဋီကာမှာ အရုဏ်တက်ချိန်နှင့်စပ်ပြီး ဆုံးဖြတ်ထားတာ ရှိပါတယ်။ သင့်လည်း သင့်ပါတယ်။ နေမထွက်မီ ၁ နာရီ၊ ၂ နာရီခန့်ဖြင့် အရုဏ်တက်သည်ဟု သတ်မှတ်အပ်ကြောင်း ပြဆိုထားပါတယ်။ အဲဒီမှာ တစ်နာရီ နှစ်နာရီဆိုတာက ဘာနာရီလဲဆိုရင် အဲဒီဋီကာရေးတဲ့ခေတ်တုန်းက မြန်မာပြည်မှာ စက်နာရီမပေါ်သေးဘူး။ နေ့နာရီ ၃၀၊ ညဉ့်နာရီ ၃၀ ဆိုတဲ့ မြန်မာနာရီကို အသိအမှတ်ပြုနေတဲ့အခါ ဖြစ်တယ်။ ဒါကြောင့် အဲဒီဋီကာမှာ ပြဆိုထားတဲ့ နာရီဟာ မြန်မာနာရီဖြစ်ကြောင်း သိသာပါတယ်။ အဲဒီ မြန်မာနာရီ ၁ နာရီမှာ ယခု စက်နာရီဖြင့် ၂၄ မိနစ်ရှိတယ်။ ဒါကြောင့် မကြာမီက မင်းဘူးမှ ဆရာတော်တစ်ပါးက ရေးသားစီရင်တဲ့ "အရုဏ်တက်ချိန် အဆုံးအဖြတ်" စာအုပ်မှာ နေမထွက်မီ ၂၄ မိနစ်၌ အရုဏ်တက်ကြောင်း ဆုံးဖြတ်ထားပါတယ်။

ဒါပေမဲ့ နေထွက်ပုံကို ထင်ရှားမြင်ရတဲ့အရပ်မှာဆိုရင် မိမိတို့၏မျက်မြင်ဖြင့်ပင် နေမထွက်မီ မည်မျှလောက်အချိန်က အရုဏ်ရောင် ထွက်ပေါ်လာတယ်ဆိုတာကို ဆုံးဖြတ်နိုင်ပါတယ်။ အရုဏ်ရောင်ဆိုတာ နေမထွက်မီက ပေါ်လာတဲ့ နေ၏အရောင်ဖြစ်ကြောင်း အဘိဓာန်ကျမ်းစသည်မှာ "သူရဿောဒယတော ပုဗ္ဗဋ္ဌိတရံသိ သိယာရုဏော" စသည်ဖြင့်လည်းကောင်း၊ "အရုဏော ကိဠိရတ္တော" ဟူ၍လည်းကောင်း ပြဆိုထားပါတယ်။ ဒါကြောင့် နံနက်လင်းစပြုတဲ့အချိန်မှာ နေထွက်မည့်အရပ်ဆီသို့ စောင့်မျှော်ကြည့်နေရင် နေမထွက်မီ မိနစ် ၅၀ ခန့်လောက်မှာ စဉ်းငယ်နီသောအရောင် ပေါ်လာတာကို တွေ့ရပါလိမ့်မယ်။ အဲဒီ စဉ်းငယ်နီတဲ့အရောင် ပီပီသသ ပေါ်လာတဲ့အချိန်ကို "အရုဏ်တက်ချိန်" လို့ မှတ်ယူနိုင်ပါတယ်။ စက်နာရီအလိုအားဖြင့် နေမထွက်မီ မိနစ် ၅၀ ခန့်အချိန်မှာ အဲဒီအရုဏ်ရောင်ကို တွေ့မြင်ရတတ်ပါတယ်။ ဒါကြောင့် နေမထွက်မီ မိနစ် ၅၀ ခန့်အချိန်ကို အစောဆုံး အရုဏ်တက်ချိန်လို့ မှတ်ယူသင့်ပါတယ်။ ဒါပေမဲ့ ရှင် ရဟန်းများ ဥပုသ်သည်များမှာ အဲဒီအချိန်ထက် ၅ မိနစ်ခန့် နောက်ကျပြီး စားသုံးလျှင် သာပြီး သံသယကင်းဖွယ် ရှိပါတယ်။

နေထွက်ချိန် နာရီကိုတော့ မြန်မာလနှင့် ကိန်းသေမှတ်ထားရင် အတိ အကျ မဖြစ်နိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ မြန်မာလက ဝါထပ်ပြီးခါစမှာ အချိန်မှန်ပေမယ့် တစ်နှစ် တစ်နှစ်မှာဆိုရင် ၁၀ ရက်သာသာလောက် စောစော လာပါတယ်။ ၃ နှစ်ခန့် ၂ နှစ်ကျော်ခန့်မှာ ရက် ၃၀ လောက် စောနေတဲ့အတွက် ပဌမဝါဆိုတစ်လလုံးကို ပယ်ပြီး ဒုတိယဝါဆိုတစ်လ ထပ်ရတယ်။ ဒါကြောင့် မြန်မာလနှင့်ဆိုရင် နေထွက်ချိန်ဟာ အတိအကျ မှတ်ယူထားလို့ မဖြစ်ပါဘူး။ ယခုနေအခါမှာ ကမ္ဘာသုံးလဖြင့် ရက်စဉ်အတိုင်း နေထွက်ချိန်နာရီ မိနစ်များကို အတိအကျ ပြထားတဲ့ စာရင်းဇယားတွေ ရှိပါတယ်။ အဲဒီစာရင်းဇယားအရ နေထွက်ချိန် ပိုပြီးတိကျပါတယ်။ ဒါကြောင့် အဲဒီနေထွက်ချိန် စာရင်းဇယားဖြင့် နေမထွက်မီ ၄၅ မိနစ်ခန့်၊ ၄၀ ခန့်မှာ အရုဏ်တက်တယ်လို့ယူရင် သင့်လျော်ပါ လိမ့်မယ်။ ဒါပေမဲ့ ဆောင်းရာသီမှာ မြန်မာပြည်တောင်ပိုင်းက နေထွက်စော တတ်တယ်၊ နွေရာသီမှာ မြောက်ပိုင်းက စောတတ်တယ်၊ အဲဒီနေထွက်အပြောင်း အလဲကိုလည်း သတိပြုသင့်ပါတယ်။

အဲဒီအရုဏ်တက်ချိန်ဟာ ဝိကာလဘောဇနေ သိက္ခာပုဒ်အတွက် အရေး ကြီးသည့်ပြင် ပရိဝါသ် မာနတ် ဆောက်တည်ရာမှာလည်း အရေးကြီးပါတယ်။ အရုဏ်မတက်သေးဘဲ ပရိဝါသ် မာနတ်ကို ချမိရင် အဲဒီရက်ဟာ "ရတ္တိစ္ဆေဒ" ဖြစ်သွားပါတယ်။ စာရင်းမဝင်တော့ပါဘူး။ ဒါကြောင့် ပရိဝါသ် မာနတ်အတွက် ဆိုရင် နေမထွက်မီ စက်နာရီဖြင့် တစ်နာရီခွဲခန့်က ဆောက်တည်ပြီးတော့ နေထွက်ခါနီး မိနစ် ၂၀ လောက်ကျမှ ဝတ်ကိုချရင် သာပြီးစိတ်ချရပါတယ်။

(ဝိနယဝိနိစ္ဆယသင်္ဂဟ)

## ရဟန်းတော်နှင့် နတ်ကန်တော့ပွဲ

နောက်တစ်ခုကတော့ မဟာစည်ကမ္မဋ္ဌာန်းဆိုတဲ့အမည်နဲ့ ဟောပြနေရာ မှာ တခြားကမ္မဋ္ဌာန်းနည်းကို အလေးအမြတ်ပြီးတော့ ဟောပြဖို့ မသင့်ဘူး။ မဟာစည်ရှုမှတ်နည်းအတိုင်းသာ ဟောပြောညွှန်ပြသင့်ပါတယ်။ အကယ်၍ အခြားနည်းကိုကြိုက်ရင်တော့ မဟာစည်ဌာနဆိုတဲ့ အမည်ကို မခံဘဲ အဲဒီ ကြိုက်နှစ်သက်တဲ့ အခြားနည်းဆိုင်ရာ အမည်ဖြင့်သာ ဝန်ခံပြီး ဟောပြောရန် သင့်လျော်ပါတယ်။ ဘုရားသာသနာတော်က ဘုရားနည်းကို ဟောပြောနေရာ

မှာလည်း ထွက်ရပ်ဂိုဏ်းယောင်ယောင် အသွင်ဆောင်နေရင် မသင့်မတော်ဘူး။ မကြာမီကမှ ဖွင့်သစ်စဖြစ်တဲ့ ဌာနတစ်ခုမှာ နတ်ကန်တော့ပွဲ တင်ထားတာကို တွေ့ခဲ့ရကြောင်း ယုံကြည်လောက်တဲ့ပုဂ္ဂိုလ်ထံမှာ ကြားသိရတယ်။ ရဟန်းက နတ်ကို အရိုအသေပြုတယ်ဆိုတာ သင့်တော်ပါ့မလား၊ ဘုရားတပည့်တော်က တော့ ရှင်သာမဏေဘ၀ ရဟန်းငယ်ဘ၀ကတည်းက နတ်ကို ရှင်ရဟန်းက အရိုအသေမပြုကောင်းဘူး၊ နတ်ကသာ ရှင်ရဟန်းကို အရိုအသေပြုသင့်တယ် လို့ အသိအမှတ်ပြုလာခဲ့ပါတယ်။ ရဟန်းက နတ်ကို အရိုအသေပြုတယ်၊ ကန်တော့ပွဲဖြင့် ပူဇော်တယ်ဆိုတာကတော့ အလွန်မသင့်တော်တဲ့ အမှုပါပဲ။ လူဒကာ ဒကာမတွေရဲ့အလိုသို့ လိုက်ပြီး ကန်တော့ပွဲတင်ထားတာကို လက်ခံ ထားတာများ ဖြစ်လေမလားတော့ မပြောတတ်ပါဘူး။ ဘုရားတပည့်တော်အမြင် အားဖြင့်တော့ အဲဒီလို လူဒကာ ဒကာမတွေက လာပြီး ကျောင်းမှာ တင်ထားတာ ကို လက်မခံသင့်ဘူးလို့ပဲ မြင်ပါတယ်။ ဖြစ်နိုင်လို့ရှိရင် အိမ်မှာ ကန်တော့ပွဲ တင်ထားတာကိုတောင် တားမြစ်သင့်တယ်လို့ပဲ မြင်ပါတယ်။

အကြောင်းကတော့ ရှင်ရဟန်းပြုတယ်ဆိုတာ "သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ" လို့ဆိုတဲ့အတိုင်း သံသာရဝဋ်ဆင်းရဲမှ လွတ်မြောက်ဖို့ပဲ၊ သူတစ် ပါးအား ဟောပြောရင်လည်း သဒ္ဓါ ပညာစသော ကုသိုလ်တရား ဖြစ်ပွားဖို့ သံသရာမှ လွတ်မြောက်ဖို့ ဟောပြောရတာပဲ၊ အဲဒီလို ဟောပြောသင့် ပြုကျင့်သင့် တဲ့နေရာမှာ ဒကာ ဒကာမတွေ ကြည်ညိုအောင် အထင်ကြီးအောင် သူတို့အလို လိုက်ပြီး ထွက်ရပ်ဂိုဏ်းယောင်ယောင်၊ နတ်ဂိုဏ်းယောင်ယောင် လုပ်တာကတော့ မတော်ဘူး၊ တချို့က အဲဒီဂိုဏ်းပုဂ္ဂိုလ်တွေ အသုံးပြုတဲ့ "ပါရမီရှင်" ဆိုတဲ့ အမည်မျိုးကိုလည်း ခံယူမိတတ်တယ်။ အဲဒီအမည်မျိုးလည်း မခံယူသင့်ဘူး။ ကမ္မဋ္ဌာန်းဆရာဆိုတဲ့အမည်နှင့် ညီညွတ်တဲ့ ဝိပဿနာစမ္မကထိကဆိုတဲ့ အမည် မျိုးကိုသာ ခံယူပြီး ဝိပဿနာကမ္မဋ္ဌာန်းတရား သက်သက်ကိုသာ ဟောကြား သင့်ပါတယ်။ ဒါကြောင့် အဲဒီလို ရိုးရိုးအမည်ဖြင့်သာ ရိုးရိုးဟောပြောဖို့လည်း သတိပေးပါတယ်။

(ဝိနယဝိနိစ္ဆယသင်္ဂဟ)

## သိမ်ထပ် ကံထပ်ခြင်း

နောက်တစ်ခုကတော့ ဥပသမ္ပဒကံ ထပ်ပြီး သံယောဇဉ် ပွားစေတဲ့ အလုပ်ကို မပြုကြဖို့ပါပဲ။ မူလ ရဟန်းခံစဉ်က အသက် ၂၀ ပြည့် မပြည့်နှင့် စပ်ပြီးတော့ဖြစ်စေ၊ သိမ် ဥတ် ကမ္မဝါစာ ကာရက သံဃာနှင့်စပ်ပြီးတော့ဖြစ်စေ၊ သံသယရှိလို့ သိမ်ထပ်တာ ကံထပ်တာကတော့ အပြစ်မရှိပါဘူး။ သို့ပေမယ့် မူလရဟန်းခံစဉ်က ကံဆောင်မှုနှင့်စပ်ပြီး သံသယမရှိပါဘဲနဲ့ ရဟန်းဒကာ ရဟန်းအစ်မ ပွားရုံမျှအတွက် ကံထပ်တာကတော့ သံယောဇဉ်ပွားစေတဲ့ အလုပ်ပဲ။ ဒါပေမဲ့ စာသင်သား ရဟန်းငယ်ဘဝဆိုရင် စာသင်ရာမှာ အထောက်အပံ့ရရေး အတွက်ဆိုတော့ တော်ပါသေးတယ်။ ကမ္မဋ္ဌာန်းဆရာ မထေရ်ကြီးဘဝရောက်နေ မှ ကံထပ်တာကတော့ မတော်ပါဘူး။ မူလရဟန်းခံစဉ်ကပင် ရဟန်းဖြစ်နေရင် နောက်ထပ် ဥပသမ္ပဒကံဆောင်တာဟာ အပိုပါပဲ။ ရဟန်းဒကာခံတဲ့သူများမှာ လည်း ရဟန်းဒကာအစစ် မဖြစ်ပါဘူး။ အမည်ခံမျှပါပဲ။ သင်္ကန်း သပိတ်လှူတဲ့ ကုသိုလ်အပြင် အခြားကုသိုလ်အထူးကိုလည်း မရပါဘူး။ အမည်ခံ ရဟန်းဒကာ ဒကာမများမှာရော အဲဒီ ကံထပ်တဲ့ရဟန်းမှာရော သံယောဇဉ်ပွားရုံမျှပါပဲ။ တစ်ခါက ရိပ်သာတစ်ခုမှာ ကမ္မဋ္ဌာန်းဆရာက တစ်နာရီလောက်အတွင်းမှာ ရဟန်းဒကာ ရဟန်းအစ်မ သုံးဦးတို့၏ သင်္ကန်း သပိတ် သုံးစုံကို အလှူခံပြီး သုံးကြိမ်တိုင်တိုင် ကံထပ်တာကို တွေ့ရဖူးတယ်။ အဲဒီတုန်းက ဘုရားတပည့်တော် မှာ များစွာအရှက်ရခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ မဟာစည်၏ တပည့် ကမ္မဋ္ဌာန်းဆရာတစ်ပါးက အဲဒီလို ပြုလုပ်တာကို မြင်တွေ့ ကြားသိရတဲ့ အလိုနည်းသူများက "မဟာစည်ဩဝါဒခံ ကမ္မဋ္ဌာန်းဆရာက ဒီလိုလုပ်တယ်" လို့ ကဲ့ရဲ့ကြမှာကို မြော်တွေးပြီး မြင်မိလို့ပါပဲ။ ဒါကြောင့် သံသယမရှိဘဲ အကြောင်းမဲ့ သိမ်ထပ်ခြင်း ကံထပ်ခြင်းကို ရှောင်ကြဉ်ကြရန် အထူးသတိပေးပါ တယ်။ ကံထပ်ပေးလိုတဲ့ ဒကာ ဒကာမများပေါ်လာရင်လည်း "ကုသိုလ်အထူး မရကြောင်း၊ အပိုသက်သက်ဖြစ်ကြောင်း၊ ဒီလောက်အရွယ်ကြီးမှ ကံထပ်ရင် ရက်ဖွယ်ဖြစ်ကြောင်း" စသည်ဖြင့် ပြောဟောပြီး လက်မခံဘဲ ပယ်လိုက်ကြ စေလိုပါတယ်။ ဘုရားတပည့်တော်ကိုယ်တိုင်ကတော့ ဒီအတိုင်းပဲ နားလည် အောင် ပြောဟောပြီး ပယ်ခဲ့ပါတယ်။ အမှန်ကတော့ ရဟန်းဒကာ ဒကာမတွေရဲ့

သက်န်းစသည်ကို ခံယူပြီး အကြောင်းမဲ့ သိမ်ထပ်တာ ကံထပ်တာဟာ ကိတ္တိမ သား မွေးသလိုပင် သံယောဇဉ်ပွားစေတဲ့ အလုပ်ပါပဲ။

(ဝိနယ ဝိနိစ္ဆယသင်္ဂဟ)

## ဥပုသ်သည်နှင့် စတုမဓု

စတုမဓုနှင့်စပ်၍ ချက်ပုံချက်နည်းကို မလေ့လာဖူးပါ။ ချက်ပြီးသော စတုမဓုကို ဥပုသ်သည်သည် ဆေးသုံးအဖြစ်ဖြင့် နေလွဲသောအခါ၌လည်း သုံးဆောင်ကောင်းပါသည်။

ဤအရာ၌ ယာမကာလိက ဖျော်ရည်နှင့်စပ်ပြီး မီးဖြင့် မချက်ကောင်းဟု တချို့က ယူဆကြပုံပေါ်သည်။ ထောပတ်နှင့် တင်လဲတို့မှာ မူလကပင် မီးဖြင့် ချက်ထားပြီးဖြစ်သည်။ ဆီ ပျားရည်တို့မှာလည်း မီးဖြင့် ချက်သည်ဖြစ်စေ၊ မချက်သည်ဖြစ်စေ သတ္တာဟကာလိက သဘောမှ ပြောင်းလဲခြင်းမရှိသောကြောင့် ၎င်းတို့ပါဝင်သော ကျိုချက်ပြီးဆေးကို သုံးဆောင်ကောင်းပါသည်။ ရဟန်းများ လည်း ထိုသို့ကျိုချက်ပြီးဆေးများကို သုံးဆောင်နေကြပါသည်။ အောက်ပါမှာ ခုဒ္ဒသိက္ခာ ဋီကာသစ်မှ သာဓကဖြစ်သည်။

နိဗ္ဗတ္တိတံ သပ္ပိ ဝါ နဝနီတံ ဝါ ကာလေပိ ပဋိဂ္ဂဟေတွာ ပစိတုံ ဝဋ္ဋတိ၊ နိရာမိသံ ပန သတ္တာဟမ္ပိ ဝဋ္ဋတိ။

စစ်ထုတ်အပ်ပြီးသော ထောပတ်ကိုဖြစ်စေ ဆီဥခေါ် ထောပတ်စိမ်းကို ဖြစ်စေ နံနက်ပိုင်း၌သော်လည်းကောင်း အကပ်ခံ၍ ကိုယ်တိုင်ချက်ကောင်း၏။ ကျိုချက်ပြီးသော ထိုအရာကို ထမင်းမုန့်စသည်နှင့် မရောဘဲ သူ့ချည်းသက်သက် သုံးဆောင်လျှင် ခုနစ်ရက်ပတ်လုံး သုံးဆောင်ကောင်း၏။ (ဤကား မြန်မာပြန်)

အထက်ပါစကား၌ ရဟန်းသည်ပင် ကိုယ်တိုင်အကပ်ခံ၍ ချက်ပြီးသော ထောပတ်ကို သုံးဆောင်ကောင်းကြောင်း ပြဆိုထား၏။ ထမင်းမုန့်စသည်နှင့် မရောဘဲ သုံးဆောင်ကောင်းကြောင်း ပြဆိုသည်မှာ ရဟန်းအတွက်သာဖြစ်သည်။ ရဟန်းမှာ ယခင်နေ့က အကပ်ခံပြီးသော ထောပတ်စသည်ကို နောက်နေ့များမှာ ဆွမ်းစသည်နှင့်ရော၍ မသုံးဆောင်ရ။ လူဝတ်ကြောင်မှာမူ ထိုသို့တားမြစ်သော သိက္ခာပုဒ်မရှိသောကြောင့် ထမင်းစသည်နှင့် ရောစားသော်လည်း အပြစ်မရှိပါ။ ထို့ပြင် ခုနစ်ရက်ပတ်လုံးဆိုသောစကားမှာလည်း ရဟန်းများမှာ အကပ်ခံပြီးသော

ထောပတ်စသည်ကို ခုနစ်ရက်အတွင်းသာ သုံးဆောင်ရန် ပညတ်ထားသော သိက္ခာပုဒ်အားလျော်စွာ ပြဆိုခြင်းဖြစ်သည်။ လူဝတ်ကြောင်များမှာမူ ထိုသို့သော သိက္ခာပုဒ်မရှိသောကြောင့် ရက်အကန့်အသတ်မရှိ သုံးဆောင်နိုင်ပါသည်။

သို့ဖြစ်၍ မီးဖြင့်ကျိုချက်ထားသော စတုမဓုကို ဆေးသုံးအဖြစ်ဖြင့် ဥပုသ်သည်မှာ အလိုရှိသလို သုံးဆောင်ကောင်းသည်ဟု မှတ်ယူပါလေ။

## ဘုန်းကြီးကျောင်းဝင်းထဲမှာ လူတွေ ဖိနပ်မစီးကောင်းဘူးလား

ဘုန်းကြီးကျောင်းထဲ၌ လူများ ဖိနပ်မစီးရဟု တားမြစ်သော ဘုရားဟော ပါဠိ မရှိ၊ အဋ္ဌကထာမှာလည်း အထင်အရှားမရှိ။ ဗိမ္ဗိသာရမင်း ဓားခွဲခံရခြင်း အကြောင်းကို ပန်းနံ့သာစသည်ပူဇော်ရာ စေတီရင်ပြင် ဖိနပ်စီးသောကြောင့် ဟူ၍လည်းကောင်း၊ (ရဟန်းသံဃာတော်များထိုင်ရန် ခင်းထားသော သင်ဖြူး ပေါ်၌ ခြေမဆေးဘဲ တက်နင်းသောကြောင့်ဟူ၍လည်းကောင်း ရှေးဆရာတို့ ဆိုကြောင်း မသေမချာပြဆိုထား၏။ ထိုပြဆိုချက်၌လည်း စေတီရင်ပြင်၌ ဖိနပ်စီးခြင်းသည် ဘုန်းကြီးကျောင်းဝင်းအတွင်း၌ဟူ၍ မဆိုချေ။ ရဟန်းသံဃာ များထိုင်ရန် ခင်းထားသော သင်ဖြူးပေါ်၌ ခြေမဆေးဘဲ နင်းသောကြောင့် ဟု ဆိုသောအကြောင်းကို ထောက်ဆကြည့်လျှင် ယခုကာလ ဖိနပ်မစီးဘဲ ခြေမဆေးဘဲ ကျောင်းပေါ်တက်ခြင်း ဖျာပေါ်နင်းခြင်းအတွက်လည်း ဆင်ခြင်စရာ ရှိ၏။

ခရီးသွားအာဂန္တုရဟန်းတော်များ အခြားကျောင်းတိုက်သို့ ဝင်လျှင် ဖိနပ် ချွတ်ခြင်းစသော အာဂန္တုကဝတ်ကို ပြုရ၏။ ထိုဝတ်ပြုပုံကိုထောက်၍ ဘုန်း ကြီးကျောင်းထဲ၌ လူများ ဖိနပ်မစီးဘဲ အရိုအသေပြုလာခဲ့ကြဟန်တူပေသည်။

သီလက္ခန် (၄၇)၌ ယာဝတိကာ နာဂဿ ဘူမိ၊ နာဂေန ဂန္တာ နာဂါ ပစ္စောရောဟိတွာ ပတ္တိကောဝ ယေန မဏ္ဍလမာလဿ ဒွါရံ တေနုပသင်္ကမိ ဟူ၍လည်းကောင်း၊ နှာ (၁၀၁) ယာဝတိကာ ယာနဿ ဘူမိ၊ ယာနေန ဂန္တွယာနာ ပစ္စောရောဟိတွာ ပတ္တိကောဝ ယေန ဘဂဝါ တေနုပသင်္ကမိ ဟူ၍လည်းကောင်း ပြဆိုထားသည်ကိုထောက်လျှင် ကျောင်းဝင်းကိုမဆို၊ ယာဉ်ဖြင့် သွားနိုင်ရာအရပ် မသွားနိုင်ရာအရပ်ကိုသာ ပြဆိုထား၏။ ယာဉ် ရထား

စီးကောင်းရာအရပ်၌ ဖိနပ်လည်း စီးကောင်းသည်ဟု အဘယာရာမ ဆရာတော်က မိန့်ဆို၏။ ထိုအလိုအားဖြင့် ယခုကာလ၌ ကျောင်းလှေကား အနီးအထိ ယာဉ်ရထားစီး၍ လာတတ်သောကြောင့် ထိုအရပ်တိုင်အောင် ဖိနပ် စီးကောင်းသည်ဟု ယူသင့်သကဲ့သို့ရှိ၏။ ဖိနပ်မစီးဘဲလာလျှင် ခြေဆေးနိုင်ပါမှ ကောင်း၏။ ခြေမဆေးဘဲ ကျောင်းပေါ်တက်လျှင် ကျောင်းကိုညစ်ပေစေသဖြင့် မရှိသေရာရောက်သည်ဟူ၍လည်း အဘယာရာမဆရာတော်က မိန့်ဆိုသေး၏။ စဉ်းစားစရာပင်။

မိထွေးတော် ဂေါတမီ မြတ်စွာဘုရားထံ ဘိက္ခုနီပြုရေးအတွက် ခွင့် တောင်းရန် လိုက်လာစဉ် ဘုရားကို ရှိသေသောအားဖြင့် နန်းတော်က ထွက် ကတည်းက ဖိနပ်မစီးဘဲ လာသည်ဟု ဆို၏။ ထိုသို့ရှိသေခြင်းမှာ ကျောင်းဝင်း နှင့်မဆိုင်၊ ဤအလုံးစုံကို ထောက်ဆကြည့်လျှင် ဖိနပ်မစီးခြင်းသည် အရိုအသေ ပေးခြင်းသဘောဖြစ်သည်။ ကျောင်းဝင်းအတွင်း၌သာမဟုတ်၊ လမ်းမှာလည်း ရှိသေထိုက်သော ရဟန်းကိုတွေ့လျှင် အချို့က ဖိနပ်ချွတ်၍ အရိုအသေပြု ကြ၏။ ထိုသို့ အရိုအသေပြုရာ၌ အရိုအသေအပြုခံသော ရဟန်းက ဖိနပ်စီးပါ ဟု ခွင့်ပြုနိုင်၏။ ခွင့်ပြုသည့်အတိုင်းလည်း ဖိနပ်စီးနိုင်ပါ၏။ ထို့အတူပင် သံဃိကဖြစ်စေ၊ ပုဂ္ဂလိကဖြစ်စေ ကျောင်းတိုက်အတွင်းရှိ ရဟန်းတော်များက ခွင့်ပြုထားလျှင် ဖိနပ်စီးခွင့်ရှိပါ၏။ အပြစ်ဖြစ်စရာအကြောင်းမမြင်ပါ။ ကျောင်း ပေါ်တက်သောအခါ ကျောင်းကို မလူးလဲ မညစ်ပေစေရန်ဟု ရည်ရွယ်လျှင် သေနာသနကို ရှိသေရာလည်းရောက်ပါသေး၏။

## ရော်ဘာခံဖိနပ် အပ် မအပ်

ရော်ဘာဖိနပ် အပ် မအပ်ကို ဝိနည်း မဟာဝါ (၃၄၈)၌ မဟာပဒေသ ဖြင့် ဆုံးဖြတ်အပ်၏။

ထိုမဟာပဒေသ ဒေသနာ၌ အပ္ပဋိက္ခိတ္တ အနနုညာတပင်ဖြစ်သော်လည်း အကပ္ပိယာနုလောမ မဖြစ်လျှင် မအပ်၊ ကပ္ပိယာနုလောမဖြစ်လျှင် အပ်သည်ဟု ဆိုထားသည်။ ရော်ဘာကို ကဋ္ဌပါဒုကာ၊ တာလပတ္တပါဒုကာ၊ ဝေဠုပတ္တပါဒုကာ၊ တိဏပါဒုကာ စသည်တို့ကဲ့သို့ တိုက်ရိုက်လည်း ခွင့်မပြုခဲ့။ သို့သော် သစ်သား ကဲ့သို့ ခဋ္ခဋ္အသံ မမြည်သောကြောင့် ကဋ္ဌပါဒုကာ အကပ္ပိယနှင့် မနီးစပ်ပေ။

ထန်းပင်ငယ် စသည်တို့ကို သေစေခြင်း ညှိုးစေခြင်းကဲ့သို့ ရော်ဘာ၌ သေစေခြင်း ညှိုးစေခြင်းလည်းမရှိသည့်ပြင် ဝတ္ထုအနေအားဖြင့်လည်း ထန်းဖတ် မြက် စသည်တို့ကဲ့သို့ သမဏသာရုပ္ပ မဖြစ်သည်လည်းမဟုတ်။ အမှန်အားဖြင့်သော်ကား ကပ္ပိယဖြစ်သော သားရေနှင့်သာလျှင် အလားတူဖြစ်၍ ကပ္ပိယအားသာလျှင် အလျော်ဖြစ်သည်။ ဟိန္ဒူတို့၏ အဟိံသာတရားအရ စဉ်းစားကြည့်လျှင်လည်း သားရေကမှ သတ္တဝါကို ညှဉ်းဆဲမှုနှင့်စပ်သေး၏။ ရော်ဘာမှာ ဂိုဏ်းအယူရှိသော ဟိန္ဒူတို့အလို ဧကိန္ဒြိယဖြစ်သော ရော်ဘာပင်ကိုသော်လည်း သေစေသည် မဟုတ်၊ နွားမမှ ညှစ်ယူသော နွားနို့သဖွယ်ဖြစ်၍ ဟိန္ဒူတို့ကပင် ဧကိန္ဒြိယ သတ္တဝါကို ညှဉ်းဆဲသည်ဟု အပြစ်တင်ဖွယ်မရှိပေ။ ဤသို့ ကပ္ပိယအနုလောမ ဖြစ်သောကြောင့် ရော်ဘာခံဖိနပ်၌ သံသယမဖြစ်သင့်၊ သားရေဖိနပ်ကဲ့သို့ပင် အပ်သည်ဟူ၍သာ ယူအပ်ဆုံးဖြတ်အပ်၏။

## မြန်မာစကားနဲ့ ပါတိမောက်ပြရင်

ပါတိမောက်ပြတယ်ဆိုတာ ဘုရားပညတ်တော်မူတဲ့ သိက္ခာပုဒ်တွေကို ရွတ်ပြတာပဲ။ မြတ်စွာဘုရားက ဒီသိက္ခာပုဒ်တွေ ဒီသိက္ခာပုဒ်တွေကို ဒီလိုပညတ်ထားတယ်၊ ပညတ်ထားတဲ့ သိက္ခာပုဒ်တွေနဲ့အညီ နေကြ ထိုင်ကြဖို့ဆိုတာကို သိစေချင်တဲ့ အဓိပ္ပါယ်ပါပဲ။ ဒါပေမဲ့လို့ နားမလည်တဲ့ပုဂ္ဂိုလ်တွေကတော့ တချို့ နားလည်မှာမဟုတ်ပါဘူး။ ဒီလိုနားထောင်နေကြရမှာပဲ။ နားလည်အောင်ဆိုရင်လည်း လွယ်တာမဟုတ်ဘူး။

နားလည်အောင်ဆိုပြီး မြန်မာစကားနဲ့ ပါတိမောက်ပြရမှာကလည်း ခက်တယ်၊ မလွယ်ဘူး။ မြန်မာစကားနဲ့ ပြတယ်ဆိုရင်လည်း တချို့ပုဂ္ဂိုလ်တွေက ကြိုက်ချင်မှ ကြိုက်မယ်၊ မြန်မာပြန်ပြီးသားအတိုင်း ပါတိမောက်ပြလို့ရှိရင် အားလုံးနားလည်နိုင်မှာဖြစ်လို့ အဲဒါပိုကောင်းတယ်၊ နားလည်သူနည်းပေမယ့်လို့ ပါဠိနဲ့ပြတာက ပိုပြီးလေးနက်တယ်၊ ကောင်းတယ်လို့ ထင်ကြမှာပဲ။ အင်း ပါတိမောက်ပြရာမှာ မသိသေးလို့ရှိရင် သီးခြားအနေနဲ့ သိအောင် သင်ကြားဖို့ပေါ့လေ။

(ဩဝါဒဓမ္မအမွေ)

## ပါဠိဘာသာနဲ့ ဘုရား တရားဟောရခြင်းအကြောင်း

ပါဠိဘာသာစကားနဲ့ ဗြဟ္မာကြီးက အရှင်ကုမာရကဿပကို ပြောပါတယ်။ မဇ္ဈိမဒေသလို့ခေါ်တဲ့ အိန္ဒိယနိုင်ငံမှာ ဘုရားလက်ထက်တော်ကာလတုန်းက ယခု ပိဋကတ်တော်တွေမှာရှိတဲ့ ပါဠိဘာသာစကားမျိုးနဲ့ပဲ အချင်းချင်းပြောဆိုလေ့ရှိကြတယ်။ မြို့က လူတွေကရော၊ တောနယ်က လူတွေရော၊ ယောကျ်ားတွေရော၊ မိန်းမတွေရော၊ လူကြီးတွေရော၊ လူငယ်တွေ ကလေးတွေရော အဲဒီခေတ်အခါတုန်းကဆိုရင် ဒီပါဠိဘာသာစကားကိုပဲ ပြောကြပါတယ်။ ဒါကြောင့် ဗြဟ္မာကြီးက အရှင်ကုမာရကဿပကို ဒီပါဠိဘာသာစကားနဲ့ပဲ ပြောပါတယ်။

မာဂဓဘာသာလို့ခေါ်တဲ့ ပါဠိဘာသာစကားဆိုတာ ဗြဟ္မာတွေမှာတော့ အခါခပ်သိမ်း အမြဲသုံးစွဲနေတဲ့စကားဖြစ်တယ်လို့ မာဂဓဘာသာကို အလေးအမြတ်ပြုတဲ့ ပါဠိကျမ်းဂန်ဆရာတွေက အဆုံးအဖြတ်ပေးထားကြပါတယ်။ လူ့ပြည်လောကမှာဆိုရင်တော့ လူတွေက တစ်ခါတစ်ရံ ပါဠိဘာသာပြောကြ၊ တစ်ခါတစ်ရံလည်း တခြားဘာသာစကား ပြောကြနဲ့ ဘာသာစကားတွေကို အမျိုးမျိုး ပြောင်းလဲပြောဆိုနေကြတယ်။ ဒါပေမဲ့ ဘုရားလက်ထက်အခါကာလတုန်းကတော့ အဲဒီ အိန္ဒိယနိုင်ငံမှာ ပါဠိဘာသာစကားကိုပဲ ပြောကြပါတယ်။ ဒါကြောင့် ဗြဟ္မာကြီးက အရှင်ကုမာရကဿပကို ဒီပါဠိဘာသာစကားနဲ့ပဲ ပြောပါတယ်။

(ဝမ္မိကသုတ်)

## အင်္ဂရုတ်သမားတို့ရဲ့ မူကို မယုံကြည်

တချို့ကတော့ အသက်ရှည်ရှည်နေပြီး ကြာရှည်စွာ တရားအားထုတ်နိုင်အောင်လို့ ဆိုပြီးတော့ အင်္ဂရုတ်ထိုးကြတယ်၊ ဘာလုပ်ဖို့ အင်္ဂရုတ်ထိုးကြသလဲလို့ သူတို့ကို မေးကြည့်တော့ အသက်ရှည်ရှည်နေရအောင်လို့တဲ့။ အသက်ရှည်တော့ ဘာလုပ်ဖို့လဲလို့ မေးကြည့်ပြန်တော့ တရားကို ကြာရှည်စွာ အပြင်းအထန် အားထုတ်ရအောင်လို့တဲ့၊ သူတို့က ပြောကြတယ်။ အဲဒီလို သူတို့ပြောတာဟာ ဘုရားဟောနဲ့တိုက်ကြည့်ရင် မကိုက်ဘူး။ မြတ်စွာဘုရားအလိုတော်

ကတော့ မကြာခင်သေမယ်လို့ ဒီလိုနှလုံးသွင်းမှ မသေခင် ဦးအောင်ဆိုပြီး တရားကို မြန်မြန်အားထုတ်မယ်။ နောက်ဆန်မငင်ဘဲ တင်းတင်းရင်းရင်း ထက်ထက်သန်သန်လည်း အားထုတ်မယ်လို့ ဒီလိုရည်ရွယ်ချက် ရှိပါတယ်။ အင်္ဂလိယဆရာတွေအလိုကတော့ ရုတ်တရက် မသေနိုင်ဘဲ အကြာကြီး အသက်ရှည်ပြီး စိတ်ချလက်ချနဲ့ အားထုတ်နိုင်အောင်လို့ ဆိုပါတယ်။ မူချင်း ကွဲနေပါတယ်။ ဘုန်းကြီးတို့ကတော့ အသက်ရှည်နေတဲ့အတွက် ကြာရှည်အားထုတ်နိုင်အောင် ဆိုတဲ့မူကို မယုံကြည်ပါဘူး။ ဘာကြောင့်လဲဆိုရင် ယခုလူတွေ အားထုတ်ကြတာဟာ သေမှာကိုကြောက်ကြလို့ မသေမီ တရားကဦးအောင်ဆိုပြီး အားထုတ်ကြပါတယ်။ နောင်နှစ်ပေါင်း ထောင်သောင်းတိုင်အောင် မသေသေးဘူးဆိုလို့ ရှိရင်တော့ ဒီလူတွေဟာ ယခုလို အလျင်စလို အားထုတ်ကြမယ် မထင်ပါဘူး။

(ဝမ္မိကသုတ်)

## သုဝဏ္ဏဘူမိ

သုဝဏ္ဏဘူမိဆိုတာ မြန်မာပြည် သထုံမြို့ပဲလို့ ရှေးက အများပဲယူဆလာခဲ့ကြပါတယ်။ ယခုတော့ သုတေသီပုဂ္ဂိုလ်တချို့က စုမာတရကျွန်းကြီးကို သုဝဏ္ဏဘူမိ ခေါ်တယ်လို့ ဆိုကြပြန်တယ်။ အဲဒါဟာ သုဝဏ္ဏဘူမိကို ကျွန်းလို့ဆိုတဲ့ အဋ္ဌကထာနဲ့တော့ ညီနေပါတယ်။

(ဝမ္မိကသုတ်)

## ရောက်ရာအရပ်မှာ တစ်ညသာနေတယ်

သုပ္ပာရက သဘော်ဆိပ်မှ သာဝတ္ထိပြည်ကို ယူဇနာ ၁၂၀ ရှိတယ်လို့ ဗာဟိယသုတ် အဋ္ဌကထာမှာ ဆိုပါတယ်။ ပုဏ္ဏောဝါဒသုတ်အဋ္ဌကထာများမှာတော့ ယူဇနာ ၁၃၀ ရှိတယ်လို့ ဆိုပါတယ်။ တစ်ယူဇနာမှာ အဋ္ဌကထာများက ဆိုထားတဲ့အတိုင်းဆိုရင် ၁၃ မိုင် နီးနီး ရှိပါတယ်။ ယခုခေတ် သုတေသနပညာရှိတို့ကတော့ ရှစ်မိုင်ခန့် ရှိတယ်လို့ဆိုပါတယ်။ အဲဒီ ရှစ်မိုင်နှုန်းနဲ့ပဲ တွက်ကြည့်မယ်ဆိုရင် ၁၂၀ ရှစ်လီဆိုတော့ မိုင်ပေါင်း ၉၆၀ ရှိပါတယ်။ အဲဒီလောက်ဝေးတဲ့ခရီးကို ရောက်ရာ ရောက်ရာခရီးစခန်းမှာ ၂ ည ၃ ည မနားဘဲ တစ်ည တစ်ညသာ အိပ်ပြီး ခရီးပြင်းနှင်လာခဲ့ပါသတဲ့။

"ရောက်ရာအရပ်မှာ တစ်ညတစ်ညသာ အိပ်တယ်လို့ပြောတာကတော့ "သဗ္ဗတ္ထ ကေရတ္တိဝါသေန" ဆိုတဲ့ ပါဠိအရ တိကျတဲ့အနက်ဖြစ်ပါတယ်။ "သဗ္ဗတ္ထ–ရောက်ရာရာ အလုံးစုံသော အရပ်တို့၌၊ ကေရတ္တိဝါသေန– တစ်ည၌ မျှနေခြင်းဖြင့် လာခဲ့တယ်" လို့ဆိုတော့ တစ်နေ့ခရီးဆုံးဆဲ့ စခန်းအရပ်တိုင်းမှာ တစ်ညတစ်ညသာ အိပ်နားလာခဲ့တယ်ဆိုတဲ့ အဓိပ္ပာယ်ဟာ ထင်ရှားနေပါတယ်။ ယုတ္တိလည်း ရှိပါတယ်။ ဒါပေမဲ့ ဗာဟိယသုတ်ဟာ အဋ္ဌကထာဆရာကတော့ "သုပ္ပါရက သင်္ဘောဆိပ်က သာဝတ္ထိကို တစ်ညတည်းနဲ့ အရောက်လာခဲ့တယ်" ဆိုတဲ့အနက်ကို အသားပေးပြီးပြဆိုထားပါတယ်။ အဲဒီလိုဆိုတော့ တစ်ညတည်းနဲ့ မိုင် ၉၆၀ ကို လူ့အစွမ်းနဲ့တော့ မသွားနိုင်တဲ့အတွက် အကူအညီလိုလာပါတယ်။

နောက်ပြီးတော့ "သဗ္ဗတ္ထ– အလုံးစုံသော အရပ်တို့၌၊ ကေရတ္တိ ဝါသေန– တစ်ညမျှ နေတယ်" ဆိုတာနဲ့လည်း ညီပုံမရဘဲ ဖြစ်နေပါတယ်။ အလုံးစုံသော အရပ်တို့၌ဆိုတာလည်း ပါတယ်၊ နေတယ်ဆိုတာလည်းပါတယ်။ ဒီတော့ နေတယ်ဆိုတာဟာ သွားတာတော့ မဟုတ်သင့်ဘူး၊ အလုံးစုံသောအရပ်တို့၌ တစ်ည နေတယ်ဆိုတာဟာ အရပ်တိုင်းမှာ အနှံ့အပြား တစ်ညတည်းနေတယ်လို့တော့ မဖြစ်ပေဘူး။ တစ်နေရာ တစ်ည၊ တစ်နေရာ တစ်ည ဒီလိုနေမှပဲ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် "ရောက်ရာ ရောက်ရာ ခရီးဆုံးတဲ့စခန်းမှာ တစ်ည တစ်ညသာ နေတယ်၊ ၂ ည ၃ ည အချိန်မဖြုန်းဘူး" ဆိုတဲ့အနက်က ပိုပြီး ယုတ္တိရှိပါတယ်။ အကယ်၍ တစ်ညတည်းနဲ့ ရောက်အောင်သွားတယ်ဆိုလို့ရှိရင် "သဗ္ဗတ္ထ– အလုံးစုံသောအရပ်တို့၌" ပုဒ်လည်း မလိုပါဘူး။ "ဝါသ– နေတယ်" ဆိုတဲ့ပုဒ်လည်း မလိုပါဘူး။ "ကေရတ္တေနေဝ– တစ်ညတည်းဖြင့်သာလျှင်" လို့ ဒါလောက်နဲ့ပဲ ပြည့်စုံနိုင်ပါတယ်။

(ဝမ္မိကသုတ်)

## ပိုးအမျိုးပေါင်း ၈၀

ဒီရပ်ကြီးထဲမှာလည်း ပိုးကောင်တွေ အများကြီးရှိနေတယ်။ ပိုးမျိုးရှစ်ဆယ် ရှိတယ်လို့ ကျမ်းဂန်တွေက ဆိုထားပါတယ်၊ အဲဒါဟာ အမျိုးပေါင်း ၈၀ ရှိ

နေတာ၊ တစ်မျိုးတစ်မျိုးမှာလည်း အကောင်ပေါင်းက ဘယ်လောက်များမလဲ မသိဘူး။ ဒီသုတ်အဖွင့် အဋ္ဌကထာမှာတော့ အသီတိမတ္တာနိ ကိမိကုလသဟ သ္သာနိ- လို့ ရှိနေပါတယ်။ အဲဒါကို အတိအကျ မြန်မာလိုပြန်လိုက်ရင် ပိုးမျိုးထောင်ပေါင်း ရှစ်ဆယ်မျှ ရှိတယ်လို့ ရပါတယ်။ ဒီလိုဆိုတော့ ထောင်ပေါင်း အလီရှစ်ဆယ် ဖြစ်နေတဲ့အတွက် ပိုးမျိုးရှစ်သောင်းလို့ ရနေပါတယ်။ အခြား ကျမ်းဂန်များမှာတော့ ပိုးမျိုးရှစ်ဆယ်လို့သာ ရှိပါတယ်။ ဒါကြောင့် ဒီအဋ္ဌကထာ စာမူမှာ သဟဿပုဒ် ပိုနေတယ်လို့ယူမှ အခြားကျမ်းတွေနဲ့ ညီပါလိမ့်မယ်။

(ဝမ္မိကသုတ် တရားတော်)

## "ငါ့စကားကိုမယုံရင် ငါ့မယားမေးကြည့်" ဆိုတာလို

ဆရာသိတဲ့တရားကို တပည့်လည်း သိနိုင်မှ နေရာကျတယ်၊ "ဆရာသာ သိတယ်၊ တပည့်တွေတော့ မသိနိုင်ဘူး" ဆိုလို့ရှိရင် သူ့ဟာ ဟုတ်ချင်မှဟုတ် မှာ၊ စိတ်မချရဘူး။ ဒါမျိုးတွေက ခုကာလမှာလည်း ရှိတယ်၊ ဆရာသာသိပြီး တပည့်က မသိတော့ ဆရာကြီး ယုံပြီးတော့ တချို့ဂိုဏ်းဆရာကြီးတွေက ဝိဇ္ဇာဖြစ်နေသလိုလို သိဒ္ဓိပေါက်နေသလိုလိုနဲ့ တပည့်တွေကတော့ မပေါက်ဘူး၊ အပြီးသတ်တော့ ဆရာလည်း မပေါက်ပါဘူး။ ဒါပေမဲ့ ဆရာကတော့ ပေါက် သလိုလို ဘာလိုလိုနဲ့ တပည့်တွေက ယုံကြည်ပြီး ကိုးကွယ်ကြ ဆည်းကပ် ကြတယ်။ ရေမန်းတွေယူ ဓာတ်လုံးတွေယူနဲ့ပေါ့လေ၊ အစုံပေါ့။ ကိုယ်ကတော့ မသိဘူး၊ ဆရာကြီးကတော့ သိတယ်လို့ထင်ပြီး ယုံကြည်အားကိုးနေကြတာကိုး။ အဲဒါကို ဘုန်းကြီးများကတော့ နေရာမကျဘူးလို့ ယူဆတာပဲ။ ဒါက ယခုခေတ် ကာလမှာ အများတွေ့နေကြတာကို ပြောတာ။

ဒါမျိုးက ဘာသာရေးတွေမှာလည်း ရှိတယ်။ ဗုဒ္ဓဘာသာအပြင်ဘက်က ဘာသာတွေဟာ ဒီလိုပဲ ဘုရားသခင်ကို ကိုးကွယ်နေကြတယ်။ ဘယ်ဟာမဆို မေးကြည့်လိုက်ရင် "ဘုရားသခင်သာ သိတယ်၊ သူတို့ကတော့ မသိဘူး"တဲ့။ ဘုရားသခင်အလိုတော်အတိုင်းပဲဆိုပြီး ဘုရားသခင်ကို မျက်စိမှိတ်ပြီးတော့ ယုံ ကြည်ကိုးကွယ်နေတာတွေ ရှိတယ်။ သူတို့အဆိုက ဒီလိုတဲ့ ကမ္ဘာလောက ကြီးနဲ့ သတ္တဝါတွေကို ထာဝရဘုရားသခင်က ဖန်ဆင်းသတဲ့။ အဲဒီလို ဖန်ဆင်း တဲ့ ဘုရားသခင်ကို တမန်တော်ဘုရားသားတော်ဆိုတဲ့ပုဂ္ဂိုလ်က သူတစ်ယောက်

တည်းသာ တွေ့ရသတဲ့။ ဒါပေမဲ့ အဲဒီဘုရားသားတော်ဆိုတဲ့ပုဂ္ဂိုလ်က သူ့ဟာသူ ဟောတဲ့တရားတွေကို "ဘုရားသခင်ရဲ့စကားတော် ဘုရားမုခပါဠ်တော်"လို့လည်း ကင်ပွန်းတပ်လိုက်ပြန်တယ်။ ဘာနဲ့တူနေသလဲဆိုတော့ "ငါ့စကားကိုမယုံရင် ငါ့မယား မေးကြည့်" ဆိုတာနဲ့ တူနေပါတယ်။ အဲဒီ "ငါ့မယား မေး"ဆိုတာ ကမှ နှစ်ယောက်ကွဲနေလို့ သက်သေအရာ တည်သင့်သေးတဲ့အတွက် အတော် အသင့် ယုံစရာကောင်းပါသေးတယ်။ သူ့ဟာသူဟောပြီး "ဘုရားမုခပါဠ်"လို့ ဆိုတာကတော့ ဘုရားသခင်ကိုလည်း မမြင်ရ၊ ဘုရားသခင်ကဟောတာကိုလည်း မကြားရဘဲနဲ့ ယုံစရာ တော်တော်ခက်ပါတယ်။ ဒါပေမဲ့ သူ့ဘာသာဝင်ပုဂ္ဂိုလ် တွေမှာတော့ မိရိုးဖလာဖြစ်နေတဲ့အတွက် အဲဒီလို ဘာသာကို မျက်စိမှိတ်ပြီးတော့ ယုံကြည်ကိုးကွယ်နေကြတာပါပဲ။ အဲဒါလည်း နေရာမကျဘူး။

(ဝမ္မိကသုတ်)

## ဘုရားလည်း ဆင်ခြင်မှ သိတာ

နတ်သားတစ်ယောက်က ဝင်လျှောက်တယ်၊ "အရှင်ဘုရား အာဠဝရ ရသေ့ကြီးဟာ ကွယ်လွန်သွားတာ ခုနစ်ရက် ရှိပါပြီဘုရား"လို့ လျှောက်တယ်၊ နတ်က လောကီစိတ်ဖြစ်တဲ့ ဘုရားစိတ်ကို သိနိုင်တယ်နော်။ လောကုတ္တရာ စိတ်တွေကျတော့ မသိနိုင်ပါဘူး။ အဲဒီလို လျှောက်လိုက်တဲ့အခါ မြတ်စွာဘုရား က အလုံးစုံကို သိတယ်ဆိုပေမယ့် ဆင်ခြင်မှ သိတာ၊ တချို့က "ဘုရားဆိုပြီး တော့ နတ်ကတောင် သတိပေးရသေးလား" လို့ စောဒကတက်စရာရှိတယ်။ မဆင်ခြင်သေးဘဲနဲ့တော့ မသိနိုင်ဘူး။ မျက်စိမြင်တယ်ဆိုပေမယ့် မှိတ်ထားရင် မမြင်နိုင်ဘူး၊ မျက်စိဖွင့်ထားဦးတော့ ရှေ့တည့်တည့်သာမြင်မှာ၊ နောက်ကျောဘက် ကို မြင်ပါ့မလား၊ နောက်ကျောဘက်က လူလာနေလို့ရှိရင် ဘယ်မြင်လိမ့်မတုံး။ လှည့်ကြည့်မှ မြင်မယ်မဟုတ်လား။ အဲဒီလိုပဲ အလုံးစုံသော တရားသိတယ် ဆိုပေမယ့်လို့ ဆင်ခြင်မှ သိတာ။ မဆင်ခြင်ဘဲ နေတဲ့အခါ မသိဘူး။ တချို့က လည်း "မှန်လိုပဲလျှောက်ပြီး ဉာဏ်မှာ ထင်ပေါ်နေတယ်" လို့ ထင်နေတတ် ကြတယ်။ ဒီလို ဘယ်ဟုတ်မလဲ ဆင်ခြင်မှ သိတာ။ ဆင်ခြင်ရင်တော့ အကြွင်းမဲ့ အကုန်သိပါတယ်။ မသိနိုင်တာရယ်လို့ ဘာမျှမရှိဘူး။

(ဝမ္မိကသုတ်)

## စဉ်းစားဉာဏ်ရှိသူဆိုရင် ဘယ်သူမျှ မယုံကြည်နိုင်တော့ဘူး

နောက်တစ်ခုကတော့ ဝိပဿနာ စပြီးရှုတဲ့အခါမှာ ဘယ်လိုရှုရမလဲ ဆိုတဲ့အချက်ကို ရှင်းပြဖို့ပါပဲ။ ဝိသုဒ္ဓိမဂ်မှာ လက္ခဏရသာဒိဝသေန ပရိဂ္ဂဟေတဗ္ဗာ လို့ ပြဆိုထားပါတယ်။ လက္ခဏာ ရသ စသည်ဖြင့် ရှုပါတဲ့။ ရုပ်နာမ်တရားတွေကို အမှန်အတိုင်းသိရအောင် ရှာစရာအချက်အလက်တွေက လက္ခဏာရယ်၊ ရသရယ် ပစ္စုပဋ္ဌာန်ရယ်၊ ပဒဋ္ဌာန်ရယ် ဒီလို ၄ ခု ရှိတယ်။ အဲဒီ ၄ ခုထဲက လက္ခဏာ ရသ စသည်ဖြင့် ရှုပါလို့ဆိုထားတော့ စသည်အရာက ဘာကို ယူရမလဲဆိုရင် ကျန်နေတဲ့ ပစ္စုပဋ္ဌာန်နဲ့ ပဒဋ္ဌာန် ဒီနှစ်ခုကို ယူရမှာပေါ့။ အဲဒါဟာ အလွန်ထင်ရှားနေပါတယ်။

ဒါကြောင့် ရုပ်တရား နာမ်တရားတွေကို လက္ခဏာနဲ့ ရသနဲ့ ပစ္စုပဋ္ဌာန်နဲ့ ပဒဋ္ဌာန်နဲ့ ရှုရတယ်လို့ မှတ်ရတယ်၊ အဘိဓမ္မတ္ထသင်္ဂဟကျမ်းမှာတော့ "လက္ခဏ ရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာနဝသေန" လို့ အပြည့်အစုံပဲ ပြထားပါတယ်။ ဒါကြောင့် ရုပ်ပဲဖြစ်ဖြစ် နာမ်ပဲဖြစ်ဖြစ် လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်နဲ့ ရှုရမယ်လို့ ဘုန်းကြီးတို့က ဟောပါတယ်။ သီးလုံးဆရာတော်ဘုရားကြီး လယ်တီဆရာတော်ဘုရားကြီးများနှင့်တကွ မြန်မာပြည်မှာ ထင်ရှားကျော်စောတော်မူကြတဲ့ ဆရာတော်ဘုရားကြီး ဟူသမျှတို့ကလည်း ဘုန်းကြီးတို့ ဟောသလိုပဲ လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်နဲ့ ရှုရမယ်လို့ချည်း မိန့်ဆိုတော်မူကြတယ်။ ဒီနေရာမှာလည်း ဉာဏ်လှေကားကျမ်းဆိုင်ရာ ပုဂ္ဂိုလ်တစ်စုက သူများထက်ကဲပြီး အလွဲပြော လိုက်ပုံကတော့ "ရုပ်ကို လက္ခဏာ ရသနဲ့သာ ရှုရတယ်၊ ပစ္စုပဋ္ဌာန်နဲ့ မရှုကောင်းဘူး" တဲ့။ အဲဒါကလေးကိုလည်း နည်းနည်းရှင်းချင်တယ်။

ပစ္စုပဋ္ဌာန်နဲ့လည်း ရှုကောင်းတယ်ဆိုတာဟာ ဝိသုဒ္ဓိမဂ်မှာ စတုဓာတုဝတ္ထာန်ပိုင်းက လက္ခဏာဒိတော အရ ရှုနည်းမှာ တိုက်ရိုက် အထင်အရှား ပြထားပါတယ်။ အဲဒါနဲ့မှ အားမရသေးရင် ဒီဃနိကာယ် မဟာဝဂ္ဂအဋ္ဌကထာ၊ ဋီကာနဲ့ သံယုတ္တနိကာယ် နိဒါနဝဂ္ဂအဋ္ဌကထာ၊ ဋီကာတွေမှာ ပြဆိုထားတာကို လည်း ကြည့်ရှုနိုင်ပါတယ်။ အဲဒီမှာ ဥပါဒါနက္ခန္ဓာငါးပါး ဝိပဿနာရှုပုံကို ပြထားပါတယ်။ အဲဒီ ခန္ဓာငါးပါးထဲက ရုပ်ခန္ဓာရှုပုံကို "ဣတိ ရူပံ၊ ဣတိ ရူပဿ သမုဒယော၊ ဣတိ ရူပဿ အတ္ထင်္ဂမော" လို့ ပါဠိတော်က ပြထားပါ

တယ်။ အဲဒီ ပါဠိတော်မှ ဣတိရူပံ အရ ရုပ်ကို စ၍ ရှုပုံ သိမ်းဆည်းပုံကို အဋ္ဌကထာက ဘယ်သို့ဖွင့်သလဲဆိုတော့

"ဣတိ ရူပန္တိ ဣဒံ ရူပံ၊ ဧတ္တကံ ရူပံ၊ ဣတော ဥဒ္ဓံ ရူပံ နတ္ထီတိ ရုပ္ပနသဘာဝဉ္စေဝ ဘူတုပါဒါယဘေဒံ ရူပဉ္စ အာဒိ ကတွာ လက္ခဏရသ ပစ္စုပဋ္ဌာနဝသေန အနဝသေသရူပပရိဂ္ဂဟော ဝုတ္တော"။

ဣတိ ရူပံ ဟူသော ရှုပုံဖြင့် ဘာကိုပြသလဲဆိုတော့ "ဤသည်ကား ရုပ် (ရုပ် ၂၈ ခု ကို ဆိုလိုတယ်) ရုပ်သည် ဤမျှသာရှိသည်။ ဒီထက် အလွန် ရုပ် မရှိတော့ဘူး" လို့ (ရုပ္ပနသဘာဝဉ္စေဝ) ဖောက်ပြန်တဲ့သဘောကို (ဘူတုပါဒါယဘေဒံရူပဉ္စ) ဘူတရုပ်၊ ဥပါဒါရုပ်အားဖြင့် ကွဲပြားသော ရုပ် အပေါင်းကိုရော အစပြုပြီးတော့ (လက္ခဏ ရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာန ဝသေန) လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့၏ အစွမ်းအားဖြင့် (အနဝသေသ ရူပရိဂ္ဂဟော) အကြွင်းမရှိ အလုံးစုံသော ရုပ်ကို သိမ်းဆည်းခြင်းကို (ဝုတ္တော) ဟောထားပါတယ်တဲ့။

ဒါ အဋ္ဌကထာ ဖွင့်ပုံပါပဲ။ အဲဒါဟာ ရုပ်ခန္ဓာသက်သက် ရှုပုံပဲ။ နာမ်ရှုပုံ မဟုတ်သေးဘူး။ အဲဒီရုပ်သက်သက် ရှုပုံမှာပဲ လက္ခဏာနဲ့ရော၊ ရသ နဲ့ရော ပစ္စုပဋ္ဌာန်နဲ့ရော ပဒဋ္ဌာန်နဲ့ရော ရှုပုံတွေ အစုံပါနေတယ်နော်။ ပြီးတော့ အနဝသေသရူပ အကြွင်းမဲ့ ရုပ်ကို ရှုတာတဲ့။ ဘယ်ရုပ်ကလေးကိုတော့ ဘယ်ဟာနဲ့ ရှုရမယ်၊ ဘယ်ဟာနဲ့တော့ မရှုရဘူးလို့ ဒီလို ကန့်သတ်ချက်မပါဘူး။ ရုပ်ဟူသမျှကို လက္ခဏာနဲ့ရော ရသနဲ့ရော ပစ္စုပဋ္ဌာန်နဲ့ရော ပဒဋ္ဌာန်နဲ့ရော ရှုပါတဲ့။ အနဝသေသရူပ ရုပ်ဟူသမျှကို အကြွင်းမဲ့ သိမ်းဆည်းပါ၊ ရှုပါတဲ့။ အဲဒီတော့ ရုပ်ကို ပစ္စုပဋ္ဌာန်နဲ့ မရှုကောင်းဘူးလို့ဆိုတဲ့ ပုဂ္ဂိုလ်တစ်စုရဲ့စကားဟာ ဒီအဋ္ဌကထာတွေနဲ့ လွဲမနေပေဘူးလား၊ အဋ္ဌကထာတွေနဲ့ လွဲနေရင် သူတို့အဆိုဟာ မှားတာပေါ့။ မှန်တယ်လို့ ဘယ်သူက ယုံကြည်နိုင်ပါ့မလဲ။ စဉ်းစားဉာဏ်ရှိတဲ့သူဆိုရင် ဘယ်သူမှ မယုံကြည်နိုင်တော့ဘူး။

(ဝမ္မိကသုတ်)

## အာနာပါနကိုရှုဖို့ ဘာကြောင့်မညွှန်းသလဲ

ဒီနေရာမှာ ရှုကွက်လေလည်း ဝါယောဓာတ်ပဲ၊ အဲဒီရှုကွက်အတွေ့အထိကို တော့ ရှုဖို့ရာ ဘာကြောင့် မညွှန်းကြပါသလဲလို့ မေးစရာရှိပါတယ်။ အဖြေက

တော့ မိမိ၏သဘောအရဆိုရင်တော့ ရှူရှိုက်လေရုပ်ကို ရှုခြင်းဖြင့်လည်း ဝါယော ရုပ်နဲ့ ရှုသိနာမ်ကို သိပြီး ဝိပဿနာဉာဏ် ဖြစ်သင့်တယ်လို့ပဲ သဘောကျပါ တယ်။ ဒါပေမဲ့ ဝိသုဒ္ဓိမဂ်၌ ကာယာနုပဿနာ (၁၄) ပိုင်းကို သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းတို့ဖြင့် ခွဲခြားပြရာတွင် အာနာပါနကို သမထကမ္မဋ္ဌာန်းလို့သာ ပြထားတယ်။ ပြပုံကတော့

ဣရိယာပထပဗ္ဗံ စတုသမ္ပဇညပဗ္ဗံ ဓာတုမနသိကာရပဗ္ဗန္တိ ဣမာနိ တီဏိ ဝိပဿနာဝသေန ဝုတ္တာနိ။ ပ။ အာနာပါနပဗ္ဗံ ပန ပဋိကူလမနသိကာရပဗ္ဗဉ္စ ဣမာနေဝေတ္ထ ဒွေ သမာဓိဝသေန ဝုတ္တာနိ။

(ဝိသုဒ္ဓိမဂ် ပထမတွဲ နှာ ၂၃၂)

ဣရိယာပထပဗ္ဗံ စတုသမ္ပဇညပဗ္ဗံ ဓာတုမနသိကာရပဗ္ဗန္တိ ဣရိယာ ပုထ် ၄ ပါးရှုပုံအပိုင်း၊ သမ္ပဇဉ် ၄ ပါးဖြင့် ရှုပုံအပိုင်း၊ ဓာတ်လေးပါး နှလုံးသွင်းပုံ အပိုင်းဟူသော ဣမာနိ တီဏိ- ဤသုံးပိုင်းတို့ကို၊ ဝိပဿနာဝသေန- ဝိပဿနာဘာဝနာ အလိုအားဖြင့်၊ ဝုတ္တာနိ- ဟောတော်မူအပ်ကုန်၏။ ပ။ ပန- ထိုမှတစ်ပါး၊ အာနာပါနပဗ္ဗံ ပဋိကူလမနသိကာရ ပဗ္ဗဉ္စ- ရှူရှိုက်လေ ရှုပုံကို ပြသော အာနာပါနပိုင်းနှင့် ဆံပင် မွေးညင်း စသည်တို့ကို စက်ဆုပ်ဖွယ်ရှုပုံ ပြသော အပိုင်းဟူသော၊ ဣမာနေဝ ဒွေ- ဤနှစ်ပိုင်းတို့ကိုသာလျှင်၊ ဧတ္ထ- ဤကာယာနုပဿနာ ၁၄ ပိုင်းတို့တွင်၊ သမာဓိဝသေန- သမာဓိဘာဝနာ အလိုအားဖြင့်၊ ဝုတ္တာနိ- ဟောတော်မူအပ် ကုန်၏။

အထက်ပါ ဝိသုဒ္ဓိမဂ်၌ အာနာပါနပိုင်းကို သမာဓိဘာဝနာ သမာဓိ ကမ္မဋ္ဌာန်းလို့ အတိအလင်းပြဆိုထားတယ်။ အဲဒီတော့ ဘုန်းကြီးတို့က အာနာပါန ကို ရှုဖို့ ညွှန်ကြားရင် မလိုလားတဲ့သူတွေက အထက်ပါ ဝိသုဒ္ဓိမဂ်ကို ကိုင်ပြီး ဘုန်းကြီးတို့ ညွှန်ပြနေတာကို သမထကမ္မဋ္ဌာန်းပဲ၊ ဝိပဿနာမဟုတ်ဘူးလို့ စွပ်စွဲပယ်ဖျက်ကြမှာ သေချာပါတယ်။ ဘုန်းကြီးတို့ကလည်း အထက်ပါဝိသုဒ္ဓိမဂ် ကို ပယ်ဖျက်ပြီး ဝိပဿနာပါလို့ ဖြေရှင်းဖို့မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ဘုန်း ကြီးတို့ ကိုယ်တိုင်ကတော့ အာနာပါနကို ဝိပဿနာအနေဖြင့် မညွှန်ကြားခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့ အာနာပါနကိုသာ ရှုချင်ပါတယ်ဆိုတဲ့သူတွေကိုတော့ သူတို့သဘောအတိုင်းရှုဖို့ ခွင့်ပြုပါတယ်။ မတားမြစ်ပါဘူး။

နောက်တစ်ခုကတော့ အာနာပါနကိုရှုရင် နှာသီးဖျားတစ်နေရာထဲ၌သာ စူးစိုက်ပြီး ရှုရမယ်၊ အတွင်းသို့ဝင်လာသော လေကိုလည်း လိုက်မရှုရဘူးလို့

ပဋိသမ္ဘိဒါမဂ်နှင့် ဝိသုဒ္ဓိမဂ်မှာ အတိအလင်း ပြဆိုထားပါတယ်။ အဲဒါဟာ အဲဒီကျမ်းဆရာတို့နှင့် ရည်ရွယ်ချက်အားဖြင့် ဥပစာရသမာဓိ၊ အပ္ပနာဈာန်သမာဓိ ရအောင် ရှုဖို့ရည်ရွယ်ပြီး ပြဆိုတာပါပဲ။ ဝိပဿနာဉာဏ်ဖြစ်အောင် ရှုရာမှာတော့ တစ်နေရာတည်းက ရုပ်ကိုသာရှုရမယ်လို့ အကန့်အသတ်မရှိပါဘူး။ ဒါပေမဲ့ အာနာပါနကို ရှုနေရင်း ကိုယ်ထဲမှာ ထင်ရှားပေါ်လာတဲ့ အတွေ့အထိ ရုပ်တွေကို လိုက်ရှုဖို့ ဘုန်းကြီးတို့က ညွှန်ကြားရင်၊ စိတ်ကူးအကြားအမြင်တွေကိုလည်း လိုက်ရှုဖို့ ညွှန်ကြားရင် အဲဒီ ပဋိသမ္ဘိဒါမဂ်၊ ဝိသုဒ္ဓိမဂ်တို့နှင့် ဆန့်ကျင်တယ် မှားတယ်လို့ အပြောအဆို အစွပ်အစွဲခံရဖို့ သေချာနေပါတယ်။ ဒါကြောင့် ဘုန်းကြီးတို့က အာနာပါနကို ဝိပဿနာအနေဖြင့် ရှုဖို့ မညွှန်ကြားတာပါပဲ။ ဒါလောက်ဆိုရင် အာနာပါနကို ရှုဖို့ ဘာကြောင့် မညွှန်ကြားသလဲ ဆိုတဲ့မေးခွန်း ပြေလည်လောက်ပါပြီ။

(မာလုကျပုတ္တသုတ်)

## အဖောင်း အပိန် မှတ်တာဟာ ပါဠိတော်နဲ့ မဝေးဘူးလား

လူတစ်ယောက်က ဖောင်းတာ ပိန်တာ မှတ်နေရင် ဘုရားဟောပါဠိတော်နဲ့ ဝေးကွာမနေဘူးလားလို့ ဒီလိုစောဒနာပါတယ်။ အဖြေကတော့ ဘုရားဟောပါဠိတော်များနဲ့ မဝေးပါဘူး။ အံကျကိုက်ညီနေပါတယ်လို့ ဖြေကြားပါတယ်။ ဒီလိုဖြေကြားနိုင်ခြင်း၏ ခိုင်လုံသောသာဓကေ ပါဠိတော်တွေက ရာထောင်မက များစွာရှိနေပါတယ်။ ဘယ်လိုပါဠိတော်တွေလဲဆိုရင် သဠာယတနဝဂ္ဂသံယုတ် ပါဠိတော် စသည်တွေပါပဲ။ အဲဒီ ပါဠိတော်တွေမှာ ဒွါရ ၆ ပါးက ထင်ရှားပေါ်လာတဲ့ ရုပ်နာမ်တွေကို မရှုရင် ကိလေသာဖြစ်ကြောင်း၊ ရှုပြီး အမှန်အတိုင်း သိမှ ကိလေသာငြိမ်းပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြောင်း အတိအလင်း ပြဆိုထားပါတယ်။ ယခုဟောနေတဲ့ မာလုကျပုတ္တသုတ် တစ်ခုတည်းဖြင့်ပင် အဲဒီလို ဟောပြထားပုံဟာ အလွန်ထင်ရှားနေပါတယ်။

ဘယ်လိုလဲဆိုရင် မတွေ့မထိရတဲ့ အာရုံမှာ ကိလေသာမဖြစ်ဘူး။ တွေ့ထိရတဲ့အာရုံမှာ ကိလေသာဖြစ်တယ်ဆိုတာကို ယခုဟောပြခဲ့တဲ့ စကားထဲမှာ ထင်ရှားတွေ့ခဲ့ကြပြီ မဟုတ်ပါလား။ တော်တော်ကြာတော့ ဂါထာ ၄ ပုဒ်ဖြင့်လည်း

ထင်ရှားပြထားတာကို တွေ့ကြရပါလိမ့်မယ်။ နောက်ပြီးတော့ သတိပဋ္ဌာန် ဒေသနာတော်မှာပင် ဓာတုမနသိကာရပိုင်း၌ ဓာတ် ၄ ပါးကို ရှုတယ်ဆိုတာ ထင်ရှားပေါ်လာတဲ့ ဓာတ်တွေကို ရှုရတာပဲ။ ဝမ်းဗိုက် ဖောင်းခိုက် ပိန်ခိုက်၌ တောင့်တင်းလှုပ်ရှားတဲ့ ဝါယောဓာတ် ထင်ရှားတဲ့အတွက် အဲဒီ ဝါယောဓာတ်ကို ရှုတာဟာ ဓာတုမနသိကာရပါပဲ။ ဓာတ်ဆိုတဲ့ ကျမ်းဂန်စကားကိုမသုံးဘဲ "ဖောင်းတယ် ပိန်တယ်"လို့ အရပ်သုံးစကားနဲ့ ရှုတာကတော့ (ဂစ္ဆာမီတိ ပဇာနာတိ) စသည်ဖြင့် ညွှန်ပြထားတဲ့ ဘုရားစကားတော်နှင့်အညီပါပဲ။ အဲဒီလို အရပ်သုံးစကားဖြင့် ရှုမှတ်လို့ သမာဓိဉာဏ် ရင့်လာတဲ့အခါကျတော့ တောင့်တင်း လှုပ်ရှားတဲ့ ဓာတ်သဘော အဆက်ဆက်မှုဖြစ်ပျက်နေတာကို ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့သိကြရတာပါပဲ။

နောက်ပြီးတော့ သတိပဋ္ဌာန်ပါဠိတော် အာယတနဓမ္မာနုပဿနာပိုင်း၌ (ကာယဉ္စ ပဇာနာတိ၊ ဖောဋ္ဌဗ္ဗေ စ ပဇာနတိ) လို့ ညွှန်ပြထားတဲ့ ပါဠိတော်နဲ့လည်း အံကျကိုက်ညီနေပါတယ်။ အဲဒီပါဠိက ကိုယ်ထဲမှာ ဘယ်အစိတ်အပိုင်း ကမဆို ထိတွေ့နေရတဲ့အာရုံနဲ့ ထိတွေ့ရာဒွာရ ကာယပသာဒ သိပုံကို ဟောထားတာပါပဲ။ ဒါကြောင့် သတိပဋ္ဌာနသုတ်ပါဠိတော်နဲ့လည်း မဝေးပါဘူး။ အံကျကိုက် ညီနေတာပါပဲ။ သံယုတ်ပါဠိတော်တွေမှာတော့ အလားတူပြထားတဲ့ သုတ္တန် စကားတော်တွေ ရာပေါင်းများစွာ ရှိနေတာပါပဲ။ ဒါကြောင့် ဘုန်းကြီးတို့က ဣရိယာပထပိုင်း ဒေသနာတော်မှာ (ယထာ ယထာ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာ နံ ပဇာနာတိ) ဆိုတဲ့ စကားရပ်ဖြင့် ဣရိယာပုထ်လေးပါးမှ အလွတ်ဖြစ်တဲ့ ကိုယ်အမူအရာ ဟူသမျှကိုလည်း ညွှန်ပြ တယ်လို့ ကောက်ယူထားပါတယ်။

ယခုပြောခဲ့တဲ့အတိုင်း ဖောင်းတယ် ပိန်တယ်လို့ ရှုမှတ်ရတာကို အား မရဘူး၊ သတိပဋ္ဌာန်ပါဠိတော် ကာယာနုပဿနာပိုင်း၌ တိုက်ရိုက်ဟောပြထားတဲ့ အမည်နဲ့သာ ရှုမှတ်ချင်တယ်ဆိုရင်တော့ ထိုင်နေဆဲမှာ "ထိုင်တယ် ထိုင်တယ်" လို့ချည်း မပြတ်ရှုမှတ်နေဖို့ ညွှန်ကြားပါတယ်။ ရပ်နေဆဲ လျောင်းအိပ်နေဆဲ မှာလဲ "ရပ်တယ် ရပ်တယ်၊ အိပ်တယ် အိပ်တယ်"လို့ချည်း မပြတ်ရှုမှတ်နေဖို့ ညွှန်ကြားပါတယ်။ ဒါပေမဲ့ အာနာပါနရှုဖို့တော့ ဘုန်းကြီးတို့အနေနဲ့ မညွှန် ကြားပါဘူး။ ဘာကြောင့်လဲဆိုရင် ရှေ့နားပိုင်းက ပြောခဲ့တဲ့အတိုင်း ဝိသုဒ္ဓိမဂ်နဲ့

ဆန့်ကျင်ရာရောက်နေမည့်ပြင် သတိပဋ္ဌာနသုတ်အဖွင့် အဋ္ဌကထာစသည်မှာ ဝင်လေ ထွက်လေကို ရှု၍ ရျာန်ရပြီးမှသာ ဝိပဿနာရှုပုံကို ပြထားတဲ့စကားများနဲ့လည်း ဆန့်ကျင်ရာရောက်နေမည်ဖြစ်သောကြောင့်ပါပဲ။ ဒါပေမဲ့ အာနာပါနကို ရှုချင်တယ်ဆိုရင်တော့ ဘယ်သူ့ကိုမျှ မတားမြစ်ပါဘူး။ သူ့သဘောအတိုင်း ခွင့်ပြုပါတယ်။

(မာလုကျပုတ္တသုတ်)

## ရက်ရာဇာ စသည်တွေဟာ အလုပ်ပိုပင်

ရက်ရာဇာ ပြဿဒါး လာဘ်နေ နတ်နေစသည် အယူအစွဲတွေလည်း ဒီမင်္ဂလာ အမင်္ဂလာ အယူအစွဲထဲမှာ ပါဝင်ပါတယ်။ အလှူပွဲ ထိမ်းမြားပွဲစသည့် မင်္ဂလာကိစ္စကို ပြုကြတဲ့အခါမှာ ရက်ကောင်း နေ့ကောင်း အချိန်ကောင်းကို ရွေးကြတယ်။ အိမ် ကျောင်းစသည် ဆောက်လုပ်တဲ့အခါမှာလည်း အချိန်ကောင်း ရွေးချယ်ပြီး ပန္နက် အုတ်မြစ်ချကြတယ်။ ဒါတွေလည်း မင်္ဂလာအစွဲအလမ်းတွေပါပဲ။ အမှန်ကတော့ နေ့ရက်အချိန်က ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ အချိုးတကျ လုပ်ကိုင်ဆောင်ရွက်ရင် အလုပ်ကိစ္စတွေ အောင်မြင်တာပါပဲ။ ဘယ်လိုအချိန်ကောင်းရွေးပြီး လုပ်ပေမယ့်လို့ အချိုးတကျ မဆောင်ရွက်ရင်တော့ မအောင်မြင်ပါဘူး။ အဲဒါ စဉ်းစားကြည့်ဖို့ကတော့ ထိမ်းမြားမင်္ဂလာပြုကြရာမှာ ရက်ကောင်း အချိန်ကောင်းရွေးပြီး ဆောင်ရွက်ကြပေမယ့် အချင်းချင်း ဆက်ဆံရေးက အဆင်မပြေတော့ တကွဲတပြားစီ ဖြစ်သွားကြတာတွေလည်း များစွာရှိနေတာပဲ။ တချို့ဘုရားကိစ္စ ကျောင်းကိစ္စတွေဟာလည်း မပြီးနိုင်ဘဲ ဖြစ်နေတာတွေ ရှိနေတာပဲ။

ဒါကြောင့် ဘုန်းကြီးတို့ကတော့ ရက်ရာဇာ ပြဿဒါးစသည်တွေကို ယုံကြည်တာဟာ အလုပ်အပိုပဲလို့ အသိအမှတ်ပြုထားပါတယ်။ ယခုနေအခါ ဒီရန်ကုန်က လူတွေလည်း ရက်ရာဇာစသော ရက်ကောင်းကို မရွေးဘဲ တနင်္ဂနွေ ရုံးပိတ်ရက်မဟုတ်တဲ့ အခြားရက်မှာ မင်္ဂလာကိစ္စကိုလုပ်ရင် ခမ်းခမ်းနားနား စည်ကားသင့်သလောက် မစည်ကားနိုင်ဘူး၊ ဒါကြောင့်ပါပဲ။

(သမ္မာပရိဗ္ဗာဇနီယသုတ်)

## သူ့အလိုအတိုင်း ခွင့်ပြုထားရပါတယ်

ဂါထာမှာ လောကီမင်္ဂလာကို ပယ်ရမယ်ဆိုတာက အဲဒီမင်္ဂလာ အမင်္ဂလာကြောင့်ပင် ကောင်းကျိုးဆိုးကျိုးရတယ်လို့ အယူအစွဲကို ပယ်ဖို့ပါပဲ။ အမှန်ကတော့ ကောင်းကျိုး ဆိုးကျိုးဆိုတာ ရှေးကုသိုလ်ကံနဲ့လည်း ဆိုင်တယ်။ ယခုမျက်မှောက်မှာ သင့်တော်တဲ့အလုပ် မသင့်တော်တဲ့အလုပ်နဲ့လည်း ဆိုင်တယ်။ ဒါကြောင့် "ကုသိုလ်ကံကြောင့် မင်္ဂလာကို တွေ့ရတယ်၊ အဲဒီကုသိုလ်ကြောင့်ပဲ ကောင်းကျိုးကိုရတယ်၊ အကုသိုလ်ကံကြောင့် အမင်္ဂလာကို တွေ့ရတယ်။ အဲဒီအကုသိုလ်ကံကြောင့်ပဲ မကောင်းကျိုးကို ရတယ်" လို့ ကံကိုသာ ပဓာနပြုပြီး ယုံကြည်ယူဆဖို့ပါပဲ။ အဲဒါဟာ ကမ္မဿကတာသမ္မာဒိဋ္ဌိဖြင့် ယူဆတာ အမြင်မှန်ပါပဲ။ မင်္ဂလာ အမင်္ဂလာကြောင့်ပင် ကောင်းကျိုး ဆိုးကျိုးရတယ်လို့ ယုံကြည်စွဲလမ်းတာကတော့ အဲဒီကမ္မဿကတာသမ္မာဒိဋ္ဌိနဲ့ ဆန့်ကျင်တဲ့ မိစ္ဆာအယူအစွဲပဲ။ ဒါကြောင့် အဲဒီမိစ္ဆာအယူအစွဲကို ပယ်ဖို့က လိုရင်းပါပဲ။ သောတာပတ္တိမဂ်ဖြင့် အဲဒီလို အယူအစွဲကို အကြွင်းမဲ့ ပယ်နိုင်ပါတယ်။ ဒါပေမဲ့ သောတာပန်မှာ အိမ်ထောင်ပြုမှုလည်း ရှိနေသေးတဲ့အတွက် လောကီမင်္ဂလာတွေ အကုန်လုံးကင်းတယ်လို့တော့ မဆိုနိုင်ပေဘူး။ လောကထဲမှာ အများနဲ့ ဆက်ဆံနေရတဲ့အတွက် အများကြိုက် မင်္ဂလာမှုကလေးများကို ပြုရတာလည်း ရှိကောင်းရှိပေလိမ့်မယ်။ ဘုန်းကြီးတို့မှာ ရက်ရာဇာ ပြဿဒါးစသည်ကို အယုံအကြည်မရှိပေမယ့် အလှူမင်္ဂလာပြုတဲ့ ဒကာ ဒကာမတွေကျတော့ သူတို့အလိုအတိုင်း ခွင့်ပြုထားရပါတယ်။ ကျောင်းဆောက်တဲ့အခါလည်း အခါကောင်းရွေးပြီး ပန္နက်ရိုက်တာ အုတ်မြစ်ချတာကို ခွင့်ပြုထားရပါတယ်။ ဘာကြောင့်လဲဆိုတော့ အကြောင်းမညီညွတ်လို့ တစ်စုံတစ်ရာ အဆင်မပြေဘဲ ဖြစ်နေရင် ရက်ကောင်း အချိန်ကောင်းမရွေးရတဲ့အတွက်ကြောင့်လို့ ပြောစရာ ဖြစ်မနေရအောင်လို့ပါပဲ။

(သမ္မာပရိဗ္ဗာဇနီယသုတ်)

## နက္ခတ်ကောင်း ငံ့နေရင် အကျိုးမဲ့ဖြစ်တတ်သည်

နက္ခတ္တံ ပတိမာနေန္တံ၊ အတ္ထော ဗာလံ ဥပစ္စဂါ။
အတ္ထော အတ္ထဿ နက္ခတ္တံ၊ ကိံ ကရိဿန္တိ တာရကာ။

နက္ခတ္တံ– နက္ခတ်ကောင်း အချိန်ကောင်းကို၊ ပတိမာနေန္တံ– ငံ့လင့်နေသော၊ ဗာလံ– အသိဉာဏ်မဲ့သူကို၊ အတ္ထော– လိုအပ်သော အကျိုးသည်၊ ဥပစ္စဂါ– ကပ်လာပြီးမှ ကျော်လွန်သွားတတ်၏။ အတ္ထော– လိုအပ်သောအကျိုးကို ရခြင်းသည်၊ အတ္ထဿ– လိုအပ်သောအကျိုး၏၊ နက္ခတ္တံ– နက္ခတ်ကောင်းအချိန်အခါကောင်းပေတည်း။ တာရကာ– ကောင်းကင်က ကြယ်တာရာတို့သည်၊ ကိံကရိဿန္တိ– အဘယ်အကျိုးကို ပြုနိုင်ကုန်အံ့– ပြီးစေနိုင်ကုန်အံ့နည်း တဲ့။

အဲဒီဂါထာဟာလည်း အလွန်မှတ်သားဖွယ်ကောင်းပါတယ်။ ယခုခေတ်မှာလည်း ပြုသင့်တဲ့အချိန် မပြုဘဲ ရက်ကောင်း အခါကောင်းရွေးနေတဲ့ အကျိုးမဲ့ဖြစ်တာ ရှိတာပဲ။ လွန်ခဲ့တဲ့ ၂ နှစ် ၃ နှစ်လောက်က မြိတ်မြို့မှ ဒကာမကြီးတစ်ယောက်ဟာ မျက်စိရောဂါအတွက် ရန်ကုန်လာရောက်ပြီး ကုသဖို့ရှိနေရာမှာ ရက်ကောင်းရွေးတာနဲ့ ရက်အနည်းငယ်နောက်ကျသွားသောကြောင့် ရန်ကုန်ရောက်လာတဲ့အခါ ဆရာဝန်များက ကုသမပေးနိုင်တော့ဘဲ အကျိုးမဲ့ဖြစ်သွားရတယ်လို့ ရင်းနှီးသော ဒကာ ဒကာမများထံမှ ကြားသိရဖူးတယ်။ အဲဒါလည်း အထူးသတိပြုစရာအချက်တစ်ခုပါပဲ။ အဲဒါဟာ မင်္ဂလာကို အလေးပြုနေလို့ အကျိုးမဲ့ဖြစ်ရတာပါပဲ။

(သမ္မာပရိဗ္ဗာဇနီယသုတ်)

## အိပ်မက်အစွဲလည်း ပယ်ရမယ် တဲ့

အိပ်မက်ဆိုင်ရာ အယူအစွဲတွေကိုလည်း ပယ်ရမယ်တဲ့။ ဒီအိပ်မက်ဆိုတာကတော့ ဘုန်းကံကြီးတဲ့ ပုဂ္ဂိုလ်ထူးများမှာ ကုသိုလ် အကုသိုလ်က ကောင်းကျိုးဆိုးကျိုးပေးခါနီးမှာ ထင်ပေါ်တတ်တယ်လို့ ကျမ်းဂန်များမှာ အဆိုရှိပါတယ်။ သာမန်ပုဂ္ဂိုလ်မှာတော့ အိပ်မက်တွေက ကောင်းကျိုး ဆိုးကျိုးနဲ့ ဆိုင်ပုံမရပါဘူး။ စိတ်စွဲလမ်းချက်များနဲ့ ရုပ်ကိုယ်ရဲ့အခြေအနေများကြောင့် မက်ဟန်တူပါတယ်။ ဘာကြောင့်ပဲဖြစ်ဖြစ် အိပ်မက်နှင့်စပ်ပြီး ဂရုမစိုက်ဘဲ ပယ်ထားဖို့ပါပဲ။ အရဟတ္တမဂ်ဖိုလ်ရောက်ပြီး ရဟန္တာဖြစ်တဲ့အခါကျတော့ အိပ်မက်လည်း မမက်တော့ပါဘူး။ အဲဒီအခြေအနေရောက်အောင် ကျင့်သွားဖို့ပါပဲ။

ဒီနေရာမှာ စဉ်းစားစရာတစ်ခု ရှိတယ်၊ ဒီသုတ်က နတ်ဗြဟ္မာတွေဟောတဲ့တရားပဲ။ နတ်ဗြဟ္မာတွေမှာ အိပ်ခြင်းမရှိတဲ့အတွက် အိပ်မက်လည်း မက်ဖွယ်မရှိဘူး၊ အိပ်မက်နဲ့စပ်ပြီး အယူအစွဲဖြစ်ဖွယ်လည်း မရှိဘူး၊ လူတွေရဲ့

အိပ်မက်အကြောင်းလည်း စိတ်ဝင်စားဖွယ် မရှိဘူး၊ အဲဒါကို နတ်ပြဟ္မာတွေက ဘယ်လို သဘောပေါက်ပါမည်လဲလို့ စဉ်းစားစရာရှိပါတယ်။ ကောင်းကင်မှာ တည်နေတဲ့ နတ်ပြဟ္မာတွေမှာတော့ အိပ်မက်မမက်ဘူးဆိုတာ ဟုတ်ပါတယ်။ ဒါပေမဲ့ မြေပြင်မှာ တည်နေကြတဲ့ ရုက္ခစိုးအစရှိတဲ့ နတ်တွေမှာတော့ အိပ်ခြင်းလည်း ကင်းဟန်မတူပါဘူး။ သူတို့က မအိပ်တောင်မှ လူတွေရဲ့အိပ်မက်မက်ပုံ စွဲလမ်းပုံတွေကို ထင်ရှားသိနေကြမှာပါပဲ။ ဒါကြောင့် အဲဒီလို အချို့နတ်များ အတွက် ဒီအိပ်မက်အစွဲပယ်ဖို့ ဟောတော်မူတယ်လို့ယူရင် သင့်လျော်ပါတယ်။

(သမ္မာပရိဗ္ဗာဇနီယသုတ်)

## ရဟန်းတော်နှင့် လောကီမင်္ဂလာ

ဒီတရားတော်အရဆိုရင် ဗုဒ္ဓဘာသာဝင် ရဟန်းအဖြစ် ဝန်ခံနေကြတဲ့ ပုဂ္ဂိုလ်တွေဟာ လောကီမင်္ဂလာနဲ့စပ်ပြီး ပယ်ဖို့သင့်ပါတယ်။ အဲဒီလောကီမင်္ဂလာကို အားပေးပြောဟောနေကြတာလည်း ရှိနေတယ်။ ဥပ္ပါတခေါ်တဲ့ ဆားဥပဒ်များ အိပ်မက်များ လက္ခဏာများနဲ့စပ်ပြီး ဘယ်လိုမကောင်းကျိုး ဖြစ်တတ်တယ်၊ အဲဒီလို မကောင်းကျိုးမဖြစ်ရအောင် ဘာလုပ်ရမယ်စသည်ဖြင့် ယတြာချေပုံတွေလည်း သင်ပြပေးနေကြတယ်။ စီးပွားဖြစ်အောင်၊ ရာထူးတိုးတက်အောင် ဘယ်လို လုပ်ရမယ်၊ ဘာကိုဆောင်ထားရမယ်စသည်ဖြင့် ညွှန်ကြားပေးနေကြတယ်၊ ဆားရန်ကင်းချင်တဲ့သူ၊ ကြီးပွားချင်တဲ့သူ၊ ရာထူးတည်မြဲ တိုးတက်ချင်တဲ့သူတွေကလည်း အဲဒီလို လောကီမင်္ဂလာပြုလုပ်ပေးတဲ့ ဆရာတွေကို ကိုးကွယ်ဆည်းကပ်နေကြတယ်။ ဒါကြောင့် လောကီမင်္ဂလာကို ဟောပြနေတဲ့ ရဟန်းတွေမှာလည်း ဘုန်းတန်ခိုးကြီးနေကြတယ်။ ဒါပေမဲ့ ဒီတရားဂါထာအရဆိုရင်တော့ အဲဒီ လောကီမင်္ဂလာတွေကို အလေးမပြုသင့်ပါဘူး။ ပယ်နိုင်အောင် သီလ သမာဓိ ပညာအကျင့်ကိုသာ ကြိုးစားအားထုတ်ပြီး ကျင့်သင့်ပါတယ်။

(သမ္မာပရိဗ္ဗာဇနီယသုတ်)

## နတ်မင်း ဘုရားသခင်ကို အားကိုးပြီး ပြုလုပ်ရင်

နွား ကျွဲ စသည်ကိုသတ်ပြီး နတ်မင်းကြီး အရှင်သခင်ကြီးကို ပူဇော်ခြင်းဖြင့် မကောင်းမှုအပြစ်တွေ ကင်းစင်ပြီး ချမ်းသာတာကို ရနိုင်တယ်လို့

ယုံကြည်စွဲလမ်းတဲ့အတွက် နွား ကျွဲစသည်ကိုသတ်ပြီး ပူဇော်ရင် သီလဗ္ဗတုပါဒါန် ကြောင့် အကုသိုလ်ကမ္မဘဝဖြစ်ရတယ်၊ အဲဒီကမ္မဘဝကြောင့် အပါယ် ၄ ပါး ဘဝဇာတိဖြစ်မယ်၊ ဒီလိုလည်း ထင်ရှားနေပါတယ်။

နတ်မင်းကြီး အရှင်သခင်ကြီးကို ယုံကြည်ကိုးကွယ်လိုက်ရင် ရှိခိုးပူဇော် လိုက်ရင် အကုသိုလ်အပြစ်တွေ ကင်းပျောက်သွားမှာပဲလို့ ယုံကြည်အားကိုးပြီး မတော်တဲ့ အမှုတွေကိုပြုရင် ဒီဥပါဒါန်ကြောင့် အကုသိုလ်ကမ္မဘဝဖြစ်တယ်၊ ဂင်္ဂါမြစ်ရေ ချိုးလိုက်ရင် အကုသိုလ်အပြစ်တွေ ကင်းပျောက်သွားမှာပဲလို့ ယုံ ကြည်အားကိုးပြီး မတော်တဲ့အမှုတွေကိုပြုရင်လည်း ဒီဥပါဒါန်ကြောင့် အကုသိုလ် ကမ္မဘဝ ဖြစ်တယ်။ "ဒီပုံဒီနည်းဖြင့် သတ်ရင် အပြစ်မဖြစ်ဘူး" လို့ ယုံကြည် အားကိုးပြီး သံပြားပူကို နင်းခြင်းစသည်ကို ပြုလျက် သတ်ရင်လည်း ဒီဥပါဒါန် ကြောင့် အကုသိုလ်ကမ္မဘဝဖြစ်တယ်။ ဒီလိုလည်း ထင်ရှားပါတယ်။

အတိုချုပ်ပြောရရင် အပြစ်ပျောက်ကြောင်း၊ ချမ်းသာရကြောင်းမဟုတ်တဲ့ နည်းလမ်းမှား အကျင့်မှားတွေကို နည်းလမ်းမှန် အကျင့်မှန်အနေနဲ့ ယုံကြည် စွဲလမ်းတာဟူသမျှဟာ သီလဗ္ဗတုပါဒါန်ချည်းပဲ။ အဲဒီဥပါဒါန်ကို အခြေခံပြီး ပြုလုပ်မှုဟူသမျှဟာ သီလဗ္ဗတုပါဒါန်ကြောင့် ဖြစ်တဲ့ ကမ္မဘဝချည်းပါပဲ။ ဒါကြောင့် သတ္တမပိုင်း (နှာ ၉၁) မှာ ဝိပဿနာမဂ်၊ အရိယမဂ် မပါဘဲ လောကီသီလသက်သက် လောကီစျာန်သက်သက်မျှနှင့် သံသရာမှ လွတ်မြောက် တယ်လို့ ယူဆစွဲလမ်းတာကိုတောင် သီလဗ္ဗတုပါဒါန် မည်တယ်ဆိုတဲ့အကြောင်း ဝိသုဒ္ဓိမဂ် မဟာဋီကာ သာဓကနှင့်တကွ ပြခဲ့တယ်။ အာဠာရ ရသေ့နှင့် ဥဒကရသေ့တို့ရတဲ့ အရူပစျာန်တွေလည်း ဒီသီလဗ္ဗတုပါဒါန်ကြောင့် ဖြစ်တယ် ဆိုတဲ့ အကြောင်းလည်း ပြခဲ့တယ်။ ကောင်းကင်ဘုံက ဘုရားသခင်ကို ယုံ ကြည်အားကိုးပြီး ဘုရားသခင်၏အလိုတော်ကျအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြုတဲ့အမှု ဟူသမျှဟာလည်း ဒီဥပါဒါန်ကြောင့် ဖြစ်၍ ကမ္မဘဝချည်းပဲ။ အဲဒီကမ္မဘဝကြောင့် ဘဝအသစ်မှာ ဇာတိဖြစ်ပေါ်မယ်၊ ဇာတိကြောင့် ဇရာ မရဏစသည် ဆင်းရဲအစုတွေ ဖြစ်ပေါ်သွားမယ်။

(ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး)

## မရသေးတဲ့ မဂ်ဖိုလ်ကို တောင့်တတာဟာ ကာမုပါဒါန်ပဲ

ဥဂ္ဂါသူကြွယ်ဝတ္ထုမှာ ပြောလိုရင်းကတော့ ဥဂ္ဂါသူကြွယ်ဟာ လူ့ဘဝ တုန်းကတော့ အရဟတ္တဖိုလ်ကို အမြတ်တနိုး လိုချင်တောင့်တပြီး မြတ်နိုးအပ်တဲ့ စားသောက်ဖွယ် သုံးဆောင်ဖွယ်တွေကို လှူခဲ့တယ်။ အဲဒီလိုလှူရာမှာ အရဟတ္တ ဖိုလ်ကို လိုချင်တောင့်တမှုကြောင့် လှူဒါန်းမှု ဒါနကုသိုလ် ဖြစ်ခဲ့တယ်။ အဲဒီကုသိုလ်ကံဟာ "ဥပါဒါနပစ္စယာ ဘဝေါ= ဥပါဒါန်ကြောင့် ဘဝဖြစ်သည်" ဆိုတဲ့ဒေသနာတော်နဲ့အညီ ဘယ်ဥပါဒါန်ကြောင့် ဖြစ်သလဲဆိုရင် ကာမဥပါဒါန် ကြောင့်ဖြစ်တယ်လို့ပဲ ဆိုရပေလိမ့်မယ်။ဘယ်ကာမဥပါဒါန်ကြောင့်လဲဆိုရင် အဲဒီလိုလှူစဉ်က အရဟတ္တဖိုလ်ကို တောင့်တမှုသာ ထင်ရှားရှိတယ်။ ဒါကြောင့် အရဟတ္တဖိုလ်ကို တောင့်တမှု ကာမုပါဒါန်ကြောင့် ဖြစ်တယ်လို့ ယူဆဖွယ်ရှိ ပါတယ်။ အဲဒါဟာ "အနုတ္တရေသု ဝိမောက္ခေသု ပိဟံ ဥပဋ္ဌာပယတော- အမြတ်ဆုံးဖြစ်သော အရဟတ္တဖိုလ်တို့၌ တောင့်တခြင်းကို ဖြစ်စေသောသူမှာ (မ ၁၊ ၃၇၈။ မ ၃- ၂၆၁) ဟု ဆိုသော ပါဠိကိုမှီပြီး ယူဆပုံပါပဲ။

ဒီမှာ ထုတ်ပြထားတဲ့ ဝိသာခါ ဥပါသိကာမကြီးတို့၊ ဥဂ္ဂါသူကြွယ်တို့ ကဲ့သို့သော အရိယာပုဂ္ဂိုလ်တွေမှာ မရသေးတဲ့ မဂ်ဖိုလ်ကို လိုလားတောင့်တ တာဟာ ကာမဥပါဒါန် မဖြစ်သင့်ဘူး၊ ကုသိုလ်ဆန္ဒသာဖြစ်သင့်တယ်လို့ ဆိုရင် တော့ အရိယာပုဂ္ဂိုလ်တို့သန္တာန်မှာ ဖြစ်တဲ့ ဒါနအစရှိသော ကုသိုလ်တွေဟာ ဘယ်ဥပါဒါန်ကြောင့်လဲဆိုတာ ဖြေရှင်းရလိမ့်မယ်။ အဲဒါကို အဲဒီအရိယာတို့၏ သန္တာန်မှာ မကင်းသေးတဲ့ ကာမဥပါဒါန်ကြောင့် ဖြစ်တယ်လို့ ဖြေရှင်းလျှင် သဘောကျစရာ ရှိပါတယ်။

(ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး)

## ဝိပဿနာ ကုသိုလ်ကံက ဘယ်ဥပါဒါန်ကြောင့်ဖြစ်သလဲ

ဒီနေရာမှာ ဝိပဿနာကုသိုလ်ကတော့ ဘယ်ဥပါဒါန်ကြောင့်ဖြစ်သလဲလို့ မေးစရာရှိပါတယ်။ အိုခြင်း နာခြင်း သေခြင်းကင်းပြီး အမြဲတမ်း ချမ်းသာချင်တဲ့ ကာမဥပါဒါန်ကြောင့် ဖြစ်တယ်လို့ပဲ ယူဖွယ်ရှိပါတယ်။ နောက်တစ်နည်းအားဖြင့် ဆိုရင်တော့ ပုထုဇဉ်မှာ ဥပါဒါန် ၄ ပါးလုံး ကင်းငြိမ်းအောင် ဝိပဿနာ ရှုရတယ်။

အရိယာများမှာတော့ ကာမုပါဒါန် ကင်းငြိမ်းအောင် ရှုရတယ်။ ဒါကြောင့် အဲဒီ ကင်းငြိမ်းစေလိုအပ်တဲ့ ဥပါဒါန်တွေကြောင့် ဝိပဿနာကုသိုလ်ကံ ဖြစ်တယ်လို့လည်း ယူဖွယ်ရှိပါတယ်။ အဲဒီ ၂ နည်းထဲက ဒုတိယနည်းယူပုံဟာ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံကိုပြတဲ့ ဝိသုဒ္ဓိမဂ် (ဒု ၁၇၃)၊ သမ္မောဟ ဝိနောဒနီ (၁၉၃) အဆိုများနှင့် ညီညွတ်ပါတယ်။ အဲဒီမှာ ဆိုထားပုံကတော့

အဝိဇ္ဇာသမတိက္ကမတ္ထာယ– အဝိဇ္ဇာကို လွန်မြောက်ခြင်းအကျိုးငှာ၊ ဒါနာဒီနိ– ပေးလှူခြင်းအစရှိကုန်သော ကာမာဝစရ ပုညကြိယဝတ္ထုတို့ကို၊ ပူရေန္တဿ စေဝ– ဖြည့်ဆည်းပူးသောသူအားလည်းကောင်း၊ ရူပါဝစရဈာနာနိ၊ ရူပါဝစရ ဈာန်တို့ကို၊ ဥပ္ပါဒေန္တဿစ၊ ဖြစ်စေသောသူအားလည်းကောင်း၊ ပ၊ ဒွိန္နမ္ပိ တေသံ– ကာမကုသိုလ် ရူပကုသိုလ်ဟူသော ထိုပုညာဘိသင်္ခါရ ၂ ပါးတို့အားလည်း၊ အဝိဇ္ဇာ– လွန်မြောက်လိုအပ်သော အဝိဇ္ဇာသည်၊ ဥပနိဿယ ပစ္စယေန– ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော ဟောတိ– ကျေးဇူးပြုတတ်ပေ၏ လို့ ဆိုထားပါတယ်။

ဒီအဋ္ဌကထာ ၂ ရပ်အဆိုထဲမှာ မလွန်မြောက်သေး မကင်းသေးတဲ့ အဝိဇ္ဇာကို လွန်မြောက်ရန်အတွက် ကာမကုသိုလ်တို့ကို ဖြည့်ကျင့်ဆည်းပူးတယ်လို့ဆိုရာမှာ ဘာဝနာကုသိုလ်ထဲမှာ ဝိပဿနာလည်း ပါတယ်။ ဒါကြောင့် အဲဒီအဋ္ဌကထာမှာ အဝိဇ္ဇာကို လွန်မြောက်ရန်အတွက် ဝိပဿနာကို ဖြည့်ဆည်းပူးရင် အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရဖြစ်တယ်လို့ ဆိုတာနဲ့ ယခုဒီမှာ ဥပါဒါန်ကင်းငြိမ်းရန်အတွက် ရှုတဲ့ဝိပဿနာကုသိုလ်ဟာ ဥပါဒါန်ကြောင့် ဖြစ်တယ်လို့ ဆိုတာဟာ တူညီနေပါတယ်။

(ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး)

## ဝိပဿနာကံကြောင့် ဘဝအသစ် ဖြစ်ပါသေးသလား

ဒါဖြင့် ဝိပဿနာကုသိုလ်ကံကြောင့် ဘဝသစ်ဖြစ်နိုင်ပါသေးသလားလို့ ဆိုရင် ကျမ်းဂန်များအရအားဖြင့် ဖြစ်နိုင်သေးတယ်လို့ ဖြေရမှာပဲ။ ဘယ်ကျမ်းဂန်များအရလဲဆိုရင် အင်္ဂုတ္တရအဋ္ဌကထာနဲ့ ပဋ္ဌာန်းပါဠိအဋ္ဌကထာများအရပါပဲ။

အင်္ဂုတ္တရအဋ္ဌကထာ (ပ ၃၆၉) မှာ သမ္မာဒိဋ္ဌိ ၅ မျိုးကို ထုတ်ပြပြီးတော့ ကမ္မဿကတာသမ္မာဒိဋ္ဌိက ပြည့်စုံကောင်းမြတ်သော သုဂတိဘဝကို

ငင်တယ်၊ ဖြစ်စေတယ်။ ဈာနသမ္မာဒိဋ္ဌိက ရူပဘဝ၊ အရူပဘဝ၌ ပဋိသန္ဓေကို ပေးတယ်။ မဂ်သမ္မာဒိဋ္ဌိက ဝဋ္ဋကိုဖျက်ဆီးတယ်။ ဖိုလ်သမ္မာဒိဋ္ဌိက ဘဝကို တားမြစ်တယ်။ ဝိပဿနာသမ္မာဒိဋ္ဌိကလည်း ပဋိသန္ဓေကို မငင်တတ် မဖြစ်စေတတ်ဘူး လို့ဆိုပြီး တိပိဋကစူဠာဘယမထေရ်ရဲ့ အလိုအားဖြင့် အရဟတ္တဖိုလ် မရောက်သေးရင် ၇ ဘဝ အကျိုးပေးသေးတယ်လို့ ပြဆိုထားပါတယ်။

ပဋ္ဌာန်းပါဠိတော် (ဒု ၃၅၇) မှာ မဂ်ဖိုလ် နိဗ္ဗာန်ဆိုတဲ့ အပ္ပမာဏတရားကို အာရုံပြုတဲ့ ဝိပါက်ခန္ဓာတို့အား ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုတယ်လို့ ဟောထားပါတယ်။ အဲဒီမှာ အဋ္ဌကထာ (၄၈၉) က အပ္ပမာဏကို အာရုံပြုတဲ့ စေတနာဆိုတာ ဂေါတြဘူစေတနာ၊ ပစ္စဝေက္ခဏာစေတနာကို ယူရမယ်လို့ ဖွင့်ပြထားပါတယ်။ အဲဒီ အဋ္ဌကထာအရ ဂေါတြဘူစေတနာကတောင် ဝိပါက်ခန္ဓာအကျိုးကို ဖြစ်စေတယ်ဆိုတော့ အရဟတ္တဖိုလ်သို့ မရောက်သေးရင် ဝိပဿနာ ကုသိုလ်က ဘဝအကျိုးကို ပေးနိုင်တယ်ဆိုတာဟာ အသင့်ယုတ္တိ ရှိပါတယ်။

(ပဋိစ္စသမုပ္ပါဒ်)

## ဝိပဿနာက ဘဝမှ လွတ်မြောက်စေဖို့

ဒါဖြင့် ဝိပဿနာက ဘယ်ပုံဘယ်နည်းဖြင့် ဘဝသံသရာမှ လွတ်မြောက်စေသလဲလို့ဆိုတော့ ရှုမိတဲ့ အာရုံတိုင်းမှာ အနိစ္စ ဒုက္ခ အနတ္တသဘောတွေကို အမှန်အတိုင်း သိသိသွားတဲ့အတွက် အဲဒီရှုမိတဲ့အာရုံတွေမှာ နိစ္စ သုခ အတ္တလို့ စွဲလမ်းမည့် ကိလေသာတွေ မဖြစ်နိုင်တော့ဘူး။ အဲဒီလို ကိလေသာမဖြစ်တော့ အဲဒီအာရုံတွေနဲ့စပ်ပြီး ကံအသစ်လည်း မဖြစ်ရတော့ဘူး။ ကံ မဖြစ်ရတော့ အဲဒီကံအကျိုး ဘဝသစ်ခန္ဓာတွေဆိုတာလည်း မဖြစ်ရတော့ဘူး။ အဲဒါဟာ ဝိပဿနာဉာဏ်က ကိလေသာ၊ ကံ၊ ဝိပါက် ခန္ဓာတွေကို တဒင်္ဂပဟာန်အားဖြင့် ပယ်ပုံပါပဲ။

နောက်ပြီးတော့ မရှုမိတဲ့ တေဘူမက သင်္ခါရတရားတော်တွေကိုလည်း ရှုမိတဲ့အာရုံနဲ့ နှိုင်းဆပြီး အနိစ္စ ဒုက္ခ အနတ္တမျှပဲလို့ အနုမာနအားဖြင့် သိမြင်သဘောကျနေပါတယ်။ ဒါကြောင့် မရှုမိတဲ့ အဲဒီတေဘူမကသင်္ခါရတွေမှာလည်း နိစ္စ သုခ အတ္တလို့ စွဲလမ်းပြီး ဖြစ်မည့်ကိလေသာတွေဟာ အများအားဖြင့်

မဖြစ်နိုင်ဘဲ ဝေးကွာသွားပါတယ်။ ဒါကြောင့် ဝိပဿနာဉာဏ် ထက်ထက် သန်သန် ဖြစ်နေတဲ့ ယောဂီမှာ လောဘ ဒေါသကိလေသာကြမ်းတွေ မဖြစ်တော့ ဘူးလို့တောင် ထင်ရတတ်ပါတယ်။ အဲဒီလို ကိလေသာ အဖြစ်ဝေးသွားတော့ ကံလည်း အဖြစ်ဝေးသွားပါတယ်။ အကျိုးဝိပါက်တွေလည်း ဝေးသွားတယ်။ ကျဲသွားတယ်လို့ပဲ ဆိုရပါတယ်။ အဲဒါကတော့ ဝိပဿနာက ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ပုံပါပဲ။

အဲဒီလို ဝိပဿနာက တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်တို့ဖြင့် ပယ်ပြီးတဲ့ အခါမှာ အရိယမဂ်ဉာဏ်ဖြစ်ပေါ်ပြီး သူ့ဆိုင်ရာ ကိလေသာတွေကို အကြွင်းမဲ့ ပယ်ဖြတ်သွားပါတယ်။ ဥပမာအားဖြင့် ရုံးအလုပ်များ ဆောင်ရွက်ရတာနဲ့လည်း တူပါတယ်။ ရုံးအလုပ်များမှာ အောက်လက်ပုဂ္ဂိုလ်တွေက အဆင့်ဆင့် ရေးသား လုပ်ကိုင်လာပြီးတဲ့အခါ အကြီးဆုံးအရာရှိက လက်မှတ်ထိုးပြီး အဆုံးသတ်ရ တယ်။ အဲဒီလို အဆုံးသတ်ပြီးစီးရာမှာ အောက်လက်ကပုဂ္ဂိုလ်တွေရဲ့ ဆောင်ရွက် ချက်လည်း ပါဝင်နေပါတယ်။ ပါဝင်တာမှ အများဆုံး ဖြစ်ပါတယ်။ အဲဒီလိုပဲ အရိယမဂ်က ကိလေသာတွေကို အကြွင်းမဲ့ ပယ်သတ်ရာမှာ ဝိပဿနာက အများဆုံး ဆောင်ရွက်ခဲ့ရပါတယ်။

နောက်ပြီးတော့ သစ်ပင်ကို လွှဖြင့်ဖြတ်တာနဲ့လည်း တူပါတယ်။ အသီး မသီးသေးတဲ့ သစ်ပင်ကို လွှဖြင့်ဖြတ်ရာမှာ ဆွဲတိုင်း တွန်းတိုင်း နည်းနည်းတော့ ပြတ်ပြတ်သွားပါတယ်။ နောက်ဆုံးတစ်ချက်ကျတော့ အကုန်လုံးပြတ်ပြီး သစ်ပင် ကြီး လဲကျသွားတယ်။ အဲဒီသစ်ပင်မှာ အသီးတွေ ဖြစ်ပေါ်ခွင့်မရှိဘူး။ အဲဒီမှာ နောက်ဆုံးတစ်ချက်ကျမှ လုံးဝပြတ်သွားပေမယ့် ရှေးရှေးက လွှချက်တွေကြောင့် ပြတ်တာကပဲ များနေသလိုပါပဲ။ အရိယမဂ်က ကိလေသာကို နောက်ဆုံးမှာ အကြွင်းမဲ့ ပယ်သတ်တယ်ဆိုပေမယ့် ရှေ့ပိုင်းက ဝိပဿနာတွေကပဲ တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန်တို့ဖြင့် များစွာပယ်သွားရပါတယ်။ ဒါကြောင့် ဝိသုဒ္ဓိမဂ်မဟာဋီကာ (၃ ၅၀၃) မှာ

ပထမံ– ရှေးဦးစွာ၊ လောကိယဉာဏေန– လောကီ ဝိပဿနာဉာဏ်ဖြင့်၊ ယထာဗလံ– အားအစွမ်းရှိသလောက်၊ ဝါ၊ အစွမ်းကုန်၊ ပဟာနမေ၀– ပယ်အပ် ပြီးသော ကိလေသာကိုသာလျှင်၊ လောကုတ္တရဉာဏံ– လောကုတ္တရာမဂ်ဉာဏ် သည်၊ ပဇဟတိ– ပယ်သည်လို့ ဆိုထားပါတယ်။

(ပဋ္ဌိစ္စသမုပ္ပါဒ် တရားတော်ကြီး)

## နိဗ္ဗာန်နဲ့ ဗြဟ္မာပြည်မှာ သား မယား ရှိသလား

ဗြဟ္မာ့လောကဋ္ဌ ကာမဂုဏ်တွေ ရှိတဲ့အနေဖြင့် ကြားရခြင်း၊ ကြံစည်ခြင်းဟာ ဖြစ်သင့်ပါမည်လားလို့ မေးစရာရှိပါတယ်။ ဗုဒ္ဓတရားတော်ကို အမှန်အတိုင်း ကြားနာမှတ်သားထားတဲ့ ပုဂ္ဂိုလ်တွေမှာတော့ မဖြစ်နိုင်ပါဘူး၊ တရားမှန်ကို မကြားရဖူးတဲ့သူတွေမှာတော့ ဖြစ်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အိန္ဒိယက ဘာသာရေးကျမ်းတွေထဲမှာ ဗြဟ္မာပြည်ကိုလည်း မယားနဲ့ယှဉ်တွဲပြီး ပြဆိုထားတာ ရှိပါတယ်။ နောက်ပြီးတော့ တချို့က နိဗ္ဗာန်မှာလည်း သားမယားသည် အခြွေအရံတွေနဲ့ နေရလိမ့်မယ်လို့ ထင်နေတာလည်း ရှိပါတယ်။ ဒါကြောင့် ဗြဟ္မာလောကမှာ ကာမဂုဏ်တွေ သာပြီး ပြည့်စုံတယ်လို့ ယုံကြည်တဲ့သူ၊ ကြံစည်တဲ့သူ၊ စွဲလမ်းတဲ့သူလည်း ရှိနိုင်ပါတယ်။

(ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီး)

## ရှာန်ရအောင် အားထုတ်တာ ကာမုပါဒါန်

ရူပဈာန် အရူပဈာန်ကို ရချင်ပြီး စွဲလမ်းတာ၊ ဗြဟ္မာ့ပြည်မှာ ဖြစ်ချင်ပြီး စွဲလမ်းတာတွေကိုလည်း ကာမုပါဒါန်လို့ပဲ ခေါ်ပါတယ်။ ရူပုပါဒါန်ရယ်လို့ မရှိပါဘူး။ ဒါကြောင့် ရူပဈာန် အရူပဈာန်ကို ရချင်လို့ဖြစ်စေ၊ ရူပ အရူပ ဗြဟ္မာ့ပြည်မှာ ဖြစ်ချင်လို့ဖြစ်စေ ရူပဈာန် အရူပဈာန်ကိုရအောင် အားထုတ်တာတွေဟူသမျှဟာ ကာမုပါဒါန်ကြောင့်ချည်းပဲလို့ မှတ်ယူသင့်ပါတယ်။

(ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး)

## ပဋိစ္စသမုပ္ပါဒ်အကျယ် လေ့လာမထားပေမယ့် ကိစ္စပြီးတယ်

စူဠတဏှာသင်္ခယသုတ်ကို ထောက်ဆသောအားဖြင့် အဘိဓမ္မာကျမ်းဂန်သဘောတွေကို အကျယ်အားဖြင့် မသင်ကြားဖူးသော်လည်း ရုပ်နာမ်မျှ၊ အနိစ္စ ဒုက္ခ အနတ္တသဘော တရားမျှပဲလို့ ဒါလောက် ကြားနာဖူးရင်လည်း တရားအားထုတ်နိုင်တယ်ဆိုတာ ထင်ရှားပါတယ်။

နောက်ပြီးတော့ ပဋိစ္စသမုပ္ပါဒ် ဆိုရာမှာလည်း အကြောင်းနဲ့အကျိုးမျှရှိတယ်။ ပုဂ္ဂိုလ် သတ္တဝါရယ်လို့ စင်စစ်အားဖြင့် မရှိဘူးလို့ ဒါလောက်သိထား

ဖို့ လိုပါတယ်။ ဒေသနာတော်အရ အင်္ဂါ ၁၂ ပါး၊ အခြင်းအရာ ၂၀ တို့ဆိုတဲ့ အကျယ် ဝိတ္ထာရတွေကို အပြည့်အစုံ သိထားဖို့ကတော့ ပုဂ္ဂိုလ်တိုင်းမှာ မလိုပါဘူး။ အကယ်၍ ပုဂ္ဂိုလ်တိုင်းမှာ အဲဒီလို အကျယ်အားဖြင့် သိပြီးမှ တရားအားထုတ်ရမယ်ဆိုရင် အရှင်စူဠပန်လိုပုဂ္ဂိုလ်မှာ အားထုတ်နိုင်ဖို့ အခွင့်အရေးမရှိတော့ဘူး။ အရှင်စူဠပန်ဟာ အက္ခရာ ၄၄ သာရှိတဲ့ ၁၁ လုံးဘွဲ့ဂါထာကို ၄ လပတ်လုံး ကျက်တာတောင် မရဘူးတဲ့။ ဒီတော့ ပဋိစ္စသမုပ္ပါဒ်အကျယ် အဘိဓမ္မာသဘောအကျယ်တွေကို လေ့လာကျက်မှတ်ဖို့ဆိုတာ ဘယ်ဖြစ်နိုင်တော့မလဲ။ ဒါပေမဲ့ မြတ်စွာဘုရား ညွှန်ကြားတဲ့အတိုင်း အဝတ်ပိုင်းကလေးကို ဆုပ်နယ်ရင်း "ရဇောဟရဏံ ရဇောဟရဏံ" လို့ဆိုပြီး နှလုံးသွင်းတာနဲ့ တစ်နံနက်ခင်းအတွင်းမှာပဲ ရဟန္တာဖြစ်တော်မူပါတယ်။

နောက်ပြီးတော့ မာတိကမာတာဆိုတဲ့ ဒါယိကာမကြီးဟာလည်း ရဟန်းတရားကို အားထုတ်တယ်ဆိုတာ ဘယ်လိုဟာလဲလို့တောင် မသိခဲ့ဘူး။ ဒါပေမဲ့ ရဟန်းတော်များထံမှ နည်းယူပြီး အိမ်မှာနေရင်း အားထုတ်လိုက်တာ အဲဒီ ကမ္မဋ္ဌာန်းပေးတဲ့ ရဟန်းတွေထက်တောင် အလျင်ကျပြီး အနာဂါမ် ဖြစ်သွားပါသေးတယ်။အဲဒီ မာတိကမာတာ ဒါယိကာမကြီးလည်း အဘိဓမ္မာသဘော၊ ပဋိစ္စသမုပ္ပါဒ်သဘော အကျယ်တွေ လေ့လာသင်ကြားနိုင်ခွင့် မရှိကြောင်း ထင်ရှားပါတယ်။ ဒိပြင်လည်း အလားတူ သာဓကတွေ များစွာရှိပါတယ်။ ဒါကြောင့် တတ်သိလိမ္မာတဲ့ ဆရာသမားထံမှ နည်းယူပြီး အားထုတ်ရင် အဘိဓမ္မာသဘော ပဋိစ္စသမုပ္ပါဒ်သဘောအကျယ်တွေ လေ့လာကျက်မှတ်မထားပေမယ့် ဖြစ်ခိုက်ရုပ်နာမ်ကို ရှုမှတ်နေရင်း ကိုယ်တိုင်တွေ့ သိမြင်ခြင်းဖြင့်ပင် ကိစ္စပြီးတယ်လို့ မြဲမြံစွာ မှတ်ထားကြရမယ်။

(ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး)

## ကောင်းမှုမှန် စိစစ်ချက်

ဒါန သီလ ဘာဝနာကို ကုသိုလ်ကောင်းမှု အစစ်အမှန်လို့ ဆိုရခြင်း၏ အကြောင်းကတော့ အဲဒီအမှုတွေမှာ အပြစ်ကင်းလို့ ဆိုရတာပါပဲ။ စဉ်းစားကြည့်ပါ။ သူတစ်ပါးအား စေတနာကောင်းနဲ့ ပေးကမ်းလှူဒါန်းရင် အပေးအကမ်းခံရတဲ့သူတိုင်းက လက်ခံနိုင်ပါတယ်။ သဘောကျပါတယ်။ အဲဒါဟာ

ယုံမှားဖွယ် မရှိပါဘူး။ ဒါကြောင့် အပြစ်ကင်းပါတယ်။ အပြစ်ကင်းတဲ့အတွက် ပေးလှူတဲ့ ဒါနဟာ ကုသိုလ်အစစ် ဖြစ်ပါတယ်။ ထို့အတူ သတ်ခြင်း ခိုးခြင်း ဖောက်ပြား ကျူးလွန်ခြင်း လိမ်ခြင်းစသည်မှ ကြဉ်ရှောင်တဲ့သီလဟာလည်း အပြစ်ကင်းပါတယ်။ စဉ်းစားကြည့်ပါ၊ အသတ်မခံရတဲ့အတွက် မသတ်တဲ့သူကို ဘယ်သူက အပြစ် တင်မလဲ။ အခိုးမခံရတဲ့အတွက် မခိုးတဲ့သူကို ဘယ်သူက အပြစ်တင်မလဲ။ ကိုယ့်သား မယားကို မပြစ်မှားတဲ့အတွက် မပြစ်မှားတဲ့သူကို ဘယ်သူက အပြစ်တင်မလဲ။ အလိမ်မခံရတဲ့အတွက် မလိမ်တဲ့သူကို ဘယ်သူက အပြစ်တင်မလဲ။ ကုန်းအတိုက်မခံရတဲ့အတွက် ညီညွတ်ရေး ပျက်စေတတ်တဲ့ ကုန်းအတိုက်စကား မပြောတဲ့သူကို ဘယ်သူက အပြစ်တင်မလဲ။ အဆဲမခံရတဲ့အတွက် မဆဲတဲ့သူကို ဘယ်သူက အပြစ်တင်မလဲ။ ဒါကြောင့် သတ်ခြင်း၊ ခိုးခြင်းစသည်မှ ရှောင်ကြဉ်တဲ့ သီလအကျင့်ဟာ အပြစ်ကင်းပါတယ်။ အပြစ်ကင်းတဲ့အတွက် သီလဟာ ကုသိုလ်အစစ်ဖြစ်ပါတယ်။

ထို့အတူ အရိုအသေပေးတဲ့သူကို အရိုအသေပေးခံရတဲ့သူက အပြစ် မတင်ဘူး။ ကူညီဆောင်ရွက်တဲ့သူကို အကူအညီခံရတဲ့သူက အပြစ်မတင်ဘူး။ ကုသိုလ်အဖို့ အမျှပေးဝေတဲ့သူကို သဒ္ဓါတရားရှိတဲ့သူတွေက အပြစ်မတင်ဘူး။ မိမိပြုလုပ်တဲ့ ကုသိုလ်အတွက် သာဓုခေါ်တဲ့သူ ချီးမွမ်းတဲ့သူကို ကုသိုလ်ရှင်က အပြစ်မတင်ဘူး။ သင့်လျော်တဲ့အခါ တရားဟောရင် တရားနာရင် ဟောသူ နာသူအချင်းချင်းလည်း အပြစ်မတင်ဘူး။ ဘာဝနာအလုပ်ကို အားထုတ်နေတာ ဟာလည်း ဘယ်သူ့အကျိုးကိုမှ မထိခိုက်တဲ့အတွက် ဘယ်သူကမှ အပြစ်တင်ဖွယ် မရှိဘူး။ ဒါကြောင့် အရိုအသေပေးခြင်း၊ ကူညီဆောင်ရွက်ခြင်း၊ အမျှဝေခြင်း၊ သာဓုခေါ်ခြင်း၊ တရားဟောခြင်း၊ တရားနာခြင်း၊ ဘာဝနာအလုပ်ကို အားထုတ်ခြင်းဆိုတာတွေဟာလည်း ကုသိုလ်အစစ်ချည်းပါပဲ။

(ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီး)

## ပါဠိပညာရှင်များအတွက် မှတ်ချက်

အာယသ္မာ စ သာရိပုတ္တော စသည်ဖြင့် အာယသ္မာ ဟူသော ရှေးပုဒ်၏ နောက်၌ စ သဒ္ဒါထားပုံကို အထူးသတိပြုအပ်၏။ သမုစ္စယဝါကျတွင် ဝိသေသန ဝိသေသျ ၂ ပုဒ်ရှိလျှင် ရှေးပုဒ်၏နောက်၌ စ သဒ္ဒါကို ထားခြင်းသည် ပါဠိ

ဘာသာ၌ သဘာဝကျသော ပါဠိဂတိ ဖြစ်ပေသည်။ ရှေးပုဒ်၏နောက်၌မထားဘဲ အာယသ္မာ သာရိပုတ္တော စ စသည်ဖြင့် နောက်ပုဒ်၏ နောက်၌ထားလျှင် ပါဠိဂတိ မကျဟု မှတ်ယူရာ၏။ ဤသို့ ပါဠိဂတိကျအောင် ထားသင့်ပုံကို အောက်ပါဘုရားစကားတော်ဖြင့်လည်း သိအပ်၏။

ဘဂဝါ စ သာရိပုတ္တ ဝိပဿီ ဘဂဝါ စ သိခီ ဘဂဝါ စ ဝေဿဘူ ကိလာသုနော အဟေသုံ သာဝကာနံ ဝိတ္ထာရေန ဓမ္မံ ဒေသေတုံ (ပါရာဇိကနှာ ၉)

အထက်ပါ ဘုရားစကားတော်၌လည်း ဝိပဿီ စ သိခီ စ ဝေဿဘူ စ ဟု မဆိုဘဲ ဘဂဝါ စ ဟု ရှေးပုဒ်၏နောက်၌သာ စ သဒ္ဒါထားသည်ကို အထူးသတိပြုအပ်၏။

ယခုအခါ ဒွန္ဒဥပသမ္ပဒကမ္မဝါစာ၌ အယံ စ နာဂေါ အယံ စ ဒတ္တော စသည်ဖြင့် အယံ ဟူသော ရှေးပုဒ်၏နောက်၌ စ သဒ္ဒါကို ထားခြင်းသည် အထက်ပါ ပါဠိတော်များနှင့် ညီညွတ်၍ ပါဠိဂတိကျကြောင်း သိအပ်ပေသည်။

ဤ၌ ကတ္တားပုဒ်ကို သာရိပုတ္တော မဟာကောဋ္ဌိကော ဟု ဧကဝုစ်ဖြင့် ဆိုထားပါလျက် ကြိယာပုဒ်ကို ဝိဟရန္တိဟု ဗဟုဝုစ်ဖြင့် ဆိုထားသည်ကို အထူးသတိပြုအပ်၏။ ထို့ပြင် ရှေ့မျက်နှာ မှတ်ချက်မှာ ထုတ်ပြခဲ့သော ဘုရားစကားတော်၌ ဝိပဿီ သိခီ ဝေဿဘူ ဟု ကတ္တားပုဒ်များကို ဧကဝုစ်ဖြင့် ပြဆို၍ ဝိကတိပုဒ်နှင့် ကြိယာပုဒ်ကို ကိလာသုနော အဟေသုံဟု ဗဟုဝုစ်ဖြင့် မိန့်ဆိုတော်မူသည်ကိုလည်း အထူးသတိပြုအပ်၏။ ပုဒ်စစ်ကျမ်း၌ သတ္ထာစ သာရိပုတ္တော စ ဓမ္မံ ဒေသေတိဟု အပေါင်းကိုငဲ့၍ ဧကဝုစ်ကြိယာဖြင့်လည်းဖြစ်သင့်ကြောင်း ပြဆိုထား၏။ သို့သော် ထိုသို့သော ပါဠိကို တွေ့ရန် မလွယ်ကူပေ။ ဧကဝုစ် ကတ္တား ၂ ပုဒ် ၃ ပုဒ်နှင့် ဗဟုဝုစ်ကြိယာပုဒ်ကိုမူ ထိုထို ပိဋကပါဠိတို့၌ များစွာပင် တွေ့ရပေ၏။ ထို့ကြောင့် ဒွန္ဒဥပသမ္ပဒ ကမ္မဝါစာတို့၌ အယံ စ နာဂေါ အယံ စ ဒတ္တော ဟု ဧကဝုစ် အပ္ပဓာနပုဒ်တို့နှင့် ဥပသမ္ပဒါပေက္ခာ ပရိသုဒ္ဓါ ဟု ဗဟုဝုစ် ပဓာနပုဒ်တို့ကို ပြထားခြင်းသည်လည်းကောင်း၊ နာဂေါ စ ဒတ္တော စ ဟု ဧကဝုစ် ကတ္တားပုဒ်တို့နှင့် ယာစန္တိ ဟု ဗဟုဝုစ် ကြိယာပုဒ်ကို ပြထားခြင်းသည်လည်းကောင်း ပါဠိဂတိကျ၍ သင့်လျော်ပါပေ၏။ ပါဠိဂတိနှင့်စပ်၍ ဆင်ခြင်ဉာဏ်ပွားစေရန် ပြခြင်းဖြစ်သည်။

(ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး)

## ပဋိသမ္ဘိဒါဉာဏ်

ပဋိသမ္ဘိဒါဉာဏ်ဆိုတာ ပိုင်းပိုင်းခြားခြား ပြတ်သားရှင်းလင်းစွာသိတဲ့ ဉာဏ်ပါပဲ။ အဲဒါက အတ္ထပဋိသမ္ဘိဒါ၊ ဓမ္မပဋိသမ္ဘိဒါ၊ နိရုတ္တိပဋိသမ္ဘိဒါ၊ ပဋိဘာနပဋိသမ္ဘိဒါ လို့ ၄ ပါး အပြားရှိတယ်။ အဲဒီလေးပါးထဲက အတ္ထပဋိသမ္ဘိဒါဆိုတာ ပြောဟောရာမှာ သိစေလိုအပ်တဲ့ အနက်အဓိပ္ပါယ်နဲ့ အကျိုးတရားတွေကို ပိုင်းပိုင်းခြားခြား ပြတ်သားရှင်းလင်းစွာ သိတဲ့ဉာဏ်ပဲ။ ဓမ္မပဋိသမ္ဘိဒါဆိုတာ ဟောပြောတဲ့ ဒေသနာစကားနဲ့ အကြောင်းတရားတွေကို ပိုင်းပိုင်းခြားခြား ပြတ်သားရှင်းလင်းစွာ သိတဲ့ဉာဏ်ပဲ။

နိရုတ္တိပဋိသမ္ဘိဒါ ဆိုတာကတော့ ပါဠိဘာသာစကားတွေကို အမှားအမှန် ဝေဖန်ဆုံးဖြတ်နိုင်တဲ့ ဉာဏ်ပဲ။ အဲဒါက ပါဠိဘာသာပြောဆိုတဲ့ခေတ်တုန်းက ဖြစ်ပုံသိပုံပါပဲ။ မြန်မာလူမျိုးဆိုရင်တော့ မြန်မာစကား အမှားအမှန်ကို ဝေဖန်ဆုံးဖြတ်နိုင်တဲ့ဉာဏ်ပဲ ဖြစ်သင့်ပါတယ်။ ပါဠိဘာသာအရဆိုရင်တော့ ဖဿဆိုတဲ့တရားကို "ဖဿော" လို့ ပုလ္လိင်နဲ့ ပြောဆိုမှ မှန်တယ်။ "ဖဿ"လို့ ဣတ္ထိလိင်နဲ့ပြောဆိုရင် မှားတယ်။ အဲဒီလို အမှားအမှန်ကို သိတာဟာ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ပါပဲ။ ဝိဘတ်အရာမှာလည်း ကံပုဒ်ကို ဒုတိယာဝိဘတ်နဲ့ ထားမှ မှန်တယ်။ စတုတ္ထီဝိဘတ်နဲ့ထားရင် မှားတယ်။ ဥပမာ (မဟာနာဝံ) လှေကြီးသင်္ဘောကြီးကို ရေချသည်လို့ "ကို" ဆိုတဲ့ဝိဘတ်နဲ့ ပြောဆိုရေးသားမှ မှန်တယ်။ (မဟာနာဝါယ) လှေကြီး သင်္ဘောကြီးအား ရေချသည်လို့ "အား" ဝိဘတ်နဲ့ ပြောဆိုရေးသားရင် မှားတယ်။ ကိစ္စတစ်စုံတစ်ခု ပြီးမြောက်အောင်မြင် ရာနေ့ရက်ကာလကိုလည်း ပါဠိမြန်မာသဒ္ဒါနည်းအားဖြင့် "၌"ဆိုတဲ့ အာဓာရဝိဘတ်နဲ့ ပြောဆိုရေးသားရတယ်။ သို့မဟုတ် အရပ်သုံးစကား အရအားဖြင့် "မှာ" "တွင်" "ဝယ်" ဆိုတဲ့ဝိဘတ်များနဲ့လည်း ပြောဆိုရေးသားနိုင်တယ်။ ဥပမာ မည်သည့်နေ့ရက်၌ (သို့မဟုတ်) မည်သည့်နေ့ရက်မှာ (သို့မဟုတ်) မည်သည့်နေရာတွင် (သို့မဟုတ်) မည်သည့်နေ့ရက်ဝယ် မည်သည့်မင်္ဂလာကိစ္စ ပြီးမြောက်အောင်မြင်သည် စသည်ဖြင့် ပြောဆိုရေးသားလျှင် မြန်မာဝေါဟာရ အလိုအားဖြင့် မှန်ကန်တဲ့ ပြောဆိုရေးသားချက် ဖြစ်တယ်။ အဲဒီလိုမဟုတ်ဘဲ မည်သည့်နေ့ရက်အား ကိစ္စပြီးမြောက်အောင်မြင်သည်လို့ ပြောဆိုရေးသားရင် မှားတဲ့ ပြောဆိုရေးသားချက်ဖြစ်သွားတယ်။

ဘာကြောင့်လဲဆိုရင် သမ္ပဒါန်နဲ့ဆိုင်တဲ့ "အား" ဝိဘတ်ကို (သံဃဿ-ဒေမ) သံဃာအား လှူပါကုန်၏။ (နမော ဗုဒ္ဓဿ) ဘုရားအား ရှိခိုးပါ၏။ (ဓမ္မံ တေ ဒေသေဿာမိ) သင့်အား တရားဟောမည်စသည်ဖြင့် ပေးလှူခြင်း ရှိခိုးခြင်း ဟောပြောခြင်း စသောကြိယာများနှင့် စပ်ရာမှာသာ သုံးရတယ်။ ကြိယာ၏တည်ရာ အာဓာရအရာ၌ "အား" ဝိဘတ်ကို သုံးရန် သဒ္ဒါကျမ်းတို့၌ ညွှန်ပြချက် မရှိသောကြောင့်ပါပဲ။ အဲဒီလို ဘာသာစကား၏ အမှားအမှန်ကို သိနိုင် ဆုံးဖြတ်နိုင်တာလိုပင် ပဋိသမ္ဘိဒါဉာဏ်က ပါဠိဘာသာစကား အမှားအမှန်ကို ဝေဖန်ဆုံးဖြတ်နိုင်တယ်။ အဲဒီလို အသိဉာဏ်ထူးကို နရုတ္တိပဋိသမ္ဘိဒါ ခေါ်တယ်လို့ သိစေလိုရင်းပါပဲ။

ပဋိဘာနပဋိသမ္ဘိဒါ ဆိုတာကတော့ ဉာဏ်ဟူသမျှတွေမှာ ခွဲခြားပြီး ဝေဖန်ပြီး သိတဲ့ဉာဏ်တဲ့။ အထူးအားဖြင့်တော့ ပြောဆိုရေးသားတဲ့အခါ ပြောဆိုရေးသားစရာ အချက်အလက်တွေကို အလျင်အမြန် သိမြင်တဲ့ဉာဏ်ပါပဲ။ ပဋိဘာန်ဉာဏ်ကောင်းတဲ့သူမှာ အကြောင်းအရာ တစ်စုံတစ်ခုပေါ်လာရင် ပြောဆိုစရာအကွက်ကလေးတွေ ရုတ်တရက် ပေါ်လာတယ်။ ရှင်းလင်းပြောပြဖို့ ဥပမာကလေးများလည်း ပေါ်လာတတ်တယ်။ တစ်ဖက်က အပြစ်တင်လို့ရှိရင် အဲဒါကို ချေပပြောဆိုဖို့ အချက်အလက်များလည်း ပေါ်လာတတ်တယ်။ ကဗျာလင်္ကာ စီကုံးရာမှာလည်း ကာရန်ညီတဲ့ ချောမောပြေပြစ်တဲ့ စကားလုံးတွေ အဆင်သင့် ပေါ်ပေါ်လာတယ်။ တရားဟောရာမှာလည်း ဟောစရာ အနက်အဓိပ္ပါယ်တွေ သင့်လျော်တဲ့စကားလုံးတွေ အဆင်သင့်ပေါ်ပေါ်လာတယ်။ တချို့ပုဂ္ဂိုလ်မှာဆိုရင် ကာရန်ယူပြီး ဟောနိုင်အောင်တောင် လိုအပ်တဲ့စကားလုံးတွေ အသင့်ပေါ်နေတယ်။ အဲဒီလို လိုအပ်တဲ့အချက်အလက်တွေကို အလျင်အမြန်သိနိုင်တာဟာ ပဋိဘာန်ဉာဏ်ရဲ့အစွမ်းတွေပါပဲ။ အဲဒါကို အာဝဇ္ဇန်းကောင်းတယ်လို့လည်း ပြောကြတယ်။ ဟုတ်ပေတယ်၊ မနောဒွါရာဝဇ္ဇန်းဆိုတဲ့စိတ်က သင့်လျော်တဲ့ အာရုံတွေဆီကို ညွှတ်ညွှတ်ပေးလို့ အဲဒီလို အချက်အလက်တွေကို အလွယ်တကူ သိသိသွားတာပဲ။ ယခုပြောနေတဲ့ ပဋိသမ္ဘိဒါဉာဏ်ကလည်း အဲဒီလို သိစရာ အချက်အလက်တွေကို အလွယ်တကူ အလျင်အမြန် သိသိသွားတဲ့သဘောပါပဲ။ ထူးတာကတော့ ပဋိသမ္ဘိဒါဉာဏ်သိတာက သာမန်ပုဂ္ဂိုလ်တွေရဲ့အသိဉာဏ်ထက် အဆပေါင်း များစွာသာလွန်တာပေါ့။

ရဟန္တာပုဂ္ဂိုလ်ဆိုရင် ယခုပြောခဲ့တဲ့ ပဋိသမ္ဘိဒါဉာဏ်များနှင့် သာမန်အား ဖြင့်တော့ ပြည့်စုံကြတာချည်းပါပဲ။ ဒါပေမဲ့ ထူးခြားတဲ့ ပဋိသမ္ဘိဒါဉာဏ်များက တော့ ထူးခြားတဲ့ ရဟန္တာအရှင်မြတ်များမှာသာ ပြည့်စုံတယ်။

(သီလဝန္တသုတ်တရားတော်)

## ဘဝရေတွက်ပုံ

လူ့ဘဝမှာ သောတာပန်ဖြစ်ပြီးတော့ လူ့လောကတွင်ပဲ ခုနစ်ကြိမ်ကိုင် အောင်ဖြစ်ပြီး နောက်ဆုံးဘဝမှာ ရဟန္တာဖြစ်တဲ့ပုဂ္ဂိုလ်၊ နတ်ဘဝမှာ သောတာပန် ဖြစ်ပြီးတော့ နတ်လောကတွင်ပဲ ခုနစ်ကြိမ်တိုင်အောင်ဖြစ်ပြီး နောက်ဆုံးဘဝမှာ ရဟန္တာဖြစ်တဲ့ပုဂ္ဂိုလ်၊ ဒီပုဂ္ဂိုလ် ၂ မျိုးကိုလည်း သတ္တက္ခတ္တုပရမ ခေါ်တယ်တဲ့။ ကောလံကောလမှာလည်း နည်းတူပါပဲ။

တစ်ဘဝ နှစ်ဘဝ စသည်ယူရာမှာ ပဋိသန္ဓေဖြင့် ပိုင်းခြားပြီး ယူရပါ သလားလို့ဆိုတော့ အဲဒီလို မဟုတ်ဘူး။ အမျိုးကွဲဘဝဖြင့်သာ ပိုင်းခြားပြီး ယူရတယ်။ အဲဒီလို ယူရကြောင်းကို ဓမ္မသင်္ဂဏီမူလဋီကာ (၁၁၇) မှာ

ဧကံ ဘဝန္တိ– တစ်ခုသောဘဝကို– ဟူရာ၌၊ တတ္ထေဝ– ထိုရူပဘဝ အရူပဘဝ၌သာလျှင်၊ အနေကက္ခတ္တုံ့ ဥပပဇ္ဇန္တဿ– အကြိမ်များစွာ ဖြစ်ငြား သော်လည်း၊ အနာဂါမိနော– အနာဂါမ်ပုဂ္ဂိုလ်၏၊ ဟေဋ္ဌာ အနာဂမန ဝသေန– အောက်ကာမဘုံသို့ မလာသည်၏အစွမ်းအားဖြင့်၊ ဧကော ဘဝေါတိ ဂဟေတွာ– တစ်ခုသော ရူပဘဝ၊ (ဝါ) အရူပဘဝ ဟု ယူ၍၊ ဝုတ္တံ– ဆိုအပ် ပေသည် လို့ဖွင့်ပြထားပါတယ်။

အဲဒါဟာ “သကဒါဂါမ်မှာလို နှစ်ဘဝ မဖြစ်ရဘူး။ တစ်ဘဝသာဖြစ်ရ တယ်” လို့ ဆိုထားတဲ့ အဋ္ဌကထာမှာ စောဒနာစရာရှိလို့ ဖွင့်ပြတဲ့ မူလဋီကာ ပါပဲ။ စောဒနာဖွယ်ရှိပုံကတော့ အနာဂါမ်ဟာ သုဒ္ဓါဝါသ ငါးဘုံမှာ ငါးဘဝအထိ ဖြစ်နိုင်တယ်။ အရူပဘုံမှာ ဆိုရင်လည်း လေးဘဝအထိ ဖြစ်နိုင်တယ်။ သို့ဖြစ်ပါ လျက် တစ်ဘဝကိုချန်ထား၍ ထို့ထက်အလွန် ဒုတိယဘဝ၌ မဖြစ်နိုင်တော့ဘူး လို့ ဆိုရာမှာ ဘယ်လိုယူဆ၍ ဆိုပါသလဲလို့ စောဒနာဖွယ် ရှိပါတယ်။ အဲဒီ စောဒနာဖွယ်ကို ဖြေရှင်းပြတာပါပဲ။ ဆိုလိုတာကတော့ အနာဂါမ်မှာ သုဒ္ဓါဝါသ၌ ငါးကြိမ်အထိ၊ အရူပဘုံ၌ လေးကြိမ်အထိ ပဋိသန္ဓေအစွမ်းဖြင့် ဖြစ်သော်လည်း

အောက်ကာမဘုံ၌ ပြန်၍ မဖြစ်သောကြောင့် ရူပဘဝ တစ်ပါးတည်းသာ ဖြစ်တယ်။ အဲဒီလို ကာမဘဝနှင့် မရောဘဲ ရူပဘဝသက်သက်၊ သို့မဟုတ် အရူပဘဝသက်သက်သာဖြစ်သောကြောင့် တစ်ဘဝဟု ဆိုတယ်လို့ ဆိုလိုပါတယ်။ အဲဒီမှာ ပဋိသန္ဓေအလိုအားဖြင့် ငါးဘဝ လေးဘဝ ရှိငြားသော်လည်း အခြားဘဝနှင့် မရောသောကြောင့် တစ်ဘဝလို့သာ ယူရသလို "သောတာပန်မှာ ခုနစ်ဘဝ၊ သကဒါဂါမ်မှာ နှစ်ဘဝ"လို့ ဆိုရာများမှာလည်း ပဋိသန္ဓေဖြင့် မပိုင်းခြားဘဲ ဘဝမျိုးကွဲဖြင့်သာ ပိုင်းခြား၍ ယူသင့်ကြောင်း အနုဋီကာ (ပ ၁၂၄) မှာ ဒီလိုပြဆိုထားပါတယ်။

ဧကော ဘဝေါတိ ဂဟေတ္ဗာ ဝုတ္တန္တိ– တစ်ခုသော ရူပဘဝ (ဝါ) အရူပဘဝ ဟု ယူ၍ ဆိုအပ်ပေသည်ဟူသော၊ ဧတေန– ဤဖွင့်ပြချက်ဖြင့်၊ သတ္တဘဝေ ဒွေ ဘဝေတိ ဣဒမ္ပိ– ခုနစ်ဘဝတို့ကို၊ နှစ်ဘဝတို့ကို (ချန်ထား၍) ဟူသော ဤစကား ၂ ရပ်ကိုလည်း၊ အဓိပ္ပါယဝသေန နေတဗ္ဗံ– ဆိုလိုသော အနက်၏အစွမ်းဖြင့် ဆောင်၍သိအပ်၏၊ န ယထာရုတဝသေနာတိ– တိုက်ရိုက်ဆိုထားသည့် အနက်၏အစွမ်းအားဖြင့် မယူအပ် မသိအပ်ဟူ၍၊ ဒဿေတိ– ပြတော်မူ၏။ (ဒီစကားဖြင့် ပဋိသန္ဓေအရ ခုနစ်ဘဝတိတိ၊ နှစ်ဘဝတိတိ မယူအပ်ကြောင်းကိုပြသည်) တတ္ထ– ထိုစကားရပ်၌၊ အယံအဓိပ္ပါယော– ဤသည်ကား ဆိုလိုသောအနက်ဖြစ်သည်။ ကေဝါရံ ကာမာဝစရဒေဝေသု၊ ကေဝါရံ မနုဿေသူတိ– ကာမဝစရ နတ်ဘုံတို့၌ တစ်လှည့်၊ လူတို့၌တစ်လှည့် ဟူ၍၊ ဧဝံ ဝိမိဿိတုပပတ္တိဝသေန– ဤသို့ ရောနှောသော ပဋိသန္ဓေ၏အစွမ်းအားဖြင့် (ခုနစ်ဘဝ နှစ်ဘဝတို့ကို ဆောင်၍ သိအပ်၏)။ တေသု– ထိုနတ်ဘုံ လူဘုံတို့၌၊ ကေဝလာ ဧဝ ဥပပတ္တိယာ– တစ်ခုတည်းသာဖြစ်သော ပဋိသန္ဓေ၏ အစွမ်းအားဖြင့်၊ အယံ ပရိစ္ဆေဒေါ– ခုနစ်ဘဝ နှစ်ဘဝဟူသော ဤအပိုင်းအခြားကို၊ န (နေတဗ္ဗော)– မသိအပ် မယူအပ်ပေ တဲ့။

(နာယံ ဟူသော ရေးမူသာ သင့်သည်) အဲဒီမှာ ဆိုလိုတာကတော့ နတ်လောက၌ ဆက်တိုက်ဖြစ်နေလျှင် ဘဝပေါင်း မည်မျှရှိစေကာမူ လူ့ဘဝနှင့် မရောသောကြောင့် တစ်ဘဝဟူ၍သာ ယူရမယ်။ လူ့လောက၌လည်း ဆက်တိုက်ဖြစ်နေလျှင် ဘဝပေါင်း မည်မျှပင်ရှိစေကာမူ နတ်ဘဝနှင့် မရောသောကြောင့် တစ်ဘဝဟူ၍သာ ယူရမယ်။ အဲဒီလို အပြောင်းအလဲမရှိလျှင် တစ်ဘဝဟူ၍သာ ယူပြီးတော့ ပြောင်းလဲသွားတဲ့အခါကျမှ နှစ်ဘဝ သုံးဘဝ

စသည်ဖြင့် ယူရမယ်လို့ ဆိုလိုပါတယ်။ အဲဒီလို ယူပုံမှာ ကာမဘဝနှင့်မရောသော ရူပဘဝငါးခုကို၊ အရူပဘဝလေးခုကို တစ်ဘဝလို့ ယူပုံနှင့် ထပ်တူပါပဲ။ တချို့ကတော့ နတ်ဘဝမှ သေရင် လူဖြစ်လိုက်၊ လူ့ဘဝမှသေရင် နတ်ဖြစ်လိုက်နဲ့ တစ်ဘဝချင်း တစ်လှည့်စီ ဖြစ်ပုံကို ယူလိုကြတယ်။ အဲဒီလို တစ်လှည့်စီ အတိအကျဖြစ်ဖို့ကတော့ ခဲယဉ်းပါလိမ့်မယ်။ အဲဒီလိုဆိုရင် အနာဂါမ်၏ ရူပဘဝငါးခုနှင့် အရူပဘဝလေးခုကို တစ်ဘဝဟု ယူပုံနှင့်လည်း မဟပ်မိပါဘူး။ အဲဒါ အထူးသတိပြုစရာပါပဲ။ နောက်ပြီးတော့ ကဿပမြတ်စွာဘုရား လက်ထက်တော်က သောတာပန်တွေဟာ ယခု ဂေါတမမြတ်စွာဘုရား လက်ထက်တော်အထိ နတ်ပြည်လောက၌ ရှိနေကြတာကို ထောက်ဆကြည့်ရင်လည်း ပဋိသန္ဓေဖြင့် မပိုင်းခြားဘဲ အမျိုးကွဲဘဝဖြင့် ပိုင်းခြားပြီး ယူဆတာက ပိုပြီး သင့်ကြောင်း ထင်ရှားပါတယ်။

(သီလဝန္တသုတ် တရားတော်)

## သကဒါဂါမ်ဟာ မေထုန်မှုပြုသေးသလား

အဋ္ဌကထာဆရာများ၏ သဘောကျပြဆိုချက်ရဲ့ ဆိုလိုရင်းအတိုချုပ်ကတော့ သကဒါဂါမ်ပုဂ္ဂိုလ်မှာ ကာမဂုဏ်ကို နှစ်သက်သာယာတဲ့ ကာမရာဂနှင့် စိတ်ပျက်စိတ်ဆိုးတတ်တဲ့ ဗျာပါဒဒေါသတွေဟာ ဖြစ်ခဲတယ်။ တစ်ရံတစ်ခါလောက်သာ ဖြစ်တယ်။ ဖြစ်ပြန်တော့လည်း အားမကြီးဘူး၊ မထက်သန်ဘူး၊ ပါးပါးတိမ်လွှာလို ယင်၏အတောင်လို ပါးပါးကလေးသာ ဖြစ်ပါတယ်တဲ့။ အဲဒါ ဆိုလိုတဲ့ အတိုချုပ်ပါပဲ။ စိတ်ဆိုးတဲ့အခါ ဘယ်အထိ ဖောက်ပြန်သလဲ၊ မျက်နှာပျက်ရုံလောက်ပဲလား၊ ဝိသဘာဂအာရုံနှင့်စပ်ပြီး ကြည့်ရှုရုံလောက်ပဲလား၊ ထိတွေ့ရုံလောက်ပဲလား၊ မေထုန်မှုကို မပြုတော့ဘူးလား စသည်ဖြင့် အတိအကျ သိဖို့ကတော့ ဖော်ပြချက်မရှိဘူး။ ဒါပေမဲ့ ထိတွေ့ရုံလောက်ပဲ။ မေထုန်မှုပြုသည်အထိ မရောက်ဘူးလို့တော့ ဆိုလိုဟန်ရှိပါတယ်။ ဒါကြောင့် ကေစိဝါဒကို ထုတ်ပြပြီးတော့ ဒီလို ပယ်သွားပါတယ်။

တတ္ထ– ထိုအရာ၌၊ ကေစိ ထေရာ ဝဒန္တိ– အချို့ မထေရ်တို့က ဆိုကြသည်မှာ "သကဒါဂါမိဿ ကိလေသာ– သကဒါဂါမ်ပုဂ္ဂိုလ်၏သန္တာန်၌ ကိလေသာတို့သည်၊ ကိဉ္စာပိ စိရေန ဥပ္ပဇ္ဇန္တိ– ကြာမြင့်မှ ဖြစ်ကြသည်ကား

မှန်ပေ၏၊ ပန– သို့သော်လည်း၊ ဗဟလာဝ ဟုတ္တာ ဥပ္ပဇ္ဇန္တိ– ဖြစ်သောအခါ ထူထဲအားကောင်းစွာသော ဖြစ်ကုန်၏။ တထာ ဟိ– ထိုစကားမှန်ပေ၏၊ အဿ– ထိုသကဒါဂါမ်ပုဂ္ဂိုလ်၏၊ ပုတ္တာစ ဓိတရောစ ဒိဿန္တိ– သားတွေ သမီးတွေကို တွေ့မြင်ကြရသောကြောင့်ပင်တည်း'' ဣတိ– ဤသို့ဆိုကုန်၏၊ ဧတံ ပန– ဤသားသမီးများ ရှိနေခြင်းသည်ကား၊ အပ္ပမာဏံ– ခိုင်လုံသော သာဓက မဟုတ်ပါ၊ ဟိ– မှန်ပေ၏၊ ပုတ္တဓိတရော– သားသမီးတို့သည်၊ အင်္ဂပစ္စင်္ဂပရာမသနမတ္တေနပိ– အင်္ဂါကြီးငယ်ကို ထိပါးသုံးသပ်မှုရုံဖြင့်လည်း၊ ဟောန္တိ– ဖြစ်ကုန်၏၊ စသည်ဖြင့် ပယ်ပြီးတော့ ပြခဲ့တဲ့ အဋ္ဌကထာဝါဒကိုပင် ထပ်ပြီးအတည်ပြု သွားပါတယ်။

ဒါကြောင့် မေထုန်မှုပြုနိုင်လောက်အောင် ကာမရာဂ ထက်ထက်သန်သန် မဖြစ်ဘူးလို့ အဋ္ဌကထာဆရာတို့က ဆိုလိုပါတယ်။ ဒါပေမဲ့ ယခုခေတ် အနောက်တိုင်းဆရာဝန်များ၏အဆိုကို ကြိုက်နေတဲ့ ပုဂ္ဂိုလ်တွေကတော့ သကဒါဂါမ်မှာ သုံးသပ်ထိပါးရုံနဲ့ သားသမီးတွေ ရတယ်ဆိုတာကိုတော့ လက်ခံလိုကြမယ် မထင်ပါဘူး။ အကြောင်းကတော့ မြင်ရုံ ကြားရုံ ထိပါးရုံဖြင့် ပဋိသန္ဓေရတာက အလွန်ရှားပါးပါလိမ့်မယ်။ တစ်သန်း တစ်သောင်းမှ တစ်ယောက်တောင် ရှိဖို့ရာ ခဲယဉ်းမည့်လက္ခဏာပါပဲ။ နောက်ပြီးတော့ သကဒါဂါမ်ဖြစ်မယ်၊ အဲဒီ ဘဝက စုတေတော့ တစ်ဖန် သိကြားမင်းပဲ ပြန်ဖြစ်မယ်လို့ ပြောဆိုလိုချက်လည်း ရှိပါတယ်။ အဲဒီ သကဒါဂါမ် နတ်သား နတ်သမီးတွေနဲ့ သိကြားမင်းက ကိုယ်လက်ဖြင့် သုံးသပ်ထိပါးပေးရုံမျှဖြင့် သကဒါဂါမ်မဟုတ်တဲ့ သူ့အခြွေအရံ နတ်သမီး နတ်သားတွေက ကျေနပ်မှုရှိပါ့မလားလို့လည်း စဉ်းစားစရာ ရှိပါတယ်။ ဒါကြောင့် ကေစိမထေရ်တို့၏ဝါဒကိုလည်း သတိပြုသင့်ပါတယ်။

## ထေရဝါဒနှင့် မဟာယာနဝါဒ ခြားနားချက်

ရဟန္တာပုဂ္ဂိုလ်လည်း ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ပုဂ္ဂိုလ်များလိုပင် ဥပါဒါနက္ခန္ဓာငါးပါးကို ရှုရတာပါပဲတဲ့။ ဒါဖြင့် ရဟန္တာဟာ အဲဒီလို ရှုနေတော့ ဘယ်လိုအကျိုးအာနိသင်ကို ရပါသလဲ၊ ပစ္စေကဗုဒ္ဓါ ဖြစ်သွားနိုင်ပါသလား၊ သမ္မာသမ္ဗုဒ္ဓဘုရား ဖြစ်သွားနိုင်ပါသလားလို့ဆိုတော့ အဲဒီလိုတော့ မဖြစ်နိုင်ပါဘူး။ ထေရဝါဒ ဗုဒ္ဓသာသနာတော်မှာ ရဟန္တာဟာ အမြင့်မြတ်ဆုံးပဲ။

ရဟန္တာဖြစ်ရင် အာသဝေါ ကိလေသာ ခပ်သိမ်း အကုန်ငြိမ်းပြီးတော့ ဆင်းရဲ ငြိမ်းရာ နိဗ္ဗာန်လည်း ရောက်တော့တာပါပဲ။ ပစ္စေကဗုဒ္ဓါဆိုတာကတော့ ဆုတောင်း ပါရမီရှိတဲ့ ပုဂ္ဂိုလ်တွေဟာ သာသနာပကာလမှာ ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် နှလုံး သွင်းပြီး (ပစ္စေကဗုဒ္ဓါ) ဖြစ်ကြပါတယ်။ သမ္မာသမ္ဗုဒ္ဓဘုရားဆိုတာကတော့ တစ်ဆူတစ်ဆူ ပွင့်ထွန်းဖို့ရာ အလွန်ခဲယဉ်းပါတယ်။ ကမ္ဘာပေါင်း သိန်းသန်း ကုဋေ အသင်္ချေတိုင်အောင် ဘုရားမပွင့်တဲ့ သုညကမ္ဘာတွေဆိုတာလည်း ရှိတတ် ပါတယ်။ ပွင့်ပြန်တော့လည်း တစ်ကမ္ဘာမှာ တစ်ဆူမျှပွင့်တာလည်း ရှိတယ်။ ၂ ဆူ၊ ၃ ဆူ၊ ၄ ဆူမျှ ပွင့်တာလည်း ရှိတယ်။ အများဆုံးအားဖြင့် ယခုကမ္ဘာမှာ လို ငါးဆူပွင့်တာလည်းရှိတယ်။ ဒါလောက်ပါပဲ။ ဒီသမ္မာသမ္ဗုဒ္ဓဘုရားရှင်များနှင့် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေကတော့ သူတစ်ပါး၏နည်း နိဿယကို မခံယူဘဲ ကိုယ်ပိုင်ဉာဏ်ဖြင့် နှလုံးသွင်းအားထုတ်ပြီးတော့ ပွင့်တော်မူကြတာပဲ။ ဒါပေမဲ့ ကိလေသာကင်းငြိမ်းပြီးတော့ ဆင်းရဲငြိမ်းရာ ရောက်ပုံချင်းကတော့ ရဟန္တာများနှင့် အတူတူပါပဲ။ ဘုရား၊ ပစ္စေကဗုဒ္ဓါတို့၏ နောက်ဆုံး ဝင်စံရတဲ့ ပရိနိဗ္ဗာန်နဲ့ ရဟန္တာပုဂ္ဂိုလ်တို့၏ ဝင်စံရတဲ့ ပရိနိဗ္ဗာန်ဟာ အတူတူပါပဲ။ ဒါက ထေရဝါဒ ပိဋကပါဠိတော်မူမှန်အရပါပဲ။

မဟာယာနဝါဒအရကတော့ ရဟန္တာဖြစ်ရုံနဲ့လည်း ကိစ္စမပြီးသေးဘူးတဲ့။ ပစ္စေကဗုဒ္ဓါဖြစ်ရုံနဲ့လည်း ကိစ္စမပြီးသေးဘူးတဲ့။ ဘုရားဆုတောင်းပြီး ဘုရား လောင်း အကျင့်တွေကို ကျင့်ရဦးမယ်တဲ့။ အဲဒီလိုကျင့်ပြီးတော့ ဘုရားဖြစ်ရမယ်။ ဘုရားဖြစ်ပြီးတော့လည်း နိဗ္ဗာန်ကို မဝင်ရသေးဘူးတဲ့။ သတ္တဝါတွေ ရှိရှိသမျှ အကုန်လုံး ဘုရားဖြစ်ကြပြီးမှ နိဗ္ဗာန်ကို တစ်ပေါင်းတည်း ပြိုင်တူဝင်ကြရမှာတဲ့။ အဲဒါဟာ မဟာယာနဗုဒ္ဓဘာသာတရားအရ ဝါဒပါပဲ။ အဲဒါကို ဘုန်းကြီးက စဉ်းစားကြည့်တယ်၊ တချို့သတ္တဝါတွေက ယခုနေအခါ ဘာမျှမသိတတ်တဲ့ ပိုးမွှားကလေးများ ဘဝမှာ ရှိနေကြတယ်။ အဲဒီလို သတ္တဝါတွေပါ အကုန် ဘုရားဖြစ်မှ နိဗ္ဗာန်ဝင်ရမယ်ဆိုတော့ အလွန်တာဝန်လေးတာ ခက်ခဲတာပဲ။ စောစောကဖြစ်ပြီး ဘုရားရှင်တွေ နိဗ္ဗာန်မဝင်ရသေးဘဲ ဘယ်လိုအခြေအနေနဲ့ ဘယ်လိုများ စောင့်ဆိုင်းနေရမှာပါလိမ့်မလဲလို့ စဉ်းစားကြည့်မိပါတယ်။ ယုံ ကြည်ဖွယ်အသင့် ယုတ္တိရှာလို့မရပါဘူး။ အဲဒီမဟာယာနဝါဒတွေကတော့ ဘုရားပရိနိဗ္ဗာန်စံတော်မူ ပြီးတဲ့နောက် နှစ်ပေါင်း သုံးလေးရာလောက်ကမှစပြီး

ဖြစ်ပေါ်လာတဲ့ ဝါဒသစ် တရားသစ်တွေဖြစ်တယ်လို့ စူးစမ်းဆင်ခြင်တဲ့ ပညာရှိများက ယူဆဆုံးဖြတ်ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ သာသနာတော်နှစ် ၂၃၀ ကျော် တတိယ သင်္ဂါယနာခေတ်က အဲဒီလို ဝါဒမရှိခဲ့သေးကြောင်း ခိုင်လုံတဲ့ အထောက်အထားများ ရှိနေတဲ့အတွက်ကြောင့်ပါပဲ။

အမှန်စင်စစ်ကတော့ ပရိနိဗ္ဗာန်စံဝင်တယ်ဆိုတာ အရဟတ္တမဂ်ဉာဏ်၏ အစွမ်းကြောင့် ကိလေသာတွေ ကံတွေ ချုပ်ငြိမ်းသွားတဲ့အတွက် ဘဝသစ်ရုပ်နာမ် ခန္ဓာဆင်းရဲ မဖြစ်ပေါ်လာဘဲ ငြိမ်းခြင်းသဘောမျှသာပါပဲ၊ အဲဒီချုပ်ငြိမ်းခြင်းသဘောသို့ ဘုရား ပစ္စေကဗုဒ္ဓများ ဝင်ရောက်ကြရသလိုပင် ရဟန္တာအရှင်မြတ်တွေလည်း ဝင်ရောက်ကြရတာပါပဲ။ ဘယ်သူ့ကိုမျှငဲ့ပြီး ငုံ့လင့်နေဖို့ မရှိပါဘူး။ ဒါကြောင့် ရဟန္တာဖြစ်တယ်ဆိုရင် ပြုသင့်တဲ့ကိစ္စအားလုံး ပြီးဆုံးတော့တာပါပဲ။ အဲဒီလို ကိစ္စအားလုံး ပြီးဆုံးသွားတဲ့အတွက် အသစ်ထပ်ပြီး အားထုတ်ဖို့လည်း မရှိတော့ပါဘူး။

(သီလဝန္တသုတ်တရားတော်)

## သာဝတ္ထိမြို့ လူဦးရေနှင့်စပ်၍

စာပေကျမ်းဂန်၌ သာဝတ္ထိမြို့မှာ လူဦးရေ ခုနစ်ကုဋေဆိုတာ များတယ်၊ တစ်ကုဋေဆိုတာ နည်းတာမဟုတ်ဘူး။ တစ်ကုဋေဆိုတဲ့ဥစ္စာ မြို့တစ်မြို့မှာ တစ်ကုဋေရှိဖို့ အတော်ခဲယဉ်းတယ်။ အင်မတန်ကြီးမှ ဖြစ်မယ်။ အဲဒါ ခုနစ်ကုဋေတောင်ဆိုတော့ ဒီကုဋေက ဘာကုဋေနေမယ် မသိဘူး။ အခုကုဋေတော့ ဟုတ်မယ်မထင်ပါဘူး။

(အာသီဝိသောပမသုတ် တရားတော်)

## အုတ်ပုံကြီး ရှိခိုးတာမဟုတ်

ဆင်းတုတော်၊ စေတီတော်တွေဟာ ရှေးတုန်းက သက်တော်ထင်ရှားမြတ်စွာဘုရားရဲ့ ကိုယ်တော်စားတွေပဲ။ အထိမ်းအမှတ်တွေပဲ။ ဒီလိုသိပြီးတော့ ရှေးက သက်တော်ထင်ရှားရှိတဲ့ မြတ်စွာဘုရားကို အာရုံပြုပြီးတော့ ရှိခိုးတယ်၊ ပူဇော်ရတယ်၊ ဘုရားရှိခိုးတယ်ဆိုတာ ဟိုဘုရားအစစ်ကို ရှိခိုးရတာ။ အခု ဒီကရှိတဲ့ အုတ်ပုံကြီး၊ ဒါကြီးရှိခိုးတာမဟုတ်ဘူး။

ဘေးက ဗုဒ္ဓဘာသာမဟုတ်တဲ့ ပုဂ္ဂိုလ်တွေကတော့ မြန်မာတွေဟာ ဗုဒ္ဓဘာသာတွေဟာ အုတ်ပုံကြီးတွေ ရှိခိုးတယ်လို့ ပြောကြတယ်။ အုတ်ပုံကြီး ရှိခိုးတာ မဟုတ်ဘူး၊ ဘုရားအစစ် ရှိခိုးတာ၊ ဒါက မှတ်တိုင်၊ ဒီဟာက အထိမ်း အမှတ်သဘောပဲ။ စေတီကြီးရှေ့တို့၊ ဆင်းတုတော်ရှေ့တို့သွားပြီး ရှိခိုးလို့ရှိရင်ဖြင့် ဘုရားအစစ်ကို ပိုပြီးတော့ သတိရတယ်။ အဲဒါကြောင့် ဒီလိုနေရာသွားပြီးတော့ ရှိခိုးတယ်။ ရှိခိုးတဲ့အခါကျတော့ ဘုရားအစစ်ကို အာရုံပြုရတယ်။ ဆီမီးတွေ ထွန်းလို့ရှိရင်လည်း အဲဒီဘုရားအစစ်ကို အာရုံပြုပြီးတော့ ဆီမီးထွန်းရတယ်။ ရေ ချမ်းတို့ လှူရတယ်။ နို့ ဒီဆီမီးက ဘယ်မှာလင်းတုံးဆိုတော့ ထွန်းတဲ့နေရာ မှာတွင် လင်းတာပေါ့။ ဟိုနှစ်ပေါင်း ၂၅၀၀ က ပွင့်တော်မူခဲ့တဲ့ ဘုရားထံမှာ တော့ ဘယ်သွားလင်းမလဲ။ ဒါပေမဲ့ စေတနာအားဖြင့်တော့ အဲဒီနှစ်ပေါင်း ၂၅၀၀ က ဘုရားကို အာရုံပြုပြီးတော့ လှူဒါန်းတော့ ဒီအလှူဟာ ဘုရားကို လှူရာမည်တယ်လို့ ဆိုရတယ်။

(အာသီဝိသောပမသုတ်တရားတော်)

## မသိသူက အပြစ်ပြောတတ်သည်

(ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ) သွားလျှင်လည်း သွားတယ်လို့ သိ၏ စသည်ဖြင့် ဟောထားတဲ့ ရှုသိနည်းကို သဘောမပေါက် မယုံကြည်တဲ့သူတွေ က သွားတယ်၊ ညာလှမ်းတယ်၊ ဘယ်လှမ်းတယ်၊ ကွေးတယ်၊ ဆန့်တယ်၊ ဖောင်းတယ်၊ ပိန်တယ်စသည်ဖြင့် ရှုမှတ်တာကို အပြစ်တင် ရှုတ်ချနေကြတယ်။ သွားတယ်၊ ညာလှမ်းတယ်၊ ဘယ်လှမ်းတယ်ဆိုတာတွေဟာ သိပြီးသားတွေပဲ၊ ရှုနေဖို့ မလိုပါဘူးလို့လည်း ရှုတ်ချပြောဆိုကြတယ်။ ဘယ် ညာ၊ ဘယ်ညာ လို့ ဒရိမ်းပြလေ့ကျင့်နေတာလိုပင် ဘာမျှထူးခြားတဲ့အသိ မဖြစ်နိုင်ပါဘူးလို့လည်း ရှုတ်ချပြောဆိုကြတယ်။ အဲဒီလိုပြောကြတာကတော့ သူတို့ကိုယ်တိုင်က သတိ ပဋ္ဌာန်တရားတော်နှင့်အညီ အားမထုတ်ဖူးလို့ သူတို့မှာ ကိုယ်တိုင် အတွေ့ အသိ မရှိသေးလို့ ပြောဆိုတာပါပဲ။

## အပြစ်မပြောသင့်ကြောင်း ရှင်းပြချက်

အာနာပါနကမ္မဋ္ဌာန်းဆိုတာ အင်မတန် ထင်ရှားနေတာပဲ။ သိပြီးသားမို့ မရှုရဘူးဆိုရင် ထွက်လေ ဝင်လေလည်း ရှုဖို့မလိုဘူးလို့ ဆိုရလိမ့်မယ်။ အဲဒီလိုက

တော့ ဘယ်သူမှ မပြောဆိုဝံ့ကြပါဘူး။ နောက်ပြီးတော့ အိန္ဒိယနိုင်ငံမှာ သာသနာပက ရသေ့တွေလည်း အာနာပါနကို ရှုနေကြတာပဲ။ အဲဒီ သာသနာပက ရှုနည်းကတော့ သမာဓိဖြစ်ရုံပဲ။ ဝိပဿနာဉာဏ် မဂ်ဉာဏ်တော့ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ အဲဒီရသေ့တွေမှာလိုပင် အာနာပါနကို ရှုခြင်းဖြင့် ဝိပဿနာဉာဏ် မဂ်ဉာဏ် မဖြစ်နိုင်ဘူးလို့ မပြောမဆိုသင့်ပါဘူး။ အဲဒီလိုပဲ ဘယ်ညာ ဘယ်ညာ လို့ ဒရိမ်းပြနေတဲ့ လူများလိုပင် ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်လို့ ရှုမှတ်တာကို သတိ သမာဓိ ဉာဏ်မဖြစ်ဘူးလို့ မပြောဆိုသင့်ပါဘူး။ ဘာကြောင့်လဲ ဆိုရင် ဒရိမ်းပြလေ့ကျင့်နေတဲ့လူတွေက သတိ သမာဓိ ဉာဏ်ဖြစ်အောင် လေ့ကျင့်တာမှမဟုတ်ဘဲ၊ ကျန်းမာရေးစသည်အတွက် လေ့ကျင့်ကြတာပဲ။ သတိပဋ္ဌာန်နည်းအရ ရှုမှတ်နေကြတဲ့သူတွေကတော့ သတိ သမာဓိ ဉာဏ်ထူးများ ဖြစ်ဖို့ ရှုနေကြတာပဲ။ သတိပဋ္ဌာန်ဒေသနာအရ ရှုနေတာကို ပစ်ပယ်ရင် မြတ်စွာဘုရား တရားတော်ကို ပစ်ပယ်ရာရောက်တာပါပဲ။

နောက်ပြီးတော့ သိပြီးတွေ မရှုကောင်းဘူးလို့ အပြစ်မတင်သင့်တဲ့ အကြောင်းတွေက များစွာပင် ရှိနေပါတယ်။ ပထဝီ ကသိုဏ်းစသည် နီလက သိုဏ်းစသည်ကို ရှုတာဟာ သိပြီး တွေ့ပြီးဖြစ်တဲ့ မြေကြီးစသည် အညိုရောင် အဆင်းစသည်တို့ကို 'မြေ မြေ' စသည်ဖြင့် 'အညို အညို' စသည်ဖြင့် ရှုရ တာပဲ။ အဲဒီလိုရှုတာကို သိပြီးသားတွေ ရှုတဲ့အတွက် ဘာမျှအကျိုးမရှိဘူး၊ ဈာန်မရနိုင်ပါဘူးလို့ မဆိုသင့်ပါဘူး။ နောက်ပြီးတော့ ဆံပင် မွေးညင်းစသည်ကို ရှုရတဲ့ ကမ္မဋ္ဌာန်းလည်း ရှိတယ်။ ဆံပင်တို့ အမွေးတို့ လက်သည်း ခြေသည်းတို့ သွားတို့ အရေတို့ဆိုတာတွေဟာ သိပြီးတွေ့ပြီးသားတွေပဲ၊ အဲဒါတွေကို သိပြီး ဖြစ်တဲ့အတွက် မရှုကောင်းဘူးလို့ မဆိုသင့်ပါဘူး။ ကျင်ကြီး ကျင်ငယ်ဆိုတာ တွေလည်း တွေ့ပြီး သိပြီးသားတွေပဲ။ အဲဒါတွေကို ဆင်ခြင်ပြီး ရှုကောင်းတာပါပဲ။ အဲဒါတွေလည်း ရှုမြင်ရာမှာလည်း ကမ္မဋ္ဌာန်းအဖြစ်နဲ့ရှုမှ ကမ္မဋ္ဌာန်းဖြစ်တာ၊ မိလ္လာသန့်ရှင်းသမားတွေ ကျင်ကြီးတွေကို အမြဲတမ်းလိုပင် မြင်နေကြရတာပါပဲ။ ဒါပေမဲ့ သူတို့က အသုဘအနေနဲ့ တရားအားထုတ်တာမဟုတ်လို့ သူတို့မှာ သမာဓိဉာဏ် အထူးဖြစ်ကြောင်း မကြားမသိရဘူး၊ အဲဒီလူများမှာလိုပင် တွေ့မြင်ပြီး ဖြစ်တဲ့ ကျင်ကြီး ကျင်ငယ်တွေကို ရှုလို့ ကုသိုလ်မဖြစ်ဘူး။ သမာဓိဉာဏ် မဖြစ်ဘူးလို့ မဆိုသင့်ပါဘူး။ နောက်ပြီးတော့ သုသာန်က သုဘရာဇာတွေဟာ

လူသေကောင်တွေ အမြဲတွေ့နေကြတာပဲ၊ ဒါပေမဲ့ ကမ္မဋ္ဌာန်းအဖြစ်နဲ့ ရှုကြတာ မဟုတ်လို့ အဲဒီသုဘရာဇာတွေမှာ အသုဘစျာန်ရတယ်လို့ မထင်ရှားဘူး။ ဒါကြောင့် တွေ့မြင်ပြီးဖြစ်တဲ့ ဥဒ္ဓုမာတက စသော သူသေကောင်ကို ရှုခြင်းဖြင့် ကုသိုလ်မဖြစ်ဘူး၊ စျာန်မရဘူးလို့ မပြောမဆိုသင့်ပါဘူး။ အဲဒီလို မပြောမဆိုသင့်တာတွေကို ပြောဆိုနေရင် ဗုဒ္ဓသာသနာတော်က သမထ ဝိပဿနာကမ္မဋ္ဌာန်း တရားတွေကို ပယ်ဖျက်ရာ ရောက်နေတာပါပဲ။

အဲဒါတွေလိုပဲ သတိပဋ္ဌာန်ဒေသနာတော်အရ ရုပ်နာမ် စသည်ကို အမှန် အတိုင်း သိပြီး ဝိပဿနာဉာဏ်တွေဖြစ်အောင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရအောင် သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်းစသော ကိုယ်အမူအရာတွေကို ဖြစ်ခိုက် ဖြစ်ခိုက်မှာ မပြတ်လိုက်ပြီး ရှုမှတ်နေတာကိုလည်း အပြစ်မတင်သင့်ပါ ဘူး။ သိပြီးတွေကို ရှုနေလို့ အကျိုးမရှိဘူးလို့ မပြောမဆိုကောင်းပါဘူး။ သွားတာ ရပ်တာစသည်တွေကို ပကတိလူ သိနေကြတာက သတိ သမာဓိ ဉာဏ်ဖြင့် သိကြတာမဟုတ်ပါဘူး။ မွေးလာကတည်းက သိရိုးသိစဉ်အတိုင်း သိလာကြ တာပဲ။ အဲဒီ သိရိုးသိစဉ် ဓမ္မတာအသိတွေက မြဲတဲ့အနေ ချမ်းသာတဲ့ ကောင်းတဲ့ အနေနဲ့ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ သိနေတဲ့ အဝိဇ္ဇာက ရှေ့ဆောင်ပြီး သိနေတာပဲ။ ဒါကြောင့် အဲဒီသိရိုးသိစဉ်ကိုမှီပြီး လောဘ ဒေါသစသော အကုသိုလ် ကိလေသာ တွေ ဖြစ်ပွားနေကြတာပဲ။ သတိပဋ္ဌာန်ဒေသနာတော်အရ သွားခိုက်စသည်မှာ သတိ သမာဓိဖြင့် စူးစိုက်ပြီး ရှုသိနေတာကတော့ အဲဒီသိရိုးသိစဉ် အမှားအသိတွေ ကို ပယ်နိုင်အောင်လို့ ရှုသိနေကြရတာပါပဲ။

(ဓမ္မဒါယာဒသုတ် တရားတော်)

## ရှုမှတ်ရာတွင် သီလမဂ္ဂင်တို့ပါဝင်ပုံ

ဝိပဿနာရှုခိုက်၌ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုတဲ့ သီလ မဂ္ဂင်တွေတော့ မပါဘူးလားလို့ မေးစရာရှိပါတယ်။ အဘိဓမ္မာနည်းအရဆိုရင် တော့ တရားကိုယ်အားဖြင့် မပါဘူးလို့ ဆိုရမှာပဲ။ ဒါပေမဲ့ သုတ္တန်ဒေသနာအရ ကတော့ ပါတယ်လို့ ယူရပါတယ်။ ပါပုံကတော့ သမ္မာဝါစာဆိုတာ လိမ်ပြော ခြင်းစသော ဝစီဒုစရိုက်မှ ကြဉ်ရှောင်ခြင်းပဲ။ သမ္မာကမ္မန္တဆိုတာ သတ်ခြင်း ခိုးခြင်းစသော ကာယဒုစရိုက်မှ ကြဉ်ရှောင်ခြင်းပဲ။ သမ္မာအာဇီဝဆိုတာ မတရား

သဖြင့် မှားယွင်းစွာ ပစ္စည်းရှာမှုမှ ကြဉ်ရှောင်ခြင်းပဲ။ လူများမှာ ဆောက်တည်ပြီး သတ်မှု ခိုးမှု လိမ်မှုစသော အကုသိုလ်အမှုများကို မပြုဘဲ ရှိသေစွာကျင့်နေရင် အဲဒီသီလမဂ္ဂင် သုံးပါးလုံး ပြည့်စုံစင်ကြယ်နေတာပဲ။ ဝိပဿနာရှုနေတဲ့သူမှာ စောစောကတည်းက သီလပြည့်စုံနေခဲ့တယ်။ စောစောက မပြည့်စုံတောင် တရားအားထုတ်ခါနီးမှာ သီလဆောက်တည်ခဲ့တယ်။ အဲဒီအချိန်ကစပြီး သီလ မဂ္ဂင်တွေ ပြည့်စုံလာခဲ့တယ်လို့ ဆိုရတယ်။ ရှုမှတ်နေဆဲမှာလည်း သီလက စင်ကြယ်နေတာပဲ။ ရှုသိရတဲ့အာရုံတိုင်းနှင့်စပ်ပြီး သီလပျက်ကြောင်း လောဘ ဒေါသစသည် ဖြစ်ခွင့် မရှိသောကြောင့် မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တ မိစ္ဆာအာဇီဝမှ ကြဉ်ခြင်းကိစ္စလည်း ပြီးပြည့်စုံနေပါတယ်။ ဒါကြောင့် ရှုမှတ်ဆဲမှာ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဆိုတဲ့ သီလမဂ္ဂင်သုံးပါးလည်း ပါတယ်လို့ ဆိုရပါ တယ်။ အဲဒီလို ဆိုသင့်သောကြောင့် မြတ်စွာဘုရားက ဥပရိပဏ္ဏာသ မဟာ သဠာယတန နိကသုတ်မှာ ဒီလိုဟောထားပါတယ်။

ပုဗ္ဗေဝ ခေါ ပနဿ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါ သုပရိသုဒ္ဓေါ ဟောတိ။

ပန– သီလမဂ္ဂင်ပါဝင်ပုံမှာ၊ အဿ– ဝိပဿနာရှုနေသော ထိုယောဂီ၏၊ ကာယကမ္မံ– ကိုယ်အမှုသည်လည်းကောင်း၊ ဝစီကမ္မံ– နှုတ်အမှုသည်လည်း ကောင်း၊ အာဇီဝေါ– အသက်မွေးမှုသည်လည်းကောင်း၊ ပုဗ္ဗေဝ– မရှုမမှတ်မီ ရှေးအဖို့ကပင်လျှင်၊ သုပရိသုဒ္ဓေါ– ကောင်းစွာစင်ကြယ်ခဲ့သည်၊ ဟောတိ– ဖြစ်ပေသည် တဲ့။

(ဓမ္မဒါယာဒသုတ်တရားတော်)

## မာတာပိတု (အာစရိယ) ဂုဏော အနန္တော့မှ ဂုဏသဒ္ဒါအနက်

မိဘကျေးဇူး ကြီးမားတာကို ရည်ရွယ်ပြီးတော့ ရှေးဆရာများက မာတာ ပိတုဂုဏော အနန္တော လို့ ဖော်ပြထားတယ်။ အဲဒီမှာ ဂုဏော ဆိုတာ ဘုရား ဂုဏ်စသည်လို ချီးမွမ်းဖွယ်ကို ဆိုလိုတာတော့ မဟုတ်ပါဘူး။ ဥပကာရ ဆိုတဲ့ ကျေးဇူးပြုဖူးတဲ့ ဂုဏ်ကို ဆိုလိုတာပါပဲ။ အာစရိယဂုဏော အနန္တော ဆိုတာ လည်း ဆရာကောင်း၏ ပြုဖူးတဲ့ ကျေးဇူးကိုရည်ပြီး ဆိုထားတာပါပဲ။

(ဓမ္မဒါယာဒသုတ်တရားတော်)

## အာဗာဓာယ ပုဒ်အနက် စိစစ်ချက်

အနတ္တလက္ခဏသုတ်မှာ ရှေးရှေးက ဆရာတော် အရှင်မြတ်များက အာဗာဓာယပုဒ်ကို နာကျင်ခြင်းငှာ လို့ မြန်မာပြန်ကြပါတယ်။ အဲဒီ ပြန်ချက်ဟာ သဒ္ဒါအလိုအားဖြင့်ရော အနက်အလိုအားဖြင့်ရော မသင့်ဘူးလို့ ထင်ပါတယ်။ မသင့်ပုံကတော့ အာ– ရှေးရှိတဲ့၊ ဗာဓ– ဓာတ်ဖြင့်ပြီးတဲ့ အာဗာဓာယပုဒ်ဟာ နာကျင်တယ်ဆိုတဲ့အနက်ကို မဟောနိုင်ဘူး။ နှိပ်စက်တယ်ဆိုတဲ့ အနက်ကိုသာ ဟောပါတယ်။ အာဗာဓ ပုဒ်ကို အနာလို့ ပြန်ဆိုရတာကလည်း နာကျင်စေလျက် နှိပ်စက်တတ်သောကြောင့် မြန်မာဝေါဟာရအားဖြင့် ပြောဆိုလေ့ရှိတဲ့အတိုင်း အနာလို့ ပြန်ဆိုရတာဖြစ်ပါတယ်။ အာဗာဓ ပုဒ်က နာတတ်တယ်လို့ ဟောသော ကြောင့် ပြန်ဆိုရတာတော့ မဟုတ်ပါဘူး။ ဒါကြောင့် အာဗာဓာယ ပုဒ်ကို နာကျင်ခြင်းငှာလို့ ပြန်ဆိုချက်ဟာ နှိပ်စက်ခြင်း အနက်ရှိတဲ့ ဗာဓဓာတ်ဖြင့်ပြီးသော သဒ္ဒါအရအားဖြင့်လည်း အသင့်ယုတ္တိ မရှိဘူး။ နောက်ပြီးတော့ ရုပ်မှာ နာကျင်ခြင်းသဘောမရှိဘူး။ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့မှာလည်း နာကျင်ခြင်း သဘော မရှိကြဘူး။ ဝေဒနာသာ နာကျင်တတ်တယ်။ ဝေဒနာသုံးပါးထဲမှာလည်း သုခနဲ့ ဥပေက္ခာဝေဒနာတို့က မနာကျင်တတ်ကြပါဘူး။ ဒုက္ခဝေဒနာတစ်ပါး တည်းသာ နာကျင်တတ်ပါတယ်။ အဲဒီတော့ ရုပ်သည် နာကျင်ခြင်းငှာ မဖြစ် လေရာလို့ဆိုလျှင် မနာကျင်တတ်တဲ့ တရားများကို နာကျင်တတ်တယ်လို့ ဆိုရာရောက်သောကြောင့် အနက်တရားကိုယ်အရအားဖြင့်လည်း အသင့်ယုတ္တိ မရှိပါဘူး။ နောက်ပြီးတော့ အတ္တဝါဒစွဲ ရှိသူတို့ကလည်း ငါလို့ဆိုရတဲ့ အတ္တ ကောင်မှာ နာကျင်ခြင်းမရှိဘူးလို့ ဒီလိုပဲ အယူအစွဲမရှိကြပါဘူး။ အတွေ့ဆိုးနဲ့ တွေ့ထိရတဲ့အခါ အတ္တကပင် နာကျင်တယ်လို့ အယူအစွဲ ရှိနေကြပါတယ်။ ဒီတော့ အတ္တဟုတ်ရင် မနာကျင်ရဘူးလို့ မဟောသင့် မဆိုသင့်ပါဘူး။ ဒါကြောင့်လည်း အနက်အရအားဖြင့် အသင့်ယုတ္တိမရှိပါဘူး။ နှိပ်စက်ခြင်းဆိုတဲ့ အနက်ကတော့ ခန္ဓာငါးပါးလုံးနဲ့ သက်ဆိုင်ပါတယ်။ ခန္ဓာငါးပါးလုံး နှိပ်စက်ခြင်း သဘောရှိနေပါတယ်။ ဒါကြောင့် သဒ္ဒါအရရော အနက်အရရော အသင့်ယုတ္တိ ရှိတဲ့အတိုင်း "အာဗာဓာယ– နှိပ်စက်ခြင်းငှာ၊ န သံဝတ္တေယျ– မဖြစ်တန်လေရာ" လို့ ဘုန်းကြီးက အနက်ပြန်ဆိုထားပါတယ်။

ဒီလို သိစေတဲ့ ဒီသုတ်ပါဠိတော်ကို မှီပြီးတော့ အဋ္ဌကထာများမှာ 'အသာမိကဋ္ဌေန၊ အစိုးရသူ ပိုင်ရှင်မရှိသော အနက်သဘောကြောင့်လည်း အနတ္တမည်တယ်။ အဝသဝတ္တနဋ္ဌေန– အလိုအတိုင်း မဖြစ်သော အနက် သဘောကြောင့်လည်း အနတ္တမည်တယ်' စသည်ဖြင့် ဖွင့်ပြတော်မူကြပါတယ်။ အဲဒီအဖွင့်ကို မှီပြီးတော့ အချို့ဆရာများက 'အနတ္တာ– အစိုးမရ' လို့ မြန်မာ ပြန်တယ်။ အဲဒီ အစိုးမရတဲ့ အနက်ကတော့ အနတ္တာပုဒ်၏ သဒ္ဒါအနက်မဟုတ် ဘူး။ အဓိပ္ပာယ်အနက်သာ ဖြစ်တယ်။ အဲဒီ အဓိပ္ပာယ်အနက်အတိုင်း အတ္တာ ပုဒ်ကို ပြန်လျှင် မချောမော မပြေပြစ်ဘဲ ရှိနေတာကို တွေ့ရလိမ့်မည်။ 'ဧသော မေ အတ္တာတိ သမနုပဿတိ' ဆိုတဲ့ ပါဠိကို အနက်ပြန်ကြည့်ပါ။

ဧသော– ဤအရာသည်၊ မေ– ငါ၏၊ အတ္တာ– အစိုးရ (သူ) တည်း။ ဣတိ– ဤသို့၊ သမနုပဿတိ– ရှုမြင်ထင်မှတ်၏လို့ ပြန်ရလိမ့်မယ်။ အဲဒီလို ပြန်တော့ ငါကတခြား အစိုးရတဲ့အတ္တက တခြားလိုဖြစ်နေတယ်။ ဒါကြောင့် မချောမော မပြေပြစ်လှဘူး။ ချောမောပြေပြစ်တဲ့ အနက်ကတော့

ဧသော– ဤအရာသည်၊ မေ– ငါ၏၊ အတ္တာ– (အတွင်းသား) အတ္တ ကောင်တည်း၊ ဣတိ– ဤသို့၊ သမနုဿတိ– ရှုမြင်ထင်မှတ်၏လို့ သဒ္ဒါနက် ပြန်ဆိုမှ ချောမောပြေပြစ်ပါတယ်။ ထို့အတူပင် ဒီနေရာမှာလည်း အနတ္တာ၊ (အတွင်းသား) အတ္တကောင်မဟုတ်လို့ ပြန်ဆိုတဲ့သဒ္ဒါအနက်က ပိုပြီးချောမော ပြေပြစ်ပါတယ်။

(အနတ္တလက္ခဏသုတ်တရားတော်)

## မာရ်နတ်ဟူသည်

ဗကဗြဟ္မာဝတ္ထုပါဠိတော်၌ 'မာရောပါပိမာ အညတရံ ဗြဟ္မပါရိသဇ္ဇံ အန္ဝာဝိသိတ္ဝာ' လို့ ရှိတဲ့အတွက် မာရ်နတ်က အခြွေအရံ ဗြဟ္မာတစ်ဦးကို ပူး ကပ်ပြီး လျှောက်တယ်လို့ ဒီလိုတိုက်ရိုက်အားဖြင့် အနက်ရပါတယ်။ ဒါပေမဲ့ ကာမာဝစရနတ်တွေဟာ ဗြဟ္မာ၏ ပကတိရုပ်ကိုတောင် မမြင်နိုင်ကြောင်း ပြဆို ထားတဲ့ အခိုင်အမာကျမ်းဂန်စကားက ရှိနေသောကြောင့် (ဒီ ၂၊ ၁၇၀၊ ဌ ၂၂၃) မာရော ဆိုတဲ့စကားဖြင့် အဲဒီအခြွေအရံ ဗြဟ္မာ၏သန္တာန်မှာ ဖြစ်နိုင်တဲ့ အဝိဇ္ဇာ၊ မိစ္ဆာဒိဋ္ဌိစတဲ့ ကိလေသမာရ်ကို ယူလျှင် ပိုပြီးသင့်ပါတယ်။ ငြင်းပယ်ရန်

လည်း မရှိပါဘူး။ အဲဒီကိလေသာမာရ်၏ အလိုအားဖြင့် အဲဒီအခြွေအရံ ဗြဟ္မာက လျှောက်တာကိုပင် မာရ်နတ်က ပူးကပ်ပြီး လျှောက်တယ်လို့ ယူပြီးတော့ 'အခြွေအရံ ဗြဟ္မာတစ်ဦးက လျှောက်တယ်' လို့ ဒီမှာ ပြဆိုလိုက်ခြင်းဖြစ်ပါတယ်။ ယခု လူ့လောကမှာလည်း အဝိဇ္ဇာ၊ မိစ္ဆာဒိဋ္ဌိ အစရှိတဲ့ ကိလေသာတို့၏ အလိုအားဖြင့် ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်ကို မရိုမသေ ပြောနေတာတွေ လည်း ကိလေသမာရ်က ပူးကပ်ပြီး ပြောဆိုတယ်လို့ ဆိုသင့်ပါတယ်။ အဲဒါဟာ ပါဠိပညာရှိများ အထူးသတိပြုစရာ အချက်တစ်ခုပါပဲ။ မာရော ပါပိမာအရ မာရ်နတ်ကိုပင် ယူရင်တော့ ဒီဗြဟ္မနိမန္တန တစ်သုတ်လုံးကိုပင် ယုတ္တိမရှိဘူးလို့ အချို့ပညာရှိများက ဆိုထားပါတယ်။ အဲဒါလည်း သတိပြုဖို့ပါပဲ။

(အနုတ္တလက္ခဏာသုတ်တရားတော်)

## ဖန်ဆင်းဝါဒ၏အစ

ကမ္ဘာပျက်ပြီးတဲ့နောက် ကမ္ဘာအသစ်တည်ထွန်းခါစမှာ ပထမစပြီးဖြစ်တဲ့ ဗြဟ္မာက 'ငါဟာ ဗြဟ္မာပဲ၊ မဟာဗြဟ္မာပဲ၊ သတ္တဝါအားလုံးကို လွှမ်းမိုးနိုင်သူပဲ၊ အလွှမ်းမိုး မခံရသူပဲ၊ တကယ့်ကို မြင်နိုင်သူပဲ၊ သတ္တဝါဟူသမျှကို အလိုအတိုင်း ဖြစ်စေနိုင်သူပဲ၊ အစိုးရသူပဲ၊ ပြုတတ်သူ ဖန်ဆင်းတတ်သူပဲ။ ငါဟာ အမြတ်ဆုံးပဲ၊ စီရင်တတ်သူပဲ၊ အလိုအတိုင်း နိုင်နင်းသူပဲ။ ဖြစ်ပြီး ဖြစ်ဆဲ သတ္တဝါတို့၏ ဖခင်ပဲ။ ဤသတ္တဝါတွေကို ငါက ဖန်ဆင်းထားတယ်' စသည်ဖြင့် ကြံဆ ယုံကြည်တယ်။ အဲဒီ ဗြဟ္မာဘုံသို့ နောက်မှရောက်လာကြတဲ့ ဗြဟ္မာများကလည်း အဲဒီ ပထမဗြဟ္မာကြီး ကြံဆသည့်အတိုင်းပင် ယုံကြည်ယူဆကြတယ်။ နောက်မှ ဖြစ်တဲ့ အဲဒီဗြဟ္မာတွေထဲက စုတေပြီး လူ့ဘဝရောက်လာတဲ့အခါမှာလည်း ရှေးဘဝဟောင်းကို ပြန်လည်အောက်မေ့နိုင်တဲ့သူက 'အဲဒီ ဗြဟ္မာကြီးက သတ္တဝါ တွေကို ဖန်ဆင်းတယ်၊ ဖန်ဆင်းတဲ့ အဲဒီဗြဟ္မာကြီးကတော့ မသေမပျက်ဘဲ အမြဲတည်နေတယ်။ ဖန်ဆင်းခံရတဲ့ အများသတ္တဝါတွေကတော့ မမြဲကြဘူး၊ သေကြရတယ်' စသည်ဖြင့် ပြောဟောတယ်။ သူကိုယ်တိုင်ပဲ ယုံကြည်ယူဆ တယ်။ အဲဒီလို ပြောဟော ယုံကြည်ကြရာမှစပြီး ဖြစ်ပေါ်လာကြောင်း မြတ်စွာဘုရားကိုယ်တော်တိုင် ဟောထားတယ်။

ယခုထုတ်ပြခဲ့တဲ့ ဘုရားဟော ပါဠိတော်များကို ထောက်ဆကြည့်ရင်

'သတ္တဝါတွေကို ဖန်ဆင်းတယ်ဆိုတဲ့ ဘုရားသခင်၊ ကောင်းကင်ဘုံမှာ တည်နေတယ်ဆိုတဲ့ ဘုရားသခင်ဆိုတာဟာ ဗြဟ္မာဘုံမှာ ကမ္ဘာဦးကစပြီး ဖြစ်ခဲ့တဲ့ ဗြဟ္မာကြီးပဲ' လို့ ယူရမှာပဲ။ 'ပရမတ္တ ဆိုတာလည်း အဲဒီဗြဟ္မာကြီးရဲ့အတ္တပဲ' လို့ ယူရမှာပဲ။ ဒီလိုဆိုတော့ 'အဲဒီဗြဟ္မာကြီးရဲ့အတ္တလည်း သတ္တဝါအများ၏ ဇီဝအတ္တမျိုးပဲ။ မပြတ် ဖြစ်ပျက်နေတဲ့ ရုပ်နာမ်အစဉ်ကိုပင် အတ္တကောင်အနေဖြင့် ယူဆစွဲလမ်းထားတဲ့ အတ္တပဲ။ အဲဒီအတ္တဟာ ရုပ်နာမ်အစဉ်မှတစ်ပါး အသီးအခြား တကယ်ရှိတာတော့ မဟုတ်ဘူး။ ယုံကြည်စွဲလမ်းထားတဲ့ အရာမျှပဲ' လို့ ဗုဒ္ဓတရားတော်အရအားဖြင့် ထင်ရှားပါတယ်။

နောက်ပြီးတော့ အဲဒီမဟာဗြဟ္မာကြီး၏ ရုပ်နာမ်တွေဟာ သာမန်သတ္တဝါများ၏ ရုပ်နာမ်တွေလိုပင် မမြဲတဲ့သဘောတရားတွေချည်းပဲ။ အသက်တမ်းကုန်တဲ့အခါကျတော့ အဲဒီဗြဟ္မာကြီးလည်း စုတေရ သေရမှာပဲ။ တကယ်ဆိုတော့ မိမိအလိုအတိုင်းလည်း မဖြစ်စေနိုင်ပါဘူး။ ဒါကြောင့် အဲဒီ မဟာဗြဟ္မာကြီးသန္တာန်က ရုပ်တွေလည်း မိမိအလိုအတိုင်း မဖြစ်နိုင်တဲ့အတွက် မိမိ (ဗြဟ္မာကြီး)၏ အတွင်းသား အထည်ကိုယ် အတ္တမဟုတ်ပါဘူး။ အနတ္တတရားပါပဲ။

(အနတ္တလက္ခဏသုတ်တရားတော်)

## အဘိဓမ္မာနှင့် သုတ္တန် နှီးနှောချက်

အဘိဓမ္မာဒေသနာတော်အရအားဖြင့် မြင်ဆဲ ကြားဆဲ နံဆဲ အရသာသိဆဲမှာ သုခလည်း မရှိဘူး၊ ဒုက္ခလည်း မရှိဘူး။ ဥပေက္ခာဝေဒနာသာ ရှိတယ်လို့ ဆိုရပါတယ်။ ဒါပေမဲ့ သုတ္တန်ဒေသနာများမှာတော့ ဒွါရ ၆ ပါးလုံးမှာ သုခရော ဒုက္ခရော ဝေဒနာသုံးမျိုးလုံးဖြစ်ပုံကို ဟောထားပါတယ်။ မြင်ခိုက်ကြားခိုက် စသည်မှာပဲ အဲဒီဝေဒနာသုံးမျိုးစလုံးကို အမှန်အတိုင်းသိအောင်ရှုဖို့ ညွှန်ကြားထားပါတယ်။ အဲဒီမြင်ခိုက် ကြားခိုက်စသည်မှာ သုခ ဒုက္ခဝေဒနာသဘော ထင်ရှားပုံကို ဝိသုဒ္ဓိမဂ်မဟာဋီကာ (ဒု ၁၃၇၊ ၃၂၆) မှာ ဒီလို ရှင်းပြထားပါတယ်။ စက္ခုဝိညာဏ်စသည်မှာ ဥပေက္ခာသာ ယှဉ်သည်ဟုဆိုပေမယ့် အကုသိုလ် ဝိပါက်ကတော့ ဒုက္ခသဘောရှိတယ်၊ အကုသိုလ်၏အကျိုးဆိုရင်ကောင်းတဲ့ သဘောမရှိဘူး။ ကုသိုလ်အကျိုးကလည်း ဥပေက္ခာဆိုပေမယ့်ကောင်းတဲ့ သုခဝေဒနာသဘောရှိတယ်။ ကုသိုလ်၏ အကျိုးဆိုရင် ကောင်းတဲ့ချမ်းသာတဲ့သဘော ရှိတာချည်းပဲလို့ ရှင်းပြထားပါတယ်။

အဲဒီရှင်းပြချက်ဟာ အလွန်ပင် သင့်လျော်ပါတယ်။ ဒီအချက်ကိုဝါက်တွေ့ စမ်းသပ်ကြည့်နိုင်ပါတယ်။ လှပတင့်တယ်တဲ့ အဆင်းကို မြင်ရတဲ့အခါ မြင်ဆဲမှာပင် ချမ်းသာတဲ့ ကောင်းတဲ့သဘော ထင်ရှားပါတယ်။ မြင်ရာမှာထက် ကြားရာမှာ ပိုပြီးထင်ရှားတယ်၊ အသံကောင်းလို့ ကြားနာရတဲ့အခါ နားဝင်ချိုပြီး ခံသာတယ်၊ အသံဆိုးကြားရတဲ့အခါ နားထဲမှာ အလွန်ပင် အခံရခက်ပါတယ်။ အနံ့နံရာမှာ အဲဒါထက်ပိုပြီး ထင်ရှားတယ်၊ မွှေးတဲ့အနံ့ကို နမ်းရှူမိတဲ့အခါ နှာခေါင်းထဲမှာကို ချမ်းသာသွားတယ်။ အပုပ်နံ့များ နံတဲ့အခါ မခံသာဘူး။ ခေါင်းကိုက်ခြင်းစသည်ကိုလည်း ဖြစ်စေတတ်တယ်။ အဲဒါထက် စားသိတဲ့အခါ ပိုပြီးထင်ရှားတယ်။ အရသာကောင်းစားမိတဲ့အခါ လျှာပေါ်မှာ ကောင်းကောင်း သွားတယ်၊ ဆေးခါးကြီးစတဲ့ အရသာဆိုးကို စားမိတဲ့အခါ အလွန်ပင် အခံရခက် ပါတယ်။ အဆိပ်ကိုစားမိရင်တော့ သေသည်အထိ ဆင်းရဲဒုက္ခရောက်တတ် ပါတယ်။ ဒါကြောင့် "စက္ခုဝိညာဏ်စသည်မှာ ဥပေက္ခာနှင့်သာ ယှဉ်တယ်လို့ ဆိုပေမယ့် အနိဋ္ဌာရုံကို ခံစားတဲ့ အကုသလဝိပါက် ဥပေက္ခာက အခံခက်တဲ့ ဒုက္ခသဘောရှိတယ်။ ဣဋ္ဌာရုံကို ခံစားတဲ့ ကုသလဝိပါက်ဥပေက္ခာက ချမ်းသာတဲ့ သုခသဘောရှိတယ်" လို့ ဆိုတဲ့ ဋီကာစကားဟာ အလွန်သင့်မြတ်ပါတယ်။

ဒါကြောင့် သုတ္တန်ဒေသနာတော်များမှာ မြင်ဆဲစသည်၌လည်း ဝေဒနာ သုံးမျိုးစလုံးကို ပြတော်မူတယ်လို့ မှတ်ယူရပါတယ်။ နောက်တစ်နည်းကတော့ မြင်ဝီထိစသည်မှာ ဇောခဏကျတော့ ဝေဒနာသုံးမျိုးလုံးပင် ဖြစ်နိုင်သောကြောင့် သုတ္တန်ဒေသနာမှာ မြင်ဆဲစသည်၌လည်း ဝေဒနာသုံးမျိုးလုံးကို ပြတော်မူတယ်လို့ မှတ်ယူရပါတယ်။

(အနတ္တလက္ခဏသုတ်တရားတော်)

## ဘုရားဟောနဲ့ ဆန့်ကျင်တယ်

ဗုဒ္ဓသာသနာဖျက်ပုဂ္ဂိုလ်တွေက ဘုရားအလိုတော်နှင့် ပြောင်းပြန်ဆန့်ကျင် ပြီး ဟောပြောနေကြတာရှိတယ်။ ဘယ်လိုလဲဆိုတော့ "(သဗ္ဗေ သင်္ခါရာ အရ အကြောင်းက ပြုအပ်တဲ့ အကျိုးရုပ်နာမ်တရားကို မယူဘဲ ပြုလုပ်မှုသင်္ခါရကို ယူပြီးတော့) သဗ္ဗေ သင်္ခါရာ– အလုံးစုံသော အားထုတ်ပြုလုပ်မှုတို့သည်၊ ဒုက္ခာ– ဆင်းရဲတို့ပေတည်းလို့ အနက်ပြန်ပြီး ဒါန သီလ ဘာဝနာကို ကုသိုလ်

တွေ ပြုလုပ်တာလည်း ဆင်းရဲချည်းပဲ၊ လုပ်သမျှ ဒုက္ခချည်းပဲ။ ဘာမျှမလုပ်ဘဲ စိတ်ကို စိတ်အတိုင်း အငြိမ်းစားထားမှ ချမ်းသာတယ်'' လို့ ဟောနေကြတယ်။ အဲဒီဟောပြောချက်ကို သုတနည်းတဲ့သူတွေ၊ ကုသိုလ်အလုပ်ကို အားမထုတ်ချင်တဲ့သူတွေက အကောင်းမှတ်ပြီး လိုက်နာနေကြတာလည်း ရှိတယ်။ အဲဒါဟာ ဘုရားဟောနဲ့ ဆန့်ကျင်ဘက်ဖြစ်နေကြောင်း အတော်အသင့်လောက် စာသင်ဖူးတဲ့သူဆိုရင်ပင် သိနိုင်ပါတယ်။ အဲဒီလို ဘုရားဟောနဲ့ ဆန့်ကျင်ဘက်တရားကို လက်ခံရင် ဘုရားစကားကို မယုံကြည်ရာလည်းရောက်တယ်၊ ပစ်ပယ်ရာလည်း ရောက်တယ်၊ ဘုရားစကားကို ပစ်ပယ်ရင် ဘုရားအဆုံးအမ သာသနာတော်မှ အပြင်ဘက် ရောက်မနေဘူးလား။ အဲဒါ ဆင်ခြင်ကြည့်ဖို့ အလွန်ပင် အရေးကြီးပါတယ်။

သဗ္ဗေ သင်္ခါရာ ဒုက္ခာ ဆိုတဲ့ပါဠိမှာ သင်္ခါရတွေဆိုတာ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးသင်္ခါရတွေကို ဆိုတာပဲ။ အားထုတ်မှုကို ဆိုတာမဟုတ်ဘူး။ ဒါက ဘုရားအလိုတော်နှင့်အညီပဲ။ ကဲ ဘုန်းကြီးက မေးကြည့်မယ် ဖြေကြပါ။ အားလုံး သင်္ခါရတွေ ဒုက္ခ ဆင်းရဲလို့ ဆိုတာဟာ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးရုပ်နာမ်သင်္ခါရကို ဆိုတာမဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား) ပြုလုပ်အားထုတ်မှုကိုဆိုတာ ဟုတ်ပါ့မလား (မဟုတ်ပါဘုရား)၊ ကုသိုလ်ပြုလုပ်အားထုတ်မှုကို ဆိုတာ ဟုတ်ပါ့မလား (မဟုတ်ပါဘုရား)၊ အားလုံးသင်္ခါရတွေကို အနိစ္စ မမြဲဘူးလို့ ရှုမြင်ဖို့ဟောတာဟာ အကြောင်းကြောင့်ဖြစ်တဲ့ ရုပ်နာမ်သင်္ခါရတို့ကို ရှုမြင်ဖို့ ဟောတာမဟုတ်လား (ဟုတ်ပါတယ်ဘုရား)၊ ဆင်းရဲလို့ မြင်အောင်ရှုဖို့ ညွှန်ကြားထားလည်း အဲဒီအကြောင်းကြောင့်ဖြစ်တဲ့ ရုပ်နာမ်သင်္ခါရတို့ကို ရှုမြင်ဖို့ပဲ မဟုတ်လား (ဟုတ်ပါတယ်ဘုရား)၊ အဲဒီလို ရုပ်နာမ်သင်္ခါရတွေကို ဆင်းရဲဒုက္ခ ထင်အောင်ရှုဖို့ ညွှန်ကြားရာမှာ ကုသိုလ်အလုပ်အားထုတ်မှုတွေကို ဆင်းရဲလို့ ရှုဖို့ ညွှန်ကြားတာ ဟုတ်နိုင်ပါ့မလား (မဟုတ်ပါဘုရား)၊ အမှန်ကတော့ မိမိတို့သန္တာန်က ရုပ်နာမ်သင်္ခါရတွေကို အနိစ္စ ဒုက္ခ အနတ္တလို့ သိမြင်ပြီး ငြီးငွေ့တဲ့ နိဗ္ဗိဒါဉာဏ်ဖြစ်ဖို့ ဟောကြားတော်မူတာပဲ။ အဲဒါကို သေသေချာချာ မှတ်ထားကြရမယ်။

(အနတ္တလက္ခဏသုတ်တရားတော်)

## နေတံ မမနှင့် အနိစ္စရှုပုံ စသည် နှိုးနှောပြချက်

အဲဒီရှုပုံကို ပြတဲ့စကားအရအားဖြင့် "နေတံ မမ– ဒါ ငါ့ဟာမဟုတ်" စသည်ဖြင့် ရွတ်ဆိုပြီး ရှုနေရမှာလားလို့ မေးစရာ ရှိပါတယ်။ အဲဒီလို ရွတ်ဆိုရမှာမဟုတ်ပါဘူး။ အနိစ္စ ဒုက္ခ အနတ္တသဘောကို အမှန်အတိုင်းသိအောင် ရှုဖို့ပါပဲ။ အနိစ္စ စသောသဘောကိုသိရင် နေတံ မမစသည်ဖြင့် သိတယ်လို့ ဆိုရတာပါပဲ။ ဟိုခေတ်တုန်းက သုံးတဲ့ ပါဠိဝေါဟာရအထူးပါပဲ။ ဒါကြောင့် သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်ဆန္နသုတ်(၂၈၃)မှာ(ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာတိ သမနုပဿသိ၊ ဒါ ငါ့ဟာပဲ၊ ဒါဟာ ငါဖြစ်သည်၊ ဒါဟာ ငါ့အတ္တပဲလို့ရှုမြင်ပါသလား) လို့ မေးတာကို (နေတံ မမ၊ နေသောဟာသ္မိ၊ န မေသော အတ္တာတိ သမနုပဿာမိ၊ ဒါ ငါ့ဟာမဟုတ်၊ ဒါဟာ ငါမဟုတ်၊ ဒါဟာ ငါ့အတ္တမဟုတ်ဟု ရှုမြင်ပါတယ်) လို့ အရှင်ဆန္နက ဖြေတယ်၊ အဲဒီအဖြေစကားရပ်ကို အဋ္ဌကထာက (အနိစ္စံ ဒုက္ခံ အနတ္တာတိ သမနုပဿာမိ– အနိစ္စ ဒုက္ခ အနတ္တဟု ရှုမြင်ပါတယ်) လို့ ဆိုလိုကြောင်း ဖွင့်ပြထားပါတယ်။

အဲဒီမှာ နေတံ မမ– ဒါ ငါ့ဟာ မဟုတ် သိမြင်တယ်ဆိုတာဟာ ခဏမစဲ ဖြစ်ပျက်နေလို့ နှစ်သက်ဖွယ် အားကိုးဖွယ်မရှိတဲ့ ဆင်းရဲလို့ သိမြင်တာနဲ့ အတူတူပါပဲ။ နေသောဟမသ္မိ– ဒါဟာ ငါမဟုတ်လို့ သိမြင်တယ်ဆိုတာဟာ မမြဲဘူးလို့သိမြင်တာနဲ့ အတူတူပါပဲ။ မြဲတယ်ထင်လို့ မာန်တက်နေကြတာပဲ၊ မမြဲဘူးလို့ အမှန်တိုင်းသိရင် မာန်တက်စရာ မရှိပါဘူး။ န မေ သော အတ္တာ– ဒါဟာ ငါ့အတ္တ မဟုတ်လို့ သိမြင်တာနဲ့ အနတ္တလို့ သိမြင်တာကတော့ တစ်ထပ်တည်း တူနေပါတယ်။ ဒါကြောင့် ဒွါရ ၆ ပါးက ဖြစ်တိုင်း ရုပ်နာမ်တွေကို မရှုနိုင်လို့ မြဲနေတယ်ထင်ရင် "ဒါဟာ ငါဖြစ်တယ်" လို့ ထင်မှတ်ပြီး မာန်တက်တော့တာပဲ။ "မျက်စိတစ်မှိတ်ခန့်တောင် မတည်ဘူး၊ မမြဲတာတွေချည်းပဲ" လို့ သိမြင်ရင်တော့ အဲဒီလို မာနတက်ခြင်း မဖြစ်နိုင်တော့ပါဘူး။ "အနတ္တလို့ မသိရင် အတ္တစွဲဖြစ်တယ်၊ အနတ္တလို့သိရင် အတ္တစွဲ မဖြစ်နိုင်ဘူး" ဆိုတာကတော့ ထင်ရှားနေပါပြီ။ အထူးပြောဖွယ် မရှိပါဘူး။

## သောတာပန်တို့အား အနတ္တရှုရန် ညွှန်ကြားခြင်းအကြောင်း

သောတာပန်ဖြစ်နေကြတဲ့ ပဉ္စဝဂ္ဂီရဟန်းတော်တို့အား ဟောတဲ့တရားထဲ၌ (န မေ သော အတ္တာတိ– ဒါဟာ ငါ့အတ္တမဟုတ်လို့) အတ္တစွဲကိုပါ ပယ်ရန် ဟောတာဟာ ဘာကြောင့်ပါလဲလို့ စဉ်းစားစရာ ရှိပါတယ်။ ဘာကြောင့်လဲဆိုရင် သောတာပန်မှာ အတ္တဟု ထင်မှားစွဲလမ်းတဲ့ ဒိဋ္ဌိဝိပလ္လာသ ကင်းသည့်ပြင် သညာဝိပလ္လာသများလည်း ကင်းကြောင်း ဝိသုဒ္ဓိမှာ ပြဆိုထားပါတယ်။ အဲဒီတော့ အတ္တစွဲသုံးပါးလုံးပင် ကင်းနေပါလျက် ဘယ်လိုအစွဲကို ပယ်နိုင်အောင် အနတ္တဟု ရှုရပါသလဲလို့ စဉ်းစားစရာ ရှိနေပါတယ်။ ဒီတရားစာအုပ် ပထမပိုင်း (နှာ ၄၂) မှာ အတ္တစွဲနှင့် အလားတူတဲ့ အသ္မိမာနကို ပယ်ရန်အတွက် ပဉ္စဝဂ္ဂီရဟန်းတော်တို့အား ဒီအနတ္တလက္ခဏသုတ်တရားကို ဟောတော်မူကြောင်း ပြဆိုခဲ့တယ်။ ဒါပေမဲ့ ဒီနေရာမှာတော့ အဲဒီအသ္မိမာနကို ပယ်နိုင်အောင် (နေသောဟမသ္မိ– ဒါဟာ ငါမဟုတ်) လို့ ရှုရန် အသီးအခြား ညွှန်ပြထားတဲ့အတွက် (န မေ သော အတ္တာ– ဒါဟာ ငါ့အတ္တမဟုတ်) လို့ ရှုရန် ညွှန်ပြတာကိုတော့ "အဲဒီ အသ္မိမာန ပယ်ရန် ရှုဖို့ညွှန်ပြတယ်" လို့ မဆိုနိုင်ဘူး၊ ဒါကြောင့် ဘယ်လိုအစွဲကို ပယ်နိုင်အောင် အနတ္တဟု ရှုရပါသလဲလို့ စဉ်းစားစရာ ရှိနေတာပါပဲ။

အဲဒီအချက်ကို တိတိကျကျ ဖြေရှင်းပြဖို့ကတော့ မလွယ်ပါဘူး။ ဒါကြောင့် နည်းသုံးပါးဖြင့် ဝေဖန်ပြီး ဖြေရှင်းရမှာပါပဲ။ (၁) ပထမနည်းအရအားဖြင့်သီလဝန္တသုတ္တန်တရားတော် စာအုပ် (၄၇၀) ကြည့်နိုင်ပါတယ်။ သောတာပန်မှာ အတ္တစွဲကို ပယ်စရာမရှိပေမယ့် အထက်မဂ်ဖိုလ်များကိုရအောင် အဲဒီရဟန္တာ ရှုပုံလိုပင် ရှုရတယ်လို့ ယူသင့်ပါတယ်။ ဒီနည်းအဖြေကို သဘောမကျသေးရင် ဒုတိယတစ်နည်း ဖြေရဦးမှာပဲ။ အဲဒါကတော့

(၂) သီလဝန္တသုတ္တန် တရားတော်စာအုပ် (နှာ ၃၃၀၊ ကြောင်းရေ ၁၅ စသည်) မှာ ပြဆိုခဲ့တဲ့အတိုင်း ယူဖို့ပါပဲ။ သောတာပန်မှာ မြဲတယ်လို့ အတ္တကောင်လို့ စွဲလမ်းတဲ့ ဒိဋ္ဌိဝိပလ္လာသ လုံးဝကင်းတယ်ဆိုတာကတော့ ယုံမှားဖွယ်မရှိပါဘူး။ သညာစွဲ စိတ်စွဲ ကင်းပုံကတော့ တမင်စဉ်းစားဆင်ခြင်ကြည့်တဲ့အခါမှာ

ဖြစ်စေ၊ ရှုမှတ်နေဆဲမှာဖြစ်စေ၊ ပုထုဇဉ်တုန်းကလို မြဲတဲ့အနေ အတ္တကောင်အနေဖြင့် အမှတ်မှား မရှိတာကိုသာယူရင် သင့်ဖွယ်ရှိပါတယ်။ ထိုသို့ မယူဘဲ သောတာပန်မှာ ရှုမှုဆင်ခြင်မှုမရှိဘဲ အမှတ်တမဲ့ နေတဲ့အခါလည်း မြင်မှု ကြားမှုစသည်တွေကို မမြဲဘူး၊ သဘောတရားမျှပဲလို့ အမြဲတမ်း ထင်မြင်နေတယ်လို့ ယူရင်တော့ ရဟန္တာနှင့် တန်းတူဖြစ်နေပေလိမ့်မယ်။ မာနလည်း ဖြစ်ဖွယ်မရှိပေဘူး။ မိန်းမ ယောကျ်ားအနေနဲ့ နှစ်သက်တပ်စွဲမှုရာဂလည်း ဖြစ်ဖွယ်မရှိပေဘူး။ ဒါကြောင့် အမှတ်တမဲ့ နေတဲ့အခါများမှာ သိမှားတဲ့စိတ် အမှတ်မှားတဲ့ သညာလည်း ဖြစ်နိုင်သေးတယ်။ အဲဒီလိုဖြစ်နိုင်တဲ့ သညာစွဲ စိတ်စွဲများကို ပယ်နိုင်အောင် သောတာပန်ပဥ္စဝဂ္ဂီတို့အား အနတ္တလို့ ရှုရန် ညွှန်ကြားတော်မူတယ်လို့ ယူသင့်ပါတယ်။

(၃) တတိယနည်းကတော့ အနာဂါမ်ပုဂ္ဂိုလ် အရှင်ယမက၏ ဖြေရှင်းပုံမှ နည်းမှီးပြီး ယူဖို့ပါပဲ။ အဲဒီဖြေရှင်းပုံကို သီလက္ခန္ဓသုတ္တန်တရားတော်စာအုပ် (နှာ ၃၁၂) မှာ ကြည့်ရှုနိုင်ပါတယ်။ အရှင်ယမကမထေရ်က သူဟာ ရုပ်လည်း အသ္မိ– ငါ ဖြစ်တယ်လို့ မစွဲ မဆိုကြောင်း၊ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဆိုတဲ့ ခန္ဓာငါးပါးအပေါင်းကို သာမညအားဖြင့် စွဲမှီပြီးတော့ အသ္မိ– ငါ ဖြစ်တယ်လို့ အသိအထင်ကတော့ မကင်းသေးကြောင်း ရှင်းပြပါတယ်။ အဲဒီ ရှင်းပြချက်လိုပင် သောတာပန်မှာ ရုပ်စသည် တစ်ပါးပါးကို စွဲမှီပြီး ငါပဲလို့ အတ္တစွဲမရှိပေမယ့် ခန္ဓာငါးပါးလုံးကို စွဲမှီပြီး မိန်းမ ယောကျ်ားအနေဖြင့် ထင်မှု သိမှုကတော့ မကင်းသေးဘူး။ အဲဒီလို မကင်းသေးတဲ့အတွက်ပဲ အိမ်ထောင်ပြုနိုင်သည်အထိ ကာမရာဂကိလေသာတွေ ဖြစ်နေသေးတာပဲ။ ဒါကြောင့် သာမန် အထင် အသိမျိုးကိုလည်း ပယ်နိုင်အောင်လို့ ပဥ္စဝဂ္ဂီရဟန်းတော်တို့အား အနတ္တဟု ရှုရန် ညွှန်ကြားတော်မူတယ်လို့ ယူဖို့ပါပဲ။ ယခု ဖြေရှင်းပြခဲ့တာဟာ သောတာပန်မှာ အတ္တသညာစွဲ အတ္တစိတ်စွဲလည်း ကင်းတယ်လို့ ပြဆိုထားတဲ့ အဋ္ဌကထာနှင့် မဆန့်ကျင်ရအောင် ကြံဆပြီး ဖြေရှင်းချက်ပါပဲ။

(အနတ္တလက္ခဏာသုတ်)

## အရှင်ဆန္န၏ ဝိပဿနာအတု

ပရိယတ် ပဋိပတ် ဗဟုသုတနှင့် ပြည့်စုံတဲ့ ကလျာဏမိတ္တ ဆရာသမား ထံမှာ အားထုတ်မည့် ပုဂ္ဂိုလ်ဆိုရင်တော့ "ရုပ်နာမ် ၂ ပါးမျှသာ ရှိတယ်၊ အကြောင်းနဲ့ အကျိုးတရားမျှသာ ရှိတယ်၊ အနိစ္စ ဒုက္ခ အနတ္တသဘောမျှသာ ရှိတယ်၊ မိမိတို့သန္တာန်မှာ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာမျှသာ ရှိတယ်။ မဂ္ဂသစ္စာနှင့် နိရောဓသစ္စာကို သိရအောင် မိမိတို့သန္တာန်မှာရှိနေတဲ့ ဒုက္ခသစ္စာနှင့် သမုဒယ သစ္စာတရားတို့ကို ရှုရတယ်" လို့ ဒါလောက်ကြားဖူးရင်လည်း သုတနှင့် ပြည့်စုံ ပြီလို့ မှတ်ယူရပါတယ်။

ဒါကြောင့် "အဘယ်မျှလောက်ဆိုရင် အကျဉ်းချုပ်အားဖြင့် တဏှာကုန်ရာ နိဗ္ဗာန် ရောက်ပြီး လွတ်မြောက်ပါသလဲ။ အကျဉ်းချုပ်ကျင့်စဉ်ကို ဟောကြား တော်မူပါ" လို့ သိကြားမင်းက မေးလျှောက်တဲ့အတွက် မြတ်စွာဘုရားက ဒီလိုဟောကြားတော်မူပါတယ်။ ဟောတော်မူပုံကတော့

ဒေဝါနမိန္ဒ– နတ်တို့၏အရှင် သိကြားမင်း၊ ဣဓ– ဤသာသနာတော်၌၊ ဘိက္ခုနော– ရဟန်းသည်၊ "သဗ္ဗေ ဓမ္မာ နာလံ အဘိနိဝေသာယာတိ– အားလုံးသောတရားတို့သည် (မြဲသည် ချမ်းသာသည် အသက်ရှင်နေသည့် အတ္တကောင် ငါကောင်ပဲဟု) မြဲမြဲစွာ စွဲလမ်းရန်မသင့်ကုန်" ဟူ၍၊ သုတ်– ကြားနာဖူးသည်၊ ဟောတိ– ဖြစ်၏ တဲ့။

သော– တရားအားလုံးသည် မစွဲလမ်းထိုက်ဟု ကြားနာဖူးသောရဟန်း သည်၊ သဗ္ဗံ ဓမ္မံ– မြင်မှု ကြားမှု တရားအားလုံးကို၊ အဘိဇာနာတိ– ရှေးရှုပြု၍ သိ၏၊ ဝါ– ထူးသော ပညာဖြင့်သိ၏ တဲ့။

အဲဒါဟာ သတိပဋ္ဌာန် ဒေသနာတော်နှင့်အညီ မြင်ဆဲခဏစသည်မှာ ထင်ရှားတဲ့ မြင်မှုစသော တရားအလုံးစုံကို သတိဉာဏ်ဖြင့် ရှေးရှုပြုပြီး မှတ်သိပုံ ကို ပြတာပါပဲ။ အဲဒီလို ရှေးရှုပြုပြီး မှတ်သိတာကို အဘိညာပညာလို့ ခေါ်ပါ တယ်။

ဒါကြောင့် ဝိသုဒ္ဓိမဂ် မဟာဋီကာ ဒုတိယ (နှာ– ၃၈၇) မှာ "သဘာဝ ဓမ္မာနံ– သဘောတရားတို့၏၊ လက္ခဏာသလ္လက္ခတော– သဘောလက္ခဏာကို ကောင်းစွာမှတ်ခြင်းအားဖြင့်၊ ဉေယျာဘိမုခါပညာ– သိအပ်၊ သိသင့်၊ သိထိုက် သော ရုပ်နာမ်တရားဆီသို့ ရှေးရှုပြုသိသော ပညာသည်၊ အဘိညာပညာ–

အဘိညာပညာမည်၏" လို့ ဖွင့်ပြထားပါတယ်။ အဲဒီအဖွင့်ဟာ အလွန်ပင် ပေါ်လွင်ထင်ရှားပါတယ်။ သိသင့်သိထိုက်တဲ့ တရားဆိုတာ မြင်ဆဲခဏစသည်မှာ ထင်ရှားဖြစ်ပေါ်လာတဲ့ ဥပါဒါနက္ခန္ဓာတရားတွေပဲ၊ ရှေးရှုပြု၍ သိတယ်ဆိုတာ အဲဒီ ဥပါဒါနက္ခန္ဓာတရားတွေဆီကို သတိ ဉာဏ်ဖြင့် မျက်နှာမူပြီး သိတာပါပဲ။ တည့်တည့်ပြောရရင် မြင်တယ် ကြားတယ်စသည်ဖြင့် စူးစိုက်ပြီး မှတ်သိတာပါပဲ။ အဲဒီလို မှတ်သိခြင်းဖြင့် သမာဓိဉာဏ်အား ရှိလာတဲ့အခါကျတော့ မှတ်သိရတဲ့ ရုပ်နာမ်တို့၏သဘောလက္ခဏာကို ထင်ရှားသိရတယ်။ ဥပမာ ပူနေတဲ့အခါ ပူတယ် ပူတယ်လို့ ရှုမှတ်နေရင် တေဇောဓာတ်၏ ဥဏှတ္တ လက္ခဏာဆိုတဲ့ ပူခြင်းသဘောကို သိရတယ်၊ ပူတာက တခြား၊ မှတ်သိတာက တခြား၊ ဒီလိုပဲ ခွဲခြားပြီးသိတယ်၊ အဲဒါဟာ နာမရူပပရိစ္ဆေဒဉာဏ်ပဲ။

အဲဒီထက် သမာဓိဉာဏ် အားကောင်းလာတဲ့အခါကျတော့ "မျက်စိရှိလို့ မြင်တယ်၊ မြင်စရာအဆင်းရှိလို့ မြင်တယ်၊ ကွေးချင်လို့ ကွေးတယ်" စသည်ဖြင့် အကြောင်းနှင့်အကျိုးကိုလည်း ပိုင်းခြားသိတယ်၊ အဲဒါက ပစ္စယပရိဂ္ဂဟဉာဏ်ပဲ။ ဒီနာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို အဘိညာပညာလို့ ခေါ်တာပဲ။ အဲဒီအဘိညာပညာဖြစ်ပုံကိုပင် မြတ်စွာဘုရားက ဒီမှာ အဘိဇာနတိ- ရှေးရှုပြု၍ သိ၏။ ဝါ၊ မှတ်သိ၏ လို့ ဟောတော်မူတာပဲ။

## သုတစိန္တာမျှဖြင့် ဝိပဿနာအစစ်မဖြစ်

တစ်နည်းအားဖြင့် အဲဒီအဘိညာပညာကို ထူးသောပညာလို့လည်း ဖွင့်ပြပါတယ်။ ဒါကြောင့် ဝိသုဒ္ဓိမဂ်မဟာဋီကာ ဒုတိယတွဲမှာ (နှာ ၅၀၇) မှာ သုတမယာယ- သုတမယပညာထက်လည်းကောင်း၊ စိန္တာမယာယ- စိန္တာမယပညာထက်လည်းကောင်း၊ ဧကစ္စဘာဝနာမယာယစ- ဈာနသမ္ပယုတ် ပညာဟူသော အချို့ဘာဝနာပညာထက်လည်းကောင်း၊ အဘိဝိသိဋ္ဌာယ ပညာယ- ထူးသောပညာဖြင့်၊ ဉာတာ- သိအပ်သော ရုပ်နာမ် အကြောင်းအကျိုးတရားတို့သည်၊ အဘိညာတာ- အဘိညာတ မည်ကုန်၏"လို့ ဖွင့်ပြထားပါတယ်။

ဒီအဖွင့်စကားထဲမှ အဘိညာပညာဆိုတာကို ထူးတဲ့ပညာလို့ဆိုပါတယ်။ ဘယ်ပညာတွေထက် ထူးသလဲဆိုတော့ ကြားနာမှတ်သားပြီး သိတဲ့ သုတမယပညာထက်လည်း ထူးတယ်၊ ကြံတွေးစဉ်းစားပြီး သိတဲ့ စိန္တာမယပညာထက်

လည်း ထူးတယ်၊ သမထစျာန်နှင့်ယှဉ်တဲ့ ဘာဝနာပညာထက်လည်း ထူးပါတယ် တဲ့။ အဲဒါကို အထူးသတိပြုကြရမယ်။ ဒီအဖွင့်စကားအရဖြင့် "အဘိဓမ္မာကျမ်းဂန် ထဲမှာပြဆိုထားတဲ့ ရုပ်နာမ်သဘောတွေကို ကြားနာပြီးသိတဲ့ သုတမယဉာဏ် ထက်လည်း ဒီအဘိညာပညာဆိုတဲ့ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟ ဉာဏ်က ထူးခြားတယ်။ ရုပ်နာမ်သဘောတွေကို စဉ်းစားကြံစည်ပြီး သိတဲ့ စိန္တာမယ ပညာထက်လည်း ထူးခြားတယ်" ဆိုတာ သိနားလည်ထားကြရမယ်။ ဘယ်လိုထူးခြားသလဲဆိုတော့ကာ မြင်ဆဲ ကြားဆဲစသည်မှာ တကယ်ဖြစ်ပေါ်တဲ့ ရုပ် နာမ်သဘောတွေကို ရည်ပြီးတော့ ဓမ္မစကြာတရားတော်မှာ "မဇ္ဈိမပဋိပဒါ ဆိုတဲ့ မဂ္ဂင်ရှစ်ပါးအကျင့်ဟာ (အဘိညာယ) ထူးသောဉာဏ်ဖြင့် သိဖို့ရာ ဖြစ်တယ်" လို့ ဟောထားတော်မူတာပါပဲ။ ယခုပြောခဲ့တဲ့ ဖွင့်ပြပုံကို ထောက်ဆ ကြည့်ရင် "သုတမယဉာဏ်မျှ စိန္တာမယဉာဏ်မျှဖြင့် ဝိပဿနာဉာဏ်များ၏ အောက်ထစ်ဆုံး အခြေခံဖြစ်တဲ့ နာမရူပပရိစ္ဆေဒဉာဏ်တောင် မဖြစ်ဘူး" ဆိုတာ ကိုလည်း ထင်ရှားသိရပါတယ်။

ယခုပြောလာခဲ့တာဟာ အကျဉ်းချုပ်အားဖြင့် သုတမယဉာဏ် ပြည့်စုံ ပြီးတဲ့နောက် ဉာတပရိညာ ခေါ်တဲ့ နာမရူပပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟ ဉာဏ်များဖြစ်အောင် ရှုသိပုံဖြစ်ပါတယ်။ အဲဒီလို ရှုသိပြီးတဲ့နောက် တီရဏ ပရိညာ၊ ပဟာနပရိညာခေါ်တဲ့ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ် စသည်ဖြစ်အောင် ရှုပုံကိုလည်း မြတ်စွာဘုရားက သော– ထိုရဟန်းသည်၊ သဗ္ဗံ ဓမ္မံ အဘိညာယ– မြင်မှု ကြားမှုစသော တရားအားလုံးကို ရှေးရှုသိပြီး၍၊ ဝါ– မှတ်သိပြီး၍၊ သဗ္ဗ ဓမ္မံ– မြင်မှု ကြားမှုစသော တရားအားလုံးကို၊ ပရိဇာနာ တိ– အနိစ္စ အစရှိသော အခြင်းအရာအားဖြင့် ပိုင်းခြား၍ သိ၏ စသည်ဖြင့် ဟောတော်မူပါတယ်။

အဲဒါဟာ အကျဉ်းချုပ်သုတမယဉာဏ်နဲ့ ပြည့်စုံပြီးတော့ မြင်မှု ကြားမှု စသော တရားအားလုံးကို ရှုသိပြီး ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်း ဖြစ်ပုံပါပဲ။ အဲဒီမှာ မြတ်စွာဘုရား ဟောတော်မူတာကတော့ အရဟတ္တမဂ်ဖိုလ် ရောက်သည် အထိပါပဲ။ ဒါပေမဲ့ ဒီမှာတော့ သုတနှင့် ပြည့်စုံပုံကို ပြောလိုရင်းဖြစ်တဲ့အတွက် အစပိုင်းလောက်ပဲ ထုတ်ပြပါတယ်။ အဲဒါကို ဘုန်းကြီးက ဆောင်ပုဒ်ကလေးများ စီထားပါတယ်။

(၁) လုံးစုံ ဓမ္မ အနိစ္စ ဒုက္ခ အနတ္တာ။

(၂) ဉာဏ်၌ ဉာဏ်မျှ ကြားဖူးက သုတ လုံလောက်ပါ။

မြင်မှု ကြားမှုစသော တရားအားလုံးဟာ အနိစ္စ– မမြဲတာတွေချည်းပဲ၊ ဒုက္ခ ဆင်းရဲချည်းပဲ။ အနတ္တ– အတ္တကောင်မဟုတ်၊ အစိုးမရတဲ့သဘောတရားမျှချည်းပဲလို့ ဒါလောက် ကြားနာဖူးရင် ဝိပဿနာတရား အားထုတ်ရန်အတွက် အကျဉ်းချုပ်အားဖြင့် သုတပြည့်စုံ လုံလောက်ပါပြီတဲ့။ ဒါကြောင့် အဲဒါလောက် ပြည့်စုံရင်

(၃) ဉာဏ်ဖြင့် ရှေးရှု ရုပ်နာမ်စု မှတ်ပြုသိလေရာ။

မြင်ဆဲခဏစသည်၌ မြင်မှု ကြားမှုအစရှိသော တရားအားလုံးကို ဉာဏ်ဖြင့် ရှေးရှုမှတ်မှတ်ပြီး သိသိနေပါတဲ့။ အဲဒီလိုသိနေရင်

(၄) မမြဲ ဆင်းရဲ၊ သဘောပဲ၊ သိမြဲပိုင်းခြားကာ။

အဲဒီလို မပြတ် ရှုသိနေရင် မမြဲတဲ့တရားချည်းပဲ။ ဆင်းရဲချည်းပဲ။ အနတ္တသဘောမျှချည်းပဲ ပိုင်းခြားပြီးသိတဲ့ တီရဏပရိညာ ပဟာနပရိညာတွေ ဖြစ်သွားပါလိမ့်မယ်လို့ ဆိုလိုပါတယ်။

ယခုထုတ်ပြခဲ့တဲ့ မြတ်စွာဘုရား၏ စကားတော်အရဖြင့် "တရားအလုံးစုံဟာ နိစ္စ သုခ အတ္တဟု မစွဲလမ်းထိုက်ဘူး။ အနိစ္စ ဒုက္ခ အနတ္တချည်းပဲ"လို့ ဒါလောက် ကြားဖူးရင် အရဟတ္တမဂ်ဖိုလ်အရောက် တရာအားထုတ်ရန် သုတ မယဉာဏ် အကျဉ်းအားဖြင့် ပြည့်စုံပြီလို့ ဆိုနိုင်ကြောင်း ထင်ရှားသိရပါတယ်။ အဋ္ဌကထာများမှာ သုတမယဉာဏ်ကို ပြထားပုံကတော့

တတ္ထ– ထိုသစ္စာလေးပါးတို့တွင်၊ ပုရိမာနိ ဒွေ သစ္စာနိ– ဒုက္ခနှင့် သမုဒယဟူသော ရှေးသစ္စာ ၂ ပါးတို့သည်၊ ဝဋ္ဋံ– ဝဋ်သစ္စာပေတည်း၊ ပစ္ဆိမာနိ– နိရောဓနှင့် မဂ္ဂဟူသော နောက်သစ္စာ ၂ ပါးတို့သည်၊ ဝိဝဋ္ဋံ– ဝဋ်မှကင်းလွတ်သော သစ္စာပေတည်း၊ တေသု– ထိုဝဋ်သစ္စာ ဝိဝဋ္ဋသစ္စာတို့တွင်၊ ဝဋ္ဋေ– ဝဋ်သစ္စာ၌၊ ဘိက္ခုနော ကမ္မဋ္ဌာနာဘိနိဝေသော– ရဟန်း၏ ကမ္မဋ္ဌာန်းကို နှလုံးသွင်းအားထုတ်ခြင်းသည်၊ ဟောတိ– ဖြစ်၏၊ ဝိဝဋ္ဋေ– ဝိဝဋ္ဋ မည်သော နိရောဓနှင့် မဂ္ဂသစ္စာ၌၊ အဘိနိဝေသော– နှလုံးသွင်းအားထုတ်ခြင်းသည်၊ နတ္ထိ– မရှိပေ။ (ဒီစကားဖြင့် နိဗ္ဗာန်ကို နှလုံးသွင်း၍ တရားအားမထုတ်ရ၊ ဒုက္ခသစ္စာ သမုဒယ သစ္စာထိုက်သော လောကီရုပ်နာမ်တို့ကိုသာ နှလုံးသွင်း ရှုမှတ်၍ တရားအားထုတ်အပ်ကြောင်း ပြတ်သားစွာပြသည်။) ဟိ– မှန်ပေ၏။ ဝါ– အားထုတ်

ပုံကို ချဲ့၍ပြရလျှင်၊ ပဉ္စက္ခန္ဓာ ဒုက္ခံ တဏှာ သမုဒယောတိ– ဥပါဒါန်၏အာရုံဖြစ်သော ခန္ဓာငါးပါးတို့သည် ဒုက္ခသစ္စာမည်၏၊ တဏှာသည် သမုဒယသစ္စာမည်၏ဟူ၍၊ ဧဝံ သခ်ေပေန စ– ဤသို့ အကျဉ်းအားဖြင့်သော်လည်းကောင်း၊ ကတမေ ပဉ္စက္ခန္ဓာ၊ ရူပက္ခန္ဓောတိ အာဒိနာ နယေန– ခန္ဓာငါးပါးတို့ကား အဘယ်သည်တို့နည်း။ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့ပေတည်း– ဤသို့အစရှိသောနည်းဖြင့်၊ ဝိတ္ထာရေနစ– အကျယ်အားဖြင့်သော်လည်းကောင်း၊ ပုရိမာနိ ဒွေ သစ္စာနိ– ဒုက္ခနှင့် သမုဒယဟူသော ရှေးသစ္စာ ၂ ပါးတို့ကို၊ အာစရိယသ သန္တိကေ– ဆရာ့ထံ၌၊ ဥဂ္ဂဏှိတွာ– သင်ယူ၍၊ ဝါစာယ ပုနပ္ပုနံ ပရိဝတ္တေန္တော– နှုတ်ဖြင့် အဖန်ဖန်ပြန်ဆိုလျက်၊ ယောဂါဝစရော– ယောဂီသည်၊ ကမ္မံ– ဝိပဿနာ ရှုမှတ်မှုကို၊ ကရောတိ– ပြု၏ တဲ့။

(သုတ်မဟာဝါ ဋ္ဌ ၃၉၁၊ မဟာဝဂ္ဂသံယုတ် ဋ္ဌ ၁၆၀၊ ဝိဘင် ဋ္ဌ ၁၀၉)

## ပဋိစ္စသမုပ္ပါဒ် အကျဉ်းချုပ်

အဲဒါဟာ သုတမယဉာဏ်နှင့် ပြည့်စုံပြီး ဝိပဿနာအလုပ် အားထုတ်ပုံကိုပြတဲ့ အဋ္ဌကထာစကားများပါပဲ၊ အဲဒီမှာ ခန္ဓာငါးပါးက ဒုက္ခသစ္စာ တဏှာက သမုဒယသစ္စာလို့ ဒါလောက်ကြားနာသင်ကြားဖူးရင် အကျဉ်းအားဖြင့် သုတနှင့်ပြည့်စုံကြောင်း ထင်ရှားပြဆိုထားပါတယ်။ အဲဒီလို ကြားနာပြီး သိရာမှာ တဏှာဆိုတဲ့ အကြောင်းသမုဒယကိုလည်း သိရတယ်၊ လောကီရုပ်နာမ်အစု ခန္ဓာ ငါးပါးဆိုတဲ့ အကျိုးဒုက္ခကိုလည်းသိရတယ်၊ အဲဒီလို အကြောင်းနှင့်အကျိုးကို သိတဲ့အတွက် အကျဉ်းအားဖြင့် ပဋိစ္စသမုပ္ပါဒ်ကိုလည်း သိသည်မည်ပါတယ်၊ ဒါကြောင့်

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယော နိရောဓော၊
ဧဝံဝါဒီ မဟာသမဏော ဆိုတဲ့ဂါထာဖြင့်

သံယုတ်ပါဠိတော် သီဟပနာဒသုတ်၌ အကျယ်ဟောထားတဲ့ အနုလုံ၊ ပဋိလုံ ပဋိစ္စသမုပ္ပါဒ်ကို အကျဉ်းချုပ်ပြထားခြင်း ဖြစ်ကြောင်း ဝိသုဒ္ဓိမဂ်မဟာဋီကာ (ဒု ၂၃၀) မှာ ပြဆိုထားပါတယ်။

ပြဆိုပုံကတော့ သီဟနာဒသုတ်မှာ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ– အဝိဇ္ဇာ ဟူသော အကြောင်းကြောင့် သင်္ခါရတို့ ဖြစ်ကြသည်၊ သင်္ခါရပစ္စယာ ဝိညာဏံ– သင်္ခါရဟူသောအကြောင်းကြောင့် ပဋိသန္ဓေစိတ်အစရှိသော အကျိုးဝိပါက် ဝိညာဏ်ဖြစ်သည်။" စသည်ဖြင့် အကျယ်ဟောထားတဲ့ အနုလုံ ပဋိစ္စသမုပ္ပါဒ်ကို " ယေ ဓမ္မာ ဟေတုပ္ပဘဝါ တေသံ ဟေတုံ တထာဂတော အာဟ– အကြောင်းလျှင် အမွန်အစရှိသော အကြင်အကျိုးတရားများ ရှိကြ၏။ ထိုအကျိုးတရားများ၏အကြောင်းကို မြတ်စွာဘုရားက ဟောတော်မူ၏" ဟု အကျဉ်းချုံး၍ ဟောထားတယ်။ အဲဒီသုတ်၌ "အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော– အဝိဇ္ဇာ ချုပ်ခြင်းကြောင့် သင်္ခါရတို့ ချုပ်ကြသည်" စသည်ဖြင့် အကျယ်ဟောထားတဲ့ ပဋိလုံ ပဋိစ္စသမုပ္ပါဒ်ကို " တေသဉ္စ ယော နိရောဓော– ယင်းတို့၏ ချုပ်ခြင်းကိုလည်း ဟောတော်မူအပ်၏" ဟု အကျဉ်းချုံး၍ ဟောထားတယ်လို့ ပြဆိုထားပါတယ်။ ဒါကြောင့် "အကြောင်းရှိလို့ အကျိုးဖြစ်တယ်၊ အကြောင်းမရှိရင် အကျိုးမဖြစ်ဘူး" လို့ ဒါလောက်ကြားနာပြီး သိရင်လည်း ပဋိစ္စသမုပ္ပါဒ်ကို အကျဉ်းအားဖြင့် သိသည်မည်ပါတယ်။

နောက်ပြီးတော့ အဲဒီ ယေ ဓမ္မာ ဟေတုပ္ပဘဝါ အစရှိသော ဂါထာကို ဝိနည်း အဋ္ဌကထာမှာ ဖွင့်ပြထားပုံကတော့ ယေ ဓမ္မာ ဟေတုပ္ပဘဝါ ဟူသော ပထမပိုဒ်ဖြင့် ခန္ဓာငါးပါး ဒုက္ခသစ္စာတရားကို ပြတယ်၊ တေသံ ဟေတုံ ဟူသော စကားဖြင့် သမုဒယသစ္စာကို ပြတယ်၊ တေသဉ္စ ယော နိရောဓော ဟူသော စကားဖြင့် နိရောဓသစ္စာနှင့် မဂ္ဂသစ္စာကိုပြတယ် လို့ဆိုပါတယ်။ အဲဒီအဋ္ဌကထာ အဖွင့်ဖြင့် သစ္စာလေးပါးကို ပြတယ်လို့ ယူရပါတယ်။ သစ္စာလေးပါး ဆိုတာလည်း စင်စစ်မှာတော့ အကြောင်းနှင့် အကျိုးမျှပဲ၊ သမုဒယက အကြောင်း၊ ဒုက္ခက အကျိုး၊ မဂ္ဂသစ္စာက ရောက်ကြောင်း၊ နိရောဓသစ္စာက ရောက်အပ်သော အကျိုးပဲ။ ဒါကြောင့် သစ္စာလေးပါးနဲ့ အနုလုံ ပဋိလုံ ပဋိစ္စသမုပ္ပါဒ်ဟာ သဘောအားဖြင့် အတူတူပါပဲ။ သဘောအားဖြင့် အတူတူပင် ဖြစ်တဲ့အတွက် သစ္စာလေးပါးကို အကျဉ်းအားဖြင့် နာကြားရရင် ပဋိစ္စသမုပ္ပါဒ် ကိုလည်း အကျဉ်းအားဖြင့် နာကြားရသည်မည်ပါတယ်။ သို့ဖြစ်၍ အဋ္ဌကထာ များမှာ ညွှန်ကြားထားတဲ့အတိုင်း သစ္စာလေးပါးကို အကျဉ်းအားဖြင့် ကြားနာ မှတ်သားဖူးတဲ့ သုတနှင့်ပြည့်စုံရင် ပဋိစ္စသမုပ္ပါဒ်သုတနှင့်လည်း အကျဉ်းအားဖြင့် ပြည့်စုံကြောင်း ခိုင်မြဲစွာ မှတ်ထားကြရမယ်။

ယခုလို သုတနှင့်ပြည့်စုံပုံကို အကျယ်ဖွင့်ပြပြောနေရတာက တခြားကြောင့် မဟုတ်ဘူး၊ ပဋိစ္စသမုပ္ပါဒ်ကို လက်ကိုင်ပြုပြီးတော့ "သူတို့ဟောထားတဲ့အတိုင်း ပဋိစ္စသမုပ္ပါဒ်ကို နားမလည်ရင် ဝိပဿနာတရားကို အားမထုတ်ကောင်းသယောင်ယောင်နဲ့" တရားအားထုတ်တဲ့သူများအား စိတ်ဓာတ်ပျက်ပြားအောင် ဟောနေကြတဲ့ ပဋိပတ္တိသာသနာဖျက်ပုဂ္ဂိုလ်တချို့က ရှိနေလို့ သာသနာ့ဘေးရန်ကို ကာကွယ်တဲ့အနေနဲ့ ယခုလို အကျယ်ပြောနေရခြင်း ဖြစ်ပါတယ်။ သူတို့ လက်ကိုင်ပြုပြီး ဟောနေတဲ့တရားကတော့ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်က ဆန္နသုတ်ဆိုတာပါပဲ။

အဲဒီသုတ်မှာ ပြထားပုံအကျဉ်းချုပ်ကတော့ အရှင်ဆန္နဟာ ဘုရားပရိနိဗ္ဗာန် စံတော်မူပြီးတဲ့နောက် ဗြဟ္မဒဏ် အပေးခံရ၍ သံဝေဂဖြစ်ပြီးတော့ အခြားရဟန်းတော်များထံမှာ ညွှန်ကြားချက်ကို ခံယူပြီးတော့ "ရုပ် မမြဲ၊ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် မမြဲ၊ ရုပ် အနတ္တ အတ္တ မဟုတ်၊ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် အနတ္တ အတ္တမဟုတ်၊ သင်္ခါရတရားအားလုံးတို့ မမြဲကြ၊ သဘောတရားအားလုံးတို့ အတ္တမဟုတ်ကြ" လို့ နှလုံးသွင်းဆင်ခြင်ကြည့်ပါသတဲ့။ အဲဒီလို နှလုံးသွင်း ဆင်ခြင်ကြည့်တဲ့အခါ သူ့မှာ မူလကပင် အတ္တစွဲက အားကြီးနေတဲ့အတွက် "ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဆိုတဲ့သဘောတရားအားလုံးပင် အတ္တမဟုတ်" ဆိုတာကို မသက်ဝင်နိုင်ဘဲ ရှိနေပါသတဲ့။ အတ္တပျောက်သွားမှာကို စိုးရိမ်တဲ့ ဘယပရိတဿနာနဲ့ "အတ္တမရှိရင် အနတ္တ ရုပ်နာမ်တွေက ပြုလုပ်တဲ့ကံဟာ ဘယ်အတ္တမှာ ကောင်းကျိုးဆိုးကျိုးပေးနိုင်မှာလဲ" လို့ ယူဆစွဲလမ်းတဲ့ ဒိဋ္ဌိဥပါဒါန်လည်း သူ့မှာ ဖြစ်နေပါသတဲ့။ ဒီလိုဆိုရင် ငါ၏ အတ္တက ဘယ်မှာလဲလို့ သူ့စိတ်က အတ္တစွဲဆီ ပြန်ဆုတ်လာပါသတဲ့။ ဒီလိုဖြစ်ရခြင်း၏အကြောင်းကို အဋ္ဌကထာမှာ ဒီလိုပြထားပါတယ်။

အယံ ထေရော- ဤဆန္နမထေရ်သည်၊ ပစ္စယေ အပရိဂ္ဂဟေတွာ၊ အကြောင်းတရားတို့ကို မသိမ်းဆည်း မရှုမူ၍၊ ဝိပဿနံ ပဋ္ဌပေသိ ကိရ- ဝိပဿနာရှုခြင်းကို ဖြစ်စေသတဲ့။ (ဒီစကားဖြင့် တကယ်ဖြစ်ပေါ်တဲ့ ရုပ်နာမ်ကို မရှုဘဲ ဆင်ခြင်ရုံမျှဖြင့် ရှုကြောင်း သိရ၏။ အဘယ်ကြောင့်လဲဆိုရင် မြင်ဆဲ ကြားဆဲ စသည်၌ တကယ်ဖြစ်ပေါ်နေတဲ့ ရုပ်နာမ်ကို ရှုပါမှ သမာဓိအားရှိလာသောအခါ ရှေးဦးစွာ ရုပ်နှင့်နာမ်ကို ခွဲခြား၍ သိရသည်။ ထို့နောက်

အကြောင်းနှင့်အကျိုးကို သိမ်းဆည်းရသည်။ ထို့နောက်မှ အသစ်အသစ်ဖြစ်ဖြစ်ပြီး ပျောက်ပျက်သွားတာကို တွေ့ရသဖြင့် အနိစ္စ ဒုက္ခ အနတ္တဟု ရှုသိသော ဝိပဿနာဉာဏ်အစစ် ဖြစ်မြဲပင် ဖြစ်သည်။ အကြောင်းကို တွေ့သိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ်အစစ် ဖြစ်မြဲပင် ဖြစ်သည်။ အကြောင်းကို တွေ့သိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ်မဖြစ်ဘဲ အဖြစ်အပျက် အနိစ္စလက္ခဏာစသည်ကို မသိနိုင်သည်သာ။ သို့ဖြစ်ပါလျက် အကြောင်းကို မသိမ်းဆည်းဘဲ အနိစ္စ ဒုက္ခ အနတ္တဟု ရှုသော ဝိပဿနာကို ဖြစ်စေသည်ဟု ဆိုသည်မှာ ဆင်ခြင်ရုံမျှဖြင့် ရှုသော ဝိပဿနာအတုမျှသာဖြစ်ကြောင်း ထင်ရှား၏။) အဿ– ထိုအရှင်ဆန္န၏၊ သာ ဒုဗ္ဗလဝိပဿနာ– ထို အားနည်းသော ဝိပဿနာသည်၊ အတ္တဂါဟံ ပရိယာဒါပေတုံ အသက္ကုဏန္တီ– အတ္တစွဲကို ကုန်စေရန် မစွမ်းနိုင်သည်ဖြစ်၍၊ သင်္ခါရေသု သုညတော ဥပဋ္ဌဟန္တေသု– သင်္ခါရတို့သည် အတ္တမှ ဆိတ်သော အားဖြင့် ထင်ကုန်လတ်သော်၊ ဥစ္ဆိဇ္ဇိဿာမိ ဝိနဿိဿာမိတိ– ပြတ်သွားတော့မည် ပျက်သွားတော့မည်ဟု၊ ဥစ္ဆေဒဒိဋ္ဌိယာစေဝ– ဥစ္ဆေဒဒိဋ္ဌိ၏လည်းကောင်း၊ ပရိတဿနာယစ– အတ္တပျက်သွားမည်ကို စိုးရိမ်ပူပန်ခြင်း၏လည်းကောင်း၊ ပစ္စယော ဟောတိ– အကြောင်းဖြစ်လေသည် တဲ့။

အဲဒီအဋ္ဌကထာစကားထဲမှာ ဒုဗ္ဗလဝိပဿနာဆိုတဲ့ စကားဖြင့်လည်း တကယ် ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ကို ရှုပြီး အမှန်သိတဲ့ ဝိပဿနာအစစ်မဟုတ်၊ ဝိပဿနာအတုမျှဖြစ်ကြောင်း သိရပါတယ်။ ဘယ်ဟာလိုလဲဆိုရင် ဒီဃနိကာယ်ဝဂ္ဂ အဋ္ဌကထာ (၂၅၄) မှာပင် ပြထားတဲ့ ပုဏ္ဏားတစ်ယောက်၏ ဝိပဿနာအတုမျိုးပါပဲ။ အဲဒီမှာ ပြထားပုံကတော့

နော စဿံ နော စ မေ သိယာတိ ပဝတ္တာ– ငါ မရှိငြားအံ့ ငါ့ဥစ္စာလည်းမရှိရာဟု ဆင်ခြင်လျက်ဖြစ်သော၊ ယာ သော ဒုဗ္ဗလဝိပဿနာ– အကြင် အားနည်းသော ဝိပဿနာသည် ရှိ၏၊ သာ– ထိုအားနည်းသော ဝိပဿနာသည်၊ ယသ္မာ အတ္တသိနေဟံ ပရိယာဒါတုံ န သက္ကောတိ၊ တသ္မာ– အတ္တတဏှာကို ကုန်စေရန် မစွမ်းသောကြောင့်၊ အဿုတဝတော ပုထုဇ္ဇနဿ– အကြားအမြင် မရှိသော ပုထုဇဉ်၏၊ တာသော နာမ– ပူပန်ခြင်းမည်သည်၊ ဟောတိ– ဖြစ်၏။ ဟိ– မှန်၏၊ သော– ထိုသို့သော ပုထုဇဉ်သည်၊ အဟံ– ငါသည်၊ ဣဒါနိ– ယခုအခါ၌၊ ဥစ္ဆိဇ္ဇိဿာမိ– ပြတ်စဲသွားတော့မည်၊ န ဒါနိ ကိဉ္စိ ဘဝိဿာမီတိ– ယခုအခါ တစ်စုံတစ်ရာမျှ မဖြစ်ရတော့အံ့ဟူ၍၊

အတ္တာနံ– မိမိကိုယ်ကို၊ ပပါတေ ပတန္တံ ဝိယ ပဿတိ– ချောက်ကမ်းပါးသို့ ကျသွားသကဲ့သို့ ထင်မြင်တတ်၏။ အညတရော ဗြာဟ္မဏော ဝိယ– ပုဏ္ဏားတစ်ယောက်ကဲ့သို့ပင်တည်း။ လောဟပါသာဒဿ ဟေဋ္ဌာ– ကြေးပြာသာဒ်ကျောင်းတော်အောက်ထပ်၌၊ တိပိဋကစူဠနာဂတ္ထေရော– တိပိဋက စူဠနာဂမထေရ်သည်၊ တိလက္ခဏာ ဟတံ– အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာသုံးပါးထိစပ်ပါဝင်သော၊ ဓမ္မံ– တရားကို၊ ပရိဝတ္တေတိ ကိရ– ပြန်ဆိုရွတ်ဖတ်နေပါသတဲ့။ အထ– ထိုသို့ ပြန်ဆိုရွတ်ဖတ်နေစဉ်အခါ၌၊ ဧကမန္တေ ဌတွာ ဓမ္မံ သုဏန္တဿ– တစ်နေရာ၌ တည်၍ တရားကို နာနေသော၊ အညတရဿ ဗြာဟ္မဏဿ– တစ်ဦးသော ပုဏ္ဏားအား၊ သဗ္ဗေ သင်္ခါရာ– ရုပ်နာမ်သင်္ခါရတို့သည်၊ သုညတော– အတ္တမှဆိတ်သောအားဖြင့်၊ ဥပဋ္ဌဟိံသု– ထင်ပေါ်ကြပါသတဲ့။ သော– ထိုပုဏ္ဏားသည်၊ ပပါတေ– ကမ်းပါးပြတ်၌၊ ပတန္တော ဝိယ ဟုတွာ– ကျသွားသလိုဖြစ်သောကြောင့်၊ ဝိဝဋ္ဋဒွါရေန– ပွင့်နေသော တံခါးဖြင့်၊ တတော ပလာယိတွာ– ထိုကြေးပြားပြာသာဒ်မှ ပြေးသွားခဲ့၍၊ ဂေဟံ ပဝိသိတွာ– သူ့အိမ်သို့ ဝင်ပြီးလျှင်၊ ပုတ္တံ ဥရေ သယာပေတွာ– သူ့သားကို ရင်ခွင်၌ အိပ်စေ၍၊ “တာတ– ချစ်သား၊ သကျသမယံ အာဝဇ္ဇန္တော– သာကီဝင်ဘုရား၏ အယူကို ဆင်ခြင်မိသော ငါသည်၊ ဝါ– ဆင်ခြင်မိသောကြောင့်၊ မနမှိ နဋ္ဌော– ပျက်စီးလုမတတ်ဖြစ်သွားသည်။” ဣတိ အာဟ– ဤသို့ပြောဆိုပါသတဲ့။

ရွတ်ဖတ်နေသော တရားသံကို နားထောင်ရင်း ဆင်ခြင်ပြီးဖြစ်တဲ့ ပုဏ္ဏား၏ ဝိပဿနာဟာ ဝိပဿနာအစစ် မဟုတ် အတုမျှသာဖြစ်ကြောင်း ထင်ရှားပါတယ်။ ဒီလို ဝိပဿနာအတုကို အဋ္ဌကထာမှာ ဒုဗ္ဗလဝိပဿနာလို့ ဆိုတာပါပဲ။ နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်စသည် ဖြစ်ရိုးဖြစ်စဉ်ဖြစ်သော ဝိပဿနာအစစ်ကိုတော့ အားမကောင်းသေးရင် တရုဏ နုသော ဝိပဿနာလို့သာ ဆိုပါတယ်။ ဒါကြောင့် ပစ္စယပရိဂ္ဂဟဉာဏ်မပါဘဲ ခုန်ကျော်ရှုတဲ့ အရှင်ဆန္န၏ ဝိပဿနာအတုကို အကြောင်းပြုပြီးတော့ မြင်ဆဲ ကြားဆဲစသည်မှာ တကယ်ဖြစ်ပျက်တဲ့ ရုပ်နာမ်တွေကို သဘာဝလက္ခဏာစ၍ အစဉ်အတိုင်း မှန်ကန်စွာ ရှုမိနေကြတဲ့ ယောဂီတွေရဲ့ ဝိပဿနာအစစ်ကိုတော့ “ပဋိစ္စသမုပ္ပါဒ် မသိ နားမလည်ဘဲနဲ့ မရှုကောင်းဘူး” စသည်ဖြင့် မပိတ်ပင် မတားမြစ်ကောင်းပါဘူး၊ “ပိတ်ပင်တားမြစ်ရင် ပဋိပတ္တိသာသနာတော်ကို ပိတ်ပင်ဖျက်ဆီးရာရောက်တယ်” ဆိုတာကို နားလည်ထားကြရမယ်။

ဘာကြောင့်လဲဆိုရင် ဖြစ်ခိုက် ရုပ်နာမ်ကို ရှုနေတဲ့ယောဂီများမှာ သမာဓိ ဉာဏ်အားရှိလာတဲ့အခါ ရုပ်နဲ့နာမ်ကို ရှေးဦးစွာ ခွဲခြားပြီး သိတယ်။ အဲဒီက နောက် "မျက်စိနဲ့ အဆင်းရှိလို့ မြင်တယ်၊ နားနဲ့ အသံရှိလို့ ကြားတယ်၊ သွားချင်တဲ့စိတ်ရှိလို့ သွားတယ်၊ မရှုမိတဲ့အာရုံမှာ အမှန်အတိုင်း မသိလို့ သာယာတပ်မက်တယ်၊ တပ်မက်လို့ စွဲလမ်းတယ်၊ စွဲလမ်းလို့ မိမိအလိုအတိုင်း ပြည့်စုံအောင် ပြုလုပ်အားထုတ်တယ်၊ ကံကောင်းလို့ ကောင်းတာကို ခံစားရ တယ်" စသည်ဖြင့် အကြောင်းကို သိမ်းဆည်းတဲ့အသိဉာဏ်ဟာ သူ့အလိုလို ဖြစ်တော့တာပဲ။ အဲဒီလို အကြောင်းကိုသိပြီးတော့မှ အဖြစ်အပျက်များ ထင်ရှား ပြီး အနိစ္စ ဒုက္ခ အနတ္တအသိဉာဏ်တွေ ဖြစ်ပါတယ်။ အကြောင်းမသိဘဲနဲ့ ခုန်ကျော်ပြီး အနိစ္စ အသိဉာဏ်စသည် ဖြစ်ရိုးမရှိပါဘူး။ ဒါကြောင့် စောစော ပိုင်းက ပဋိစ္စသမုပ္ပါဒ်ကို အကျယ်လေ့လာမထားပေမယ့် အရှင်ဆန္နလို အရှုပ် အထွေး ဖြစ်စရာကတော့ မရှိပါဘူး။

နောက်ပြီးတော့ အရှင်ဆန္နဟာလည်း အရှင်အာနန္ဒာ ဟောကြားတဲ့ ပဋိစ္စသမုပ္ပါဒ်တရားကို နာရတော့ ချက်ချင်းပင် အရှုပ်အထွေး ကင်းပျောက်ပြီး ဝိပဿနာလမ်းမှန်ဖြင့် အရဟတ္တဖိုလ်ပေါက် ဆိုက်ရောက်သွားပါတယ်။ ဒါ ကြောင့် ဆရာသမားထံမှာ အားထုတ်နေတဲ့ ယောဂီဟာ စောစောပိုင်းက သုတလိုနေတောင်မှ တရားအားထုတ်ခါနီးမှာ ကမ္မဋ္ဌာန်းဆရာ ဟောကြားတာကို နာရပြီးတော့ သုတပြည့်စုံသွားနိုင်ပါတယ်။ တရားအားထုတ်နေဆဲမှာ အရှုပ် အထွေး ပေါ်လာရင်လည်း ကမ္မဋ္ဌာန်းဆရာက ဟောပြောပြုပြင်ပေးတဲ့အတွက် အစစအရာရာ အဆင်ပြေသွားနိုင်ပါတယ်။ ဒါကြောင့် ဆရာသမားထံ တရား အားထုတ်တဲ့ပုဂ္ဂိုလ်မှာ သုတနှင့်စပ်ပြီး စဉ်းစားစိစစ်စရာတောင် မလိုပါဘူး၊ အကယ်၍ စိစစ်ချင်သေးရင်လည်း ယခုဘုန်းကြီးပြောခဲ့တဲ့အတိုင်း စိစစ်ရုံပါပဲ။

အဲဒီလို စိစစ်တော့ အကျဉ်းချုပ်အားဖြင့်ဆိုရင် "ရုပ်နာမ်တရား အလုံးစုံ ဟာ အနိစ္စ ဒုက္ခ အနတ္တသဘောချည်းပဲ" လို့ ဒါလောက် ကြားနာဖူးရင် သုတပြည့်စုံနေကြောင်း သိရတယ်။ နောက်ပြီးတော့ အဋ္ဌကထာမှာ ပြဆိုချက် အရဖြင့် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဆိုတဲ့ သစ္စာလေးပါး ကို ကြားနာဖူးရင် သုတပြည့်စုံကြောင်း သိရတယ်။ နောက်ပြီးတော့ ဝိသုဒ္ဓိမဂ် မဟာဋီကာအရဆိုရင် အကြောင်းတရားနှင့် အကျိုးတရားမျှ ရှိတယ်ဆိုတာ

ကြားနာဖူးရင် အကျဉ်းအားဖြင့် ပဋိစ္စသမုပ္ပါဒ်သုတနှင့် ပြည့်စုံကြောင်းသိရတယ်။ အဲဒီလို စောစောက မကြားဖူးသေးတောင်မှ တရားအားထုတ်ခါနီးမှာ "ရုပ်နှင့်နာမ် ၂ ပါးမျှ ရှိကြောင်း အကြောင်းနှင့် အကျိုးတရားမျှသာ ရှိကြောင်း၊ အဲဒီရုပ်နာမ်တွေဟာ ခဏမစဲ ဖြစ်ပျက်နေလို့ အနိစ္စ ဒုက္ခ အနတ္တချည်းဖြစ်ကြောင်း အဲဒီရုပ်နာမ် အကြောင်းအကျိုး အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တသဘောတွေကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိရအောင် ဝိပဿနာတရားကို အားထုတ်ရကြောင်း စသည်များကို ကမ္မဋ္ဌာန်းဆရာထံမှ ကြားရသဖြင့် သုတပြည့်စုံနိုင်ပါတယ်။

(သီလဝန္တသုတ်တရားတော်)

## ဝိပဿနာမှာလည်း ဈာန်သဘောတွေ ပါဝင်နေတယ်

ဝိပဿနာရှုရာမှာလည်း အဲဒီဈာန်တွေနဲ့ ခပ်တူတူဖြစ်နေပုံတွေ ရှိတယ်။ ရှုမှတ်လို့ အချိုးကျလာပြီး ကောင်းခါစမှ သမ္မသနဉာဏ်ပိုင်းလောက်အတွင်းမှာ အာရုံပေါ်အောင် ကြံမှုဝိတက်လည်း ထင်ရှားတယ်၊ အာရုံကို ထပ်ခါထပ်ခါ သုံးသပ်ဆင်ခြင်မှု ဝိစာရလည်း ထင်ရှားတယ်။ နှစ်သိမ့်အားရမှု ပီတိလည်း ထင်ရှားတယ်။ စိတ်ရွှင်လန်းချမ်းသာမှု သုခလည်း ထင်ရှားတယ်။ မှတ်ရာမှတ်ရာအာရုံနဲ့ ကပ်ခနဲ ကပ်ခနဲ စူးစိုက်တည်ကြည်မှု သမာဓိလည်း ထင်ရှားတယ်။ ဒါကြောင့် အဲဒီမှာ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဈာန်အင်္ဂါ (၅)ပါးရှိတဲ့ ပထမဈာန်နဲ့ ခပ်တူတူ ဖြစ် နေပါတယ်။

ဥဒယဗ္ဗယဉာဏ် ရောက်တဲ့အခါမှာ အာရုံကို ကြံမှု သုံးသပ်ဆင်ခြင်မှု မရှိတော့ဘဲ ပေါ်လာသမျှအာရုံကို မှတ်သိရုံမျှ မှတ်သိသွားနေတယ်။ အဲဒီအခါမှာ ပီတိ သုခတွေက အလွန်အကဲဖြစ်နေတယ်။ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ဘယ်လိုကောင်းမှန်းမသိအောင် ကောင်းနေတတ်တယ်။ စိတ်ပုံ့လွင့်ခြင်းမရှိဘဲ တည်ငြိမ်နေတယ်။ ဒါကြောင့် အဲဒီအခါမှာ ရှုမှတ်တိုင်း ရှုမှတ်တိုင်း အင်္ဂါ (၃)ပါးရှိတဲ့ ဒုတိယဈာန်နဲ့ ခပ်တူတူဖြစ်နေတယ်။

အရောင်အလင်းအစရှိတဲ့ဥပက္ကိလေသတွေ ပျောက်သွားတဲ့အခါ မှတ်ရတဲ့ အာရုံအဖြစ်အပျက်တွေကို ရှင်းလင်းပြတ်သားစွာ သိရတဲ့ ဥဒယဗ္ဗယဉာဏ် အရင့်စား ဖြစ်လာတယ်။ အဲဒီအခါမှာတော့ နှစ်သိမ့်ဝမ်းမြောက်မှုပီတိ မပါတော့ဘဲ စိတ်ချမ်းသာမှုက အလွန်အကဲ ထင်ရှားတယ်။ စိတ်လဲ ပျံ့လွင့်ခြင်းမရှိဘဲ

သာပြီးတည်ငြိမ်နေတယ်။ အဲဒီအခါမှာ ရှုမှတ်တိုင်း ရှုမှတ်တိုင်း သုခ ဧကဂ္ဂတာ ဆိုတဲ့ အင်္ဂါ ၂ ပါးရှိတဲ့ တတိယဈာန်နဲ့ ခပ်တူတူဖြစ်နေတယ်။

ဘင်္ဂဉာဏ်အစရှိတဲ့ အထက်ပိုင်း ဉာဏ်တွေကျတော့ အများအားဖြင့် စိတ်ရွှင်လန်းဝမ်းသာမှုမရှိဘဲ ဥပေက္ခာနဲ့ ဧကဂ္ဂတာ ထင်ရှားတတ်တယ်။ အထူးအားဖြင့် သင်္ခါရုပေက္ခာဉာဏ်မှာ လျစ်လျူရှုတဲ့ ဥပေက္ခာ သဘောက ပိုပြီး ထင်ရှားတယ်။ အဲဒီလို အခါမှာ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဥပေက္ခာ ဧကဂ္ဂတာ ဆိုတဲ့ အင်္ဂါ ၂ ပါးရှိတဲ့ စတုတ္ထဈာန်နဲ့ ခပ်တူတူ ဖြစ်နေတယ်။

နောက်ပြီးတော့ တစ်ခါတစ်ရံမှာ ကိုယ်ကြီးတစ်ကိုယ်လုံးလည်း ပျောက်ပြီးတော့ တခြားတစ်ပါးရုပ် အထည်ဒြပ်တွေလည်း ထင်ပေါ်ခြင်းမရှိဘဲ ဟင်းလင်းပြင်ထဲ ရောက်နေသလို ထင်ရတယ်၊ အဲဒီလိုအခါမှာ အာကာသာနဉ္စာယတနဈာန်နဲ့ ခပ်တူတူဖြစ်နေတယ်။ တစ်ခါတစ်ရံမှာ စိတ်တစ်မျိုးတည်းသာ ပေါ်နေလို့ အဲဒီစိတ်ကိုချည်း ရှုရတယ်။ အဲဒီလိုအခါမှာ ဝိညာဏဉ္စာယတနဈာန်နဲ့ ခပ်တူတူဖြစ်နေတယ်။ တစ်ခါတစ်ရံမှာ ဘာမျှမရှိတာကိုချည်း ရှုမှတ်နေရသလို ထင်ရတယ်။ အဲဒီလိုအခါမှာ အာကိဉ္စညာယတနဈာန်နဲ့ ခပ်တူတူဖြစ်နေတယ်။ တစ်ခါတစ်ရံမှာ ပေါ်လာတဲ့စိတ်ကလည်း အလွန်သိမ်မွေ့ပြီးတော့ မှတ်သိတဲ့စိတ်ကလည်း အလွန်သိမ်မွေ့နေလို့ စိတ်ဟာ မရှိသလိုလို ဖြစ်နေတယ်။ အဲဒီလိုအခါမှာနေဝသညာနာသညာယတနဈာန်နဲ့ ခပ်တူတူဖြစ်နေတယ်။

(သလ္လေခသုတ်)

## သမုဒ္ဒရာအကြောင်းနှင့်စပ်၍

သမုဒ္ဒရာဆိုတာ ယခုတွေ့နေကြတဲ့ ပင်လယ်ကြီးပါပဲ။ အဲဒီပင်လယ်သမုဒ္ဒရာ၏ အလယ်ပိုင်းအရပ်မှာ လှိုင်းမရှိဘဲ ရေတွေဟာ တည်ငြိမ်နေပါတယ်တဲ့။ အဲဒီလို သမုဒ္ဒရာ၏ အလယ်ပိုင်းအရပ်က ရေတွေ လှိုင်းတွေမရှိဘဲ တည်ငြိမ်နေပုံကိုတော့ လူအများစုက သိဖို့မလွယ်ပါဘူး။ ဒါပေမဲ့ ဒီသုတ်တရားတော်က နတ်ဗြဟ္မာတွေကို ဟောတဲ့တရားဖြစ်တဲ့အတွက် သမုဒ္ဒရာအကြောင်းကောင်းကောင်းသိနေကြတဲ့ နတ်တွေ ဗြဟ္မာတွေအတွက် ဟောတယ်လို့ ယူရမယ်။ အဲဒီ ပင်လယ်သမုဒ္ဒရာကြီး၏ အလယ်ပိုင်းအရပ်ဆိုတာ ဘယ်လိုအလယ်အရပ်လဲလို့ဆိုတော့ ပင်လယ်ရေ၏ အောက်ပိုင်း အထက်ပိုင်းတို့ကို ချန်ထားပြီး အလယ်ပိုင်းပါပဲလို့ မဟာနိဒ္ဒေသမှာ ဖွင့်ပြထားပါတယ်။ အဲဒီမှာ ဖွင့်ပြထားပုံ

ကတော့ ရှေးက အိန္ဒိယမှာ အများက ယုံကြည်ယူထားကြသည့်အတိုင်း "သမုဒ္ဒရာရေ၏အနက်ဟာ ယူဇနာ ၈၄,၀၀၀ ရှိတယ်" ဆိုတဲ့ ပမာဏကို ဖော်ပြပြီးတော့ သမုဒ္ဒရာ၏ အောက်ပိုင်း ယူဇနာ ၄၀,၀၀၀ မှာ (မစ္ဆကစ္ဆပေဟိ ကမ္ပတိ) ငါးများ လိပ်များကြောင့် လှုပ်ရှားနေတယ်။ အလယ်ပိုင်း ယူဇနာ လေးထောင်မှာ ရေကတော့ လှုပ်ရှားခြင်းမရှိဘဲ တည်ငြိမ်နေတယ်တဲ့။ အဲဒါဟာ မဟာနိဒ္ဒေသမှာ ရှေးရိုးအယူအဆအတိုင်း ပြထားတဲ့ အပိုင်းအခြားပါပဲ။

ယခုနေအခါမှာ ပင်လယ်သုတေသန ပညာရှိများ တိုင်းတာစူးစမ်းထားတာကတော့ ပင်လယ်မှာ အနက်ဆုံးနေရာဟာ ပစိဖိတ်သမုဒ္ဒရာထဲက ဖိလစ်ပိုင်ကျွန်းစုအပါအဝင် မင်ဒါနာအိုကျွန်းအလွန်၌ဖြစ်ကြောင်း ယင်းဒေသ၌ ပေပေါင်း ၃၅,၄၁၀ ခန့်နက်ကြောင်း ပြဆိုထားကြပါတယ်။ မိုင်အားဖြင့်ဆိုရင် ၆ မိုင်ကျော် ၇ မိုင်နီးပါးလောက်သာ နက်တယ်လို့ ဆိုရမှာပေါ့။ မြင်းမိုရ်တောင် ရှိသင့်ရာဖြစ်တဲ့ မြောက်ဝင်ရိုးစွန်းအရပ်ကတော့ ရေခဲပြင်သမုဒ္ဒရာဖြစ်နေကြောင်း အနက်ကတော့ ပေပေါင်း ၁၈,၄၅၆ ခန့်ရှိတဲ့ နေရာဟာ အနက်ဆုံး ဖြစ်ကြောင်း ပြဆိုထားကြပါတယ်။ မိုင်အားဖြင့် ၃ မိုင်ခွဲလောက်သာ နက်တယ်လို့ ဆိုရမှာပဲ။ ဒါပေမဲ့ ရှေးက ယူဇနာအတိုင်းအရှည်က ဘယ်လောက်ရယ်လို့ တိတိကျကျ မပြောနိုင်တဲ့အတွက် အဲဒါတွေကိုဖယ်ထားပြီးတော့ သာမန်အလယ်ပိုင်းလို့ ယူရင် သင့်ပါလိမ့်မယ်။

အဲဒီ လေး ငါးခြောက်မိုင်ကျော်နက်တဲ့ ပင်လယ်ရေထဲမှာ အထက်ပိုင်း အောက်ပိုင်းကို ဖယ်ပြီး အလယ်ပိုင်းမှာ ရေဟာ တည်ငြိမ်နေတယ်လို့ ဆိုရမှာပဲ။ တစ်နည်းအားဖြင့်တော့ ကမ်းစပ်မှ မိုင်တစ်ရာ နှစ်ရာစသည် ဝေးကွာတဲ့ အလယ်ပိုင်းကို ယူရင်လည်း သင့်စရာရှိပါတယ်။ အဲဒီလို အလယ်ပိုင်းမှာလည်း ကမ်းစပ်မှာ လှိုင်းလုံးကြီးတွေ ပုတ်ခတ်ခြင်းမရှိတဲ့အတွက် တည်ငြိမ်နေတယ်လို့ ယူဆပြောဆို နိုင်ပါတယ်။

(တုဝဋကသုတ်)

## မြန်မာသာဓုနှင့် သီရိလင်္ကာသာဓု

ယခု ဘုန်းကြီးတို့ တရားဟောတဲ့အခါမှာလည်း တစ်ခါတစ်ရံ ပရိသတ်က သာဓုခေါ်တာရှိပါတယ်။ ဒါပေမဲ့ ဘုန်းကြီးတို့ ဟောတဲ့အခါမှာတော့

သာဓု ခေါ်စရာအကွက်က တယ်မရှိလှဘူး။ မြန်မာပြည်မှာ သာဓုခေါ်ကြတာက ဂါထာဖြစ်စေ စုဏ္ဏိယဖြစ်စေ ပါဠိတစ်ရပ်ကို အနက်ပေးတဲ့အဆုံးမှာ ဓမ္မကထိက ပုဂ္ဂိုလ်က "ဖြစ်ကြလေတော့သတည်း" စသည်ဖြင့် အသံကို ရှည်ရှည်ဆွဲပြီး ချလိုက်တဲ့အခါ သာဓုခေါ်လေ့ရှိကြတယ်။ တရားသား အနက်အဓိပ္ပာယ်က ကောင်းသည်ဖြစ်စေ မကောင်းသည်ဖြစ်စေ အဲဒါကိုတော့ မစဉ်းစားကြဘူး။ "သတည်း" ဆိုတဲ့အသံကိုသာ အမှတ်ပြုပြီး သာဓုခေါ်ကြတော့တာပဲ။

ဥပမာ ဝေဿန္တရာဇာတ်မှာ လေး ငါးနှစ်အရွယ်ရှိတဲ့ ကဏှာဇိန်နဲ့ ဇာလီတို့ကို ဝေဿန္တရာမင်းကြီးက ဇူဇကာပုဏ္ဏားအား လှူလိုက်တဲ့အခန်းမှာ ပုဏ္ဏားကြီးက မင်းသား မင်းသမီးကလေးတွေကို "အာကောဋယန္တော– ရက်ရက် စက်စက် ပြင်းထန်စွာ ရိုက်နှက်လျက်၊ တေ– မျက်ရည်စီးယိုစိုနေသော ထို ကလေးငယ်တို့ကို၊ နေတိ– မညှာမတာ ဆွဲငင်ကာဖြင့် မကြင်နာ မသနားဘဲ ဆောင်သွားလေတော့သတည်း" လို့ အသံရှည်ရှည်ဆွဲချလိုက်ရင် တရားနာ ပရိသတ်က "သာဓု သာဓု သာဓု" လို့ ဆိုကြတော့တယ်။ အဲဒါဟာ ဝမ်းသာရ မည့်အရာ၊ ကောင်းချီးပေးရမည့်အရာတော့ မဟုတ်ဘူး၊ ဝမ်းနည်းရမည့်အရာ သနားရမည့်အရာသာဖြစ်တယ်။ ဒါပေမဲ့ မြန်မာပြည်မှာတော့ အဲဒီလိုအရာမှာ လည်း သာဓုခေါ်ပြီး ကောင်းချီးပေးကြတော့တာပဲ။

သီရိလင်္ကာမှာတော့ အဲဒီလိုမဟုတ်ဘူး။ တရားထဲမှာ ကြည်ညိုဖွယ်ရာ စကားလုံးကို ကြားရတဲ့အခါ သူတို့က သာဓုခေါ်ကြတယ်။ "ရဟန္တာ ဖြစ်တယ်၊ နိဗ္ဗာန်ရောက်တယ်" အစရှိတဲ့ စကားကို ကြားရတဲ့အခါ သာဓုခေါ်ကြတယ်၊ သူတို့ သာဓုခေါ်ပုံက သဘာဝကျပါတယ်။

## တရားနာပြီး သောတာပန်ဖြစ်ကြရာဝယ်

ပဉ္စသာလရွာသူ အမျိုးသမီးငါးရာဟာ ဘုရားဟောတဲ့ တရားဂါထာကို ကြားနာရင်း သောတာပန်ဖြစ်သွားကြပါသတဲ့။ ဒီဂါထာကို ကြားနာရုံနဲ့ ဘယ်ပုံ ဘယ်နည်းဖြင့် သောတာပန်ဖြစ်ကြသလဲဆိုရင် အဲဒီအမျိုးသမီးငါးရာဟာ ကုသိုလ်ထူး ပါရမီထူး ရှိတဲ့သူတွေပါ။ ဒါကြောင့် သူတို့ဟာ ဘုရားကိုယ်တော် တိုင်ကိုလည်း ဖူးမြော်ကြရတယ်။ ဘုရားကိုယ်တော်တိုင်ကို ဖူးမြော်ကြရတဲ့ အတွက် သူတို့မှာ ပီတိတွေဖြစ်နေတယ်။ တရားကို နာရတဲ့အတွက်လည်း

ပီတိတွေ ဖြစ်နေတယ်။ အထူးအားဖြင့်တော့ မြတ်စွာဘုရားမှာ ကြောင့်ကြမှု ကိလေသာကင်းနေတဲ့အတွက် ချမ်းသာစွာ နေရတယ်ဆိုတာရယ်၊ ဆွမ်းမစားရပေမယ့် ပီတိနဲ့ပဲ မျှတနေမယ်ဆိုတာရယ် ဒီတရားစကားတွေကို ကြားရတဲ့အခါ အလွန်ကြည်ညိုပြီး ပီတိတွေ ထက်သန်စွာဖြစ်တယ်၊ အဲဒီပီတိတွေကို ရှုမိကြသဖြင့် ကုန်ခြင်း ပျက်ခြင်း သဘောထင်မြင်ပြီးတော့ ဝိပဿနာဉာဏ် အစဉ်အတိုင်းတက်ပြီး သောတာပတ္တိမဂ်ဖိုလ်ကို ရောက်သွားတယ်လို့ယူရပါမယ်။

(လောကဓံတရားတော်)

## ဇမ္ဗူဒိပ်

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၂၁၈ နှစ်လောက်မှာ အိန္ဒိယနိုင်ငံ၌ အသောကမင်းကြီးဆိုတာ ပေါ်ထွန်းခဲ့ပါတယ်။ ဇမ္ဗူဒိပါတစ်ကျွန်းလုံးကို အစိုးရတယ်လို့ ဆိုပါတယ်။ ဟိုတုန်းက ဇမ္ဗူဒိပါကျွန်းဆိုတာ အဲဒီ အသောကမင်းကြီး ရေးသားခဲ့တဲ့ ကျောက်စာများအရအားဖြင့် ယခု အိန္ဒိယလို့ ခေါ်နေတဲ့ နယ်ပယ်တစ်ဝိုက်ပါပဲ။ ဘာကြောင့် ဒီလိုသိရသလဲဆိုတော့ သူ့ကျောက်စာထဲမှာ ယခု အိန္ဒိယနယ်ပယ်၏ အစွန်ဖြစ်တဲ့အရပ်များကို သူ့ပိုက်နက်၏ နယ်စပ်နိုင်ငံများအဖြစ်ဖြင့် ပြဆိုထားသောကြောင့်ပါပဲ။ ယခုခေတ်အမြင်နဲ့ ဆိုရင်တော့ သိပ်မကျယ်သလို ဖြစ်နေပါတယ်။ ဒါပေမဲ့ ဟိုရှေးခေတ်တုန်းကတော့ အလွန်ကျယ်တဲ့ နိုင်ငံအဖြစ်ဖြင့် ထင်ရှားခဲ့ပါတယ်။ အလွန်လည်း ဘုန်းတန်ခိုးကြီးပါတယ်။ အဋ္ဌကထာများအဆိုအရအားဖြင့် အထက်ကောင်းကင်မှာတောင် တစ်ယူဇနာအထိ အစိုးရတယ်လို့ဆိုပါတယ်။

(လောကဓံတရားတော်)

## ဆင်းရဲသူတွေ မကျေနပ်ချင်စရာ ဝါဒ

ဖန်ဆင်းဝါဒအရဆိုရင်တော့ ချမ်းသာအောင်လည်း ဘုရားသခင်က ဖန်ဆင်းတယ်၊ ဆင်းရဲအောင်လည်း ဘုရားသခင်က ဖန်ဆင်းတယ်လို့ ဆိုရလိမ့်မယ်။ ဒီလိုဆိုတော့ ဆင်းရဲနေတဲ့သူတွေက ငါတို့ကို ဆင်းရဲအောင် ဘာကြောင့် ဖန်ဆင်းပါလိမ့်မလဲလို့ စဉ်းစားပြီး မကျေနပ်စရာ ရှိပါတယ်။ ကမ္ဘာပေါ်မှာ ဆင်းရဲတဲ့လူတွေက များနေတော့ မကျေနပ်တဲ့လူတွေက များနေဖွယ်

ရှိပါတယ်။ ဗုဒ္ဓတရားတော်အရကတော့ ချမ်းသာတာလည်း ကိုယ့်အမှုကံကြောင့်ပဲ၊ ဆင်းရဲတာလည်း ကိုယ့်အမှုကံကြောင့်ပဲဆိုတော့ ဘယ်သူ့ကိုမျှ မကျေနပ်စရာမရှိဘူး၊ နောင်ရေးအတွက် ကိုယ့်အမှုကံကိုသာ ကောင်းအောင် ဂရုစိုက်သွားဖို့ လိုတယ်။

(လောကဓံတရားတော်)

## "ထပ်ခါ ထပ်ခါ ဟောခြင်း၏အကြောင်း"

ဒီမဟာသမယ ၆ သုတ်မှာ တစ်ခုတစ်ခုသော ဂါထာများဖြင့်ပင် ပြည့်စုံသလောက် ဖြစ်သွားတာကပဲ များပါတယ်။ ဒါပေမဲ့ နောက်ဂါထာများဖြင့်လည်း ထပ်ပြီး ဟောထားသေးတာပဲ။ အဲဒီလို အထပ်ထပ်ဟောထားရာမှာ စဉ်းစားဆင်ခြင်တတ်တဲ့ ပုဂ္ဂိုလ်များအနေဖြင့် ဘာကြောင့် အထပ်ထပ် ဟောထားပါလိမ့်မလဲလို့ စဉ်းစားဆင်ခြင်စရာ ရှိနေပါတယ်။ အဖြေကတော့ အဲဒီတုန်းက တရားနာနေကြတဲ့ နတ်ဗြဟ္မာတွေထဲမှာ တချို့က ပထမဂါထာထဲမှာ ဝေါဟာရအနက်အဓိပ္ပါယ်ကို သဘောပေါက်နားလည်ပြီး တရားထူးရသွားကြတယ်။ တချို့ကတော့ ဒုတိယဂါထာကျမှ နားလည်ပြီး တရားထူးရကြတယ်။ ဒီပုံဒီနည်းဖြင့် ရှေးရှေးဂါထာများတုန်းက နားမလည်ကြသေးတဲ့ပုဂ္ဂိုလ်တွေအား နားလည်ကြစေရန် အနက်တူသော်လည်း ဝေါဟာရအထူးများဖြင့် ထပ်ခါထပ်ခါ ဟောတော်မူတယ်လို့ မှတ်ယူရပါတယ်။

(သမ္မာပရိဗ္ဗာဇနီယသုတ်)

## "မြန်မာတွေ နိုင်ငံခြားဖြစ်မှာ စိုးရိမ်တယ်"

ကုသိုလ်အကျိုးပေးပုံနဲ့ စပ်ပြီး ဘုန်းကြီးက စိုးရိမ်တာတစ်ခု ရှိတယ်။

အဲဒါက ဘာလဲဆိုရင် ယခုနေအခါမှာ ဟို ဥရောပ၊ အမေရိကအစရှိတဲ့ အခြားနိုင်ငံတွေက တိုးတက်ထွန်းကားနေတယ်၊ မြန်မာနိုင်ငံက ကောင်းမှုရှင်တွေဟာ အခြားနိုင်ငံတွေ စိတ်ညွတ်ပြီး အဲဒီနိုင်ငံတွေ ဖြစ်ကုန်မှာ ဘုန်းကြီးက စိုးရိမ်မိတယ်။ အဲဒီလို ဖြစ်နေတယ်လို့လည်း ဘုန်းကြီးက ယူဆထားတယ်။ တချို့က မေးကြတယ် "ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တွေဟာ ကုသိုလ်ကောင်းမှုတွေကို ပြုနေကြပါလျက် ဗုဒ္ဓဘာသာနိုင်ငံဟာ ဘာကြောင့် မတိုးတက် မကြီးပွားရသလဲ"

လို့ မေးကြတယ်။ သူတို့က "မြန်မာပြည်ကသေရင် မြန်မာပြည်မှာပဲဖြစ်တယ်" လို့ ဒီလိုထင်နေကြပုံရတယ်။ အမှန်ကတော့ အဲဒီလိုမဟုတ်ဘူး။ ကုသိုလ်ကံနှင့် ပြည့်စုံနေတဲ့သူဟာ သူ့အလိုရှိရင် ဘယ်မှာမဆို ဖြစ်နိုင်တာချည်းပဲ။ မြန်မာပြည်က ကုသိုလ်ကံရှိနေတဲ့ပုဂ္ဂိုလ်တွေဟာ တိုးတက်ကြီးပွားနေတဲ့ ဟိုနိုင်ငံတွေမှာ ဖြစ်ချင်ရင်လည်း အဲဒီလိုနိုင်ငံတွေမှာ သွားပြီးဖြစ်နိုင်ပါတယ်။

ဒါကြောင့် ယခုနေအခါမှာ အခြားနိုင်ငံတွေက ကြီးကျယ်ခမ်းနားနေတဲ့ ပုဂ္ဂိုလ်ကြီးတွေဟာ ဒီမြန်မာပြည်က ဗုဒ္ဓဘာသာဝင် ကောင်းမှုရှင်တွေ ဖြစ်နိုင်တာပဲ။ မြန်မာပြည်က ယခုနေအခါမှာ သန့်ရှင်းစင်ကြယ်တဲ့ ကောင်းမှုအကြီးအကျယ်တွေကို ပြုလုပ်နေတဲ့ပုဂ္ဂိုလ်တွေ အလွန်ပဲများပါတယ်။ အဲဒီပုဂ္ဂိုလ်တွေမှာ သူတို့ပြုထားတဲ့ ကုသိုလ်အားလျော်စွာ အကြီးအကျယ် အကျိုးပေးခွင့်ရအောင် သူတို့ရဲ့ မိဘဖြစ်မည့်သူတွေဟာလည်း အင်မတန် ပေါများပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ရလိမ့်မယ်။ မြန်မာပြည်မှာတော့ ဒီလိုပေါများပြည့်စုံတဲ့ ပုဂ္ဂိုလ် ဦးရေက တယ်များများ မရှိဘူး။ အခြားနိုင်ငံတွေမှာမှ ဒီလိုပုဂ္ဂိုလ်တွေက များတယ်၊ ဒီတော့ မြန်မာပြည်က မိဘလောင်းတွေ မလုံလောက်တာကြောင့် လည်းပဲ မြန်မာပြည်က ကောင်းမှုရှင်တွေဟာ တခြားနိုင်ငံရောက်သွားဖို့ရာ အကြောင်းရှိနေပါတယ်။ အဲဒီလို တစ်နည်းနည်းဖြင့် နိုင်ငံခြား ဘာသာခြားတွေထဲမှာ သွားဖြစ်ဟယ်ဆိုရင် ယခုဘဝက ဗုဒ္ဓဘာသာဝင် သူတော်စင်ကြီး ဖြစ်နေပေမယ့်လို့ ဘုရားဒါယကာ ကျောင်းဒါယကာကြီး ဖြစ်နေပေမယ့်လို့ အဲဒီ ဘာသာခြားတွေထဲ သွားဖြစ်တဲ့သူက ပုထုဇဉ်ဘဝနဲ့ဆိုရင် အဲဒီက မိဘအသစ်တွေရဲ့ ဘာသာအသစ်ကို လက်ခံယုံကြည်သွားမှာပဲ။ လက်မခံဘဲနဲ့ ဖြစ်နိုင်ပါမည်လား၊ အဲဒါဟာ အလွန်ပဲ အရေးကြီးပါတယ်။

(ဝိပဿနာ အခြေခံတရားတော်)

## အစာဖြတ်လိုက်တာနဲ့ အစာအိမ်စင်ကြယ်ပြီး ရောဂါပျောက်သလို

ဗုဒ္ဓဘာသာတရားကို နားမလည်တဲ့သူတွေက "ဥပုသ်စောင့်ရင် ထမင်းဆာတာပဲ အကျိုးရတယ်" လို့ မရှိမသေ ပြောတတ်ကြတယ်။ သူတို့က ကုသိုလ် အကုသိုလ်ဆိုတာတွေကို ဘာမျှမသိကြဘူး။ ထမင်းစားလိုတဲ့ လောဘ

စိတ်တွေကို ပယ်ရှားပြီး ကုသိုလ်တွေ ဖြစ်ပွားနေတာကို သူတို့က မသိကြဘူး။ သူတို့သိတာကတော့ "အဖျားရောဂါရှိတဲ့သူများမှာ ထမင်းမကျွေးဘဲထားရင် ရောဂါပျောက်တတ်တယ်" ဆိုတာမျိုးကျတော့ သူတို့က သိကြတယ်၊ အဲဒီမှာလည်း စားချင်လျက်နဲ့ မစားရတော့ ထမင်းဆာတာပါပဲ။ ဒါပေမဲ့ ဒီလိုဆာတာကတော့ ရောဂါပျောက်ခြင်းအကျိုးရှိတယ်ဆိုတာကို ယုံကြည်ပြီးတော့ မကဲ့ရဲ့ကြဘူး၊ ချီးမွမ်းတောင် ချီးမွမ်းကြသေးတယ်။ သူတို့က မျက်မှောက် ရုပ်ခန္ဓာဖြစ်လာပုံလောက် နားလည်ကြတာကိုး။ ဒီတော့ ဒီလိုပြောကြပေမှာပဲ။ အမှန်ကတော့ ဥပုသ်စောင့်တယ်ဆိုတာဟာ ဖြစ်ပေါ်လာမည့် အကုသိုလ်တွေကို ပယ်စွန့်ပြီး ရှောင်ကြဉ်ခြင်း သည်းခံခြင်းအစရှိတဲ့ ကုသိုလ်တရားတွေကို နေ့ရော ညပါ မပြတ်ပွားနေတာပဲ။ "ရဟန္တာသခင် အရှင်မြတ်တွေဟာ သတ်ခြင်း ခိုးခြင်း မေထုန်မှီဝဲခြင်း လိမ်ခြင်း သေရည်သေရက်သောက်ခြင်း နေ့လွဲညစာစားခြင်း အစရှိတဲ့ အကုသိုလ်တရားတွေကို တစ်သက်ပတ်လုံး ပယ်ရှားပြီး သီတင်းသုံးတော်မူကြပါတယ်။ ငါ့မှာ ဒီကနေ့ တစ်ရက်မျှ ဒီသူတော်ကောင်း တရားတွေကို ကျင့်သုံးနေရပေတယ်၊ ဒီအကျင့် တစ်စိတ်တစ်ဒေသဖြင့် ရဟန္တာ အရှင်မြတ်တို့အား အတုလိုက် ပူဇော်ရပေတယ်" လို့ ဒီလိုနှလုံးသွင်းပြီး အရိယာသူတော်ကောင်းတွေက ဥပုသ်စောင့်သုံးကြတာပဲ။ ဒီလိုစောင့်နေတဲ့အခါ ထမင်းဆာတာကို သည်းခံပြီး စားချင်တဲ့ကိလေသာတွေကို ပယ်နေရတာဟာ အင်မတန် မွန်မြတ်ပါတယ်။ ဒီလိုမွန်မြတ်တဲ့တရားတွေ မိမိစိတ်သန္တာန်မှာ ဖြစ်ပေါ်သွားတော့ စိတ်သန္တာန်ဟာ စင်ကြယ်သွားတယ်။ ဖျားနေတဲ့သူမှာ အစာဖြတ်လိုက်တာနဲ့ အစာအိမ်စင်ကြယ်ပြီး ရောဂါပျောက်သွားသလိုပါပဲ။ အဲဒီလို စိတ်သန္တာန်အစဉ်က စင်ကြယ်သွားတဲ့အတွက် ဒီဘဝကသေတဲ့အခါမှာ စင်ကြယ်ကောင်းမြတ်တဲ့ လူနတ်တို့၏ စိတ်အစဉ် ဆက်ပြီး ဖြစ်သွားတယ်။

(ဝိပဿနာ အခြေခံတရားတော်)

## "တရားက တယ် ရလွယ်တယ်"

မြတ်စွာဘုရား တရားဟောတော်မူတဲ့အခါ တရားနာပရိသတ်တွေဟာ တရားနာရင်းလည်း နှလုံးသွင်းရှုမှတ်ပြီး တရားထူးတွေကို ရရပြီးသွားကြတယ်။

အဲဒီလို တရားရသွားတာတွေဟာ တရားတစ်ပွဲတစ်ပွဲမှာကို အင်မတန် များပါတယ်။ ဂါထာကလေးတစ်ပုဒ်လောက် ဟောတဲ့အခါမှာလည်း ဂါထာအဆုံးမှာ တရားထူးရသွားတဲ့ ဦးရေဟာ မနည်းဘူး။ အဲဒါကို အဋ္ဌကထာက

ဒေသနာပရိယောသာနေ– ဒေသနာတော်၏အဆုံး၌၊ စတုရာသီတိယာ ပါဏာသဟဿာနံ–ရှစ်သောင်းလေးထောင်သောသတ္တဝါတို့အား၊ဓမ္မာဘိသမယော– တရားထူးကို ရခြင်း သိခြင်းသည်။ အဟောသိ– ဖြစ်လေပြီ လို့ ဒီလိုဖော်ပြထားတတ်ပါတယ်။ အဲဒါကိုတွေ့ရတော့ တချို့က ပြောကြတယ် "တရားထူးကတယ်ရလွယ်ပါ့ကလား၊ ဒီအတိုင်းဆိုရင် တယ်လွယ်တာပဲ။ ယခုတော့ အင်မတန်အားထုတ်နေတာတောင် မရနိုင်ဘူး။ ဘာကြောင့် ဒီလောက်ကွာခြားနေရသလဲ" စသည်ဖြင့် သံသယမကင်းတဲ့အနေနဲ့ ပြောတတ်ကြတယ်။

ဒီနေရာမှာ သတိပြုစရာကတော့ အဲဒီလိုပြတဲ့ အဋ္ဌကထာဟာ ဝတ္ထုကြောင်းလောက်သာ ပဓာနပြုပြီး ပြနေတဲ့ အရာဌာနဖြစ်တယ်ဆိုတာရယ်၊ ဝတ္ထုကြောင်းသက်သက် ပြနေရာမှာ တရားထူးရသူတွေ၏ အခြေခံအကြောင်းရင်းတွေ ဖော်ပြရန် မဖြစ်နိုင်ဘူးဆိုတာရယ်၊ ဟောတဲ့ဘုရားရော နာတဲ့သူတွေရော ပုဂ္ဂိုလ်ထူးတွေဖြစ်ကြတယ်ဆိုတာရယ်၊ အဲဒါတွေကို သတိပြုဖို့လိုပါတယ်။

ဓမ္မပဒအဋ္ဌကထာလို ဝတ္ထုကြောင်းလောက်ကိုသာ ပဓာနပြုပြီးတော့ ပြဆိုနေတဲ့အခန်းမှာ တရားအားထုတ်ပုံတွေကို ထည့်သွင်းပြဆိုနေရင် ကျယ်လည်း အလွန်ကျယ်သွားမယ်၊ ကြည့်ရှုသူတို့မှာလည်း တာဝန်လေးသွားမယ်။ ဒါကြောင့် အဲဒီဂါထာစသည်မှ ထုတ်နုတ်ပြီး တရားနာသူတို့ နှလုံးသွင်းပုံကို မပြတော့ဘဲ ထိုဒေသနာနှင့် သင့်လျော်တဲ့ပုဂ္ဂိုလ်တွေမှာ အကျိုးရသွားပုံကိုသာ ပြသွားတယ်လို့လည်း မှတ်သင့်ပါတယ်။ အမှန်ကတော့ အဲဒီလိုတရားနာရင်း တရားထူးရသွားကြတဲ့ပုဂ္ဂိုလ်တွေဟာ တချို့က ရှေးဘဝက ပါရမီထူးပါလာတဲ့ ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ အဲဒီလိုပုဂ္ဂိုလ်တွေဟာ လူချည်းသက်သက်လည်း မဟုတ်ဘူး၊ နတ်တွေ ဗြဟ္မာတွေလည်းပါတယ်။ တချို့ကတော့ ယခုဘဝတွင် ရှေးအဖို့ကတည်းက တရားနာဖူးပြီး တရားအားထုတ်နေကြတဲ့သူတွေဖြစ်တယ်။ အဲဒါဟာ ရက်ကန်းသည်မ့ကလေးဝတ္ထုကို ထောက်ဆပြီး သိနိုင်ပါတယ်။

(ဝိပဿနာ အခြေခံတရားတော်)

## သာသနာမှာ ဈေးဝယ်မမှားဖို့

မြတ်စွာဘုရားကတော့ "ဘဝဆိုရင် ဘယ်ဘဝမှ မကောင်းဘူး၊ ဘဝရှိရင် အိုရမယ်၊ နာရမယ်၊ သေရမယ်၊ စိုးရိမ်ပူဆွေးရမယ်၊ ငိုကြွေးရမယ်၊ ကိုယ်ပင်ပန်းဆင်းရဲရမယ်၊ ဒါကြောင့် ဘဝချုပ်ငြိမ်းရာ နိဗ္ဗာန်ကို အရဟတ္တဖိုလ်ဖြင့်ရောက်အောင် အားထုတ်ရမယ်" လို့ချည်း ဆုံးမညွှန်ကြားနေပါတယ်။ သို့သော်လည်း ဥပေါသထာဆိုတဲ့ အမျိုးသမီးကတော့ နတ်ဘဝဆိုရင် သက်သာရာရပြီး ချမ်းသာပါပြီလို့ နှလုံးသွင်းပြီးတော့ တာဝတိံသာနတ်ပြည်လောက်သာ စိတ်ညွတ်လာခဲ့တယ်။ အရဟတ္တဖိုလ်ရောက်အောင် အားမထုတ်ခဲ့မိဘူးတဲ့။ မူလကတော့ နတ်ပြည်ဆိုရင် မြင့်မြတ်လှပြီလို့ထင်ပြီး တောင့်တခဲ့သော်လည်း ယခု နတ်ပြည်ရောက်တဲ့အခါကျတော့ တရားနဲ့ ဆင်ခြင်ကြည့်လိုက်တဲ့အခါမှာ မူလက ထင်သလောက် မမြင့်မြတ်ဘဲ ဖြစ်နေလို့ "ဟီနေ- ယုတ်ညံ့တဲ့ နတ်ပြည်လောက်" လို့ ရှုတ်ချပြီး လျှောက်ထားပါတယ်၊ အဖိုးတန်ပစ္စည်း ထင်ပြီး ဝယ်ယူလာခဲ့ရာမှာ အိမ်ရောက်လို့ ဖြေဖြန့်ကြည့်တော့မှ အဖိုးတန်မဟုတ်တာကို သိရလို့ စိတ်ပျက်ရတာနဲ့ တူနေပါတယ်။ ဒီတော့ ဘုရားသာသနာမှာ ဈေးဝယ်မမှားဖို့လည်း အရေးကြီးပါတယ်။ အဝယ်မှားသွားရင် ဟိုနတ်ပြည်ရောက်တော့မှ ဥပေါသထာ နတ်သမီးလို နောင်တ ပူပန်နေကြရဦးမယ်။ အဲဒါကိုလဲ သတိပြုကြပေါ့။

ဒီနေရာမှာ "ဒီနတ်သမီးကလည်း ဘာကြောင့် ဒီလောက်ကြီးကြီးကျယ်ကျယ် ချဲ့ပြီးပြောနေရတာလဲ၊ လူ့ဘဝတုန်းက အားမထုတ်ခဲ့မိရင် နတ်ဘဝမှာ အားထုတ်လိုက်ရောပေါ့" လို့ ဒီလိုလည်း စဉ်းစားစရာ ပြောစရာ ရှိပါတယ်။ အဲဒါကတော့ လူ့ပြည်အခြေအနေမျိုးနဲ့ စဉ်းစားတာ၊ နတ်ပြည်မှာ အားထုတ်ဖို့က မလွယ်ပါဘူး။ နတ်ပြည်မှာ နတ်တွေအများက တီးလိုက် မှုတ်လိုက် ကလိုက် ခုန်လိုက် သီချင်းဆိုလိုက်နဲ့ တအုန်းအုန်း တရုန်းရုန်းနဲ့ ဘာမှအလုပ်မရှိဘဲ တပျော်တည်း ပျော်နေကြပါတယ်။ အဲဒီလို ဆူဆူညံညံတွေထဲမှာ ကိုယ်တစ်ယောက်တည်း တရားအားထုတ်လို့ကတော့ မဖြစ်နိုင်ပါဘူး။ လူ့ပြည်မှာလို ဆိတ်ငြိမ်တဲ့အရပ်ရယ်လို့လည်း မရှိဘူး။ ကိုယ်က ဆိတ်ဆိတ်ငြိမ်ငြိမ်နေချင်ပေမယ့်လို့ ကိုယ့်အခြွေအရံ အပေါင်းဖော် မိတ်ဆွေနတ်သား နတ်သမီးတွေက လာကြဦးမယ်။ ယခု လူ့ပြည်မှာတောင်မှ တချို့ယောဂီတွေဟာ ကမ္မဋ္ဌာန်း

ကျောင်းက အိမ်ပြန်ရောက်တဲ့အခါ ဘာမျှကောင်းကောင်း အားမထုတ်နိုင်ကြဘူး၊ အဲဒါကိုသာ ကြည့်ပေတော့။ ဒါကြောင့် ဥပေါသထာက "လူ့ဘဝတုန်းက မြတ်စွာဘုရား အဆုံးအမအတိုင်း အပြည့်အစုံလိုက်နာပြီးတော့ အားမထုတ်ခဲ့ရလို့ သူစိတ်ပူပန်တယ်" ဆိုတာကို လျှောက်ထားတာပဲ။ တို့ဒကာ ဒကာမတွေလည်း အဲဒီဥပေါသထာလို နောင်တတစ်ဖန် မပူပန်ရအောင် ယခုလို အခွင့်ကောင်း ရနေတုန်းမှာ ကြိုးစားအားထုတ်ကြရမယ်။

(ဝိပဿနာ အခြေခံတရားတော်)

## နောက်ဘဝ၌ ဖြစ်မှုနှင့် သဿတအယူ

"ဗုဒ္ဓတရားတော်အရအားဖြင့် ကံအားလျော်စွာ နောက်ဘဝများ၌ ဖြစ်ရတယ်" ဆိုတဲ့ အယူဟာလည်း သဿတအယူနဲ့ မတူပေဘူးလားလို့ မေးစရာ ရှိပါတယ်။ အဖြေကတော့ မတူပါဘူး။ ဘာကြောင့်လဲဆိုရင် ကံအားလျော်စွာ ဘဝသစ်၌ ဖြစ်ရမယ်ဆိုတဲ့ ဗုဒ္ဓတရားတော်က အတ္တကောင်အနေနဲ့ ပြောင်းရွှေ့သွားတာလို့ မဆိုလိုပါဘူး။ မျက်မှောက်ဘဝက ရုပ်နာမ်တစ်စုံတစ်ခုမှ ရွှေ့ပြောင်းသွားတယ်လို့ မဆိုလိုပါဘူး။ ရှေးကံကြောင့် ဘဝသစ်၌ ရုပ်နာမ်အသစ် ဖြစ်သွားတာကိုသာ ဆိုလိုပါတယ်။ သဿတအယူကတော့ ယခုဘဝမှာ ရှိနေတဲ့ အတ္တကောင်ကပဲ နောက်ဘဝသစ်လို့ ပြောင်းရွှေ့သွားတယ်လို့ ဆိုပါတယ်။ ဒါကြောင့် မတူဘူးလို့ ဆိုပါတယ်။

(အနတ္တလက္ခဏာသုတ် တရားတော်)

## ဥစ္ဆေဒအယူနှင့် နိဗ္ဗာန်

နောက်ပြီးတော့ "ရဟန္တာပုဂ္ဂိုလ် ပရိနိဗ္ဗာန်စံသွားတဲ့အခါ ဘဝသစ်ရုပ်နာမ်ခန္ဓာ မဖြစ်တော့ဘဲ ငြိမ်းသွားတယ်" လို့ဆိုတဲ့ ဗုဒ္ဓတရားတော်ဟာ "သေပြီးနောက် ဘာမျှမရှိတော့ဘူး" လို့ဆိုတဲ့ ဥစ္ဆေဒအယူနှင့် မတူပေဘူးလားလို့ မေးစရာရှိပါတယ်။ အဲဒါလည်း မတူပါဘူး။ ဥစ္ဆေဒအယူကတော့ "မသေခင်မှာ အတ္တကောင်အနေနဲ့ ရှိနေတယ်။ သေတဲ့အခါကျတော့ အဲဒီရှိနေတဲ့ အတ္တကောင်ဟာ ပျောက်သွားတယ်" လို့ဆိုပါတယ်။ "အဲဒီလို အတ္တကောင်ပျောက်သွားတာကလည်း ဘာမျှအားမထုတ်ရဘဲ သူ့အလိုလို ပျောက်သွားတယ်" လို့

ယူဆထားပါတယ်။ နောက်ပြီးတော့ ရုပ်ဝါဒသမားစသည်တို့က သူတို့အယူမှာ အတ္တစွဲမရှိဘူးလို့ ထင်နေပေမယ့် သေပြီးရင် ဘာမျှမရှိတော့ဘူး၊ မသေခင်သာ အကောင်းအဆိုးကို ခံစားရတယ်လို့ အယူရှိနေတဲ့အတွက် မသေခင် ခံစားနိုင်တယ်ဆိုတဲ့ အစွဲဟာ အတ္တစွဲပါပဲ။ ဗုဒ္ဓတရားတော်မှာတော့ ရဟန္တာပုဂ္ဂိုလ်မှာ ပရိနိဗ္ဗာန်မပြုမီ ရှေးအဖို့၌လည်း မပြတ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်အလျဉ်မျှသာ ဖြစ်တယ်၊ အတ္တကောင်ရယ်လို့ မရှိဘူး၊ ခံစားတယ်ဆိုတာလည်း အသစ်အသစ်ဖြစ်ဖြစ်နေတဲ့ ဝေဒနာသဘောတရားမျှပဲ။ ပရိနိဗ္ဗာန်စံပြီးတဲ့နောက် ရုပ်နာမ်အသစ် မဖြစ်လာတော့ဘဲ ပြတ်စဲသွားတယ်ဆိုတာကလည်း သူ့အလိုလို ပြတ်စဲသွားတာ မဟုတ်ဘူး။ အရိယမဂ်၏အစွမ်းကြောင့် ကိလေသာနှင့် ကံဆိုတဲ့အကြောင်းတရား ချုပ်ကင်းသွားတယ်။ အဲဒီအကြောင်းတရား ချုပ်ကင်းသွားသောကြောင့် ရုပ်နာမ်အသစ် ဖြစ်မလာတော့ဘဲ ပြတ်စဲသွားတာပဲ။ ဒါကြောင့် ဗုဒ္ဓတရားတော်က ပရိနိဗ္ဗာန်စံပြီး ချုပ်ငြိမ်းပုံဟာ ဥစ္ဆေဒအယူကဆိုထားတဲ့ ပြတ်စဲပုံနှင့် မတူဘူး။ အများကြီး ကွာခြားနေတယ်လို့ မှတ်ရမယ်။

နောက်ပြီးတော့ "သဿတအယူရှိသူစသည်က ဥစ္ဆေဒအယူရှိသူစသည်နှင့် ငြင်းခုံရသလိုပင် ဗုဒ္ဓမြတ်စွာဘုရား၏ အနတ္တဝါဒရှိသူကလည်း အတ္တဝါဒရှိသူနှင့် မငြင်းခုံရပေဘူးလား" လို့လည်း မေးစရာရှိတယ်။ အယူမှန် သမ္မာဒိဋ္ဌိအရ ပြောဟောတာကိုတော့ ငြင်းခုံတယ်လို့ မဆိုရပါဘူး။ အမှန်တရားကို အများသိအောင် ဟောပြောချီးမြှောက်ခြင်းသာ ဖြစ်ပါတယ်။ "အသစ်အဟောင်းပြောင်းလဲပြီး မပြတ်ဖြစ်နေတဲ့ ရုပ်နာမ်အလျဉ်မျှသာ ရှိတယ်။ အမြဲတမ်းတည်နေတဲ့ အတ္တကောင်မရှိဘူး" ဆိုတဲ့ အနတ္တဝါဒဟာ သမ္မာဒိဋ္ဌိ အယူမှန်တရားပဲ။ အဲဒီအမှန်တရားကို ပြောပြတာကတော့ ငြင်းခုံရာမရောက်ပါဘူး။ မသိသေးတဲ့သူများအား အမှန်တရားကို ချီးမြှောက်ရာသာ ရောက်ပါတယ်။ ဒါကြောင့် အနတ္တဝါဒ အယူမှန်ရှိသူကတော့ ငြင်းခုံရဖွယ်ရှိတယ်လို့ မဆိုရပါဘူး။

(အနတ္တလက္ခဏသုတ်တရားတော်)

## သညာနှင့် သတိ

သညာက မှတ်သားတာနဲ့ သတိပဋ္ဌာန်နည်းအရ ဖြစ်ခိုက်ရုပ်နာမ်ကို မှတ်တယ်ဆိုတာ ဘယ်လိုထူးခြားသလဲလို့ မေးစရာ ရှိပါတယ်။ အဖြေကတော့

သညာက မှတ်သားတယ်ဆိုတာက မြင်တိုင်း ကြားတိုင်းစသည် ပေါ်လာသမျှ အာရုံကို မမေ့အောင်လို့ မှတ်စွဲထားတဲ့သဘောပဲ။ သတိပဋ္ဌာန်နည်းအရ မှတ်တာကတော့ ဖြစ်ခိုက်ရုပ်နာမ်တွေကို သူ့သဘောလက္ခဏာနဲ့ အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာအားဖြင့်သိအောင် သတိဉာဏ်ဖြင့် ရှုးစိုက်ပြီး ရှုသိရုံမျှပါပဲ။ ပုံသဏ္ဍာန်အခြေအနေတွေကို မှတ်စွဲထားတဲ့သဘော မဟုတ်ပါဘူး။ ဒါပေမဲ့ သတိဆိုတဲ့ ပါဠိကလည်း မမေ့ဘူး၊ အမှတ်ရတယ်လို့ အနက်ရှိတယ်။ သလ္လက္ခဏာဆိုတဲ့ပုဒ်ကလည်း ကောင်းစွာမှတ်ခြင်းလို့ အနက်ရှိတယ်။ အဲဒီပါဠိဝေါဟာရတို့နှင့် လျော်ညီစွာ ဖြစ်ခိုက်ရုပ်နာမ်ကို မှတ်တယ်လို့ ပြောရတာပဲ။ တည့်တည့်ပြောရရင် ဖြစ်ခိုက် ရုပ်နာမ်ကို အမှန်အတိုင်းသိရအောင် ရှုတာကိုပင် မှတ်တယ်၊ ရှုမှတ်တယ်လို့ ပြောဆိုရတာပဲ။ ဒါကြောင့် သညာက မှတ်စွဲတာနဲ့ သတိပညာဖြင့် ရှုမှတ်တယ်ဆိုတာဟာ အမည်အားဖြင့် ခပ်ဆင်ဆင်တူသော်လည်း အနက်အားဖြင့်တော့ အများကြီး ကွာခြားနေပါတယ်။ ပြောင်းပြန် ဆန့်ကျင်ဘက် ကွာခြားနေတယ်လို့လည်း ဆိုနိုင်ပါတယ်။

(အနတ္တလက္ခဏာသုတ်)

## နတ်ပြဟ္မာတို့ ရှိ မရှိ

နတ်တို့ ဗြဟ္မာတို့ဆိုတာကို တချို့က သူတို့ကိုယ်တိုင် မတွေ့ဖူးတဲ့အတွက် မယုံကြည်နိုင်ဘဲ ရှိနေတတ်ကြပါတယ်။ အဲဒါဟာ နတ်တွေ ဗြဟ္မာတွေကို မြင်နိုင်တဲ့ဉာဏ် မရှိကြလို့ အသိအမြင် အဆင့်အတန်း နိမ့်နေကြလို့ပါပဲ။ သူတို့ကတော့ သူတို့ဟာ သူတို့စဉ်းစားဆင်ခြင်ဉာဏ် အဆင့်မြင့်နေလို့ မယုံကြည်တာလို့ ဆိုကောင်းဆိုကြပေလိမ့်မယ်။ ဒါပေမဲ့ အမှန်အားဖြင့်တော့ အနောက်နိုင်ငံမှာ လေယာဉ်ပျံပေါ်ခါစတုန်းက အရှေ့နိုင်ငံက လူအချို့ မယုံကြည်တာမျိုးပါပဲ။ ယခုနေအခါမှာ လကမ္ဘာကို အာကာသယာဉ်ဖြင့် ရောက်တယ်ဆိုတာ မယုံကြည်ကြတာနဲ့လည်း တူပါတယ်။

နတ်တွေ ဗြဟ္မာတွေဆိုတာ မြတ်စွာဘုရားက ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့သိပြီး ဟောထားတာပဲ။ အဲဒါကို ဟုတ်မှန်ကြောင်း အဘိညာဉ်ရပုဂ္ဂိုလ် ရဟန္တာပုဂ္ဂိုလ်များက ထောက်ခံထားလျက်ရှိနေတာပဲ။ မြတ်စွာဘုရားက အဲဒီနတ်တွေ ဗြဟ္မာတွေထက် မြင့်မြတ်သိမ်မွေ့တဲ့ တရားကိုလည်း ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့သိ

ပြီး ဟောထားတာပဲ။ အဲဒါကို ဉာဏ်ထူးရှိတဲ့ ရဟန္တာအရှင်မြတ်တွေက သူတို့၏ ကိုယ်တွေ့အနေဖြင့် ထောက်ခံထားတာပဲ။ အဲဒီတော့ နတ်တွေ ဗြဟ္မာတွေလောက် တောင် မမြင်မသိနိုင်လို့ မယုံကြည်ကြတာဟာ အသိဉာဏ် အဆင့်အတန်း နိမ့်နေသေးလို့ပါပဲ။

အထက်နတ်ပြည်လောကတွေမှာ နတ်တွေက လူထက် များစွာသာလွန်ပြီး အသက်ရှည်ကြတယ်။ အဲဒါကို သာမန်လူတွေက မသိကြဘူး။ သိတော်မူကြတဲ့ ဘုရား ရဟန္တာအရှင်မြတ်တွေက ဟောကြားထားတဲ့အတိုင်း မှတ်ယူကြရတယ်။ ဉပမာအားဖြင့် ယခုခေတ်မှာ သိပ္ပံပညာတွေက တိုးတက်နေတယ်၊ သိပ္ပံပညာတိုးတက်နေတဲ့ ပုဂ္ဂိုလ်တွေက ကမ္ဘာလောကအကြောင်းကို အမျိုးစုံ စမ်းသပ်ကြည့်ကြတယ်။ အခြားလူတွေကတော့ ကိုယ်တိုင်မတွေ့မသိရပေမယ့် သိပ္ပံပညာရှင်တွေ စမ်းသပ်တွေ့ရှိထားတဲ့အချက်တွေကို သူတို့ပြောပြတဲ့အတိုင်းပင် မှတ်ရတယ်၊ နေ အစရှိသော ဂြိုဟ်တွေ၏ အတိုင်းအထွာ ပမာဏတွေ၊ ကမ္ဘာမြေကြီး၏ အတိုင်းအထွာ ပမာဏတွေ၊ နေနှင့်အကွာအဝေး ပမာဏတွေ၊ အဲဒီဂြိုဟ်အားလုံး လည်နေပုံတွေ၊ အခြားနေစကြဝဠာတွေ ဒီလိုဟာတွေကို သိပ္ပံပညာရှင်တွေက သူတို့နည်းဖြင့် တွက်ချက်တိုင်းတာပြီး ပြထားကြတယ်။ **အဲဒါတွေကို ကိုယ်တိုင် မတွေ့မသိရပေမယ့် သူတို့ပြောပြတဲ့အတိုင်းပဲ အများက ယုံကြည်သိမှတ်နေကြရတယ်။ ဘာကြောင့် ဒီလိုယုံကြည်ရသလဲဆိုတော့ မိမိတို့ ကိုယ်တိုင်က သူတို့လို မသိရပေမယ့် သင့်လျော်သော ဆင်ခြင်ဉာဏ်ရှိတဲ့အတွက် ဟုတ်ပေလိမ့်မယ်လို့ ယုံကြည်ကြရတာပါပဲ။**

အဲဒီလိုပါပဲ။ ဗုဒ္ဓမြတ်စွာဘုရားက ကိုယ်တိုင်တွေ့သိမြင်ပြီးမှ ဟောထားတဲ့ နတ် ဗြဟ္မာလောကအကြောင်းတွေကိုလည်း ဘုရားဟောတော်မူတဲ့အတိုင်း ယုံကြည်သင့်တာပါပဲ။ ဘာကြောင့်လဲဆိုတော့ ကိုယ်ကိုယ်တိုင်က မသိနိုင်ပေမယ့် သင့်လျော်တဲ့ ဆင်ခြင်ဉာဏ်ဖြင့် ယုံကြည်ထိုက်တဲ့အတွက် ဟောတော်မူတဲ့အတိုင်း ဟုတ်ပေလိမ့်မယ်လို့ ယုံကြည်ရတာပါပဲ။ ကိုယ်တိုင်တွေ့ပြီး သိချင်ရင်တော့ သိနိုင်အောင် အားထုတ်နည်းတွေလည်း ရှိပါတယ်။ အဲဒီနည်းတွေဖြင့် ဈာန် အဘိညာဉ်တွေကို ရအောင် အားထုတ်လို့ပြည့်စုံရင် အဘိညာဉ်ဖြင့် ကိုယ်တိုင်ပင် သိမြင်နိုင်ပါတယ်။ အဲဒီလို သိနိုင်တဲ့နည်းတွေ ရှိပါလျက်နဲ့ အဲဒါတွေကို အားမထုတ်ဘဲ ကိုယ်က မသိတာနဲ့ မယုံဘူးဆိုရင် အဲဒါကတော့ နေရာမကျဘူး။

(တက္ကသိုလ်ဝိပဿနာတရားတော်)

## "အဆင့်အတန်းမတူရာမှာ ကိုယ်နှင့်နှိုင်းရင် ရှိုင်းသည်"

တချို့က ဒီလိုပြောကြတယ်။ "ကိုယ်တိုင် မတွေ့ရင် မယုံနိုင်ဘူး"တဲ့။ အဲဒါဟာ ကိုယ်က မသိတာလို သူများလည်း မသိဘူးလို့ ထင်မှတ်ပြီး ပြောတာပဲ။ ကိုယ်နှင့်နှိုင်း မရှိုင်းဘူးဆိုတာ အဆင့်အတန်းတူတဲ့သူ အချင်းချင်းမှာသာ မှန်တယ်၊ အဆင့်အတန်းမတူတဲ့သူနဲ့ တန်းတူပြုပြီး နှိုင်းယှဉ်တော့ သိပ်လွဲတာပဲ။ ဥပမာ ထုတ်ပြမယ်၊ ဂဏန်းသင်္ချာကို မသင်ကြားဖူး မလေ့လာဖူးတဲ့သူက ဂဏန်းသင်္ချာဘက်မှာ ပါရဂူမြောက် တတ်သိနေတဲ့လူကို ငါလိုပါပဲ၊ ဂဏန်းတွက်ရာမှာ ငါ့ထက် ပိုပြီး မတတ်မသိပါဘူးလို့ တန်းတူပြုပြီး နှိုင်းယှဉ်ရင် အများကြီး လွဲမှားသွားမယ် မဟုတ်ပါလား။ ဒါလိုပါပဲ၊ လောကအကြောင်းကို တကယ်သိပြီး ဟောထားတာကို ကိုယ်တိုင်က မသိတာနဲ့ ဟောတဲ့ပုဂ္ဂိုလ်ကို မိမိနဲ့ တန်းတူပြုပြီး မယုံကြည်ဘဲနေရင် အများကြီး လွဲမှားသွားပါတယ်။ ဒါကြောင့် မြတ်စွာဘုရား ဟောထားတဲ့အတိုင်း နတ်တွေ ဗြဟ္မာတွေ ရှိတယ်ဆိုတာ မိမိကိုယ်တိုင်တွေ့အားဖြင့် မသိပေမယ့် မြတ်စွာဘုရားက သိမြင်ပြီး ဟောထားတာပဲလို့ ယုံကြည်မှတ်သားရပါတယ်။ အဲဒီနတ် ဗြဟ္မာတွေထက် မြင့်မြတ်တဲ့တရားတွေကို ဟောထားတာလည်း ရှိပါသေးတယ်။ တကယ်သိချင်ရင် အဲဒီဟောထားတဲ့ဟာတွေကို ကိုယ်တိုင်သိနိုင်အောင် လေ့လာဖို့လိုပါတယ်။ လေ့လာရင် သိလည်းသိနိုင်ပါတယ်။ မြတ်စွာဘုရား တရားတော်က ကိုယ်တိုင်တွေ့မြင်နိုင်တဲ့ တရားတော်ဖြစ်ပါတယ်။ ဒါကြောင့် "သန္ဒိဋ္ဌိကော- ကျင့်ကြံအားထုတ်က မုချကိုယ်တိုင်တွေ့မြင်နိုင်သော တရားတော်မြတ်ပဲ" လို့ ဒီလိုလည်း ချီးကျူးပြီး ဟောထားပါတယ်။

(တက္ကသိုလ်ဝိပဿနာတရားတော်)

## အတ္တကို ဘုရားက မပယ်ဘူးလား

ခန္ဓာငါးပါးကို ဘာရ ဝန်ထုပ်ခေါ်တယ်၊ ပုဂ္ဂိုလ်ကို ဝန်ထမ်းသူခေါ်တယ်လို့ ဆိုထားတဲ့အတွက် ခန္ဓာတခြား ပုဂ္ဂိုလ်က တခြားလား၊ ခန္ဓာမှ အလွတ်ဖြစ်တဲ့ ပုဂ္ဂိုလ်ဆိုတာ အသီးအခြား ရှိပါသလားလို့ မေးစရာ ရှိပါတယ်။ ယခုကာလမှာ အတ္တစွဲရှိတဲ့လူတွေကတော့ ဒီလိုဒေသနာစကားမျိုးကို ရှာဖွေပြီး ပုဂ္ဂိုလ် သတ္တဝါ

အတ္တဆိုတာတွေကို ဘုရားက မပယ်ကြောင်း၊ ခန္ဓာမှ အလွတ် ပုဂ္ဂိုလ် သတ္တဝါ အတ္တဆိုတာ ရှိကြောင်း ပြောဆိုရေးသားတတ်ကြတယ်။ အဲဒါကတော့ သူတို့ရဲ့ စွမ်းရည်သတ္တိကို ဖော်ပြရုံမျှရှိတာပါပဲ။ မြတ်စွာဘုရား ဟောတဲ့ တရားတော်က အနတ္တတရားဖြစ်ကြောင်း အင်မတန်ထင်ရှားနေပါတယ်။ သာသနာအပြင်က ပုဂ္ဂိုလ်တွေ ကြံစည်ယူဆထားတဲ့ အတ္တကို လုံးလုံးလျားလျား ပယ်တဲ့တရားတော် ဖြစ်ပါတယ်။ အကယ်၍ အဲဒီအတ္တကို မပယ်ဘူးဆိုရင် ဘုရားဟောတဲ့တရား ဟာ အဲဒီသာသနာပပုဂ္ဂိုလ်တွေရဲ့ ဝါဒနဲ့ တူနေမှာပေါ့။ ဒီလိုဆိုရင် ဘုရားပွင့်ဖို့ တောင် မလိုပါဘူး။ အမှန်ကတော့ သာသနာပ ပုဂ္ဂိုလ်တွေရဲ့ဝါဒက ခန္ဓာငါးပါး ကိုပင် အတ္တလို့ဆိုတာလည်း ရှိတယ်။ ခန္ဓာငါးပါးက အတ္တမဟုတ်ဘူး၊ အတ္တက သီးခြားအထည်ဒြပ်တစ်ခုလို့ ဆိုတာလည်းရှိတယ်။ မြတ်စွာဘုရား တရားတော်ကတော့ ခန္ဓာငါးပါးလည်း အတ္တမဟုတ်ဘူး။ ခန္ဓာငါးပါးမှ အလွတ် သီးခြားအတ္တရယ်လို့ဆိုတာလည်း ရှိကိုမရှိဘူးလို့ ပြတ်ပြတ်သားသား ဟောထား တဲ့တရား ဖြစ်ပါတယ်။ ဒါပေမဲ့ လောကဝေါဟာရအတိုင်း ဟောသင့်တဲ့အရာမှာ တော့ ပြောရိုးပြောစဉ်အရအားဖြင့် ပုဂ္ဂိုလ် သတ္တဝါလို့ ဟောထားပါသေးတယ်။ အဲဒါကတော့ ဒီခန္ဓာငါးပါးကိုပဲ ခေါ်ဝေါ်ရုံမျှနဲ့ ဟောတာပါပဲ။

(ဘာရသုတ္တန်)

## အများနားလည်အောင်

ပုဂ္ဂိုလ်ရယ်လို့ အသီးအခြား မရှိပါဘဲနဲ့ ဘာကြောင့် ဒီလိုဟောရပါသလဲ လို့ မေးစရာ ရှိပါတယ်။ လောကမှာ လူအများက ပုဂ္ဂိုလ်လို့ အသိအမှတ်ပြု ပြီး ပုဂ္ဂိုလ်လို့ ပြောဆိုနေကြတဲ့အတွက် ဒီလိုဟောမှပဲ အများက နားလည် ကြမယ်၊ ဒီလိုမဟောဘဲ ခန္ဓာဝန်ကို ခန္ဓာတွေက ဆောင်နေတယ်လို့ ဟောရင် နားလည်ကြမှာမဟုတ်ဘူး။ ဒါကြောင့် လောကဝေါဟာရအတိုင်းပဲ ဟောတော်မူ ခြင်း ဖြစ်ပါတယ်။

(ဘာရသုတ္တန်)

## သိပ္ပံပညာနဲ့ ပြိတ္တာ

ဘုရား မိန့်ခွန်းတော်ထဲမှာ "ငါ၏ တပည့်သာဝကများ ဉာဏ်မျက်စိ ရှိကြပါပေစွ၊ သက်သေအရာ တည်ကြပါပေစွ" ဆိုတဲ့စကားရပ်ဖြင့် ဒီလိုပြိတ္တာ

ကို သာမန်ပုဂ္ဂိုလ်တွေ မမြင်နိုင်ဘူး၊ ထူးခြားတဲ့ အဘိညာဉ်မျက်စိရှိတဲ့ပုဂ္ဂိုလ် ထူးများသာ မြင်နိုင်တယ်ဆိုတဲ့အကြောင်း သိရပါတယ်။ ဒါကြောင့် ယခုခေတ် သိပ္ပံပညာဖြင့် မတွေ့ရတာနဲ့ ဒီလိုသတ္တဝါမျိုး မရှိဘူးလို့ မငြင်းပယ်သင့်ဘူး ဆိုတာ နားလည်သင့်ပါတယ်။

နောက်ပြီးတော့ မြတ်စွာဘုရားက ကိုယ်တော်တိုင် တွေ့မြင်ပြီးဖြစ်ပေမယ့် သက်သေမရှိရင် တချို့က အထောက်အထားမရှိဘူးဆိုပြီး ပယ်ကြလိမ့်မယ်။ အဲဒီလို ပုဂ္ဂိုလ်တွေအား အကုသိုလ်မဖြစ်စေလိုတဲ့အတွက် မပြောကြားဘဲ နေခဲ့တယ်။ အရှင်မဟာမောဂ္ဂလာန် သက်သေအရာတည်တော့မှ ထုတ်ဖော်ပြီး ပြောကြားတယ်ဆိုတဲ့ အဓိပ္ပါယ်ရှိတဲ့ စကားရပ်ဖြင့်လည်း ကိုယ်မတွေ့တိုင်း ငြင်းပယ်ပြီး အပြစ်ပြောရင် အကုသိုလ်ပွားပြီး အပါယ်လားနိုင်တယ်ဆိုတာကို လည်း သဘောပေါက်သင့်ပါတယ်။

(ဘာရသုတ္တန်)

## ''ရှုမှတ်ရုံနဲ့ အတ္တစွဲပြုတ်ကြောင်း''

တချို့ကလည်း ဒီလိုဖြစ်ခိုက် ရုပ်နာမ် ရှုမှတ်နေရုံနဲ့ မပြည့်စုံသေးဘူးလို့ ထင်ကြတယ်။ ရုပ်ရယ် နာမ်ရယ်လို့ စဉ်းစားဆင်ခြင်လိုက်ရမှ ဖြစ်တယ် ပျက်တယ်လို့ ဆင်ခြင်လိုက်ရမှ ပြည့်စုံတယ်လို့ ထင်နေကြတယ်။ အမှန်ကတော့ ဆင်ခြင်တယ်ဆိုတာ ကိုယ်တိုင်သိတဲ့ဉာဏ် မဟုတ်ပါဘူး။ စာပေကျမ်းဂန်အရ ဖြစ်စေ၊ ကစ်ဆင့်ကြားရလို့ဖြစ်စေ၊ မှတ်ထားတဲ့အတိုင်း မှန်းဆပြီး ဆင်ခြင်နေ တာပဲ။ သညာသိမျှပဲ ဖြစ်ပါတယ်။ ကိုယ်တိုင်သိဉာဏ်အစစ် မဖြစ်ပါဘူး။ ဒါကြောင့် စာကျက်ပြီး မှတ်နေတာမျိုးလောက်ပဲ ရှိပါတယ်။ သိပ်ခရီးမရောက် နိုင်ပါဘူး။ ယခုပြောခဲ့တဲ့ ဖြစ်ခိုက် ဖြစ်ခိုက် လိုက်ပြီးမပြတ်ရှုနေတာကမှ ကိုယ်ပိုင်ဉာဏ်ဖြင့်တွေ့ပြီး ကိုယ်တိုင်သိ ဉာဏ်ဖြစ်တာ။ ဥပမာ ခြံဝင်းတံခါးပေါက် ကဖြစ်စေ၊ ရွာတံခါးပေါက်ကဖြစ်စေ စောင့်ပြီးကြည့်နေရင် ဝင်တိုင်း ထွက်တိုင်း လူတွေကို တွေ့ပြီး သေသေချာချာ သိရတယ်။ စာပေကျမ်းဂန်အရဖြစ်စေ၊ တစ်ဆင့်ကြား စကားအရဖြစ်စေ စဉ်းစားဆင်ခြင်နေဖို့ မလိုပါဘူး။

တစ်နည်းဥပမာအားဖြင့် လမ်းဘေးမှာ ကြည်လင်တဲ့မှန်ကို ထောင်ထား ပါ။ လူဖြစ်စေ၊ ကားဖြစ်စေ လာလာသမျှတွေဟာ အဲဒီမှန်ထဲမှာ သူ့ပုံမှန်အတိုင်း ပဲ ထင်ပေါ်ထင်ပေါ်သွားကြမယ်၊ အဲဒါလိုပါပဲ ဒွါရ ၆ ပါးက ပေါ်လာသမျှတွေ

ကို သတိဉာဏ်နဲ့စောင့်ပြီး ရှုမှတ်နေရင် ရုပ်နာမ် သဘောတရားတွေဟာ သူ့ပုံမှန်အတိုင်းပဲ ထင်ပေါ်ထင်ပေါ်သွားကြပါတယ်။

(ဘာရသုတ္တန်)

## "ဒါနထဲ ဝိပဿနာအတု သဘာဝမကျ"

တချို့က ဝိပဿနာအတုအပ ရှုပြီး လှူလျှင် ပိုကောင်းတယ်လို့ ထင်မှတ်ပြီးတော့ "အနိစ္စ ဒုက္ခ အနတ္တ ရုပ်နာမ်ခန္ဓာမျှဖြစ်သော အကျွန်ုပ်တို့က အနိစ္စ ဒုက္ခ အနတ္တ ရုပ်နာမ်မျှဖြစ်သော အလှူခံပုဂ္ဂိုလ်တို့အား အနိစ္စ ဒုက္ခ အနတ္တရုပ်တရားမျှဖြစ်သော လှူဖွယ်တို့ကို လှူပါကုန်၏ဆိုတဲ့ ဝေါဟာရမျိုးဖြင့် ရေစက်ချလှူတာကို ကြားရဖူးပါတယ်။ အဲဒါဟာ "ဘဂဝါ– မြတ်စွာဘုရားသည်၊ ဒက္ခိဏာ ဝိသုဒ္ဓိဒီပနတ္ထံ၊ အလှူ၏ စင်ကြယ်ခြင်းအကျိုးကြီးခြင်းကို ပြခြင်းအကျိုးငှာ၊ ပုဂ္ဂလကထံ၊ ပုဂ္ဂိုလ်အနေဖြင့် ပြောဆိုသောစကားကို။ ကထေတိ၊ ဟောတော်မူတယ်" ဆိုတဲ့ ဒီအဋ္ဌကထာစကား (အံ၊ ဋ္ဌ ၁၇၅) နှင့် မညီဘူး။ သေသေချာချာ စဉ်းစားကြည့်ရင်လည်း သဘာဝမကျဘူး။ ဘယ်လိုလဲဆိုရင် ပေးလှူတာဟာ ပေးလှူမှု၏အကျိုးကို အလိုရှိလို့ပဲ မဟုတ်လား။ ဝိပဿနာရှုဖို့ လှူတာတော့ မဟုတ်ပေဘူး၊ ဝိပဿနာရှုဖို့ဆိုရင် ပစ္စည်းတွေ အကုန်ခံပြီး လှူနေဖို့တောင် မလိုပါဘူး။ ဆိတ်ငြိမ်ရာမှာ နေပြီး ရှုနေရုံနဲ့ ဝိပဿနာကုသိုလ်တွေ အများကြီးလည်း ဖြစ်နိုင်ပါတယ်။ ထက်ထက်သန်သန်လည်း ဖြစ်နိုင်ပါတယ်။ အလှူရေစက်ချနေတုန်း တစ်မိနစ်လောက် အချိန်ပိုင်းကလေး ရှုတာနဲ့ဆိုရင် အများကြီး ကွာခြားပါတယ်။ အမှန်စင်စစ်ကတော့ ပေးလှူတဲ့အခါမှာ ဒါနကုသိုလ် ထက်ထက်သန်သန်ဖြစ်ဖို့က လိုရင်းပါပဲ။ ဒါကြောင့် ပေးလှူတဲ့အခါမှာ အနုမောဒနာတရားကို ဟောနေကြရတာပဲ။ ဒါနကုသိုလ် ထက်သန်စေချင်လျှင် အလှူခံပုဂ္ဂိုလ်တို့၏ မြင့်မြတ်တဲ့သီလအစရှိသော ဂုဏ်ကျေးဇူးတွေကို ဆင်ခြင်ဖို့လည်း လိုပါတယ်။ မိမိတို့လှူတဲ့ ဝတ္ထုက ကောင်းမြတ်ပြီး အလှူခံပုဂ္ဂိုလ်တို့မှာ အသုံးကျပုံ ကျေးဇူးများပုံကို ဆင်ခြင်ဖို့လည်း လိုပါတယ်။ အဲဒီလို ဆင်ခြင်ပါမှ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ထက်သန်တဲ့ ကုသိုလ်တွေ များစွာဖြစ်ပွားနိုင်ပါတယ်။ အကယ်၍ အလှူခံပုဂ္ဂိုလ်တွေဟာ ရုပ်နာမ်သဘော တရားမျှပဲလို့လည်း ဆင်ခြင်မယ်၊ ဆင်ခြင်တဲ့အတိုင်း

ကို သာမန်ပုဂ္ဂိုလ်တွေ မမြင်နိုင်ဘူး၊ ထူးခြားတဲ့ အဘိညာဉ်မျက်စိရှိတဲ့ပုဂ္ဂိုလ်ထူးများသာ မြင်နိုင်တယ်ဆိုတဲ့အကြောင်း သိရပါတယ်။ ဒါကြောင့် ယခုခေတ်သိပ္ပံပညာဖြင့် မတွေ့ရတာနဲ့ ဒီလိုသတ္တဝါမျိုး မရှိဘူးလို့ မငြင်းပယ်သင့်ဘူးဆိုတာ နားလည်သင့်ပါတယ်။

နောက်ပြီးတော့ မြတ်စွာဘုရားက ကိုယ်တော်တိုင် တွေ့မြင်ပြီးဖြစ်ပေမယ့်သက်သေမရှိရင် တချို့က အထောက်အထားမရှိဘူးဆိုပြီး ပယ်ကြလိမ့်မယ်။ အဲဒီလို ပုဂ္ဂိုလ်တွေအား အကုသိုလ်မဖြစ်စေလိုတဲ့အတွက် မပြောကြားဘဲနေခဲ့တယ်။ အရှင်မဟာမောဂ္ဂလာန် သက်သေအရာတည်တော့မှ ထုတ်ဖော်ပြီးပြောကြားတယ်ဆိုတဲ့ အဓိပ္ပါယ်ရှိတဲ့ စကားရပ်ဖြင့်လည်း ကိုယ်မတွေ့တိုင်းငြင်းပယ်ပြီး အပြစ်ပြောရင် အကုသိုလ်ပွားပြီး အပါယ်လားနိုင်တယ်ဆိုတာကိုလည်း သဘောပေါက်သင့်ပါတယ်။

(ဘာရသုတ္တန်)

## "ရှုမှတ်ရုံနဲ့ အတွဲစွဲပြုတ်ကြောင်း"

တချို့ကလည်း ဒီလိုဖြစ်ခိုက် ရုပ်နာမ် ရှုမှတ်နေရုံနဲ့ မပြည့်စုံသေးဘူးလို့ထင်ကြတယ်။ ရုပ်ရယ် နာမ်ရယ်လို့ စဉ်းစားဆင်ခြင်လိုက်ရမှ ဖြစ်တယ် ပျက်တယ်လို့ ဆင်ခြင်လိုက်ရမှ ပြည့်စုံတယ်လို့ ထင်နေကြတယ်။ အမှန်ကတော့ဆင်ခြင်တယ်ဆိုတာ ကိုယ်တိုင်သိတဲ့ဉာဏ် မဟုတ်ပါဘူး။ စာပေကျမ်းဂန်အရဖြစ်စေ၊ ကစ်ဆင့်ကြားရလို့ဖြစ်စေ၊ မှတ်ထားတဲ့အတိုင်း မှန်းဆပြီး ဆင်ခြင်နေတာပဲ။ သညာသိမျှပဲ ဖြစ်ပါတယ်။ ကိုယ်တိုင်သိဉာဏ်အစစ် မဖြစ်ပါဘူး။ ဒါကြောင့် စာကျက်ပြီး မှတ်နေတာမျိုးလောက်ပဲ ရှိပါတယ်။ သိပ်ခရီးမရောက်နိုင်ပါဘူး။ ယခုပြောခဲ့တဲ့ ဖြစ်ခိုက် ဖြစ်ခိုက် လိုက်ပြီးမပြတ်ရှုနေတာကမှကိုယ်ပိုင်ဉာဏ်ဖြင့်တွေ့ပြီး ကိုယ်တိုင်သိ ဉာဏ်ဖြစ်တာ။ ဥပမာ ခြံဝင်းတံခါးပေါက်ကဖြစ်စေ၊ ရွာတံခါးပေါက်ကဖြစ်စေ စောင့်ပြီးကြည့်နေရင် ဝင်တိုင်း ထွက်တိုင်းလူတွေကို တွေ့ပြီး သေသေချာချာ သိရတယ်။ စာပေကျမ်းဂန်အရဖြစ်စေ၊ တစ်ဆင့်ကြား စကားအရဖြစ်စေ စဉ်းစားဆင်ခြင်နေဖို့ မလိုပါဘူး။

တစ်နည်းဥပမာအားဖြင့် လမ်းဘေးမှာ ကြည်လင်တဲ့မှန်ကို ထောင်ထားပါ။ လူဖြစ်စေ၊ ကားဖြစ်စေ လာလာသမျှတွေဟာ အဲဒီမှန်ထဲမှာ သူ့ပုံမှန်အတိုင်းပဲ ထင်ပေါ်ထင်ပေါ်သွားကြမယ်၊ အဲဒါလိုပါပဲ ဒွါရ ၆ ပါးက ပေါ်လာသမျှတွေ

ကို သတိဉာဏ်နဲ့စောင့်ပြီး ရှုမှတ်နေရင် ရုပ်နာမ် သဘောတရားတွေဟာ သူ့ပုံမှန်အတိုင်းပဲ ထင်ပေါ်ထင်ပေါ်သွားကြပါတယ်။

(ဘာရသုတ္တန်)

## ''ဒါနထဲ ဝိပဿနာအတု သဘာဝမကျ''

တချို့က ဝိပဿနာအတုအပ ရှုပြီး လှူလှူင် ပိုကောင်းတယ်လို့ ထင်မှတ်ပြီးတော့ ''အနိစ္စ ဒုက္ခ အနတ္တ ရုပ်နာမ်ခန္ဓာမျှဖြစ်သော အကျွန်ုပ်တို့က အနိစ္စ ဒုက္ခ အနတ္တ ရုပ်နာမ်မျှဖြစ်သော အလှူခံပုဂ္ဂိုလ်တို့အား အနိစ္စ ဒုက္ခ အနတ္တရုပ်တရားမျှဖြစ်သော လှူဖွယ်တို့ကို လှူပါကုန်၏ဆိုတဲ့ ဝေါဟာရမျိုးဖြင့် ရေစက်ချလှူတာကို ကြားရဖူးပါတယ်။ အဲဒါဟာ ''ဘဂဝါ- မြတ်စွာဘုရားသည်၊ ဒက္ခိဏာ ဝိသုဒ္ဓိဒီပနတ္ထံ၊ အလှူ၏ စင်ကြယ်ခြင်းအကျိုးကြီးခြင်းကို ပြခြင်းအကျိုးငှာ၊ ပုဂ္ဂလကထံ၊ ပုဂ္ဂိုလ်အနေဖြင့် ပြောဆိုသောစကားကို။ ကထေတိ၊ ဟောတော်မူတယ်'' ဆိုတဲ့ ဒီအဋ္ဌကထာစကား (အံ၊ ဋ္ဌ ၁၇၅) နှင့် မညီဘူး။ သေသေချာချာ စဉ်းစားကြည့်ရင်လည်း သဘာဝမကျဘူး။ ဘယ်လိုလဲဆိုရင် ပေးလှူတာဟာ ပေးလှူမှု၏အကျိုးကို အလိုရှိလို့ပဲ မဟုတ်လား။ ဝိပဿနာရှုဖို့ လှူတာတော့ မဟုတ်ပေဘူး၊ ဝိပဿနာရှုဖို့ဆိုရင် ပစ္စည်းတွေ အကုန်ခံပြီး လှူနေဖို့တောင် မလိုပါဘူး။ ဆိတ်ငြိမ်ရာမှာ နေပြီး ရှုနေရုံနဲ့ ဝိပဿနာကုသိုလ်တွေ အများကြီးလည်း ဖြစ်နိုင်ပါတယ်။ ထက်ထက်သန်သန်လည်း ဖြစ်နိုင်ပါတယ်။ အလှူရေစက်ချနေတုန်း တစ်မိနစ်လောက် အချိန်ပိုင်းကလေး ရှုတာနဲ့ဆိုရင် အများကြီး ကွာခြားပါတယ်။ အမှန်စင်စစ်ကတော့ ပေးလှူတဲ့အခါမှာ ဒါနကုသိုလ် ထက်ထက်သန်သန်ဖြစ်ဖို့က လိုရင်းပါပဲ။ ဒါကြောင့် ပေးလှူတဲ့အခါမှာ အနုမောဒနာတရားကို ဟောနေကြရတာပဲ။ ဒါနကုသိုလ် ထက်သန်စေချင်လျှင် အလှူခံပုဂ္ဂိုလ်တို့၏ မြင့်မြတ်တဲ့သီလအစရှိသော ဂုဏ်ကျေးဇူးတွေကို ဆင်ခြင်ဖို့လည်း လိုပါတယ်။ မိမိတို့လှူတဲ့ ဝတ္ထုက ကောင်းမြတ်ပြီး အလှူခံပုဂ္ဂိုလ်တို့မှာ အသုံးကျပုံ ကျေးဇူးများပုံကို ဆင်ခြင်ဖို့လည်း လိုပါတယ်။ အဲဒီလို ဆင်ခြင်ပါမှ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ထက်သန်တဲ့ ကုသိုလ်တွေ များစွာဖြစ်ပွားနိုင်ပါတယ်။ အကယ်၍ အလှူခံပုဂ္ဂိုလ်တွေဟာ ရုပ်နာမ်သဘော တရားမျှပဲလို့လည်း ဆင်ခြင်မယ်၊ ဆင်ခြင်တဲ့အတိုင်း

လည်း စိတ်ထဲဉာဏ်ထဲ ထင်နေမယ်ဆိုရင်တော့ သီလမဲ့ အလှူခံနှင့် သီလရှိ အလှူခံဟာ ထူးခြားဖွယ်မရှိတော့ပါဘူး။ ဂုဏ်မဲ့အလှူခံနဲ့ ဂုဏ်ရှိအလှူခံဟာ လည်း ထူးခြားဖွယ်မရှိတော့ပါဘူး။ ဘာကြောင့်လဲဆိုလျှင် သီလမဲ့ရော သီလရှိ ရော၊ ဂုဏ်မဲ့ရော ဂုဏ်ရှိရော ရုပ်နာမ်သဘောတရားမျှချည်း ဖြစ်တဲ့အတွက် ကြောင့်ပါပဲ။ နောက်ပြီးတော့ လှူဖွယ်ဝတ္ထုကို ခဏမစဲ ဖြစ်ပျက်နေတဲ့ ရုပ်တရား မျှပဲလို့ ဆင်ခြင်တဲ့အတိုင်း တကယ်ထင်နေလျှင် အသုံးမကျ အဖိုးမတန်တဲ့ ကျောက်ခဲ သဲအမှိုက်တွေနဲ့ အတူတူဖြစ်နေတော့မှာပဲ။ ဒါကြောင့် ပေးလှူရမှုနှင့် စပ်ပြီး ဘာမျှဝမ်းမြောက်ဖွယ်ရှိမည် မဟုတ်တော့ဘူး။ ဝမ်းမြောက်ဖွယ်မရှိတော့ ဒါနကုသိုလ်ဟာလည်း ထက်ထက်သန်သန် ဖြစ်ဖို့မရှိတော့ဘူး။

ဒီနေရာမှာ တချို့က ဒီလိုချေပကြတယ်။ "ဒါနထက် ဝိပဿနာက သာပြီး မြတ်တဲ့အတွက် အကျိုးကြီးပါတယ်" လို့ ချေပကြပါတယ်။ အဲဒီလို ဆိုရင် မလှူဘဲနဲ့ သက်သက် ဝိပဿနာရှုနေရင်ကော အကျိုးမကြီးပေဘူးလား၊ ပေးလှူဖို့ ကြောင့်ကြစိုက်နေရတဲ့အတွက် ဝိပဿနာရှုဖို့ အချိန်တွေ လျော့သွား တယ်လို့ မဆိုသင့်ပေဘူးလားလို့ ဒီလိုလည်း စဉ်းစားကြည့်သင့်ပါတယ်။ အမှန်ကတော့ ဒါနပြုတာဟာ ဝိပဿနာရှုဖို့မဟုတ်ဘူး၊ ဒါန၏ အကျိုးတွေကို သာ အလိုရှိလို့ ပြုတာပဲဖြစ်ပါတယ်။ ဒါန၏အကျိုးကို အလိုရှိတဲ့အတွက် အဲဒီ ဒါနကုသိုလ်ထက်သန်အောင် နှလုံးသွင်းဆင်ခြင်ဖို့သာ လိုပါတယ်။ ဒါ ကြောင့် မြတ်စွာဘုရားက အလှူဒါနစင်ကြယ်ပုံ အကျိုးကြီးပုံကိုပြတဲ့အခါမှာ ပုဂ္ဂိုလ်အနေနဲ့သာ ဟောတော်မူခဲ့တယ်။

(ဘာရသုတ္တန်)

## "ရုပ် နာမ် ခန္ဓာတွေ ချမ်းသာကြပါစေ" လို့ မေတ္တာပို့လို့ရသလား

ခန္ဓာတွေက ခန္ဓာတွေကို ချမ်းသာကြပါစေလို့ မေတ္တာပို့ကြတယ်၊ ဆင်းရဲ မှ လွတ်ကြပါစေလို့ ကရုဏာပွားကြတယ်စသည်ဖြင့် ပြောလျှင် နားမလည်နိုင် ဘူး။ ရဟန်းပုဂ္ဂိုလ်က၊ ဥပါသကာက၊ ဥပါသိကာမက သတ္တဝါတွေကို ချမ်းသာ ကြပါစေလို့ မေတ္တာပို့တယ်။ သတ္တဝါတွေ ဆင်းရဲမှ လွတ်ကြပါစေလို့ ကရုဏာ ပွားတယ် စသည်ဖြင့် ပြောမှ နားလည်နိုင်တယ်။ ဒါကြောင့် မြတ်စွာဘုရား

ဟာ ဗြဟ္မဝိဟာရခေါ်တဲ့ ဗြဟ္မစိုရ်တရားပွားပုံကို ပြလိုတဲ့အခါမှာ ဗြဟ္မစိုရ်တရားပွားတဲ့ ကတ္တားပုဂ္ဂိုလ်ကိုရော၊ အပွားခံရတဲ့ ကံ ပုဂ္ဂိုလ်ကိုရော ပုဂ္ဂိုလ်အနေနဲ့သာ ဟောတော်မူပါတယ်။ ဒီနေရာမှာ ဒေသနာနည်းကို မသိနားမလည်တဲ့သူအချို့က ပရမတ်နဲ့က ပိုကောင်းတယ်ထင်ပြီးတော့ ရုပ်နာမ်ခန္ဓာတွေ ချမ်းသာကြပါစေလို့ ဒီလို မေတ္တာပို့နေတာလည်း ကြားရဖူးတယ်။ အဲဒီလိုတော့ မေတ္တာမပို့ရဘူး၊ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့သာ ပို့ရပါတယ်။ ဒါကြောင့် သဗ္ဗေသတ္တာစသည်ဖြင့် သာမညအနေနဲ့ရော၊ သဗ္ဗာ ဣတ္ထိယော စသည်ဖြင့် ဝိသေသအနေနဲ့ရော မေတ္တာပို့ပုံကို ပညတ်ဖြင့်သာ ဟောထားပါတယ်၊ နောက်ပြီးတော့ မေတ္တာအစရှိသော ဒီဗြဟ္မစိုရ်ကမ္မဋ္ဌာန်းက သတ္တဝါပညတ်ကိုသာ အာရုံပြုပါတယ်။ ရုပ်နာမ်ခန္ဓာ ပရမတ်ကို အာရုံပြုရိုး မရှိပါဘူး။ အဲဒါဟာ စဉ်းစားကြည့်ရုံနဲ့လည်း သဘောပေါက်နိုင်ပါတယ်။ ရုပ်နာမ်ခန္ဓာ ပရမတ် သဘောတရားမျှအနေနဲ့ ထင်နေလျှင် မြေကြီးခဲ ကျောက်ခဲများလိုပဲ ထင်နေရမှာပေါ့။ မြေကြီးခဲ ကျောက်ခဲတွေနဲ့စပ်ပြီး ချမ်းသာပါစေလို့ မေတ္တာပွားသင့်ပါမည်လား၊ ကရုဏာဖြင့် သနားသင့်ပါမည်လား၊ မုဒိတာဖြင့် ဝမ်းမြောက်သင့်ပါမည်လား၊ မေတ္တာ ကရုဏာ မုဒိတာ မပွားသင့်ကြောင်း ထင်ရှားပါတယ်။ ဘာကြောင့်လဲ၊ အသက်ဝိညာဉ်မရှိတဲ့ ဓာတ်သဘောမျှ ဖြစ်နေလို့ပါပဲ။ အဲဒီမြေကြီးခဲ ကျောက်ခဲတွေမှာလိုပင် ပရမတ်သဘောတရားတွေမှာ မေတ္တာ ကရုဏာ မုဒိတာပွားဖို့ အခွင့်မရှိကြောင်း ထင်ရှားပါတယ်။ ဒါကြောင့် မေတ္တာအစရှိတဲ့ ဗြဟ္မစိုရ်တရားကို ပွားရင် ပုဂ္ဂိုလ် သတ္တဝါအနေနဲ့သာ ပွားရတယ်ဆိုတာ တထစ်ချ မှတ်ထားကြရမယ်။

(ဗြဟ္မဝိဟာရတရားတော်)

## သံဃိကဒါနမြောက်အောင် လှူတတ်ဖို့

ယခုနေအခါမှာ "တပည့်တော်အိမ် သံဃာတစ်ပါး ဆွမ်းအလှူခံကြွပါ ဘုရား၊ နှစ်ပါး ကြွပါဘုရား၊ သုံးပါး ကြွပါဘုရား၊ ဆယ်ပါး ကြွပါဘုရား စသည်ဖြင့် ပင့်ပြီး သံဃာထံက လွှတ်လိုက်လို့ ကြွလာတဲ့ ရဟန်းတော်များအား သံဃာအနေနဲ့ အာရုံပြုပြီး လှူဒါန်းတဲ့ ဒါနမျိုးပါပဲ။ အဲဒီဒါနမျိုးမှာ ပင့်စဉ်ကလည်း မည်သည့်ပုဂ္ဂိုလ်ကိုမျှ မရည်ရွယ်ဘဲ သံဃာတော်သာမညကိုသာ

အာရုံပြုဖို့ လိုပါတယ်။ သံဃာတော်ဘက်ကလည်း တာဝန်ရှိတဲ့ပုဂ္ဂိုလ်က ထေရ်စဉ် ဝါစဉ်အရဖြစ်စေ မဲချ၍ဖြစ်စေ ကျရာပုဂ္ဂိုလ်ကို စေလွှတ်ဖို့ လိုပါတယ်။ ကြွလာတဲ့အခါ ရှင်သာမဏေကလေးပဲ ဖြစ်ဖြစ်၊ ရဟန်းငယ်ကလေးပဲ ဖြစ်ဖြစ်၊ ကြည်ညိုဖွယ်မရှိတဲ့ ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် သံဃာ၏ကိုယ်စားလှယ် သံဃာတော်ပဲလို့ အာရုံပြုပြီး ရိုရိုသေသေ လှူတတ်ဖို့ လိုပါတယ်။

ဥပမာအားဖြင့် ဆင်းတုတော် စေတီတော်များရှေ့မှာ ဆီမီး ပန်းနံ့သာ စသည်ဖြင့် ပူဇော်တဲ့အခါမှာ ဆင်းတုတော် စေတီတော်များကတော့ အာရုံပြုရုံလောက်ပါပဲ။ တကယ်ပူဇော်တာကတော့ ဘုရားအစစ်ကို ပူဇော်တာဖြစ်ပါတယ်။ အဲဒီလိုပါပဲ၊ ဒကာ့အိမ် ကြွလာတဲ့ ကိုယ်တော်ကတော့ သံဃာအနေနဲ့ အာရုံပြုဖို့ ကိုယ်စားပါပဲ။ တကယ်လှူတာကတော့ ဘုရားတပည့် သံဃာတော်အားလုံးကို လှူတာဖြစ်ပါတယ်။ ရဟန်းယောကျ်ား သံဃာသက်သက်အား လှူတယ်စသည်ဖြင့် ဆိုရမှာလည်း ဒီနည်းအတိုင်းပါပဲ။ မျက်မှောက်မှာ ရှိတဲ့ သံဃာကတော့ အာရုံပြုရုံမျှပါပဲ။ တကယ်လှူတာကတော့ မြတ်စွာဘုရား၏ တပည့်အပေါင်း သံဃာအားလုံးအား လှူခြင်းဖြစ်ပါတယ်။ ဒါကြောင့် သံဃိက ဒါနက အကျိုးကြီးတာ။ သို့သော် သုံးဆောင်ရာမှာတော့ မြတ်စွာဘုရား၏ ဝိနည်း ပညတ်တော်အရအားဖြင့် အနီးမျက်မှောက်မှာရှိတဲ့ ရဟန်းများကသာ သုံးဆောင် ရပါတယ်။

ဥပမာ ဆွမ်းခံကြွနေတဲ့ ကိုယ်တော်အား "သံဃဿ ဒေမိ– သံဃာအား လှူပါ၏" လို့ဆိုပြီး ဆွမ်း၊ မုန့်၊ ဟင်း စသည်ကို လှူလိုက်ရင် လှူတဲ့သူမှာ သံဃာအားလုံးအား လှူတဲ့ သံဃိကဒါနဖြစ်တယ်၊ သို့သော် အဲဒီဆွမ်းခံပုဂ္ဂိုလ်က (မယံ ပါပုဏာတိ) ဒီ ပစ္စည်းဟာ ငါ့အား ရောက်၏လို့ဆိုပြီး သိမ်းပိုက်လိုက်ရင် အဲဒီကိုယ်တော်တစ်ပါးတည်း အပိုင်ဖြစ်ပြီး သူ့သဘောအတိုင်း သုံးစွဲနိုင်ပါတယ်။ အဲဒါဟာ "ဘုရားအစစ်ကို အာရုံပြုပြီး ဆင်းတုတော်ရှေ့မှာ ဆီမီးပူဇော်ထားရင် ဘုရားအစစ်ကို ပူဇော်ခြင်းတော့ ဖြစ်ပါတယ်၊ ဒါပေမဲ့ မီးရောင်ကတော့ ဆင်းတုတော်အနီးမှာသာ လင်းတယ်" ဆိုတာနှင့်တူပါတယ်။ အဲဒီလို "သံဃာအား လှူပါ၏" လို့ဆိုပြီး လောင်းလှူလိုက်တဲ့ ဆွမ်း မုန့် ဟင်းများကို ငါ့အား ရောက်တယ်လို့ မသိမ်းပိုက်ဘဲ ကျောင်းကို ယူလာခဲ့ရင်တော့ ကျောင်းရှိ သံဃာအားလုံးနဲ့ဆိုင်တယ်၊ သံဃာအားလုံးဝေပြီး သုံးဆောင်ရတယ်။ ဒါကြောင့် ဒကာဘက်ကရော၊ အလှူခံပုဂ္ဂိုလ်ဘက်ကရော သံဃိက

ဒါနမြောက်အောင် လှူတတ်ဖို့၊ လက်ခံသိမ်းပိုက်တတ်ဖို့ အရေးကြီးပါတယ်။ အထူးသတိပြုသင့်ပါတယ်။

(ဘာရသုတ္တန်တရားတော်)

## နဂါးက လူ့အသွင် ဖန်ဆင်းနိုင်ပါ့မလား

ဘုန်းကြီးတို့၏ ဘုရားအလောင်းတော်ဟာ တစ်ခုသောဘဝတုန်းက စမ္ပာမြစ်အနီး အရပ်၌ ဆင်းရဲသားတစ်ယောက် ဖြစ်ခဲ့တယ်။ အဲဒီအခါတုန်းက အင်္ဂနှင့် မဂဓ နှစ်တိုင်းကို အုပ်စိုးတဲ့မင်းက စမ္ပာမြစ်မှာ ကြီးစိုးနေတဲ့ စမ္ပေယျ နဂါးမင်းကို တစ်နှစ်တစ်ကြိမ် တိုင်းသူပြည်သားများနှင့်တကွ အကြီးအကျယ် ပူဇော်ပွဲပြုလုပ်တယ်။ စမ္ပေယျ နဂါးမင်းကလည်း လူ့အသွင်ဖန်ဆင်းထားတဲ့ နဂါးပရိသတ်နှင့်တကွ ထင်ရှားပြပြီး တခမ်းတနား အပူဇော်ခံသတဲ့။ အဲဒါဟာ ယခုခေတ် အချို့လူတွေအနေနဲ့ဆိုရင်တော့ ယုတ္တိမရှိဘူးလို့ ဆိုချင်လည်း ဆိုပေလိမ့်မယ်။ ဒါပေမဲ့ ယခုခေတ်မှာပဲ တချို့လူတွေဟာ ဥစ္စာစောင့်တွေနဲ့ တွေ့ကြရပုံကို ထောက်ဆကြည့်ရင်တော့ တစ်ရံတစ်ခါ ဖြစ်နိုင်တယ်လို့ ဆိုဖွယ် ရာရှိပါတယ်။ ဘာကြောင့်လဲဆိုရင် ရှေးရှေးတုန်းက မဖြစ်ခဲ့ဖူးတဲ့ မီးရထား၊ မော်တော်ကား၊ လေယာဉ်ပျံ၊ ဒုံးပျံစသည်တွေဟာ ယခုခေတ်မှာ အထူးအဆန်း ဖြစ်ပေါ်လာကြသလို ဟိုရှေးခေတ်တုန်းကလည်း ယခုခေတ်မှာ မဖြစ်တာတွေ တစ်ရံတစ်ခါ ထူးထူးဆန်းဆန်း ဖြစ်နိုင်တယ်လို့ ယူသင့်ပါတယ်။

(ဘာရသုတ္တန်)

## "ဟသ်ာတို့ လ နေ အထံသွားကြသည်" ဟူရာဝယ်

ခေတ်လူတို့အနေဖြင့် စဉ်းစားဝေဖန်ဖွယ်ရှိသော အချက်တို့ကိုလည်း ဤသို့ ရှင်းပြထားပေသည်။ "ဟသ်ာတို့ လ နေ အထံ သွားကြသည်" ဟူသော ဤစကားကို ယခုခေတ် လူအချို့က စဉ်းစားဝေဖန်ဖွယ်ရှိ၏။ အကြောင်းမူကား ယခုခေတ် အာကာသစူးစမ်းရေး သိပ္ပံပညာရှင်တို့က ကမ္ဘာမြေနှင့် လ မိုင်ပေါင်း ၂၄၀, ၀၀၀ (နှစ်သိန်းလေးသောင်း) ခန့် ကွာဝေးသည်ဟူ၍လည်းကောင်း၊ ကမ္ဘာမြေနှင့် နေ မိုင်ပေါင်း ၉၂, ၈၉၇၀၀၀ (ကိုးကုဋေနှစ်သန်း ရှစ်သိန်း) ခန့်ကွာသည် ဟူ၍လည်းကောင်း ခိုင်လုံသော အထောက်အထားများ

နှင့်တကွ ပြောဆိုကြ၏။ ထိုအဆိုကို ယခုခေတ် ပညာရှိများက လက်ခံကြ၏။ ထို့ပြင် အမေရိကတိုက် ဖလော်ရီဒါကျွန်းဆွယ် ကနေဒီအငူမှ (၁၆၊ ၇၊ ၆၉) ရက်၌ အလွန်မြန်သော ဒုံးပျံအဆင့်ဆင့်နှင့် အာကာသယာဉ်တို့ဖြင့် လသို့ လေ့လာခဲ့ပြီးနောက် ပြန်လာကြရာ (၂၄၊ ၇၊ ၆၉) ၌ ကမ္ဘာမြေပြင် ပစိဖိတ်သမုဒ္ဒရာထဲသို့ ချောမောစွာ ပြန်ရောက်ကြသည်။ ထိုသို့သွားကြပုံ၊ ရောက်ကြပုံ၊ လပေါ်၌ လေ့လာနေကြပုံ၊ ပြန်လည် ရောက်ကြပုံများကို အချို့က မျက်မြင်ဖြစ်၍ အချို့က တစ်ဆင့်ကြားဖြင့် အများပင် လက်ခံအသိအမှတ်ပြုထားကြ၏။

လသို့သွားသော အဆိုပါ ဒုံးပျံယာဉ်တို့၏ အမြန်နှုန်းဖြင့် နေ သို့သွားလျှင် ရက်ပေါင်း တစ်ထောင့်ငါးရာကျော်ကြာမှ နေ သို့ရောက်ဖွယ်ရှိ၏။ ဤသို့သော အကြောင်းများကြောင့် ယခုခေတ် လူအချို့က အဆိုပါစကားကို စဉ်းစားဝေဖန်ဖွယ် ရှိနေပေသည်။ သို့သော် ယောနိသော မနသိကာရဖြင့် သင့်လျော်အောင် ယူလိုလျှင် "ထိုရှေးခေတ်အခါက အိန္ဒိယနှင့် သီဟိုဠ်နိုင်ငံတို့၌ ပျံ့နှံ့ ထင်ရှား၍ အများက အသိအမှတ်ပြုလျက် လက်ခံထားသော ပုံပြင်မှယူ၍ နားလည်လွယ်စေရန် ဤအရာ၌ ဥပမာအဖြစ်ထားသည်" ဟူ၍သော်လည်းကောင်း၊ "ဟံသာတို့က လ နေတို့အထံ ရောက်အောင် ပျံတက်နိုင်သည်ကို မဆိုလို၊ သူတို့၏အားကို စမ်းသောအားဖြင့် လ နေတို့ဆီသို့ အားစွမ်းရှိသမျှ ပျံတက်စမ်းကြသည်ကိုသာ ဆိုလိုသည်" ဟူ၍ သော်လည်းကောင်း ယူရာ၏။

(ဝိသုဒ္ဓိမဂ် မြန်မာပြန်)

## နတ်ပြည်တွေမှာလည်း စကားကွဲပြားနေကြမှာပဲ

ဒီသုတ်ကို မြတ်စွာဘုရား ဟောတော်မူစဉ်အခါတုန်းက နတ်ဗြဟ္မာပရိသတ်တွေက အလွန်ပဲများပါတယ်။ နတ်တွေကလည်း တစ်မျိုးတည်းမဟုတ်ဘူး၊ ဗြဟ္မာတွေကလည်း တစ်မျိုးတည်းမဟုတ်ဘူး၊ အမျိုးပေါင်းများစွာ ရှိနေကြပါတယ်။ လူ့ပြည်က တစ်နိုင်ငံတည်းမှာတောင်မှ ဟိုအရပ်နဲ့ ဒီအရပ်ဟာ စကားချင်း မတူကြဘူး။ ဟိုနိုင်ငံနဲ့ ဒီနိုင်ငံဆိုတော့ စကားပြောလို့တောင် အများအားဖြင့် မဖြစ်တော့ဘူး။ အဲဒီလိုပါပဲ နတ်တွေမှာလည်း ဟိုနတ်ပြည်နဲ့ ဒီနတ်ပြည်ဟာ အသုံးအနှုန်းဝေါဟာရတွေ ကွဲပြားနေကြမှာပဲ။ အများအားဖြင့်

အချင်းချင်း စကားပြောလို့ ဖြစ်ဖွယ်မရှိပါဘူး။ အဲဒါကြောင့် မြတ်စွာဘုရားက တချို့တချို့ အနက်အဓိပ္ပါယ်ခပ်တူတူ စကားတွေကို ထပ်ပြီးဟောထားတာ ဖြစ်ပါလိမ့်မယ်။

(နိဗ္ဗာန်ဆိုင်ရာ တရားတော်)

## ဘဝမပြောင်းဘဲ အခြေအနေမျှသာပြောင်း

သောတာပန်ဖြစ်သည်နှင့်တစ်ပြိုင်နက် မြေဘုတ်တစ္ဆေဘဝက အခြေအနေတွေ အကုန်ပြောင်းလဲပြီး နတ်ကောင်းနတ်မြတ်အခြေအနေမျိုးနဲ့ ပြည့်စုံသွားတယ်။ ရုပ်အဆင်းတွေလည်း လှပတင့်တယ်ပြီး အဝတ်အဆင်တန်ဆာတွေလည်း ပြည့်စုံသွားတယ်။ စားစရာတွေလည်း နတ်သြဇာ အစာကောင်းကို ရသွားကြတယ်။ သမီးဖြစ်သူ ဥတ္တရာကတော့ ငယ်သေးတဲ့အတွက် တရားကို မနာနိုင်လို့ တရားထူးမရဘူး။ ဒါပေမဲ့ သူ့အမေ၏ကံကြောင့် အဲဒီဥတ္တရာလည်း နတ်ကောင်း အနေ အသုံးအဆောင်မျိုး ရသွားပါသတဲ့။ အဲဒါဟာ တရားနာလို့ တရားထူးရပြီး တစ္ဆေမြေဘုတ်ဘဝမှ နတ်ကောင်းနတ်မြတ် အခြေအနေနဲ့ ပြည့်စုံပြီး ကောင်းစားချမ်းသာသွားပုံပါပဲ။ အဲဒီမှာ တစ္ဆေဘဝကသေပြီး နတ်ဖြစ်သွားတယ်လို့တော့ မမှတ်ကြနဲ့။ ဘဝမပြောင်းဘဲနဲ့ ရုပ်အဆင်းစသည် အခြေအနေမျှသာ ပြောင်းလဲသွားတယ်လို့ မှတ်ရမယ်။

(နိဗ္ဗာန်ဆိုင်ရာ တရားတော်)

## ဈာန်နှင့်အလားတူ

ယခု တရားအားထုတ်နေကြတဲ့ အချို့ယောဂီတွေလည်း မိမိတို့သန္တာန်က ရုပ်နာမ်တွေကို ရှုမှတ်နေရင်း သင်္ခါရုပေက္ခာဉာဏ်ဆီ ရောက်နေတဲ့အခါမှာ ကိုယ်ကြီးတစ်ခုလုံး ပျောက်နေပြီး ဟင်းလင်းပြင် ကောင်းကင်ထဲမှာ ကြည်လင်တဲ့ စိတ်ကလေးသာ အဆင့်ဆင့်ဖြစ်နေတာကို တွေ့ကြရတယ်။ အဲဒါဟာ အာကာသာနဉ္စာယတနဈာန်လို့တော့ မဆိုနိုင်ဘူး။ ဒါပေမဲ့ အဲဒီဈာန်နဲ့အလားတူတဲ့ ဝိပဿနာစိတ် အထူးလို့တော့ ဆိုနိုင်ပါတယ်။

နေဝသညာနာသညာယတနစိတ်ကတော့ လောကီတရားထဲမှာ အမြင့်မြတ်ဆုံးပဲ။ အလွန်လည်း သိမ်မွေ့တယ်။ သညာမရှိတော့သလို ထင်ရလောက်

အောင် သိမ်မွေ့တယ်။ သညာသာမဟုတ်ဘူး။ ဖဿ၊ ဝေဒနာ၊ စေတနာ၊ စိတ်စသည်တွေလည်း မရှိတော့သလို ထင်ရလောက်အောင် သိမ်မွေ့တယ်။ ဒီစိတ်မျိုးကို ယခုနေအခါ ဗုဒ္ဓသာသနာအပြင်ကလူတွေ သိကြဟန်မတူပါဘူး။ သင်္ခါရုပေက္ခာဉာဏ်ရောက်နေတဲ့ အချို့ယောဂီများကတော့ ဒီစိတ်နဲ့ အလားတူတဲ့ အလွန်သိမ်မွေ့တဲ့ ဝိပဿနာစိတ်ကို တွေ့ကြရပါတယ်။ မသိတသိ ဖြစ်ပြီး နေတယ်လို့ ပြောတတ်ကြတယ်။

(နိဗ္ဗာန်ဆိုင်ရာ တရားတော်)

## ဝမ်းဗိုက်၏ဖောင်းမှု ပိန်မှု ရှုမှတ်မှုနှင့်စပ်၍ ပါဠိ အဋ္ဌကထာ ဋီကာတို့နှင့်အညီ ရှင်းလင်းချက်များ

**ပါဠိတော်အရ ယူသင့်ပုံ**

ဤအရာ၌ ပရဝါဒီ ပုဂ္ဂိုလ်တစ်ဦးက ဖောင်းမှု ပိန်မှုကို ဦးတည်၍ စွပ်စွဲထားသောကြောင့် ဖောင်းမှု ပိန်မှုကိုပင် ပဓာနပြု၍ ရှင်းပြပါအံ့။

ဝမ်းဗိုက်၏ ဖောင်းခြင်း ပိန်ခြင်းသည် ဝါယောဓာတ်လွန်ကဲသော ရုပ်အပေါင်းဖြစ်သောကြောင့် ခန္ဓာအားဖြင့် ရူပက္ခန္ဓာ၌ အတွင်းဝင်၏။ အာယတနအားဖြင့် ဖောဋ္ဌဗ္ဗာယတန၌ အတွင်းဝင်၏။ ဓာတ် ၁၈ ပါးတို့တွင် ဖောဋ္ဌဗ္ဗဓာတ်၌ အတွင်းဝင်၏။ ဓာတ်ကြီးလေးပါးတို့တွင် ဝါယောဓာတ်ဖြစ်၏။ သစ္စာအားဖြင့် ဒုက္ခသစ္စာ၌ အတွင်းဝင်၏။ ဤရူပက္ခန္ဓာ၊ ဖောဋ္ဌဗ္ဗာယတန၊ ဖောဋ္ဌဗ္ဗဓာတ်၊ ဝါယောဓာတ်၊ ဒုက္ခသစ္စာတို့သည် မုချ ဝိပဿနာရှုအပ်သော တရားရှုကောင်းသောတရားသာလျှင် ဖြစ်သည်။ မရှုကောင်းသောတရားမဟုတ်ပေ။ ထို့ကြောင့် ဖောင်းမှု ပိန်မှုကို အနိစ္စ ဒုက္ခ အနတ္တ ထင်မြင်အောင် ရှုခြင်းသည် ခန္ဓဒေသနာ အာယတနဒေသနာ စသော ထိုထိုဘုရားဟောပါဠိတော်တို့နှင့် ညီညွတ်၍ ဘုရားအလိုတော်ကျ ဖြစ်သည်သာလျှင်တည်း။ ပါဠိတော်တို့နှင့် ညီညွတ်ပုံကို အကျဉ်းချုပ် ထုတ်ပြပြီးအံ့။

## ညီညွတ်ပုံ ထုတ်ပြချက်

ဝမ်းဗိုက်၏ ဖောင်းခိုက် ပိန်ခိုက်၌ ထင်ရှားသော တောင့်တင်းလှုပ်ရှားမှုများသည် ဝါယောဓာတ်၊ ဖောဋ္ဌဗ္ဗရုပ်ဖြစ်သောကြောင့် "ဖောင်းသည်၊ ပိန်သည်" ဟု ရှုလျက် ၎င်းတောင့်တင်းလှုပ်ရှားမှုတို့ကို မှန်ကန်စွာသိခြင်းသည်

ရူပံ ဘိက္ခဝေ ယောနိသော မနသိ ကရောထ၊ ရူပါနိစ္စတဉ္စ ယထာဘူတံ သမနုပဿထ–

ရဟန်းတို့ရုပ်ကို သင့်လျော်မှန်ကန်စွာ နှလုံးသွင်းကြ၊ ရှုကြကုန်လော့၊ ရုပ်၏ မမြဲခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ ရှုကြကုန်လော့။ (သံ ၂- ၄၂)

အနိစ္စညေ၀ ဘိက္ခဝေ ဘိက္ခု ရူပံ အနိစ္စန္တိ ပဿတိ၊ သာဿ ဟောတိ သမ္မာဒိဋ္ဌိ–

ရဟန်းတို့၊ ရဟန်းတို့သည် မမြဲသည်သာလျှင်ဖြစ်သော ရုပ်ကို မမြဲဟု ရှုမြင်၏။ ထိုရဟန်း၏ ထိုရှုမြင်ခြင်းသည် သမ္မာဒိဋ္ဌိ အမြင်မှန်ပေတည်း။

(သံ ၂၄၂)

ဤသို့ အစရှိသော ခန္ဓသံယုတ် ဒေသနာ ပါဠိတော်တို့နှင့်လည်း ညီညွတ်၏။ မဟာ သတိပဋ္ဌာနသုတ်လာ ခန္ဓဓမ္မာနုပဿနာ၌လည်း အတွင်းဝင်၏။ ထို့ပြင်

ဖဿဋ္ဌေ ဘိက္ခဝေ ယောနိသော မနသိ ကရောထ၊ ဖဿဋ္ဌာနိစ္စတဉ္စ ယထာဘူတံ သမနုပဿထ–

ရဟန်းတို့၊ တွေ့ထိရသော အာရုံတို့ကို သင့်လျော်မှန်ကန်စွာ နှလုံးသွင်းကြ၊ ရှုကြကုန်လော့။ တွေ့ထိရသော အာရုံတို့၏ မမြဲခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ ရှုကြကုန်လော့။

(သံ ၂- ၃၅၅)

အနိစ္စေယေဝ ဘိက္ခဝေ ဘိက္ခု ဖဿဋ္ဌေ အနိစ္စာတိ ပဿတိ၊ သာဿ ဟောတိ သမ္မာဒိဋ္ဌိ–

ရဟန်းတို့၊ ရဟန်းသည် မမြဲသည်သာလျှင် ဖြစ်ကုန်သော တွေ့ထိရသော အာရုံတို့ကို မမြဲကုန်ဟု ရှုမြင်၏။ ထိုရဟန်း၏ ထိုရှုမြင်ခြင်းသည် သမ္မာဒိဋ္ဌိ အမြင်မှန်ပေတည်း။

(သံ ၂- ၃၅၅)

ဖဿဋ္ဌေ အဘိဇာနံ ပရိဇာနံ ဝိရာဇယံ ပဇဟံ ဘဗ္ဗော ဒုက္ခက္ခယာယ–

ရဟန်းတို့၊ တွေ့ထိရသောအာရုံတို့ကို ရှေးရှုသိလျှင် ပိုင်းခြားသိလျှင် တပ်မက်ပြယ်စေလျှင် ပယ်စွန့်လျှင် ဆင်းရဲကုန်ခြင်းငှာ (ဆင်းရဲကုန်ရာ အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ) ထိုက်ပေ၏။

(သံ ၂- ၂၅၀)

ဖောဋ္ဌဗ္ဗေ အနိစ္စတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ– အဝိဇ္ဇာကို ပယ်အပ်၏။ (အဝိဇ္ဇာ ပျောက်ကင်း၏) ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်၏။

(သံ ၂– ၂၅၉)

ဤကဲ့သို့အစရှိသော သဠာယတနသံယုတ် ဒေသနာ ပါဠိတော်တို့နှင့်လည်း ညီညွတ်၏။ မဟာသတိပဋ္ဌာနသုတ်လာ အာယတန ဓမ္မာနုပဿနာ၌လည်း အတွင်းဝင်၏။ ထို့ပြင်

ယာ စေဝ ခေါ ပန အဇ္ဈတ္တိကာ ဝါယောဓာတု၊ ယာ စ ဗာဟိရာ ဝါယောဓာတု၊ ဝါယောဓာတုရေဝေသာ၊ တံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ" တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ–

အကြင်ကိုယ်တွင်း ဝါယောဓာတ်သည်လည်းကောင်း၊ အကြင်ကိုယ်ပ ဝါယောဓာတ်သည်လည်းကောင်း ရှိ၏။ ယင်း ၂ မျိုးလုံးသည် ဝါယောဓာတ် ချည်းသာတည်း။ ယင်းဝါယောဓာတ်ကို "ဤသည်ကား ငါ့ဥစ္စာမဟုတ်၊ ဤသည်ကား ငါ မဟုတ်၊ ဤသည်ကား ငါ၏ အတ္တမဟုတ်"ဟု ဤသို့ အမှန်သိသောပညာဖြင့် ဟုတ်တိုင်းမှန်စွာ ရှုမြင်အပ်၏။

(မ ၂– ၈၅၊ မ ၃–၂၈၅)

ဤသို့ အစရှိသော ဓာတု ဒေသနာပါဠိတော်တို့နှင့်လည်း ညီညွတ်၏။ မဟာသတိပဋ္ဌာနသုတ်လာ ဓာတုမနသိကာရ ကာယာနုပဿနာ၌လည်း အတွင်းဝင်၏။ ထို့ပြင် ဝမ်းဗိုက်၏ တောင့်တင်းလှုပ်ရှားမှု ဝါယောရုပ်သည် ရုပ်ဥပါဒါနက္ခန္ဓာ၊ ဒုက္ခ သစ္စာတရားဖြစ်သောကြောင့်

ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ပဉ္စုပါဒါနက္ခန္ဓာတိဿ ဝစနီယံ–

ရဟန်းတို့၊ ဒုက္ခအရိယ သစ္စာဟူသည် အဘယ်နည်း၊ ဥပါဒါနက္ခန္ဓာ ငါးပါးဟူ၍ ဖြေဆိုအပ်၏။

(သံ ၃– ၃၇၃)

ဒုက္ခံ ဘိက္ခဝေ အရိယသစ္စံ ပရိညေယျံ–

ရဟန်းတို့၊ ဒုက္ခအရိယသစ္စာကို ပိုင်းခြားသိအပ်၏။ (သံ ၃– ၃၈၂)

ဤသို့ အစရှိသော သစ္စာဒေသနာ ပါဠိတော်တို့နှင့်လည်း ညီညွတ်၏။ မဟာသတိပဋ္ဌာနသုတ်လာ အရိယသစ္စဓမ္မာနုပဿနာ၌လည်း အတွင်းဝင်၏။

အထက်ပါ သာဓကပါဠိတို့ဖြင့် ဝမ်းဗိုက်၏ ဖောင်းမှု ပိန်မှုဟုခေါ်သော တောင့်တင်းလှုပ်ရှားမှုကို ရှုအပ်ကြောင်းလည်း ထင်ရှား၏။ ထို ဖောင်းမှု

ပိန်မှုကို ရှုခြင်းဖြင့် မှန်ကန်စွာ သိမြင်သောကြောင့် မဂ်ဖိုလ်နိဗ္ဗာန်သို့လည်း ဆိုက်ရောက်နိုင်ကြောင်းလည်း ထင်ရှား၏။

သီလဝတာဝုသော ကောဋ္ဌိက ဘိက္ခုနာ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော ဒုက္ခတော။ ပ။ အနတ္တတော ယောနိသော မနသိကာတဗ္ဗာ။ ဌာနံ ခေါ ပနေတံ အာဝုသော ဝိဇ္ဇတိ ယံ သီလဝါ ဘိက္ခု ဣမေ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော၊ ဒုက္ခတော။ ပ။ အနတ္တတော ယောနိသော မနသိကရောန္တော သောတာပတ္တိဖလံ သစ္ဆိကရေယျ။ ပ။ သကဒါဂါမိဖလံ သစ္ဆိကရေယျ။ ပ။ အနာဂါမိဖလံ သစ္ဆိကရေယျ။ ပ။ အရဟတ္တဖလံ သစ္ဆိကရေယျ။

(သံ ၂-၁၃၆)

ငါ့ရှင် ကောဋ္ဌိက၊ သီလနှင့်ပြည့်စုံသော ရဟန်းသည် ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို အနိစ္စ ဒုက္ခ။ ပ။ အနတ္တဟု နည်းလမ်းမှန်စွာ နှလုံးသွင်းအပ်၊ ရှုအပ်၏။ ငါ့ရှင် ကောဋ္ဌိက၊ သီလနှင့်ပြည့်စုံသော ရဟန်းသည် ဤဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို အနိစ္စ ဒုက္ခ။ ပ။ အနတ္တဟု နည်းလမ်းမှန်စွာ နှလုံးသွင်းလျှင် ရှုလျှင် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုနိုင်ရန်အကြောင်း ရှိပေ၏။ ပ။ သောတာပန်သည် သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုနိုင်ရန်၊ သကဒါဂါမ်သည် အနာဂါမိဖိုလ်ကို မျက်မှောက်ပြုနိုင်ရန်၊ အနာဂါမ်သည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ရန်အကြောင်း ရှိပေသည်။ (မြန်မာပြန်)

အထက်ပါ သီလဝန္တသုတ်ဖြင့် ဥပါဒါနက္ခန္ဓာငါးပါးကို မှန်စွာရှုလျှင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်နိုင်ကြောင်း ထင်ရှားပြ၏။ ဖောင်းမှု ပိန်မှုသည် ရုပ်ဥပါဒါနက္ခန္ဓာ၌ ပါဝင်သော ဝါယောရုပ်ပေတည်း။ သို့ဖြစ်၍ ထိုဖောင်းမှု ပိန်မှု ဝါယောရုပ်ကို ရှုခြင်းဖြင့် သောတာပန်လည်း ဖြစ်နိုင်ကြောင်း၊ သကဒါဂါမ် အနာဂါမ် ရဟန္တာလည်းဖြစ်နိုင်ကြောင်း အလွန်ပင် ထင်ရှားလှပေတော့၏။

ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာ နံ ပဇာနာတိ–

ရုပ်ကိုယ်သည် အကြင်အကြင် အခြင်းအရာအားဖြင့် တည်နေလျှင် ထိုထိုအခြင်းအရာအားဖြင့် ထိုရုပ်ကိုယ်ကို သိ၏ ဟူသော ဤသတိပဋ္ဌာနသုတ် ပါဠိတော်၌ "ယထာ ယထာ– အကြင် အကြင် အခြင်းအရာ၊ တထာ တထာ– ထိုထို အခြင်းအရာ" ဟူသောစကားတို့သည်လည်း ဖောင်းမှု ပိန်မှုနှင့်

တကွ ကိုယ်အမူအရာအလုံးစုံကို ပြနိုင်ကြသည်သာတည်း။ မပြနိုင်သည်မဟုတ်ပေ။ ထိုကိုယ်အမူအရာ အလုံးစုံသည်လည်း ယခုထုတ်ပြခဲ့ပြီးသော သုတ်ပါဠိတော်တို့ အရအားဖြင့်လည်းကောင်း၊ အလားတူ အခြားသုတ်ပါဠိတော်တို့အရအားဖြင့် လည်းကောင်း ဝိပဿနာ ရှုအပ်ရှုကောင်းသော ရုပ်တရားချည်းသာလျှင် ဖြစ်ပေသည်။ ထိုကိုယ်အမူအရာရုပ်တို့တွင် ဝိပဿနာ မရှုကောင်းသော ရုပ်မည်သည် တစ်စုံတစ်ခုမျှ မရှိချေ။ သို့ဖြစ်၍ ဖောင်းမှုပိန်မှုနှင့်တကွ အသေးစိတ် ကိုယ်အမူအရာဟူသမျှကို "ယထာ ယထာ ဝါ ပနဿ" စသော ဝါကျ၌ ထည့်သွင်း၍ ပြခြင်းသည် မည်သည့်ပါဠိတော်နှင့်မျှ မဆန့်ကျင်သည့်ပြင် ရုပ်ကို ရှုရန်ပြသော ပါဠိတော်အားလုံးနှင့် တစ်သားတည်း ညီစေခြင်းအကျိုးလည်း ရှိ၏။ ဤကြိယာပထပဗ္ဗ၌ ရှုသင့်သော ရုပ်တရားအားလုံး ပြည့်စုံခြင်းအကျိုးလည်း ရှိ၏။

ထို့ပြင် မြတ်စွာဘုရား၏ အလိုတော်မှာလည်း ရှုသင့်သော ရုပ်နာမ်ဟူသမျှ၌ စွမ်းနိုင်ပါက အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုခြင်းကိုသာ လိုလားတော်မူ၏။ ရှုနိုင်ပါလျက် မရှုဘဲ ခြွင်းချန်ထားခြင်းကို အလိုတော်မရှိပေ။ ထို့ကြောင့် ဤကြိယာပထပဗ္ဗ၌ ရှုသင့်သော ရုပ်တရားအားလုံး အကြွင်းမဲ့ ပြည့်စုံစေရန် မြတ်စွာဘုရားအလိုတော်နှင့်အညီ သွင်းပြခဲ့ခြင်းဖြစ်ပေသည်။

ငါတို့သာလျှင် ဤသို့ သွင်းပြသည်မဟုတ်လား၊ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည်လည်း အနတ္တဒီပနီကျမ်း စာမျက်နှာ (၅) ၌ အောက်ပါအတိုင်း သွင်းပြတော်မူခဲ့လေပြီ။

## လယ်တီဆရာတော်ဘုရားကြီး၏ သွင်းပြပုံ

ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာ နံ ပဇာနာတိ-

ဟူသောပါဌ်ဖြင့်ကား "ပြဆိုခဲ့ပြီးသော ဣရိယာပုထ်ကြီး လေးပါးအတွင်း၌ဖြစ်သော ကိုယ်အင်္ဂါအစိတ်အပိုင်းတို့၏ လှုပ်ခြင်း၊ ရှားခြင်း၊ ထားခြင်း၊ သိုခြင်း၊ ချီခြင်း၊ ကြွခြင်းစအရှိသော ကိုယ်အမူအရာအစုကို ပြုသောအခါ၌လည်း ပြုနေကျအတိုင်း အမှတ်တမဲ့ မပြုရာ။ မည်သို့ပြုမည်ဟု ထိုအင်္ဂါကို အာရုံပြု၍သာ ပြုရမည်" ဟူသော အစီအရင်ကို ပြတော်မူသည်။

လိုရင်းအချုပ်ကား ကာယဂတာသတိဆိုသည်နှင့်အညီ မိမိ၏ခန္ဓာကိုယ်မှ လွတ်ရာအပသို့ မိမိစိတ်ကိုထွက်၍ မလွင့်ပါးရအောင် သတိဖြင့် ချုပ်ထိန်းမှု

ပေတည်း။ ဤသို့ ဣရိယာပုထ်ကြီး၊ ဣရိယာပုထ်ငယ်တို့၌ ပြုနေကျအတိုင်း အမှတ်တမဲ့ မပြုစေမူ၍ အလုံးစုံ အစေ့အင သိ၍ သိ၍ စိတ်ထဲတွင် ထင်မြင်၍ ထင်မြင်၍သာလျှင် ပြုမိသည်ကို အသမ္မောဟ သမ္ပဇည ဆိုသတည်း။

အဋ္ဌကထာတို့၌ ပြသော ဣရိယာပထအစီအရင် အသမ္မောဟသမ္ပဇည အစီရင်တို့သည်ကား နက်နဲသော ဉာဏ်ပညာရှိသောပုဂ္ဂိုလ်တို့နှင့်သာ သင့်လျော်သော အစီအရင်တို့ပေတည်း။

(အနုတ္တဒီပနီ- ၅)

အထက်ပါစကားရပ်တို့မှာ အသေးစိတ် ကိုယ်အမူအရာတို့ကို ယထာ ယထာ ဝါ ပနဿ ဝါကျ၌ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ သွင်းပြချက် ဖြစ်ပေသည်။ ထိုစကားရပ်ထဲမှ နောက်ဆုံးအပိုဒ်တွင် အဋ္ဌကထာ ပြဆိုချက်များကိုလည်း ဝေဖန်ထားသောကြောင့် လယ်တီဆရာတော်ဘုရား ကြီး ထိုစကားရပ်တို့ကို ရေးစဉ်က အဋ္ဌကထာ ဋီကာတို့ကိုလည်း သေချာစွာ ကြည့်ရှုပြီးမှ ပါဠိတော်၏အနက်အဓိပ္ပါယ်ကို အပြည့်အစုံရစေနိုင်သော အကောင်းဆုံးအနက်ကို ရွေးချယ်၍ ရေးသားခဲ့သည်ဟု မှတ်ယူသင့်ပေသည်။ ဆိုင်ရာ အဋ္ဌကထာ ဋီကာတို့ကို မထုတ်ပြခြင်းမှာမူ ကျမ်း မလေးစေသော ကြောင့်လည်းကောင်း၊ အဋ္ဌကထာ ဋီကာအဖွင့်တို့ကို အကျယ်မဝေဖန်လိုသော ကြောင့်လည်းကောင်း မပြခဲ့ခြင်းသာဖြစ်ရာ၏။ အဋ္ဌကထာ ဋီကာတို့ကို ထိန်ချန် လိုသောကြောင့် မပြခဲ့သည်ဟူ၍ကား မပြစ်မှားသင့်ပေ။ ငါတို့လည်း ထို့အတူပင် ကျမ်းမလေးစေလိုသောကြောင့်လည်းကောင်း၊ အဋ္ဌကထာ ဋီကာတို့ကို အကျယ် မဝေဖန်လိုသောကြောင့်လည်းကောင်း ဤနိဿယ နှာ ၆၉- ၇၀ တို့၌ ဆိုင်ရာ အဋ္ဌကထာ ဋီကာအဖွင့်တို့ကို မပြခဲ့ခြင်း ဖြစ်ပေသည်။ ယခုမူ ပရဝါဒီ ပုဂ္ဂိုလ် တစ်ဦးက စွပ်စွဲထားသောကြောင့် ဆိုင်ရာအဋ္ဌကထာ ဋီကာတို့ကိုလည်း ဤအရာ ၌ ထုတ်၍ပြပေအံ့။

## အဋ္ဌကထာအဖွင့်

ယထာ ယထာ ဝါ ပနဿ။ ပ။ ဇာနာတီတိ သဗ္ဗသင်္ဂါဟိကဝစန မေတံ၊ ဣဒံ ဝုတ္တံ ဟောတိ၊ ယေန ယေန ဝါ အာကာရေနဿ ကာယော ဌိတော ဟောတိ၊ တေန တေန နံ ပဇာနာတိ၊ ဂမနာကာရေန ဌိတံ ဂစ္ဆတီတိ ပဇာနာတိ၊ ဌာနနိသဇ္ဇာသယနာကာရေန ဌိတံ သယာနောမှီတိ ပဇာနာ တီတိ။

(ဒီ ဋ္ဌ ၂- ၃၅၀၊ မ ဋ္ဌ ၁- ၂၅၇)

ယထာ ယထာ ဝါ ပနဿ။ ပ။ ပဏာနာတိဟူသော ဤစကားသည် အလုံးစုံကို သိမ်းယူသော စကားပေတည်း။ ဤသို့သော အနက်ကိုဆိုလိုပေ၏။ တစ်နည်းကား အကြင်အကြင် အခြင်းအရာအားဖြင့် ထိုရဟန်း၏ကိုယ်သည် တည်သည် ဖြစ်အံ့။ ထိုထိုအခြင်းအရာအားဖြင့် ထိုကိုယ်ကို သိ၏၊ သွားသော အခြင်းအရာအားဖြင့် တည်သော ကိုယ်ကို သွားသည်ဟုသိ၏။ ရပ်၊ ထိုင်၊ လျောင်းသော အခြင်းအရာအားဖြင့် တည်သောကိုယ်ကို လျောင်းသည်ဟုသိ၏။ ဤသို့ပေတည်း။ (မြန်မာပြန်)

သဗ္ဗသင်္ဂါဟိကဝစနန္တိ သဗ္ဗေသမ္ပိ စတုန္နံ ဣရိယာပထာနံ ဓေကဈ္ဈံ သင်္ဂဏှနဝစနံ၊ ပုဗ္ဗေ ဝိသုံ ဝိသုံ ဣရိယာပထာနံ ဝုတ္တတ္တာ ဣဒံ နေသံ ဓေကဈ္ဈံ ဂဟေတွာ ဝစနန္တိ အတ္ထော၊ ပုရိမနယော ဝါ ဣရိယာပထပ္ပဓာနော ဝုတ္တောတိ တတ္ထ ကာယော အပ္ပဓာနော အနုနိပ္ဖာဒီတိ ဣဓ ကာယံ ပဓာနံ အပ္ပဓာနဥ္စ ဣရိယာပထံ အနုနိပ္ဖာဒိံ ကတွာ ဒဿေတုံ ဒုတိယနယော ဝုတ္တောတိ ဧဝမေတ္ထ ဒွိန္နံ နယာနံ ဝိသေသော ဝေဒိတဗ္ဗော (ဒီဋ္ဌီ ၂ ၃၀၆။ မ ဋီ ၁-၁၃၅)

အလုံးစုံ သိမ်း ဟူသော စကားဟူသည်မှာ အလုံးစုံလည်း ဖြစ်ကုန်သော ဣရိယာပုထ် ၄ ပါးတို့ကို တစ်ပေါင်းတည်း သိမ်းယူသော စကားတည်း။ ဣရိယာပုထ်တို့ကို ရှေး၌ အသီးသီးဆိုခဲ့ပါသောကြောင့် ဤ (ယထာယထာ စသော စကား) သည် ၎င်းတို့ကို တစ်ပေါင်းတည်း ယူ၍ ဆိုသောစကားတည်း။ တစ်နည်းကား (ဂစ္ဆန္တော ဝါ ဂစ္ဆာမိတိ ပဇာနာတိ) စသော ရှေးနည်းကို ဣရိယာပုထ်လျှင် ပြဋ္ဌာန်းသည်ကိုပြု၍ ဟောအပ်၏။ ထို့ကြောင့် ထိုနည်း၌ ကာယသည် မပြဋ္ဌာန်း၊ အစဉ်လိုက်၍ ပါဝင်ပြီးစီး၏။ (နောက်လိုက်ဖြစ်၏) သို့ဖြစ်၍ ဤအရာ၌ ကာယကို ပဓာနပြု၍လည်းကောင်း၊ ဣရိယာပုထ်ကို အစဉ်လိုက်၍ ပါဝင်ပြီးစီးသော (နောက်လိုက်) အပ္ပဓာနပြု၍လည်းကောင်း ပြခြင်းငှာ (ယထာ ယထာ ဝါ ပနဿ စသော) ဒုတိယနည်းကို ဟောအပ်သည် ဟု ဤအရာ၌ နည်း ၂ ပါးတို့၏အထူးကို ဤသို့မှုလည်း သိအပ်၏။ (မြန်မာပြန်)

အထက်ပါ ပါဠိအဋ္ဌကထာတို့၌ အနက်အဓိပ္ပါယ်ယူပုံယူနည်းမှာ (၁) ဋီကာ ပထမအဖွင့်ကို မှုတည်၍ ယူနည်း၊ (၂) ဋီကာ ဒုတိယအဖွင့်ကို မှုတည်၍ ယူနည်းအားဖြင့် ၂ မျိုး ကွဲပြား၏။

## ဋီကာ ပထမ အဖွင့်အရယူနည်း

ထိုတွင် (၁) ဋီကာ ပထမအဖွင့် အလိုအားဖြင့် သဗ္ဗသင်္ဂါဟိက ဝစန ဟူသောပုဒ်၌ သဗ္ဗ အရ ကိုယ်အမူအရာအလုံးစုံကို မဆိုလို၊ ဣရိယာပုထ် အလုံးစုံကိုသာ ဆိုလိုသည်။ သို့ဖြစ်၍ ယထာ ယထာ ယေန ယေန အာကာရေန အကြင် အကြင် အခြင်းအရာဟူသော စကား၊ တထာ တထာ တေန တေန အာကာရေန ထိုထို အခြင်းအရာဟူသောစကားတို့ဖြင့် ကိုယ်အမူအရာ အလုံးစုံကို မယူရ၊ ဣရိယာပုထ် ၄ ပါး အမူအရာအလုံးစုံကိုသာ ယူရမည်။ ထို ဣရိယာပုထ် ၄ ပါးကိုပင် ဂမနာကာရေန ဌိတံ။ ပ။ သယာနောမှီတိ ပဓာနာတီတိ ဟူသော စကားဖြင့် အပြည့်အစုံ သရုပ်ထုတ်ပြသည်။ ထိုထက် ပိုလွန်၍ မယူရဟု ဆိုလို၏။ အဘယ်ကဲ့သို့နည်းဟူမူ စိတ္တံ ဥပ္ပန္နံ ဟောတိ ရူပါရမ္မဏံ ဝါ။ ပ။ ဓမ္မာရမ္မဏံ ဝါ ယံ ယံ ဝါ ပနာရဗ္ဘ ဟူသော ဓမ္မသင်္ဂဏီပါဠိတော် ၏ အဖွင့် အဋ္ဌသာလိနီ၌

ယံ ယံ ဝါ ပနာရဗ္ဘာတိ ဧတ္ထ အယံ ယောဇနာ ဟေဋ္ဌာ ဝုတ္တေသု ရူပါရမ္မဏာဒီသု ရူပါရမ္မဏံ ဝါ အာရဗ္ဘ အာရမ္မဏံ ကတွာ တိ အတ္ထော။ သဒ္ဒါရမ္မဏံ ဝါ။ ပ၊ ဓမ္မာရမ္မဏံ ဝါ အာရဗ္ဘ ဥပ္ပန္နံ ဟောတိ။ (နှာ ၁၄၉)

ယံ ယံ ဝါ ပနာရဗ္ဘ ဟူသော ဤပါဠိ၌ ဤဆိုလတ္တံ့မှာ ယှဉ်စပ်ပုံပေတည်း။ အောက် ရှေး၌ ဆိုအပ်ခဲ့ပြီးကုန်သော ရူပါရုံစသည်တို့တွင် ရူပါရုံကို ဖြစ်စေ စွဲမှီ၍ အာရုံပြု၍ဟု ဆိုလို၏။ သဒ္ဒါရုံကို ဖြစ်စေ အာရုံပြု၍။ ပ။ ဓမ္မာရုံကိုဖြစ်စေ အာရုံပြု၍ စိတ်သည် ဖြစ်ပေါ်၏။ (မြန်မာပြန်) ဟူသော

ဤအဖွင့်ကဲ့သို့ပင် ယူအပ်၏။ ဆိုလိုသည်မှာ ရှေး၌ ရူပါရုံစသော အာရုံ ၆ ပါးကို အာရုံပြု၍ စိတ်ဖြစ်သည်ဟု ဆိုခဲ့ပြီးနောက် ယင်း၏အခြားမဲ့၌ တစ်ဆက်တည်းပင် ဆက်လက်၍ဆိုသော ယံ ယံ ဝါ ပနာရဗ္ဘ ဟူသော စကားဖြင့် အနက်ပို အနက်ထူးမရ၊ ရှေး၌ဆိုအပ်ခဲ့ပြီးသော အာရုံ ၆ ပါးထဲမှ အမှတ်မရှိ အစဉ်မရှိ တစ်ပါးပါးကို အာရုံပြု၍ စိတ်ဖြစ်သည်ဟူသော အနက်ကို သာ ယူရသကဲ့သို့ ဤ ယထာ ယထာ ဝါ ပနဿ စသည်၌လည်း ရှေးက ဆိုခဲ့ပြီးသော ဣရိယာမုထ် ၄ ပါးထဲက အမှတ်မရှိ အစဉ်မရှိ တစ်ပါးပါး သော ဣရိယာပုထ်ဖြင့် တည်သောကိုယ်ကို သိရမည်ဟု ဆိုလို၏။ ဤကား ဋီကာ ပထမဖွင့်ကို မှုတည်၍ ယူပုံပေတည်း။

အဆိုပါ ပရဝါဒီပုဂ္ဂိုလ်သည် အထက်ပါဋီကာမှ ပထမအဖွင့်အရ ယူနည်းကိုသာလျှင် အတည်ပြု၍ ဤနိဿယ နှာ ၆၉– ၇၀ ၌ သွင်းပြပုံကို ရှင့်ရှင့်သီးသီး ရက်ရက်စက်စက် ပယ်ဖျက်စွပ်စွဲထား၏။ အမှန်အားဖြင့်ဆိုလျှင် ဖောင်းမှု ပိန်မှု စသော အသေးစိတ် ကိုယ်အမူအရာတို့ကို ထိုဋီကာအဖွင့် ပထမနည်းအလိုအားဖြင့် ယထာ ယထာ ဝါ ပနဿ ဝါကျ၌ မဝင်ဟုဆိုနိုင်စေကာမူ ဓာတုမနသိကာရဒေသနာ၊ ခန္ဓာဒေသနာ အစရှိသော ရာပေါင်းများစွာသော အခြားသုတ္တန်ဒေသနာတော်တို့၌ အတွင်းဝင်နေသည်သာ ဖြစ်သောကြောင့် ထိုသို့တစ်ဖက်သတ် မစွပ်စွဲ မပယ်ဖျက်သင့်ပါ။ ထို့ပြင် ထိုဋီကာ၌ပင် ပထမနည်းကို အားမရ၍ နောက်ထပ်ဆိုထားသော ဒုတိယနည်းအလိုအားဖြင့်မူ ထိုအသေးစိတ် ကိုယ်အမူအရာတို့သည်လည်း ယထာ ယထာ ဝါ ပနဿ စသော ထိုဝါကျ၌ ဝင်သင့်သေးသည်သာတည်း။ ဝင်သင့်ပုံကို ရှင်းပြဦးအံ့။

## ဋီကာ ဒုတိယအဖွင့်အရ ယူနည်း

(၂) ဋီကာ ဒုတိယအဖွင့်၌ "ကာယံ ပဓာနံ အပ္ပဓာနဥ္စ ဣရိယာပထံ အနုနိပ္ဖာဒိ ကတွာ ဒဿေတုံ ဒုတိယနယော ဝုတ္တော" ဟူသော စကားဖြင့် ယထာ ယထာ ဝါ ပနဿ စသော ဒုတိယနည်းဒေသနာ၌ "ကာယကိုပင် ပဓာနပြု၍ ပြသည်၊ ဣရိယာပုထ်ကိုမူ နောက်လိုက်အပ္ပဓာနပြု၍ ပြသည်" ဟု ဆိုထားသောကြောင့် သဗ္ဗသင်္ဂါဟိကဝစနပုဒ်မှ သဗ္ဗ– အလုံးစုံ၏အရကိုလည်း ပဓာနပြုအပ်သော ကာယ၏အမူအရာဟူသမျှကို ယူအပ်၏။ အပ္ပဓာနဖြစ်သော ဣရိယာပုထ် ၄ ပါးမျှကိုသာ ယူအပ်သည် မဟုတ်ပေ။ ဤသို့ အလုံးစုံသော ကိုယ်အမူအရာတို့ကို ယူလိုက်သည်ရှိသော် ထိုကိုယ်အမူအရာတို့နှင့် စပ်ဆိုင်သော ဣရိယာပုထ် ၄ ပါးတို့သည်လည်း နောက်လိုက်အနေအားဖြင့် အလိုလို ပါဝင်သွားကုန်၏။ ဥပမာ နေထိုင်စဉ် "ယထာ ယထာ တထာ တထာ" အရ တည်ငြိမ်နေခြင်း၊ ရှေ့သို့ယိမ်းခြင်း၊ နောက်သို့ပြန်ခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်း၊ လှုပ်ရှားခြင်း၊ ဖောင်းခြင်း၊ ပိန်ခြင်း စသည်တို့ကို ရှု၍ သိလျှင် ထိုင်ခြင်း ဣရိယာပုထ်ကြီးကိုလည်း အပ္ပဓာနအားဖြင့် သိသည်ပင် မည်လေတော့၏။ သွားနေစဉ်၊ ရပ်နေစဉ်၊ လျောင်းနေစဉ်တို့၌လည်း ထိုထို ကိုယ်အမူအရာ ဟူသမျှကို ရှု၍ သိလျှင် သွားခြင်း၊ ရပ်ခြင်း၊ လျောင်းခြင်း ဣရိယာ

ပုထ်ကိုလည်း အပ္ပဓာနအားဖြင့် သိသည်ပင် မည်လေတော့၏။ ဤသို့ ကိုယ်အမူအရာတစ်ခုခုကို ပဓာနပြု၍ သိရာ၌ အလိုလိုပါဝင်ပြီးစီးသွားသော က္ကရိယာပုထ်ကြီးတို့ကို ဋီကာ၌ အနုနိပ္ဖာဒီ ဟု မိန့်ဆိုထားလေသည်။ ဤသည်ကား "ဝါ တစ်နည်းကား" ဟု ပြဆိုသော ဋီကာအဖွင့် ဒုတိယနည်းအရ "ယထာ ယထာ ဝါ ပနဿ" စသော ဝါကျ၌ အနက်အဓိပ္ပာယ် ယူပုံယူနည်းပေတည်း။

သို့ဖြစ်လျှင် အဋ္ဌကထာ၌ က္ကရိယာပုထ်ကြီး ၄ ပါးဖြင့် တည်နေပုံကို သာပြ၍ အသေးစိတ် ကိုယ်အမူအရာတို့ဖြင့် တည်နေပုံကို အဘယ်ကြောင့် မပြပါသနည်းဟူမူ ထင်ရှားပြဋ္ဌာန်းသော က္ကရိယာပုထ်ကြီး ၄ ပါးဖြင့် တည်နေပုံကို ပြလိုက်လျှင် မပြဋ္ဌာန်းသော အသေးစိတ် ကိုယ်အမူအရာတို့ဖြင့် တည်နေပုံကိုလည်း သိနိုင်သောကြောင့် ၎င်းတို့ကို သရုပ်အားဖြင့် ထုတ်၍ မပြခဲ့သည်ဟု မှတ်အပ်၏။ ဤသို့ ကိုယ်အမူအရာ သာမညကို သိစေလိုသောကြောင့်ပင် ဤသုတ်၏ အဖွင့်အဋ္ဌကထာတို့၌ ယထာ ယထာ ပုဒ်ကို "ယေန ယေန အာကာရေန– အကြင် အကြင် အခြင်းအရာအားဖြင့်" ဟု သာမညသာ ဖွင့်ပြတော်မူပေသည်။ အကယ်၍ က္ကရိယာပုထ် အမူအရာ ဝိသေသကိုသာ အလိုရှိမူ ဤအရာ၌ ယံ ယံ ဝါ ပနာရဇ္ဈ ဟူသောပုဒ်၏ အဖွင့်အဋ္ဌသာလိနီ အဋ္ဌကထာ၌ကဲ့သို့ "က္ကဒံ ဝုတ္တံ ဟောတိ၊ ဟေဋ္ဌာ ဝုတ္တေသု က္ကရိယာပထေသု ယေန ယေန ဝါ အာကာရေန ဤသို့သောအနက်ကို ဆိုလိုပေ၏။ တစ်နည်းကား အောက်၌ (ရှေး၌) ဆိုခဲ့ပြီးသော က္ကရိယာပုထ်လေးပါးတို့တွင် အကြင် အကြင် အခြင်းအရာဖြင့်" နိဒ္ဒါရဏဝိသေသနပုဒ်နှင့်တကွ တိတိကျကျ ပြဆိုခဲ့လေရာ၏။ မှန်ပေ၏၊ ဓမ္မသင်္ဂဏီပါဠိတော်၌

ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ။ ပ။ ရူပါရမ္မဏံ ဝါ သဒ္ဒါရမ္မဏံ ဝါ ဂန္ဓာရမ္မဏံ ဝါ ရသာရမ္မဏံ ဝါ ဖောဋ္ဌဗ္ဗာရမ္မဏံ ဝါ ဓမ္မာရမ္မဏံ ဝါ ယံ ယံ ဝါပနာရဗ္ဘ–

အကြင်အခါ၌ ကာမာဝစရ ကုသိုလ်စိတ်သည် ရူပါရုံကိုဖြစ်စေ၊ သဒ္ဒါရုံကို ဖြစ်စေ၊ ဂန္ဓာရုံကို ဖြစ်စေ၊ ရသာရုံကို ဖြစ်စေ၊ ဖောဋ္ဌဗ္ဗာရုံကို ဖြစ်စေ၊ ဓမ္မာရုံကို ဖြစ်စေ၊ တစ်နည်းအားဖြင့်မူ အမှတ်မရှိသော အကြင် အကြင်အာရုံတစ်ခုခုကို အာရုံပြု၍ ဖြစ်ပေါ်၏ ဟူ၍ စိတ်ကို အာရုံဖြင့် သတ်မှတ်၍ပြရာတွင် စိတ်၏အာရုံသည် ရူပါရုံအစ ဓမ္မာရုံအဆုံး ၆ မျိုးသာရှိသောကြောင့် ဓမ္မာရ

မ္ဘဏံ ဝါ တိုင်အောင်သောစကားဖြင့်ပင် အာရုံ ၆ ပါးလုံး ပြည့်စုံသွားပြီးဖြစ်၍ "ယံ ယံ ဝါပနာရဗ္ဘ– အမှတ်မရှိသော အကြင် အကြင် အာရုံတစ်ခုခုကို အာရုံပြု၍" ဟူသော နောက်ဆွယ်စကားရပ်၌ အာရုံအသစ်ဖြင့် သတ်မှတ်ဖွယ် မရှိတော့ပြီ။ သို့ဖြစ်၍ ထိုပါဠိတော်၏ အဖွင့် အဋ္ဌသာလိနီ အဋ္ဌကထာ၌

ယံ ယံ ဝါ ပ နာရဗ္ဘာတိ ဧတ္ထ အယံ ယောဇနာ ဟေဋ္ဌာ ဝုတ္တေသု ရူပါရမ္မဏာဒီသု ရူပါရမ္မဏံ ဝါ အာရဗ္ဘ။ ပ။ ဓမ္မာရမ္မဏံ ဝါ အာရဗ္ဘ ဥပ္ပန္နံ ဟောတိ။

တစ်နည်းအားဖြင့်မူ အမှတ်မရှိသော အကြင် အကြင် အာရုံတစ်ခုခုကို အာရုံပြု၍ဟူသော ပါဌ်၌ ဤဆိုလတ္တံ့သည်ကား ယှဉ်စပ်ပုံပေတည်း။ အောက်၌ (ရှေး ရူပါရမ္မဏံ ဝါ စသည်၌) ဆိုခဲ့ပြီးသော ရူပါရုံစသည်တို့တွင် ရူပါရုံကို ဖြစ်စေ အာရုံပြု၍။ ပ။ ဓမ္မာရုံကိုဖြစ်စေ အာရုံပြု၍ (စိတ်သည်) ဖြစ်ပေါ်၏ဟု ဖွင့်ပြထား၏။

ထိုအဖွင့်၌ ဟေဋ္ဌာ ဝုတ္တေသု ရူပါရမ္မဏာဒီသု ဟူသော နိဒ္ဓါရဏ ဝိသေသနပုဒ်ကို အထူးသတိပြုအပ်၏။ ယံ ယံ ဝါ ပန ဟူသော စကားရပ်ဖြင့် အမှတ်မရှိသော အာရုံတစ်ခုခုဟုဆိုသော်လည်း ဤအရာ၌မူ ဆိုခဲ့ပြီးသော အာရုံ ၆ ပါးမှ အလွတ် တခြားတစ်ပါးအာရုံမည်သည် တစ်စုံတစ်ခုမျှ မရှိချေ။ ထို့ကြောင့် ထိုဆိုခဲ့ပြီးသော အာရုံ ၆ ပါးထဲက အမှတ်မရှိ အစဉ်မရှိ တစ်ပါးပါး ကိုပင် ယူရမည်ဟု သိစေလိုသောကြောင့် "ဟေဋ္ဌာ ဝုတ္တေသု ရူပါရမ္မဏာဒီသု အောက်၌ ဆိုခဲ့ပြီးသော ရူပါရုံစသည်တို့တွင်" ဟူသော နိဒ္ဓါရဏဝိသေသန ပုဒ်ကိုပါ ထည့်၍ တိတိကျကျ ဖွင့်ပြတော်မူပေသည်။

ယထာ ယထာ ဝါ ပနဿ ဟူသော ဤအရာ၌မူ ယထာ ယထာ ယေန ယေန အာကာရေန ဟူသော ပါဠိအဋ္ဌကထာအရ ယူနိုင်သော အာကာရ အခြင်းအရာတို့သည် ဆိုခဲ့ပြီးသော ဣရိယာပုထ်ကြီးလေးပါးမျှသာ ရှိသည် မဟုတ်ပေ။ အမှန်စင်စစ်သော်ကား ထိုပါဌ်အရ ယူနိုင်သော ယူသင့်ယူထိုက် သော ကိုယ်အမူအရာ အာကာရတို့သည် အရာမက များစွာပင် ရှိကုန်သေး၏။ ထို့ကြောင့်ပင် ဤသုတ်၏ အဖွင့်အဋ္ဌကထာတို့၌ "ဟေဋ္ဌာ ဝုတ္တေသု ဣရိယာ ပထေသု" ဟု နိဒ္ဓါရဏဖြင့် ကန့်သတ်ခြင်းမပြုဘဲ "ဣဒံဝုတ္တံ ဟောတိ– ယေန ယေန အာကာရေန" ဟု သာမညအားဖြင့်သာ ဖွင့်ပြတော်မူပေသည်။

## ရသင့်သမျှအနက်ကို အပြည့်အစုံ ပြသော အဖွင့်

ပြဆိုခဲ့သော ဋီကာ ဒုတိယအဖွင့်သည် ပဓာနဖြစ်သော ကာယ၏ အမူအရာအလုံးစုံကိုပင် "ယထာ ယထာ တထာ တထာ"ဟူသော ပါဠိတော်ဖြင့် သိမ်းယူနိုင်အောင် ဖွင့်ပြသောကြောင့် ထိုအဖွင့်အရအားဖြင့် ဝမ်းဗိုက်၏ ဖောင်းမှု ပိန်မှုနှင့်တကွ အလုံးစုံသော အသေးစိတ် ကိုယ်အမူအရာဟူသမျှသည်လည်း "ယထာ ယထာ ဝါ ပနဿ" စသောဝါကျ၌ အတွင်းဝင်နေသည်သာတည်း။ ဤသို့ အတွင်းဝင်နေသောကြောင့် ဤဒုတိယအဖွင့်သည် သာမညအားဖြင့် ဟောထားသော "ယထာ ယထာ ဝါ ပနဿ" စသော ဒေသနာပါဠိတော်၌ ရသင့်ရထိုက်သမျှ အနက်အလုံးစုံကို အပြည့်အစုံပင် ဖော်ပြနိုင်ပေ၏။ ထို့ကြောင့်ပင် ဤအဖွင့်ကို ဒုတိယအရာ၌ထား၍ ဋီကာဆရာ ပြတော်မူပေသည်။ အဋ္ဌကထာ ဋီကာတို့၌ ရှေးနည်းဖြင့် အားမရ၍ ဒုတိယ တတိယ ထပ်မံဖွင့်ပြထားရာတွင် နောက်နည်းကို သာ၍အလေးအမြတ်ပြုအပ်ကြောင်း ထိုကျမ်းဆရာတို့ပင် မှာကြားတော်မူခဲ့ပေ၏။

ထို့ကြောင့်ပင် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် ပါဠိတော်၏ အနက်အဓိပ္ပါယ်တို့ကို အပြည့်အစုံ ရစေနိုင်သော ထိုဋီကာအဖွင့် ဒုတိယနည်းကိုပင် မှတည်၍ (ဤနောက်ဆက်တွဲ စာမျက်နှာ ၂၇၅– ၂၇၆ ၌ ထုတ်ပြခဲ့သည့်အတိုင်း) အနတ္တဒီပနီကျမ်း၌ ယထာ ယထာ ဝါ ပနဿ စသော ဒေသနာစကားရပ်၏ အနက်အဓိပ္ပါယ်ကို အပြည့်အစုံ ဖော်ပြတော်မူခဲ့ပေသည်။ ငါတို့လည်း ထိုဆရာတော်ဘုရားကြီးကဲ့သို့ပင် သဘောကျ၍ ဤနိဿယ ၆၉– ၇၀ ၌ အဆိုပါအနက်အဓိပ္ပါယ်ကို ပြဆိုခဲ့ပေသည်။

## ရှုသင့်သောတရားမှန်ခြင်းက လိုရင်းဖြစ်သည်

သို့သော်လည်း အဆိုပါ ပရဝါဒီ ပုဂ္ဂိုလ်ကမူ ဋီကာ ပဌမအဖွင့်နှင့် မညီဘဲ ယထာ ယထာ ဝါ ပနဿ စသော စကားရပ်၌ ထည့်သွင်းပြလိုက်သောကြောင့် ဖောင်းမှု ပိန်မှုကို ဝိပဿနာ မရှုကောင်းလေဟယောင် ကြံဆောင်လီဆယ်၍လည်း မရေမရာ ပစ်ပယ်လိုက်သေး၏။ အမှန်မှာမူ ရှုကောင်းသော တရားမှန်လျှင် မည်သည့်ဒေသနာထဲ၌ ထည့်သွင်း၍ ပြစေကာမူ မရှုကောင်းသော

တရား မဖြစ်နိုင်ပါ။ ရှုကောင်းသော တရားသာလျှင် ဖြစ်မြဲ ဖြစ်နေပါသည်။ ထို့ကြောင့် ထိုထိုဒေသနာ၌ သွင်းပြခြင်းက လိုရင်းမဟုတ်၊ ရှုကောင်းသော တရားမှန်ခြင်းကသာလျှင် လိုရင်းဖြစ်ပေသည်။ ဤအရာ၌ ရှင်းပြပါဦးအံ့။ ရှုသင့်သောတရားဖြစ်ပါလျက် တစ်စုံတစ်ခုသော တရားကို ဒေသနာတော်၌ သရုပ်အားဖြင့် ဖော်ပြမထားလျှင် ထိုတရားကို ဒေသနာတော်မှ အလွတ်မဖြစ်စေရန်အလို့ငှာ သင့်လျော်သောအရာ၌ သွင်းပြခြင်းသည် ကျမ်းဆရာတို့၏ တာဝန်ဝတ္တရားပင် ဖြစ်ပေသည်။

ဤအရာ၌ သာဓကတစ်ခုကို ထုတ်ပြရလျှင် မတ္ထလုင်္ဂ ဦးနှောက်ဟူသော ကောဋ္ဌာသကို မြတ်စွာဘုရားကိုယ်တော်တိုင် ဟောသော ပါဠိတော်တို့၌ သရုပ်အားဖြင့် ထုတ်ပြထားခြင်း မရှိပေ။ အရှင်သာရိပုတ္တရာမထေရ် ဟောသည်ဟု ဆိုသော ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌သာလျှင် တွေ့ရပေသည်။ သို့သော် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ သရုပ်အားဖြင့် ထင်ရှားပြထားသောကြောင့် ထိုဦးနှောက်ကောဋ္ဌာသသည် မုချရှုသင့်သောတရားသာ ဖြစ်ပေသည်။ ဤသို့ ရှုသင့်သောတရားဖြစ်ခြင်းကြောင့် ထိုဦးနှောက် ကောဋ္ဌာသကို မြတ်စွာဘုရား၏အလိုတော်နှင့်အညီ ဘုရားဟောပါဠို၌ ထည့်သွင်းပြရန်မှာ အဋ္ဌကထာ ဋီကာ ဆရာတော်၏ တာဝန် ဖြစ်နေပေသည်။ သို့ဖြစ်၍ ဝိသုဒ္ဓိမဂ် (၁- ၂၃၂) ၌

မတ္ထလုင်္ဂံ အဋ္ဌိမိဉ္ဇေန သင်္ဂဟေတွာ ပဋိကူလမနသိကာရဝသေန ဒေသိတံ ဟု မတ္ထလုင်္ဂ ဦးနှောက်ကောဋ္ဌာသကို၊ အဋ္ဌိမိဉ္ဇ ရိုးတွင်းခြင်းဆီ၌ ထည့်သွင်း၍ မြတ်စွာဘုရား ဟောတော်မူကြောင်း ပြဆိုတော်မူခဲ့ပေသည်။ ဝိသုဒ္ဓိမဂ်၏ အဖွင့်မဟာဋီကာ၌မူကား အောက်ပါအတိုင်းလည်း ထည့်သွင်း၍ ပြတော်မူပြန်၏။

ယံ ဝါ ပနညမ္ပိ ကိဉ္စိတိ ဝါ ဂ္ဂဟိမှာ ပါဠိယံ မတ္ထလုင်္ဂဿ သင်္ဂဟော ဒဋ္ဌဗ္ဗော။ (မဟာဋီကာ ၁- ၄၂၉)

ဤဋီကာပါဌ်ဖြင့် ဆိုလိုသည်မှာ မဟာဟတ္ထိပဒေါပမသုတ်၊ မဟာရာဟုလောဝါဒသုတ် စသည်တို့၌ ပထဝီဓာတ်ကို သရုပ်အားဖြင့် ထုတ်ပြရာတွင်

ကေသာ လောမာ။ပ။ ဥဒရိယံ ကရီသံ ယံ ဝါ ပနညမ္ပိ ကိဉ္စိ အဇ္ဈတ္တံ ကက္ခဠံ ခရိဂတံ ဥပါဒိန္နံ ဟု ပြဆိုထားလေသည်။

ထိုသို့ ပြဆိုထားရာတွင် ယံ ဝါပန စသည်ဖြင့် "ကေသာ အစ ကရီသံ အဆုံးရှိသော ကောဋ္ဌာသ ၁၉ ခုမှ အလွတ်ဖြစ်သော တစ်ကိုယ်လုံး၌ တစ်စုံ

တစ်ခုသော ခက်မာကြမ်းတမ်းသော သဘောလည်း ရှိသေးသည်” ဟု ဖော်ပြ၏။ ထိုဒေသနာ၌ သရုပ်အားဖြင့် ပြမထားသော ဦးနှောက်ကောဋ္ဌာသကို ထို ယံ ဝါပနဖြင့် ပြသော ကောဋ္ဌာသ၌ ထည့်သွင်း၍ ယူရမည်ဟု ဆိုလို၏။

ဤအရာ၌ သိစေလိုရင်းမှာ မတ္ထလုင်္ဂခေါ် ဦးနှောက်ကောဋ္ဌာသကို အဋ္ဌကထာ အလို အဋ္ဌိမိဉ္ဇ ရိုးတွင်းခြင်ဆီ၌ ထည့်သွင်းသည်ဖြစ်စေ၊ ဋီကာ အလို ယံဝါပန ၌ ထည့်သွင်းသည်ဖြစ်စေ သွင်းပြခြင်းမှာ လိုရင်းမဟုတ်။ ရှုကောင်းသော တရားမှန်ခြင်းကသာ လိုရင်းဖြစ်သည်။ နှစ်နည်းလုံး အသင့်ချည်းပင်ဟု ယူသင့်ကြောင်း သိစေလိုရင်းဖြစ်သည်။ ထို့ပြင် ဝိသုဒ္ဓိမဂ်ကျမ်းတွင် အဋ္ဌိမိဉ္ဇ ရိုးတွင်းခြင်ဆီ ကောဋ္ဌာသ၊ ပဋ္ဌိသမ္ဘိဒါမဂ်အရ ရှုကောင်းသော ဦးနှောက်ကောဋ္ဌာသသည် မည်သည့်ပုဒ် မည်သည့်ဒေသနာစကားရပ်၌ မည်သူက ထည့်သွင်းပြစေကာမူ ရှုကောင်းသောတရားသာလျှင် ဖြစ်သကဲ့သို့ ထို့အတူပင် ဖောင်းမှု ပိန်မှုနှင့်တကွ အသေးစိတ် ကိုယ်အမူအရာ ဝါယောရုပ်သည်လည်း သမ္ပဇညပိုင်း၊ ဓာတုမနသိကာရပိုင်း၊ ခန္ဓဒေသနာ၊ အာယတနဒေသနာ စသည်တို့အရ ဝိပဿနာ ရှုကောင်းသော တရားအစစ်ဖြစ်သောကြောင့် ဣရိယာပထပိုင်း “ယထာ ယထာ ဝါ ပနဿ” ဝါကျ၌ ထည့်သွင်း၍ ပြလိုက်သည့်အတွက် မရှုကောင်းသောတရား ဖြစ်မသွားနိုင်ပါ။ ရှုကောင်းသောတရားသာလျှင် ဖြစ်မြဲ ဖြစ်နေပါသည်။ ထို့ကြောင့် ၎င်းကို မရှုကောင်းဟု မည်သူကမျှ မဆိုသင့်သည့်ပြင် ရှုကောင်းသော တရားဟူ၍သာ လက်ခံရမည်ဖြစ်ကြောင်းကိုလည်း သိစေလို၏။

ဤမျှဖြင့် ဖောင်းမှု ပိန်မှုစသော အသေးစိတ်ကိုယ်အမူအရာများကို “ယထာ ယထာ ဝါ ပနဿ” ဝါကျ၌ ထည့်သွင်း၍ ပြသည်မှာ ရှုသင့်သော တရားဖြစ်သောကြောင့်လည်းကောင်း၊ ထည့်သွင်း၍ ပြသင့်သောကြောင့်လည်းကောင်း၊ တာဝန်ဝတ္တရားအားလျော်စွာ ထည့်သွင်း၍ပြခြင်းဖြစ်ကြောင်း ရှင်းလင်းစွာ နားလည်လောက်ပေပြီ။

## တစ်နည်းသွင်းပြပုံ ရှင်းလင်းချက်

ဤစာအုပ် နှာ နံပါတ် ၇၁ ၌ တစ်နည်းကားဟုပြလျက် ယထာ ယထာ ဝါ ပနဿ ဝါကျ၌ တစ်နည်းအနက်ယူပုံကို ပြဆိုခဲ့၏။ ထိုပြဆိုချက်

မှာ ပညာရှိတို့ အဂတိမလိုက်ဘဲ မိမိတို့ဉာဏ်ဖြင့် စိစစ်ဝေဖန်၍ သဘောကျလျှင် ယူရန်၊ သဘောမကျလျှင်လည်း မယူဘဲ နေရန်သာ ဖြစ်ပေသည်။

ထိုနည်းနှင့်စပ်၍ ငါတို့အကြောင်းပြထားသည်မှာ ပညာရှိတို့အတွက် နားလည်ရန် ပြည့်စုံလုံလောက်ပေပြီ။ သို့သော် မန္ဒပညာပုဂ္ဂိုလ်တို့အတွက် အနည်းငယ် ထပ်မံ၍ ရှင်းလင်းပြဦးအံ့။

ဝါ ပန နှင့်တကွ ဆိုသော ဒေသနာတို့တွင် ယံ ယံ ဝါ ပနာရဗ္ဘ ဟူသော ဓမ္မသင်္ဂဏီပါဠိတော် ဝါကျမှ တစ်ပါးသော ဝါကျဟူသမျှ၌ ဆိုခဲ့ပြီးမှ တစ်ပါးသောအနက်ကို ယူရသည်ချည်းသာ ရှိချေသည်။ ဆိုခဲ့ပြီးကိုပင် ထပ်မံ၍ ယူရသောအရာ မရှိချေ။ ယံ ယံ ဝါပနာရဗ္ဘ ဟူသော ဓမ္မသင်္ဂဏီ ပါဠိ၌မူ ဆိုခဲ့ပြီးကိုပင် အကျဉ်းချုပ်ထပ်၍ ဟောကြောင်း ထင်ရှားနေပေ၏။ အခြား အရာတို့၌မူ ထိုကဲ့သို့ မဟုတ်ပေ။ ဆိုခဲ့ပြီးမှ အလွတ်ဖြစ်သော တခြားတစ်ပါး အနက်များလည်း ရှိနေသောကြောင့် ဆိုခဲ့ပြီးမှ တစ်ပါးအခြားအနက်ကို ဆိုလိုကြောင်း သိရပေသည်။

ဤသတိပဋ္ဌာန် ပါဠိတော်၌ပင် "အတ္ထိ ကာယောတိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ" အစရှိသော စကားရပ်တို့ဖြင့်လည်းကောင်း၊ "ယေ ဝါ ပနဿ တေ ဟောန္တိ အနတ္ထကာမာ" အစရှိသော စကားရပ်တို့ဖြင့်လည်း ကောင်း ဆိုခဲ့ပြီးမှ တစ်ပါးသောအနက် ပြဆိုထားသည်ကို တွေ့ရ၏။ ဤနောက်ဆက်တွဲ နှာ (၂၈၈)၌ ထုတ်ပြခဲ့သော "ယံ ဝါ ပနညမ္ပိ ကိဉ္စိ"စသော ဝါကျဖြင့်လည်း ဆိုခဲ့ပြီးသော ကောဋ္ဌာသ ၁၉ ခုမှ အလွတ်ဖြစ်သော ပထဝီဓာတ်ကိုပြကြောင်း ထင်ရှားစွာ တွေ့ရှိရ၏။ ထို့အတူပင် ဓမ္မသင်္ဂဏီပါဠိတော် ဌာနပေါင်းများစွာတို့၌ "ယေ ဝါ ပန အညေပိ အတ္ထိ" စသည်ဖြင့် ဟောထားသော ယေ ဝါ ပနက အရာတို့၌လည်းကောင်း၊ အဘိဓမ္မာ ဝိဘင်းပါဠိနှင့် သုတ္တန်ပါဠိတော်တို့တွင် "ယံ ဝါ ပန"စသည်ဖြင့် ဟောထားသော ယံ ဝါ ပ န က အရာ၌လည်းကောင်း ဆိုခဲ့ပြီးမှ အလွတ်ဖြစ်သော အနက်ကိုသာ ပြကြောင်း ထင်ရှားစွာ တွေ့ရ၏။

အထူးအားဖြင့်မူကား အဘိဓမ္မာဝိဘင်းပါဠိတော်နှာ (၂) စသည်တို့၌ "တံ တံ ဝါ ပန ရူပံ ဥပါဒါယ" စသော ပါဠိတို့၌ "တံ တံ ဝါ ပနာတိ ဧတ္ထ န ဟေဋ္ဌိမနယော ဩလောကေတဗ္ဗော" စသည်ဖြင့် အဋ္ဌကထာက ဖွင့်ပြထားသောကြောင့် ရှေး၌ ဆိုခဲ့ပြီး အနက်မဟုတ်ကြောင်း၊ အနက်သစ်ကို

ဆိုလိုကြောင်း သာ၍ပင် ထင်ရှားပေ၏။ ဤအရာ၌ ယထာ ယထာ ဟူသော အာကာရဝါစက ဝိစ္ဆာပုဒ်သည် သာဓကထုတ်ပြသော ယေ ယံ တံ တံ ပုဒ်တို့နှင့် မတူပါတကားဟူ၍မူကား မစောဒနာသင့်ပေ။ ငါတို့၏ ဆိုလိုရင်းမှာ သရုပ်ထုတ်ပြသည်ဖြစ်စေ၊ အာကာရ ထုတ်ပြသည်ဖြစ်စေ၊ ရှေးနှင့်နောက် သရုပ်ပြခြင်းကိုသာ ရည်ရွယ်ပေသည်။ ထို့ကြောင့် ယေ ဝါ ပ န စသည်နှင့် ယထာ ယထာ ဝါပနသ မတူဟု စောဒနာခြင်းသည် ပညာရှိစောဒနာ မဟုတ်ပေ။

ဤအရာ၌ ဂစ္ဆန္တော ဝါ စသော ရှေးဝါကျ ၄ ပိုဒ်ဖြင့် ဣရိယာပုထ်ကြီး ၄ ပါး ရှုပုံကို ပြခဲ့ပြီးဖြစ်သောကြောင့် ယထာ ယထာ ဝါကျဖြင့် ၎င်းတို့ကို မယူတော့ဘဲ အသေးစိတ်ကိုယ်အမူအရာတို့ကိုသာ ယူသော်လည်း ရှုရမည့်တရား ယုတ်လျော့သွားခြင်းမရှိသဖြင့် တစ်စုံတစ်ရာ အကျိုးယုတ်ဖွယ်လည်း မရှိပါ။ ထို့ကြောင့် ပညာရှိတို့သည် ထိုတစ်နည်း ယူပုံကို မိမိတို့ကိုယ်ပိုင်ဉာဏ်ဖြင့် စိစစ်ဆင်ခြင်၍ သဘောဉာဏ် သက်ဝင်ပါက လက်ခံ၍ မသက်ဝင်ပါက လက်မခံဘဲ နေရုံသာရှိပါသည်။ ထိုယူပုံယူနည်းကို အကြီးအကျယ် အပြစ်ပြ၍ ပယ်ဖျက်ရန် မလိုပါ။ ထိုသို့ ပယ်ဖျက်သော်လည်း မည်သို့မျှ အကျိုးထူးကို ရနိုင်ဖွယ်မရှိပါ။

## အဿာသ ပဿာသဌ် သွင်းပြခြင်း၏အကြောင်း

ထို့ပြင် ဤမှတ်ချက်အတွင်း၌ပင် ဖောင်းမှု ပိန်မှုကို ဝါယောဓာတ် ၆ ပါးတို့တွင် အဿာသ ပဿာသ ဝါယောဓာတ်၌ အတွင်းဝင်သင့်ကြောင်း ပြဆိုထား၏။ ထိုသို့ ပြဆိုရာ၌လည်း ဖောင်းမှု ပိန်မှု ဝါယောသည် (၁) အင်္ဂမင်္ဂါနုသာရီဝါယော၊ (၂) အဿာသ ပဿာသ ဝါယော၊ (၃) ကုစ္ဆိသယ ဝါယော၊ (၄) ယံ ဝါ ပန ဝါယောဟူသော ဤလေးမျိုးတို့နှင့် စပ်ဆိုင်လျက်ရှိ၏။ သို့ရာတွင် ဝင်သက်ထွက်သက်နှင့် အနီးစပ်ဆုံးဖြစ်၍ ဝင်သက်ထွက်သက်၏အကျိုးဆက်အဖြစ် အလွန်ထင်ရှားသောကြောင့် အဿာသ ပဿာသ ဝါယောဓာတ်၌ သွင်းပြခြင်းဖြစ်သည်။ သို့သော်လည်း အဿာသ ပဿာသ ဝါယောဓာတ်အတွင်း ဝင်သည့်အတွက် အာနာပါနသမထ ကမ္မဋ္ဌာန်းဟူ၍ကား မဆိုလိုပေ။

အကြောင်းမူကား အာနာပါနသမထ ကမ္မဋ္ဌာန်းအရာ၌ ပဋိသမ္ဘိဒါမဂ်ဝိသုဒ္ဓိမဂ်စသည်တို့တွင် နှာသီးဖျား အထက်နှုတ်ခမ်းတို့၌ ထိခိုက်သော ဝင်လေထွက်လေကိုသာ ရှုရန် ပြထားသောကြောင့်ပေတည်း။ မှန်ပေ၏၊ ထိုပါဠိအဋ္ဌကထာတို့အရအားဖြင့် ဝမ်းထဲ၌ ဝင်ထွက်လှုပ်ရှားနေသော ဝင်သက်ထွက်သက်တို့ကို ရှုသော်လည်း အာနာပါနသမထ ကမ္မဋ္ဌာန်း မမည်ပေ။ သို့သော်ဓာတုဝဝတ္ထာန်နှင့် ဝိပဿနာကမ္မဋ္ဌာန်းမူကား ဖြစ်နိုင်ပါ၏။ အဘယ်ကြောင့်နည်းဟူမူ ဓာတုဝဝတ္ထာန်မှာ မည်သည့်ဓာတ်လေးပါးမဆို ရှုရသည့်ပြင် ဝိပဿနာမှာလည်း ကိုယ်တွင်းကိုယ်ပ ဥပါဒါနက္ခန္ဓာ ဟူသမျှကို ရှုရသောကြောင့်ပေတည်း။

ဤအရာ၌ ပရဝါဒီ စောဒကပုဂ္ဂိုလ်က နှာသီးဖျား၌ စက္ကူစကို ကပ်ထားလျှင် ထွက်သက်ဝင်သက်လေကြောင့် ထိုစက္ကူကလေ လှုပ်နေလိမ့်မည်၊ ထိုလှုပ်နေသော စက္ကူကို ရှုကောင်းပါမည်လောဟူ စောဒနာထားသည်ကို တွေ့ရ၏။ ငါတို့ကမူ ထင်ရှားသိရလျှင် ထိုစက္ကူသာမဟုတ်၊ လှုပ်ရှားမှုဟူသမျှကို ရှုကောင်းသည်ဟူ၍ပင် တိကျစွာ ဖြေဆိုပါ၏။ အဘယ်ကြောင့်နည်းဟူမူ အဝေးကိုရှာကြည့်နေစရာမလိုပါ။ ဤသတိပဋ္ဌာန် ပါဠိတော်၌ပင် "ဣတိ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ" စသည်ဖြင့် အတွင်းအပြင် အလုံးစုံကိုပင် ရှုရန် မြတ်စွာဘုရားကိုယ်တော်တိုင် ဟောထားသည် မဟုတ်ပါလော။ မြတ်စွာဘုရား၏ စကားတော်ကို ဘယ်ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်သည် ယုံမှားသင့် ပယ်ရှားသင့်အံ့နည်း။

ဤမျှဖြင့် နှာ ၆၉– ၇၁ တို့၌ ပြခဲ့သော မှတ်ချက်နှင့်စပ်၍ မန္ဒပညာပုဂ္ဂိုလ်တို့အတွက် ထပ်မံရှင်းလင်းချက် ပြီး၏။

## ပစ္စုပဋ္ဌာန်ဖြင့် ရှုအပ်ကြောင်း

ဤနိဿယ နံပါတ် ၅၉– ၆၀ ၌ ဝါယောဓာတ်၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်ထင်ရှားပုံကို ပြခဲ့၏။ ထိုသို့ပြခဲ့ခြင်းမှာလည်း ၎င်းတို့ကို ရှုသင့်သောကြောင့် အဋ္ဌကထာ ဋီကာတို့နှင့်အညီ ပြခဲ့ခြင်း ဖြစ်ပေသည်။

ထိုပြဆိုချက်ထဲမှ ပစ္စုပဋ္ဌာန်နှင့်စပ်လျဉ်း၍ "ရုပ်၏ပစ္စုပဋ္ဌာန်ကို ဝိပဿနာမရှုကောင်းဟူ၍လည်းကောင်း၊ ဝါယောဓာတ်၏ပစ္စုပဋ္ဌာန်ကို အကျိုးဆက်

ဖလ ပစ္စုပဋ္ဌာန်ဟူ၍လည်းကောင်း၊ ပဒဋ္ဌာန်ဟူ၍လည်းကောင်း” မကြာမီ လေးငါးနှစ်အတွင်းမှစ၍ ဝိတဏ္ဍာဝါဒီပုဂ္ဂိုလ်တစ်စုက မှားယွင်းစွာ တီထွင်ပြောဆိုနေကြသဖြင့် ထိုမိစ္ဆာဝါဒကိုလည်း ဤအရာ၌ ရှင်းလင်းသုတ်သင်သင့်သောကြောင့် ၎င်းကိုလည်း အကျဉ်းချုပ်အားဖြင့် ရှင်းလင်းပြပါဦးအံ့။

လက္ခဏရသာဒိဝသေန ပရိဂ္ဂဟေတွာ လက္ခဏ ရသ စသည်တို့၏ အစွမ်းအားဖြင့် သိမ်းဆည်းအပ်ကုန်၏ ဟူသော ဝိသုဒ္ဓိမဂ် (၂- ၂၂၂) အဖွင့် မဟာဋီကာ၌ ပရိဂ္ဂဟဝိဓိ ပန ခန္ဓနိဒ္ဒေသေ ဝုတ္တော ဧဝါတိ အဓိပ္ပာယော ဟု မိန့်ဆိုတော်မူ၏။

လက္ခဏ ရသ စသည်တို့၏အစွမ်းအားဖြင့် သိမ်းဆည်းပုံ အစီအရင်ကို ဝိသုဒ္ဓိမဂ် ခန္ဓနိဒ္ဒေသ၌ ပြခဲ့ပြီ။ အပြည့်အစုံ အကျယ်ကို သိလိုလျှင် ထိုခန္ဓနိဒ္ဒေသ၌ ပြန်ကြည့်ပါဟု ဆိုလို၏။

ခန္ဓနိဒ္ဒေသ၌ ကြည့်လျှင် စေတသိက် နာမ်တရား သိမ်းဆည်းပုံ အစီအရင်ကို

ဖုသတီတိ ဖဿော၊ ဿာယံ ဖုသနလက္ခဏော၊ သင်္ဃဋ္ဋနရသော၊ သန္နိပါတပစ္စုပဋ္ဌာနော၊ အာပါထဂတဝိသယပဒဋ္ဌာနော ဤသို့စသည်ဖြင့်

(၁) လက္ခဏာ၊ (၂) ရသ၊ (၃) ပစ္စုပဋ္ဌာန်၊ (၄) ပဒဋ္ဌာန်တို့၏အစွမ်းအားဖြင့် သိမ်းဆည်းပုံ ရှုပုံ အစီအရင်ကို အပြည့်အစုံ ပြထားသည်ကို တွေ့ရ၏။

စိတ်ဝိညာဏ် သိမ်းဆည်းပုံ အစီအရင်ကိုလည်း စက္ခုဝိညာဏဓာတ် စသည်ဖြင့် ၇ မျိုးခွဲ၍ အသီးသီး လက္ခဏ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် ၄ မျိုးလုံးဖြင့် အပြည့်အစုံ ပြထားသည်ကို တွေ့ရ၏။

ဘူတရူပံ စတုဗ္ဗိဓံ ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတူတိ၊ တာသံ လက္ခဏရသပစ္စုပဋ္ဌာနာနိ စတုဓာတုဝဝတ္ထာနေ ဝုတ္တာနိ။ ပဒဋ္ဌာနတော ပန တာ သဗ္ဗာပိ အဝသေသဓာတုတ္တယပဒဋ္ဌာနာ။

(ဝိသုဒ္ဓိမဂ် ၂- ၇၃)။

ဘူတရုပ်သည် ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ် ဟူ၍ ၄ ပါးအပြားရှိ၏။ ၎င်းတို့၏ လက္ခဏ ရသ ပစ္စုပဋ္ဌာန်တို့ကို စတုဓာတုဝဝတ္ထာန်၌ ပြဆိုခဲ့ပြီ။ မပြခဲ့ရသေးသော ပဒဋ္ဌာန်အားဖြင့်မူကား ထိုဓာတ်လေးပါးလုံးတို့ပင် ကြွင်းသော ဓာတ် ၃ ပါးလျှင် နီးသောအကြောင်း ပဒဋ္ဌာန် ရှိကုန်၏။

(မြန်မာပြန်)

အထက်ပါ ဝိသုဒ္ဓိမဂ်ဖြင့် ဓာတ် ၄ ပါးကို လက္ခဏာ ရသ ပစ္စုပဋ္ဌာန် တို့ဖြင့် ရှုရန် အစီအရင်သည် စတုဓာတုဝဝတ္ထာန်၌ ပြဆိုခဲ့သည့်အတိုင်းပင် ဟူ၍လည်းကောင်း၊ ပဒဋ္ဌာန်အားဖြင့်မူကား မိမိမှကြွင်းသော အခြားဓာတ် ၃ ပါးဟူသော ပဒဋ္ဌာန်ဖြင့် ရှုရမည်ဟူ၍လည်းကောင်း ဆိုလို၏။ ထို့ကြောင့် စတုဓာတုဝဝတ္ထာန်၌ ပြခဲ့သောရှုပုံ အစီအရင်ကိုလည်း ကြည့်ရပေလိမ့်မည်။ ကြည့်လျှင် အောက်ပါအတိုင်း တွေ့ရပေလိမ့်မည်။

လက္ခဏာဒိတောတိ ပထဝီဓာတု ကိံလက္ခဏာ၊ ကိံရသာ၊ ကိံပစ္စုပဋ္ဌာနာတိ ဧဝံ စ တဿောပိ ဓာတုယော အာဝဇ္ဇေတွာ ပထဝီဓာတု ကက္ခဠတ္တလက္ခဏာ၊ ပတိဋ္ဌာနရသာ၊ သမ္ပဋိစ္ဆနပစ္စုပဋ္ဌာနာ၊ အာပေါဓာတု ပဂ္ဃရဏလက္ခဏာ၊ ဗြူဟနရသာ၊ သင်္ဂဟပစ္စုပဋ္ဌာနာ၊ တေဇောဓာတု ဥဏှတ္တလက္ခဏာ၊ ပရိပါစနရသာ၊ မဒ္ဒဝါနုပ္ပဒါန ပစ္စုပဋ္ဌာနာ၊ ဝါယောဓာတု ဝိတ္ထမ္ဘနလက္ခဏာ၊ သမုဒီရဏ ရသာ၊ အဘိနီဟာရ ပစ္စုပဋ္ဌာနာတိ ဧဝံ လက္ခဏာဒိတော မနသိကာတဗ္ဗာ။ (စတုဓာတုဝဝတ္ထာန်အဖွင့် ဝိသုဒ္ဓိမဂ် ၁- ၃၆၂)

"လက္ခဏာ စသည်အားဖြင့်" ဟူရာ၌ ပထဝီဓာတ်သည် အဘယ် လက္ခဏာ ရှိသနည်း။ အဘယ်ရသ ရှိသနည်း။ အဘယ်ပစ္စုပဋ္ဌာန် ရှိသနည်းဟု ဤသို့သောနည်းဖြင့် ဓာတ် ၄ ပါးလုံးတို့ကို ဆင်ခြင်ပြီးလျှင် ပထဝီဓာတ်သည် ခက်မာခြင်း လက္ခဏာ ရှိ၏၊ တည်ရာကိစ္စ ရှိ၏၊ ခံလင့်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏၊ အာပေါဓာတ်သည် ယိုစီးခြင်းလက္ခဏာ ရှိ၏၊ ပွားစေခြင်းကိစ္စ ရှိ၏၊ ပေါင်းစုခြင်း ပစ္စုပဋ္ဌာန် ရှိ၏၊ တေဇောဓာတ်သည် ပူခြင်းလက္ခဏာ ရှိ၏၊ ရင့်ကျက်စေခြင်းကိစ္စ ရှိ၏၊ နူးညံ့ခြင်းကို ပေးခြင်းပစ္စုပဋ္ဌာန် ရှိ၏၊ ဝါယောဓာတ်သည် ထောက်ကန်ခြင်းလက္ခဏာ ရှိ၏၊ လှုပ်ခြင်း လှုပ်စေခြင်း၊ (တွန်းခြင်း) ကိစ္စရသရှိ၏၊ (ဘူတရုပ်အပေါင်းကို) ရွေးရှုဆောင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏ ဟူ၍ ဤသို့လက္ခဏာ စသည်အားဖြင့် နှလုံးသွင်းအပ် ရှုအပ်ကုန်၏။

(မြန်မာပြန်)

ယခုထုတ်ပြခဲ့သော မဟာဋီကာနှင့်တကွ ဝိသုဒ္ဓိမဂ်စကားရပ်တို့တွင် နာမ်တရားတို့ကိုလည်းကောင်း၊ ရုပ်တရားတို့ကိုလည်းကောင်း လက္ခဏာ ရသ တို့ဖြင့် ရှုအပ်သကဲ့သို့ပင် ပစ္စုပဋ္ဌာန်ဖြင့်လည်း ရှုအပ် ရှုကောင်းကြောင်း အလွန်ပင် ထင်ရှားလှပေ၏။ ထို့ပြင် ပဒဋ္ဌာန်ဖြင့်လည်း ရှုကောင်းကြောင်း ထင်ရှား၏။

အောက်ပါ အဋ္ဌကထာ ဋီကာတို့ဖြင့်မူကား ရုပ်တရားကို ပစ္စုပဋ္ဌာန်ဖြင့် ရှုအပ် ရှုကောင်းကြောင်း သာ၍ပင် ထင်ရှားသေး၏။

ဣတိ ရူပန္တိ ဣဒံ ရူပံ၊ ဧတ္တကံ ရူပံ၊ ဣတော ဥဒ္ဓံ ရူပံ နတ္ထီတိ ရုပ္ပန သဘာဝဉ္စေဝ ဘူတုပါဒါယဘေဒံ ရူပဉ္စ အာဒိံ ကတွာ လက္ခဏရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာနဝသေန အနဝသေသရူပပရိဂ္ဂဟော ဝုတ္တော။

(သုတ်မဟာဝါ အဋ္ဌကထာ ၅၃၊ သံယုတ် အဋ္ဌကထာ ၂- ၄၄)

ဣတိ ရူပံ ဟူသောစကားဖြင့် "ဤသည်ကား ရုပ်တည်း၊ ဤမျှလောက်ကား ရုပ်တည်း၊ ဤထက် အလွန် ရုပ်သည် မရှိတော့ပြီ" ဟု ဖောက်ပြန်ခြင်း သဘောကိုလည်းကောင်း၊ ဘူတရုပ် ဥပါဒါရုပ် အပြားရှိသော ရုပ်ကိုလည်းကောင်း အစပြု၍ လက္ခဏာရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့၏ အစွမ်းအားဖြင့် အကြွင်းမဲ့ အလုံးစုံသော ရုပ်ကို သိမ်းဆည်းခြင်းကို ပြတော်မူ၏။

(မြန်မာပြန်)

တတ္ထ လက္ခဏံ နာမ တဿ တဿ ရူပဝိသေသဿ အနညသာဓာရဏော သဘာဝေါ၊ ရသော တဿေဝ အတ္တနော ဖလံ ပတိ ပစ္စယဘာဝေါ၊ ပစ္စုပဋ္ဌာနံ တဿ ပရမတ္ထတော ဝိဇ္ဇမာနတ္တာ ယာထာဝတော ဉာဏဿ ဂေါစရဘာဝေါ၊ ပဒဋ္ဌာနံ အာသန္နကာရဏံ၊ တေနဿ ပစ္စယာယတ္တဝုတ္တိတာ ဒဿိတာ။ (မဟာဝါ အဋ္ဌကထာ၏အဖွင့်ဋီကာ ၅၃)။

ထိုတွင် လက္ခဏာမည်သည်မှာ ထိုထို (ပထဝီစသော) ရုပ်အထူး၏ (အာပေါစသော) တစ်ပါးသောရုပ်တို့နှင့် မဆက်ဆံသော (ကက္ခဋတ္တစသော) သဘောရင်းပေတည်း။ ရသမည်သည်မှာ မိမိအကျိုးကိုစွဲ၍ ထိုရုပ်၏ ကျေးဇူးပြုတတ်သည်၏ အဖြစ်ပေတည်း။ ပစ္စုပဋ္ဌာန်မည်သည်မှာ ထိုရုပ်၏ ပရမတ္ထအားဖြင့် ထင်ရှားရှိသည်၏ အဖြစ်ကြောင့် ဟုတ်တိုင်းမှန်စွာ ဉာဏ်၏ကျက်စားရာ အာရုံ၏အဖြစ်ပေတည်း။ ပဒဋ္ဌာန်မည်သည်မှာ နီးစွာသော အကြောင်းပေတည်း။ ၎င်းဖြင့် ထိုရုပ်၏ အကြောင်းနှင့်စပ်သော ဖြစ်ခြင်းရှိသည်၏ အဖြစ်ကို ပြအပ်၏။ (၎င်းဋီကာ၏ မြန်မာပြန်)

လက္ခဏရသပစ္စုပဋ္ဌာနပဒဋ္ဌာနဝသေနာတိ ကက္ခဋတ္တာဒိလက္ခဏဝသေန၊ သန္ဓာရဏာဒိရသဝသေန၊ သမ္ပဋိစ္ဆနာဒိပစ္စုပဋ္ဌာနဝသေန ဘူတတ္တယာဒိပဒဋ္ဌာနဝသေန စ။ (သံယုတ်ဋီကာ ၂- ၅၈)။

လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့၏အစွမ်းအားဖြင့် ဟူသည်မှာ

ခက်မာခြင်း အစရှိသော လက္ခဏာ၏အစွမ်းအားဖြင့်လည်းကောင်း၊ ကောင်းစွာ ဆောင်ထားခြင်းအစရှိသော ရသ၏ အစွမ်းအားဖြင့်လည်းကောင်း၊ ခံလင့်ခြင်း အစရှိသော ပစ္စုပဋ္ဌာန်၏အစွမ်းအားဖြင့်လည်းကောင်း၊ ကြွင်းသော ဘူတရုပ် ၃ ပါး အပေါင်းအစရှိသော ပဒဋ္ဌာန်၏အစွမ်းအားဖြင့်လည်းကောင်း (အကြွင်းမဲ့ ရုပ်ကို သိမ်းဆည်းခြင်းကို ပြဆိုအပ်သည် ဟုဆို၏။)

(သံယုတ်ဋီကာ မြန်မာပြန်)

အထက်ပါ သုတ်မဟာဝါအဋ္ဌကထာ ဋီကာ၊ သံယုတ် အဋ္ဌကထာ ဋီကာတို့သည် ရုပ်ရှုပုံကိုပြသော ဣတိ ရူပံ ဟူသော ပါဠိတော်၏အဖွင့်များ ဖြစ်ကြပေသည်။ ထိုသံဝဏ္ဏေတဗ္ဗပါဠိတော်သည်လည်း ဘုရားအလောင်းတော် အား နာမရူပပရိဂ္ဂဟဉာဏ် ဖြစ်ပုံကိုပြသော စကားရပ်ဖြစ်ပေသည်။ ဤသို့ ရုပ်သက်သက် ရှုပုံကို တိတိကျကျ ဖွင့်ပြထားသောကြောင့် ရုပ်ကို ပစ္စုပဋ္ဌာန် ဖြင့် ရှုကောင်းကြောင်းမှာ အလွန့်အလွန်ပင် ထင်ရှားလှပေ၏။ ထို့အတူပင် ပဒဋ္ဌာန်ဖြင့် ရှုကောင်းကြောင်းလည်း ထင်ရှားသည်သာတည်း။ ဝေဒနာစသော နာမ်ခန္ဓာတို့၌ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ဖြင့် ရှုပုံကိုလည်း ထို အဋ္ဌကထာ ဋီကာတို့၌ အလားတူပင် ဖွင့်ပြထားလျက်ရှိ၏။ ထို့ကြောင့် နာမ် ကိုလည်း ပဒဋ္ဌာန်ဖြင့် ရှုကောင်းကြောင်း အလွန်ပင် ထင်ရှားလှပေ၏။

ဤအရာ၌ ထုတ်ပြခဲ့သော သုတ်မဟာဝါအဋ္ဌကထာ သံယုတ်အဋ္ဌကထာတို့တွင် အနဝသေသရူပပရိဂ္ဂဟော– အကြွင်းမဲ့ရုပ်ကို သိမ်းဆည်းခြင်း (အနဝသေသဝေဒနာ သညာ သင်္ခါရ ဝိညာဏပရိဂ္ဂဟော– အကြွင်းမဲ့ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကို သိမ်းဆည်းခြင်း၊ ဤအပုဒ်မှာမူ ဤ၌ ထုတ်ပြမထား။ ကျမ်းရင်း၌ ရှိပါသည်) ဟူ၍ ရုပ်နာမ်သိမ်းဆည်းခြင်းကိုသာ တိတိကျကျ ပြဆိုထားပေ၏။ ပစ္စယပရိဂ္ဂဟော အကြောင်းကို သိမ်းဆည်း ခြင်းဟူ၍ကား မဆိုပေ။ ထို့ကြောင့် ပဒဋ္ဌာန်ဖြင့် သိမ်းဆည်းခြင်းမှာ ပစ္စယ ပရိဂ္ဂဟဉာဏ်နှင့် ဆိုင်ပါသည်ဟု ဆင်ခြင်ပေးဖွယ်ကား မရှိတော့ပေပြီ။ သို့သော် ထိုထက်သာ၍ ရှင်းလင်းစေရန် ဋီကာကျော် ကျမ်းပြုဆရာ၏ ဆရာကြီးဖြစ်တော် မူသော အရှင်သာရိပုတ္တရာမထေရ်မြတ် စီရင်သည့် သာရတ္ထဒီပနီဋီကာကိုလည်း ထုတ်ပြပါဦးအံ့။

သဗ္ဗံ တေဘူမတံ နာမရူပံ "ဣဒံ ရူပံ၊ ဧတ္တကံ ရူပံ၊ န ဣတော ဘိယျော၊ ဣဒံ နာမံ၊ ဧတ္တကံ နာမံ၊ န ဣတော ဘိယျောတိ ဘူတုပါဒါယဘေဒံ ရူပံ၊

ဖဿာဒိဘေဒံ နာမဍ္ဍ လက္ခဏ ရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာနတော ဝဝတ္ထပေတိ၊ ကမ္မာဝိဇ္ဇာဒိကဉ္စဿ ပစ္စယံ ပရိဂ္ဂဏှာတိ၊ အယံ ဉာတပရိညာ။

(သာရတ္ထ ၂- ၂၀)

"ဤသည်ကား ရုပ်၊ ဤမျှလောက်ကား ရုပ်၊ ဤထက် အလွန်မရှိပြီ။ ဤသည်ကား နာမ်၊ ဤမျှလောက်ကား နာမ်၊ ဤထက် အလွန်မရှိပြီ"ဟု ဘူတရုပ် ဥပါဒါရုပ်အပြားရှိသော ရုပ်ကိုလည်းကောင်း၊ ဖဿစသည် အပြားရှိသော နာမ်ကိုလည်းကောင်း (ဤ) အလုံးစုံသော ဘုံသုံးပါး၌ဖြစ်သော နာမ်ရုပ်အပေါင်းကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်အားဖြင့် ပိုင်းခြား၏။ ထိုနာမ်ရုပ်၏ ကံ အဝိဇ္ဇာအစရှိသော အကြောင်းကိုလည်း သိမ်းဆည်း၏။ ဤ (ပိုင်းခြားခြင်း သိမ်းဆည်းခြင်း) သည် ဉာတ ပရိညာပေတည်း။

(မြန်မာပြန်)

အထက်ပါဋီကာ၌ နာမရူပံ၊ ပ၊ ဝဝတ္ထပေတိ ဟူသော ရှေးစကားဖြင့် နာမရူပပရိဂ္ဂဟဉာဏ်ကို ပြ၏။ ကမ္မာဝိဇ္ဇာဒိကဉ္စဿ ပစ္စယံ ပရိဂ္ဂဏှာတိ ဟူသော နောက်စကားဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို ပြ၏။ ဤသို့ အသီးသီး ခွဲခြားပြထားသောကြောင့် "ပဒဋ္ဌာန်ဖြင့် ရှုခြင်းကို ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ဆိုင်ပါသည်" ဟု ဆိုဖွယ်ကား လုံးဝမရှိတော့သည်သာတည်း။ ထို့ပြင် ဋီကာကျော်ဆရာ၏ ဆရာကြီးဖြစ်သော အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကပင် "နာမရူပံ၊ ပ၊ ပဒဋ္ဌာနတော ဝဝတ္ထပေတိ နာမ်ရုပ်ကို = ပဒဋ္ဌာန်ဖြင့် ပိုင်းခြား၏" ဟူ၍ အတိအလင်း ပြဆိုထားသောကြောင့် ဋီကာကျော်၌လည်းကောင်း၊ သင်္ဂြိုဟ် ဋီကာဟောင်း၌လည်းကောင်း ပဒဋ္ဌာန်အဖွင့် မပါသောကြောင့် အဘိဓမ္မတ္ထ သင်္ဂဟကျမ်း၌ ပဒဋ္ဌာနပုဒ် မပါသင့်ဟူ၍လည်း မဆိုသင့်ပြီ။

ထို့ထက် ရှေးကျ၍ ထို့ထက် ခိုင်လုံသော သာဓကကို အလိုရှိလျှင် သာရတ္ထဒီပနီဋီကာဆရာတော်ကပင် အာစရိယဓမ္မပါလတ္ထေရ ဟု အလေး အမြတ်ပြု၍ ညွှန်ပြရသော အရှင်ဓမ္မပါလမထေရ် စီရင်ခဲ့သည့် ဣတိဝုတ် အဋ္ဌကထာ နံပါတ် ၅၀ မှာ ကြည့်ပါလေဦး။ ထိုအဋ္ဌကထာ၌လည်း ဤ သာရတ္ထဒီပနီနှင့် အလားတူပင်ဆိုထားပါသည်။ အထူးမှာ "ကမ္မာဝိဇ္ဇာဒိကဉ္စဿ ပစ္စယံ ပရိဂ္ဂဏှာတိ" အရာ၌ "တဿ အဝိဇ္ဇာဒိကဉ္စ ပစ္စယံ ပရိဂ္ဂဏှာတိ" ဟု ရှိနေခြင်းမျှသာ ထူးသည်။ သို့သော် အနက်မှာ မထူးပြီ။ ထို့ကြောင့် ထိုပါဌ်ကို ဤ၌ ထုတ်မပြတော့ပြီ။

ဤသို့ ရုပ်ကို ပစ္စုပ္ပန်ဖြင့် ရှုပုံကိုလည်းကောင်း၊ **နာမ်ရုပ် ၂ ပါး** လုံးကို ပဒ္ဓါန်ဖြင့် ရှုပုံကိုလည်းကောင်း၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့၌ အလွန်ထင်ရှားစွာ ပြဆိုထားသောကြောင့် ရုပ်ကို ပစ္စုပ္ပန်ဖြင့် မရှုကောင်း ဟူ၍လည်းကောင်း၊ နာမရူပပရိဂ္ဂဟဉာဏ်အရာ၌ နာမ်နှင့်ရုပ်ကို ပဒ္ဓါန်ဖြင့် မရှုကောင်းဟူ၍လည်းကောင်း ပစ်ပယ်ပြောဆိုသောသူသည် သုတ်မဟာဝါ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ သံယုတ် ပါဠိ၊ အဋ္ဌကထာ ဋီကာ၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဋီကာ၊ ဣတိဝုတ် အဋ္ဌကထာ၊ သာရတ္ထဒီပနီ ဋီကာကြီးတို့ကို ပယ်ဖျက်ရာရောက်၏။ အမှန်ကို အမှားဖြစ်အောင်၊ အမှားကို အမှန်ဖြစ်အောင် ယုတ္တိ ယုတ္တာကြံဆောင်၍ ပြောသဖြင့် ပညာရှိသူတော်ကောင်းတို့၏ စိတ်နှလုံး ကို တုန်လှုပ်စေတတ်သည့် ဝိတဏ္ဍဝါဒရှိသောကြောင့် ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်အဖြစ် သို့လည်း ရောက်၏။

## ဝါယော၏ ပစ္စုပ္ပန်လည်း ပရမတ်ပင်

ပစ္စုပ္ပန် တသ္မာ ပရမတ္ထတော ဝိဇ္ဇမာနတ္တာ ယာထာဝတော ဉာဏဿ ဂေါစရဘာဝေါ–

ပစ္စုပ္ပန်မည်သည်မှာ ထိုရုပ်၏ ပရမတ္ထအားဖြင့် ထင်ရှားရှိခြင်းကြောင့် ဟုတ်တိုင်းမှန်စွာ ဉာဏ်၏ကျက်စားရာအာရုံ အဖြစ်ပေတည်း။

(သုတ်မဟာဝါ ဋီကာ ၅၃)

အထက်ပါ ဋီကာ၌ "ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့် ဟုတ်တိုင်း မှန်စွာ ဉာဏ်၏ကျက်စားရာအာရုံဖြစ်သည်" ဟု အထင်အရှား ဆိုထားသော ကြောင့် ဝါယောဓာတ်၏ အဘိနီဟာရပစ္စုပ္ပန်ကိုလည်း ပရမတ္ထအားဖြင့် ထင်ရှားရှိသော ဟုတ်တိုင်းမှန်စွာ ဉာဏ်၌ ထင်ပေါ်လာသော ပရမတ္ထတရား ဟူ၍သာ သိအပ်၏။ ဝိတဏ္ဍဝါဒီတို့ ဆိုသကဲ့သို့ ပညတ်ဟူ၍ကား မသိအပ် မမှတ်အပ်သည်သာတည်း။

ပရမတ္ထတရားဖြစ်ရုံမျှသာ မဟုတ်သေး၊ ရှုလိုရင်း ဓာတ်အစစ်လည်း ဖြစ်သေးကြောင်းကို အောက်ပါ မဟာဋီကာဖြင့် သိအပ်၏။

ပဒ္ဓါန် ပနေတ္ထ အညမ္မေတာယ န ဥဒ္ဓဋံ– ပဒ္ဓါန်ကိုကား ရှုလိုရင်း ဓာတ်မှ တခြားတစ်ပါး အလွတ်တရားဖြစ်ခြင်းကြောင့် ဤလက္ခဏာ ဒိတောအရ ရှုနည်း၌ (အဋ္ဌကထာ ဆရာ) မထုတ်ပြအပ်ပေ။ (မဟာဋီကာ ၁– ၄၄၉)

ဝိသုဒ္ဓိမဂ်၌ လက္ခဏာဒိတောအရ ရှုနည်းကို အကျယ်ပြရာတွင် ဓာတ်လေးပါးတို့ကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်တို့ဖြင့် ရှုပုံကိုသာ ပြ၏။ ပဒဋ္ဌာန်ဖြင့် ရှုပုံကိုကား မပြပေ။ ထိုသို့ပဒဋ္ဌာန်ဖြင့် ရှုပုံကို မပြခြင်းမှာ အဘယ်ကြောင့်ပါနည်းဟု မေးဖွယ်ရှိသောကြောင့် မဟာဋီကာ၌ အထက်ပါအတိုင်း ဖြေရှင်းပြပေသည်။ ဆိုလိုသည်မှာ ပထဝီစသော ဓာတ်တစ်ပါးတစ်ပါး၏ ပဒဋ္ဌာန်သည် မိမိမှကြွင်းသော အခြားဓာတ် ၃ ပါးပင် ဖြစ်သည်။ သို့ဖြစ်၍ ပထဝီဓာတ်ကို ရှုလိုသူမှာ ပထဝီ၏ ပဒဋ္ဌာန်ဖြစ်သော အာပေါ၊ တေဇော၊ ဝါယောတို့သည် ရှုလိုရင်း ပထဝီဓာတ်မှ တခြားတစ်ပါး အလွတ်တရားသာလျှင် ဖြစ်ကုန်၏။ ထို့အတူပင် အာပေါကို ရှုလိုသူမှာ ပထဝီ၊ တေဇော၊ ဝါယောတို့သည်လည်းကောင်း၊ တေဇောကို ရှုလိုသူမှာ ပထဝီ၊ အာပေါ၊ ဝါယောတို့သည်လည်းကောင်း၊ ဝါယောကို ရှုလိုသူမှာ ပထဝီ၊ အာပေါ၊ တေဇောတို့သည်လည်းကောင်း၊ ရှုလိုရင်းမှ တခြားတစ်ပါးသော အလွတ်တရားတို့သာလျှင် ဖြစ်ကုန်၏။ ထို့ကြောင့် ရှုလိုရင်းဓာတ်ကိုသာ တည့်တည့်မတ်မတ်ရှုရန် ပြသော ဤလက္ခဏာဒိတောအရ ရှုနည်း၌ ရှုလိုရင်း တရားကိုယ်ဖြစ်သော လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်တို့ကိုသာ ပြသည်။ ရှုလိုရင်းဓာတ်မှ အခြားတစ်ပါး အလွတ်တရားဖြစ်သော (ကြွင်းသောဓာတ် ၃ ပါးဟူသော) ပဒဋ္ဌာန်ကိုကား မပြဟု ဆိုလို၏။

ဤဋီကာ၌ အသီးသီးသော ဓာတ်တစ်ပါးတစ်ပါး၏ ပဒဋ္ဌာန်ဖြစ်သော အခြားဓာတ် ၂ ပါးကို အညမ္မ ရှုလိုရင်းဓာတ်မှ အခြားတစ်ပါး အလွတ်တရားဟု ဆိုသဖြင့် လက္ခဏာဒိတောအရ ရှုနည်းအရ ပြထားသော လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်တို့ကိုကား ရှုလိုသောဓာတ်မှ တခြားတစ်ပါး အလွတ်တရား အညမ္မမဟုတ်၊ ရှုလိုရင်း ပရမတ္ထဓာတ်တရားပင် ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့ကို လက္ခဏာဒိတောအရ ရှုနည်း၌ ပြသည်ဟူ၍လည်း ဆိုရာရောက်၏။ သို့ဖြစ်၍ ဝါယောဓာတ်၏ လက္ခဏာနှင့်ရသတို့သည် ပရမတ် ဝါယောအစစ်ဖြစ်သကဲ့သို့ ဝါယောဓာတ်၏ အဘိနီဟာရ ပစ္စုပဋ္ဌာန်ကိုလည်း ပရမတ် ဝါယောအစစ်ပင်ဟု မြဲမြံစွာ မှတ်ယူအပ်ပေ၏။

ထို အဘိနီဟာရပစ္စုပဋ္ဌာန်သည် ရှုအပ်ရှုကောင်းသော ရှုလိုရင်းလည်းဖြစ်သော ပရမတ် ဝါယောအစစ်ဖြစ်သောကြောင့် ရှုအပ် ရှုသင့်သော ဝါယောမှ

အလွတ် အကျိုးဆက် ဖလပစ္စုပဋ္ဌာန်လည်း မဟုတ်၊ ရှုသော ဝိပဿနာဉာဏ်အား ရှေးရှုထင်ပေါ်လာသော အာကာရပစ္စုပဋ္ဌာန်သာလျှင် ဖြစ်သည်။ အောက်ပါဋီကာဖြင့် မြဲမြဲစွာ ဆုံးဖြတ်အပ်၏။

သမ္မုဋ္ဌိတ္ထနာကာရေန ဉာဏဿ ပစ္စုပတိဋ္ဌတီတိ သမ္မုဋ္ဌိတ္ထနပစ္စုပဋ္ဌာနာ–

သဟဇာတ်တရားကို ခံလင့်သော အခြင်းအရာအားဖြင့် ဉာဏ်အားရှေးရှုထင်တတ်သောကြောင့် သမ္မုဋ္ဌိတ္ထနပစ္စုပဋ္ဌာန မည်၏။

(မဟာဋီကာ ၁–၄၉)

အထက်ပါ မဟာဋီကာသည် ပထဝီဓာတ်၏ သမ္မုဋ္ဌိတ္ထနပစ္စုပဋ္ဌာနပုဒ်ကို ဖွင့်ပြသောစကားဖြစ်သည်။ ထိုစကားဖြင့် ကြွင်းသော အာပေါ၊ တေဇော၊ ဝါယောဓာတ်တို့၏ ပစ္စုပဋ္ဌာန်တို့လည်း ဥပဋ္ဌာနာကာရ ပစ္စုပဋ္ဌာန်ချည်းပင် ဖြစ်ကြောင်း သိစေပါသည်။ ထို့ကြောင့်ပင် ၎င်း ဓာတ် ၃ ပါးတို့၏အရာ၌ ပစ္စုပဋ္ဌာနပုဒ်ကို ထပ်၍ မဖွင့်ပြဘဲ ရှိလေသည်။

အထူးသတိပြုစေလိုသည်မှာ ယခု ငါတို့ရှင်းပြသော နောက်ဆက်တွဲ၌ ဝိပဿနာရှုကောင်းသော တရားကို ရှုကောင်းကြောင်း ရှင်းလင်းပြခြင်းနှင့် ငါတို့အား စွပ်စွဲလာသည်ကို ဖြေရှင်းခြင်းမျှသာ ပါဝင်သည်။ သူတစ်ပါး၏ လုပ်ငန်းစဉ်ကို ပယ်ဖျက်ခြင်းလည်း မပါ၊ သူတစ်ပါးတို့အား ထိပါးနစ်နာစေရန် ပုတ်ခတ်စွပ်စွဲခြင်းလည်း မပါ။ သန့်ရှင်းသော စေတနာဖြင့် ရိုးသားစွာ ဖြေရှင်းထားသည်ကို အထူးသတိပြုကြစေလိုပါ၏။

(မဟာသတိပဋ္ဌာနသုတ် ပါဠိနိဿယ)

## ဒုက္ခဝေဒနာကို ခွာပုံ

ဒီနေရာမှာ "ကျားစားခံရလို့ ဖြစ်နေတဲ့ နာကျင်မှု ဒုက္ခဝေဒနာကို ခွာတယ်" ဆိုတာ ဘယ်လိုပါလဲလို့ မေးစရာရှိပါတယ်။ ဒီဝတ္ထု၏ ရှေ့ အခြားမဲ့မှာပေါင်ကို ရိုက်ချိုး၍ အာမခံပေးပြီး တရားအားထုတ်တဲ့ အရှင်တိဿထေရ်ဝတ္ထုမှာ ထေရဿ ဝေဒနံ ဝိက္ခမ္ဘေတွာ သီလံ ပစ္စဝေက္ခတော ပရိသုဒ္ဓံ သီလံ နိဿာယ ပီတိပါမောဇ္ဇံ ဥပ္ပဇ္ဇိ စသည်ဖြင့် ပြထားတဲ့ အဋ္ဌကထာစကားရှိပါတယ်။ အဲဒီ အဋ္ဌကထာ စကားအရဆိုရင် "ဝေဒနံ ဝိက္ခမ္ဘေတွာ– ဝေဒနာကို ခွာပြီးနောက်၊ သီလံ ပစ္စဝေက္ခတော– သီလကို ဆင်ခြင်တယ်" ဆိုထားတဲ့

အတွက် "သီလကို ဆင်ခြင်ပြီး ဝေဒနာကို ခွာတယ်" ဆိုတဲ့ အနက်တော့ မရနိုင်ပါဘူး။ "ဝေဒနာကို ခွာပြီးနောက်မှ သီလကို ဆင်ခြင်တယ်" လို့သာ ထင်ရှားပါတယ်။ ဒါကြောင့် အဲဒီအဋ္ဌကထာစကားဖြင့် "ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ– ဒုက္ခဒေါမနဿ ဝေဒနာတို့ ချုပ်ရန်အတွက် သတိပဋ္ဌာန်ကို၊ ဧကာယန– တစ်ခုတည်းသောလမ်း၊ တစ်ကြောင်းတည်းသောလမ်း" လို့ ဆိုသည့် မူလသံဝဏ္ဏောတဗ္ဗ၏ အဖွင့်ဖြစ်သည့်အားလျော်စွာ ရှုမှတ်မှု သတိပဋ္ဌာန်ဖြင့် ပစ်ခွာတယ်လို့ယူလျှင် သင့်ဖွယ်ရှိပါတယ်။

ယခု ယောဂီများမှာ သွေးရိုးသားရိုး ဒုက္ခဝေဒနာဖြစ်စေ၊ တိုက်ခိုက်ထိပါးလို့ ဖြစ်တဲ့ ဒုက္ခဝေဒနာဖြစ်စေ၊ အဲဒီဝေဒနာကို စူးစိုက်ပြီး ရှုမှတ်နေလျှင် တဖြည်းဖြည်း လျော့လျော့ပြီး ပျောက်ကင်းသွားတာကို ကိုယ်တိုင် တွေ့ကြရပါတယ်။ အဲဒါဟာ ရှုမှတ်မှုဖြင့် ဝေဒနာကွာသွားတာပဲ။ ဒါပေမဲ့ အမြစ်ပြတ်ပျောက်စေနိုင်လောက်အောင် ဝိပဿနာ သမာဓိပညာက မထက်သန်ရင်တော့ တော်တော်ကြာတဲ့အခါ အဲဒီဝေဒနာက ပြန်ပေါ်လာတတ်ပါတယ်။ အဲဒါဟာ ဝိက္ခမ္ဘန– ဝေးကွာစေတယ်ဆိုတဲ့ စကားနဲ့လည်း လျော်ပါတယ်။ ဝိပဿနာ သမာဓိဉာဏ်က ထက်သန်ရင်တော့ အဲဒီလို ဒုက္ခဝေဒနာကို လုံးဝလည်း ကင်းပျောက်သွားစေနိုင်ပါတယ်။ ဒါကြောင့်ပင် မြတ်စွာဘုရားမှာ နောက်ဆုံးဝါတွင်း၌ ဖြစ်ပေါ်လာတဲ့ အကြီးအကျယ် ရောဂါဝေဒနာကို ဝိပဿနာဖြင့်ပင် ပျောက်ကင်းစေနိုင်တာပါပဲ။

သီလကို ဆင်ခြင်ပြီး ဝေဒနာကို ကွာစေနိုင်တယ်ဆိုတာလည်း ယုတ္တိရှိပါတယ်။ ဒါပေမဲ့ ဒီဝတ္ထုကတော့ သတိပဋ္ဌာန်ဖြင့် ဒုက္ခချုပ်ငြိမ်းစေကြောင်း ထုတ်ပြတာဖြစ်တဲ့အတွက် ကျားက ကိုက်ခဲပြီးစားလို့ ဖြစ်တဲ့ဝေဒနာကို ဝေဒနာနုပဿနာသတိပဋ္ဌာန်အရ ရှုမှတ်ပြီး ကွာစေတယ်၊ ချုပ်ငြိမ်းစေတယ်ဆိုတာက ပိုပြီး သင့်မြတ်ပါတယ်။

(တုဝဋ္ဋကသုတ် တရားတော်)

## "ဦး" စကားလုံး အသုံးအနှုန်းနှင့်စပ်လျဉ်း၍

"သေဋ္ဌေးကြီး၊ စက်ပိုင်ကြီး၊ ဥက္ကဋ္ဌကြီး" စသည်ဖြင့် မြင့်မြှောက်ပြီး ပြောတာကတော့ ဥလ္လပနာမည်တယ်။ အဲဒါမျိုးလည်း မပြောကောင်းဘူး။ ဒီ

နေရာမှာ အချို့ဆရာတော်များက "ဦးဖြူ၊ ဒကာကြီး" စသည်ဖြင့် "ဦး" ဆိုတဲ့စကား၊ "ကြီး" ဆိုတဲ့စကားနဲ့ ပြောတာလည်း မြှင့်မြှောက်ပြောရာ ရောက်တယ်လို့ ယူဆပြီးတော့ "ဦး" မပါ "ကြီး" မပါဘဲ "ဒကာဖြူ၊ ဒကာ" စသည်ဖြင့် ပြောဆိုလေ့ရှိကြပါတယ်။ ဒီနေရာမှာ စဉ်းစားစရာကတော့ လာဘ်လာဘကို မမျှော်လင့်ဘဲ ပြောရိုးပြောစဉ်အနေနဲ့ ပြောတာဆိုရင် အပြစ်ဖြစ်ဖွယ် မရှိပါဘူး။ သင့်တော်လောက်စရာ ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ မြတ်စွာဘုရားကိုယ် တော်တိုင်တောင်မှ သူ့ခေတ်အားလျော်စွာ "မဟာရာဇ မင်းကြီး" လို့ ခေါ်ဝေါ် ပြောဆိုတော်မူသေးတဲ့အတွက်ကြောင့်ပါပဲ။

(တုဝဋ္ဋကသုတ်တရားတော်)

## ဘုရားဟာ နေမျိုးနွယ် ဆိုရာဝယ်

နေမင်းကလည်း ဂေါတမအနွယ် ရှိတယ်၊ ဗုဒ္ဓမြတ်စွာဘုရားကလည်း ဂေါတမအနွယ်၊ ဒါကြောင့် အနွယ်တူတဲ့အတွက် မြတ်စွာဘုရားဟာ အာဒိစ္စဗန္ဓု– နေမင်း၏အဆွေ မည်ပါတယ်တဲ့။ ဒီနေရာမှာ စဉ်းစားစရာတော့ ရှိပါတယ်။ နေဆိုတာ ဂြိုဟ်ကြီးပဲ၊ ဘာကြောင့် ဂေါတမအနွယ်ရှိရသလဲလို့ စဉ်းစားစရာ ရှိပါတယ်၊ ဟိုရှေးတုန်းက လူတွေဟာ နေ လ ဂြိုဟ်တွေ နက္ခတ်တွေကို နတ်တွေအနေနဲ့ အသိအမှတ်ပြုပြီး ကိုးကွယ်နေကြတာတွေလည်း ရှိပါတယ်။ မင်းတွေဆိုရင် သူတို့ဟာ နေမျိုးနွယ်တွေလို ဂုဏ်ယူကြတဲ့အတွက် သာကီဝင်မင်းတွေကလည်း အဲဒီလို ဂုဏ်ယူလေ့ရှိပါတယ်။ သာကီဝင်မင်းတွေကို အဲဒီခေတ်တုန်းက အာဒိစ္စဗန္ဓု နေမျိုးနွယ်တွေလို့ အသိအမှတ်ပြုကြဟန် တူပါတယ်။ ဒါကြောင့် မြတ်စွာဘုရားကိုလည်း အဲဒီလို အများက အသိအမှတ်ပြုထားကြသည့်အတိုင်း အာဒိစ္စဗန္ဓုလို့ပဲ ခေါ်တယ်လို့ မှတ်ယူသင့်ပါတယ်။

(တုဝဋ္ဋကသုတ် တရားတော်)

## အိုးထဲ သဲတွေ ထည့်ကောင်း ထည့်ပါလိမ့်မယ်

ပုရာဏကဿပဆိုတဲ့ ဆရာကြီးဟာ အဲဒီလို ရှောင်တိမ်းထွက်ပြေးနေတုန်းမှာ သူ့ကို ကိုးကွယ်နေကျဖြစ်တဲ့ လက်သမား ဒကာတစ်ယောက်နဲ့ လမ်းမှာ တွေ့တယ်တဲ့။ အဲဒီဒကာက "ဒီကနေ့ တို့ဆရာက ဗုဒ္ဓနဲ့ တန်ခိုးပြိုင်

မယ်လို့ ဆိုတယ်၊ တန်ခိုးပြိုင်ပွဲကို သွားကြည့်ဦးမယ်" ဆိုပြီး နွားနို့ချဉ်အိုးကလေးကို ကြိုးလေးနဲ့တင်လို့ ထမ်းပိုးလေးနဲ့လျှိုပြီး ထမ်းလို့ထွက်လာခဲ့တယ်တဲ့။ ဒီတော့ ပုရာဏကဿပ ဆရာကြီးကတော့ "ဟေ့ ဒကာ ဘယ်သွားမလို့လဲ" လို့ မေးလိုက်တယ်။ ဒကာက " အရှင်ဘုရားတို့ တန်ခိုးပြိုင်ကြမယ်ကြားလို့ လာကြည့်တာပဲ" လို့ ပြောတယ်။ "အေး တန်ခိုးပြိုင်တာက အရေးမကြီးပါဘူး၊ မင်းရဲ့ကြိုးကလေးနဲ့ အိုးကို ငါ့အား လှူပါဦး" လို့ ပုရာဏကဿပ ကပြောတော့ ဒကာက "အဲဒါ ဘာလုပ်ဖို့ပါလဲ" လို့မေးတယ်။ "မေးမနေစမ်းပါနဲ့၊ မြန်မြန်သာ လှူစမ်းပါ" လို့ အလှူခံတာနဲ့ ဒကာက လှူလိုက်ရတယ်။ ရင်းနှီးနေကြတဲ့ ဆရာ ဒကာတွေဆိုတော့ ဒီလိုပဲ ပြောရဲဆိုရဲရှိကြတာပေါ့လေ။

သူက ဒီကြိုးနဲ့အိုးကို ကိုယ်မှာချည်ပြီး မြစ်ရေထဲကို ခုန်ချမှာဖြစ်တော့ အလွယ်တကူပဲ နစ်မြုပ်သွားအောင်ဆိုတဲ့အနေနဲ့ အိုးထဲမှာ သဲတွေထည့်ကောင်းထည့်ပါလိမ့်မယ်၊ စာထဲမှာတော့ မပါပါဘူး။ အိုးထဲမှာပါတဲ့ နွားနို့ချဉ်အလေးချိန်လောက်နဲ့ကတော့ လူတစ်ကိုယ်လုံး နစ်မြုပ်သွားဖို့ရာ လုံလောက်မယ်မဟုတ်ပါဘူး။ ဒါကြောင့် မြစ်ကမ်းနားမှာလည်း ဖြစ်နေပြန်၊ သဲတွေကလည်း အဆင်သင့် ရှိနေမှာ ဖြစ်လေတော့ အဲဒီအိုးထဲမှာ သဲတွေကိုလည်း ထည့်ဦးမှသာ အလွယ်တကူ နစ်ဖို့ရှိပါတယ်။ အဲဒါနဲ့ သူ့ကိုယ်မှာ အိုးနဲ့ကြိုး ချည်ပြီးတော့ မြစ်ထဲကို ခုန်ချပြီးတော့ သေသွားတယ်လို့ ဆိုပါတယ်။ သေပြီး အဝီစိကို ရောက်သွားရှာသတဲ့။ တန်ခိုးမရှိဘဲနဲ့ ရှိလေဟန် ဝါကြွားတော့ ခက်တာပေါ့လေ။

(အဘိဓမ္မာ တရားတော်ကြီး)

## ဘုရားလောင်းမယ်တော်ဟာ နတ်သားလား နတ်သမီးလား

ဘုရားလောင်းမယ်တော် ကွယ်လွန်တဲ့အခါမှာလည်း တုသိတာနတ်ပြည်မှာ ရောက်ပြီး နတ်သားဖြစ်ရတယ်။ တချို့ကလည်း နတ်သမီးဖြစ်တာပါလို့ ဆိုကြတယ်။ မာတရံ အမိဟော ပါဠိပုဒ်နဲ့ ဆိုထားလို့တဲ့။ ဒီမာတရံဆိုတဲ့ ပုဒ်အတိုင်း ကြည့်မယ်ဆိုရင်တော့လည်း မယ်တော်လို့ပဲ အမိပွာယ်ရတယ်ပေါ့လေ။ နတ်သားလို့တော့ အဓိပ္ပာယ်မပါဘူး။ ဒါပေမဲ့ နတ်သားလို့ဆိုတာကို အများက သဘောကျကြပါတယ်။ နတ်သမီး မဟုတ်ဘူးဆိုသူတို့က ဘယ်လို အကြောင်းပြသလဲဆိုရင် "နတ်သမီး ဖြစ်ခဲ့လို့ရှိရင် အဲဒီနတ်သမီးကို နတ်သား

တွေက ကာမဂုဏ်နဲ့ ကျူးလွန်ကြဦးမှာပဲတဲ့။ ဒီတော့ မရှိမသေရာကို ရောက်ဦးမှာပဲတဲ့။ ဘုရားရှင်၏မယ်တော်ဖြစ်ခဲ့ဖူးတဲ့ ပုဂ္ဂိုလ်အပေါ်မှာ ဒီလို မရှိသေရင် မသင့်လျော်ဘူး" ဆိုပြီး နတ်သမီး မဖြစ်သင့်ကြောင်းကို အကြောင်းပြကြတယ်။ ဒါကြောင့် မာတရံ– မယ်တော်ဖြစ်ခဲ့ဖူးတဲ့ နတ်သားကို၊ ပမုခံကတွာ– အကြီးအမှူးပြု၍၊ တဿာ ပညာယ တေဇသာ– ထိုသဗ္ဗညုတ ဉာဏ်တော်၏အစွမ်းဖြင့်၊ အဘိဓမ္မ ကထာမဂ္ဂံ– အဘိဓမ္မာတရားအစဉ်ကို၊ ဒေဝါနံ– နတ်တို့အား၊ သမ္ပဝတ္တယိ– ကောင်းစွာဖြစ်စေခဲ့ ဟောတော်မူခဲ့လေပြီ။

(အဘိဓမ္မာတရားတော်ကြီး)

## ဆေးမသောက်ရင် ရောဂါမပျောက်ဘူး

ဘုရားအလောင်းတော်ဟာ ဒါနပါရမီ၊ သီလပါရမီ စသည်တွေကို သာမန်ပုဂ္ဂိုလ်တွေထက် လွန်လွန်ကဲကဲ တပင်တပန်း ဖြည့်ကျင့်တော်မူခဲ့ရတယ်၊ သာမန်ပုဂ္ဂိုလ်တွေ စွန့်နိုင်ခဲတဲ့ စွန့်ခြင်းကြီး ၅ ပါးကိုလည်း စွန့်တော်မူခဲ့ရပါတယ်။ သားစွန့်၊ သမီးစွန့်၊ ဇနီးကိုပါ စွန့်နိုင်တာတွေကို မငဲ့ကွက် စွန့်ခဲ့ရပါတယ်။ ဘာအတွက် ဒီလိုဖြည့်ကျင့် စွန့်လွှတ်ခဲ့ရပါသလဲဆိုရင် "လောကဟိတာယ– လောကဟု ဆိုအပ်တဲ့ သတ္တဝါတို့အကျိုး" တဲ့။

သတ္တဝါတွေဆိုတာက တခြားသတ္တဝါတွေ မဟုတ်ပါဘူး။ ယခု ဂေါတမ မြတ်စွာဘုရားရဲ့ သာသနာတော်မှာ ကျွတ်တမ်းဝင်ကြတဲ့ သတ္တဝါတွေပါပဲ။ အရှင်သာရိပုတ္တရာတို့ အရှင်မဟာမောဂ္ဂလာန်တို့ အဲဒီကနေပြီး မြတ်စွာဘုရားရဲ့ စကားတော်ကို ယုံယုံကြည်ကြည် လိုက်နာကျင့်သုံးကြတဲ့ ပုဂ္ဂိုလ်တွေ၊ အဲဒီ ပုဂ္ဂိုလ်တွေရဲ့ အကျိုးငှာပါပဲတဲ့။ တခြားရည်ရွယ်တော်မူချက်ကတော့ အထူးမရှိပါ။ ဗုဒ္ဓေါ၊ ဗောဓေယျံ– ငါသိလို့ရှိရင် ငါ သိသလိုပဲ သတ္တဝါတွေကို သိအောင် ဟောပြမယ်" ဆိုတဲ့ရည်ရွယ်ချက်ပဲ ရှိပါတယ်။ ဒါပေမဲ့ ဘုရားစကားတော်ကို မယုံကြည် မလိုက်နာတဲ့ပုဂ္ဂိုလ်တွေရဲ့အတွက်ကိုတော့ ထည့်တွက်ဖို့ မဖြစ်ဘူးပေါ့။ မယုံကြည်သူတွေရဲ့အတွက်ကတော့ အကျိုးမရှိပါဘူး။

မယုံကြည်ရုံတွင်မက မြတ်စွာဘုရားကို ပြစ်မှားလို့ရှိရင် အကျိုးမရှိရုံသာ မကဘဲ ငရဲကျသည်အထိ အကျိုးမဲ့တာတွေတောင် ရှိပါသေးတယ်။ ဆေးဆရာရဲ့ စကားကို နားမထောင်တဲ့ ရောဂါသည်လူနာတွေလိုပဲပေါ့။ ရောဂါပျောက်စေတဲ့ ဆေးကို သောက်ဖို့ရာ ဆေးဆရာက ညွှန်ပေမယ့် ရောဂါသည်က မယုံကြည်

လို့ မသောက်ဘူးဆိုရင် ဘယ်မှာရောဂါပျောက်ကင်းလိမ့်မှာလဲ။ ရောဂါမပျောက်ဘူးပေါ့။ ဒီလိုရောဂါသည်ရဲ့အတွက် ဆေးဆရာက ဘာမှုမတတ်နိုင်ပါဘူး။ အဲဒီလိုပါပဲ၊ မြတ်စွာဘုရားစကားတော်ကိုမှ နားမထောင်ရင် မတတ်နိုင်ဘူးပေါ့။

(အဘိဓမ္မာတရားတော်ကြီး)

## ကြည့်ရာကိုသာ မြင်တယ်

အလုံးစုံသောတရားကို သိတယ်ဆိုတာဟာ တစ်ပြိုင်နက်တည်း အကုန်လုံးစုပြီးတော့ သိတာတော့ မဟုတ်ပါဘူး။ အမြဲတမ်းပဲ သိနေတာမဟုတ်ပါဘူး။ ဆင်ခြင်တော်မူလိုက်ရင် ဆင်ခြင်တိုင်း သိတာကိုသာ ဆိုလိုပါတယ်။ အဲဒီလို သိတာကိုပဲ "အလုံးစုံသောတရားတို့ကို သိတော်မူတယ်" လို့ ဆိုပါတယ်။

မျက်စိမြင်တဲ့ ပုဂ္ဂိုလ်တွေလိုပေါ့။ မျက်စိမြင်တဲ့ ပုဂ္ဂိုလ်တွေဟာ ကြည့်လိုက်ရင် မြင်စရာရှိတာတွေကို အကုန်မြင်ကြတာပေါ့။ ဒါပေမဲ့ နှလုံးသွင်းပြီး မကြည့်ရင်တော့ မျက်စိအောက်မှာ ရောက်နေတာကိုတောင်မှ မြင်တာ မဟုတ်ဘူး။

နောက်ပြီးတော့ အိပ်နေတဲ့အခါမှာလည်း မမြင်ဘူး၊ မျက်စိကို မှိတ်ထားတဲ့အခါမှာလည်း မမြင်ဘူး၊ ရှေ့ဘက်ကို ကြည့်တဲ့အခါမှာလည်း နောက်ဘက်၌ရှိနေတာကို မမြင်ဘူး၊ မျက်စိကောင်းတဲ့သူမှာလည်း ဒီလို ကြည့်ရာကြည့်ရာကိုသာ မြင်တယ်၊ မကြည့်တဲ့ဟာကိုတော့ မမြင်နိုင်ဘူး။ အဲဒီလိုပါပဲ၊ မြတ်စွာဘုရား ဉာဏ်တော်ဟာ "အာဝဇ္ဇနပဋိဗဒ္ဓ" ဆင်ခြင်တဲ့အာဝဇ္ဇန်းနဲ့ စပ်နေတယ်။ ဒါကြောင့် နှလုံးသွင်းပြီး ဆင်ခြင်တိုင်း ဆင်ခြင်တိုင်း အတားအဆီးမရှိဘဲ သိစရာရှိတာတွေကို အလိုတော်အားလျော်စွာ ထင်ထင်လင်းလင်း ပေါ်ပေါ်လွင်လွင် သန့်သန့်ရှင်းရှင်း ပြတ်ပြတ်သားသား သိတော်မူပါတယ်" တဲ့။

(အဘိဓမ္မာ တရားတော်ကြီး)

## ၁၀ နှစ်တမ်းမှာ သတ္တန္တရကပ်

ဆယ်နှစ်တမ်းကျလို့ရှိရင် ဆိုက်ရောက်မည့် ကပ်ကတော့ သတ္တန္တရကပ်နဲ့တူတယ်၊ ဘာပြုလို့လဲဆိုရင် အခုလက်နက်တွေက သိပ်ပြီးဆန်းဆန်းပြားပြား ပေါ်နေလို့ပါပဲ။ အဲဒီလက်နက်ဆန်းတွေနဲ့ တစ်ဦးကိုတစ်ဦး သတ်ဖြတ်ကြလို့

လူတွေကုန်သလောက်နီးပါး အမြောက်အမြား သေကျေပျက်စီးကြမယ် တဲ့။ မိုက်ကန်းတဲ့သူတွေကတော့ တစ်ယောက်နဲ့တစ်ယောက် သတ်ပြီးတော့ သေကုန်ကြမယ်။

(အဘိဓမ္မာ တရားတော်ကြီး)

## ပိုတယ်လို့ထင်ကြမယ်

အဲဒါ ဓမ္မဒ္ဒေသ ၅၆ ပါးသော တရားတွေကို သရုပ်ထုတ်ပြီးတော့ ထပ်ဝေဖန်ပါတယ်။ ကတမော တသ္မိံ သမယေ ဖဿော ဟောတိ၊ တသ္မိံ သမယေ၊ ထို ပထမစျာန်စိတ်ဖြစ်သော အခါ၌၊ ကတမော ဖဿော– အဘယ်သို့သော ဖဿသည်၊ ဟောတိ– ဖြစ်ပါသနည်း။ ဖဿ ဆိုတာ ဘယ်လို ဖဿလဲတဲ့။ ကာမာဝစရ ကုသိုလ်စိတ်တုန်းကလည်း ဒီလိုဝေဖန်ပြီးသားပဲ။ ဒါပေမဲ့လို့ ရှေးက ဝေဖန်ပြီးပြီဆိုပြီး ချန်မထားဘူး၊ အကုန်လျှောက်ပြီးတော့ ဝေဖန်ပြန်တယ်။ ယခုကာလ လူတွေအနေနဲ့ဆိုရင်တော့ "ဒါတွေဟာ ထပ်တူဖြစ်နေတယ်၊ ပိုတာပဲ" လို့ ထင်ကြပေလိမ့်မယ်။ ယောနိသော မနသိကာရ သဘောနဲ့ဆိုရင်တော့လည်း တရားတွေ ထပ်ခါထပ်ခါ နာကြားနေရပြီးတော့ မြတ်စွာဘုရား အသံတော်က ကြည်ညိုဖွယ်ကောင်းတာဖြစ်တယ်လို့ နာယူတဲ့ပုဂ္ဂိုလ်တွေဟာ ပျင်းရိ ငြီးငွေ့မှာလည်း မဟုတ်ပါဘူး။ ပြီးစလွယ် ကြိုက်တဲ့ ယခုခေတ်လူတွေကတော့ ပျင်းရိငြီးငွေ့ကြမှာပဲ။ စာဖတ်ရတာတောင် ပျင်းစရာ အင်မတန်ကောင်းတယ်လို့ ထင်ကြတယ်။ မြတ်စွာဘုရားကတော့ အဘိဓမ္မာတရားကို ဟောတုန်းက ဒီလို ထပ်ခါထပ်ခါ ဝေဖန်ပြီး ဟောတော်မူတာပါပဲ။

(အဘိဓမ္မာ တရားတော်ကြီး)

## "ဖွန်းကြီးနဲ့ဖြစ်မှာပါပဲ"

ကုဏ္ဍကဆိုတဲ့ နတ်သားကတော့ အတိတ်ဘဝက ရာဇဂြိုဟ်ပြည်သားဖြစ်တယ်၊ သူဟာ အရှင်အနုရုဒ္ဓါ ဆွမ်းခံကြွလာတာနဲ့ ဆွမ်းတစ်ဖွန်းဆိုပေမယ့် ဖွန်းကလေးနဲ့တော့ ဟုတ်ပုံမရပါဘူး။ ဖွန်းကြီးနဲ့ ဖြစ်မှာပါ။ ရှေးကတော့ ယောက်ချိုလို့ခေါ်တဲ့ ဖွန်းကြီးတွေရှိတယ်။ အဲဒီယောက်ချိုနဲ့ တစ်ဖွန်းလောင်းလှူတာ ဖြစ်ပါလိမ့်မယ်။ စကားဆိုတာကလည်း အခက်သားပဲ၊ နည်းတာကို

နည်းမှန်း ပိုထင်ရှားအောင် ပိုပိုကဲကဲလည်း ပြောတတ်ကြတယ်။ ဥပမာ ဘယ်လို လဲဆိုရင် "လူတွေ အသက်ဆယ်နှစ်တမ်းရောက်ရင် မြေဇာပင် ပုခက်လွှဲရ လိမ့်မယ်" ဆိုတဲ့အဆိုစကားမျိုးပေါ့။ မြေဇာမြက်ပင်ကို ပုခက်လွှဲလို့ မဖြစ်နိုင်ပါ ဘူး။ ဒါပေမဲ့ လူတွေ အသက်ဆယ်နှစ်တမ်းရောက်လို့ရှိရင် အခုလူတွေလောက် ရှိတော့မှာမဟုတ်ဘဲ အင်မတန်ငယ်သွားမယ်ဆိုတာကို သိစေလိုလို့ ပိုလွန်းပြီး ပြောတတ်ကြတာပဲ။ "တစ်ယောက်စာတဲ့ကွာ ချက်ထားလိုက်တဲ့ ထမင်းတွေ ဆယ်ယောက်စားလို့တောင် ကုန်မှာမဟုတ်ဘူး" ဆိုတဲ့စကားမျိုးလိုပေါ့။ ချက်တာက တစ်ယောက်စာဆိုရင် ဆယ်ယောက်စာလောက်ထိအောင်တော့ မပိုနိုင်ပါဘူး။ ဒါပေမဲ့ တစ်ယောက်စာထက် ပိုများမှန်းကို သိအောင်လို့ အပို အလွန် ပြောလိုက်တာပဲ။ အဲဒီလို အပို အလွန် ပြောလိုက်တာတွေကို သဒ္ဒါကျမ်း ဆရာတွေက ဥပပရိက္ခာလို့ဆိုပါတယ်။ အပိုအလွန်ပြောဆိုတာတဲ့။ အရှင် အနုရုဒ္ဓါမထေရ်ကို ဆွမ်းလောင်းလှူတဲ့နေရာမှာလည်း ဒီလိုရှိမှာပါပဲ။ တစ် ကြိမ်တစ်ခါတည်းဖြစ်နေလို့ နည်းမှန်းကိုသိအောင် ဆိုပြီး "ဆွမ်းတစ်ဗွန်း လောင်းလှူတယ်" လို့ ပိုပြီးဆိုလိုက်တာ ဖြစ်ပါလိမ့်မယ်။

(အဘိဓမ္မာ တရားတော်ကြီး)

## အရိယာအစစ်မဟုတ်သေးလို့

သာရဏီယ တရား ၆ ပါးထဲက နောက်ဆုံးဖြစ်တဲ့ "အရိယာနှင့်ဉာဏ် ဖြင့် တူစေရမယ်" ဆိုတဲ့ သာရဏီယ တရားအရာ အရိယာဉာဏ် အစစ်အမှန် နှင့်ပြည့်စုံနေတဲ့ အရိယာပုဂ္ဂိုလ် အချင်းချင်းဆိုရင် ရုပ် နာမ် သိပုံ၊ အဖြစ်အပျက် သိပုံ၊ အနိစ္စ ဒုက္ခ အနတ္တ သိပုံ၊ နိဗ္ဗာန်သိပုံချင်း တူနေရမယ်။ အဲဒီလို တူနေတဲ့အတွက် အရိယာအစစ်ဖြစ်တဲ့ ပုဂ္ဂိုလ်အချင်းချင်းဆိုရင် အဲဒီ ရုပ်နာမ် အဖြစ်အပျက် အနိစ္စ စသည် သိပုံချင်း မကွဲပြားဘဲ ညီညွတ်နေဖွယ်သာ ရှိပါတယ်။ ဒါကြောင့် အဲဒီရုပ်နာမ် အဖြစ်အပျက် သိပုံစသည်ချင်း ကွဲပြားပြီး အငြင်းအခုံဖြစ်နေကြရင် တစ်ဖက်ဖက်က အရိယာအစစ် မဟုတ်လို့ရင်လည်း ဖြစ်ပါလိမ့်မယ်။ သို့မဟုတ် နှစ်ဖက်စလုံးကပင် အရိယာအစစ်မဟုတ်လို့ရင် လည်း ဖြစ်ပါလိမ့်မယ်။

(ရှစ်ဖြာမဂ္ဂင် နိဗ္ဗာန်ဝင် တရားတော်)

## အများနှုန်းအရ တစ်ယူဇနာ ၈ မိုင်

ပါဝါမှ ကုသိနာရုံအထိ ဘယ်လောက်ဝေးသလဲဆိုတော့ သုံးဂါဝုတ်ဝေးတယ်လို့ ဆိုပါတယ်။ တစ်ယူဇနာမှာ လေးဂါဝုတ်ရှိတယ်။ အဘိဓာန်ကျမ်းစသည်မှာ ပြထားတဲ့အတိုင်းဆိုရင် တစ်ယူဇနာမှာ ယခုခေတ် မိုင်အားဖြင့် ၁၂ မိုင် ၁၃ မိုင်နီးပါး ရှိတယ်။ ဒါပေမဲ့ အိန္ဒိယနိုင်ငံတစ်ဝိုက်မှာ ရှေးကတစ်ယူဇနာလို့ ပြထားတဲ့အရပ်များမှာ ယခုခေတ် မိုင်အားဖြင့် ၇ မိုင် ၈ မိုင် ၉ မိုင် ရှိနေတာတွေကို တွေ့ကြရပါတယ်။ အများအားဖြင့်တော့ ၈ မိုင် ရှိတာကပဲ များပါသတဲ့။ ဒါကြောင့် အဲဒီ အများနှုန်းအရ တစ်ယူဇနာအတိုင်းအရှည် လေးဂါဝုတ်မှာ ၈ မိုင်ဆိုတော့ ၃ ဂါဝုတ်ခရီးကို ၆ မိုင်ရှိတယ်လို့ပဲ မှတ်ယူရပါတော့တယ်။

(ရှစ်ဖြာမင်္ဂင် နိဗ္ဗာန်ဝင် တရားတော်)

## သုဘဒ္ဒဟာ ဥပကရဲ့သား မဟုတ်

မဟာသာလသူဌေးကြီး သုံးမျိုးထဲက သုဘဒ္ဒဟာ ဗြာဟ္မဏမဟာသာလ သေဌေးကြီးမျိုး အိမ်ထောင်စုမှ ရသေ့ပြုလာတဲ့ ပရိဗိုဇ် ဖြစ်ပါသတဲ့။ နောက်ပြီးတော့ အဝတ်မဝတ်တဲ့ တက္ကတွန်း မဟုတ်ဘူး။ အဝတ်ဝတ်တဲ့ပရိဗိုဇ်ရသေ့ပါတဲ့။ အဲဒီလို အဋ္ဌကထာအဖွင့်ကို ထောက်ဆကြည့်ရင် သုဘဒ္ဒဟာ ကုဋေရှစ်ဆယ်မက ပေါများကြွယ်ဝတဲ့ အိမ်ထောင်စုမှ ထွက်ပြီး ရသေ့ပြုလာတဲ့သူဖြစ်ကြောင်း ဥဒိစ္စခေါ်တဲ့ အထက်တန်းစား ဗြာဟ္မဏမျိုးဖြစ်ကြောင်းထင်ရှားသိရပါတယ်။ ဒါကြောင့် တချို့က ပြောနေကြတဲ့ ဥပကတက္ကတွန်းကြီး၏သားဆိုတာ မုဆိုးသမီး စာပါ (ဆာဝါ) က မွေးတဲ့သားပဲ၊ မုဆိုးမျိုးဟာဇာတ်ညံ့ အမျိုးညံ့သာဖြစ်တယ်။ အဲဒီ အမျိုးညံ့နဲ့ အိမ်ထောင်ပြုတဲ့ ဥပကကြီးဟာလည်း အမျိုးမြတ်ဟုတ်ဟန် လက္ခဏာမရှိဘူး။ နောက်ပြီးတော့ ဥပကနှင့် ဆာဝါတို့ဟာ သူဌေးမျိုးလို့ဆိုဖွယ်ကတော့ လုံးဝပင် မရှိပါဘူး။ ဒါကြောင့် ဒီသုဘဒ္ဒပရိဗိုဇ်ကို ဥပကနှင့် ဆာဝါတို့၏သားဆိုတာကတော့ အသင့်ယုတ္တိ ဘာမျှ မရှိပါဘူး။

နောက်ပြီးတော့ ဒီသုဘဒ္ဒဟာ ပူရဏကဿပ အစရှိသော ဂိုဏ်းဆရာ

ကြီးတွေကို သူ့ယုံမှားချက်နဲ့စပ်ပြီး မေးဖူးတယ်။ အဲဒီ ဂိုဏ်းဆရာကြီးတွေက သူ့ယုံမှားကို ပြေလည်အောင် မဖြေရှင်းနိုင်ခဲ့ကြဘူးတဲ့။ ဒါဖြင့် ဗုဒ္ဓမြတ်စွာဘုရားကိုတော့ ဘာကြောင့် စောစောက မမေးခဲ့သလဲဆိုရင်တော့ ပူရဏကဿပ အစရှိသော အသက်အရွယ်ကြီးတဲ့ ဟိုဆရာကြီးတွေကတောင် မဖြေရှင်းနိုင်တာကို အသက်အရွယ်ငယ်သေးတဲ့ အရှင်ဂေါတမကတော့ မဖြေနိုင်ပေဘူးလို့ ငယ်ရွယ်တဲ့အနေနဲ့ အထင်သေးပြီး မမေးခဲ့တဲ့အကြောင်း ဓမ္မပဒအဋ္ဌကထာမှာ ပြဆိုထားပါတယ်။ အဲဒီအဆိုအရဆိုရင် ဗုဒ္ဓမြတ်စွာဘုရားထက် သူက အရွယ်ကြီးပုံ ရပါတယ်။ ဥပကကြီးနဲ့ ဆာဝါတို့ရဲ့သားဆိုတာကတော့ ဗုဒ္ဓမြတ်စွာဘုရား ဓမ္မစကြာ ဟောတော်မူပြီးတဲ့နောက် အတော်ကြာမှ မွေးတဲ့သူဖြစ်တဲ့အတွက် ဗုဒ္ဓမြတ်စွာဘုရားကို ငယ်သေးတယ်လို့ အထင်သေးဖွယ်အကြောင်းမရှိဘူး။ ဒါကြောင့် အဲဒီ ဓမ္မပဒအဋ္ဌကထာစကားကို ထောက်စာကြည့်ရင်လည်း ယခု ဒီမှာ ပြောနေတဲ့ သုဘဒ္ဒပရိဗိုဇ်ဟာ ဥပကကြီးနဲ့ ဆာဝါတို့၏သား မဟုတ်ကြောင်း ထင်ရှားပါတယ်။

(ရှစ်ဖြာမင်္ဂလ နိဗ္ဗာန်ဝင် တရားတော်)

## အယူဝါဒစွဲကြောင့်

နောက်ပြီးတော့ သုဘဒ္ဒပရိဗိုဇ်က ဘုရားကို ရှိခိုးတဲ့အကြောင်း မပါဘူး။ အခြားပုဂ္ဂိုလ်များ ဘုရားထံ ချဉ်းကပ်ထိုင်နေပုံကို ပြတဲ့အရာမှာဆိုရင် "ဘဂဝန္တံ အဘိဝါဒေတွာ- မြတ်စွာဘုရားကို ရှိခိုးပြီး၍၊ ဧကမန္တံ နိသီဒိ- သင့်လျော်သော အရပ်၌ ထိုင်နေလေသည်" လို့ ရှိခိုးပြီးမှ ထိုင်ကြောင်းကို ပြထားတယ်။ ဒီ သုဘဒ္ဒ ထိုင်ပုံကို ပြရာမှာတော့ ရှိခိုးတဲ့အကြောင်း မပါဘူး။ အဲဒါကို ထောက်ဆကြည့်ရင် သုဘဒ္ဒပရိဗိုဇ်ဟာ သူ့ယုံမှားကို ဗုဒ္ဓမြတ်စွာဘုရားက ဖြေရှင်းပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်ဆိုပေမယ့် ရှိခိုးနိုင်လောက်အောင်တော့ သူ မယုံကြည်သေးဘူးလို့ဆိုရမှာပဲ။ သုဘဒ္ဒဟာ ဘာသာရေးတူတဲ့ ပရိဗိုဇ်ဆရာကြီးတွေကိုတော့ သူရှိခိုးမှာပဲ။ အဲဒါဟာ ဘာကြောင့်လဲဆိုရင် မှားယွင်းတဲ့ ဘာသာရေး အယူဝါဒစွဲကြောင့်ပဲဆိုတာ ထင်ရှားပါတယ်။ အဲဒါ အထူးသတိပြုစရာ အချက်တစ်ခုပါပဲ။ ယခုခေတ်မှာလည်း ကိုယ့်အယူဝါဒက ဘာမျှအခြေအမြစ်မရှိဘဲနဲ့ တကယ်ရှိသေထိုက်တဲ့ပုဂ္ဂိုလ်တွေကို အယူဝါဒကွဲတာအကြောင်းပြုပြီးတော့

အရှိအသေမပြနိုင်တာ မရှိမသေပြတတ်တာတွေဟာ အယူအစွဲကြောင့် ချို့ယွင်းချက်တွေပါပဲ။

(ရှစ်ဖြာမင်္ဂလင် နိဗ္ဗာန်ဝင် တရားတော်)

## ဝိပဿနာကုသိုလ်ကြောင့် နတ်ဖြစ်ရသည်

အဲဒီပါဠိနှင့် အဋ္ဌကထာတို့မှာ ပြဆိုထားတဲ့ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာဆိုတဲ့ တရားငါးပါးဟာ သုပ္ပဗုဒ္ဓ၏ နတ်ဖြစ်ကြောင်း ကုသိုလ်ကံတွေပါပဲ။ ဒါပေမဲ့ မဂ်ဖိုလ် သဒ္ဓါစသည်တွေကတော့ ဘဝကိုဖြစ်စေတတ်တဲ့ တရားများ မဟုတ်ကြဘူး။ ချုပ်သာချုပ်စေတတ်တဲ့ တရားများ ဖြစ်ကြတယ်။ ဒါကြောင့် မဂ်ကုသိုလ်ကို အဘိဓမ္မာ၌ အပစယဂါမီ တရားလို့ ဟောတော်မူထားပါတယ်။ လောကီသဒ္ဓါစသည်တွေထဲမှာလည်း သဒ္ဓါကြောင့် နတ်ဖြစ်ရသလား စသည်ဖြင့် စိစစ်စရာ ရှိပါတယ်။ သဒ္ဓါကြောင့်ဆိုရင်လည်း ဘုရားကြည်ညိုတဲ့ သဒ္ဓါကြောင့်လား၊ တရား သံဃာကို ကြည်ညိုတဲ့သဒ္ဓါကြောင့် လား စသည်ဖြင့် စိစစ်စရာ ရှိပါတယ်။

ဘုန်းကြီး သဘောကျတာကတော့ သဒ္ဓါစသည့် အထောက်အပံ့များနှင့် တကွ ဝိပဿနာ ကုသိုလ်ကြောင့် သုပ္ပဗုဒ္ဓနတ်ဖြစ်ရတယ်လို့ ဆိုချင်ပါတယ်။ ဘာကြောင့်တုံးဆိုရင် ကာမာဝစရကုသိုလ်တွေထဲမှာ ဝိပဿနာကုသိုလ်ဟာ အမြင့်မြတ်ဆုံး အားအကြီးဆုံးဖြစ်တဲ့အတွက်ကြောင့်ပါပဲ။ "ဝိပဿနာကုသိုလ်ဟာ ဘဝဆင်းရဲကို ချုပ်စေတတ်တယ် မဟုတ်ပါလား" လို့ မေးစရာ ရှိပါတယ်။ ဝိပဿနာကုသိုလ်က ဘဝဆင်းရဲကို ချုပ်စေတာ မှန်ပါတယ်။ ဒါပေမဲ့ သူချုပ်စေပုံက ဒီလိုပါ၊ ရှုမှတ်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တအနေဖြင့် အမှန်အတိုင်း သိရတဲ့အာရုံတွေမှာ နိစ္စ သုခ အတ္တအနေဖြင့် စွဲလမ်းတဲ့ ကိလေသာ မဖြစ်နိုင်တော့ဘူး။ အဲဒါဟာ အာရမ္မဏာနုသယဆိုတဲ့ ကိလေသာကို ဝိပဿနာဉာဏ်ကုသိုလ်က ချုပ်စေတာပါပဲ။ နောက်ပြီးတော့ အဲဒီကိလေသာမှဆက်ပြီးဖြစ်မည့် ကုသိုလ်ကံ၊ အကုသိုလ်ကံလည်း မဖြစ်ရတော့ဘူး။ အဲဒီကံများမှဆက်ပြီးဖြစ်မည့် ဘဝတွေလည်း မဖြစ်ရတော့ဘူး။ အဲဒါတွေဟာ ကံနှင့် ဘဝတွေကို ဝိပဿနာ ချုပ်စေတာပါပဲ။ အဲဒီ ချုပ်ငြိမ်းသွားကြတဲ့ ကိလေသာတွေ၊ ကံနှင့်ဘဝတွေဟာ ဝိပဿနာဉာဏ်ဖြင့် အမှန်အတိုင်း သိရတဲ့အာရုံကို အကြောင်းပြုပြီး မဖြစ်ရတော့ဘဲ ချုပ်သွားကြတွေသာ ဖြစ်ပါတယ်။ ဝိပဿနာကုသိုလ်ထဲမှာ ပါဝင်တဲ့

ကုသိုလ်စေတနာကြောင့် ဖြစ်မည့် သုဂတိဘ၀တွေကိုတော့ မချုပ်စေနိုင်ပါဘူး၊ ဒါကြောင့် ၀ိပဿနာကုသိုလ်တရားတွေကိုလည်း အဘိဓမ္မာ၌ အာစယ ဂါမိတရား (အာစယမည်တဲ့ စုတိပဋိသန္ဓေ ဂတိ ပ၀တ္တ ဘ၀သို့ ရောက်စေတတ်သော တရား) လို့ ဟောတော်မူထားပါတယ်။

## ဂေါတြဘူ ကုသိုလ်ကတောင် ဘ၀ကို ဖြစ်စေနိုင်သေး၏

နောက်ပြီးတော့ ပဋ္ဌာန်းပါဠိတော် (၃ ၃၇၅) မှာ "မဂ်ဖိုလ် နိဗ္ဗာန်ဆိုတဲ့ အပ္ပမာဏတရားကို အာရုံပြုတဲ့ ကုသိုလ်စေတနာက ကာမကို အာရုံပြုတဲ့ ၀ိပါက်ခန္ဓာတို့အား ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုတယ်" လို့ ဟောထားပါတယ်။ အဲဒီမှာ အဋ္ဌကထာ (၄၈၉) က "အပ္ပမာဏကို အာရုံပြုတဲ့ စေတနာ" ဆိုတာ ဂေါတြဘူစေတနာ၊ ပစ္စဝေက္ခဏာစေတနာကို ယူရမယ်လို့ ဖွင့်ပြထားပါတယ်။ ဒီပဋ္ဌာန်းပါဠိ၊ အဋ္ဌကထာတို့အရအားဖြင့် "သုပ္ပဗုဒ္ဓဟာ ၀ိပဿနာ ကုသိုလ်ထဲက အမြတ်ဆုံးဖြစ်တဲ့ ဂေါတြဘူစေတနာကြောင့် နတ်ပြည်၌ ဖြစ်ရတယ်"လို့ ယူရင် အသင့်မြတ်ဆုံး ဖြစ်ဖွယ်ရှိပါတယ်။

## သောတာပတ္တိမဂ်က ဘေးရန်ခပ်သိမ်း ကင်းငြိမ်းစေသည်

နောက်ပြီးတော့ "သဗ္ဗဝေရဘယာနိ– အလုံးစုံသော ရန်ဘေးတို့ကို၊ ဂူပသမေတိ– သောတာပတ္တိမဂ်က ငြိမ်းစေပါတယ်" တဲ့။ ဝေရ ဆိုတာ ရန်သူပဲ။ ဘယ ဆိုတာ ကြောက်မက်ဖွယ်ဘေးပဲ။ အဲဒီရန်သူနဲ့ ဘေးကို သံယုတ် အဋ္ဌကထာ (၃ ၆၈) မှာ "အတ္တတော ဖေ ံ အနက်အရအားဖြင့် အတူတူပဲလို့ ပြဆိုထားပါတယ်။ (၁) ပါဏာတိပါတ– သူ့အသက်သတ်ခြင်းကတစ်ပါး၊ (၂) အဒိန္နာဒါန– သူ့ဥစ္စာ ခိုးခြင်းက တစ်ပါး၊ (၃) ကာမေသုမိစ္ဆာစာရ– မပိုင်မဆိုင်သော မေထုန်ကာမတို့၌ ကျူးလွန်ခြင်းက တစ်ပါး၊ (၄) မုသာဝါဒ– လိမ်ပြောခြင်းက တစ်ပါး၊ (၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာန– သေရည်အရက် စသည်ကို သောက်သုံးခြင်း တစ်ပါး၊ ဒီငါးပါးပဲ။ ဘယ– ဘေးဆိုတာလည်း ဒီအကုသိုလ်စေတနာ ငါးပါးပဲ။ ဒါကြောင့် ဝေရဘယ– ရန်ဘေးအားလုံးတို့ကို သောတာပတ္တိမဂ်က ငြိမ်းစေတယ်" ဆိုတဲ့ ၀ိသုဒ္ဓိမဂ်စကားဟာ ဒီအကုသိုလ် စေတနာငါးပါးကိုပင် ရည်ရွယ်တယ်လို့ ယူသင့်ပါတယ်။ အဲဒီအဆိုကို ခိုင်ခိုင် မြဲမြဲ မှတ်ယူနိုင်အောင် အင်္ဂုတ္တရပါဠိကို ထုတ်ပြပါဦးမယ်။

ဂဟပတိ– အနာထပိဏ်သူဌေး၊ ပဉ္စ– ငါးပါးကုန်သော၊ ဘယာနိ– ဘေးတို့ကို၊ ဝေရာနိ– ရန်သူတို့ကို၊ အပ္ပဟာယ– မပယ်လျှင်၊ ဒုဿီလောဣတိ– သီလမရှိသူဟူ၍၊ ဝုစ္စတိ– ဆိုအပ်၏၊ နိရယဉ္စ– ငရဲသို့လည်း၊ ဥပပဇ္ဇတိ– ရောက်၏၊ ကတမာနိ ပဉ္စ– အဘယ်ငါးပါးတို့ကို နည်းဟူမူ၊ ပါဏာတိပါတံ– သတ်ခြင်းကိုလည်းကောင်း၊ အဒိန္နာဒါနံ– ခိုးခြင်းကိုလည်းကောင်း၊ ကာမေသု မိစ္ဆာစာရံ– မေထုန်ကာမတို့၌ မှားယွင်းကျူးလွန်ခြင်းကိုလည်းကောင်း၊ မုသာဝါဒံ– လိမ်ခြင်းကိုလည်းကောင်း၊ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနံ– မူးယစ်မေ့လျော့ကြောင်း သေရည်အရက် သောက်စားခြင်းကိုလည်းကောင်း၊ ဣမာနိ– ဤငါးပါးတို့ကို မပယ်လျှင် ဟု ဆိုလို၏၊

ဂဟပတိ– အနာထပိဏ်သူဌေး၊ ပဉ္စ ဝေရာနိ ဘယာနိ ပဟာယ– ငါးပါးသော ရန်ဘေးတို့ကိုပယ်လျှင်၊ သီလဝါ ဣတိ ဝုစ္စတိ– သီလရှိသူဟူ၍ ဆိုအပ်၏။ သုဂတိဉ္စ ဥပပဇ္ဇတိ– လူ့ဘဝ နတ်ဘဝဟူသော သုဂတိသို့လည်း ရောက်၏ စသည်ဖြင့်

အင်္ဂုတ္တရပါဠိ (၃ ၁၈၀)မှာ ဟောထားပါတယ်။ သံယုတ်ပါဠိ(ပ ၂၉၇) မှာလည်း ပဉ္စဝေရဘယသုတ် ဆိုတဲ့အမည်ဖြင့် အလားတူပင် ဟောထားပါတယ်။ ပါဠိအနေအထား အနည်းငယ်မျှသာ ထူးပါတယ်။

အဲဒီပါဠိ၏အဖွင့်ကတော့ သံယုတ်အဋ္ဌကထာ (၃ ၆၈) မှာ အကျယ်ရှိပါတယ်။ ဘယံ ဝေရန္တိ အတ္ထတော ဧကံ ဟူ၍လည်း အဲဒီအဋ္ဌကထာမှာ ဘေးနှင့်ရန် အရတူပဲလို့ ပြဆိုထားပါတယ်။ ဒါကြောင့် သတ်ခြင်း၊ ခိုးခြင်း၊ ကာမတို့၌ မှားယွင်းကျူးလွန်ခြင်း၊ လိမ်ခြင်း၊ သေရည်အရက်သောက်စားခြင်း ဆိုတဲ့ ဒီအကုသိုလ်စေတနာငါးပါးကိုပင် ဝေရ– ရန်သူလို့ပဲ ဆိုတယ်။ ဘယ– ဘေးလို့လည်းဆိုတယ်။ နောက်ပြီးတော့ အဲဒီအကုသိုလ် စေတနာငါးပါးကို ပယ်ပြီးဖြစ်တဲ့သူကို သောတာပန်လို့လည်း အဲဒီသုတ်တွေမှာ ဟောထားပါတယ်။ ဒါကြောင့် "ရန်ဘေးအားလုံးတို့ကို သောတာပတ္တိမဂ်က ငြိမ်းစေတယ်"လို့ဆိုတဲ့ ဝိသုဒ္ဓိမဂ်စကားဟာ သတ်ခြင်းအစရှိသော ဒီအကုသိုလ် စေတနာငါးပါးကိုပင် ဆိုတယ်လို့ ယူသင့်ပါတယ်။ အဲဒီဝိသုဒ္ဓိမဂ်အဆိုကို "ဘေးရန်ခပ်သိမ်း ရှောင်ခွာတိမ်း ကင်းငြိမ်းစေပါသည်" လို့ ဆောင်ပုဒ်စီထားတယ်။

သတ္တဝါကို သတ်ခြင်းအစရှိသော သီလပျက်ကြောင်း အကုသိုလ် စေတနာငါးပါးဟာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘဝများသို့ ကျရောက်

စေတတ်တယ်။ ကုသိုလ်ကံကြောင့် လူ့ဘဝ၊ နတ်ဘဝ ရောက်လာတဲ့အခါလည်း အသက်တိုခြင်း၊ အနာများခြင်းစသည်ဖြင့် ဆင်းရဲစေတတ်တယ်။ ဒါကြောင့် ကြောက်စရာဘေးလည်း မည်တယ်၊ ကိုယ်တွင်းရန်သူလည်း မည်တယ်၊ အဲဒီ ကိုယ်တွင်းရန်သူနဲ့ ကြောက်စရာဘေးများကို သောတပတ္တိမဂ်က ကင်းငြိမ်းစေပါ တယ်တဲ့။ အဲဒါကတော့ ရှင်းနေပါပြီ။ ဒါပေမဲ့ မူလပဏ္ဏာသ အဋ္ဌကထာ(ဒု ၂၂) အင်္ဂုတ္တရ အဋ္ဌကထာ (တ ၃၂) တို့မှာ အရဟတ္တမဂ်ဖိုလ်ဖြင့် သက္ကာယကို မပယ်ရသေးလျှင် (ပဥ္စဝီသတိမဟာဘယ) ဘေးကြီး ၂၅ ပါးတို့မှ မလွတ်သေး ကြောင်း ပြဆိုထားချက် ရှိပါသေးတယ်။ အဲဒီမှာ အဖွင့်ဋီကာများက ယင်းဘေး ကြီး ၂၅ ပါးကို "ရာဇဘယစသည်တို့ပင်" လို့ ဒါလောက်သာ ပြဆိုထားပါ တယ်။ နောက်ပြီး တော့ ဝိသုဒ္ဓိမဂ်၏ အဖွင့်ဋီကာမှာလည်း (ပါဏာတိပါတာ ဒိပဥ္စဝေရာနိ စေဝ ပဥ္စဝီသတိ မဟာဘယာနိ စာတိ သဗ္ဗဝေရာဘယာနိ) သတ္တဝါကိုသတ်ခြင်း အစရှိသော ရန်ငါးပါးနှင့် ဘေးကြီး ၂၅ ပါးဟူသော ရန်ဘေးအားလုံးတို့ကို ငြိမ်းစေသည်လို့ ပြဆိုထားချက် မရှိဘူး။ ဒါကြောင့် အဲဒီဘေးကြီး ၂၅ ပါး ဆိုတာက ဘာတွေလဲ၊ အဲဒီဘေးတွေကို သောတာပတ္တိမဂ်က ဘယ်လိုငြိမ်းစေ သလဲဆိုတာ စိစစ်ပြဖို့ လိုပါသေးတယ်။

## ဘေးကြီး ၂၅ ပါး စိစစ်ချက်

မိလိန္ဒပဥှာကျမ်း (နှာ ၁၉၄) မှာ ဗျာသနငါးပါးနှင့် ဘေး ၂၀ တို့ကို တစ်ပေါင်းတည်း ပြထားတာ ရှိပါတယ်။ အဲဒီ ၂၅ ပါးကိုပင် ဘေး ၂၅ ပါး အဖြစ်ဖြင့် သံဝေဂဝတ္ထုဒီပနီကျမ်းမှာ ထုတ်ပြပြီးတော့ ပရိတ်ကြီးထဲမှ ရာဇတော ဝါ မှ ရက္ခသာဒီဟိ အထိ ဘေး ၂၈ ပါးရှိနေရာတွင် မဏိသပ္ပ– မြွေစိမ်းကို၊ အဟိ– မြွေဥ္ဘသွင်း၍လည်းကောင်း၊ ယက္ခရက္ခသ– ဘီးလူးနှင့် ရက္ခိုသ်တို့ကို အမနုဿ– ဘီလူးဘေး၌ သွင်း၍လည်းကောင်း၊ ဘေး ၂၅ ပါးကို တစ်နည်း ပြထားပါတယ်။ အဲဒီလို ၂ နည်းပြထားရာမှာ မိလိန္ဒပဥှာက ပြထားတဲ့ဘေးများ ကို အဋ္ဌကထာ ဋီကာတို့ကရည်ရွယ်ခဲ့ဟန် ရှိပါတယ်။ နောက်ပြီးတော့ အဘိဓမ္မာ ဝိဘင်းပါဠိမှာ ပြဆိုချက်က သာ၍ခိုင်မာလိမ့်မယ်လို့လည်း ထင်ပါတယ်။ အဲဒီပြဆိုချက်ဟာလည်း မိလိန္ဒပဥှာ ပြဆိုချက်နှင့် အများအားဖြင့် တူညီပါတယ်။ ဒါကြောင့် ဝိဘင်းပါဠိတော်မှ ပြဆိုချက်ကို အရင်းခံပြုပြီး ထုတ်ပြပါမယ်။

(၁) ဇာတိဘေး၊ (၂) ဇရာဘေး၊ (၃) ဗျာဓိဘေး၊ (၄) မရဏဘေး၊ ဒီလေးပါးကို ဘေး ၄ ပါးအနေဖြင့် ဝိဘင်းပါဠိမှာ ရှေးဦးစွာ ဟောထားပါတယ်။ သောတာပန်မှာ ခုနစ်ဘဝအထိ ဖြစ်ခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ ဘေးလေးပါးနှင့် တွေ့နိုင်သေးသောကြောင့် "သောတာပတ္တိမဂ်က ဒီပထမဘေး ၄ ပါးကို လုံးဝပယ်တယ်" လို့တော့ မဆိုနိုင်ပေဘူး၊ "ခုနစ်ဘဝထက် ပိုလွန်ပြီး တွေ့ရမည့် အဲဒီဘေးလေးပါးကို ပယ်တယ်" လို့ ယူရင်တော့ သင့်ဖွယ်ရှိပါတယ်။

(၅) မင်းဘေး၊ (၆) ခိုးသူဘေး၊ (၇) မီးဘေး၊ (၈) ရေဘေး၊ ဒီလေးပါးကို ဒုတိယဘေး ၄ ပါးအနေဖြင့် ဟောထားပါတယ်။ ဒီလေးပါးလည်း မျက်မှောက်ဘဝမှာ ငြိမ်းဖို့ကတော့ မသေချာပါဘူး။ သောတာပတ္တိမဂ်၏အစွမ်းကြောင့် နောက်ဘဝများမှာ ကင်းတယ်လို့ယူရင်လည်း သင့်စရာ ရှိပါတယ်။ သို့မဟုတ် ခုနစ်ဘဝထက် ပိုလွန်ပြီး ဖြစ်မည့်ဘဝများနှင့်စပ်၍ တွေ့ကြုံရမည့်ဘေးများ ကင်းတယ်လို့ ယူရင်လည်း သင့်စရာရှိပါတယ်။

(၉) လှိုင်းဘေး၊ (၁၀) မိကျောင်းဘေး၊ (၁၁) ဝဲဘေး၊ (၁၂) ငါးကြမ်းဘေး၊ ဒီ ၄ ပါးကို တတိယဘေး ၄ ပါးအနေဖြင့် ဟောထားပါတယ်။ အဲဒီဘေးလေးပါးကတော့ တိုက်ရိုက်အားဖြင့် မြစ်ရေ၊ ပင်လယ်ရေများသို့ ကူးသွားတဲ့သူများနှင့်သာ ဆိုင်ပါတယ်။ သို့သော်လည်း မြတ်စွာဘုရား အလိုတော်ကတော့ အဲဒီလေးပါးကို ဥပမာအဖြစ်ထားပြီး ဟောတော်မူလိုရင်း ဖြစ်ပါတယ်။ ဘယ်လိုလဲဆိုတော့ကာ ဘဝအသစ်ဖြစ်ခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းစသော သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် ရည်ရွယ်ပြီးတော့ မြတ်စွာဘုရား သာသနာတော်မှာ ရဟန်းပြုလာတယ်၊ အဲဒီလို ရဟန်းပြုလာတဲ့ပုဂ္ဂိုလ်အား ဆရာသမားရဟန်းတော်များက နေရေး၊ ထိုင်ရေး၊ သွားလာရေး၊ သင်္ကန်းဝတ်ရုံရေး၊ စားသောက်ရေးမှစပြီး ကျင့်ဝတ်တွေကို သင်ပြပေးကြရတယ်။ အဲဒီလို သင်ပြပေးတဲ့ ရဟန်းများက ခပ်ငယ်ငယ်လည်း ဖြစ်နေတတ်ပါတယ်။ ရဟန်းပြုလာခါစ ရဟန်းသစ်က အရွယ်ကြီးသူ လူ့ဘဝတုန်းက အဆင့်အတန်းမြင့်ခဲ့သူလည်း ဖြစ်တတ်ပါတယ်။ အဲဒီတော့ အဲဒီရဟန်းသစ်က "ငါတို့ဟာ လူ့ဘဝတုန်းက သူများတွေကို ဆုံးမညွှန်ကြားလာခဲ့တဲ့သူပဲ၊ ယခုတော့ ဘာမဟုတ်တဲ့ ကိုယ်တော်ကလေးတွေက ငါတို့အား ဆရာလုပ်ပြီး ညွှန်ကြားနေတယ်။ ဒီအတိုင်းဆိုရင်တော့ ရဟန်း ဘဝမနေချင်တော့ဘူး" လို့ သည်းမခံနိုင်တဲ့ ဒေါသစိတ်တွေဖြစ်ပြီး

သာသနာတော်မှ လူထွက်သွားပါရောတဲ့။ အဲဒါဟာ ဘုရားလက်ထက်တော် ကာလက ဖြစ်ဖူးတဲ့ ပုံစံပါပဲ။ အဲဒီလို သည်းမခံနိုင်လို့ လူဘောင်ပြန်ထွက်သွား တာဟာ မြစ်ထဲ ပင်လယ်ထဲက လှိုင်းဒဏ် မခံနိုင်လို့ နစ်မြုပ်တာနဲ့ တူပါတယ် တဲ့။ ဒါကြောင့် အဲဒါကို လှိုင်းဘေးလို့ တင်စားပြီး ဟောတော်မူပါတယ်။ ယခုကာလမှာလည်း ဒုလ္လဘရဟန်းပြုကြရာမှ ရဟန်းငယ်များ၏ ဆုံးမညွှန် ကြားချက်ကို သည်းမခံနိုင်လို့ ဒေါသဖြစ်ပြီး မူလက ရည်မှန်းထားတဲ့ ရက်မစေ့ ခင် လူထွက်သွားရင် အဲဒီလှိုင်းဘေးသင့်တယ်လို့ ဆိုရမှာပဲ။

နောက်ပြီးတော့ သာသနာတော်မှာ ရဟန်းပြုလာခါစပုဂ္ဂိုလ်အား ဆရာ သမားများက "ဒီလိုဟာ မစားကောင်းဘူး၊ ဒီလိုအချိန် မစားကောင်းဘူး" စသည်ဖြင့် ဆုံးမညွှန်ကြားကြတယ်။ အဲဒီလို ဆုံးမညွှန်ကြားတာကို သဘောမကျ တဲ့ ရဟန်းသစ်က ဒီလို ဆင်ခြင်မိတယ်၊ "ငါတို့ဟာ လူ့ဘဝတုန်းက ဘာမဆို စားချင်တာကို စားနိုင်တယ်၊ ဘယ်အချိန်မဆို စားနိုင်တယ်။ ယခုတော့ ဟိုဟာ မစားကောင်းဘူး၊ ဒီဟာ မစားကောင်းဘူး၊ ဒီအချိန် မစားကောင်းဘူးစသည်ဖြင့် အချုပ်အချယ်တွေ သိပ်များတယ်၊ မတတ်နိုင်ပါဘူး" လို့ ဆင်ခြင်ပြီး လူ့ဘောင် ပြန်သွားပါသတဲ့။ အဲဒါဟာ ဝမ်းရေးအကြောင်းပြုပြီး ပျက်စီးဆုံးရှုံးရတာဖြစ်တဲ့ အတွက် အစားကြီးတဲ့ မိကျောင်းနဲ့တူလို့ မိကျောင်းဘေး သင့်တာတဲ့။ ဒီလိုဟာ လည်း ယခုအခါ အနည်းအကျဉ်းတော့ ရှိနိုင်တာပဲ။

နောက်ပြီးတော့ ရဟန်းဟာ စက္ခုန္ဒြေစသည်ကို မစောင့်ရှောက်ဘဲ မြို့ထဲ ရွာထဲကို သွားတဲ့အခါ သမီး ခင်ပွန်း အစုံအလင်နှင့် ကာမဂုဏ်အာရုံတွေကို အလိုရှိတိုင်း သုံးဆောင်ခံစားလျက် ပျော်မွေ့နေတာကို တွေ့ရတတ်ပါတယ်။ အဲဒီလို တွေ့မြင်ရတော့ "ငါ့မှာလည်း ပစ္စည်းဥစ္စာတွေ ရှိနေတာပဲ၊ ငါလည်း သူတို့လိုပင် ကာမဂုဏ်အာရုံတွေနဲ့ ပျော်မွေ့နေနိုင်တာပဲ" လို့ မြင်တွေ့ရတာကို အားကျပြီး လူ့ဘောင်ပြန်ရောက်သွားပါသတဲ့။ အဲဒါဟာ ဝဲနဲ့တူတဲ့ ကာမဂုဏ်က ဆွဲငင်သွားတာ ဖြစ်တဲ့အတွက် ရေဝဲစုပ်ပြီး နစ်မြုပ်ပျက်စီးသွားတာနဲ့ တူပါသတဲ့။ ဒါကတော့ ငယ်ရွယ်တဲ့ရဟန်းများနဲ့ ပိုပြီးသက်ဆိုင်ပါတယ်။

နောက်ပြီးတော့ ခုတင်က ရဟန်းလိုပါပဲ၊ စက္ခုန္ဒြေ စသည်ကို မစောင့် စည်းဘဲ မြို့ထဲ ရွာထဲကို သွားတော့ ဝတ်ပုံဆည်းပုံ နေရာမကျတဲ့ မာတုဂါမကို မြင်ရတွေ့ရတယ်၊ အဲဒီတော့ ကာမရာဂတွေ အပြင်းအထန် ဖြစ်ပေါ်လာတဲ့

အတွက် ရဟန်းဘဝမှာ မနေနိုင်တော့ဘူး၊ လူ့ဘဝ ရောက်သွားပါသတဲ့။ အဲဒါဟာ ငါးကြမ်းဘေးကြောင့် သေပျက်ရတာနဲ့ တူပါတယ်တဲ့။ ငါးကြမ်းဆိုတာ ဒီနေရာမှာ မာတုဂါမကို တင်စားပြီး ဟောထားပါတယ်တဲ့။ ဒါလည်း ရဟန်းငယ်များနဲ့ ပိုပြီးသက်ဆိုင်ပါတယ်။

ယခု ပြောခဲ့တဲ့ လှိုင်းဘေးစသည်ကတော့ သောတာပန်ရဟန်းမှာ ဖြစ်ဖွယ်မရှိပါဘူး။ ဒါကြောင့် သောတာပန်ရဟန်းမှာ သောတာပတ္တိမဂ်က လှိုင်းဘေး၊ မိကျောင်းဘေး၊ ဝဲဘေး၊ ငါးကြမ်းဘေးဆိုတဲ့ ၄ ပါးကို ပယ်ပြီးဖြစ်တယ်လို့ ယူနိုင်ပါတယ်။ ဒီဘေးလေးပါးက လူဝတ်ကြောင် သောတာပန်နဲ့တော့ မဆိုင်ဘူးလို့ ဆိုရမှာပဲ။ (အင်္ဂုတ္တရ ပ ၄၃၈ စသည်မှာရှု)

စတုတ္ထဘေး ၄ ပါးကတော့ (၁၃) မိမိကိုယ်ကို မိမိကိုယ်တိုင် စွပ်စွဲသည့် အတ္တာနုဝါဒဘေး၊ ဒါကတော့ ကိုယ့်ဟာကိုယ် စွပ်စွဲတယ်ဆိုတာ ဟုတ်မှန်လို့ ဖြစ်မှာပဲ။ သောတာပန်မှာတော့ ကိုယ့်ဟာကိုယ် စွပ်စွဲလောက်အောင် သီလ ချွတ်ယွင်းမှု မရှိနိုင်ဘူး။ ဒါကြောင့် ဒီဘေးကို သောတာပတ္တိမဂ်က ပယ်ကြောင်း ထင်ရှားပါတယ်။ (၁၄) သူတစ်ပါးက စွပ်စွဲတဲ့ ပရာနုဝါဒဘေး။ ဒီဘေးလည်း အမှုမှန်ဖြင့် စွပ်စွဲခံရတာ သောတာပန်မှာ မရှိနိုင်ဘူး။ (၁၅) မင်းဒဏ်ဘေး၊ ဒါကတော့ မတရားစွဲချက်တင်ပြီး မင်းဒဏ်သင့်တာလည်း သောတာပန်မှာ မကင်းနိုင်ဘူး။ သို့ပေမယ့် နောက်ဘဝတွေမှာတော့ အရိယမဂ်၏အစွမ်းကြောင့် ဒီဘေးမျိုးလည်း ကင်းနိုင်ပါတယ်။ (၁၆) အပါယ်လေးပါးကျရောက်ရတဲ့ ဒုဂ္ဂတိဘေး၊ ဒါကတော့ သောတာပန်မှာ လုံးဝကင်းကြောင်း ထင်ရှားနေပါပြီ။

ယခုထုတ်ပြခဲ့တဲ့ ဘေး ၁၆ ပါးဟာ အဘိဓမ္မာဝိဘင်း ပါဠိ (၃၉၀–၃၉၁) မှာ အစဉ်အတိုင်း ရှိပါတယ်။ အင်္ဂုတ္တရ စတုက္ကနိပါတ် (၄၃၆) စသည်မှာလည်း ရှိပါတယ်။ သမ္မောဟဝိနောဒနီအဋ္ဌကထာမှာတော့ ဒီဘေး (၁၆) ပါးကို သောဠသ မဟာဘယဘေးကြီး (၁၆) ပါးလို့ ပြဆိုထားပါတယ်။

နောက်ပြီးတော့ (၁၇) ဉာတိဗျသန– ဆွေမျိုးတို့၏ ပျက်စီးခြင်း၊ (၁၈) ဘောဂဗျသန– စီးပွားဉစ္စာတို့၏ ပျက်စီးခြင်း၊ (၁၉) ရောဂဗျသန– ရောဂါဆိုး နှိပ်စက်ဖျက်ဆီးခြင်း၊ (၂၀) သီလဗျသန– သီလပျက်စီးခြင်း၊ (၂၁) ဒိဋ္ဌိဗျသန– အယူပျက်စီးခြင်း၊ ဒီဗျသနငါးပါးကိုလည်း ဘေးအဖြစ်ဖြင့်ယူရတယ်။ ဒါတွေကတော သိသာထင်ရှားနေပါပြီ။ ဒီအထိ ဘေး ၂၁ ပါး ရှိသွားပြီ၊ ၂၅ ပါးပြည့်ရန် လေးပါးပဲ လိုတော့တယ်။

အဲဒီကနောက် အကုန္တိ– သည်းမခံခြင်း၏ အပြစ်ငါးပါးကို ပြပြီးသည့်၏အခြားမဲ့မှာ ဝိဘင်းပါဠိတော်၌ ဘေး ၅ ပါးကို ပြထားပြန်ပါတယ်။ အဲဒီငါးပါးထဲမှာ မရဏဘေးနဲ့ ဒုဂ္ဂတိဘေးဆိုတာ ၂ ပါးကတော့ ရှေးပိုင်းကဘေး ၂၀ ထဲမှာ ပြခဲ့ပြီးဖြစ်နေပါတယ်။ ကျန်တဲ့ ဘေး ၃ ပါးကတော့ (၂၂) အာဇီဝိကဘေး၊ (၂၃) အသိလောကဘေး၊ (၂၄) ပရိသသာရဇ္ဇဘေး ဆိုတဲ့ဒီ ၃ ပါးပဲ။ အဲဒီ ၃ ပါးထဲက အာဇီဝိကဘေးဆိုတာ အသက်မွေးမှုကို အစွဲပြုပြီး ဖြစ်တဲ့ဘေးပဲ။ ဖြစ်ပုံကတော့ မတရားတဲ့နည်းဖြင့် ပစ္စည်းရှာပြီး အသက်မွေးမှုကို အစွဲပြုပြီး ဖြစ်တဲ့ဘေးပဲ။ ဖြစ်ပုံကတော့ မတရားတဲ့နည်းဖြင့် ပစ္စည်းရှာပြီး အသက်မွေးတဲ့သူမှာ သေခါနီးကျတော့ အကုသိုလ်ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ထင်တဲ့အခါ ကြောက်ခြင်းဖြစ်ရတယ်။ အဲဒါကို အာဇီဝိကဘေးလို့ သမ္မောဟဝိနောဒနီ စသည်မှာ ဖွင့်ပြထားပါတယ်။ ဒီဘေးကိုတော့ သောတာပတ္တိမဂ်က ပယ်ကြောင်း ထင်ရှားပါတယ်။ အသိလောကဘေးဆိုတာကတော့ အကဲ့ရဲ့ခံရလို့ ကြောက်ခြင်းပါပဲတဲ့။ ဒီဘေးလည်း ဟုတ်လို့ အကဲ့ရဲ့ခံရတာဆိုရင်တော့ သောတာပန်မှာ ကင်းသင့်တာပါပဲ။ ပရိသသာရဇ္ဇဘေးဆိုတာကတော့ မကောင်းမှု ရှိနေတဲ့သူမှာ ပရိသတ်ထဲ ဝင်ရမှာ ကြောက်တဲ့ဘေးလို့ ဖွင့်ပြထားပါတယ်။ ဒီဘေးလည်း သောတာပန်မှာ ကင်းသင့်ပါတယ်။

မဟာနိဒ္ဒေသ ပါဠိတော် (၂၈၉) မှာလည်း ဘေးတွေကို ဝိဘင်းပါဠိ၊ အင်္ဂုတ္တရပါဠိများနှင့်အတူပင် ပြထားပါတယ်။ အဲဒီဘေးတွေ ယခုပြောလာတာ ၂၄ ပါးတော့ ရှိသွားပြီ။ တစ်ပါးပဲ လိုတော့တယ်။ အဲဒီတစ်ပါးအတွက် ဘာကိုယူရမလဲဆိုရင် မိလိန္ဒပဥှာပါဠိမှာ ယခုထုတ်ပြခဲ့တဲ့ ဘေး ၂၄ ပါးထဲက အမှတ် ၂၃ အသိလောကဘေးဆိုတာ မပါဘဲ ဝေရိဘေး၊ ဒုဗ္ဘိက္ခဘေးဆိုတာ ၂ ပါးလုံးကို ထည့်ယူရမယ်ဆိုရင် အသိလောကဘေးကို နုတ်ပယ်ရလိမ့်မယ်။ အဲဒီလို နုတ်ပယ်ရန်တော့ မသင့်ပေဘူး။ ဘာကြောင့်လဲဆိုရင် အဲဒီ အသိလောကဘေးက အင်္ဂုတ္တရဝိဘင်း မဟာနိဒ္ဒေသ သုံးကျမ်းလုံးမှာ တစ်ညီတည်း ရှိနေသောကြောင့်ပါပဲ။ အဲဒီတော့ ဝေရိဘေးနဲ့ ဒုဗ္ဘိက္ခဆိုတဲ့ အစာရှားပါးတဲ့ဘေးကို ယူမယ်၊ အဲဒီတော့ ဝေရိဘေး ကျန်မနေပေဘူးလားလို့ မေးစရာရှိတယ်၊ မကျန်ဘူးလို့ပဲ ဆိုနိုင်ပါတယ်။ ဘယ်လိုလဲဆိုတော့ ဝေရိဝေရ ရန်ဆိုတာ အတွင်းရန်သူ၊ အပြင်ရန်သူ ၂ မျိုး ရှိတယ်။ သတ်ခြင်းစသော အကုသိုလ် စေတနာငါးပါးကို

အတွင်းရန်သူဖြစ်ကြောင်း ရှေ့နားက ပြဆိုခဲ့ပါပြီ။ အဲဒီ အတွင်းရန်သူကိုမှီပြီး အပြင်ရန်သူဖြစ်ပွားပုံကို ဝေရသုတ်အဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်။ ယခု ပြဆိုခဲ့တဲ့ ဘေးတွေထဲမှာ သီလဗျသနဆိုတာ ပါတယ်။ အဲဒီသီလပျက်မှု သီလဗျသနဟာ အတွင်းရန်သူပဲ။ အဲဒီသီလဗျသနဆိုတဲ့ အတွင်းရန်သူကို သောတာပတ္တိမဂ်က ပယ်လိုက်ရင် အပြင်ရန်သူဆိုတဲ့ ဝေရီဘေးလည်း ကင်းနိုင်တော့တာပါပဲ။ ဒါကြောင့် ဝေရီဘေးကို သီလဗျသနထဲမှာ ထည့်သွင်းပြီး တော့ ဒီမှာ လိုနေတဲ့ ၂၅ ခုမြောက်ဘေးအရာမှာ ဒုဗ္ဘိက္ခဘေးကို ထည့်ယူသင့် တယ်လို့ ဘုန်းကြီးက သဘောကျနေပါတယ်။

ဒါကြောင့် ရှေ့နားကပြထားခဲ့တဲ့ ဘေး ၂၄၊ ပါးထဲမှာ ၂၅၊ ဒုဗ္ဘိက္ခ အစာရှားပါးတဲ့ အငတ်ဘေးကို ထည့်သွင်းယူရမယ်၊ ဒါပေမဲ့ ဒီအငတ်ဘေးက တော့ သောတာပန်ဖြစ်ရုံနဲ့ မျက်မှောက်ဘဝတွင် ဧကန်ကင်းငြိမ်းမယ်လို့ မဆိုနိုင် ပေဘူး။ ဘာကြောင့်လဲဆိုရင် မြတ်စွာဘုရားလက်ထက်တော် ကာလတုန်းက အရှင်လောသကတိဿမထေရ် ဆိုတာ ရှေးအကုသိုလ်ကံ၏အကျိုး ဝိပါကဝဋ် က လိုက်လာလို့ ရဟန္တာဖြစ်ပြီးသည့်တိုင်အောင် ဆွမ်းမပြည့်စုံဘဲ ရှိနေခဲ့ပါသတဲ့၊ နောက်ဆုံး ပရိနိဗ္ဗာန်စံမည့်နေ့မှာတောင် ဆွမ်းမဘုဉ်းပေးရဘဲ ရှိနေရာမှာ အရှင် သာရိပုတ္တရာမထေရ်က စတုမဓုဆေး အလှူခံကျွေးလို့ အဲဒီတစ်ကြိမ်ပဲ စတုမဓု ကို ဝဝလင်လင် ဘုဉ်းပေးရပါသတဲ့။ ဒါကြောင့်ပါပဲ၊ သို့ပေမဲ့ သောတာပတ္တိမဂ် ၏အစွမ်းကြောင့် နောက်နောက်ဘဝတွေအတွက်ကတော့ ဒီဒုဗ္ဘိက္ခဘေးလည်း လုံးဝကင်းတယ်လို့ ယူနိုင်ပါတယ်။

သောတာပတ္တိမဂ်က ဘေးရန်အားလုံးကို ငြိမ်းစေတယ်ဆိုရာမှာ ဘေး ကြီး ၂၅ ပါးအကြောင်း စိစစ်ပြောနေရတာနဲ့ အချိန်အတော်ကုန်သွားပြီ။

ဓမ္မစကြာ မဟာဋီကာသစ်ကျမ်းကြီးမှာတော့ သံဝေဂဝတ္ထုဒီပနီမှာ ပြထား တဲ့ ၂ နည်းထဲမှ ဒုတိယနည်းအရ ပရိတ်ကြီးထဲက ရာဇတော ဝါ စသည်ကိုသာ ဘေး ၂၅ ပါးအဖြစ် ထုတ်ပြထားပါတယ်။ အဲဒါဟာ (ရာဇဘယာဒီနိ ပဉ္စဝီသတိ မဟာဘယာနိ) လို့ ဖွင့်ပြထားတဲ့ ဋီကာများနှင့် ညီညွတ်သလိုရှိပေမယ့် အဲဒီ ဘေး ၂၅ ပါးထဲမှာ အလွန်သေးနုတ်တဲ့ (ခါဏုက– သစ်ငုတ်ဘေး၊ ကဏ္ဍက– ဆူးငြောင့်ဘေး၊ စဏ္ဍကုက္ကုရ– ခွေးကြမ်းဘေး၊ စဏ္ဍဝိစ္ဆိက– ကင်းမြီးကောက်၊ ကင်းပုစွန်ကြမ်းဘေး အစရှိတဲ့) ဘေးများလည်း ပါဝင်နေတဲ့အတွက် အရိယ မဂ်က ပယ်တယ်လို့ဆိုရာမှာ ဂုဏ်မြောက်ဖွယ်မရှိသောကြောင့် ဒီနေရာမှာ

မသင့်ဘူးလို့ ထင်ပါတယ်။ နောက်ပြီးတော့ အဲဒီ အသေးအနုတ်ဘေးတွေဟာ မဟာဘယ ဆိုတဲ့အမည်နှင့်လည်း မဟပ်မိဘူးလို့ ထင်ပါတယ်။

(သီလဝန္တသုတ် တရားတော်)

## ဖိုလ်ဝင်စားမှု

အရိယာမဂ်ဖိုလ် ရောက်ပြီးပုဂ္ဂိုလ် ဝိပဿနာရှုရင် ဥဒယဗ္ဗယဉာဏ်က ချည်း စဖြစ်တာပါပဲ။ အဲဒီလို ရှုသိနေရင် ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်း ဖြစ်ပြီး မကြာမီပင် သင်္ခါရုပေက္ခာဉာဏ် ရောက်တယ်၊ ရှုမှတ်မှုအလေ့အလာ အရှိန်ရနေတဲ့ပုဂ္ဂိုလ်မှာဆိုရင် တစ်မိနစ် ၂ မိနစ်လောက်အတွင်းလည်း သင်္ခါရုပေက္ခာ ဉာဏ်ရောက်နိုင်တယ်။ လေး ငါးဆယ်ချက်လောက် ရှုမှတ်ရုံနဲ့လည်း သင်္ခါရုပေက္ခာဉာဏ် ရောက်နိုင်တယ်။

သင်္ခါရုပေက္ခာဉာဏ်က အားရှိလာရင် ရှုသိ ရှုသိနေရင်းပင် ချုပ်ငြိမ်းရာသို့ ရှေးကလိုပင် ရောက်သွားတယ်။ အဲဒီလို ချုပ်ငြိမ်းရာရောက်သွားတာဟာ သောတာပတ္တိမဂ်ဖိုလ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုတာပါပဲ။ မဂ်၏အခြားမဲ့မှာ ဖြစ်ခဲ့တဲ့ ဖိုလ်က စိတ်ခဏ ၂ ကြိမ် ၃ ကြိမ်ဆိုတော့ ဘာမျှမကြာဘူး။ ယခု သမာပတ်ဝင်တဲ့ဖိုလ်ကတော့ ကြာရှည်စွာလည်း တည်နေနိုင်တယ်။ ၂ မိနစ် ၃ မိနစ် ဖြစ်စေ၊ ငါးမိနစ် ဆယ်မိနစ်ဖြစ်စေ ထို့ထက်အလွန်ဖြစ်စေ သိစရာ ရုပ်နာမ်လည်း မပေါ်၊ ရှုသိမှုလည်းမဖြစ်ဘဲ ငြိမ်းတဲ့သဘောမှာသာ တည်နေ တတ်တယ်။ အဲဒါဟာ ချုပ်ငြိမ်းတဲ့သဘောကို မျက်မှောက်ပြုလျက် ဖိုလ်စိတ် အစဉ် ဖြစ်နေတာပါပဲ။

အဲဒီဖိုလ်စိတ်အစဉ်ပြတ်သွားတဲ့အခါ ပြန်လှည့်ပြီး ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာ ဆိုတာကတော့ ဖြစ်ရိုးပါပဲ။ အဲဒီလိုဆင်ခြင်ပြီး ရှုမှတ်မြဲ ရှုမှတ်လျက် ဖြစ်နေ တယ်။ အဖြစ်အပျက်ကို သိမြဲသိနေတယ်။ အဲဒါက ဥဒယဗ္ဗယဉာဏ်ပဲ၊ အဲဒီက နောက် ဆက်ပြီးရှုမှတ်နေလျှင် မကြာမီပင် သင်္ခါရုပေက္ခာဉာဏ်ရောက်ပြန်တယ်။ အဲဒီ သင်္ခါရုပေက္ခာဉာဏ်က အားကောင်းပြန်ရင် ချုပ်ငြိမ်းရာသို့လည်း ရောက် သွားတတ်တယ်။ အဲဒီလို ချုပ်ငြိမ်းရာသို့ အမြန်ရောက်အောင်လည်း လေ့လာရ တယ်။ အဲဒီချုပ်ငြိမ်းရာမှာ ဆယ်မိနစ်ခန့် မိနစ် နှစ်ဆယ်ခန့်၊ နာရီဝက်ခန့်၊ တစ်နာရီခန့် စသည်ဖြင့် ကြာရှည်တည်နေအောင်လည်း အဓိဋ္ဌာန်ပြုပြီး ရှုမှတ်

အားထုတ်ရတယ်။ သမာဓိအားရှိတဲ့သူမှာဆိုရင် ချုပ်ငြိမ်းရာသို့ အမြန်လည်း ရောက်တယ်၊ တစ်နာရီ၊ နှစ်နာရီ စသည်ဖြင့် အလိုရှိသည့်အတိုင်း အဓိဋ္ဌာန် ပြုထားသည့်အတိုင်းလည်း နေနိုင်တယ်။ တချို့ထူးခြားတဲ့ပုဂ္ဂိုလ်မှာတော့ မဂ်ဖိုလ် ရောက်ပြီးကတည်းက ချုပ်ငြိမ်းရာသို့ ခဏခဏလည်း ရောက်နေတယ်။ ဘာမျှ အထူးမလေ့လာရတော့ဘဲ ကြာရှည်စွာလည်း တည်နေတယ်။

ပုထုဇဉ်မှာ အနိစ္စစသည်ဖြင့် ရှုသိရသလိုပင် သောတာပန်ကလည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တအခြင်းအရာတို့ဖြင့် ရှုသိရတာပဲ။ ရှုပ်အပ်တဲ့တရားရော၊ ရှုသိပုံရော ပုထုဇဉ်နှင့် သောတာပန်ဟာ အတူတူပါပဲ။

(သီလဝန္တသုတ် တရားတော်)

## တရားဟောင်းအတွက် လွယ်၊ တရားသစ်အတွက် မလွယ်

ဒါကြောင့် မြင်တိုင်း၊ ကြားတိုင်း၊ တွေ့တိုင်း၊ သိတိုင်း ရှေးကလိုပင် ရှုမြဲ ဆက်ပြီး ရှုနေရတယ်။ ဒါပေမဲ့ ရပြီးတရား ပြန်ရောက်အောင် အားထုတ်ရာမှာ လို မလွယ်ကူလှဘဲ ရှိနေတတ်တယ်။ ရောက်နေကျဖြစ်တဲ့ ချုပ်ငြိမ်းရာရောက် အောင် ရှုမှတ်ရင်တော့ လွယ်တယ်။ မကြာမီပင် အမှတ်အသိကောင်းပြီး ရောက်နေကျ ချုပ်ငြိမ်းရာ ရောက်ရောက်သွားတတ်တယ်။ ချုပ်ငြိမ်းရာကို မရောက်တောင် ငြိမ်သက်သိမ်မွေ့ပြီး ရှုသိလို့ကောင်းနေတဲ့ သင်္ခါရုပေက္ခာကိုတော့ အလွယ်တကူပင် ရောက်နေတာပဲ။ ဒါပေမဲ့ မရသေးတဲ့ ဉာဏ်ထူး တရားထူး အတွက် ယခု အားထုတ်တဲ့အခါကျတော့ ရှုမှတ်လို့တောင် မကောင်းဘဲ ခပ်ခက်ခက် ဖြစ်နေတတ်တယ်။ ကိုယ်ထဲက အခံရခက်တဲ့ ဒုက္ခဝေဒနာကိုလည်း တွေ့နေရတတ်တယ်။ မရှုမမှတ်မိဘဲ လွတ်လွတ်သွားတဲ့ စိတ်ကူးကြံစည်မှုများ ကိုလည်း အချို့ပုဂ္ဂိုလ်မှာ တွေ့ရတတ်တယ်။ အာရုံနဲ့ အမှတ် အစဉ်မကျဘဲ ဖြစ်နေတာကိုလည်း တွေ့ရတတ်တယ်။ အဲဒီလို အခက်အခဲတွေကို တွေ့ရတာ ဟာ ဘာကြောင့်လဲဆိုရင် မရသေးတဲ့တရားအတွက် သမ္မပ္ပဓာန် လုံ့လဖြင့် အထူးအားပေးပြီး ရှုမှတ်နေရလို့ပါပဲ။ ရပြီးဖိုလ်တရားအတွက်ဆိုတော့ နှုတ်တက် ရပြီး စာကို ရွတ်ဆိုရ ရှုမှတ်ရတာ လွယ်ကူသလိုပင် ရှုမှတ်ရတာ လွယ်တယ်။ သမ္မပ္ပဓာန်လုံ့လဖြင့် အထူးအားပေးစရာ မလိုဘူး။ ဒါကြောင့် တရားဟောင်း အတွက် လွယ်ပြီးတော့ တရားသစ်အတွက်လည်း မလွယ်ဘဲ ခပ်ခက်ခက် ဖြစ်နေတယ်လို့ ဆိုရမှာပဲ။

ဒါပေမဲ့ ပထမစပြီး အားထုတ်ခါစတုန်းက ရှုရတာလောက်တော့လည်း မခက်ပါဘူး။ တစ်နာရီ နှစ်နာရီစသည်အတွင်းမှာပင် အမှတ်ကောင်းပြီးတော့ အထက်ပိုင်းဉာဏ်များသို့ ရောက်သွားတတ်ပါတယ်။ အဲဒီသင်္ခါရုပေက္ခာ ဉာဏ်သို့လည်း ရောက်သွားတတ်ပါတယ်။ အဲဒီ သင်္ခါရုပေက္ခာဉာဏ် ရောက်တဲ့ အခါကျတော့ ဣန္ဒြေမရင့်ကျက်သေးရင် ရှေ့သို့မတိုးဘဲ အမှတ်အသိကောင်းရုံ မျှသာ ဖြစ်နေတတ်တယ်။ အရင်က ငါးမိနစ် ဆယ်မိနစ်အတွင်း ချုပ်ငြိမ်းရာသို့ ရောက်နေကျဖြစ်ပေမယ့် ယခု တရားသစ်အတွက်ဆိုတော့ နာရီပေါင်းများစွာ ကြာသော်လည်း ချုပ်ငြိမ်းရာသို့ မရောက်ဘဲ ဖြစ်နေတာလည်း ရှိတယ်။ ရက်ပေါင်းများစွာ ကြာသော်လည်း မရောက်ဘဲ ဖြစ်နေတာလည်း ရှိတယ်။ အဲဒီလိုအခါမှာ ရောက်နေကျတရားသို့ ရောက်ဖို့ စိတ်ညွတ်လိုက်ရင်တော့ မကြာမီ ချုပ်ငြိမ်းရာသို့ အလွယ်တကူ ရောက်ရောက်သွားတတ်တယ်။

(သီလဝန္တသုတ် တရားတော်)

## သကဒါဂါမ်ဖြစ်ဖို့ထက် အနာဂါမ်ဖြစ်ဖို့က ပိုခဲယဉ်း

အထက်မဂ်ဖိုလ်ရောက်ဖို့ ဣန္ဒြေရင့်ကျက်ပြည့်စုံရင်တော့ အနိစ္စစသော အခြင်းအရာဖြင့် ထင်ရှားသိမြင်နေတဲ့ သင်္ခါရုပေက္ခာဉာဏ် ရင့်သန်တဲ့အခါ ထူးခြားလျင်မြန် ထက်သန်နေတဲ့ အသိများ ဖြစ်ပေါ်လာပြီးတော့ သိစရာနှင့် သိမှုဆိုတဲ့ သင်္ခါရအားလုံး ချုပ်ငြိမ်းတဲ့သဘောထဲသို့ ကျရောက်လျက် သကဒါဂါမိမဂ်ဖိုလ်များ ဖြစ်ပေါ်သွားတယ်။

သောတာပန်က သကဒါဂါမိဖိုလ်ရောက်ဖို့ရာထက် သကဒါဂါမ်က အနာဂါမိဖိုလ် ရောက်ဖို့ရာက သာပြီးခက်ခဲကြန့်ကြာနေတတ်တယ်။ အဲဒါ ဘာကြောင့်လဲဆိုရင်

သောတာပန်နှင့် သကဒါဂါမ်ကို "သီလေသု ပရိပူရကာရီ- သီလတို့၌ အပြည့်အစုံကျင့်သူ" လို့ ဟောထားတယ်။ အနာဂါမ်ကိုတော့ "သမာဓိသ္မိံ ပရိပူရကာရီ- သမာဓိ၌ အပြည့်အစုံကျင့်သူ"လို့ ဟောထားတယ်။ အဲဒီလို ဟောထားတဲ့အတိုင်း သီလအဆင့်ချင်းတူတဲ့ သကဒါဂါမဂ်ဖိုလ်သို့ ရောက်ဖို့က လွယ်တယ်၊ သီလနှင့် အဆင့်အတန်းမတူတဲ့ သမာဓိအဆင့် အနာဂါမိဖိုလ်သို့ ရောက်ဖို့က မလွယ်ဘဲ ရှိနေတယ်လို့ မှတ်ယူရမှာပဲ။ အဲဒီလို ဖြစ်ပုံဟာ ဘုရား လက်ထက်တော်ကာလတုန်းက အရိယမဂ်ဖိုလ်ကို ရကြတဲ့ အရိယာပုဂ္ဂိုလ်များ၏

အရေအတွက်နှင့် နှိုင်းယှဉ်ကြည့်ရင်လည်း အတော်အတန်တော့ ထင်ရှားပါတယ်။ ဘယ်လိုလဲဆိုတော့ကာ

မြတ်စွာဘုရား တစ်ချိန်က ဝေသာလီမြို့နယ်ထဲက နာတိကာ ဆိုတဲ့ ရွာ အုတ်တိုက်ကျောင်းမှာ သီတင်းသုံးစံနေတော်မူတယ်၊ အဲဒီအခါတုန်းက ကွယ်လွန်သွားကြတဲ့ နာတိကာရွာသား ဥပါသကာ ၅၀ ကျော်က အနာဂါမ် ဖြစ်သွားကြောင်း၊ ဥပါသကာ ၉၀ ကျော်က သကဒါဂါမ် ဖြစ်သွားတဲ့အကြောင်း၊ ဥပါသကာ ၅၀၀ ကျော်က သောတာပန် ဖြစ်သွားတဲ့အကြောင်း မြတ်စွာဘုရားက ထုတ်ဖော်ဟောကြားတော်မူပါတယ်။ အဲဒီဟောကြားချက်ထဲမှာ သောတာပန်က အများဆုံးပဲ၊ သကဒါဂါမ်က အလယ်အလတ်ပဲ၊ အနာဂါမ်က အနည်းဆုံးပဲ၊ အဲဒါဟာ ဥပါသကာတွေအကြောင်းပဲ၊ ဥပါသိကာမတွေလည်း အဲဒီအရေတွက်ထက် နည်းမှာမဟုတ်ဘူး။ တစ်ရွာတည်းက အရိယာပုဂ္ဂိုလ်တွေ ဒါလောက်များတယ်ဆိုတော့ အလွန်ပင် အားရစရာကောင်းတာပဲ။ ဒါပေမဲ့ ယခုနေအခါမှာ တစ်လကျော် နှစ်လစသည် တရားအားထုတ်လို့ တရားထူး ရသွားကြတယ်ဆိုတာ တချို့က ကဲ့ရဲ့ရှုတ်ချပြီး ပြောတတ်ကြတယ်။ "ရလွယ်တယ်၊ များလွန်းတယ်" လို့ ပြောတတ်ကြတယ်။ ကိုယ်တိုင်ကတော့ ဘာတရားမျှ ထိထိရောက်ရောက် အားမထုတ်ဘဲ ဒီလိုပြောဆိုကြတာကတော့ သူတော်ကောင်း လက္ခဏာ မဟုတ်ပါဘူး။

ယခုပြောခဲ့တဲ့ အရိယာအရေအတွက်တွေ ခြားနားပုံဟာ အထက် အထက် မဂ်ဖိုလ်သို့ရောက်ဖို့ မလွယ်ဘူးဆိုတာ နှိုင်းယှဉ်ပြီး သိမှတ်ဖို့ပါပဲ။ ဒါပေမဲ့ ဣန္ဒြေရင့်တဲ့ပုဂ္ဂိုလ်ကတော့ အဲဒီလို ရှုသိနေရင်းပင် အနာဂါမ်မဂ်ဖိုဖြင့် ချုပ်ငြိမ်းတဲ့သဘောကို မျက်မှောက်ပြုသွားပါတယ်။

(သီလဝန္တသုတ်တရားတော်)

## အနာဂါမ်မှာ ဆေးလိပ် ကွမ်း ကြိုက်တာလည်း ကင်းသင့်တယ်

အနာဂါမ်မှာ ဝိသဘာဂ ကာမအာရုံတွေမှာ မဟုတ်ဘူး၊ အဝတ်အဆင် တန်ဆာ အာရုံတွေ၊ ပျော်ပွဲရွှင်ပွဲ အာရုံတွေ၊ အိပ်ရာနေရာတွေ၊ အစားအသောက်တွေ၊ ဒီလိုကာမအာရုံတွေမှာလည်း တပ်မက်သာယာမှု ကင်းတယ်၊ ဒီလို အသားဟင်းကလေးကို စားချင်လိုက်တာ ဆိုတာမျိုး အနာဂါမ်မှာ မရှိသင့်ဘူး။

ဆေးလိပ်ကြိုက်တာ၊ ကွမ်းကြိုက်တာ ဒီလိုဟာတွေလည်း အရသာအာရုံ ကာမဂုဏ်၌ တပ်မက်သာယာမှုတွေပဲ။ ဘိန်း၊ အရက်များကြိုက်တဲ့ တဏှာ ကင်းတာ လိုပင် အဲဒီ ဆေးလိပ်၊ ကွမ်းကြိုက်တဲ့ ကာမတဏှာလည်း ကင်းသင့်တာပဲ။

(သီလဝန္တသုတ်တရားတော်)

## ရှုတဲ့အခါ သိမြင်ပုံချင်းမတူ

သီလဝန္တသုတ်မှ အမေးအဖြေ

အနာဂါမိနာ ပနာဝုသော သာရိပုတ္တ ဘိက္ခုနာ ကတမေ ဓမ္မာ ယောနိသော မနသိ ကာတဗ္ဗာ တဲ့။

အာဝုတော သာရိပုတ္တ– ငါ့ရှင်သာရိပုတ္တရာ၊ အနာဂါမိနာ ပနဘိက္ခုနာ– အနာဂါမ်ရဟန်းသည်ကား၊ ကတမေ ဓမ္မာ– အဘယ်တရားတို့ကို၊ ယောနိသော– သင့်သောအကြောင်းအားဖြင့်၊ ဝါ နည်းမှန်လမ်းမှန်အားဖြင့်၊ မနသိ ကာတဗ္ဗာ– နှလုံးသွင်းအပ် ရှုအပ်ပါကုန်သနည်းတဲ့။

အဲဒီအမေးကို အရှင်သာရိပုတ္တရာ မထေရ်မြတ်က ဒီလိုဖြေကြားပါတယ်။

အနာဂါမိနာပိ အာဝုသော ကောဋ္ဌိက ဘိက္ခုနာ ဣမေ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော ဒုက္ခတော၊ ပ၊ အနတ္တတော ယောနိသော မနသိ ကာတဗ္ဗာ တဲ့။

အာဝုတော ကောဋ္ဌိက– ငါ့ရှင် ကောဋ္ဌိက၊ အနာဂါမိနာပိ ဘိက္ခုနာ– အနာဂါမ်ရဟန်းသည်လည်း၊ ဣမေ ပဉ္စုပါဒါနက္ခန္ဓာ– ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို၊ အနိစ္စတော– မမြဲဟု၊ ဒုက္ခတော– ဆင်းရဲဟု၊ ပ၊ အနတ္တတော– အနတ္တဟု၊ ယောနိသော– နည်းမှန်လမ်းမှန်အားဖြင့်၊ မနသိ ကာတဗ္ဗာ– နှလုံးသွင်းအပ် ရှုအပ်ကုန်၏ တဲ့။

အဲဒါဟာ အနာဂါမ်ပုဂ္ဂိုလ်က ရဟန္တာဖြစ်အောင် အားထုတ်ပုံပါပဲ။ ပုထုဇဉ်စသည်က သောတာပန်စသည်ဖြစ်အောင် ရှုပုံ အားထုတ်ပုံနှင့် တစ်ထပ်တည်း အတူတူပါပဲ။ ရှုတဲ့အခါ သိမြင်ပုံချင်းကတော့ ကွဲပြားပေလိမ့်မယ်။ ပုထုဇဉ်က ရှုတဲ့အခါမှာ သက္ကာယဒိဋ္ဌိစသည်ကို ပယ်နိုင်လောက်ရုံပဲ အနိစ္စစသော အခြင်းအရာကို သိပေလိမ့်မယ်။ သောတာပန်က ရှုတဲ့အခါမှာ ကာမရာဂ၊ ဗျာပါဒ အကြမ်းတွေကို ပယ်နိုင်လောက်ရုံပဲ သိပေလိမ့်မယ်။ သကဒါဂါမ်က ရှုတဲ့အခါမှာ အဲဒီကာမရာဂနှင့် ဗျာပါဒတွေကို အကြွင်းမဲ့ ပယ်နိုင်လောက်အောင်

သိမြင်ပေလိမ့်မယ်။ ယခု အနာဂါမ်က ရှုတဲ့အခါမှာတော့ ရူပရာဂအစရှိတဲ့ သံယောဇဉ်ကိလေသာဟူသမျှကို အကြွင်းမဲ့ပယ်နိုင်လောက်အောင် အပြည့်အစုံ သိမြင်ပေလိမ့်မယ်။ အထူးအားဖြင့် ရုပ်နာမ်သင်္ခါရဟူသမျှကို ဆင်းရဲချည်းပဲလို့ အပြည့်အစုံ သိမြင်ပေလိမ့်မယ်။ အဲဒီလို သိမြင်ပုံချင်းကတော့ ထူးခြားရမှာပဲ။ အဲဒီလို ဝိပဿနာ အသိအမြင်က ထူးခြားတဲ့အတွက်ကြောင့် ထူးခြားတဲ့ အထက် အထက် မဂ်ဖိုလ်ဉာဏ်တွေ ဖြစ်ပေါ်လာကြတာပဲ။

(သီလဝန္တသုတ်တရားတော်)

## အခါခပ်သိမ်း မမြဲတဲ့သဘော ထင်နေသလား

သောတာပန်မှာ မြဲတယ်လို့ အမှတ်မှား၊ အသိမှား၊ အမြင်မှားတဲ့ ဝိပလ္လာသ တရားတွေ အကုန်ကင်းတယ် ဆိုတာ ဘယ်လိုကင်းတာလဲလို့ စဉ်းစားစရာ ရှိပါတယ်။ သောတာပန်မှာ ဒိဋ္ဌိကိုပယ်ပြီး ဖြစ်တဲ့အတွက် ဒိဋ္ဌိဝိပလ္လာသ ကင်းတာကိုတော့ ယုံမှားဖွယ် မရှိပါဘူး။ သညာဝိပလ္လာသနှင့် စိတ္တဝိပလ္လာသ ကင်းပုံကတော့ တမင်စဉ်းစားဆင်ခြင်မိတဲ့အခါဖြစ်စေ၊ ရှုမှတ်နေတဲ့အခါဖြစ်စေ ပုထုဇဉ်အဖြစ်တုန်းကလို မြဲတဲ့အနေဖြင့် စွဲလမ်းမှုမရှိတာကို ဆိုလိုတယ်လို့ ယူသင့်ပါတယ်။ "မြင်တိုင်းကြားတိုင်း အခါခပ်သိမ်း မမြဲတဲ့သဘော ထင်နေ တယ်၊ မမြဲတာကို သိနေတယ်" လို့တော့ မယူသင့်ပေဘူး။ အဲဒီလိုသာ သိမြင်နေရင်တော့ မာနလည်း ဖြစ်ဖွယ်မရှိဘူး။ ကာမအာရုံတွေလည်း နှစ်သက် သာယာဖွယ် မရှိတော့ဘူး။ ဘဝနှင့်စပ်ပြီးတော့လည်း နှစ်သက်သာယာမှုဖြစ်ဖွယ် မရှိတော့ဘူး။

(သီလဝန္တသုတ်တရားတော်)

## ကိုယ့်ကိုယ်ကို ရဟန္တာဖြစ်ပြီလို့ ထင်နေသူများ စဉ်းစားဖို့ရာ

ကိုယ့်ကိုယ်ကို ရဟန္တာဖြစ်ပြီလို့ ယုံကြည်တဲ့ပုဂ္ဂိုလ်ဟာ ယခုပြောခဲ့တဲ့ အတိုင်း ကာမဂုဏ်အာရုံတွေနဲ့ စပ်ပြီး နှစ်သက်သာယာမှု လုံးဝကင်းရဲ့လား၊ မီးကျီတွင်း မီးကျီစုလိုပင် ကာမဂုဏ်တွေကို ကြောက်စရာလို့ ထင်ရဲ့လားဆိုတာ စဉ်းစားကြည့်ဖို့ပါပဲ။

တချို့မှာ ဆေးလိပ်အာရုံ၊ ကွမ်းအာရုံ ကာမဂုဏ်ကလေးများကို မစွန့်

နိုင်ဘဲ ရှိနေတတ်တယ်။ ကြိုက်တတ်တဲ့ စားဖွယ်သောက်ဖွယ် အာရုံ ကာမဂုဏ်ကလေးတွေကို တမင်စီမံပြီး သုံးဆောင်နေတာလည်း ရှိတတ်တယ်။ ကြိုက်တတ်တဲ့ အဝတ် အိပ်ရာ နေရာကို တမင်ရွေးချယ်ပြီး သုံးဆောင်နေတာလည်း ရှိတတ်တယ်။ အဲဒီလိုဆိုရင် ကာမာသ ဝ ဆိုတဲ့ အာသဝေါကုန်ပြီလို့ ဝန်ခံဖို့ သင့် မသင့် စဉ်းစားဖို့ပါပဲ။ သူတစ်ပါးက စဉ်းစားဆုံးဖြတ်ဖို့ကတော့ မလွယ်ကူဘူး။ ကိုယ့်ဟာကိုယ် စဉ်းစားဆုံးဖြတ်မှ ဖြစ်မယ်။

ဒါပေမဲ့ သာသနာတော် ခုနှစ် ၇၀၀ လောက်ဆီက သီရိလင်္ကာမှာ ဝသဘမင်းဆိုတာ ရှိခဲ့တယ်။ အဲဒီတုန်းက ရဟန္တာလေလားလို့ ထင်ရတဲ့ မထေရ်တစ်ပါးကို အဲဒီမင်းက စမ်းသပ်ကြည့်ခဲ့ဖူးတယ်။ ဘယ်လိုလဲဆိုတော့ အဲဒီမင်းက အဲဒီမထေရ်ကိုပင့်ပြီး သူ့အိမ်တော်မှာ ထိုင်နေစေပါတယ်။ အဲဒီမထေရ်၏ အနီးမျက်မှောက်မှာ (ဗဒရသာဠဝ) ခေါ်တဲ့ ဆီးသီးဖျော်ရည်ကို နယ်စေ ညှစ်စေပါသတဲ့။ အဲဒီအခါမှာ မထေရ်မှာ တံတွေးသွားရည်ယိုတာကို တွေ့ရတဲ့အတွက် အဲဒီမထေရ်ကို ရဟန္တာမဟုတ်ဘူးလို့ သိရပါသတဲ့။ အဲဒီမှာ အဋ္ဌကထာက ဒီလိုထောက်ခံချက်ပေးထားပါတယ်။

ဟိ– ထိုသို့ဆုံးဖြတ်နိုင်ခြင်း သိရခြင်း၏အကြောင်းကား၊ ခီဏာသဝဿ– အာသဝေါကုန်ပြီးသော ရဟန္တာအစစ်မှာ၊ ရသတဏှာနာမ– အရသာ၌ တပ်မက်ဆာလောင်သော ရသတဏှာမည်သည်ကို၊ သုပ္ပဟီနာ– အကြွင်းမဲ့ ကောင်းစွာ ပယ်အပ်ပေပြီ။ ဒိဗ္ဗေသုပိ– နတ်လောက အရသာတို့၌လည်း၊ နိကန္တိနာမ– နှစ်သက်လိုလားခြင်းမည်သည်၊ န ဟောတိ– မဖြစ်တော့ မရှိတော့ပြီလို့ ထောက်ခံထားပါတယ်။ (ဥပရိပဏ္ဏ ၄ ၆၇)

(သီလဝန္တသုတ်တရားတော်)

## ဓမ္မဝိစယ၌ ဓမ္မအရ

(၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်ဆိုတာ ပညိန္ဒြေနှင့် အရတူပါပဲ။ ဓမ္မ– သဘောတရားတို့ကို၊ ဝိစယ– စူးစမ်း၍သိသည်၊ ဓမ္မဝိစယ– တရားတို့ကို စူးစမ်း၍ သိသောဉာဏ်လို့ အနက်ရတယ်။ ဘယ်လိုတရားတွေလဲဆိုတော့ ကုသလာကုသလဓမ္မာ– ကုသိုလ် အကုသိုလ်တရားတွေကို စူးစမ်းစိစစ်ပြီး သိတယ်လို့ ဆိုပါတယ်။ ဒီလိုဆိုရင် ကုသိုလ် အကုသိုလ်မှ တစ်ပါးသော ဝိပါက်၊ ကြိယာ၊

နိဗ္ဗာန်ရုပ်တရားတွေကိုတော့ ဒီဓမ္မဝိစယသမ္ဗောဇ္ဈင်က မသိဘူးလားလို့ မေးစရာရှိလာပါတယ်။ ပညိန္ဒြေကလည်း သိသင့်တဲ့တရားတွေကို အကုန်သိတာပဲ။ ဒသမ ခွန်အားကျတော့ ပြမည့်သမ္မာဒိဋ္ဌိဆိုတာကလည်း သစ္စာလေးပါးတရားတွေကို အကုန်သိတာပဲ။ အဲဒီ ပညိန္ဒြေသမ္မာဒိဋ္ဌိမဂ္ဂင်ငို့နှင့် တရားကိုယ်အရတူဖြစ်တဲ့ သမာဒိဋ္ဌိဆိုတာကလည်း သစ္စာလေးပါးတရားတွေကို အကုန်သိတာပဲ။ အဲဒီ ပညိန္ဒြေသမ္မာဒိဋ္ဌိမဂ္ဂင်တို့နှင့် တရားကိုယ်အရတူဖြစ်တဲ့ ဒီဓမ္မဝိစယသမ္ဗောဇ္ဈင်ကလည်း အကုန်လုံးသိသင့်တာပါပဲ။ ဒါကြောင့် ကုသိုလ်၊ အကုသိုလ်တရားကိုသာ ဒီနေရာမှာ ပြထားတာကတော့ အကောင်း အဆိုး၊ အပြစ်မဲ့ အပြစ်ရှိအနေဖြင့် စိစစ်ဖွယ်ဖြစ်တဲ့ တရားများကိုသာ ပဓာနပြုပြီးပြတယ်။ မပြဋ္ဌာန်းတဲ့ အပ္ပဓာန အလိုအားဖြင့်တော့ ရုပ်နာမ်တရားဟူသမျှကို စိစစ်ပြီးသိတာဟာ ဓမ္မဝိစယသမ္ဗောဇ္ဈင်ချည်းပဲလို့ မှတ်ယူသင့်ပါတယ်။

(သီလဝန္တသုတ်တရားတော်)

## ဥဒယဗ္ဗယဉာဏ်အစစ်

တချို့က သူတို့နည်းအရ တရားအားထုတ်သူတွေမှာ ဒီလိုထူးခြားတဲ့ အရောင်အလင်း ပီတိသုခစသည် မဖြစ်တဲ့အတွက် ဒီလိုပီတိစသည်ဖြစ်ဖို့ မလိုဘူးလို့လည်း သူတို့တပည့်များအား အားပေးတဲ့အနေနဲ့ ဟောတတ်ကြပါတယ်။ အမှန်ကတော့ ဖြစ်ဖို့လိုပါတယ်။ ဥဒယဗ္ဗယဉာဏ်ဖြစ်တဲ့အခါ အရောင်အလင်း ပီတိသုခစသည်က လွန်လွန်ကဲကဲ ဖြစ်ရိုးဖြစ်တန်းပဲ။ အဲဒီလို မဖြစ်သေးရင် ဥဒယဗ္ဗယဉာဏ်အစစ် မဖြစ်သေးဘူးလို့ ဆုံးဖြတ်ရမှာပဲ။

(သီလဝန္တသုတ်တရားတော်)

## အရှင်အာနန္ဒာပွားခဲ့သော ကာယဂတာသတိဟူသည်

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် သုံးလကျော် လေးလထဲ ရောက်တဲ့အခါ ပထမ သင်္ဂါယနာတင်ရန် ဝါခေါင်လပြည့်ကျော် ၅ ရက်နေ့ကို သတ်မှတ်စီစဉ်ထားကြပါတယ်။ အရှင်အာနန္ဒာဟာ အဲဒီသင်္ဂါယနာပွဲမှာ ရဟန္တာအဖြစ်ဖြင့် ပါဝင်ဆောင်ရွက်နိုင်ရန် ဝါခေါင်လပြည့်ကျော် ၄ ရက်နေ့ ညဥ့်မှာ စင်္ကြံလျှောက်ပြီး ကာယဂတာသတိ ဘာဝနာဖြင့် ပြင်းထန်စွာ အားထုတ်နေပါသတဲ့။

ကာယဂတာ သတိဆိုရင် အများက ၃၂ ကောဋ္ဌာသပဲလို့ ထင်မှတ်တတ်ကြတယ်။ အဲဒီလို မဟုတ်ပါဘူး၊ မဟာသတိပဋ္ဌာနသုတ်မှာ ဟောထားတဲ့ ကာယာနုပဿနာ ၁၄ ပိုင်းလုံးကို ဥပရိပဏ္ဏာသပါဠိ ကာယဂတာသတိသုတ်မှာ ကာယဂတာ သတိဘာဝနာအဖြစ်ဖြင့် ဟောထားပါတယ်။

ဒါကြောင့် အဲဒီ ၁၄ ပိုင်းထဲက စင်္ကြံလျှောက်ရင်း အားထုတ်နေတယ်ဆိုတော့ (ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ) သွားလျှင်လည်း သွားသည်ဟု သိ၏ စသည်ဖြင့် ဟောထားတဲ့ ဣရိယာပထပိုင်းအရ အားထုတ်နေတယ်လို့ ယူရန်သာ သင့်လျော်ပါတယ်။ အဲဒီ ဣရိယာပုထ် ၄ ပါးထဲမှာလည်း စင်္ကြံလျှောက်ဆဲဆိုတော့ ခြေထောက်ကြွတာ၊ လှမ်းတာ၊ ချတာစသည်ကို ရှုမှတ်နေတယ်လို့ ယူတာဟာ အသင့်ဆုံးပါပဲ။ ဒါကြောင့် ယခုဘုန်းကြီးတို့၏ ညွှန်ကြားချက်အတိုင်း အားထုတ်နေကြတဲ့ ယောဂီများလိုပင် ကြွတယ်၊ လှမ်းတယ်၊ ချတယ်စသည်ဖြင့် ရှုမှတ်အားထုတ်နေတယ်လို့ ဆိုရမှာပေါ့။

(သီလဝန္တသုတ်တရားတော်)

## ဆရာတော်ဦးသုန္ဒရ အမေး မဟာစည်ဆရာတော်အဖြေ

### ဆိပ်ခွန်ရွာ ပိဋကတ်ကျောင်းဆရာတော်၏ သောတာပန်ရဟန်း လူထွက် မထွက် ပြဿနာ

မဟာစည်ဆရာတော် — သာသနာ့ရိပ်သာ
အဂ္ဂမဟာပဏ္ဍိတ — ၁၆၊ ဟာမစ်တစ်လမ်း
ရန်ကုန်မြို့။
နေ့စွဲ၊ တော်သလင်းလဆန်း ၃၊ ၄၁ ခု။

ဦးသုန္ဒရထံမှ (ပိဋကတ်ကျောင်း ဆိပ်ခွန်) စာကို ဝါခေါင်လကွယ်နေ့က ရရှိခဲ့ပါသည်။ အခြားကိစ္စလေးများ ရှိနေသောကြောင့် ဒီကနေ့မှ ပြန်ကြားစာကို ရေးရပါသည်။ ဦးသုန္ဒရ၏စာတွင် တွေ့ရသည်မှာ အတိုချုပ်အားဖြင့် အောက်ပါအတိုင်းဖြစ်ပါသည်။

**လူထွက် မထွက် မေးခွန်း**

မဟာဝဂ္ဂသံယုတ် (နှာ ၄၉) နဒီသုတ်၌ သေယျထာပိ ဘိက္ခဝေ ဂင်္ဂါ

နဒီ ပါစိနနိန္နာ စသည်ဖြင့် အရှေ့ဘက်သို့ စီးနေသော ဂင်္ဂါမြစ်ကို နောက်ဘက် ပြန်စီးအောင် မတတ်နိုင်သလိုပဲ အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ကို (ဘာဝေန္တံ) ဖြစ်ပွားစေနေသာ ရဟန်းကို မင်းစသည်တို့ လူထွက်စေရန် မသွေးဆောင်နိုင် ကြောင်း၊ ထိုသို့ ချီးမြှောက်၍ သွေးဆောင်သော်လည်း အဋ္ဌင်္ဂိက အရိယမဂ်ကို ဖြစ်ပွားစေသော ရဟန်းသည် သိက္ခာချ၍ လူထွက်ခြင်းမရှိကြောင်းများ ပြဆိုထား သည်ကို တွေ့ရပါသည်ဟူ၍လည်းကောင်း။

**သမထ ဝိပဿနာမေးခွန်း**

သတိပဋ္ဌာန် ပါဠိတော်တွင် ကာယာနုပဿနာ အာနာပါနပဗ္ဗ ကာယပဋိ သံဝေဒီ ပဿသိဿာမီတိ သိက္ခတိ စသည်အရ ဝင်လေ ထွက်လေ၏ အစ အလယ် အဆုံး သုံးပါးလုံးကို ထင်ရှားအောင် မှတ်ရမည်ဟု ဟောပါသည်။ ပဋိသမ္ဘိဒါမဂ်ပါဠိ ဥပက္ကိလေသဉာဏနိဒ္ဒေသ ၌ အဿာသာဒိမဇ္ဈ ပရိယောသာနံ သတိယာ အနုဂစ္ဆတော အဇ္ဈတ္တဝိက္ခေပဂတံ စိတ္တံ သမာဓိဿ ပရိပန္ထော စသည်ဖြင့် ဝင်လေ ထွက်လေ၏ အစ အလယ် အဆုံးတို့သို့ သတိဖြင့် လိုက်၍ ရှုမှတ်သူအား သမာဓိပျက်ကြောင်း ဥပက္ကိလေသ ဟု ဟောထားပြန်ပါသည်။ ထိုပါဠိတော်နှစ်ပါးတို့၏ အဓိပ္ပါယ်သည် သမထ ဝိပဿနာတို့ဖြင့် ခြားနားခြင်း ရှိမရှိ မိန့်ကြားရန် လျှောက်ထားပါသည်ဟူ၍လည်းကောင်း မေးခွန်းအနေဖြင့် ပြထားသည်ကို တွေ့ရပါသည်။

ထိုမေးခွန်း ၂ခုတို့တွင် ဒုတိယမေးခွန်းကို တိုတိုနှင့်ဖြေနိုင်သောကြောင့် ယင်းမေးခွန်းကို ရှေးဦးစွာ ဖြေကြားပါမည်။

**ဒုတိယမေးခွန်း အဖြေ**

သဗ္ဗကာယပဋိသံဝေဒီ စသောပါဠိနှင့် သကလဿ အဿာသ ကာယဿ ပဿာသကာယဿ အာဒိမဇ္ဈပရိယောသာနံ ဝိဒိတံ ကရောန္တော စသော အဋ္ဌကထာအရအားဖြင့် အစ အလယ် အဆုံး သိအောင်ရှုပုံမှာ ဝိသုဒ္ဓိမဂ် ပထမ နှာ ၂၇၂ ၌ အပိစ ခေါ ဖုသနာဝသေန စ ဌပနာဝသေန စ မနသိ ကာတဗ္ဗံ ဟု ပြထားသည့်အတိုင်း နှာသီးဝ တိုက်ထိရာ၌သာ ဝင်လေ ထွက်လေ ၏ အစအဆုံးကို သိအောင် ရှုခြင်းမျှသာ ဖြစ်ပါသည်။ ထိုသို့တစ်နေရာတည်း၌ ရှုနေမှသာ သမထသမာဓိက ဖြစ်နိုင်ပါသည်။ ထို့ကြောင့် သမထသမာဓိ

ဖြစ်အောင် ရှုသူမှာ နာသီးဝဋ္ဌာနမှ အတွင်းဘက်သို့လည်းကောင်း၊ အပြင်ဘက်သို့လည်းကောင်း လိုက်၍ မရှုသင့်ကြောင်း၊ ထိုသို့ရှုပါက အတွင်း၌ ပျံ့လွင့်ခြင်း၊ အပြင်၌ ပျံ့လွင့်ခြင်းများ ဖြစ်ကြောင်းကို ပဋိသမ္ဘိဒါမဂ်ပါဠိ၌ အဿာသာဒိမဇ္ဈပရိယောသာနံ သတိယာ အနု ဂစ္ဆတော စသည်ဖြင့် ပြထားပါသည်။ ထိုစကားရပ်ဖြင့် သမထသမာဓိဖြစ်အောင် ရှုပုံကိုသာ ပြခြင်းဖြစ်ပါသည်။ ဝိပဿနာဉာဏ်ဖြစ်အောင် ရှုရာ၌မူကား သဗ္ဗ အဘိညေယျံ စသည်ဖြင့် မည်သည့်ဌာနက ရုပ်မဆို ထင်ရှားပေါ်လာသမျှကို ရှုသိအပ်ကြောင်း ဟောပြထားပါသည်။

## ပထမမေးခွန်း အဖြေ

သောတာပန် ရဟန်း သာမဏေ လူမထွက်ကြောင်းကို ပဲခူးမြို့ ရွှေဂူကျောင်း အသျှင်ဉာဏာလင်္ကာရ အမှူးရှိသော ဝိနယသာကစ္ဆာအဖွဲ့က ၁၃၂၆ ခုနှစ်၌ ဆုံးဖြတ်ပြီးလျှင် ယင်းဆုံးဖြတ်ချက်ကို ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ဦးသုန္ဒရဟာ ယင်းအဆုံးအဖြတ်ကို တွေ့ရသည့်အတွက် သောတာပန်ရှင် ရဟန်းတို့ လူမထွက်ကြောင်း သိစေရန် မဟာဝဂ္ဂသံယုတ်မှ နဒီသုတ်ပါဠိကို ဖော်ပြလိုက်တာလေသလားဟု တွေးထင်မိပါသည်။

ယင်းသုတ်ပါဠိ၌ သော ဝတ ဘိက္ခဝေ ဘိက္ခု အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ ဘာဝေန္တော အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ ဗဟုလီကရောန္တော သိက္ခံ ပစ္စက္ခာယ ဟီနာယာဝတ္တိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ၊ တံ ကိဿ ဟေတု။ ယံ ဟိ တံ ဘိက္ခဝေ စိတ္တံ ဒီဃရတ္တံ ဝိဝေကနိန္နံ ဝိဝေကပေါဏံ ဝိဝေကပဗ္ဘာရံ၊ တံ ဝတ ဟီနာယာဝတ္တိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ စကားရပ်ကို သေသေချာချာ စိစစ်ကြည့်လျှင် ထိုအဖွဲ့၏ အဆုံးအဖြတ်ကို တိကျမှန်ကန်သည်ဟု မှတ်ယူရန် မခိုင်လုံပါ။ မခိုင်လုံပုံကတော့ အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ ဘာဝေန္တော ဟူသောပါဌ်ဖြင့် လောကုတ္တရာမဂ် ပွားဆဲကို ယူလိုပါသလား၊ ဝိပဿနာမဂ် ပွားစေဆဲကို ယူလိုပါသလား၊ အကယ်၍ လောကုတ္တရာမဂ်ကို ပွားစေဆဲကို ယူပါက မဂ်ရောက်ဆဲ ထိုရဟန်းသာမဏေအား မင်းစသည်တို့က လူထွက်ရန် ဖိတ်ခေါ်သွေးဆောင်ဖို့ မဖြစ်နိုင်ပါ။ ထိုမဂ်ရောက်ဆဲခဏ၌ လူထွက်ရန်လည်း မဖြစ်နိုင်ကြောင်း ထင်ရှားနေပါသည်။ ထို့ကြောင့် အရိယံ မဂ္ဂံ ဘာဝေန္တော အရအရိယမဂ်ပွားစေဆဲဟု ယူရန် မဖြစ်သင့်ပါ။

သို့မဟုတ် အရိယမဂ်ရအောင် ဝိပဿနာမဂ်ကို ပွားစေဆဲ ဝိပဿနာရှုနေဆဲကို ယူပါကလည်း သောတာပတ္တိမဂ် မရောက်သေးခင် ဝိပဿနာရှုဆဲ ပုထုဇဉ်လည်း လူမထွက်ဟု ယူရပါလိမ့်မည်။ ဘာကြောင့်လဲဆိုလျှင် ယင်း ဝိပဿနာ ရှုနေဆဲ ပုထုဇဉ်လည်း သီလကို မှီ၍ ဝိပဿနာမဂ္ဂင်ကို ဖြစ်ပွားစေဆဲ ဖြစ်သောကြောင့်ပင် ဤအရာ၌ အထူးသတိပြုစရာကတော့ မဂ္ဂံ ဘာဝေန္တော ဟူသော ပါဠိဖြင့် မဂ်ကိုပွားစေပြီး ပုဂ္ဂိုလ်၊ မဂ်ကိုရပြီး ပုဂ္ဂိုလ်ဟု မယူနိုင်ပါ။ မဂ်ကို ပွားစေဆဲပုဂ္ဂိုလ်ဟူ၍သာလျှင် ယူနိုင်ပါသည်။ ထို့ကြောင့် ထိုပါဠိအရ ဖြင့် သောတာပန်ဟု အတိအကျယူရန် မဖြစ်နိုင်ပါ။ ဤအချက်ကို အထူး သတိပြုသင့်ပါသည်။

ထို့ပြင် ထိုပါဠိ၌ လူမထွက်ခြင်း၏အကြောင်းကို ဖော်ပြရာမှာ အရိယာ မဂ်ရပြီး ဖြစ်သောကြောင့်ဟု မပြဘဲ စိတ္တံ ဒီဃရတ္တံ ဝိဝေကနိန္နံ စသည်ဖြင့် ပြထားသောကြောင့် ဝိဝေကနိန္န စသောစိတ် ကြာမြင့်စွာ ဖြစ်ခဲ့ခြင်းကိုသာ လူမထွက်နိုင်ခြင်း၏အကြောင်းဟု ယူရန် ထင်ရှားပါသည်။ သောတာပန်ဖြစ်ခြင်း မှုကို ယူရန်ကား မထင်ရှားပါ။ ဘာကြောင့်လဲဆိုရင် လူဝတ်ကြောင်သောတာပန် များမှာ ဝိဝေက နိန္နစသော စိတ်အားမကြီးသောကြောင့် အိမ်ထောင်ပြုလျက် ကာမဂုဏ်ချမ်းသာကို ခံစားနေကြသောကြောင့်လည်းကောင်း၊ မဟာဝဂ္ဂသံယုတ် (နှာ ၁၉၁– ၁၉၂)၌ သောတာပန်ဖြစ်ပြီးသော ဥဏ္ဏာဘဆိုသည့် ပုဏ္ဏားဟာ ရထားသည့်ဈာန် မလျော့မပျက်သေးမီ သေပါက ကာမဘုံသို့ ပြန်မရောက် ကြောင်း ဟောထားသည့် စကားတော်အရဖြင့် သောတာပန်မှာ ရထားပြီး ဈာန်လည်း လျော့နိုင်ပျက်နိုင်သေးကြောင်း ထင်ရှားသောကြောင့်လည်းကောင်း၊ သောတာပန်ဖြစ်ရုံမျှဖြင့် ဝိဝေကနိန္န စသည် အားကောင်းနေပြီဟု မှတ်ယူရန် မသေချာပါ။ ထိုသို့ ဝိဝေကနိန္နစသည် အားမကောင်းလျှင် လူမထွက်ခြင်း၏ အကြောင်း ပြည့်စုံနေပြီဟု မဆိုနိုင်ပါ။

ထို့ကြောင့် နိဒါနဝဂ္ဂသံယုတ်ပါဠိ (နှာ ၂၈၃) ကဠာရသုတ်၌ မောဠိယ ဖဂ္ဂုန လူထွက်တာဟာ အဿာသ အရကို အနာဂါမိမဂ်အထိ မဂ်သုံးပါးဟု အဋ္ဌကထာ၌ ဖွင့်ပြထားသည်။ အဲဒီအကြောင်းကို "စိတ်ကို မတုန်လှုပ်စေနိုင်ခြင်း နှင့် စပ်၍" သီလဝန္တသုတ်တရားတော် (နှာ ၄၄၂) စသည်မှာ ဖော်ပြထားပါ သည်။ အဲဒီ အဋ္ဌကထာအဖွင့်အရ အနာဂါမ်မှာ ဝိဝေကနိန္န စသောစိတ်

ပြည့်စုံနေသောကြောင့်လည်းကောင်း၊ ကာမ ရာဂ ကင်းနေသောကြောင့်လည်းကောင်း၊ အနာဂါမ် လူမထွက်ကြောင်း အလွန်ထင်ရှားပါသည်။ ထို့ကြောင့် အရိယမဂ်ပွားစေသော အနာဂါမ် ရှင်ရဟန်းသည်လည်းကောင်း၊ ဝိပဿနာမဂ်ကို ပွားစေလျက် ဝိဝေကနိန္န စသော စိတ်ကြာမြင့်စွာဖြစ်နေသော ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ် ရှင်ရဟန်းတို့သည်လည်းကောင်း မည်သည့်အကြောင်းကြောင့်မျှ သိက္ခာစွန့်၍ လူထွက်ခြင်းမရှိဟု ဤသို့ယူလျှင် သင့်လျော်ပါလိမ့်မည်။

ဝိဝေကနိန္န စသော စိတ်အားမကောင်းသေးသည့် သာမန်သောတာပန် ရှင်ရဟန်းကတော့ နောက်ဘဝ၌ လူဖြစ်ရင်သော်လည်းကောင်း၊ နတ်ဖြစ်ရင်သော်လည်းကောင်း၊ အိမ်ထောင်စုဆိုင်ရာ ကာမဂုဏ်ကိုလည်း ခံစားဖွယ်ရှိနေသောကြောင့် အကြောင်းအားလျော်စွာ မျက်မှောက်ဘဝ၌လည်း လူထွက်ခြင်းဖြစ်နိုင်သည်ဟူ၍လည်းကောင်း၊ အထူးအားဖြင့် ရက် လ အကန့်အသတ်နှင့် တကွ ဒုလ္လဘ ရှင်ရဟန်းပြုဆဲမှာ ဝိပဿနာရှု၍ သောတာပတ္တိမဂ်ဖိုလ်သို့ ရောက်ပြီးဖြစ်သော်လည်း မူလက ရည်ရွယ်ထားသည့်အချိန် ကုန်သောအခါ လူထွက်ခြင်းဖြစ်နိုင်သည်ဟူ၍လည်းကောင်း၊ မိမိ (မဟာစည်ဆရာတော်)က သဘောကျလျက် မှတ်ယူထားပါသည်။

ထိုသို့ မှတ်ယူခြင်းဖြင့် ဒုလ္လဘရဟန်းပြုလျက် မဂ်ရောက်ဖိုလ်ရောက် တရားအားထုတ်ရေးအတွက် တိုက်တွန်းညွှန်ကြားရန် အဆင်ပြေပါသည်။ ထိုသို့မဟုတ်ဘဲ ရှင်ရဟန်းအဖြစ်မှ လူထွက်သူတိုင်းကို ပုထုဇဉ်ဟု ရှုတ်ချပြောဆိုပါက ပဋိပတ္တိသာသနာတော်ကို အားမပေးရာရောက်သည့်ပြင် အရိယာဖြစ်နေသူကို ပုထုဇဉ်ဟု ရှုတ်ချပြောဆိုခြင်းလည်း ဖြစ်နိုင်သောကြောင့် အကုသိုလ်အပြစ်လည်း အကြီးအကျယ်ဖြစ်ဖွယ်ရှိပါသည်။

ပဲခူးမြို့ ဝိနယသာကစ္ဆာအဖွဲ့၏ ဆုံးဖြတ်ချက်ထဲ၌ မောဂ္ဂလိပုတ္တ သာမဏေ သောတာပန်ဖြစ်ပြီးသည့်အခါ သူ့ဆရာ သိဂ္ဂဝမထေရ်က အဲဒီသာမဏေကို လူမထွက်တော့ဘူးလို့ ယူဆပြီးတော့ တရားကျမ်းဂန်သင်ယူရန် စဏ္ဍဝဇ္ဇီမထေရ်ထံ စေလွှတ်လိုက်ကြောင်း ပြထားသည့် အဋ္ဌကထာ စကားကို မှီးပြီးတော့လည်း သောတာပန်ဖြစ်လျှင် လူမထွက်ကြောင်း ပြဆိုထားသည်။ သို့သော် ထိုသိဂ္ဂဝမထေရ်၏ ယူဆချက်ထဲ၌ မောဂ္ဂလိပုတ္တ သာမဏေဟာ သောတာပန်ဖြစ်ကြောင်း သာသနာတော်မှ ဆုတ်နစ်ရန် မဟုတ်တော့ကြောင်း၊

ဆက်ပြီးတရားအားထုတ်လျှင် ရဟန္တာဖြစ်သွားမည့်အကြောင်းများကိုလည်း ပြထားပါသေးသည်။ အဲဒါတွေကို ဆင်ခြင်ကြည့်လျှင် သောတာပန်ဖြစ်ရုံမျှသာ မဟုတ် ရဟန္တာဖြစ်နိုင်သည်အထိ အရည်အချင်း ကောင်းစွာပြည့်စုံလျက် ရှိနေကြောင်း သိရသဖြင့် ဝိဝေကနိန္နစသော စိတ်လည်း ပြည့်စုံနေကြောင်း ထင်ရှားပါသည်။ ထို့ကြောင့် ထိုသာမဏေ လူမထွက်ဘဲ တည်မြဲခြင်း၏အကြောင်းမှာ ဘုရားစကားတော်၌ ပြဋ္ဌာန်းသည့်အတိုင်း ဝိဝေကနိန္န စသောစိတ်ပြည့်စုံနေသောကြောင့် ဟု ယူလျှင် သင့်မည်သာဖြစ်ပါသည်။

ထို့ကြောင့် နိဒါနဝဂ္ဂသံယုတ်မှ ကဋ္ဌာရသုတ်ပါဠိနှင့် အဋ္ဌကထာအရ အနာဂါမိမဂ် မရသေး၍ ဝိဝေကနိန္နစသည်လည်း မပြည့်စုံသေးလျှင် ရှင်ရဟန်းအဖြစ်မှ အကြောင်းအားလျော်စွာ လူထွက်ခြင်းဖြစ်နိုင်သေးသည်ဟူ၍လည်းကောင်း၊ အနာဂါမ်ဖြစ်နေရင်တော့ ဝိဝေကနိန္နစသည်လည်း ပြည့်စုံနေမည်သာဖြစ်သောကြောင့် လူထွက်ခြင်း မဖြစ်နိုင်ဟူ၍လည်းကောင်း၊ မဟာဝဂ္ဂသံယုတ် နဒီသုတ်ပါဠိအရ ဝိပဿနာရှုလျက် ဝိဝေကနိန္နစသော စိတ် ကြာမြင့်စွာ ပြည့်စုံနေလျှင် ပုထုဇဉ်မှာသော်လည်း ရှင်ရဟန်းအဖြစ်မှ လူထွက်ခြင်း မဖြစ်နိုင်ဟူ၍လည်းကောင်း မှတ်ယူသင့်ပါသည်။

အရှင်သောဘန
အဂ္ဂမဟာပဏ္ဍိတ
မဟာစည်ဆရာတော်
သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့